www.burmeseclassic.com

[illegible]မြင့်၊ နေဝင်းမြင့်၊
မောင်ကိုကို-အမရပူရ၊ မောင်အောင်နိုင်၊
ညီသူအောင်မြင့်၊ ကြည်သင်အေး

# သူတို့ ဒီနေရာကို ဘယ်လိုရောက်လာကြသလဲ

## လှေကားထစ်များရာဇဝင်



ရွှေပြည့်ဟိန်း ဆရာတော်
ဗိုလ်မှူးချုပ် အေးသာ(ထ)
ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်
ဒေါက်တာ ခင်မောင်ဝင်း
(အသည်းအထူးကု)
စံ-တာဆီတို့
ပန်းချီ မင်းဝေအောင်
ဒေါ်ဝင်းဝင်းတင့် (City Mart)
ဓာတ်ပုံ ဇော်မင်းယု
အငြိမ်းစား ပါမောက္ခချုပ် ဦးမော်သန်း
တယော ဦးတင်ရီ
ဒေါက်တာ ကျော်ဇော (တာယန်းအိမ်)
ဦးအောင်ထိုက် (စိတ်တိုင်းကျ)
UD ဦးခင်မောင်ဝင်း
KMD ဦးသောင်းတင်
ဦးအုန်း (FREDA)
ဦးကျော်ဝင်း
ဒေါက်တာ [illegible]
ကလူဝိုင် သန်းဇော်ဝင်း
ဦးညာထင်လင်း (YKKO)

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဤစာအုပ်၏ စုစည်းတင်ဆက်မှုအားလုံးမှာ
Club 18 Creative House ၏မူပိုင်ဖြစ်သည်။
Concept Development
By
Club 18 Creative House
စီစဉ်တည်းဖြတ်သူများ
မိုးသန်းချစ်၊ ကျော်စိုးဝင်း
စာအုပ်မျက်နှာဖုံးပန်းချီ - မုတ်သုံ
မျက်နှာဖုံးဒီဇိုင်း - Prestige Media

စာမူခွင့်ပြုအမှတ် - ၄၀၀၉၃၈ ဝ၈ ဝ၈
မျက်နှာဖုံးခွင့်ပြုချက် - ၄၀၁၀၈၅ ၁၀ ဝ၈
ထုတ်ဝေသူ ဦးစန်းဦး မြ - ဝ၃၈၂၃၊ စိတ်ကူးချိုချိုစာပေတိုက်
ပုံနှိပ်သူ ဒေါ်ဝင်းမာ ယာယီ - ၄၁၇၆၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်
၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်က ပုံနှိပ်ပါသည်။
၂၀၀၈၊ ဇူလိုင်၊ ပထမအကြိမ်။ အုပ်ရေ - ၁၀၀၀ တန်ဖိုး - ၄၅၀၀ ကျပ်
ဖြန့်ချိရေး - စာပေလောက (၅)



## စုစည်းမှု

၁။ ဂစ်တာသမားကနေ လက်ဗျာ ပညာရှင်ဖြစ်လာသူ (သို့မဟုတ်) စံဇာဂီဘို ၁၀
(လက်ဗျာပညာရှင်-စံဇာဂီဘို)
မောင်အောင်နိုင်

၂။ ကိုယ်ဘာဖြစ်ချင်ထယ်ဆိုတာမသိပေမယ့် ၃၄
ဘာတော့မဖြစ်နိုင်ဘူးဆိုတာသိတဲ့ ကွန်ပျူတာပညာရှင်
(ကွန်ပျူတာပညာရှင်-ဦးသောင်းတင်)
စည်သူအောင်မြင့်

၃။ မြန်မာကို ကမ္ဘာကသိစေသူတစ်ဦး(သို့မဟုတ်)အသည်းအထူးကုဆရာဝန်ကြီး ၅၆
ဒေါက်တာခင်မောင်ဝင်း
(ကျန်းမာရေးပညာရှင်-ဒေါက်တာခင်မောင်ဝင်း)
စည်သူအောင်မြင့်

၄။ လူတွေကိုယုံကြည်ပြီး အလုပ်လုပ်နေသူတစ်ယောက်အကြောင်း ၇၈
(စီးပွားရေးကဏ္ဍ-ဒေါ်ဝင်းဝင်းတင့် City Mart )
မောင်ကိုကို (အမရပူရ)

၅။ ဗုဒ္ဓ၏သားတော်တစ်ပါးနှင့်ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်း ၉၂
(လူမှုရေးကဏ္ဍ-ရွှေပြည်ဟိန်းဆရာတော်)
စည်သူအောင်မြင့်

၆။ ကမ္ဘာဆီသို့ ၁၀၈
(အနုပညာကဏ္ဍ-ပန်းချီမင်းဝေအောင်)
မောင်ကိုကို (အမရပူရ)

၇။ ကြေးအိုးဆိုင်ကို နှလုံးသားဖြင့် ဖွင့်လှစ်ခြင်း (သို့မဟုတ်) ဦးညာဏ်လင်း ၁၃၀
(စီးပွားရေးကဏ္ဍ-ဦးညာဏ်လင်း YKKO ကြေးအိုး)

www.burmeseclassic.com

www.burmeseclassic.com

စုစည်းမှု

၈။ သည်းခံမည် - သန့်စင်အောင်နေမည် ၁၄၆
ဒေါက်တာကျော်စော
(စီးပွားရေးကဏ္ဍ-ဒေါက်တာကျော်စော- စာပန်းအိမ်)
ပင်မအေး

၉။ နာတစ်ဖျားအတွက် အားစိုက်ကြိုးစားသူ ၁၅၈
(စီးပွားရေးကဏ္ဍ-ဦးခင်မောင်ဝင်း-ယူဒီမော်တော်ယာဉ်ထုတ်လုပ်ရေး)
ကျော်ရင်မြင့်

၁၀။ အပြည်ပြည်ဆိုင်ရာကောင်းကင်ယံကပွဲကိုင်ရှင် ၁၇၀
(လေကြောင်းပညာရှင်-လေယာဉ်မှူးကြီးသန်းအောင်လတ်)
မောင်အောင်နိုင်

၁၁။ ကမ္ဘာမြေအတွက်လာခြင်းကောင်းသောလူတစ်ယောက်(သို့မဟုတ်) ဦးအုန်း ၁၉၀
(သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ-ဦးအုန်း)

၁၂။ မနောမယိဒ္ဓိဓာတ်ပုံပညာရှင်နှင့်တွေ့ဆုံခြင်း ၂၀၂
(အနုပညာကဏ္ဍ-ဓာတ်ပုံဇော်မင်းယု)
နေဝင်းမြင့်

၁၃။ နှုးညံ့ပျော့ပြောင်းသောဘဝရည်မှန်းချက်ဖြင့် ခရီးသွားခြင်း (သို့မဟုတ်) ၂၂၂
အငြိမ်းစားပါမောက္ခချုပ် ဦးမော်သန်း
(စီးပွားရေးပညာရှင်-အငြိမ်းစားပါမောက္ခချုပ်ဦးမော်သန်း)

၁၄။ ဖြစ်ချင်တာစီသုကာ-ဖြစ်လာတော့စီးပွားရေးပညာရှင် ၂၃၄
(စီးပွားရေးပညာရှင်-ပါမောက္ခဒေါက်တာအောင်ထွန်းသက်)
ကျော်ရင်မြင့်



စုစည်းမှု

၁၅။ စိတ်တိုင်းကျဦးအောင်ထိုက်၏ လက်ဘက်ရည်ဆိုင်ဖွင့်လှစ်ခြင်းအနုပညာ ၂၄၆
(စီးပွားရေးကဏ္ဍ-ဦးအောင်ထိုက် စိတ်တိုင်းကျလက်ဘက်ရည်ဆိုင်)

၁၆။ မနေနိုင်၍ မီးသတ်သမားလုပ်ခဲ့သူ (သို့မဟုတ်)ရဲကျော်သူ-ခုဗလ-ရဲသူရ-ဦးကျော်မင်း ၂၅၈
(လူမှုရေးကဏ္ဍ-ဦးကျော်မင်း-မီးသတ်ဦးစီးဌာန)

၁၇။ နိုင်ငံရေးသမားနဲ့ ရှေ့နေဖြစ်ချင်ခဲ့တဲ့ စီးပွားရေးပညာရှင် ၂၇၆
(စီးပွားရေးပညာရှင် - ဒေါက်တာတင်စိုး)
မောင်အောင်နိုင်

၁၈။ ဂီတ-ဗီဇနဲ့ တယောဦးတင်ရီ ၂၉၈
(အနုပညာကဏ္ဍ-တယောဦးတင်ရီ)
မောင်ကိုကို (အမရပူရ)

၁၉။ ဆရာဝန်မဖြစ်ဘဲ အစိုးရအဖွဲ့ဝင်ဝန်ကြီးဖြစ်လာသူတစ်ဦး (သို့မဟုတ်) ၃၀၈
ဗိုလ်မှူးချုပ်ဒေးဗစ်အေဘယ်လ် (ငြိမ်း)
(နိုင်ငံစီးပွားရေးကဏ္ဍ-ဗိုလ်မှူးချုပ် ဒေးဗစ်အေဘယ်လ်)
မောင်အောင်နိုင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တာကြောင့် ဒီစာအုပ်ကို စိစဉ်ဖြစ်ခဲ့သလဲ
(သို့မဟုတ်)
လေ့ကားထစ်များသို့ ချဉ်းကပ်ခြင်း

(၁)

ဟိုတလောက မန္တလေးမြို့ကို အလုပ်ကိစ္စတစ်ခုနဲ့ ရောက်နိုက်မှာ ဆေးကျောင်းသား လူငယ် ၄-၅ယောက်နဲ့ ညစာစားရင်း ကျွန်တော်တို့ စကားတွေ ပြောဖြစ်ခဲ့ကြတယ်။ လူငယ်တွေရဲ့ ရင်ထဲမှာ ရှိနေတာလေးတွေကို management level က အုပ်ချုပ်သူတစ်ဦးအနေနဲ့သိချင်တာလေးတွေက စကားဝိုင်းရဲ့အဓိကဦးတည်ချက်ပါပဲ။

(၂)

ဒီလိုနဲ့ သိချင်တာလေးတွေမေးရင်း၊ ဖြေရင်းနဲ့ပဲ သားတို့ဘာဖြစ်လို့ ဆေးတက္ကသိုလ်ကိုမှ ရွေးပြီးတက်ဖြစ်တာလဲဟု ကျွန်တော်မေးလိုက်တဲ့အခါမှာ ကလေးတစ်ယောက်ရဲ့အဖြေကို ကြားရတော့ ကျွန်တော် အံ့သြတုန်လှုပ်မိတယ်။ သူဘယ်လို ဖြေသလဲဆိုတော့ ''သားကတော့ မသိပါဘူးဦးရာတဲ့၊ တက္ကသိုလ်တက်ဖို့ လျှောက်လွှာရောက်လာတော့ သားအမေနဲ့ အမေကယူပြီး ဖြည့်လိုက်တာနဲ့ သားလည်းဆေးကျောင်းရောက်လာတာပါ''တဲ့။

(၃)

ဒီကလေးရဲ့အဖြေကိုကြားရတဲ့အခါ အုပ်ချုပ်သူတစ်ဦးအနေနဲ့ရော လူငယ်တစ်ဦး နေရာကပါ စဉ်းစားသုံးသပ်စရာတွေ အများကြီးဖြစ်လာတယ်။ ပထမဆုံး ကျွန်တော့်အနေနဲ့ ကိုယ့်ကိုယ်ကိုစဉ်းစားသုံးသပ်မိသွားတယ်။ ကျွန်တော်ကိုယ်တိုင် ၁၆နှစ်သားလူငယ်ဘဝတုန်းက ဘာတွေဖြစ်ချင်ခဲ့တာလဲ၊ မိဘတွေကိုယ်၌က ဘာတွေ ဖြစ်စေချင်ခဲ့တာလဲ။ ခု-လူ့ဘဝရဲ့ တည်ငြိမ်သင့်တဲ့ အသက်အရွယ်အပိုင်းအခြား ၄၅ ဝန်းကျင်မှာ ကျွန်တော်လှုပ်ရှားနေတဲ့ ဘဝကဘာလဲ။ ငယ်ငယ်တုန်းက ကျွန်တော်ဖြစ်ချင်ခဲ့တာတွေ ကျွန်တော့်မိဘဖြစ်စေချင်ခဲ့တာတွေနဲ့ တစ်ထပ်တည်းကျရဲ့လား။ မကျခဲ့ရင် ဘယ်လိုအကြောင်းအရာတွေကြောင့် လမ်းကြောင်းတွေ ပြောင်းလဲပြီး လက်ရှိရပ်တည်နေတဲ့ဘဝကို ရောက်ရှိလာတာလဲ။



လူငယ်တွေရဲ့ ဘဝဦးတည်ချက်တွေကို ပြောင်းလဲစေတဲ့အကြောင်းအရာ အချက်အလက်တွေကို လူငယ်တွေကိုယ်တိုင်နဲ့ သူတို့ကို အုပ်ချုပ်နေတဲ့ မိဘတွေကိုယ်တိုင် သိနားလည်ဖို့ မသင့်ဘူးလား။ ဒါတွေဟာ မိဘတွေအနေနဲ့ ကလေးတွေကို ကိုယ်ဖြစ်စေချင်တဲ့လမ်းကြောင်းကို အတင်းအကျပ် ပုံသွင်းနေတာထက်ပိုပြီး အရေးမကြီးပေဘူးလား။ ဒီ အချက်အလက်တွေကို ရှာဖွေပြီး လူငယ်တွေနဲ့ လူငယ်တွေရဲ့ မိဘတွေကို တင်ပြလိုတဲ့ဆန္ဒဟာ ဒီစာအုပ်ထုတ်ဝေရခြင်းရဲ့ အဓိက ဦးတည်ချက်ပဲဖြစ်တယ်။ ကျွန်တော့်စာအုပ်ရဲ့ Target Audience တွေဟာ ၁၆-၂၅ ကြား လူငယ်များနဲ့ ၄င်းတို့ကို အုပ်ချုပ်နေသော မိဘများပဲ ဖြစ်တယ်။

(၄)

အဲဒီတော့ကျွန်တော်က လူငယ်တွေနဲ့ လူငယ်တွေရဲ့ မိဘတွေကို ဘယ်လိုတင်ပြရမလဲလို့ စဉ်းစားလာရတယ်။ လူတွေရဲ့ ဘဝဖြတ်သန်းမှုကို ယေဘုယျအားဖြင့် သုံးသပ်ရင် ၁၆-၂၀ အသက်အပိုင်းအခြားဟာ စိတ်လှုပ်ရှားမှုများတဲ့အရွယ်အပိုင်းဖြစ်ပြီး အသက်၄၀-၅၀ ဝန်ကျင်အပိုင်းအခြားဟာ ဘဝမှာ တည်ငြိမ်အေးဆေးမှုကို လိုလားပြီး ကြီးမားတဲ့အပြောင်းအလဲ၊ အလှည့်အပြောင်းကို မလိုလားတဲ့ အရွယ်ပဲဖြစ်တယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ အသက် ၄၀-၅၀ ဝန်းကျင်အရွယ် နယ်ပယ်ကဏ္ဍအသီးသီးမှာ အောင်မြင်နေတဲ့ ပုဂ္ဂိုလ်တွေနဲ့ တွေ့ဆုံဆွေးနွေးပြီး သူတို့ရဲ့ ၁၆ နှစ်သားဘဝတုန်းက ရည်မှန်းချက်တွေ၊ သူတို့မိဘတွေရဲ့ ရည်မှန်းချက်တွေနဲ့ လက်ရှိ သူတို့ရပ်တည်နေတဲ့ ဘဝအကြား ကွာဟမှုကို ဖြစ်စေတဲ့ အကြောင်းအရာအချက် အလက်တွေကို ရှာဖွေတင်ပြခြင်းဖြင့် ဒီနေ့လူငယ် အများစုနဲ့ သူတို့ရဲ့ မိဘတွေကို တစ်စုံတစ်ရာ အထောက်အကူပြု နိုင်လိမ့်မယ်လို့ ယုံကြည် မိပါတယ်။

မိုးသန်းရှင်
၁-ဇူလိုင်-၂၀၀၈

www.burmeseclassic.com

www.burmeseclassic.com

## စံ-ဇေယျာဘို



### ကိုယ်ရေးရာဇဝင်အကျဉ်း

အမည်ရင်း ဇေယျာဘို၊ ၁၉၅၆၊ ဧပြီ ၁၀ ရက်နေ့တွင် အဖ ဦးဘိုနီ နှင့် အမိ ဒေါ်လှစိန် တို့မှ မွေးဖွားသည်။ ဗုဒ္ဓဘာသာ ဗမာတစ်ဦးဖြစ်ပြီး ရန်ကုန်စက်မှုတက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်တို့တွင် ပညာဆည်းပူးခဲ့ပြီး သိပ္ပံဘွဲ့ရရှိခဲ့သည်။ ဇနီးမှာ ဒေါ်ခင်ခင်ဌေး ဖြစ်ပြီး သားတစ်ဦး သမီးတစ်ဦး ရှိသည်။ ၁၉၇၈ ခုနှစ် အသက် ၂၂ နှစ်အရွယ်မှစ၍ ဗေဒင်လက္ခဏာဟောပြောခြင်း လုပ်ငန်းတစ်ခုတည်းကို အသက်မွေးဝမ်းကြောင်း လုပ်ကိုင်သည်။ အမှတ် ၁၃၂၊ လမ်းသွယ်၆၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိသည်။



တစ်ခုသောကာလမှာ
လူကြီးတစ်ယောက်က
ကျွန်တော့်ကို ပြောဖူးတယ်။
အဲဒီလူကြီးလက
ဆရာကြီး ဦးဝေလုလို့ခေါ်တယ်။
သူက ကျွန်တော့်အပေါ်ကို
"ဒီကောင့်ရဲ့ဇာတာကဆန်းတယ်ကွ"
လို့ပြောခဲ့ပါတယ်။
ပြီးတော့ သူက "ဟောကောင်
ဘိန်းကုန်ကူးရင်ကူး၊
မကူးရင်ဗေဒင်ဆရာဖြစ်မယ်"
လို့ပြောခဲ့တယ်။

www.burmeseclassic.com


www.burmeseclassic.com



# စံဇာတ်ဘို (သို့မဟုတ်) ဂစ်တာသမားကနေ လက္ခဏာပညာရှင် ဖြစ်လာသူ

**မောင်အောင်နိုင်**

မျက်မှောက်ကာလမှာ စံ-ဇာတ်ဘိုလို့ပြောလိုက်ရင် ဗေဒင်-လက္ခဏာ နယ်ပယ်ရဲ့ အိုင်ကွန်တစ်ခုအနေနဲ့ အများက မြင်နေကြပြီ ဖြစ်ပါတယ်။ ရန်ကုန် စီးတီးအက်ဖ်အမ်မှာ ဆရာ စံ-ဇာတ်ဘိုရဲ့အသံနဲ့ နေ့စဉ်ဟောပြော ချက်များအပါအဝင် တာရာ့ရှုထုံးနဲ့ လောကထဲက လူတွေအပေါ် ရာသီခွင်အမြင်တွေဟောပြောရေးသားထားတာတွေကလည်း အများ ကြီးပါ။ ဒါပေမယ့် ဆရာစံ-ဇာတ်ဘိုဟာ ဘဝအတွေ့ အကြုံများစွာ ဖြတ်သန်းခဲ့ဖူးသူပါ။ လက်ရှိဘဝကိုလည်း ကိုယ်တိုင် အားစိုက်ကြိုးပမ်းလှေလှာ ပြင်ဆင်ထူထောင်ခဲ့သူပါ။ မြန်မာတင်မက နိုင်ငံရပ်ခြားကိုလည်းသွားလာ ဆက်ဆံတဲ့ အတွေ့အကြုံတွေရှိပြီး ဘဝထဲကရတဲ့ အသိ အမြင်တွေ၊ ပြောစရာတွေ အမြောက်အမြားရှိတဲ့ အောင်မြင်သော ဗေဒင်-လက္ခဏာ ဟောပြောသူ ဆရာ စံ-ဇာတ်ဘိုနဲ့ စကား လက်ဆုံကျခဲ့ချိန်မှာတော့-



club 18 creative HOUSE



မေး - ကျွန်တော် အခု စမေးချင်တာကတော့ ဆရာ အသက် ၁၆ နှစ် လူပျို ပေါက် အရွယ်တုန်းက တစ်ချိန်ကျရင် ငါဘာဖြစ်ရမယ်ဆိုတဲ့ရည်မှန်းချက် ဆရာထားခဲ့-မထားခဲ့၊ အဲဒါလေး ဆရာ့မှာ အဲဒီရည်မှန်းချက်ကလေးရှိခဲ့လား သိချင်ပါတယ်။

ဖြေ - အဲဒီကိစ္စ ကျွန်တော့်ဆီမှာ မရှိဘူးဆရာရဲ့။ ဘာလို့လဲဆိုတော့ အဲဒီ အချိန်မှာ ၁၆ နှစ်ဆိုတဲ့အချိန်က ကျွန်တော် ဆယ်တန်းပေါ့။ ဆယ်တန်း ရောက်တော့ ကျွန်တော့်ရဲ့ အဓိကကိစ္စက ဆယ်တန်းအောင်ဖို့ပဲ ဖြစ်နေတယ်။ ဆယ်တန်း အောင်ရင်တော့ ဘာလိုင်းရွေးမယ်၊ ဘယ်လိုလုပ်မယ်ဆိုတာက ဘယ်လိုမှ ရည်ရွယ်ချက်မထားနိုင်သေးပါဘူး။

ဘာလို့လဲဆိုတော့ ကျွန်တော်တို့ခေတ်ကာလ ဖြတ်သန်းတဲ့ အချိန်မှာ ဆယ်တန်းအောင်တဲ့အခါမှာ အောင်တဲ့အမှတ်ပေါ်မှာမူတည်ပြီးတော့မှ လိုင်းရွေး ချယ်မယ့်သဘောရှိတယ်။ အဲဒီတော့ ကိုယ်ကတော့ အတတ်နိုင်ဆုံး ဆယ်တန်း ကိုအောင် အောင်ကြိုးစားမယ်၊ ကိုယ်အမှတ်တွေကိုတော့ ရအောင်ကြိုးစားမယ်။ ဒါပေမဲ့ ကိုယ်အမှတ်ရတဲ့ပေါ်မှာ မူတည်ပြီးပဲ ဘယ်လိုင်း၊ ဘယ်လမ်းကြောင်းကို ဦးတည်ပြီး လျှောက်ရမယ်ဆိုတဲ့ အတွေးလေးကတော့ ရှိပါတယ်။

အဲဒီတော့ အဓိက အဲဒီတုန်းကတော့ ဘာဖြစ်ချင်ပါတယ်၊ ညာဖြစ်ချင်ပါ တယ်၊ ဘာဖြစ်အောင်တော့ ငါ ဘယ်လိုအမှတ်နဲ့ဖြေမယ်ဆိုတဲ့ ရည်ရွယ်ချက် ကတော့ တကယ်မရှိခဲ့ပါဘူး။ အမြင့်ဆုံး၊ ကိုယ်အတတ်နိုင်ဆုံး ကြိုးစားပြီးတော့ ဖြေမယ်။ အဲဒီမှာမှ ကိုယ့်ရဲ့လမ်းကြောင်းကိုကိုယ် ရတဲ့အမှတ်နဲ့ ပစ္စည်းဝယ် သလိုပေါ့၊ ကိုယ့်ဆီမှာရှိတဲ့ငွေကြေးနဲ့ ထိုက်တန်တဲ့ပစ္စည်းကို ကိုယ်ဝယ်မယ်ဆို တဲ့ အတွေးလောက်ပဲ အဲဒီတုန်းက ရှိခဲ့ပါတယ်။

မေး - အဲဒီအချိန်မှာ ဆရာ့မိဘတွေကရော ဘာဖြစ်အောင်လုပ်၊ ညာဖြစ်အောင် လုပ်ဆိုတဲ့ လမ်းညွှန်မှုရှိခဲ့ပါသလားဆရာ။

ဖြေ - ကျွန်တော့်မိဘတွေက တစ်မျိုးဆရာရဲ့။ ကျွန်တော့်မိဘတွေက ဘာ ဖြစ်ရမယ်ဆိုတာကို၊ မင်းဘာလုပ်ရမယ်ဆိုတာကို သူတို့ လမ်းညွှန်ပေးတဲ့ မိဘ အမျိုးအစားမဟုတ်ဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော့်မိဘနှစ်ပါးစလုံးက ဝန်ထမ်း တွေ။ ဝန်ထမ်းတွေဆိုတော့ အမေဖြစ်တဲ့သူက ကျောင်းဆရာမ၊ အထက်တန်းပြ လုပ်တယ်။ ကျွန်တော့်အဖေက အရင်တုန်းက စိုက်ပျိုးရေးမြေကျေးရှင်းဆိုတဲ့ နေရာမှာ ကျွန်တော့်အဖေက ဌာနမှူးလုပ်တယ်။ ပိုးဇာဌာန။

သူတို့နှစ်ယောက်စလုံးက ဝန်ထမ်းတွေ။ ဝန်ထမ်းတွေဆိုတော့ သူတို့က

club 18 creative HOUSE

www.burmeseclassic.com



ကျွန်တော့်အပေါ်မှာ ထရိန်း (Train) လုပ်တဲ့ ပုံစံက ရိုးရိုးသားသား ကြိုးကြိုးစားစားနဲ့ ဘဝကို ဖြတ်သန်း၊ ရောက်တဲ့နေရာမှာ အောင်မြင်အောင်လုပ်၊ ကိုယ်ရည်ရွယ်ထားတဲ့အကြောင်းအရာတွေ၊ ကိုယ်ဖြစ်ချင်တဲ့ အရာတွေကိုပြော၊ ပံ့ပိုးပေးမယ်။ ဒါပေမယ့် သူတို့ကတော့ ဘာဖြစ်အောင်လုပ်မယ်၊ ဘယ်လမ်းကြောင်းသွားမယ်ဆိုတာကိုတော့ သူတို့ ကျွန်တော့်ကို အတင်းကြီးတွန်းပို့ခဲ့တာမရှိပါဘူး။

မေး - ဒါပေမယ့် အဲဒါဆိုလို့ရှိရင် အတင်းတွန်းမပို့လို့ရှိရင်၊ ဆရာကို သွန်သင်ဆုံးမရင်၊ မိဘအနေနဲ့တော့ သားသမီးကို သွန်သင်ဆုံးမတာ ရှိမှာပေါ့။ ဆရာ့မိဘတွေက ဘယ်အချက်တွေကို အဓိကထားပြီး ဆုံးမခဲ့ပါသလဲ။

ဖြေ - ရှိတယ်ဆရာရဲ့။ မိဘတွေက ကျွန်တော်တို့အပေါ်မှာ အဓိကထားတဲ့ပုံစံက ကျွန်တော်လည်း မိဘနေရာရောက်တဲ့အခါ သတိထားမိတယ်ဆရာ။

မိဘဆိုတာက ကိုယ့်သားသမီးကို အကောင်းဆုံး ဖြစ်စေချင်တာချည်းပဲ။ ဘယ်မိဘမဆို ကိုယ့် သားသမီးကို လူတော်တစ်ယောက်၊ လူတတ်တစ်ယောက် ထိတ်ထိတ်ကြဲတစ်ယောက်ဖြစ်ဖို့ အိပ်မက်တွေ ရှိနေတာပေါ့။ အဲဒီ အိပ်မက်တွေရှိနေတော့ သားသမီးတွေကို ဒီလိုတော်အောင် ဘယ်လိုပံ့ပိုးပေးရမလဲ၊ သူတို့က ဘာလိုချင်တာလဲ၊ ဘယ်ဘက်က တော်သလဲ၊ ဘယ်ရည်ရွယ်ချက်တွေ ရှိသလဲ လေ့လာတယ်။

ကျွန်တော်လည်း အသက်ကြီးလာတော့ ကိုယ်က လူကြီးဖြစ်လာတော့ အဲတော့ သူ ဒါလိုချင်ရင်၊ ဒါဖြစ်ချင်တဲ့ သူ့ဆန္ဒရှိတယ် လာပြောရင် အဲဒီဖြစ်ချင်တာကို မရမက ပံ့ပိုးပေးတယ်။

အဲတော့ နောက် လမ်းလွဲ မသွားအောင်တော့၊ လမ်းမလွဲအောင်ဆိုတာ အဲဒီခေတ်ကာလ၊ ကျွန်တော်တို့ ခေတ်ကာလကျတော့ ပတ်ဝန်းကျင်တွေရှိတယ်။ အဲဒီပတ်ဝန်းကျင်တွေကြားထဲမှာ စီးကြောင်းတစ်ခုနဲ့ မျောပြီးတော့ လမ်းမှားမသွားအောင်လို့ သူတို့က ပံ့ပြင်တယ်။

ဒါပေမဲ့ သူတို့က အတင်းကြီး ဒါကိုစွဲလုပ်ရမယ် ဆိုပြီးတော့ ရှုကိုဆွဲခေါ် ပြီးတော့ လမ်းကြောင်းတစ်ခုပေါ်မှာ တင်ပေးတာမျိုး တကယ်မရှိဘူး။

သွန်သင်တာ ကတော့ ဒီလို အရက်မသောက်ဖို့တို့၊ ဆေးခြောက် မရှူဖို့တို့၊ နောက် ရန်ဖြစ်ခိုက်ရန် မဖြစ်ဖို့တို့၊ အဲ ကျောင်းမှန်မှန်တက်ဖို့တို့၊ စာကြိုးစားဖို့တို့။ ဒါတွေကတော့ ထုံးစံအတိုင်းပေါ့ ဆရာရယ်။ မိဘတွေရဲ့ ညွှန်ကြားမှုတွေနဲ့ ကိုယ့်သွန်သင်မှုတွေပေါ့။



မေး - နောက် ဆရာ ဆယ်တန်းအောင်ပြီးတော့ အာအိုင်တီ တက်တာပေါ့နော်။ အဲဒီတော့ အာအိုင်တီတက်တယ်ဆိုတော့ ဆရာ အင်ဂျင်နီယာဖြစ်ရမယ်ဆိုပြီးတော့ ဆရာ တွေးရတော့မယ်ပေါ့။

ဖြေ - ဟာ ရည်ရွယ်တာပေါ့ ဆရာရယ်။ ဘာလို့လဲဆိုတော့ ဒီ... ကျွန်တော့်ကိုယ် ကျွန်တော်လည်း စိတ်ထဲမှာ ဝါသနာအနေနဲ့ရော၊ ကျွန်တော့်စိတ်ကူးထဲမှာရော အင်ဂျင်နီယာတစ်ယောက်ဖြစ်ရင်တော့ ဟန်ကျတာပဲဆိုတဲ့ အတွေးလေးတစ်ခုတော့ ရှိခဲ့ဖူးတယ်။ နောက် ကျွန်တော်တို့ ခေတ်ကာလမှာ ဆယ်တန်းအောင်ပြီးတဲ့အခါမှာ ဒီ Institute တစ်ခုခုကိုမှမရိုက်မိရင် ငါတို့တော့ ခွေးဖြစ်မှာပဲဆိုတဲ့ အတွေးမျိုးလေးတော့၊ ဒုက္ခရောက်မှာပဲပေါ့ ဆရာရယ်။ အလွယ်လေး။ ဟိုမရောက် ဒီမရောက်ဆိုတော့ ဒုက္ခရောက်မှာပဲဆိုတဲ့ အဲလောက်တော့ အတွေးတွေးမိတယ်ဆရာ။

ဒါကတော့ မိဘတွေပြောလို့ မဟုတ်ဘူး။ သူငယ်ချင်းအချင်းချင်း ပြောကြဆိုကြရင်း တစ်ခုခုတော့ဖြစ်မှ ဟန်ကျမယ်ဆိုတော့ တွေးတော့၊ အဲဒီတုန်းက Institute ဆိုတာ အသက်မွေးဝမ်းကျောင်းလေဆရာ။ အသက်မွေး ဝမ်းကျောင်းဆိုင်ရာ တက္ကသိုလ်တွေက အဲဒီတုန်းက ရှိတယ်။ အဲဒီတုန်းက Institute of Medicine ဆေးတက္ကသိုလ်ရှိမယ်။ Institute of Technology အာအိုင်တီရှိမယ်။ နောက် ဒီ Institute of Education။ နောက် Institute of Economy, Eco နဲ့ ပတ်သက်တာရှိမယ်။ Vatinary စသဖြင့် ရှိတယ်ဆရာရဲ့။ အဲဒီ Institute တစ်ခုခုကိုတော့ ရချင်တယ်။ အဲဒီထဲမှာမှ ဘယ်ဟာဖြစ်ချင်လဲဆိုတော့ ကျွန်တော်က စာကျက်ပျင်းတယ် ဆရာရဲ့။ နောက် ကျွန်တော်က သင်္ချာ ဝါသနာပါတယ်။ တွက်တာ ဝါသနာပါတယ်။ အဲတော့ တွက်တာချက်တာ တွေနဲ့ စာကျက်တာနည်းပြီးတော့ လက်တွေ့ကျကျစိတ်က Physics တို့ ဝါသနာပါတော့ ကျွန်တော်က ငယ်တုန်းက ဒီ Enginering Subject တွေနဲ့ သင်ရ ရင်တော့၊ အမှတ်မီလို့သင်ရရင်တော့ ဟန်ကျချည်ရဲ့ပေါ့နော်... ဒီလို တွေးခဲ့မိတာ အမှန်ပဲဆရာ။

မေး - အဲဒီတော့ အဲဒီအချိန်မှာ အကြောင်းကြောင်းကြောင့်ပေါ့ဆရာ ဖြစ်ချင်တဲ့ ဥစ္စာနဲ့ တကယ့်လက်တွေ့ဘဝမှာ တစ်ထပ်တည်း မကျနိုင်တော့တဲ့အခါ ဆရာ ဘယ်လို ခံစားလိုက်ရသလဲ။ ဘာဆက်လုပ်မယ်လို့ ဆုံးဖြတ်ခဲ့ပါသလဲ။

ဖြေ - ဦးနှောက်ပျက်သွားတယ်၊ သွေးပျက်သွားတယ်။ ရည်ရွယ်ချက်ပျက်သွားတယ်။ ကိုယ်ဖြစ်ချင်တာတစ်ခု မဖြစ်တော့ဘူး။ အဲဒီအချိန်မှာ စပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



ခံစားသိရှိလိုက်တဲ့ အသိလေးတစ်ခုရှိတယ်။ လူဆိုတာ ကိုယ်ဖြစ်ချင်တာကို ကြိုးစားတိုင်း ဖြစ်ချင်မှဖြစ်မယ်။ ဘဝလမ်းကြောင်းတွေဆိုတာက ရှိကိုရှိမယ်။ ဒီလိုကျွန်တော်တွေးတယ်။ အဲလိုတွေးလိုက်တယ်။ အဲဒီအချိန်တော့ အဲလို ဘာလုပ်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်ကြီးတော့လုံးဝမရှိဘူး။ ဪ... ငါ ကျောင်းမတက်ရရင်တော့ အဲဒီတုန်းကလုပ်နိုင်တဲ့လမ်းကြောင်းတွေကို ပြန်စဉ်းစားတယ်။

ကျွန်တော်တို့ ငယ်ငယ်တုန်းက၊ ကျွန်တော်တို့ ခေတ်ကာလတုန်းက ကျောင်းတစ်ခုကို တက်တယ်၊ ကျောင်းပြီးမသွားဘူး။ အဲဒီလူတစ်ယောက်က ကျူရှင်ပြရင်ပြ၊ ကျူရှင် လိုက်ပြလို့ရတယ်။ ကျူရှင်ခန်းဖွင့်ရင်ဖွင့်၊ ကလေးတွေ ၈ တန်း၊ ၉ တန်း၊ ၁၀ တန်းတွေ စာပြလို့ ရတယ်။ ၆ တန်း၊ ၇ တန်းက စပြီးတော့။ ဒါမှမဟုတ်ရင် ကျူရှင်ဖွင့်ရင်ဖွင့်၊ မဖွင့်ရင် ကျွန်တော် တက္ကစီမောင်းရင်လည်း ရတယ်။ အဲဒီခေတ်ကာလ ယောကျ်ားလေးကို ဆရာရဲ့။

ဒါမှမဟုတ်ရင်လည်း၊ အဲဒီနှစ်ခုမှ မလုပ်ရင်လည်း ကျွန်တော် ဘယ်လိုခေါ်မလဲ အရောင်းအဝယ်ပေါ့။ အဲဒီတုန်းက မှောင်ခိုဆိုတဲ့ အရောင်းအဝယ်လုပ်ငန်းလုပ်ရင်လည်းရတယ်။ အခြေခံက ဒီသုံးလေးလိုင်းလောက်ကတော့ ရှိတယ်။ ကျောင်းကထွက်သွားပြီဆိုရင် ဒီသုံးလိုင်းထဲက ဘာလုပ်ရင် ကောင်းမလဲ ဆိုပြီး ပထမဦးဆုံး ခေါင်းထဲတွေးလိုက်ရတာက ဒီလိုင်းတွေပဲ။ ကျန်တဲ့လိုင်းတွေက ကိုယ်နဲ့ဝေးနေတယ်။ ကျန်တဲ့လိုင်းတွေက စီးပွားရေးတို့ ဘာတို့လို ခုခေတ်လို မပွင့်ဖြိုးဘူး ဆရာရဲ့။ ကုမ္ပဏီတွေ ဘာတွေမရှိတော့။ စီးပွားရေးလုပ်မယ်တို့၊ ဘယ်အလုပ်လုပ်မယ်တို့ဆိုတာ ကျွန်တော်တယ်လိုမှတွေးလို့မရဘူး။ လမ်းကြောင်းကြီးက လုံးဝပျက်သွားတယ်။ အဲဒီလိုဖြစ်သွားတာက တော်တော် ပြန်လည်တည်ဆောက်ယူရတယ်။ တည်ဆောက်ယူပြီးတော့မှ ဘယ်အရာပေါ်မှာ သွားရမလဲ ဆိုတာကို အဲဒီထိမရှိဘူးဆရာ။ တော်တော်ကြာကြာကို လည်ထွက်နေတယ်။

မေး - အဲဒီကနေမှဆရာ ဒီ နက္ခတ်ဗေဒင်ပညာနဲ့ အသက်မွေးဝမ်းကျောင်းပြု ဖို့ ဘယ်လိုအကြောင်းတရား ဖန်တီးဖြစ်ပေါ်လာပါသလဲ။ ဒါ ဆရာ့ Turning Point တစ်ခုပေါ့။

ဖြေ - ကျွန်တော်ငယ်ငယ်တုန်းက ဆရာ ဒီ... ၇ တန်းအောင်၊ ၇ တန်းနှစ်မှာ ကျွန်တော့်သူငယ်ချင်းတစ်ယောက်ရှိတယ်။ ကိုစိုးမြင့်ဆိုတဲ့ စိုးမြင့်ပေါ့ဆရာ။ သူက ဆရာ ဦးကာလာစံဆီမှာ လက္ခဏာသင်တန်း၊ စာပေးစာယူသင်တန်း ယူတယ်။ ဆရာကြီး ဦးကာလာစံသင်တန်းယူတော့ သူ့ရဲ့စာစဉ်တွေကို ဖတ်ပြီး





တော့ စိတ်ထဲမှာ တော်တော်လေး စိတ်ဝင်စားတယ်။ အဲဒီတော့ ၈ တန်း၊ ၉ တန်း၊ ၁၀ တန်းတွေမှာ ကိုယ်က ဒီဟာကို ဝါသနာတစ်ခုအနေနဲ့ လေ့လာတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာ ဒါကို တကယ်ဝါသနာပါတယ်လို့ မထင်ဘူး။ အပျော်ပေါ့။ အဲဒီမှာ ကျွန်တော့်ရဲ့ ဒုတိယဝါသနာ၊ တကယ်တမ်း ဖြစ်ချင်တာ နောက်တစ်မျိုးကဘာလဲဆိုတော့ အဆိုတော် သိပ်ဖြစ်ချင်တာ။ ဒါပေမဲ့ အဆိုတော်ထက် ကျွန်တော် ဂစ်တာတီးတာ ပိုဖြစ်ချင်တယ်။ လုပ်လည်းလုပ်တယ်ဆရာ။

အဲဒီတော့ ကျွန်တော် ဂစ်တာတီးတယ်၊ ဂစ်တာတီးတတ်တယ်၊ ကျွန်တော် ဂစ်တာသင်တန်းလည်းပေးတယ်။ တေးသီချင်းတွေလည်းစပ်တယ်။ အဲဒီတော့ ဒီဟာ အာအိုင်တီရောက်တော့ သီချင်းရေးစပ်နေပြီ၊ ဂစ်တာတီးနေပြီ။ အကယ်၍သာ ကျွန်တော် အင်ဂျင်နီယာလိုင်းကိုမရခဲ့ရင် ကျွန်တော် ဖြစ်မှာသေချာတာကတော့ ဂစ်တာတီးတဲ့သူတစ်ယောက်ဖြစ်မှာ သေချာတယ်။ Professional တီးနေပြီ။ Professional ကျွန်တော်တီးတဲ့အခါမှာ ကျွန်တော် Magic Finger နဲ့လည်း ဝင်တီးတယ်။ ဘော်တီတို့နဲ့ ကျွန်တော်တို့နဲ့ အုပ်စုတစ်စုတည်း တီးတယ်။ Local Talent မှာလည်း လိုက်တီးပေးတယ်။ ဒီထက်မက ကျွန်တော် ရွှေမန်းသဘင်မှာ ပြဇာတ်တွေနောက်ကလိုက်တီးပေးတယ်။ တစ်ည ၄၅ ကျပ်စားနဲ့ လိုက်တီးပေးတယ်။ ရွှေမန်းသဘင်အဖွဲ့မှာ။ အားတဲ့ရက်တွေ။ အဲဒီတော့ ဂစ်တာတီးတယ်။ နောက် ကျွန်တော် သီချင်းစပ်တယ်။ သီချင်း စပ်ပြီးတော့ အဲဒီခေတ်တုန်းက အဆိုတော် လှမင်းဆိုတာ ရှိတယ်။ နောက် ဒေါ်ချိုပြုံးတို့ သီချင်းတွေအရမ်း။ အဲဒီတော့ ဒီဟာကိုလည်း လုပ်တယ်။

နောက် အဲဒီတုန်းက ဦးသန်းလွင်တို့၊ အခု ဒီ ကျွန်တော်တို့ ပေါင်းနေတော့ ဦးသန်းလွင်တို့နဲ့အတူတူ နောက် ဦးကြေးမုံတို့၊ နောက် အခု မူပိုင်ကိုရဲတို့နဲ့ ပေါင်းပြီးတော့လည်း ကျွန်တော် ပြဇာတ်တွေ၊ အသံသွင်းပြဇာတ်တွေ၊ ကျွန်တော် ဇာတ်ညွှန်းရေးတယ်၊ နောက် တီးတယ်။ အဲဒါတွေ လုပ်ပေးတယ်။ ဒီလိုလုပ်တော့ အဲဒီတုန်းကတော့ ဒီ ကိုသန်းလွင်ဆီကပဲ ကျွန်တော်တို့ သွားတယ်။ ဦးသန်းလွင်ဆီကပဲသွားတယ်။ နောက် ဒီဘက်ကလည်း ကျွန်တော်တို့ အခုမူပိုင် ကိုရဲဖြစ်လာမယ့်သူကလည်း အဲဒီတုန်းက ကားလေးနဲ့ပေါ့။ သူကလည်း လိုက်ပို့၊ ဦးကြေးမုံကိုသွား၊ နောက် ကောလိပ်ဂျင်နေဝင်းတို့၊ ခေ့ဖြူကြည်ကြည်သိန်းတို့ ခေါ်ပြီးတော့ ဇာတ်လမ်းတွေ လုပ်၊ ထုတ်။ အဲလိုလမ်းကြောင်းထဲမှာ ပထမ မျောနေတာကနေ ကျောင်းလည်းအထုတ်ခံရရော အဲဒီလမ်းကြောင်းထဲ တော်တော် မိမိစီးစီး ဝင်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဂစ်တာ သင်တန်းပေးတယ်။ ဂစ်တာတီးတဲ့ကလေးတွေ တော်တော်များများကိုလည်း ကျွန်တော် သင်တန်းပေးတယ်။ သီအိုရီတွေ သင်ပေးတယ်။ ကျွန်တော့်ဆရာက လသာလမ်းက ဆရာ ဦးအိမ်ဖောင်း။ သူ့ဆီမှာ ကျွန်တော်သင်ခဲ့တယ်။ သူက သင်တန်းတွေလည်း ပေးတယ်။ အဲဒါနဲ့ နေလာတဲ့အချိန်မှာပဲ ဒီဗေဒင် ဝါသနာပါတာက ကျောင်းတက်နေတုန်းအချိန်မှာပဲ ပို ပိုးထလာတယ်။ ကျွန်တော့် မိတ်ဆွေတွေနဲ့ ကျွန်တော် တွဲပြီးတော့ သူငယ်ချင်းတွေကလည်း အဲဒီတုန်းက ကျောင်းတက်တဲ့သူတွေထဲမှာ အာအိုင်တီက လူအမျိုးမျိုးရှိတယ်။

အာအိုင်တီဆိုတာက တော်တော်ထူးဆန်းတဲ့ကျောင်း၊ ရှေးတုန်းက။ အဲဒီကျောင်းက အမျိုးစုံထွက်တယ်။ ဘိုင်စကုတ်မင်းသားလည်းရှိတယ်၊ အဆိုတော်လည်း ရှိတယ်၊ စာရေးဆရာလည်းရှိတယ်၊ အဆိုးဘက်ကကြည့်ရင်လည်း ဖဲသမား၊ ကျင်သမားကအစ အကုန်ရှိတယ်။ အဲဒီတော့၊ သူက ဘယ်လိုခေါ်မလဲ၊ ပေါင်းစုံရှိတဲ့ နေရာကြီးတစ်ခုလိုပဲ အဲဒီတုန်းက ဖြစ်နေတယ်။

ဖြစ်နေတော့ ဗေဒင်ဝါသနာပါတဲ့သူတွေနဲ့ ကျွန်တော်နဲ့လည်း သွားချိတ်မိတယ်။ ချိတ်မိရင်း အဲဒီမှာလည်း တောပေါက်ကောင်ပေါ့။ ဒါပေမဲ့ အဲဒီတုန်းကတော့ ကျောင်းသားဘဝမှာတော့ ကိုယ်တတ်ထားတဲ့ ဟာလေးနဲ့ ကောင်မလေးတွေ လက်ကိုင်ရရင်၊ ဗေဒင်ဟောရရင် မိုက်တယ်ပေါ့။ ကောင်မလေးတွေကို လျှောက်ပြောရင် ဒါ အဆင်ပြေတယ်ပေါ့။

အဲဒီလိုနဲ့ပဲ ဟိုမှာနေ။ တစ်ခါတလေ မှန့်ဖိုး ပဲဖိုးပြတ်ရင် သူငယ်ချင်းတွေဟော၊ လက်ဖက်ရည်တိုက်ခိုင်းနဲ့ အဲဒီလိုနေရင်း ဖြန့်ခနဲ အဲဒီမှာလည်း ဒီလိုရပ်သွားတယ်။ အဲဒီတော့ နောက်ဆုံးအချိန်အထိ ကျွန်တော် လုပ်နေတုန်း။ အဲဒီ့ သီချင်းရေးစားရင်း သီချင်းသွင်းတဲ့နေရာတွေ ဘာတွေ သွားနေတုန်း။ အဲဒီထဲကလည်း ကျွန်တော် ဒီလိုပဲ ထင်နေတယ်။

တစ်ခုသော ကာလမှာ လူကြီးတစ်ယောက်က ကျွန်တော့်ကို ပြောဖူးတယ်။ အဲဒီ့ပုဂ္ဂိုလ်က ဆရာကြီး ဦးဝေဠုလို့ ခေါ်တယ်။ သူက ကျွန်တော့်ကို ဘာပြောလဲဆိုတော့ ဒီကောင် ဟောကောင် မင်း- ကျွန်တော့်အဖေကို ပြောတာပေါ့။ ဒီကောင့်ရဲ့ဇာတာဆန်းတယ်ကွ။ ပြီးတော့ သူက ဟောကောင်- မင်း... ဘိန်းကုန်ကူးရင်ကူး၊ မကူးရင် ဗေဒင်ဆရာဖြစ်မယ်လို့ ပြောတယ်။ ကျွန်တော့်ရဲ့ ကြာသပတေးက အုန်ရပ်ပြီး ပြက္ခသန်ဖြစ်နေတယ် ပြောတယ်။ အဲဒီတော့ သူကတော့ မေမြို့(ပြင်ဦးလွင်)က ဗေဒင်ဆရာကြီး၊ သူက ကျွန်တော့်ကို ဘိန်းကုန်သည် ဖြစ်ရင်ဖြစ်၊ ဒါမှမဟုတ်ရင် ဗေဒင်ဆရာဖြစ်ရင်ဖြစ် နှစ်ခု တစ်ခုခု





ဖြစ်မှာ သေချာတယ်လို့ ဆရာကြီး ဦးဝေဠုက ဟောတဲ့စကား ကျွန်တော် နားထဲမှာ ပြန်ကြားတယ်။

စိတ်ကူးမိတာ ဘိန်းများ ကုန်ကူးရင် ကောင်းမလားလို့။ အဲဒီတုန်းက ဘိန်းက တော်တော်ပေါတာဗျ။ ငါးသုံးလုံးဘူး တစ်ဘူးမှ မေမြို့ (ပြင်ဦးလွင်) ဘက်မှာ သွားဝယ်ရင် ၄၅ ကျပ်လောက်ပဲရှိတာ။ ဒီရောက်ရင် တော်တော်ဈေးရတယ်။ စိတ်ထဲက ကြံမိကြံရာ အဲဒါများလုပ်ရင် ကောင်းမလားလို့။ ဆေးခြောက်ကိုပဲ ကျပ်သားလိုက်ဝယ်ပြီးတော့ပဲ နည်းနည်းလေးတွေ အထုပ်ကလေးတွေပဲ ထုပ်ရောင်းရင် ကောင်းမလား။ ကြံမိကြံရာ ရှိသေးတယ်ဗျ။ အဲဒီ့အချိန်မှာ ဒါလည်းမဟုတ်ပါဘူး။ လုပ်လို့ မကောင်းဘူးပေါ့။ ဘာလဲဆိုတော့ ကျွန်တော် အဲဒီ့အချိန်မှာ တစ်ခုရှိတယ်။ အရမ်းချမ်းသာချင်တယ် ငယ်တုန်းက။ အဲဒီတော့ ထောင်တွေဘာတွေကျပြီး ထွက်လာတော့ သိပ်ချမ်းသာချင်တယ်။

ချမ်းသာချင်တဲ့အချိန်မှာ ကျွန်တော် IFL (ယခု UFL) တက်နေတုန်း ကျွန်တော့်မိတ်ဆွေ ကိုတင်ထွန်းကို ကျွန်တော် ပြောတယ်။ အရမ်းချမ်းသာချင်တယ်ဆိုပြီးတော့။ သူက တရုတ်ကြီး။ ဟာ- မင်းသိပ်ချမ်းသာချင်လားတဲ့။ ငါအရမ်းချမ်းသာချင်တယ်။ ဒါဆိုရင် မင်း ဓားပြတိုက်တဲ့။ ငါ သေနတ် ငှားပေးမယ်တဲ့။ ငါအပေါက်က စောင့်ပေးမယ်။ မင်း သွားတိုက်။ ငါ့ကို တစ်ပြားမှ ပေးစရာမလိုဘူး။ ရတဲ့ပိုက်ဆံ မင်းအကုန်ယူ။ သူက တစ်ခွန်းတည်း ပြောတယ်။ ကျွန်တော် ပြန်စဉ်းစားတယ်။ အဲဒီလို မဟုတ်သေးဘူး။ မဟုတ်ဘူး ကိုတင်ထွန်း။ ချမ်းသာတာ ကျွန်တော် ဓားပြတိုက်ပြီး ချမ်းသာတာကို ကျွန်တော် မလိုချင်ဘူး။ အဲဒါဆို မင်း ဘိန်းကုန်ကူးတာ၊ ဓားပြတိုက်တာတို့နဲ့ ချမ်းသာတာ မလိုချင်ဘူးဆိုရင် မင်း သူဌေးတစ်သက်လုံး မဖြစ်နိုင်ဘူး။ သူပြောတာ။ တရုတ် ပြောပြောတယ်။ သူပြောတာ ရှင်းရှင်းလေး။ မင်း တကယ်ကို လူတွေအပေါ်မှာ ကြမ်းကြမ်းတမ်းတမ်းနဲ့ ဒုစရိုက်နဲ့ဖြစ်စေ၊ ဥပဒေအပြင်ဘက်ကဖြစ်စေ၊ ဒါမှမဟုတ်ရင် လူသားတစ်ဦး တစ်ယောက်အပေါ်မှာ အနိုင်ကျင့်ကြံ၍ဖြစ်စေ သူပြောတဲ့ စကားလေးက အဲဒီလို ဌေးရှာမယ်ဆိုရင်တော့ စီးပွားရေးလုပ်၊ သူတို့တရုတ်အယူအဆ။ အကယ်၍ အဲဒါမျိုး စိတ်မျိုး မင်းမရှိဘူးဆိုရင်တော့ မင်း စီးပွားရေး တစ်သက်လုံး မလုပ်နဲ့။ မင်း ပညာနဲ့ အသက်မွေး။ သူကပြောတော့ ကျွန်တော် ခေါင်းတော်တော်ခဲသွားတယ်။

အဲဒီအချိန်မှာ ကျွန်တော်က ဗေဒင်ကို ဖတ်ဖတ်နေတယ်။ ဖတ်ဖတ်နေတော့ ကျွန်တော့်အဖေက ကျွန်တော့်ကို မေးတယ်။ မင်း ဗေဒင် ဝါသနာပါလား။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သိပ်တော့မသိဘူးလို့။ ဒါပေမဲ့ ဖတ်ရတာ စိတ်ထဲက ကောင်းသလိုပဲလို့ ပြောတော့ ကျွန်တော့်အဖေက အဲဒီအချိန်မှာ သူက ပေဒင်သင်တန်းတွေကို လိုက်စုံစမ်းကြည့်ပြီး ဦးစံတင်အောင်ရဲ့ သင်တန်းရှိတယ်တဲ့။ မင်း သင်မလား ဆိုပြီး သူကိုယ်တိုင် ကျွန်တော့်ကိုခေါ်သွားတယ်။ သူကိုယ်တိုင် ကားနဲ့လိုက်ပို့ ပြီး ဦးစံတင်အောင်ဆီမှာ ရောဆိုပြီး အပ်တယ်။ ပေဒင်သင်မယ့်သူဆိုပြီးတော့။ အဲဒီတုန်းက ဆရာကြီးက သင်တန်း ဒီအတိုင်းဖွင့်တာ လူတိုင်းအတွက်။ အဲဒီ တော့မှ ကျွန်တော့်ကို ခေါ်သွားပြီးတော့ သင်တန်းအပ်ပေးတယ်။ ဆရာကြီးဆီ မှာ ကျွန်တော် သင်တန်းတက်ရတယ်။ IFL တက်နေတုန်း၊ အဲဒီ သင်တန်း တက်နေတုန်းမှာ ညနေဆို လက္ခဏာသင်တန်းတက်၊ ကျောင်းက ပြီးတော့မယ်။ ကျောင်းပြီးရင် ဘာလုပ်ရမလဲလည်း ကျွန်တော်က လည်တည်တည်။ အဲဒီ အချိန်မှာ IFL ကကျောင်းအပြီး ဆရာကြီးကလည်း သူ့သင်တန်း၊ ကျွန်တော်က သင်တန်းထဲမှာ လုပ်ရော။ ကျွန်တော်ပြီးရင် သူက ဆက်လုပ်တဲ့။ ကျွန်တော် ဆက်စဉ်းစားတယ်။ နောက် Advance တွေဘာတွေ နည်းနည်းသင်ပေးတယ်။ ပြီးတော့ ဆရာကြီးကပြောတယ် သူ ရုံးခန်းပြောင်းဖွင့်မယ်။ သိတ်တားလမ်းက နေ ပြည်လမ်းကိုရွှေ့မယ်။ ၃၆၀ ပြည်လမ်း အစ ဟံသာဝတီအဝိုင်း၊ စာပေဗိမာန် ရှေ့မှာဖွင့်မယ်။ မင်းအဲဒီမှာ စာရေးလုပ်ဆိုတော့ ကျွန်တော် အလုပ်လည်း မရှိသေးတော့ လုပ်မယ်ဆိုပြီး အဲဒီမှာ ဝင်လုပ်တယ်။ လက်ပုံစံနှိပ်။ သူ့ကူရ မယ်ပေါ့။ နောက် သင်တန်းတွေရှိရင် သင်တန်းဝင်ပြပေး။ နောက် စာမူတွေရှိရင် မင်း အကြမ်းရေးပေးရမယ်။ အဲဒါမျိုး သူ့ဟောစာတမ်းတွေ ဘေးကနေ လိုက် ရေးပေးရတယ်။

ဆရာဟောတာကို လူကိုယ်တိုင်လိုက်မရေးနိုင်လို့ ကိုယ်ရေးပေးရတာ။ အဲဒါနဲ့ လခပေးမယ် လုပ်မလား။ လုပ်မယ်ပေါ့။ လခရယ်တော့ မဟုတ်ဘူး သူက ဒီအတိုင်းလာလုပ်။ သင်ပေးမယ်ပေါ့။ အဲဒါနဲ့ ကျွန်တော် ဝင်သင်တယ်။ ဝင်သင်တော့ ဆရာကြီးက ကျွန်တော့်ကို ပထမဦးဆုံး လခပေးတယ်။ တစ်ရာ နှစ်ဆယ်ပေးတယ်။ တော်တော် အဆင်ပြေတယ်။ အဲဒီတုန်းက တစ်ရာ နှစ်ဆယ် မနည်းဘူး။

မေး - ဘယ်နှစ်ခုနှစ်လောက်တုန်းက ဖြစ်မလဲ။

ဖြေ - အဲဒါက ကျွန်တော့်စိတ်ထင် ၁၉၇၈ ဝန်းကျင်ပဲ။ ၇၈ သေချာတယ်။ ဖွလိုင်ဝန်းကျင်။ ၂၂ နှစ် ရှိနေပြီ။ အဲဒီတော့ လုပ်တော့မယ်ပေါ့။ အဲဒီအချိန် လုပ်မယ်ဆိုပြီး ဆရာကြီးဆီမှာ ဝင်လုပ်ရင်း ဆရာကြီးဆီမှာ ဆက်တိုက်လုပ်ဖြစ်





သွားတယ်။ အိမ်သာဆေး၊ လက်ဖက်ရည်မှာပေါ့ဗျာ။ လက်ပုံစံနှိပ်။ သူသွားရင် ကွမ်းတူး ဘေးကကိုင်၊ သူ့အိတ်ဘေးကဆွဲနဲ့ ပညာယူ။ နောက်ပြီးတော့ နီပြင် ဆရာတွေဆီလည်း ဆရာကြီး မိုးတားတို့ဆီမှာလည်း သင်ကြားတယ်။ အဲဒီကနေ တစ်ဆင့် နောက် တစိုက်မတ်မတ် ဝင်သွားတယ်။ နောက် သူ့ဆီမှာ သုံးနှစ် လုပ်ပြီးတဲ့အခါကျတော့ ကိုယ့်ဘာသာကိုယ် ပေဒင်ခန်းထောင်တဲ့ဘဝကို ရုတ် တရက် ရောက်သွားတယ်။ အဲဒီတော့ ကျွန်တော်မှတ်မိတာက အရွယ်တစ်ခု ရောက်တဲ့အချိန်မှာ ပိုက်ဆံပုံမှန်ရတဲ့အလုပ်တစ်ခုကို ကျွန်တော် သွားချိတ်မိတယ်။ ကိုယ်လုပ်ချင်တာထက် ကိုယ့်ရဲ့ရပ်တည်မှုတစ်ခု (သို့မဟုတ်) ကိုယ့်ရဲ့ဘဝလေး တည်ငြိမ်မှုရှိတဲ့ အရာလေးတစ်ခု အဲဒီအပေါ်မှာ ကျွန်တော် သွားချိတ်မိပြီးတော့ ဒီအလုပ်ဖြစ်သွားတယ်လို့ ကျွန်တော်ထင်တယ်။

မေး - အဲဒီတော့ ဆရာဦးစံတင်အောင်ဆီကနေ ကိုယ့်ဟာနဲ့ကိုယ် ခွဲပြီးတော့ ထောင်ဖို့အတွက်က ကြိုပြီးတော့ ပြင်ဆင်ခဲ့တာ၊ စိတ်ကူးခဲ့သေးလား။ ဘယ် အကြောင်းကြောင့် ကိုယ့်ဟာကိုယ် ခွဲထွက်ခဲ့တာလဲ။

ဖြေ - သုံးနှစ်တိတိ။ သုံးနှစ်လုပ်တဲ့ အခါကျတော့ ကျွန်တော်က ဘာစဉ်းစားလဲ ဆိုတော့ ဟို ဆရာကြီးကတော့ ပြောတယ်။ မင်း - မဖြစ်နိုင်သေးဘူး။ ဆက်လုပ် ရင်လုပ် သူနဲ့။ အဲဒီတော့ ကျွန်တော့်စိတ်ထဲက စိတ်ကူးကြည့်တယ်။ ဆရာကြီး ဦးစံတင်အောင်ဆီမှာ အလုပ်မဝင်ခင် သူနဲ့ကြားမှာ ကျွန်တော် လခစားတစ်ခု လုပ်ဖူးသေးတယ်။ ဒီမတိုင်ခင် ကျွန်တော့်ရဲ့အဖေ သူ့ဆွေမျိုးဝန်းကျင်တွေက အဲဒီတုန်းက ကုမ္ပဏီရှိတယ်။ အဲဒီခေတ်မှာ ကုမ္ပဏီရှိတယ်။ သူတို့က သင်္ဘော တွေ၊ စီဘီတွေ ထောင်တယ်။ ပြီးတော့ ဒီ အိုင်ပီလို့ခေါ်တဲ့ အှိုင်းဘောစ်တွေ သူ တို့တင်တယ်။ ဒေါက်တွေဘာတွေ တင်တယ်။ အဲဒါတွေကို ဆွဲသင်္ဘောနောက် ထပ်အစီးတွေလည်းထောင်ထားတယ်။ ကိုယ်ပိုင်လုပ်ငန်းတွေရှိတယ်။ အဲဒီ လုပ်ငန်းမှာ စာရေးခန့်တယ်။ ကျောင်းထွက်ပြီးကာစ၊ IFL တောင်မတက် ရသေးဘူး။ ဒီအဖြစ်အပျက်တွေ မရှိသေးဘူး။ စာရေးခန့်တော့ ကျွန်တော် သွားလုပ်တယ်။ သွားလုပ်တော့ ကျောင်းက ဧ,က မကုန်ဘူး။ သူငယ်ချင်းတွေက ကိုယ်အလုပ်လုပ်နေတာသိတော့ အလုပ်ခန်း လာတယ်။ လာလည်တယ်။ Main (မိန္တာ/သိပ္ပံ) က သူငယ်ချင်းကလည်း လာလည်တယ်။ ကျွန်တော် အဲဒီတုန်းက ဘုရားလမ်းမှာ ကျွန်တော် အလုပ်လုပ်တယ်။ အဲဒါ အလုပ်ရှင်ကမကြိုက်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



မကြိုက်တော့ ညနေကျတော့ ကျွန်တော့်ကို ခေါ်ပြောတယ်။ တစ်လပြည့်တဲ့ ညနေပေါ့။ မနက်ဖြန်ကစပြီး မင်း အလုပ်မဆင်းနဲ့တော့တဲ့။ လခသုံးရာရပြီ အဲဒီတုန်းက။ ကျွန်တော့်ရဲ့ ဘယ်လိုခေါ်မလဲ အစ်မရဲ့ ယောက်ျား ယောက်ဖကြီးပေါ့။ ခွေမျိုးအရင်းတွေပဲ။ နောက် မိဘတွေ ငွေကြေးတချို့ ထည့်ထားတာလည်း ပါလို့လေ။ စိတ်လေမှာစိုးလို့ ထည့်ပေးထားပုံရတယ်။ တကယ်သူက အဲဒီလို ပြောလိုက်တဲ့အခါမှာ ကျွန်တော် အိမ်တန်းမပြန်ဘူး။ အဲဒီကနေ ပြန်လာပြီး ကျွန်တော်ဘုရားလမ်းကနေ ၈ ကား စီးပြီး အာအိုင်တီမှာ ဆင်းတယ်။ ကျွန်တော် ဒီ အာအိုင်တီ Main Building ထဲမှာ ထိုင်ငိုနေတယ်။ အိမ်ကိုတော်တော်နဲ့ ပြန်မရောက်ဘူး။

ကျွန်တော် စိတ်မကောင်း ဖြစ်နေတယ်။ ငါ အလုပ်မရှိတော့ဘူး။ ငါတော့ ဒုက္ခပဲပေါ့။ အဲဒီအချိန်မှာ နောက်ဆုံး ကျွန်တော် အငိုရပ်သွားတဲ့ အချိန်၊ မျက်ရည်ရပ်သွားတဲ့ အချိန်မှာ ကျွန်တော် သန္နိဋ္ဌာန်တစ်ခုချလိုက်တယ်။ တစ်သက်လုံး ဘယ်သူ့အောက်မှ ငါအလုပ်မလုပ်ဘူး။ ကျွန်တော် လူတစ်ယောက်ယောက်ရဲ့အောက်မှာလုပ်ရင် တစ်နေ့ ကျွန်တော့်ကို မင်း ဒီနေ့ကနေစပြီး အလုပ်မဆင်းနဲ့ဆိုတာ ပြောမှာသေချာတယ်။ လူတစ်ယောက်ယောက်က။ ကိုယ့်အလုပ် မဟုတ်သမျှကာလပတ်လုံး သူများအလုပ်လုပ်တဲ့အချိန်မှာ တစ်နေ့ ကိုယ့်ကို အလုပ်ရပ်စဲလိုက်ပြီ၊ မင်း ဒီနေ့ကစပြီး အလုပ်မလုပ်နဲ့၊ မဆင်းနဲ့တော့။ မနက်ဖြန် လာစရာမလိုတော့ဘူး ဆိုတဲ့စကား ပြောမှာသေချာတယ်။

အဲဒီနောက် ဆရာကြီး ဦးစံတင်အောင် ဆီရောက်တော့ ကျွန်တော့်ဆရာကြီးက ကျွန်တော့်ကို အဲဒီလိုတော့ မပြောဘူး။ ဒါပေမဲ့ ကျွန်တော့်စိတ်ထဲက သူများဆီမှာ လုပ်တဲ့ဟာက တစ်နေ့ကျရင် ကိုယ့်အလုပ် မဟုတ်တဲ့အတွက် ရပ်သွားမှာပဲ။ အဲဒီအချိန်ကို ကျွန်တော် မလိုလားဘူး။ အဲဒီခံစားချက်ကြီးကို ကျွန်တော်ခံခဲ့ပြီးပြီ။ ကျွန်တော် ရေရေလည်လည် ပူလောင်နေအောင် ခံစားခဲ့ရဖူးပြီးပြီ။ အဲဒီ ခံခဲ့ရတဲ့နောက် စကားမပြောတဲ့အချိန်အထိ ကျွန်တော် ဟို… တော်တော်လေး နှစ်နှစ်၊ သုံးနှစ် လောက် ချည့်သွားတာ။

ငယ်ငယ်တုန်းက။ အဲဒီခွေမျိုးအိမ်သွားမယ်ဆို ကျွန်တော် မလိုက်တော့ဘူး။ အဖေ၊ အမေလည်း သူတို့နဲ့ စကားပြောရင် ကျွန်တော်အိမ်ထဲက ထွက်သွားတယ်။ အဲဒီလောက်ထိ ခံစားချက်ပြင်းထားတာ။ တစ်နေ့ကျ ကျွန်တော့်ကို နှင်လွှတ်မှာ။ ဒါမှမဟုတ် သူ့အခြေအနေ ရပ်သွားရင်လည်း ကျွန်တော်ရပ်သွားမှာပဲ။ သူ့အခြေအနေတက်ရင် ကျွန်တော်တက်မှာ မှန်ပေမယ့်လည်း ဒါမဟုတ်





သေးဘူး။ ဘုံတစ်ပါးအပေါ်မှာ ကျွန်တော် depend လုပ်နေရမယ်။ ပြီးတော့ Independent မလုပ်နိုင်သမျှကာလပတ်လုံး လူတစ်ယောက်ဟာ ဘဝရပ်တည်ချက် မမှန်ဘူးဆိုတဲ့ အတွေးရှိတယ်။ အဲဒီအတွေးကြောင့် ကျွန်တော် ကိုယ့်ဟာကိုယ် စလုပ်တာဆရာ။

လုပ်တဲ့အချိန်မှာ ကျွန်တော့်ဆီမှာ ပိုက်ဆံသုံးဆယ်ပဲ ရှိတယ်။ ငွေသုံးဆယ်ပဲရှိတယ်။ ဒါကြောင့် ကျွန်တော်ပြောရင် ဟာ…သတ္တိရှိလို့ လုပ်တယ်ကွဆိုတဲ့စကား။ သတ္တိရှိတယ်ဆိုတာ ဗိုက်ထဲက ရဲစွမ်းသတ္တိရှိတာကို ပြောတာမဟုတ်ဘူး။ ငွေသုံးဆယ်ရှိလို့ ကျွန်တော် အလုပ်လုပ်တာ။ သတ္တိရှိလို့ လုပ်တယ်ဆိုတာ အဲဒါမျိုးဆရာရဲ့။

အဲဒီတုန်းက ပိုက်ဆံသုံးဆယ်ရှိတယ်။ အဲဒီသုံးဆယ်ကလည်း ကျွန်တော် အဲဒီ လဆန်းပိုင်းလေးမှာ အဲဒီတုန်းက ကျွန်တော် မကြာခဏဟောတယ်ဆရာ။ ဟောရင် တစ်ကျပ်ပြားကိုးဆယ်နဲ့ ဟောတယ်။ ငါးမူး ဟောတယ်။ အဲဒါနဲ့ ဟောတဲ့ဟာလေးကလည်း တစ်ခါတလေ ဆရာကြီးဆီသွားရင်း အဲလိုမျိုး ကြုံတဲ့အခါလေးတွေ ဟောတဲ့အခါကျတော့ အဆင်ပြေသား။ လခကလည်း လဆန်းတုန်းက ကျွန်တော်ရထားတာ အကုန်လုံးသုံးလိုက်သေးတယ်။ သုံးတော့ ကျွန်တော့်ဆီမှာ ဒီလဆန်းလေးမှာ ဟောထားတာ ငွေသုံးဆယ်ရှိတယ်။ အဲဒါနဲ့ ကျွန်တော့်ဆီမှာ စက္ကူထုပ်တစ်ထုပ်လည်း ရှိတယ်။ အဲဒါနဲ့ ကျွန်တော် ပိုက်ဆံငွေသုံးဆယ်လေးနဲ့ ငါ အလုပ်တော့ စတော့မယ် ဆိုပြီးတော့ ဒီအိမ်မှာ ဒီနေရာမှာ ကိုယ့်အိမ်မှာလုပ်မယ်၊ ကိုယ့်အိမ်ကိုယ်လုပ်ရင်တော့ လခမကုန်ဘူးဆိုခဲ့ပြီ။ ဒီအိမ်ကလည်း အဝေးကြီး ဆရာရယ်။

အဲဒီတုန်းက ဒီကြို့ကုန်းကို လမ်းထိပ်ကနေ ဒီအထိ ဖုန်တလူးလူးနဲ့ ဆိုက်ကားတောင် မရှိဘူး။ လမ်းလျှောက်ပြီး လာရမယ်။ ဒီမှာလုပ်မယ်။ အိမ်ရှေ့မှာ ဖြတ်တဲ့ကားက ဆရာရယ် အလွတ်ရတယ်။ တစ်ရွာလုံးမှာမှ ကားက နှစ်စီးရှိတာ။ တစ်ခုက ကမုတ်ကကား၊ ကမုတ်တွေကိုလုပ်တဲ့၊ မီးလွှာကန်တွေလုပ်တဲ့ ဦးမြဒင် ဆိုတာရှိတယ်။ ရွာထဲက သူ့ကို ပေးထားတာ ကမုတ်မြဒင်။ ယန္တရားဆရာကြီး။ မယားအများကြီးနဲ့။ သူကလည်း မော်တော်ကားနဲ့ဘာနဲ့ အကျအနသူ့ကားက တစ်စီးရှိတယ်။ ဟိုဘက်မှာ ဗိုလ်မှူးကြီးအောင်ဇင်ဆိုတာ ရှိတယ်။ ရွှေတိဂုံဂေါပက။ သူကလည်း ပင်စင်စားကြီး။ နှစ်စီးရှိတယ် ဆရာရဲ့။ အိမ်ရှေ့ကဖြတ်သွားရင် အဲဒါဘယ်သူ့ကား။ ဒီပြင် တခြားကား မဖြတ်ဘူး။ ကြို့ကုန်းလာမယ်ဆိုရင်တော့ မော်တော်ကားမလိုက်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ဒီမှာလုပ်မယ်ဆိုတော့ တော်တော်တော့ ခွကျတယ်။ ဒီမှာ လုပ်မယ်။ ရအောင်လုပ်မယ်။ အဲဒီတော့ ကျွန်တော် ဘာလုပ်လဲဆိုတော့ ဗိုတို့နဲ့ ဘလောက်လေး အပ်တယ်။ ဓာတ်ပုံဘလောက်လေး အပ်လိုက်တယ်။ မြို့ထဲမှာ နေရှင်နယ်မှာပေါ့ဗျာ၊ ကျွန်တော့်ဆရာကြီးလုပ်တုန်းက ကျွန်တော် အဲဒီမှာ ဘလောက်သွားယူဖူးတယ် ဆရာရဲ့။ မြဝတီတိုက်ရဲ့ နောက်ကျော ဆရာရဲ့။ အဲဒီတော့ သွားတော့ အဘိုးကြီးရှိတယ်။ အဘိုးကြီးမှာ ခွေးတွေအများကြီး ဆရာရဲ့။ အဲဒီမှာ ခွေးတွေနဲ့အတူ ငုတ်တုတ်ထိုင် ပြီးတော့ ကိုယ်က ဘလောက် အပ်ရတာ။ အဲ ဓာတ်ပုံက ရိုက်ထားတဲ့ ဟာလေးနဲ့ ဘလောက်လေးအပ်တာ။ တစ်ဆယ်ကျတယ်။ အိုကေ နှစ်ဆယ် ကျန်သေးတယ်။ အဲဒါနဲ့ ကျွန်တော် ပုံနှိပ်တယ်။ ကျွန်တော့်စာရွက်ထုပ်ကရှိတော့ ပုံနှိပ်လိုက်တော့ ငွေသုံးဆယ် ပြိုက်ခနဲ ကုန်သွားတယ်။ အဲဒါနဲ့ ကျွန်တော့်ဆီမှာ Pamphalet (လက်ကမ်းစာရွက်)လေးတွေဖြစ်တယ်။ လျှောက်လွှာစာရွက်လေးကို ထက်ဝက်ရိုက်ပြီးတော့ ဒီထဲမှာ ကျွန်တော့်ဓာတ်ပုံပါတယ်။

အဲဒီမှာမှ ကျောင်းသူကျောင်းသားများနှင့် အလုပ်လက်မဲ့များ ငါးကျပ်နဲ့ ဟောတယ်ပေါ့ ဆရာရယ်။ နောက် တစ်ဆယ်ကကျတော့ အထူးဟောပေါ့။ အဲဒါနဲ့ ကျွန်တော် Pamphalet ကိုယူပြီး အာအိုင်တီကျောင်းရှေ့မှာပဲ သွားဝေတယ်။ နောက် Main (ဗိမ္ဗာ/သိပ္ပံ)ထဲမှာ ကျွန်တော် သွားဝေတယ်။ သူငယ်ချင်းတွေပေးပြီး ဝေခိုင်းတယ်။ ကြော်ငြာလက်ကမ်း ပေးသလို ဝေတယ်။ ဝေပြီးတော့ ဒီမှာပဲ ငုတ်တုတ်ထိုင်နေတယ်။

မေး - ဆရာ ဘယ်နှစ်မှနှစ်လောက်ကလဲ။

ဖြေ - ၁၉၈၁၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့ထင်တယ်။ ကျွန်တော် အဲဒီတော့ လုပ်နေပြီဆရာ။ လုပ်တော့ ကျွန်တော် Pamphalet တွေဝေပြီး ငုတ်တုတ်ထိုင်နေတယ်။ လူတစ်ယောက်မှ မလာဘူး။ ဟာ- ဒီနေ့ ရှုံးပြီပေါ့။ ဆရာ နောက်တစ်နေ့ ဆက်ဖွင့်၊ ဖွဲ့နေပေါ့။

ကျွန်တော့်ကို ဆရာကြီး မိုးတားဦးထွန်းရှိန်က မလုပ်ခင် ကျွန်တော့်ကို ပြောလိုက်တယ်။ ကောင်လေး- အလုပ်က မင်း ဖင်ပူအောင်ထိုင်နိုင်ဖို့ အရေးကြီးတယ်။ မင်း ဖင်ပူအောင်ထိုင်ရင် အလုပ်ဆိုတာ မင်းဆီကို လာလိမ့်မယ်။ ဟ တန်ဖိုးရှိတဲ့ စကားပါ။ ဟာ ဖင်ပူအောင်ထိုင်မယ်ပေါ့။ ဖင်တင်မကဘူး တစ်ကိုယ်လုံး ပူလာတာ။ မနက်လင်းတုန်းကတည်းက ငုတ်တုတ်ထိုင်လိုက်တာ ကျွန်တော့်မှာ။



အဲဒီတုန်းက IFL မှာ ကျွန်တော်တက်တော့ ညနေကျောင်း တက်ခါနီးကျတော့မှ ကျွန်တော် အဲဒီကထတယ်။ အဲဒါနဲ့ မနက်ဖွင့် ပြီးတော့ ငုတ်တုတ်ထိုင်၊ အလုပ်စားပွဲလေးသုတ်၊ စာအုပ်လေးစီ၊ မလာဘူး။ နှစ်ရက်။ တတိယနေ့မှာ ကျွန်တော့်ဆီလာတဲ့ လူတစ်ယောက်ရှိတယ်။ အဲဒီလူက ကိုကြီးရှိန်တဲ့၊ ရပ်ကွက်ထဲကလူ။ နဂိုက အရင်က ကျွန်တော်တို့ ရပ်ကွက်ထဲမှာ ကျွန်တော့်ကို မေးဖူးတယ်။ အဲဒီတော့ လာမေးတာ လုပ်မယ်ဆိုလို့။ လာမေးတော့ အဲဒီအချိန်က ကိုယ်က အသင့်မဖြစ်ဘူး။ စာအုပ်တွေကို ဖုန်သုတ်နေတယ်။ ဒီနေ့ အလုပ်မရှိဘူးထင်လို့။ ကိုကြီးရှိန် မနက်ဖြန်လာဆိုတော့ စတုတ္ထမြောက်နေ့မှာ ကိုကြီးရှိန်ဆိုတဲ့မှတ္တိုလ်လာတယ်။ တစ်ဆယ်ဖိုးမေးတယ်။

အား တော်တော်အောင်မြင်တာဗျာ။ မထေနဲ့ဗျ ကိုကြီးရှိန်ဆိုပြီး ထိုင်ဟောတာ တော်တော်ကြာတယ်။ အဲ ကိုကြီးရှိန်က သဘောတွေကျနေတယ်။ ဟာ မိုက်တယ်ပေါ့။ အဲဒါနဲ့ သူ့ဘော်ဒါ တစ်ခါခေါ်လာတယ်။

နောက် အဲဒါနဲ့ပဲ တစ်လလောက်လည်းရောက်ရော လချုပ်လိုက်တော့ ကျွန်တော့်ဆီမှာ အယောက်နှစ်ဆယ်လောက် ရလာတယ်ဆရာရဲ့။ အမာခံ နှစ်ဆယ်။ အဲဒါနဲ့ တစ်ဆင့်ပြီးတစ်ဆင့် ကျောင်းသားတွေကလည်း ငါးကျပ်ဆို တော့ အိုကေဆရာရဲ့။ ကျွန်တော့်ဆီရောက်လာကြတာတွေက ဟို အာအိုင်တီ အုပ်စုက ကျွန်တော့်မဏ္ဍိုင်ဖြစ်နေတယ်။ ဟာ ငါတို့ကျောင်းကပုဂ္ဂိုလ်တော့ ဂန့်နေပြီပေါ့။ တချို့တွေက နောက်နေပြန်ပြီဒီကောင်။ နောက်ကျမှ တကယ် ထင်တာ။ ကျွန်တော်က လူရွှတ်။ နောက်နေတယ်ထင်တာ။ နောက်ကျ အတည်လုပ်တယ်ဆိုတော့ သူတို့လည်း အားပေးရှာတယ်။ အာအိုင်တီကို လာလည်တဲ့ ကောင်မလေးတွေကလည်း ဒီဘက်ပေါက်ကနေ ကျွန်တော့်ဆီကို လာပြန်ရော။ အဲဒါနဲ့ နည်းနည်းအဆင်ပြေလာတယ် ဆရာရေ။ ဒုတိယမြောက်လ လချုပ်လိုက်တဲ့အခါမှာ ကျွန်တော်ကြည့်လိုက်တော့ ငွေရှစ်ရာကျော်ရတယ်။ ဟာ ဆရာ ဒေါသတာပဲ။ ငွေရှစ်ရာဆိုတာ နည်းတာမဟုတ်ဘူး ဆရာရဲ့။ နည်းတဲ့ပိုက်ဆံ မဟုတ်ဘူးဆရာရဲ့။ အဲဒါနဲ့ပဲဆရာရေ ဒီမှာ အိုကေလာတယ်။ အဲဒီကနေ ဆက်လုပ်လိုက်တာ ဆရာရေ ဒီလိုဖြစ်လာတာပဲ။

မေး - အဲဒီ့အချိန်မှာ ဆရာ အိမ်ထောင်ကျနေပြီလား။

ဖြေ - မကျသေးဘူးဆရာ။ အိမ်ထောင်က အလုပ်တော်တော်အဆင်ပြေတော့







www.burmeseclassic.com

www.burmeseclassic.com



မိန်းမယူရဲတာ။ မိန်းမယူတဲ့အချိန်က ၁၉၈၄ ခုနှစ်ကျမှ ကျွန်တော်က မိန်းမယူတာ ဆရာ။ မိန်းမယူတော့ ၈၄ ဟုတ်တယ် ၈၄ မှာ မိန်းမယူတာ။ ကျွန်တော့် မိန်းမသိရင်တော့ ကျွန်တော့်ကို သတ်ဦးမယ်။ မယောသီထွက်တဲ့နှစ်က ဘယ်နှစ်လဲ ဆရာရေ။ အဲဒီနှစ်က။ မယောသီတစ်သက် ကျွန်တော့်အိမ်ထောင် တစ်သက်။ ၁၉၈၄ ဖြစ်ပို့မှားတယ်။ မယောသီတစ်သက်ဆရာရေ။ ဘာလို့လဲဆို တော့ စပြီးလည်း အဲဒီလိုလုပ်နေရင်း ကျွန်တော် စာစရေးမယ်ဆိုပြီးတော့ မယောသီမှာ စပြီးရေးရော ဆရာရေ။ ပထမဦးဆုံး မယောသီမှာ စပြီးတော့ ကျွန်တော့်ဆောင်းပါးပါတဲ့အချိန်နဲ့ ကျွန်တော် မိန်းမနိုးပြေးတာနဲ့ အတူတူကို၊ ဆရာရဲ့။ အဲ ကျွန်တော်မှတ်ထားတာ မယောသီတစ်သက်၊ ကျွန်တော် မိန်းမ ယူတာတစ်သက်။

မေး - အဲဒီတော့ ဆရာ အိမ်ထောင်လည်းကျပြီးသွားပြီ၊ ကျွန်တော်မေးချင်တာက အလုပ်လည်း ဒီကနေ ဒီနေရာမှာပဲ အောင်မြင်သွားပြီပေါ့နော်ဆရာ။ အဲဒီတော့ အဲဒီအချိန်မှာ အသက်အရ ဆရာ မိဘဖြစ်နေပြီ။ ဆရာကရော ဆရာ့သားသမီးတွေကို ဘာဖြစ်ရမယ်ဆိုတဲ့ Guide Line တွေများ ချပေးထားပါသလဲဆရာ။

ဖြေ - ချမပေးဘူးဆရာရဲ့။ ကျွန်တော် လုံးဝ ချမပေးဘူး။ ကျွန်တော်က ဗေဒင်ဆရာဖြစ်လာတော့ ကျွန်တော်က တော်တော်ကြောင်သွားရော။ လူကြောင်ကြီးဖြစ် သွားပြီ။

ကြောင်သွားတော့ ကျွန်တော်က လူတစ်ယောက်ရဲ့ ဘဝလမ်းကြောင်း အပေါ်မှာ လွှမ်းမိုးနိုင်တဲ့ အရာသုံးခုကို ကျွန်တော် သိသွားတယ်ဆရာ။ ကိုယ်ကလည်း ဖြတ်သန်းလာခဲ့ပြီးပြီ။ ကိုယ်က ဖြစ်ချင်သလို သူတို့ဖြစ်ချင်မှ ဖြစ်မယ်။ သူတို့ ဖြစ်ချင်တာလည်း ဖြစ်ချင်မှဖြစ်မယ်။ ဒါဆိုရင် လူတွေရဲ့ ဖြစ်ပျက်မှုက အကြောင်းအရာ သုံးရပ်ရှိတယ်ဆရာရဲ့။ အဲဒီအကြောင်းအရာ သုံးရပ်က ကျွန်တော်တရုတ်စာအုပ် တစ်အုပ်ထဲမှာ ဖတ်ရင်း ကျွန်တော်တွေ့တယ်။

"ရှိ"လို့ခေါ်တဲ့ စွမ်းအားကြီးပေါ့ ဆရာရယ်။ တစ်ခုခုကို တွန်းနိုင်တဲ့ စွမ်းအား။ energy တစ်ခုလို့ခေါ် ပါတယ်ဆရာ။ နံပါတ်တစ်က Heaven။ ကောင်းကင်ဘုံက ဆင်းသက်လာတဲ့ စွမ်းအားကြီးတစ်ခု။ နံပါတ်နှစ်က ပတ်ဝန်းကျင်က ဖြစ်ပေါ်လာတဲ့ စွမ်းအား environmental energy နောက် ကမ္ဘာမြေကနေလာတဲ့စွမ်းအား။ ဆိုလိုတာက မိုးနဲ့မြေနဲ့ နှစ်ခုကြားထဲမှာရှိတဲ့ အရာတွေ သုံးမျိုးကနေ လူသားတွေ၊ အဲဒီလူတွေရဲ့ ရပ်တည်မှုတွေ၊ ဘဝတွေ ပြောင်းလဲ





နေတယ်ဆိုတာကို ကျွန်တော် ဖတ်မိတယ်။ မိုးကောင်းကင်က ကျဆင်းလာတဲ့ စွမ်းအားဆိုတာတော့ မွေးမွေးချင်းမှာ တည်ရှိနေတဲ့ဂြိုဟ်တွေ၊ နက္ခတ်တွေရဲ့ သဘာဝပဲ။ နောက် အကြောင်းတိုက်ဆိုင်စွာ ဒီဂြိုဟ်တွေ၊ နက္ခတ်တွေရဲ့ လှုပ်ရှားမှုကြောင့် လူသားတွေရဲ့ ရည်ရွယ်ချက်တွေ၊ လူသားတွေရဲ့ ဘဝလမ်းကြောင်းတွေ ဖြစ်ပေါ်လာတဲ့ အကြောင်းတိုက်ဆိုင်မှုတွေ။ အဲဒီအရာတွေက လူသားတွေရဲ့ Drivation တစ်ခု လူတွေရဲ့ ဘဝလမ်းကြောင်းကို ပြောင်းမယ့်အရာပဲ။

နံပါတ်နှစ် ပတ်ဝန်းကျင်ဖြစ်ပေါ်ပုံ။ ပတ်ဝန်းကျင်ဖြစ်ပေါ်မှုမှာမှ ငါးပိုင်းကွဲတယ်ဆရာရဲ့။ ငါးပိုင်းမှာ ဟိုမှာကျတော့ သူက Weather လို့ပြောတယ်။ Sunshine, Cold, Heat နောက်ပြီးတော့ ကျွန်တော်တို့ Wind and Rain ဆိုပြီးတော့ ကွဲတယ်။ ကျွန်တော်တို့ မြန်မာအယူအဆ၊ ကျွန်တော်တို့ ဗေဒင်အယူအဆကျတော့ ဒီလိုဆရာရဲ့။ မိဘတွေကနေ တစ်စုံတစ်ရာ ကိုယ့်ကို ပြောနေတဲ့ စကားရဲ့ နားယောင်မှု။ အဲဒါ နေမင်းရဲ့အလင်းတန်း။ နောက် မိဘတွေနဲ့ နေထိုင်စဉ်မှာ တွေ့ကြုံရတဲ့ အပူသောက။ အဲဒါအပူ။ လောကဓံအပူ။ မိဘတွေဆီက ကူးတဲ့အပူ။ နောက် မိဘတွေနဲ့ နေထိုင်ရင်း ရရှိခဲ့တဲ့ ပျော်ရွှင်မှု၊ အေးချမ်းမှုက Cold အအေး။ နောက်တစ်ခါ ပတ်ဝန်းကျင် Wind ပေါ့ ဆရာ။ ပတ်ဝန်းကျင်ရဲ့လှုံ့ဆော်မှု၊ အရွယ်လေးနည်းနည်းရောက်လာတဲ့အခါမှာ ချစ်သူရဲ့ ဖြစ်လိုချင်တဲ့အရာတွေ၊ သူငယ်ချင်းတွေနဲ့ စကားပြောရင်း ဖြစ်ချင်တဲ့ ဆန္ဒတွေ၊ ကိုယ်နဲ့ ဖြတ်သန်းတဲ့ ပတ်ဝန်းကျင်ရဲ့ ဖြစ်ပေါ်မှု အကြောင်းအရာတွေ လေးခုပေါ့ဆရာ။

နံပါတ်ငါးက ဘာလဲဆိုတော့ Rain ဘဝဒဏ်။ ကိုယ်ကိုယ်တိုင် ဖြတ်သန်းရတဲ့ ဘဝတစ်ခု။ ဒီငါးချက်ကနေ ကိုယ့်ရဲ့ဘဝကို ပြဋ္ဌာန်းနေရတယ်။ ဒီငါးချက်အပေါ်မှာ ယူပြီးတော့ ပေါင်းထားတဲ့ combination လေးက ပြဋ္ဌာန်းမှု၊ ဒုတိယအချက်။ အဲတော့ ကိုယ်မမြင်နိုင်တဲ့ တစ်ခါတရံမှ ရောက်လာတဲ့ ကံရဲ့ စေစားမှုက တစ်ချက်၊ ဒီအကြောင်းအရာ ငါးခုကြောင့် အမျိုးမျိုး ဖြစ်ပေါ်နိုင်တဲ့ အကြောင်းအရာက နှစ်ချက်။ နောက် Earth က ကိုယ့်ရဲ့ ပင်ကိုအလှ။ ကမ္ဘာမြေကြီးက ကိုယ့်ရဲ့ပင်ကိုဗီဇ၊ ကိုယ့်ရဲ့ဆန္ဒ၊ ကိုယ့်ရဲ့ရည်ရွယ်ချက်၊ ကိုယ့်ရဲ့ Feeling၊ ကိုယ့်ရဲ့မူလ။ ကျွန်တော်တို့ ဖြစ်တည်လိုတဲ့ Root ပေါ့။ ပင်ရင်းပေါ့ဆရာ။ မြန်မာလိုပြောရင်တော့ ကိုယ့်ရဲ့ပင်ကိုဗီဇပေါ့။

အဲဒီ အချက်တွေအားလုံး သုံးခုပေါင်းထားတဲ့ အရာသည်သာလျှင် လူသားတွေရဲ့ ဖြစ်တည်မှုကို ဖြစ်စေတာပဲ ဆရာ။ အဲတော့ ကျွန်တော့်အဖေက လည်း ကျွန်တော့်ကို ဘာမှ ပြဋ္ဌာန်းမပေးဘူး။ ကျွန်တော်လည်း ကျွန်တော့်သား



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ ပြဋ္ဌာန်းမပေးဘူး။ ပြဋ္ဌာန်းပေးပြီးတော့ မင်း ဒါကြီးလုပ်ပါ ဆိုတာမျိုးကြီး သွားလုပ်လို့ကလည်း သူဖြစ်ချင်မှဖြစ်မယ်။ သူ့ပေါ်မှာ ကျွန်တော်ရဲ့ ပြောနိုင်တဲ့ အခြေအနေက အခုနမ Data ထဲမှာမှ ဒုတိယ Data ဖြစ်တဲ့ မိဘတွေရဲ့ ပတ်သက်တဲ့အကြောင်းအရာပေါ်မှာ သူက အတုခိုးမှု၊ အတုယူမှုပဲရှိမယ်။

Root က အရေးကြီးတယ်ဆရာ။ Root ကကျတော့ ကျွန်တော်တို့က Root မှာဆရာ မြန်မာ စကားတစ်ခု ရှိတယ်။ သွေး။ မင်း သွေးမရှိဘူးလားကွာ။ မြန်မာ့သွေးပြစမ်းပါတို့၊ မင်း ဖအေသွေးမပါဘူးလားတို့၊ ငါသွေးနည်းတဲ့ကောင် မဟုတ်ဘူးကွ၊ သွေးမရှိဘူးကွ၊ ဒီစကားမျိုးကသွေး။ အဲဒီသွေးက Root ဆရာ။ ခန္ဓာကိုယ်ထဲမှာ လှည့်ပတ်နေတဲ့သွေး။ အရှေ့တိုင်းက ပြောတာတော့ ဘီစီ ငါးရာလောက်က ခန္ဓာကိုယ်ထဲမှာလှည့်ပတ်နေတဲ့သွေးက Vital energy တစ်ခုကို သယ်ထားတယ်လို့ ပြောတယ်။ သွေးထဲမှာ ကျွန်တော်တို့ တစ်ခုခုသောအရာ၊ DNA အထိ ဆက်မစဉ်းစားသေးဘူး။ သွေးထဲမှာ တစ်ခုခုတော့ ပါမယ်။ ဒီကောင်က သူ့အဘိုးသွေးပါတာပဲတို့၊ ပြီးတော့ သူ့သွေးကိုက ပြတာပဲတို့ ဒီစကားလေးတွေ ကြားရတယ်။ အဲဒါလည်း အစွဲက မြန်မာအစွဲပဲ ဖြစ်မယ်။

သွေးက လေးမျိုးပဲရှိတယ်။ 'အို'သွေးရှိတယ်။ တစ်ကမ္ဘာလုံးရဲ့ ရာခိုင်နှုန်း ၄၅%ရှိတယ်။ 'အေ'သွေးရှိတယ်။ အဲဒီ 'အေ'သွေးက ကမ္ဘာ့ရဲ့ ၄၀%။ 'ဘီ'က ၁၁%။ 'အေဘီ'က ၄%။ တစ်ကမ္ဘာလုံးမှာ ဒီလိုရှိတယ်။ ဒီသွေး အကြောင်းသိတာ ဘာမှမကြာသေးဘူး။ ဒီသွေး အကြောင်းလည်းသိရော လူတွေက ဟာ ပထမဆရာ 'အေ'၊ နောက် 'ဘီ'၊ နောက်တစ်ခု 'အေဘီ' နောက်ကျမှ 'အို'လို့ ခေါ်တာ။ နောက်ကျမှ အေနဲ့ဘီနဲ့ပေါင်းတော့ အေဘီပေါ့။ 'အို'သွေးက ကမ္ဘာမှာအရင့်အကျက်ဆုံးသွေး။ လူစဖြစ်တုန်းက စလာတဲ့ အိုသွေး။ အိုသွေးက Hunter တွေ၊ တိုက်မယ်ခိုက်မယ်၊ အမဲလိုက်မယ်။ ဖိုက်မယ်။ အငြိမ်မနေ လှုပ်ရှားနေမယ်။ ဒါ အိုသွေးသမားတွေရဲ့ဗီဇ။ သူက တကယ့်ကျောက် ခေတ်တုန်းက လူတွေရဲ့သွေး။ သူက Hunter တွေရဲ့သွေး။ အေသွေးကျတော့ သူက အငြိမ်နေမယ်၊ သမိုင်းဦး ပုံပြင်လို၊ လယ်တွေစိုက်မယ်၊ ယဉ်ကျေးမှုတွေ ထူထောင်မယ်၊ အုပ်ချုပ်ရေးတွေ လုပ်မယ်။ အဲဒါ အေသွေး ဆရာ။ ဘီသွေး ကျတော့ အဲဒီခေတ်ကို သမိုင်းဦးခေတ်ကိုကျော်ပြီးတော့ ကုန်သွယ်ရေး ရာခေတ် ကို ရောက်တယ်။ ဘီသွေးအုပ်စုတွေက ဆရာရေ စီးပွားရှာမယ်၊ ကုန်သွယ်မယ်၊ အလုပ်လုပ်မယ်။ သူက ကုန်သွယ်စီးပွားရေးခေတ်ကို ရောက်လာတယ်ဆရာရဲ့။

အဲဒီတော့ နောက် အေဘီသွေးက နောက်ဆုံးပေါ်သွေး။ အဲဒီ အေဘီသွေး၊





နောက်ဆုံးပေါ် သွေးသမားတွေက NewAge တွေ။ ဒီကွန်ပျူတာတွေ၊ အီလက် ထရောနစ်တွေ၊ ရှိသမျှ ပစ္စည်းတွေ တီထွင်တာတွေ၊ မော်ဒန် Art တွေ၊ နောက် ဆုံး Rapper တွေ၊ ဒီလိုလမ်းသစ်ကိုထွင်တဲ့ New Age မော်ဒန်တွေက အေဘီ ဆရာရဲ့။ မြန်မာတွေက အေဘီများတယ် ဆရာရဲ့။ အေဘီများတယ်။ တီထွင် တာ။ လမ်းသစ်ကိုထွင်ပြီး ဖောက်တာ။

အဲဒီတော့ ကိုယ့် သားဘာသွေးလဲ ကိုယ်အရင်ဆုံး ကြည့်ရသေးတာပေါ့ ဆရာရယ်။ ကျွန်တော်က အို ဆရာ။ ဒီကောင်က၊ ကျွန်တော့် ကောင်က အေ ဖြစ်နေတာ။ ဟာ- ကျွန်တော့်လို ဖိုက်တာ မဟုတ်ဘူး။ ကျွန်တော့်လိုတော့ ဒီကောင် ဟိုလျှောက်ဖိုက်၊ ဒီလျှောက်ဖိုက် လုပ်မယ့်ကောင် မဟုတ်ဘူး။ ဒီကောင် က အငြိမ်သမား။ ဒါပေမဲ့ သူ့ဘဝတက်နည်း သူဖန်တီး။ ကျွန်တော်တို့ အေးတုန်း က သူ အေးတယ်။ ကျွန်တော်တို့ ပူတုန်းက သူ ပူတယ်။ အဲ- နောက် ကျွန်တော့်ကို ကြည့်ပြီးတော့ ဘာလုပ်မလဲဆိုတာ သူ စဉ်းစားနေတယ်။ ငါ့အဖေ ကတော့ မဟုတ်တော့ဘူး။ ငါ့အဖေကတော့ ဟုတ်နေတယ်။ သူ စဉ်းစားနေ တယ်။ သူ့သူငယ်ချင်းတွေပြောတဲ့စကား သူ့မှာ ရှိဦးမယ်။ သူ့ ရည်းစားက သူ့ကို ဘာဖြစ်စေချင်မှန်းလည်း ကျွန်တော် မသိဘူး။ ဒီကောင်က အငြိမ်အုပ်စု ထဲမှာပါတယ်။ အဲတော့ ကျွန်တော်က သူ့ကို အတင်းကြီး မင်း အီလက် ထရောနစ်လုပ်ပါဆိုပြီး ကျွန်တော် အေဘီအုပ်စုထဲ ကျွန်တော်ဆွဲသွင်းလို့ မရဘူး။ ဒါဆိုမင်း စီးပွားရှာကွာ ဆိုပြီး ဘီအုပ်စုထဲထည့်ပြီး အလုပ်လုပ်ခိုင်းလို့ မရဘူး။ ဒါဆိုရင် မင်း ဘာကို လုပ်နိုင်း လိုက်ရင် နိုင်ငံခြားထွက်ပါဆိုရင် ဒီကောင် လုပ်ရင်လုပ်မယ်။ ကျွန်တော့် အိုလို လိုက် ဖိုက်လို့ မရဘူး။

အဲဒီအကြောင်းကို ၁၉၃၁ မှာ ဂျပန်တွေက သိထားတယ်။ ကျွန်တော် အတုခိုးတာ။ ၁၉၃၁ မှာ Imperial Army ကြီးကို ထူထောင်တဲ့အခါကျတော့ ဆရာရေ သွေးအုပ်စုတွေခွဲပြီးတော့။ အိုကို ဖိုက်တာအုပ်စု ဆရာ။ အေကို admin အုပ်စု။ ဒီမှာဆရာ ကျိုပေါ့ဆရာ။ အိုတွေက ကျို။ အေကျ တော့ admin ကိုင် နိုင်တယ်။ ဘီအုပ်စုကို ထောက်ပို့ရေးကို ကိုင်ခိုင်းတယ်။ နောက်ဆုံး အေဘီအုပ်စုကို Research။ ဟာ တကယ့်ကို ဆရာရေ Propagenda လုပ်တာ တို့၊ ဗျူဟာ Research လုပ်တာတို့၊ Strategic Research တွေကို ကိုင်ပြီးတော့ Imperial Army ကို ဒုတိယ ကမ္ဘာစစ်ထဲ တွန်းသွင်းတာ။ အဲဒါကို ဂျပန်တွေက မှတ်ထိ ရထားတယ်။ အခု အလုပ်လျှောက်ရင် ဒီကောင်က အေဆို ဘယ်မှာ ထားလိုက်၊ ဘီဆို ဘယ်ပို့လိုက်၊ ဒီလိုလုပ်တာဆရာရဲ့။ အဲတော့ ကိုယ့်ကလေး



www.burmeseclassic.com

www.burmeseclassic.com



က ဘာသွေးလဲဆိုတာ ကျွန်တော်သိတယ်။ ဒီကောင် ဖအေသွေး မပါဘူး။ သူ့အတိုးသွေး ဖြစ်ရင်ဖြစ်မယ်။ ကျွန်တော် မသိဘူး။ စစ်လိုက်တော့ ဒီကောင်က အေ။ အေဆိုတော့ သူ့ကို အေလိုင်းကို ကျွန်တော်တည့်တယ်။ အဲလောက်တော့ ဘာလုပ်မယ်ဆိုတာ လမ်းညွှန်ပေးမယ့်အစား သူဘာ လုပ်ချင်တယ်၊ စာဖတ်ချင်တယ်။ ဟုတ်တယ်။ အဲဒီစာအုပ်ကို ကျွန်တော် ရအောင် ရှာပေးတယ်။

ဒါပေမဲ့ ကျွန်တော် လမ်းညွှန်ပေးတာ တစ်ခုတော့ ရှိတယ်။ ရိုးသားခြင်းနဲ့ စာဖတ်ခြင်း ဝါသနာကို ကျွန်တော် လမ်းညွှန် ပေးတယ်။ ဒီနှစ်ခုတည်း ဆရာ။ ဘာလို့လဲဆိုတော့ ကျွန်တော် နားလည်ထားတာက အကောင်းဆုံးသော မြေသြဇာရှိတဲ့ မြေပြင်သည်သာ အကောင်းဆုံးသော အသီးအပွင့်ကို ပွင့်လန်းစေသည်တဲ့။ အဲတော့ ကိုယ့်ကလေးမြေကို တစ်ချိန်လုံး ထယ်ရေးငင် ပေးနေမယ်၊ တစ်ချိန်လုံး ရေဖြည့်ရင် ဖြည့်ပေးမယ်။ ဒါ ရိုးသားခြင်းနဲ့ ကြိုးစားခြင်း၊ ဒီနှစ်ခု။ ဒါ ကိုယ့်ကလေးတွေကို ဒါပဲ လုပ်ပေးတာ။ သူတို့ဟာသာ အပင်ပေါက် လာ လိမ့်မယ်။ ကျွန်တော် အဲလိုအယူ ရှိတယ် ဆရာ။

မေး - နောက်တစ်ခုကဆရာ . . . လူတစ်ယောက်ဘဝမှာ လူကောင်းလူမွန်ဖြစ်ဖို့ ဗီဇတွေ၊ ပတ်ဝန်းကျင်နဲ့ ကံတရား ဆရာ ခုနပြောတဲ့အထဲမှာတော့ ပါသွားပြီပြီ။ အဲဒီတော့ဆရာရယ် အချိုးဘယ်လောက်ဆီပါပြီး ဘယ်ဟာက အဓိက လွှမ်းမိုးမှုက ဘာလဲဆရာ။

ဖြေ - အဓိက Dominant ဖြစ်တာမှာ ဗီဇက အလွှမ်းမိုးဆုံး။ မြေကြီးက အလွှမ်းမိုးဆုံး။ ကျွန်တော် ခုနပြောတဲ့ Root။ မြေကြီးက လူ့ကံကြမ္မာအရ ၆၀%၊ ၃၀%က ပတ်ဝန်းကျင်လွှမ်းမိုးမှု၊ ကောင်းကင်ဂြိုဟ်ရဲ့ဖြစ်မှု၊ ကံကြမ္မာရဲ့ ဖြစ်မှုက ၁၀% ပဲ။

မေး - ကျွန်တော်တို့မေးခွန်းနဲ့ ဆရာ့ရဲ့အဖြေနဲ့ အဆက်အစပ်မိသွားပြီ။ ကျွန်တော်သိချင်တဲ့ ပတ်ဝန်းကျင်၊ ဗီဇ၊ ကံတရား အဲဒါတွေက ဆရာပြောတဲ့ထဲမှာ ပါပြီးသွားပြီ။

ဖြေ - ဟုတ်တယ်။ ဒါပဲပြောရမှာ။ ဒါကို ဒီပြင်နည်းနဲ့ပြောလို့ရှိရင် ရှည်တယ် ဆရာ။

မေး - အဲဒီတော့ ဆရာရယ်၊ ကောင်းမွန်တဲ့ ပတ်ဝန်းကျင်တစ်ခု တည်ဆောက်





မယ်ဆို ဘယ်လိုအင်္ဂါတွေနဲ့ပြည့်စုံရမလဲ ဆရာ။ ဥပမာ- ရိုးသားတာ ရှည်းပဲလား၊ နောက် တခြား - - -

ဖြေ - စည်းကမ်းဆရာ။ ပေါင်းစည်းမှုရဲ့ အဓိကအရေးအကြီးဆုံးက စည်း ကမ်း။ သူ့ဘာသူ ဘယ်လောက်တော်တော်၊ ဘာကြီးပဲဖြစ်နေနေ စည်းကမ်း မရှိရင် ဘာမှမဖြစ်ဘူး။ အဲတော့ ကိုယ့်ကလေးတွေကို ဒီ ကောင်းမွန်တဲ့ ညီညွတ်တဲ့ ဝန်းကျင်တွေရှိစေချင်ရင် စည်းကမ်းပေးရမယ်။ ဟိုကလေးကလည်း စည်းကမ်းရှိတယ်၊ ကိုယ့်ကလေးကလည်း စည်းကမ်းရှိတယ်။ တစ်ယောက်နဲ့ တစ်ယောက် ဆက်ဆံရင်လည်း စည်းကမ်းရှိတယ်။ စည်းကမ်းက Main ဆရာရဲ့။ အဲဒါကို တော့ ကျွန်တော်တို့ အလိုအပ်ဆုံးဘဲ ကျွန်တော်တို့ မြန်မာလူမျိုးတွေရော၊ ကမ္ဘာမှာရော လူသားတစ်ယောက်ဖြစ်လာရင်တော့ အလိုအပ်ဆုံးက စည်းကမ်းပဲ ဆရာ။ အရာရာ စည်းကမ်းရှိရှိသာလုပ်သွား၊ အကုန်ပြီးတယ် ဆရာ။

မေး - ဆရာ စည်းကမ်းနဲ့ တခြား ဘာလေးတွေ . . .

ဖြေ - ကျန်တဲ့အင်္ဂါရပ်တွေက ကိုယ့်ရဲ့ကိစ္စတွေ ဆရာ။ အဓိက အားလုံးသတိမှတ်ထားရမယ့် အကြောင်းအရာက စည်းကမ်းသည် လူ့တန်ဖိုး။ စည်းကမ်းနောက်က ညီညွတ်မှုလေးပါတယ်။ အဲဒါလေး ဆရာ။

မေး - လူငယ်တစ်ယောက်ရဲ့ အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းမှာ ဘယ်အချက်တွေက အရေးကြီးသလဲဆရာ။

ဖြေ - သူကတော့ ဒီလိုရှိတယ်။ ဒီအလုပ်တစ်ခုကို ကိုယ်လုပ်တယ်။ အဲဒီအလုပ်တစ်ခုကို သိပ်လုပ်ချင်လို့ လုပ်လိုက်တယ်။ အဲဒီအလုပ်ကို လုပ်လိုက်တဲ့အခါမှာ အဲဒီအလုပ်က တစ်စုံတစ်ရာလည်း အကျိုးရှိ၊ အများကလည်း အသိအမှတ်ပြု၊ ဒါအောင်မြင်မှုပဲ။ ကျွန်တော် အောင်မြင်မှုအတိုင်းအတာကို ငွေကြေးနဲ့ တိုင်းပြီးတော့ ငွေဘယ်လောက် အောင်မြင်တယ်၊ ဘယ်နှစ်ပြား အောင်မြင်တယ်၊ မဟုတ်ဘူး ဆရာ။ အဲဒါတစ်အချက်။ နှစ်အချက်က ရင်ဆိုင်မယ်။ ဘဝဒဏ်ကို ရင်ဆိုင်ခြင်း။ အဲဒီရင်ဆိုင်တဲ့အခါမှာ ကြိုကြိုခံတယ်၊ ရဲရဲခံတယ်၊ ခါးစည်းခံတယ်၊ အရှုံးမပေးဘူး၊ ဖောက်ထွက်သွားတယ်၊ အောင်မြင်တယ်ဆရာ။ အဲတော့ လူသားတစ်ယောက်ရဲ့၊ လူငယ်တစ်ယောက်ရဲ့ ဘဝအပေါ်မှာ အောင်မြင်ခြင်းအတိုင်းအတာကို ကျွန်တော်တို့က သူ့ရဲ့ဆန္ဒရှိတဲ့အရာကို လုပ်ကိုင်နိုင်သူအဖြစ်၊ လုပ်ကိုင်၍ အများက သူ့အပေါ်ကို အသိအမှတ်ပြုခြင်း၊ ကိုယ်ကလည်း ဘဝဒဏ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြုံကြိုက်ခဲ့၍ဘဝလမ်းကြောင်းတွေကို ထပ်မံပြင်ဆင်ထားနိုင်ခြင်း၊ အဆင့်တစ်ခု ရောက်ရင် အဆင့်တစ်ခုအောင်တယ်။ အဲဒီလို သတ်မှတ်တယ်ဆရာ။

မေး - အဲဒီလိုဆို နောက်တစ်ခုက လူတစ်ယောက်ရဲ့ဘဝအတွက် အရေးအကြီး ဆုံး လိုက်နာသင့်တဲ့အချက်တွေ။

ဖြေ - အရေးအကြီးဆုံးအချက်က တိကျတဲ့ရည်ရွယ်ချက်ရှိဖို့ပဲ။ အလုပ်တစ်ခု လုပ်တော့မယ်ဆိုရင် ကျွန်တော်တစ်သက်လုံးက ကိုယ်ဘာဖြစ်မယ်ဆိုတာမျိုးကို ကျွန်တော် မလိုချင်ဘူး။ ဒီအချိန်မှာ ဘယ်ဟာကိုလုပ်ချင်တယ်ဆိုတာ တိကျတဲ့ ရည်ရွယ်ချက် တစ်ခုနဲ့သာ လုပ်ဖို့အရေးအကြီးဆုံးပဲလို့ ကျွန်တော်ထင်တယ်။ ဒီ အချိန်၊ ဒီကာလမှာ ဘာလုပ်သင့်တယ် စဉ်းစားရမယ်။ စဉ်းစားပြီးတော့ ဒီဟာ ကို လုပ်မယ်၊ ဒီဟာကိုလုပ်ရင်လည်း လုပ်ဖြစ်အောင်ကိုလုပ်မယ်။ ဒီနေ့ အတွက်၊ ဒီနာရီ အတွက်၊ ဒီမိနစ်အတွက် တော်ပြီဆရာ။ နောက် ဆယ်နှစ်တွေ ဘာတွေ မစဉ်းစားဘူး။ အဲဒါအရေးအကြီးဆုံးပဲ။

မေး - အဲဒီတော့ ဒီ...လူငယ်တစ်ယောက်ရဲ့ ဘဝအတွက် အရေးကြီးဆုံး အချက်တွေထဲမှာ မိဘတွေက ဘယ်အချက်တွေမှာ ဖြည့်ဆည်းပေးရမလဲ။

ဖြေ - မိဘကတော့ တတ်နိုင်ရင် ကလေးတွေထဲ ဝင်မပါတာကောင်းတယ်။ မိဘစကားနားထောင်တဲ့ကလေးတွေ တစ်သက်လုံး မကြီးပွားဘူး။ အောင်မြင်မှာ လည်း မဟုတ်ဘူး။ မိဘစကားကို မြေဝယ်မကျနားထောင်တဲ့ကလေးတွေဟာ စေနတွေ၊ တော်းတွေ၊ အလကားလူတွေ။ မိဘစကားကို နားမထောင်တဲ့ကလေး တွေက အာဂယောကျ်ားတွေ။ ယောကျ်ားလေးပေါ့။ မိန်းကလေးတော့ ကျွန်တော် မပြောတတ်ပါဘူး။

မိဘစကား နားထောင်တာ၊ မိဘပြောတဲ့ အတိုင်းသာ လိုက်လုပ်ရင် ရှိန်းစရာ ဘုရားတောင် ကျွန်တော်တို့ မရှိဘူး။ သိဒ္ဓတ္ထမင်းသား ဖအေက ဘုရင်ပဲ ဖြစ်စေချင်တာ၊ မယားလေးနဲ့၊ သားတွဲလွဲလေးနဲ့။ ဘုရင်ကြီးဖြစ်စေချင် တာ။ နန်းတော်မှာပဲနေစမ်းပါ ငါ့သားရယ်။ ဟာ- ဖအေက အဲဒီလို လမ်း ကြောင်းချပေးထားတာ။ Guide Line ချပေးထားတာ။ ၂၁ နှစ်လောက် မိန်းမ ပေးစား၊ ကလေးတွေဘာ တွေယူနိုင်း၊ ပြဿနာ။ အဲဒီဖအေစကားသာ နားထောင် လိုက်ရင်လေ ကျွန်တော်တို့ ဗုဒ္ဓလည်းဖြစ်လာမှာ မဟုတ်ဘူး။ သူ့ဆန္ဒနဲ့ ဖအေ စကား မိဘတွေ Guide Line နှစ်ခုကို ယှဉ်ထားတယ်။





ဆန္ဒကို ရဲရဲတင်းတင်း ထိုးဖောက်ရဲတယ်။ အရာရာကို စွန့်လွှတ်ရဲတယ်။ ကိုယ့်လမ်းကြောင်းကိုယ် ရွေးချယ်ရဲတယ်။ အဲဒီ ရွေးချယ်ရဲလို့ ၂၈ နှစ်မှာ တောထွက်တယ်နော်ဆရာ။ အသက် ၂၈ နှစ်ကျမှနော်။ သူပုန်ကန်ရဲ တာ။ သေချာတယ်ဆရာ။ အဲ ၂၈ နှစ်ကနေ ထွက်လာပြီးတော့ အကယ်၍သာ မိဘ စကား နားယူနေရင်ဆရာရေ ကျွန်တော်တို့ စကြဝတေးမင်းကို ဘုရားလို ရှိခိုး ရမှာ။ အဲ အခု သေချာတယ်ဆရာ၊ ဗုဒ္ဓအစစ်ကို ကျွန်တော်တို့ ရသွားတာ။ ၂၈ နှစ်ကနေ ကျင့်တာနော်ဆရာ သူ့ရဲ့ကျင့်ကြံမှု စိတ်ဓာတ်ကိုကြည့် ဆရာ။ မာတယ်နော်ဆရာ။ ၃၅ ကျမှ ဘုရားဖြစ်တာနော်။ အဲဒီတော့ ဒါကို ကြည့် လိုက်ရင် ဒါက အာဂယောကျ်ားရဲ့လမ်းကြောင်းက ရှင်းပြီ။ လူငယ်တွေရဲ့ လမ်းကြောင်းကလည်း ရှင်းနေပြီ။ မိဘတွေ ဘာဖြစ်ချင်သလဲ။ မိဘတွေ ဝင်မပါ နဲ့။ ကိုယ့်သားကို စကြဝတေးမင်း မဖြစ်စေချင်နဲ့။ သူ့လမ်းကြောင်းသူ သွားပါစေ။

မေး - ဒီလမ်းကြောင်းကို မိဘက ပံ့ပိုးပေးပေါ့။

ဖြေ - မမှားအောင်ပဲဆရာ၊ မမှားအောင်ပဲ။ သူလိုချင်တာကို ဖြည့်စွက်ပေးဖို့ပဲ။ တကယ်တမ်း မိဘတွေရဲ့တာဝန်က ဒီကလေးရဲ့ အားနည်းချက်တွေ၊ သူ့မှာလိုအပ် တဲ့အရာတွေကို ဖြည့်စွမ်းပေးဖို့ပဲ အဓိက။ ဒါပေမဲ့ ဒီကလေးက မိဘစကားကို နားထောင်တာတော့ ကျွန်တော်တို့မလိုလားဘူး။ အဲဒါတွေ ထည့်ရေးလို့ ကောင်း ပါ့မလားမသိဘူး။

မေး - ကျွန်တော်တို့က အဖြေတစ်ခု ရတာလေဆရာရဲ့။ ဆရာ့ဆီက အဖြေတစ် ခုရမယ်၊ နောက်တစ်ယောက်ဆီက ရမယ်လေဆရာ။

ဖြေ - ကျွန်တော့်အဖြေက ရှင်းရှင်းလေး၊ မိဘစကားနားထောင်တဲ့ကလေး တစ် သက်လုံးမကြီးပွားဘူး။

မေး - ဒီစာအုပ်ထဲမှာမှ လူတွေက ဖတ်ပြီးလို့ရှိရင် သူတို့ကြိုက်တာ ရွေးမယ် ဆရာ။ ဆရာ့လိုလူနဲ့တွေ့ရင် ဟာ ဒါမှန်တယ်ဆိုပြီး ဒီအတိုင်းသွားမှာပဲ။

ဖြေ - ကျွန်တော်ပြောတာက ဗုဒ္ဓဘာသာကို လွန်ကျူးပြောတာမဟုတ်ဘူးနော်။ မိဘကို ရိုသေရမယ်၊ မိဘကို မိဘနေရာထားရမယ်၊ ကျေးဇူးဆပ်ရမယ်။ ဒါပေမဲ့ သူတို့ပေးတဲ့လမ်းကြောင်းအတိုင်းကိုသာ လျှောက်လှမ်းရင်တော့ မှားမယ် နော်ဆရာ။ အဲဒါကို ဘုရားကအစ မလျှောက်ခဲ့ဘူး။ ဆရာ အဲဒါလေးတော့ ထည့်သင့်တယ်။



www.burmeseclassic.com

www.burmeseclassic.com

# KMD ဦးသောင်တင်



## ကိုယ်ရေးရာဇဝင်အကျဉ်း

အမည်ရင်း သောင်းတင်၊၁၉၆၀ မေလ ၂၇ ရက်တွင် အဖ ဦးဆွေထွန်း၊ အမိ ဒေါ်စန်းကြူ တို့မှ မန္တလေးမြို့တွင် မွေးဖွားသည်။ ဗုဒ္ဓဘာသာ ဗမာလူမျိုး ဖြစ်ပြီး မွေးချင်းမောင်နှမ ၅ယောက်ရှိ သည်။မန္တလေးမြို့မှ အခြေခံပညာ အ ထက်တန်း အောင်မြင်ပြီး ရန်ကုန်စက်မှု တက္ကသိုလ်မှ B.E(Electronic) ဘွဲ့ ရရှိ သည်။ ၁၉၈၆ခုနှစ်အသက် ၂၆နှစ် အရွယ် တွင် **KMD Computer** သင်တန်း နှင့် ပြုပြင်ရေးလုပ်ငန်းကို စတင်တည်ထောင် သည်။ဇနီးမှာ ဒေါ်တင်ထင်အေး ဖြစ်ပြီး သမီးတစ်ဦး ထွန်းကားသည်။ အခြား ရယူထားသော ဘွဲ့မှာ M.Sc (Computer Science) ဖြစ်ပြီး KMD Computer Group တွင် President အဖြစ် တာဝန်ယူ လုပ်ကိုင်လျက်ရှိသည်။ ရန်ကုန် အပါအဝ မြန်မာနိုင်ငံမြို့ပေါင်း ၂၀ကျော်မှာ KM သင်တန်းကျောင်း ပေါင်း ၃၀ကျော် ဖွင့်လှ လုပ်ကိုင်နေသည်။အမှတ် ၆၈/A အင်းယ လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ တွ နေထိုင်လျက်ရှိပါသည်။

**Business Positions:**


Director, Myanmar Info-Tech Corporation Ltd.

Vice President, Union of Myanmar Chamber of Commerce and Industry

Vice President , Asean Chamber of Commerce and Industry

Asean Business Council Member

General Secretary (1) , Myanmar Computer Federation



သမီးနဲ့ပတ်သက်ရင်
ဘာကိုမှ ဝိတ်ပင်ဖို့ မရှိဘူး။
တစ်ခုပဲ၊ လူ့အဖွဲ့အစည်းအပေါ်မှာတော့
မကောင်းတဲ့ သူတစ်ယောက်
မဖြစ်စေချင်ဘူး။ အခြားသူတစ်ပါး
မျက်ရည်ပေါက်ကြီးငယ်ကျအောင်
နှိပ်စက်တဲ့ လူမျိုးတော့ မဖြစ်စေရဘူး။
ဒီတော့ သမီးကို မပျော်ခင်ကတည်းက
ကျွန်တော်တွေးတာ
ငါ့သားသမီးဟာ
သူများကို ဒုက္ခပေးတဲ့လူတော့
မဖြစ်စေရဘူးဆိုတာပဲ။
သူ့ညှာရင် ညှာပါစေ၊
ဒါမျိုးတော့ မဖြစ်စေရဘူး။
ဒါကအရေးကြီးတယ်။

www.burmeseclassic.com

www.burmeseclassic.com



# ကိုယ်ဘာဖြစ်ချင်တယ်ဆိုတာ မသိပေမယ့် ဘာတော့မဖြစ်နိုင်ဘူးဆိုတာသိတဲ့ ကွန်ပျူတာပညာရှင် ဦးသောင်းတင်(ကေအမ်ဒီ)

## စည်သူအောင်မြင့်

ဆရာဦးသောင်းတင်ဟာ မြန်မာနိုင်ငံအနှံ့အပြားမှာ ဖရန်ချိုက်စ် (Franchise)လုပ်ငန်းခွဲတွေ တည်ထောင်ထားပြီး နိုင်ငံတကာတက္ကသိုလ် တချို့နဲ့လည်း ချိတ်ဆက်ထားတဲ့ ကေအမ်ဒီကွန်ပျူတာစင်တာကို တည်ထောင်ခဲ့တဲ့ လုပ်ငန်းရှင်တစ်ဦးဖြစ်သလို မြန်မာနိုင်ငံမှာ ကွန်ပျူတာပညာ ဘာသာရပ်ကို အစောဆုံး လေ့လာလိုက်စားခဲ့တဲ့ ပညာရှင်တွေထဲက တစ်ဦးလည်းဖြစ်ပါတယ်။ ဆရာဟာ သာမန်မိသားစုကနေ မွေးဖွားကြီးပြင်းခဲ့သူ တစ်ဦးလည်း ဖြစ်ပါတယ်။ ဆရာ့ မိခင်ဟာဆိုရင် စာမတတ်ရာကနေ သားသမီး (၆) ယောက်ရဖို့ စာတတ်အောင် ကြိုးစားသင်ယူခဲ့သူ ဖြစ်ပါတယ်၊ အဲဒီလို မိသားစုကနေ မွေးဖွားကြီးပြင်းခဲ့တဲ့ ဆရာဦးသောင်းတင် လက်ရှိအခြေအနေကို ဘယ်လို ရောက်ရှိလာသလဲဆိုတာကို ခု အင်တာဗျူးမှာ ပွင့်ပွင့်လင်းလင်း ရိုးရိုးသားသား တင်ပြထားတာကို ဖတ်ရှုနိုင်ကြပါတယ်။







**မေး -** ဆရာရဲ့ငယ်ဘဝ ဖြတ်သန်းမှုလေးကို စပြီး ပြောပြပါလား၊

**ဖြေ -** ကျွန်တော်တို့ ခေတ်တုန်းက သူငယ်တန်းလေး၊ သူငယ်တန်းကြီးဆိုပြီး တက်ရတယ်ဗျ။ ဒါကြောင့် ကျွန်တော်က ၁၇ နှစ်ကျမှ ၁၀ တန်းရောက်တယ်။ ကျွန်တော်တို့ မိသားစုက သာမန်မိသားစုလေးပါ။ ဒါကြောင့် ကျွန်တော့်ပညာရေးနဲ့ ပတ်သက်ရင် မိဘတွေကလည်း သာမန်လောက်ပဲ မျှော်လင့်ထားခဲ့ကြတာမျိုးပါ။ ငယ်ငယ်က ကျောင်းအပ်တယ်ဆိုရင် အိမ်နားက ကျောင်းတက်တဲ့ အစ်ကိုတွေနဲ့ ကျွန်တော့်မိဘတွေက ကျွန်တော့်ကို ထည့်ပေးလိုက်တာပဲ။ မိဘတွေက လိုက်အပ်ပေးတာမျိုးတောင် မရှိခဲ့ဘူး။ မိဘတွေရဲ့ သဘောထားကလည်း ကျွန်တော်တို့ မောင်နှမတွေ နှစ်စဉ် တစ်နှစ်တစ်တန်းအောင်ရင် ကျေနပ်နေပြီ။ ဘာ ဖိအားမှ မပေးဘူး။ အတန်းတောက်လျှောက် ကျူရှင်တက်ဖို့ကိုလည်း မစဉ်းစားမိခဲ့ဘူး။ မိဘတွေကလည်း မထားဘူး။ ၉ တန်းရောက်မှသာ အများသူငါလို အရေးကြီးတယ် ထင်တဲ့ အင်္ဂလိပ်စာနဲ့ သင်္ချာကို ကျူရှင်ယူခဲ့တယ်။

ငယ်ရွယ်စဉ်တုန်းက မိဘတွေအနေနဲ့ ခုလို တစ်ခုခု ဖိအားပေးပြီး မလုပ် နိုင်ခဲ့တာကို ခုနေပြန်စဉ်းစားမိတော့ ကျေးဇူးတောင်တင်မိတယ်။ တကယ်လို့ သူတို့သာ ဖိအားပေးပြီး တစ်ခုခု လုပ်ပါဆိုရင် ကိုယ်ကလုပ်ရမှာပဲ။ ဘာလို့လဲဆို အဲဒီအချိန်တုန်းက ငယ်သေးတယ်လေ။ ဒါပေမယ့် ခေတ်ကာလ အလိုက် အမြင့်ဆုံး အနေနဲ့ ဆရာဝန်၊ အင်ဂျင်နီယာဆိုပြီး မိဘတွေက ဖြစ်စေချင်တဲ့ ဆန္ဒမျိုးတော့ ရှိမှာပေါ့။ ဒါပေမယ့် ကျွန်တော့် တစ်ဦးချင်းအနေနဲ့ ကျွန်တော်က သွေးတို့ ဘာတို့ဆို ကြောက်တတ်တယ်ဆိုတော့ ဆရာဝန်လုပ်ဖို့ မဖြစ်နိုင်ဘူး။ ဒီအပိုင်းမှာ ငါ မဖြစ်ပါလားဆိုတာ ကိုယ့်ကိုယ်ကိုယ် သိသွားတယ်။ အဲဒီတော့ အဲဒီအပိုင်းကို ဖောင်ဖျက်ပြီးသား ဖြစ်သွားတယ်။ ဒီနေရာမှာ ကျွန်တော် စဉ်းစားမိတာက လူဆိုတာ ကိုယ်ဘာဖြစ် ချင်လဲဆိုတာသိဖို့ အရေးကြီးသလို ကိုယ်ဘာတော့ မဖြစ်နိုင်ဘူးဆိုတာ သိဖို့လည်း အရေးကြီးတယ်လို့ ထင်ပါတယ်။

ပြန်စဉ်းစားလိုက်ရင် ပညာရေးနဲ့ ပတ်သက်လို့ အပြောင်းအလဲ ဖြစ်ခဲ့တာတော့ ရှိတယ်။ ကျွန်တော် (၆) တန်းနှစ်က ကျောင်းစစ်စာမေးပွဲတစ်ခုမှာ ပထမ ရလိုက်တယ်။ ဒါက ကိုယ့်အတန်းထဲမှာ ကိုယ်ရတာ။ တစ်ကျောင်းလုံးအဆင့်၊ မြို့နယ်အဆင့်၊ တိုင်းအဆင့်၊ နိုင်ငံတော်အဆင့် ဘာမှ ကြီးကြီးကျယ်ကျယ် မဟုတ်ဘူး။ ဒါပေမယ့် အဲဒီလို ရလိုက်တာ စိတ်ထဲမှာ ဘယ်လိုဖြစ်သွားသလဲ ဆိုတော့ သူများ ထက်သာတဲ့ အဆင့်ကနေ ပြန်မဆင်းချင်တော့ဘူး။ အဲဒီလိုနဲ့ ကြိုးစားချင်စိတ်၊ ကိုယ်ရောက်နေတဲ့ အဆင့်ကနေ ကျမသွားချင်စိတ် ပေါ်လာတယ်



www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ အပြောင်းအလဲလို့ ဆိုနိုင်မယ် ထင်ပါတယ်။ ၁၀ တန်း ရောက်လာတဲ့အခါ ကျွန်တော်တို့ ကျောင်းသားတွေထဲက အမြော်အမြင်ကြီးတဲ့ မိဘတွေရဲ့ သားသမီးတချို့က ကျောင်းလုံးဝမတက်တော့ဘဲ အပြင်မှာ ဘာသာစုံ ကျူရှင် အပြည့်ယူပြီး အပြင်ဖြေနဲ့ အမှတ်ကောင်းအောင် ကြိုးစားကြတာတွေ တွေ့ရတယ်။ ကျွန်တော်လည်း နည်းနည်းတော့ အဲဒီလို လုပ်ချင်စိတ်ပေါက်တယ်။ ဒါပေမယ့် အဲဒီအချိန်မှာ ကျွန်တော့်မိဘတွေက ဒါမျိုးမလုပ်ရဘူး။ အစိုးရကျောင်းပဲ တက်ရမယ်ဆိုပြီး ခွင့်မပြုခဲ့ဘူး။ ပြန်စဉ်းစားလိုက်ရင် ကျွန်တော့်မိဘတွေ မှန်ပါတယ်။ အဲဒီလို အပြင်မှာ ဘာသာစုံ ကျူရှင်တွေ တက်ပြီး အောင်မြင်သွားသူ တွေရှိသလို အသက်ငယ်ကြသေးတော့ ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်ဘဲ ပျက်စီးသွား ကြတာတွေလည်း တွေ့ရတယ်။ ဒီလိုနဲ့ ၁၉၇၇ ကျွန်တော် ၁၀ တန်းကို ဂုဏ်ထူး ၅ ဘာသာနဲ့ အောင်တယ်။ ၁၀ တန်းအောင်ပြီးပေမယ့် ဘာမှ မစဉ်းစားအားသေးဘူး။ ဘာလို့လဲဆို ကျွန်တော်တို့ခေတ်တုန်းက ရီဂျင်နယ်ကောလိပ် (Regional College) ဆိုတာရှိခဲ့တယ်၊ အဲဒီကပြီးမှ ဆရာဝန်လိုင်း၊ အင်ဂျင်နီယာလိုင်း ဘာညာ တက္ကသိုလ်က ခွဲရမှာ။

မေး - မိဘတွေက ဘာလုပ်ရမယ် တိတိကျကျ မပြောပေမယ့် ဆရာ့အနေနဲ့ အဲဒီအချိန်တွေက ဖတ်ရတဲ့ အပြင်စာ ဗဟုသုတကနေ တစ်ဆင့်ရော ဘာဖြစ်ချင် တယ် ဆိုတာမျိုး မရှိခဲ့ဘူးလား။

ဖြေ - အဲ့လို ၁၁ဒုံးပုံလွှတ်တာတွေ အပါအဝင် စိတ်ဝင်စားစရာတွေ ကြားရ ဖတ်ရတာတော့ ရှိပါတယ်။ ဒါပေမယ့် အဲဒီအချိန်က မြဝတီတို့ ငွေတာရီတို့လို မဂ္ဂဇင်းတွေ၊ နို့ကျောင်းသား စာစောင်တွေလောက်ပဲ ဖတ်စရာရှိတာ။ ဒီနေ့ ခေတ်လို မီဒီယာ အားကောင်းတာမဟုတ်တော့ အမြင်အတော်ကျဉ်းတယ်လို့တောင် ပြော လို့ရတယ်။ ကျွန်တော် ရီဂျင်နယ်ရောက်တော့ Maths နဲ့ Bio ဆိုပြီး နှစ်လိုင်းခွဲထား တာ ကြုံရတယ်။ အကြမ်းဖျဉ်းပြောရရင် Bio လိုင်းကို ယူလိုက်တဲ့ လူဟာ ဆရာဝန်လိုင်း သွားလို့ရတယ်။ Maths လိုင်းကို ယူလိုက်တဲ့ လူဟာ အမှတ်ဘယ် လောက်ကောင်းကောင်း ဆရာဝန်လိုင်းလိုက်လို့ မရတော့ဘူး။ ကျွန်တော့် အနေနဲ့ ကတော့ အင်ဂျင်နီယာလိုင်း လိုက်ရင် ဘာတွေ ရှိတယ်။ ဘာတွေသင်ရမယ် ကောင်းကောင်း မသိဘူး။ ဒါပေမယ့် ဆရာဝန်လိုင်း ဆိုတာက ကိုယ်မဖြစ်တဲ့ လိုင်းဆိုတာ သေချာတော့ Maths လိုင်းကိုပဲ ယူခဲ့တယ်၊ ပြောရရင် ကျွန်တော် အင်ဂျင်နီယာလိုင်း ရောက်သွားတာ၊ တစ်ကမဖြစ်လို့ နှစ်ကိုရွေးလိုက်တယ် ဆိုတဲ့





သဘောပါပဲ။ ဘာကို ဝါသနာပါလို့လဲ ဆိုတာကတော့ တိတိကျကျ ပြောဖို့တော့ ခက်တယ်။ အဲဒီအချိန်တုန်းကဆို တီဗွီကလည်း မရှိသေးဘူး။ ရေဒီယိုကိုတော့ စိတ်ဝင်စားစရာ ကောင်းတယ်လို့ ထင်တယ်။ ဒါနဲ့ပဲ ရန်ကုန် စက်မှုတက္ကသိုလ် တက်တော့ Electronics လိုင်းကိုယူဖြစ်သွားတယ်။ အဲဒီအချိန် ကျွန်တော်က ကွန်ပျူတာဆိုတာ ကြားပဲကြားဖူးတယ်၊ စိတ်ဝင်စားတယ်။ဒါပေမယ့် ကျွန်တော်တို့ ဆီမှာ အသုံးပြုတာ မရှိသေးဘူးလို့ပဲ နားလည်ထားတာနဲ့ အနီးစပ်ဆုံးအဖြစ် Electronics ကို ယူဖြစ်သွားတာ။

၁၉၈၀ စက်မှုတက္ကသိုလ်တက်ဖို့ ကျွန်တော် ရန်ကုန်ကို ရောက်လာ တော့ တီဗွီက စပေါ်နေပြီ။ အဆောင်မှာ တီဗွီ ကြည့်ရတယ်။ ကျွန်တော် ပညာသင်ခဲ့ တုန်းက အတန်းမှာ စာသင်ရတာအပြင် အပြင်မှာ လက်တွေ့ ဆည်းပူးခဲ့ရတာ လည်း ရှိတယ်။ အဲဒါကတော့ ဒေါက်တာဝင်းတင် ဦးစီးတဲ့ ရေဒီယိုပညာ မြှင့်တင် ရေး အသင်းမှာ ဝင်လုပ်ခဲ့တာပဲ။ ကျွန်တော် အဲဒီအသင်းမှာ သင်တန်း တက်တယ်။ သင်တန်းတက်ပြီး နောက်တစ်နှစ် သင်တန်းမှာ လုပ်အားပေး ပြန်လုပ်ရတယ်။ လုပ်အား ပေးဆိုတာက သင်တန်းဆရာ ဆိုပါတော့။ သင်တန်းဆရာ ဆိုပေမယ့် တံမြက်စည်းလှည်းတာကအစ အကုန်လုပ်ရတယ်။ သင်တန်းက လက်တွေ့ သင်တန်း။ ညဘက်ဆို တစ်ရက်စာတစ်ရက်စာ သင်တန်းသားတွေကို ရေဒီယို တစ်ပိုင်းချင်းစီ တည်ဆောက်တာပြရတယ်။ နေ့ဘက်ဆို တစ်ပတ်လုံးလုံး ကျောင်းစာ သင်ရတယ်။ တဖက်ကတော့ အဲဒီကနေ လက်တွေ့ပညာရခဲ့တယ်။ အဲဒီတုန်းက air conditioner ဆိုတာလည်း အိမ် အတော်များများမှာ မရှိဘူး။ ကျွန်တော်တို့ သင်တန်းမှာရှိတယ်။ နောက်တစ်ခုက သင်တန်းမှာ တီဗွီနဲ့ ပတ်သက်တာသင်မယ်။ တီဗွီပေါ်လာတော့ တီဗွီသင်မယ်ဆိုပြီး ဝယ်လိုက်တယ်။ ဝယ်လိုက်တော့ ကျွန်တော်တို့လို လုပ်အားပေး လုပ်တဲ့လူတွေရဲ့ အခွင့်အရေးက ဒီတီဗွီကို အစအဆုံး ဖြုတ်ဖွင့် ရတာပေါ့။ ဖွင့်တာတောင်မဟုတ်ဘူး၊ ဖြုတ်တာတပ်တာလည်း လုပ်ခွင့်ရတယ်။ တက္ကသိုလ် fifth year ကျတော့ ကွန်ပျူတာ programming သင်တယ်၊ အဲဒါပြီးတော့ ကျွန်တော်တို့က ကွန်ပျူတာ တက္ကသိုလ်ကို သွားပြီး program ရေးတဲ့ ဟာကို လေ့လာရတယ်။ ဒါတောင် ကွန်ပျူတာတက္ကသိုလ် အထဲတော့ မဝင်ရဘူး၊ reception ကောင်တာမှာပဲ လုပ်ရတာ။

နောက် ဒေါက်တာဝင်းတင်က ဆိုင်လည်း ဖွင့်ထားတယ်။ ဒီတော့ သူနဲ့ပဲ တွဲပြီး တီဗွီပြင်တာ လုပ်ဖြစ်တယ်။ အသင်းကလည်း ဝင်ငွေရအောင် ဆိုပြီး သင်တန်းတွေ ဖွင့်ထားတဲ့အပြင် အင်ပလီဖိုင်ယာ (Amplifier) တွေကို



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဖာသာကိုယ် ဆင်တယ်၊ ဆင်ပြီး အပြင်ကို အငှားလိုက်တာတွေ လုပ်တယ်၊ နောက် သကြိန်မီးလုံးတွေ ဆင်ရတယ်၊ ပြဿနာတွေရင် ကိုယ်ကိုယ်တိုင် ပြီးအောင် ဖြေရှင်းရတယ်၊ ဒီလိုလုပ်တော့ ကျွန်တော်တို့ဟာ ကျောင်းစာတွေအပြင် လက်တွေ့ပါ သင်ပြီးသားလို ဖြစ်သွားတယ်၊ ဆရာရဲ့ဆိုင်မှာ လုပ်ဖြစ်တာက ငွေရေးကြေးရေး အတွက် မဟုတ်ဘူး၊ ပညာအတွက်ပဲ၊ ပင်ပန်းတာကတော့ အရမ်း ပင်ပန်းခဲ့တယ်၊ ကျွန်တော် ထင်တယ်။ အဲဒါဟာ ကျွန်တော်တို့ရဲ့ တကယ့် အရည်အသွေးပဲ၊ ဒီလို အလုပ်လုပ်ရ တော့ နံပါတ် (၁)က ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ရှိလာစေတယ်၊ ဒီတော့ challenging တွေကို ရင်ဆိုင်ရဲလာတယ်၊ အဖွဲ့အစည်းတစ်ခုကို ဘယ်လို organize လုပ်မလဲဆိုတာ သိလာတယ်၊ နောက်ပိုင်း ကိုယ့်ကိုယ်ပိုင်လုပ်ငန်း လုပ်လာတဲ့အခါ ဆရာလုပ်ခဲ့တာတွေကို အတုခိုးနိုင်ခဲ့တယ်။

ဒီလိုနဲ့ ကျွန်တော် Finial Year ရောက်လာတယ်၊ အဲဒီမှာ သူငယ်ချင်း တွေထဲက တချို့က အစိုးရ အရာရှိလုပ်ဖို့အတွက် PSC စာမေးပွဲ ဖြေဖို့ ပြင်ဆင်ကြ တယ်၊ တချို့သူငယ်ချင်းတွေကျတော့ သဘောဆင်းတဲ့ လူတွေက ဆင်းနေကြပြီ၊ ကျောင်းပြီးသွားရင် ကိုယ့် Life ကို ဘယ်လိုသွားကြမလဲ လုပ်ကြပြီ၊ တချို့လူ တွေကိုတော့ မိဘတွေက ပြင်ဆင်ပေးကြတာ၊ အဲဒီမှာကျွန်တော့်သူငယ်ချင်း အစ်မတစ်ယောက်က တက္ကသိုလ်ကွန်ပျူတာဌာန UCC မှာတက်နေတယ်၊ ကျွန်တော်တို့ကလည်း အဲဒီမှာ Programming သွားသွားလုပ်နေတယ်၊ သူငယ်ချင်း ရဲ့ ရည်ရွယ်ချက်ကတော့ ကျောင်းပြီးရင် အဲဒီမှာ M.Sc ဆက်တက်မယ်တဲ့၊ ဒါဆို ငါလည်း ဆက်တက်မှာပေါ့၊ အကြောင်းက ကိုယ်ကိုယ်တိုင် ပညာရေးအပိုင်းကို ဆက်လုပ်ချင်တယ်၊ နောက် ဒီဂျစ်တယ်ပိုင်းနဲ့ ကွန်ပျူတာကို စိတ်ဝင်စားနေတယ်၊

ကျွန်တော့် နဂိုမူလ ရည်ရွယ်ချက်က ကျောင်းပြီးရင် Master ဆက် တက်ချင်တယ်၊ နောက် နိုင်ငံခြားသွားချင်တယ်၊ ဖြစ်ချင်တော့ အဲဒီအချိန်က ကျောင်းမှာ ကျွန်တော်ယူတဲ့ မေဂျာမှာ မာစတာ မရှိဘူး၊ နောက် ကျောင်းမှာ ဆရာပြန်လုပ်ဖို့ မဆိုထားနဲ့ ပေါကျူတာတောင် လုပ်ဖို့ နေရာလွတ်မရှိဘူး၊ ဒါနဲ့ပဲ Computer Science ကို Master ဆက်တက်မယ်လို့ ဆုံးဖြတ် လိုက်ရတာ ဖြစ်တယ်။ အဲဒီမှာ တက်ခွင့်ရဖို့ ဝင်ခွင့်စာမေးပွဲလည်း ဖြေရတယ်။ အင်တာဗျူးလည်း ဖြေရတယ်၊ Very limited ပဲ၊ ကျွန်တော်တက်တဲ့ နှစ်မှာ စုစုပေါင်း ၁၂ ယောက်ပဲ ခေါ်တယ်။

ဒီလို ပညာဆက်သင်ဖြစ်တဲ့ အကြောင်း ပြန်စဉ်းစားရင် မိဘတွေကို ကျေးဇူးတင်တယ်၊ ကျွန်တော်က မိသားစုမှာ ယောက်ျားလေး။ အကြီးဆုံး။ မိဘ





မွေးရေးကလည်း တောင့်တောင့်တင်းတင်းကြီး မဟုတ်ဘူး။ ဒါပေမယ့် ကျွန်တော် ပညာဆက်သင်တာကို ခွင့်ပြုခဲ့တယ်။ ကျွန်တော့် ကျောင်းနေဘက်တွေဆို အားလုံး အလုပ်ဝင်ကုန်ကြပြီ။ အဲဒီအချိန်က မြန်မာ့အသံ တယ်လီဗေးရှင်းကလည်း စလွှင့်ခါစ။ တိုးချဲ့ခါစဆိုတော့ အလုပ်အကိုင်ကလည်း အဆင်သင့်ရှိတယ်။ တချို့ မြန်မာ့ရုပ်သံ၊ တချို့ ဆက်သွယ်ရေး၊ တချို့ သင်္ဘောလိုက်၊ အများစုကတော့ Officer တန်း ဖြစ်ကုန်ကြတယ်။ ကျွန်တော်ကတော့ ပညာဆက်သင်တာဆိုတော့ အိမ်က ဆက် ထောက်ပံ့ရတဲ့သဘော ဖြစ်သွားတယ်၊ အဲဒီအချိန်မှာ မရတော့ဘူးကွာ။ မင်းမှာ တာဝန်ရှိနေပြီလို့ ပြောလာရင်လည်း ကျွန်တော် အလုပ်လုပ်ရမှာပဲ၊ နောက် တစ်ချက် M.Sc တက်တာက ပိုက်ဆံ ပိုကုန်တယ်။ အရင် စက်မှုတက္ကသိုလ် ကျောင်း သားဘဝက ကျောင်းဆောင်မှာ နေရတယ်။ ခုတော့ အပြင်ဆောင်မှာနေပြီး ကျောင်း တက်ရတယ်။

မေး - ဆိုတော့ ဆရာကွန်ပျူတာသိပ္ပံ Master ယူဖို့ ရွေးချယ်လိုက်တဲ့ အချိန်မှာ ဆရာ့ရည်ရွယ်ချက်ကို ဆရာ ရှင်းရှင်းလင်းလင်း သိခဲ့ပြီပေါ့။

ဖြေ - အမှန်အတိုင်းပြောရရင် ဆရာဝင်းတင်နဲ့ အီလက်ထရောနစ်ကို ကျွန်တော် လုပ်ခဲ့တယ်၊ စဉ်းစားကြည့်ရင် မြန်မာပြည်မှာ တယ်လီဗေးရှင်းက တီထွင်စရာ မရှိဘူး။ ပြင်စရာပဲရှိတယ်လို့ နားလည်တယ်၊ ပြင်တယ်ဆိုတာက ကြာတော့ ပျင်းလာတယ်။ ရေရှည်ဆို ဒါကြီးကို အသက်မွေးဝမ်းကျောင်းအနေနဲ့ တစ်သက်လုံး ပျော်ပျော်ရွှင်ရွှင် လုပ်မသွားနိုင်ဘူးဆိုတာကို ကျွန်တော်သိလိုက်ရလို့ပဲ။ ကွန်ပျူတာ ကျတော့ challenging တွေများတယ်၊ ဥပမာ တီဗွီက လေ့လာပြီး သွားပြီဆိုတဲ့ အချိန်မှာ အသစ်အဆန်းက ထပ်မတွေ့တော့ဘူး။ Programming ဆိုတာက အသစ်။ ကိုယ်တီထွင်တယ်ဆိုတာ ဖြစ်သွားပြီ၊ မရှိသေးတဲ့ဟာတစ်ခု လုပ်တာ၊ ရှိပြီးသားကို ထပ်ခါထပ်ခါလုပ်တာ မဟုတ်ဘူး၊ Programming ပေါ့။ ကွန်ပျူတာက တကယ့် challenging field ပဲ၊ ကွန်ပျူတာ ကိုယ်တိုင်ကလည်း အဲဒီတုန်းက မွေးခါစပဲ၊ အသစ်အသစ်တွေ မျိုးစုံလုပ်ရတာ။ ကွန်ပျူတာ တစ်လုံးနဲ့လည်း လုပ်ငန်းမျိုးစုံ လုပ်လို့ရတယ်၊ အဲဒီ challenging ကြီးကို နည်းနည်း enjoy ဖြစ်တာပေါ့။

ဒါ့အပြင် ကွန်ပျူတာကျတော့ ဆရာကများပြီး ကျောင်းသားက နည်း တယ်။ ဆရာတွေ အကုန်လုံးက နိုင်ငံခြား ပြန်တွေချည်းပဲ။ အသက်ကလည်း အရမ်း ငယ်ကြတယ်။ အဲ့တော့ သူတို့ကို အားကျတာပေါ့နော်။ တချို့ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



၂၃နှစ်နဲ့ နိုင်ငံခြားသွား။ ပြန်လာပြီး M.Sc ရလာပြီ။ ဒါမျိုးတွေပေါ့နော်၊ ကိုယ်နဲ့တောင် အသက်က သိပ်မကွာချင်ဘူး။ အရွယ်က သိပ်မကွာချင်ပေမယ့် အရမ်းတော်တယ်၊ လိုက်မမီ အောင်တော်တယ်ဆိုတော့။ အဲဒါမျိုးကို အားကျတာလည်း ပါတယ်။ အဲဒီလိုနဲ့ ၁၉၈၃ မှာ စက်မှုတက္ကသိုလ်က ကျောင်းပြီးတယ်၊ ၁၉၈၄ ကွန်ပျူတာတက္ကသိုလ်မှာ M.Sc တက်တယ်၊ တစ်နှစ်ကျော်ကျော်လောက်မှာ Thesis လုပ်ရတယ်၊ ကြားထဲမှာ M.Sc Thesis လုပ်နေရင်း ကျွန်တော် အိမ်ထောင်ကျတယ်။ ပြန်စဉ်းစားရင် မိဘအပေါ် အစော်တာဝန် မကျေတာ ဖြစ်ခဲ့တယ်၊ တောက်လျှောက် ကျောင်းတက်နေတော့ မိဘကို ပြန်ထောက်ပံ့တဲ့အဆင့်ကို မရောက်တော့ဘူး၊ အောင်စာရင်းက ၁၉၈၈ မှာ ထွက်တယ်။

မေး - ကျောင်းတက်ပြီးတော့ရော ဆရာ အစိုးရဝန်ထမ်း လုပ်ခဲ့သေးလား။

ဖြေ - ကျွန်တော်က ကွန်ပျူတာတက္ကသိုလ် တက်စဉ်ကတည်းက နေ့စား လုပ်သား လုပ်ခဲ့တယ်။ တစ်နေ့ ၃ ကျပ် ၆၅ ပြား ရတယ်။ အဲဒီကာလ ကျွန်တော့် သူငယ်ချင်းတွေ အရာရှိ (တချို့ AE) ဖြစ်နေချိန် ကျွန်တော်ကတော့ နေ့စားဘဝပဲ ရှိသေးတယ်။ နောက်တော့ ကွန်ပျူတာတက္ကသိုလ်မှာပဲ အလုပ်ဝင်တယ်။ ၁၉၉၀ မှာ ကျွန်တော် အလုပ်က ထွက်လိုက်တယ်။ အဲဒီအကြောင်းတွေ ပြန်ပြောရရင် ကျွန်တော်က Thesis မပြီးခင် အိမ်ထောင်ကျတယ်။ နောက် အမျိုးသမီးက ရန်ကုန်ကပဲ ဆိုတော့ သူ့အိမ် လိုက်နေလိုက်တယ်။ ကျွန်တော် Thesis လုပ်ဖို့ ကျောင်းမှာ ကွန်ပျူတာ အသုံးပြုရတာ အတော်အခက်အခဲဖြစ်တယ်။ တစ်နာရီ လောက် သုံးရဖို့တောင် အနိုင်နိုင်ပဲ။ ဒါနဲ့ ကျွန်တော်တို့က Thesis မြန်မြန်ပြီး အောင်ဆိုပြီး ကွန်ပျူတာတစ်လုံး ဝယ်လိုက်တယ်။ အဲဒီတုန်းက ကျပ်ငွေ ၇ သောင်းလောက် ပေးရတယ် ထင်တယ်။ အဲဒီမှာ ကျွန်တော်က ကျောင်းမှာလည်း အလုပ် လုပ်နေတယ်။ ကွန်ပျူတာလေး ရှိလာတော့ နီးစပ်ရာ ဆွေမျိုးသားချင်းတွေကို ခေါ်သင်ပေးတာမျိုး လုပ်တယ်။ နောက်တော့ မိတ်ဆွေ အသိုင်းအဝိုင်းကို သင်ပေး ဖြစ်တယ်။ အဲဒီကနေစပြီး နောက်ပိုင်း ၁၉၈၆ မှာ ကွန်ပျူတာသင်တန်း ဆိုတာ တရားဝင် လုပ်ဖြစ်တာ။ ဒါတင်မက အဲဒီအချိန်က ကွန်ပျူတာတွေ ပျက်ရင် တစ်ခုခုဖြစ်ရင် ကွန်ပျူတာတက္ကသိုလ်က ဆရာတွေကိုပဲ ခေါ်ပြင်ကြတယ် ဆိုတော့ Private သဘော အပြင်မှာ ထွက်ပြင်တော့ ဝင်ငွေလည်း ရတာပေါ့။

၁၉၈၈ ရောက်တဲ့အခါ လက်ထဲမှာကွန်ပျူတာ ၃လုံးလောက် ရှိနေပြီ။





ကျောင်းမှာက Programming သင်ပေမယ့် ကျွန်တော်က သင်တန်းမှာ Practical ကို ဦးစားပေး လုပ်တယ်။ အဲဒီတုန်းက နိုင်ငံခြားသွားမယ့် ကျောင်းဆရာတွေဆို အကုန်လုံး ကွန်ပျူတာ သင်ကြတယ်။ ၁၉၉၀ ရောက်တော့ မြန်မာနိုင်ငံမှာလည်း စီးပွားရေး ပုံစံပြောင်းပြီ။ ကျွန်တော် လုပ်နေတဲ့ အပြင်အလုပ်ကိုလည်း စိတ်ထဲမှာ Confidence ရှိလာတယ်။ အဲဒီအချိန် ကျွန်တော်တို့ ဝန်ထမ်းတွေထဲက တချို့ နိုင်ငံခြားနဲ့ အဆက်အသွယ်ရှိတဲ့လူတွေ ကုမ္ပဏီထောင်ကြပြီ။ ကျွန်တော်ကတော့ ကုမ္ပဏီထောင်တာတွေ ဘာတွေ နားမလည်ဘူး။ အဲဒီအချိန် ဝန်ထမ်းမိတ်ဆွေထဲက တစ်ယောက် နိုင်ငံခြား ကုမ္ပဏီတစ်ခုနဲ့ ချိတ်ပြီး အလုပ်လုပ်တယ်။ ကွန်ပျူတာ ရောင်းတဲ့လုပ်ငန်း။ အဲဒီမှာသူက အင်ဂျင်နီယာပိုင်း မကျွမ်းကျင်ဘူးဆိုတော့ ကျွန်တော့်ကို ခေါ်တယ်၊ ခေါ်လာနဲ့ ရမယ်တဲ့။ ကျောင်းကရတဲ့ လခနဲ့ဆို အများကြီးကွာတယ်။ ဒါနဲ့ ကျွန်တော်လည်း စဉ်းစားတယ် ။ ကျွန်တော်က သူတို့ဆီမှာ အလုပ်လုပ်မယ်။ သင်တန်းတွေကတော့ ကျွန်တော် မရှိလည်း ကျွန်တော့်ဇနီးက လုပ်လို့ရတယ်၊ ဒီတော့ အစိုးရ အလုပ်က ထွက်လိုက်ရင် ကောင်းတာပေါ့၊ ၃ နှတော့ လုပ်လို့ မဖြစ်ဘူးလို့ တွေးမိတယ်။ အဲဒါနဲ့ ကျွန်တော် ကျောင်းက ထွက်လိုက်တာ၊ ဒါပေမယ့် အဲဒီအလုပ်ဟာ မျှော်မှန်းတဲ့အတိုင်း ဖြစ်မလာဘူး၊ ပြောရရင် စိတ်ညစ်စရာ ကာလလေး တစ်ခုပေါ့။

ပြန်စဉ်းစားကြည့်ရင် ကျွန်တော်က ကျောင်းမှာတုန်းက ဌာနအသစ်မှူးတော့ ဌာနမှူးဖြစ်လာတယ်။ ကျောင်းကိုရောက်ရင် ကိုယ့်အိတ်ကို အဆင်သင့်လာဆွဲ ပေးမယ့်သူ ရှိတယ်။ ကိုယ့်စားပွဲနဲ့၊ ကုလားထိုင်နဲ့၊ အဲကွန်းနဲ့ အရာရှိပေါ့လေ။ အခြား ဌာနဆိုင်ရာတွေကို သွားရင်လည်း တပည့်တပန်းနဲ့ အင်ဂျင်နီယာကြီးပေါ့လေ။ အဲဒီလို အလုပ်ကနေ ထွက်လိုက်တာနဲ့ ကိုယ့်ဖာသာကိုယ် အားလုံး လုပ်ရတယ်။ ထွက်စက မှားသွားပြီလားလို့တောင် ခံစားရသေးတယ်။ နောက် ၃-၄ လအကြာ ခေါ်လာဝင်ငွေက ရပ်သွားတော့ စိတ်ညစ်တယ်။ ဆုံးဖြတ်ချက် မှားသလိုလည်း ဖြစ်သွားတယ်။ ဒါပေမယ့် ကံကောင်းတာက ဇနီးရဲ့သင်တန်းလေးကို ပိုအာရုံစိုက်လုပ်ဖြစ်တယ်။ နောက်သင်တန်းကို အိမ်ကနေ မြို့ထဲ ရွှေ့လိုက်တယ်။

မေး - ဆရာ့ရဲ့ သင်တန်းနာမည်ကို KMD လို့ ပေးဖြစ်ပုံလေး ပြောပါဦး။

ဖြေ - အရင်တုန်းက ဒီလိုပါပဲ။ ကျောင်းကဆရာတွေ သင်တော့ အလုံမှာ ရှိရင် အလုံကွန်ပျူတာသင်တန်း။ ကျွန်တော်က ကြည့်မြင်တိုင်မှာ ဆိုတော့ ကြည့်မြင်တိုင်ကွန်ပျူတာသင်တန်း၊ အတိုကောက် KMD ဆိုပြီး လွယ်လွယ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



လုပ်လိုက်တာပေါ့။ ဒါပေမယ့် နောက်ပိုင်း မြို့ထဲ ရွှေ့လာတော့လည်း ဒီနာမည်ကိုပဲ ဆက်သုံးဖြစ်တယ်။

မေး - လုပ်ငန်း အောင်မြင်ခဲ့ပုံလေး ဆက်ပါဦး ဆရာ။
ဖြေ - ပြောရရင် ခေါ်လာရမယ့် အလုပ်တစ်ခုကို ယုံကြည်ပြီး အလုပ်ထွက်လိုက်တယ်။ နောက် အခင်မပြေ ဖြစ်တော့ နည်းနည်း သင်ခန်းစာ ရလိုက်တယ်။ ဒါပေမဲ့ ကျွန်တော်က အဲဒီဆုံးရှုံးမှုကို ပြောင်းဖို့အတွက် ကြိုးစားခဲ့တယ်။ သင်တန်းကို အောင်မြင်အောင် ပိုပြီးကြိုးစားတယ်။ နဂိုတုန်းက ကျွန်တော်တို့ လင်မယား နှစ်ယောက်တည်း သင်နေရာကနေ နောက်ပိုင်း မနိုင်တော့ဘူး။ ကျွန်တော်တို့ သင်နိုင်တာက မနက် ၇နာရီကနေ ည ၇ နာရီအထိ အာအာကုန်ပဲ။ လုပ်ငန်း တိုးချဲ့ဖို့ဆိုရင် သင်တန်းနည်းပြတွေ ထပ်ခန့်ပြီး လုပ်ဖို့ လိုလာတယ်။ ပထမတော့ အဲဒီလို နည်းပြတွေ ခန့်လိုက်ရင် တို့ ဘာသွားစားမလဲ။ နောက် စိတ်တိုင်းရောကျပါ့မလား ဆိုတာမျိုးတောင် စဉ်းစားမိသေးတယ်။ နောက်တော့ ကိုယ့်တပည့်တွေကို ကျူတာသဘောမျိုး ဖြစ်အောင် Training အရင် ပေးတယ်။ ပြီးတော့မှ သင်နိုင်းတော့ အခင်ပြေတယ်။ သူတို့တွေက တစ်ခါတစ်ရံ ကျောင်းသားတွေကို ပိုစိတ်ဝင်စားအောင်တောင် လုပ်တတ်တယ်။ ဒါနဲ့ ပတ်သက်လို့လည်း ကျွန်တော် အသိအမြင် သစ်တစ်ခု ရတယ်။ Professional ဆိုတာ၊ အင်ဂျင်နီယာဆိုတာ မန်နေဂျာ မလုပ်ချင်ဘူး။ Accounting တွေ မလုပ်ချင်ဘူးလို့ ကျွန်တော် နားလည်ထားခဲ့တယ်။ ဒါနဲ့ပဲ စက်မှုတက္ကသိုလ် တက်တုန်းက Industrial Management ဆိုတာ သင်ရတယ်၊ ကျွန်တော် လုံးဝ စိတ်မဝင်စားတဲ့ Subject။ ငါက အင်ဂျင်နီယာ Accounting ကို ဘာလို့သင်ရမှာလည်း။ အောင်ရင်တော်ပြီ သဘောထားခဲ့တယ်။ အဲဒီဘာသာ လုံးဝမကြိုက်ဘူး၊ ဒါပေမယ့် တကယ့် လက်တွေ့ဘဝမှာတော့ ကျွန်တော်တို့က Manage လုပ်နေရတာ။ ဒါကို စောစောစီးစီးသာ သိခဲ့ရင် ကျွန်တော်တို့ကိုယ်တိုင် လုပ်နေတဲ့ လုပ်ငန်းတာဝန်တွေကို စောစောစီးစီး ခွဲပေးလိုက်မှာပဲ။

အလုပ်လုပ်ရင်းနဲ့ နောက်ထပ် သိလာတာတွေလည်း ရှိတယ်၊ ကျွန်တော်တို့ မိဘတွေရဲ့ သွန်သင်ချက်အရ အကြွေးဆိုတာ မကောင်းဘူး။ ရှက်ဖို့ ကောင်းတယ်။ နောက်ဘဝအထိ ခံရမယ်၊ စသဖြင့်။ ဒါနဲ့ အကြွေးလည်း မယူရဲဘူး၊ တကယ်ဆို စီးပွားရေးလုပ်တယ်ဆိုတာ အကြွေးယူပြီး လုပ်ငန်းတွေ ချဲ့ရမှာ၊ ဒါတွေ သိဖို့အတွက် ကျွန်တော် အချိန်အများကြီး ယူခဲ့ရတယ်။





နောက်တော့ နိုင်ငံခြား ကုမ္ပဏီတစ်ခုနဲ့ ပူးပေါင်းလုပ်ဖို့ အခွင့်အရေး ကြုံလာတယ်၊ ကျွန်တော်တို့ကလည်း NCC (UK) က Qualification ကို ဒီမှာ သင်ချင်တယ်၊ ကျောင်းသားလည်း ရှိတယ်၊ အဲဒီလို သင်ချင်ရင် သူတို့ကို Accredition Fee ပေါင် သောင်းနဲ့ချီပေးရမယ်။ အဲဒီလောက်ငွေ ကျွန်တော် မတတ်နိုင်ဘူး၊ အဲဒီ ကုမ္ပဏီနဲ့ ပေါင်းပြီး လုပ်ရင်တော့ ရပြီလို့ ထင်ခဲ့တယ်၊ ဒါပေမယ့် ကုမ္ပဏီချင်း ပေါင်းဖို့က အခက်အခဲတွေ ဖြစ်တယ်၊ ကျွန်တော်တို့ နားမလည်ခဲ့တာတွေလည်းပါတယ်၊ နောက်တော့ မပေါင်းဖြစ်ဘူး၊ မပေါင်းဖြစ်တာက ပြဿနာ မရှိဘူး၊ ဟိုမှာ NCC ကိစ္စ သူတို့ဆီက ရမယ့်ငွေနဲ့ လုပ်မယ်ဆိုပြီး မှန်းထားတာ၊ ကျွန်တော့်မှာ ငွေလည်းမရှိဘူး၊ နောက် ကျွန်တော်က နိုင်ငံခြား အဆက်အသွယ် လည်း မရှိဘူး။ ငွေ ဘယ်လို ပို့ရမလဲ ဆိုတာကိုတောင် မသိဘူး၊ သူတို့ကတော့ ပေါင်းဖြစ်တာ မဖြစ်တာထား၊ ငွေပို့ဖို့ ကိစ္စကို ကူညီပါ့မယ်လို့ ပြောတယ်၊ ဒါနဲ့ ကျွန်တော်တို့ မိဘတွေက သူတို့ မျက်နှာနဲ့ ငွေရအောင်ချေး။ အဲဒီငွေနဲ့ လုပ်တော့ လုပ်ဖြစ်သွားတယ်၊ ဘယ်လိုပဲ ဖြစ်ဖြစ် ကံကောင်းတယ် ပြောရမလား။ ကျောင်းသား အတော်များများရတော့ အဲဒီငွေကို တစ်နှစ်အတွင်း ပြန်ဆပ်နိုင်ခဲ့တယ်၊ မိဘတွေလည်း မျက်နှာ မပျက်ခဲ့ပါဘူး၊ အဲဒီအချိန်က ကျွန်တော့် အဖေ၊ အမေကတော့ ပြောပါတယ်၊ တကယ်လို့ အဆင်မပြေခဲ့ရင် ရောင်းဖို့။ ပေါင်ဖို့ ပြင်ဆင်ထားပါတယ်လို့၊ သားသမီးဆိုတော့လည်း လုပ်ပေးတာပေါ့၊ တစ်နည်းအားဖြင့် အဲဒါကြောင့်လည်း ကျွန်တော် International Level ကို သင်ဖြစ်သွားတာ၊ ရောက်သွားတာ။

ကျွန်တော့်အခြေအနေက စောစောက ပြောခဲ့သလို ရှေ့ရေး မျှော်တွေးပြီး လုပ်ခဲ့တယ်ဆိုတာထက်၊ အခြေအနေပေးသလို လုပ်ခဲ့ရတာမျိုးဖြစ်တယ်၊ ကံ အကျိုးပေးတာ ပါနိုင်တယ်။

နောက်တစ်ခု ကျောင်းသားဘဝမှာ အလုပ်လုပ်ခဲ့ရတဲ့ Challenging နဲ့ adaptation ပေါ့၊ ကိုယ်မမျှော်လင့်တာကြုံရင် ကြုံလာသလို ဖြေရှင်းနိုင်ရမယ်ဆိုတဲ့ အသိပေါ့၊ ဒါအရေးကြီးတယ်လို့ ထင်ပါတယ်၊ တော်တဲ့ဟာထက် တော်ချင်ဖို့ လိုမယ်လို့ ထင်ပါတယ်၊ နောက် ကိုယ်ဘာ မတော်ဘူး ဆိုတာလည်း သိဖို့ လိုမယ်ထင်ပါတယ်။

ပြီးတော့ လက်ရှိ တော်နေတာ ရပ်သွားတာ ကြောက်စရာ ကောင်းတယ်၊ ကျွန်တော် ညံ့နိုင်တယ်။ ညံ့ခဲ့တယ်၊ ဒါပေမယ့် လက်ရှိရောက်နေတဲ့ အဆင့်ထက်တော့ တိုးတက်ချင်စိတ်ရှိတယ်၊ ဒါအရေး ကြီးတယ်လို့ ထင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မေး - ဒီအတွေ့အကြုံကနေ လူငယ်တွေကို ဆရာဘာတွေများ ပြောချင်ပါသလဲ။

ဖြေ - လူငယ်တွေကို ပြောချင်တာက နိုင်ငံတကာ Level ကိုသွားချင်ရင် မိရိုးဖလာ စဉ်းစားနည်းထဲကနေ ဖောက်ထွက်ဖို့ လိုတယ်၊ ကိုယ် မလုပ်တတ်တဲ့ အလုပ်ကို အခြားသူနဲ့ တွဲလုပ်ရမယ်၊ ကျွန်တော်တို့ကတော့ ကိုယ့်ပညာကို လွှဲဖို့တောင် အများကြီး စဉ်းစားခဲ့ရတယ်၊ ဒါတောင် ကိုယ်တတ်တဲ့ အလုပ်။ သူဆက်မလုပ်တော့ပဲ ထွက်သွားရင် ဘယ်လိုလုပ်မလဲ ဆိုပြီးအထိတောင် စဉ်းစားတာ၊ နိုင်ငံခြား ကုမ္ပဏီနဲ့ တွဲလုပ်ဖို့ကျတော့ ပိုဆိုးသွားရော။

နောက် ကျွန်တော် သင်ခန်းစာရတာတွေထဲမှာ နယ်သင်တန်းတွေ ဖွင့်တဲ့ကိစ္စလည်း ပါတယ်။ ကျွန်တော် မန္တလေးမှာ သင်တန်းခွဲ ဖွင့်ချင်တယ်၊ မန္တလေး ဆိုတာက ကျွန်တော့်နယ်၊ ဒါပေမယ့် ဒီရန်ကုန်က ကျွန်တော့်တပည့်တွေက နိုင်ငံခြား မသွားခင် ခဏတဖြုတ် ဝင်သင်ကြတာ၊ နယ်လွှတ်ရင် ဘယ်သူမှ မသွားဘူး၊ အဲဒီတော့ အခက်အခဲ ရှိတာပေါ့၊ အဲဒီမှာ ကျွန်တော် စာဖတ်ရင်းနဲ့ မက်ဒေါ်နယ်ရဲ့ ဖရန့်ချိုက်စ်စနစ်ကို သွားတွေ့တယ်၊ သူက သူ့ Standard ကို ချထားတယ်၊ အဲဒီ Standard အတိုင်းသွားတော့ The Same Quality ကိုရတယ်၊ အဲဒါ ဖတ်မိတော့မှ ငါတို့ ဒီပုံစံလေးလုပ်ရင် ရပါလားဆိုတာ သိရတယ်၊ တစ်ဖက်မှာလည်း ကျွန်တော် တို့ ဝန်ထမ်းတွေ ရာနဲ့ချီ ရှိနေပြီ၊ ဒီလိုနဲ့ ပုသိမ်၊ မန္တလေး စသဖြင့် ကျောင်းခွဲတွေ လုပ်နိုင်ခဲ့တယ်၊ တကယ်တမ်း ပြောရရင် ကမ္ဘာမှာ ဒီနည်းလမ်းတွေရှိတာ ကြာလှပြီ။ ကျွန်တော်က စီးပွားရေး လုပ်နေပြီး အတော်နောက်ကျမှ သိတာ။

မေး - ဒါဆို တစ်ဆက်တည်း အခုလက်ရှိ ဆရာတို့ KMD ကိုဖရန့်ချိုက်စ် ပေးပုံ ကိစ္စလေး ပြောပြပါဦးဆရာ။

ဖြေ - အရင်တုန်းကတော့ ကျွန်တော်တို့ကိုယ်တိုင် သွားကြီးကြပ်တယ်၊ အခက်အခဲက Quality ထိန်းရတာ ခက်တယ်၊ နောက်တစ်ချက်က ငွေရင်းစိုက်ထုတ်သူကိုယ်တိုင် အလုပ်ဝင်လုပ်မှ ကောင်းတယ်၊ အကြောင်းကတော့ ဒီအလုပ်မျိုးဟာ ငွေကြေးအကျိုးအမြတ် တစ်ခုတည်းကိုပဲ ကြည့်လို့ မရဘူး၊ နှစ်ကုန်ရင် ထပ်ပြီး ရင်းနှီးမြှုပ်နှံမှု လုပ်ရတယ်၊ ကွန်ပျူတာ၊ စက်ပစ္စည်းတွေကို Update လုပ်ရတယ်၊ နောက် ဝန်ထမ်းတွေ အရည်အသွေး တိုးတက်လာအောင် သင်တန်းတွေနဲ့ မွမ်းမံတာ လုပ်ပေးရတယ်၊ ကျွန်တော်တို့က ၆ လတစ်ကြိမ်





ဒီမှာ (ရန်ကုန်) ခေါ်ပြီး Training ပေးတယ်၊ ဒါကို တချို့ပိုင်ရှင်တွေက မလွှတ်ဘူး၊ ပိုက်ဆံကုန်လို့။ နောက် ဟိုမှာ သင်တန်းရှိနေတော့ အလုပ်ပျက်လို့၊ တချို့ ပိုင်ရှင်တွေ စဉ်းစားတာက ဝန်ထမ်းကို တိုးတက်လာအောင် လုပ်ပေးလိုက်ရင် အလုပ်ထွက်သွားမှာ စိုးရိမ်တာမျိုးလည်း ရှိတယ်၊ အဲဒါမျိုး တွေ့ရတယ်၊ တချို့တွေက တစ်နှစ် နှစ်နှစ်လောက်မှာ လုပ်ငန်း (သင်တန်း) ကို ရပ်လိုက်တယ်၊ ဒီတော့ သူတို့ ဝန်ထမ်းလည်း ဒုက္ခရောက် တယ်၊ ကျွန်တော်တို့ကတော့ အဲဒီဝန်ထမ်းတွေ ဒီမှာ လာလုပ်ချင်ရင်တော့ ခန့်ပေးတာမျိုး လုပ်ခဲ့တယ်၊ ကျွန်တော်တို့ကတော့ ထူထောင်ထားပြီးသားကို ပျက်သွားတာမျိုး မဖြစ်စေချင်ဘူး၊ Image မကောင်းဘူးပေါ့၊ ဒီနောက်ပိုင်း ဖရန့်ချိုက်စ်ကိစ္စနဲ့ ပတ်သက်ပြီး ဆွေးနွေးရင် ကျွန်တော်တို့ဆီက ပြောပြတာက နံပါတ်တစ် ရှုံးနိုင်တယ်။ အကျိုးအမြတ်အနေနဲ့ ကိုယ့်မှာ သားသမီးရှိရင် အတွေးအမြင် အတွေ့အကြုံတွေရပြီး စိတ်လည်း မလေတော့ဘူး၊ အရင်းအနှီးလည်း စိုက်ထုတ်ပြီး ကိုယ်တိုင်လည်း ဝင်လုပ်ရင်တော့ မရှုံးနိုင်တော့တာ သေချာတယ်၊ လုပ်ငန်းအတွေ့အကြုံရမယ်။ ဝန်ထမ်းကို ပေးရမယ့်လခ ကိုယ်တိုင် ပြန်ရမယ်။ နောင် ဒီအလုပ် မလုပ်တော့ရင် လည်း အခြား လုပ်ငန်းတွေမှာ ဒီအတွေ့အကြုံကို သုံးလို့ရတယ်၊ စသဖြင့်ပေါ့ဗျာ၊ ခြုံပြီးပြောရရင် ကျွန်တော်တို့က Techonology ပံ့ပိုးပေးတယ်၊ training ပေးတယ်၊ investment နဲ့ management ကတော့ လုပ်ငန်းထူထောင်တဲ့သူရဲ့ တာဝန်ပါ၊ Certificate ကျွန်တော်တို့ပေးတယ်၊ အဲဒီလို လုပ်ပါတယ်၊ လက်ရှိ မြန်မာ တစ်နိုင်ငံလုံးမှာ ကျွန်တော်တို့ ဖရန့်ချိုက်စ် ပေးထားတာ မြို့ပေါင်း ၂၀ ကျော်မှာ သင်တန်းကျောင်းပေါင်း ၃၀ကျော် ရှိပါတယ်၊ အဲဒီ ဖရန့်ချိုက်စ် စင်တာတွေ မပါ ဘဲနဲ့ ဒီနေ့ ကျွန်တော့်ရုံးမှာ ဝန်ထမ်းပေါင်း ၆၃၀ ကျော် ရှိပါတယ်။

မေး - ဆရာ့မိဘတွေက ဆရာ့ကို ဘာဖြစ်ပါစေ ဆိုပြီး လမ်းညွှန်ခဲ့တာ မရှိပေမယ့် အခြား လူ့အဖွဲ့အစည်းနဲ့ဆိုင်တဲ့ကိစ္စတွေမှာ ဘယ်လို နေထိုင်ကျင့်ကြံသင့်သလဲ ဆိုတာမျိုး သွန်သင်ခဲ့တာတွေ ရှိခဲ့ရင် သိပါရစေ။

ဖြေ - သွန်သင်ပါတယ်၊ အဓိကကတော့ Business Partner အချင်းချင်း Fair ဖြစ်ဖို့ ဆိုတာမျိုး သွန်သင်တယ်၊ ဒါနဲ့ပတ်သက်ပြီး ကျွန်တော် အမှတ်ရမိတာ ရှိပါတယ်၊ ကျွန်တော့်အဖေဟာ ဘဲဥ ရောင်းပါတယ်၊ အရင်ခေတ် ဘဲဥတွေကို အောက်မြန်မာပြည်ကနေ မန္တလေးကို ကားနဲ့ သယ်ရတယ်၊ အဲဒီမှာ နောက်ပိုင်း အပျက်အစီးတွေရှိတော့ သူက ညည်းတယ်။ ကားဆရာတွေ လမ်းမှာ ရှုတင်တာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ဖြစ်နိုင်တယ်၊ အကောင်းနဲ့အကြွဲ လဲလိုက်တာမျိုးလည်း ဖြစ်နိုင်တယ်၊ ဈေးက ကွာတာကိုး။ ဒီအခါ အဲဒီလူတွေကို အလုပ်ဖြုတ်လိုက်ပါလားလို့ ကျွန်တော့်အစ်မကြီးက ပြောတဲ့အခါ အဖေက ဒီကလေးတွေဟာ ငယ်ငယ်ကတည်းက သူနဲ့ တောက်လျှောက် အလုပ်လုပ်လာတာ ကြာပြီတဲ့၊ ကိုယ့်ဝန်ထမ်းတွေဖြစ်နေတယ်။ ဆိုင်မှာလည်း နေကြသူတွေဆိုတော့ ဖြုတ်လိုက်ရင် သူတို့အခက်အခဲတွေ့မယ်၊ ဒုတိယတစ်ခုက ကိုယ်နဲ့ တွဲလုပ်လာတာကြာပြီဆိုတော့ ကိုယ့်ကို ဆင်းရဲတဲ့အထိ တော့ မလုပ်ဘူး၊ အလွန်ဆုံး ပုံမှန်လောက် စားဖို့သောက်ဖို့ လုပ်တာပဲ ရှိနိုင်တယ်ပေါ့၊ တကယ်လို့သာ နောက်လူ အသစ်ခန့်ခဲ့ရင်။ တကယ်လို့ မရိုးသားဘူး ဆိုခဲ့ရင် ကားကြီးပါ ရောင်းစားသွားနိုင်တယ်ပေါ့၊ ဒီလို သူ့ရဲ့ Business Partener တွေ အပေါ် စဉ်းစားတယ်၊ သူ့ရဲ့ ဝန်ထမ်းတွေအပေါ်ထားတဲ့ စိတ်ဓာတ်မျိုးလေး ကျွန်တော်ရတယ်၊ သူ့အမြဲတမ်း ပြောလေ့ရှိတာက ရိုးသားဖို့နဲ့ အလုပ်ကို ရှိသေဖို့၊ အလုပ်ကို ရှိသေပါဆိုတာက ဒီအလုပ်ကိုလုပ်ရင် up and down ဆိုတာရှိမယ်၊ ဒီအလုပ်က ဒီနှစ် ရှုံးရင် ရှုံးမယ်၊ ဒါပေမယ့် အဲဒါကို မစွန့်လွှတ်ပါနဲ့တဲ့၊ Long term သွားပါ၊ long term မှာ တစ်နည်းအားဖြင့် ကိုယ်က လုပ်ငန်းပိုကျွမ်းကျင်လာမယ်၊ ဆုံးရှုံးတာ နည်းလာမယ်၊ ခန့်မှန်းတတ်လာမယ်၊ အဲဒီလို သွန်သင်တယ်။ ဒါတွေက ခုခေတ် အနေနဲ့ကျတော့ တစ်မျိုးဖြစ်ရင်ဖြစ်မှာပေါ့၊ ဥပမာ ကျွန်တော်တို့ KMD ဆိုရင် ကွန်ပျူတာသင်တန်း၊ ကျွန်တော်က education နဲ့ အသက်မွေးတဲ့လူ ပေါ့၊ အဲဒီတော့ ဒါရှုံးသည်ဖြစ်စေ မြတ်သည်ဖြစ်စေ up and down ရှိသလို ကျွန်တော့်အနေနဲ့ ကိုယ့်တစ်သက်လုပ်ရမယ့် အလုပ်လို့ သတ်မှတ်ထားတယ်၊ သည်ကြားထဲမှာတော့ ဥပမာ ကျွန်တော် ကားဝယ်ရောင်း လုပ်ရင်လည်း လုပ်မယ်၊ ဒါပေမယ့် ကားဝယ်ရောင်း သမားကြီး ဆိုတာကိုတော့ ဂုဏ်မယူနိုင်ဘူး၊ ကားဝယ်ရောင်း တစ်လလောက် လုပ်လိုက်တာက ကျွန်တော် KMD တစ်နှစ်လုံး လုပ်တာထက် အကျိုးအမြတ်ကြီးကောင်းကြီးမယ်၊ ဒါပေမယ့် long term မှာတော့ မဖြစ်နိုင်ဘူး၊ ကားဝယ်ရောင်းက အများကြီး ရှုံးနိုင်တယ်။ မရေရာဘူးလေ၊ ပြီးတော့ သူ့ရဲ့ reputation ပေါ့၊ သူ့ရဲ့ professional ဘာလဲလို့ မေးရင် ပြေရတာ တော်တော်ခက်တာကိုး၊ ကားဝယ်ရောင်းဆိုတာ ဘယ်လို professional လို့ ကျွန်တော်တို့က ပြောရမှာလဲ၊ Trader လို့ ဘယ်လိုမှ ပြောလို့မရဘူးဖြစ်နေတယ်။ ပြီးတော့ သားသမီးကို အမွေပေးလို့မရဘူး။ ကျွန်တော့လုပ်ငန်းက သားသမီးကို အမွေပေးလို့ရတယ်၊ reputation နဲ့ဆို ရှဲလို့ရတယ်၊ အဲဒါလေးတွေက ကျွန်တော့်မိဘတွေ





သွန်သင်ခဲ့တဲ့ဟာလေးပါ၊ ကျွန်တော်က နည်းနည်းထပ် ဖြည့်ချင်တာက ရိုးသားရမယ်၊ simple and honest ဖြစ်ရမယ်။ smart ဖြစ်ဖို့လည်း လိုတယ်၊ အလိမ်မခံရအောင်တော့ ကျွန်တော်တို့ နည်းနည်း smart ဖြစ်ဖို့လိုတယ်။

နောက်ပြီး ကျွန်တော့် အမေဆီက ရလိုက်တာလည်း ရှိတယ်၊ အမေဟာ စာမတတ်ဘူး၊ နောက် အိမ်ထောင်မှုနဲ့ သားသမီး ၆ ယောက်ကို အဖော်မရှိဘဲ ထိန်းသိမ်း စောင့်ရှောက်နေရတာ၊ ဒါပေမယ့် သူက သတင်းစာဖတ်ချင်တယ်၊ အဲဒီနောက်ပိုင်း စာတတ်သွားတယ်၊ ဘယ်အချိန်မှာ သူသင်လိုက်သလဲ ကျွန်တော် မသိလိုက်ဘူး၊ ကျွန်တော့် အထင်ပြောရရင် ကျွန်တော် မန္တလေးမှာ ကျောင်းတက်နေတုန်း နယ်မှာ အ သုံးလုံး ဆိုတာ လုပ်တယ်၊ စာမတတ်သူတွေကို စာသင်ပေးတဲ့ အစီအစဉ်။ အဲဒီအစီအစဉ်က အသုံးလုံး စာအုပ်တွေကို ယူပြီး သင်တယ်လို့ ထင်တယ်၊ နောက်ပိုင်း ပါဠိတွေ။ ဗေဒင်စာအုပ်တွေပါ ဖတ်တတ်သွားတယ်၊ အဲဒီမှာ ကျွန်တော် ရလိုက်တာက ကိုယ့်ဖာသာကိုယ် Learn လုပ်ဖို့ပဲ၊ အဆက်မပြတ် Learn လုပ်နေဖို့ပဲ။

မေး - ခုနေခါတော့ ဆရာကိုယ်တိုင် မိဘနေရာကို ရောက်လာပြီပေါ့နော်။ ဆိုတော့ ဆရာ ကလေးကို ဆရာ ဘယ်လို ပြုစုပျိုးထောင်နေသလဲ ဆိုတာကိုလည်း သိချင်ပါတယ်။

ဖြေ - ကျွန်တော့်မှာ အသက် ၃ နှစ်ခွဲအရွယ် သမီးလေး တစ်ယောက်ပဲ ရှိပါသေးတယ်၊ ဒါပေမယ့် ကျွန်တော် အများကြီး စဉ်းစားတယ်၊ သမီးဆိုရင် ကျွန်တော်တို့နဲ့ အသက် နည်းနည်း ကွာသွားပြီ၊ ကျွန်တော်က သမီးလေးကို ဘဝမှာ သိပ် ပူပန်သောက မရှိပဲနဲ့ တစ်သက်လုံး ပျော်ပျော်ရွှင်ရွှင် ပေါ့ပေါ့ပါးပါး လုပ်နိုင်တဲ့ အလုပ်မျိုးနဲ့ အသက်မွေးဝမ်းကျောင်း စေချင်တယ်၊ သူ့ကို ဖိအားလည်း မပေးချင်ဘူး၊ ကျွန်တော်တို့ ခေတ်ကတော့ ကိုယ်စိတ်ပါတာ ဘာမှန်း ကိုယ်မသိဘူး၊ စိတ်ပါတာကို ရွေးဖို့ လမ်းလည်း မရှိဘူး၊ ခုတော့ သမီးကို Exposure များနိုင်သလောက် များအောင် ချပေးဖို့ ကျွန်တော် ကြိုးစားတယ်၊ ဒီတော့ ကျွန်တော် သူ့ကို ဂေကူသင်တန်း သွားနိုင်းတယ်၊ ပန်းချီဆွဲတာမျိုး သီချင်းဆိုတာမျိုး လုပ်ခိုင်းတယ်၊ ကျောင်းကိစ္စလည်း သေချာ သွားခိုင်းတယ်၊ Physical Exercise လည်း လုပ်ခိုင်းတယ်၊ သူတတ်နိုင်တဲ့ ဟာလေးတွေပေါ့၊ ပြီးရင် သူဘယ်လိုင်း သွားမလဲ ကျွန်တော် မပြောတတ်ဘူး၊ သူ Talent ရှိတာ တစ်ခုခုနဲ့ တွေ့သွားမယ်လို့ ထင်တယ်၊ တကယ်လို့ မတွေ့ဘူး ဆိုရင်တော့ ကျွန်တော်တို့က



www.burmeseclassic.com

www.burmeseclassic.com



လမ်းညွှန် ပေးရမှာပေါ့။

သမီးနဲ့ ပတ်သက်ရင် ကျွန်တော် စိတ်ကူးယဉ်တာလေးတော့ ရှိတယ်၊ KMD ဟာ တစ်ချိန်ချိန်မှာ Public ကုမ္ပဏီလိုမျိုး ဖြစ်စေချင်တယ်၊ ဝန်ထမ်းတွေလည်း ရှယ်ယာရှင်တွေ ဖြစ်လာနိုင်တယ်၊ ဒီအခါ ကျွန်တော် လုပ်စရာ မလိုတဲ့ သူတို့တွေ Run သွားနိုင်တယ်၊ ဒီမှာ ကျွန်တော့်သမီးက သူစိတ်ပါရင် လုပ်ငန်းကို ဦးစီးပြီးတော့ CEO လိုမျိုးလည်း ဖြစ်ကောင်း၊ ဖြစ်သွားနိုင်တယ်၊ ဒီအခါ လုပ်ငန်းကို Regional Level အထိ တိုးချဲ့ကောင်း တိုးချဲ့နိုင်တယ်၊ အစိုးရကသာ ခွင့်ပြုရင် University Level လည်း ဖြစ်နိုင်တယ်၊ ဒါက စိတ်ကူးပဲ၊ သူ့ဝါသနာ ပါမလားတော့ မပြောတတ်ဘူး၊ ကျွန်တော်တို့ကတော့ သူသီချင်း ဆိုတာ ဖြစ်စေ၊ Hip Hop ဖြစ်ချင် ဖြစ်ပါစေ။ ဘာကိုမှ ပိတ်ပင်ဖို့ မရှိဘူး၊ တစ်ခုပဲ ၊ လူ့အဖွဲ့ အစည်းအပေါ်မှာတော့ မကောင်းတဲ့သူ တစ်ယောက် မဖြစ်စေချင်ဘူး၊ အခြားသူ တစ်ပါး မျက်ရည်ပေါက်ကြီးငယ်ကျအောင် နှိပ်စက်တဲ့ လူမျိုးတော့ မဖြစ်စေရဘူး၊ ဒီတော့ သမီးကို မမွေးခင်ကတည်းက ကျွန်တော်တွေးတာ ငါ့သားသမီးဟာ သူများကို ဒုက္ခပေးတဲ့ လူတော့ မဖြစ်စေရဘူး ဆိုတာပဲ၊ သူ ညံ့ရင်ညံ့ပါစေ။ ဒါမျိုးတော့ မဖြစ်စေရဘူး၊ ဒါက အရေးကြီးတယ်။ ပြောရရင် သမီးကို Independent thinking ကျွန်တော်တို့ မျှော်လင့်တယ်၊ တချို့ လက်မခံနိုင်တာတွေကိုလည်း ပြောပြထားသင့်တယ် ထင်တယ်၊ ဥပမာ သူ့အိမ်ထောင်ဘက် ကိစ္စ ဖြစ်ဖြစ်။ သူ့ စီးပွားရေး ကိစ္စ ဖြစ်ဖြစ်။ ဘယ်နိုင်ငံမှာပဲ သူနေနေ ကျွန်တော်တို့ culture ကိုမပျက်အောင်။ ကျွန်တော်တို့ language ကိုသိအောင်။ ကျွန်တော်တို့ tradition ကိုလေးစားအောင် သင်ပေးထားမယ်၊ ကျန်တာက သူ decide လုပ်ပေါ့။

နောက်တစ်ခု ကျွန်တော် ပြောချင်တာ မိဘရဲ့ ဖြစ်စေချင်တာနဲ့ သားသမီးက ဖြစ်ချင်တာရဲ့ ပြဿနာ။ ကျွန်တော့် တပည့်ထဲက တစ်ယောက်ဆိုရင် ဆရာဝန်ဖြစ်ပြီးမှ ဒီကွန်ပျူတာ နယ်ပယ်ထဲကို ရောက်လာတယ်၊ သူ အထက်တန်းအောင်တုန်းက သူ့မိဘတွေက သူ့ကို ဆရာဝန်လိုင်း လိုက်စေချင်တယ်၊ သူကတော့ မလိုက်ချင်ဘူး၊ ဒီအခါ သူတို့ သဘောတူညီချက် တစ်ခု လုပ်လိုက်တယ်၊ ကျွန်တော် ဆရာဝန်တော့ ဖြစ်အောင် လုပ်မယ်။ ပြီးရင် ကျွန်တော် လုပ်ချင်တာကို ခွင့်ပြုပါ ဆိုပြီး၊ ဒီတော့ ဆရာဝန်ဖြစ်ပြီးနောက် ကျွန်တော်တို့ဆီ ရောက်လာတယ်၊ ဒါကိုကြည့်ရင် နှစ်ဖက်စလုံး ဆုံးရှုံး နစ်နာတယ်လို့ ကျွန်တော် မြင်တယ်၊ သားသမီးကလည်း သူမလုပ်ချင်တဲ့ ဆရာဝန်ဘွဲ့အတွက် ၆ နှစ်ခွဲလောက် ဆုံးရှုံးတယ်၊ မိဘလည်း မျှော်လင့်ချက် ပျက်စီးတယ်၊ ဒါတင်မက ဆရာဝန်လိုင်း လိုက်ချင်ပါလျက်





အမှတ်မမီလို့ တက်ခွင့်မရလို့ ဆရာဝန်ဖြစ်ခွင့်မရလိုက်တဲ့ ကျောင်းသား တစ်ယောက်။ နောင် ဆရာဝန်ဖြစ်လာမယ့် လူတစ်ယောက်ကိုလည်း ကျွန်တော်တို့ လူ့အဖွဲ့အစည်းက ဆုံးရှုံးသွားတယ်၊ ကျွန်တော်ကတော့ ကျွန်တော့်သမီးကို အဲဒီလောက်ကြီး Pressure မပေးဘူးလို့ ဆုံးဖြတ်ထားတယ်။

ဖိအားမပေးဘူး ဆိုပေမယ့် တစ်ချိန်တည်းမှာ လုပ်ကို လုပ်ရမယ့် အလုပ်တွေ လုပ်ဖို့ကိုတော့ ခိုင်းရမယ်၊ ဥပမာ Western Style ကျောင်းတွေထားရင် ဆရာတွေက လွှတ်ပေးထားတာပဲ၊ စိတ်မပါရင် မလုပ်နဲ့။ ဆရာစာပတ်နေရင်လည်း ဆော့နေ။ အိပ်နေလို့ ရတယ်၊ ဒါကို တစ်ဖက်ကကြည့်ရင် ကြောက်စရာတော့ ကောင်းတယ်၊ ကလေးတစ်ယောက်ဟာ ဘာမှ နားမလည်သေးဘူး၊ ဒီအရွယ်ဟာ သူလုပ်ချင်တာကို သူ့ကို လွှတ်ထားပေးလို့ မရသေးဘူး၊ ရေထဲမြုပ်သွားနိုင်တာကို သွားမဆွဲလို့ မရဘူး၊ တချို့ဟာတွေဆိုရင် စိတ်မပါလည်း တာဝန်အရ လုပ်ကို လုပ်ရမယ့်ဟာတွေ ဆိုတာ ရှိတယ်၊ ဥပမာ ကျောင်းကနေ သင်္ချာ Assignment ပေးတယ်။ သူမလုပ်ချင်ဘူး၊ သမီးတော်ပြီးသားလို့ ပြောတယ်၊ ဒါပေမယ့် ကျွန်တော်က ဒါဟာ Assignment ဖြစ်တယ်၊ဒီတော့ လုပ်ကိုလုပ်ရမယ် လို့ ပြောတယ်၊ သွားမတိုက်ချင်ဘူး၊ မရဘူး တိုက်ရမယ်၊ ဒီလိုမျိုးပေါ့၊ ကျွန်တော် ဆိုလိုတာ ကလေးကို မင်း စာတွေရှုပ်ပဲ ကျက်ရမယ်။ ဂဏ်ထူး ၆ ခု ရကို ရရမယ်၊ ဒီလိုင်း လိုက်ကို လိုက်ရမယ်၊ အဲဒီလောက်ထိ မဟုတ်ပဲနဲ့ မလုပ်ချင်တဲ့ အလုပ်တွေ ရှိလာတဲ့ တိုင် အခြေအနေအရ လိုအပ်ချက်အရ လုပ်ရမယ်ဆိုတဲ့ အလေ့အကျင့်လေးတော့ ရှိသင့်တယ်လို့ ပြောတာပါ၊ ကလေးကို စိတ်ဓာတ်တွေ ပျော့ဆင်း မသွားစေချင်ဘူး၊ လောကဓံကို ခံနိုင်ရမယ်၊ အခုကိုယ်ပိုင်ကားနဲ့သွားပေမယ့် ဘတ်စ်ကား စီးချင်စီးရမှာ။ လမ်းလျှောက်ချင် လျှောက်ရမှာ၊ ထမင်းတစ်နပ်ပဲ စားရတာမျိုး ကြုံကောင်းကြုံနိုင် တယ်၊ မပြောနိုင်ဘူး၊ အဲဒီအချိန်မှာ Comfortable ဖြစ်လွန်းပြီး မလုပ်ချင်မှာ၊ မလုပ်နိုင်တော့မှာ ကြောက်ရတယ်။

ကျွန်တော်ဆိုလိုတာ လူရယ်လို့ ဖြစ်လာရင် ကိုယ်မလုပ်ချင်တာ ကြုံရင်လည်း ရှောင်မသွားရဘူး၊ ဒါ challenge ပဲ၊ ပြဿနာပဲ၊ လူဟာ သာယာတာကြိုက်တယ်၊ Animal ပဲ၊ အမှန်အတိုင်းပြောရင် အသိစိတ်လေး တစ်ခုနဲ့ပဲ ထိန်းနေကြတယ်၊ ဖောက်ပြန်ချင်တာ အများကြီးပဲ၊ အဲဒီအသိစိတ်မှာ တာဝန်အရ လုပ်သင့်တဲ့ဟာမျိုးရှိရင် စိတ်မပါလည်းလုပ်ရမယ်၊ pressure ရှိရင် အဲဒီ pressure ဒဏ်ကိုခံနိုင်စေချင်တယ်၊ အခက်အခဲရှိရင် ဒီဟာကြီးကို ရှောင် သွားလို့မရဘူး၊ တိုးရမယ်၊ စိတ်မပါဘူးဆိုတော့ စိတ်မပါတဲ့ဟာမှန်သမျှ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်ရမလဲ၊ စိတ်မပါသည့်တိုင် လုပ်လို့ရတယ်၊ အဲဒါလေးကိုတော့ ငယ်ငယ်ကတည်းက train လုပ်စေချင်တယ်။

မေး - ဆရာ့အနေနဲ့ ခုဆိုရင် မြန်မာနိုင်ငံ အတိုင်းအတာနဲ့ အဆင့်တစ်ခု ရောက်နေပြီ ပြောလို့ရတာပေါ့နော်။ ဒီတော့ အောင်မြင်ပြီလို့ ဆရာယူဆပါသလား။ ဆရာ့ ခံယူချက်လေး ပြောပြပေးပါ။

ဖြေ - မလုံလောက်သေးဘူးလို့ ကျွန်တော်ထင်တယ်၊ နိုင်ငံတကာမှာဆို အဆင့်တစ်ဆင့်ကနေ နောက်တစ်ဆင့်ကူးတာ အရမ်းမြန်တယ်၊ ရုတ်တရက်အုပ်စု တစ်စု Youtube လုပ်တယ်၊ ၂ နှစ် ၃ နှစ်အကြာ ကမ္ဘာလုံးအနှံ့ ကျော်ကြားပြီး ဘီလျံနာ ဖြစ်သွားတယ်၊ ဘီလီဂိတ်။ Yahoo ဒီအတိုင်းပဲ၊ ရီကျွင်နယ်မှာလည်း ဒီအတိုင်းပဲ။ အိန္ဒိယမှာ ဆိုရင် ကုန်းကောက်စရာ မရှိတဲ့လူက ချက်ချင်း မီလျံနာ ဖြစ်သွားတယ်၊ တစ်ခုရှိတာက သူတို့ဆီမှာက စျေးကွက်တင်ရင် နိုင်ငံတကာ ဘယ်စနစ်က အစ မူပိုင်ခွင့်ကိစ္စအဆုံး တစ်နုံလုံး ရှိတယ်၊ ကျွန်တော်တို့ဆီမှာတော့ မရှိသေးဘူး၊ ဒီတော့ အားမရဘူး၊ ငါတို့က ဘာလို့ သူတို့လို မဖြစ်နိုင်ရတာလည်းလို့တော့ စဉ်းစားမိတယ်။

တစ်ဖက်က ကြည့်ရင် ကျွန်တော်တို့ မြန်မာပြည်က ကုမ္ပဏီ အကောင်းစားတွေ ဆေးသတွင်းအဆင့် မတက်နိုင်ဘူး၊ ဘာကြောင့်လဲ၊ ဒါဟာ ကျွန်တော် တစ်ယောက်တည်း မဟုတ်ဘူး၊ အားမရဘူး၊ ကျွန်တော် ဒီအခန်းထဲမှာ။ အနှစ်နှစ်ဆယ် ကျော်လာပြီ၊ အောင်မြင်တယ်လို့ ပြောနေကြသူတွေ စီးပွားရေး အရရော၊ နာမည်အရရော ဒီနိုင်ငံရဲ့ အပြင်ဘက်မှာ ဘယ်သူတွေ ကြားဖူးကြလဲ၊ အဲဒါ မကျေနပ်သင့်တဲ့ အချက်ဖြစ်တယ်။

နိုင်ငံခြားမှာကတော့ generation by generation တက်လာတယ်၊ ကြားထဲမှာ လူမျိုးစုံ အုပ်ချုပ်တဲ့သူ ပြောင်းသွားတယ်၊ တိုယိုတာက တိုယိုတာ ကုမ္ပဏီ၊ ဆိုနီက ဆိုနီကုမ္ပဏီ။ အိန္ဒိယ မှာလည်း ဖြစ်နေတာပဲ၊ တရုတ်ပြည်ဆိုရင် ကွန်မြူနစ် တိုင်းပြည်။ ဘီလျံနာတွေ ထွက်နေတယ်၊ အမေရိကန်မှ ဥရောပမှ မဟုတ်ဘူး၊ နောက်ဆုံးတော့ ကိုယ့်ညှံ့လို့ပဲလို့ ပြောရမလို ဖြစ်နေတယ်၊ ဘာကြောင့်လဲ ဆိုတဲ့ ကောက်ချက်ကိုတော့ ကျွန်တော် ဆွဲမပြတတ်ဘူး၊ ဒါက မကျေနပ်သင့်တဲ့ အပိုင်း။

နောက်ထပ် ကျေနပ်သင့်တဲ့ အပိုင်းလဲ ရှိပါတယ်၊ ကျွန်တော်က လူလတ်ပိုင်း အရွယ်ကို ကျော်လာပြီ၊ နံပါတ်တစ် ကျွန်တော်ဟာ ကိုယ့်ပတ်ဝန်းကျင်က





လူတွေကို ဒုက္ခမပေးဘူး၊ ကိုယ့် Society ပေါ်မှာ သစ္စာဖောက်တာမျိုး မရှိဘူး၊ နံပါတ်နှစ် လူ့အဖွဲ့အစည်းကို ကျွန်တော်တတ်တဲ့ ပညာလေးနဲ့ အနည်းနဲ့အများ Contribute လုပ်နိုင်ခဲ့တယ်၊ မိသားစု ဘဝကိုလည်း ကျေနပ်တယ်၊ Business အရ ကျွန်တော် နိုင်ငံတကာအဆင့် မဟုတ်ဘူး၊ ပြည်တွင်းမှာလည်း လျှမ်းလျှမ်းတောက် မဟုတ်ဘူး၊ ဒါပေမယ့် ကျွန်တော် သုံးချင်တာလေး သုံးလို့ရတယ်။ စားချင်တာလေး စားလို့ရတယ်။ နောင်ရေး စိတ်မပူရဘူး၊ ကျွန်တော့် ဝန်ထမ်းတွေကိုလည်း အထိုက်အလျောက် အကျိုးပြုနိုင်ခဲ့တယ်၊ ပြောရမယ် ဆိုရင် ဒါကိုတော့ ကျေနပ်ပါတယ်။

မေး - ဒါဆိုရင် နောက်ထပ် ရှေ့ဆက်ပြီး ဆရာ့အနေနဲ့ နိုင်ငံတကာ အဆင့်ရောက်အောင် ဘယ်လို ကြိုးစားသွားမလဲ။

ဖြေ - globalization point of view က ကြည့်ရင် ကျွန်တော် ညံ့နေသေးတယ်၊ ဒါပေမယ့် အဲဒီအဆင့် ရောက်အောင်တော့ ကျွန်တော် မလုပ်တော့ဘူး၊ လက်လျှော့လိုက်ပြီ၊ ဘာကြောင့်လဲဆို ကျွန်တော့် အသက်အရွယ်အရ သမီးလေး အတွက် အချိန်ပေးချင်ပြီ၊ နိုင်ငံတကာ လျှောက်သွားပြီး လုပ်ရတဲ့ အလုပ်မျိုးကိုလည်း မလုပ်ချင်တော့ဘူး။ သမီးလည်း နောက် ၁၀ နှစ်ဆို ကျွန်တော်တို့နဲ့ အတူတူနေနိုင်ပါတော့မလားဆိုတာ မသိနိုင်ဘူး။ ဒီတော့ သူ့ပညာရေးအတွက် ဒီကာလလေးကို အချိန်ပေးတာ ကောင်းတယ်လို့ ထင်ပါတယ်။

မေး - မြန်မာပြည်ရဲ့ အနာဂတ် အိုင်တီအနေအထားကိုလည်း သုံးသပ်ပေးပါဦး။

ဖြေ - အရင်က အိုင်တီလုပ်ဖို့ဆိုရင် Maths ကောင်းမှတို့ ဘာတို့ ဖြစ်တယ်၊ ခုတော့ လူတိုင်း လက်လှမ်းမီနိုင်တဲ့ ပညာရပ် ဖြစ်သွားပြီ၊ ကျွန်တော်တို့ နိုင်ငံမှာ ကောင်းမွန်တဲ့ မိရိုးဖလာ Tradition တစ်ခုရှိတယ်၊ အဲဒါက မိဘကနေ သားသမီးကို ပညာအမွေပေးဖို့ ကြိုးစားတာ၊ သင်တန်းဆိုလည်း တက်ခိုင်းတာပဲ၊ ကွန်ပျူတာဆိုလည်း ဝယ်ပေးတာပဲ၊ အိမ်တောင်ပေါင်ပြီး လုပ်ပေးတဲ့ မိဘတွေ ရှိတယ်၊ အခြားနိုင်ငံမှာကတော့ နည်းနည်း ခက်တယ်၊ သူတို့မှာက အရွယ်ရောက်လာရင် မိဘက ဖိုက်ပေးတယ်ဆိုတာမျိုး မရှိဘူး၊ ဒါပေမယ့် ကျွန်တော်တို့ဆီမှာ အခြား Infrastructure အခက်အခဲတွေတော့ ရှိသေးတယ်၊ လျှပ်စစ်မီး မရတာ။ အင်တာနက် အခက်အခဲ ရှိတာ စသဖြင့်၊ ဒီတော့ နိုင်ငံခြားသွားပြီး အလုပ်လုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားတာမျိုးတွေ ဖြစ်လာတယ်၊ တစ်ဖက်က ကြည့်ရင် ပြည်တွင်း Market က မကြီးသေးတာလည်း ပါတယ်။

တချိန်ကျရင်တော့ စီးပွားရေးသမားတွေလည်း Data အရေးကြီးမှန်း သိလာမယ်။ Software တွေ သုံးလာမယ်။ ဒါဆို ဆော့ဖ်ဝဲရေးတဲ့လူတွေ၊ ကွန်ပျူတာ ပြင်တဲ့ လူတွေ၊ ရောင်းတဲ့လူတွေ အလုပ်ရှိလာမယ်၊ ကျွန်တော် ထင်တယ်၊ တကယ် အသုံးတည့်ပြီလို့ ထင်တဲ့အခါ ကျွန်တော်တို့ မြန်မာလူမျိုးဟာ ကွန်ပျူတာကို ညှော်နံ့မှာ တစ်လုံး၊ အိပ်ခန်းမှာတစ်လုံးထားမယ့် လူမျိုး။ အချိန် တော့ စောင့်ရဦးမယ်။

မေး - ဆရာပြောပြသမျှ ဆရာအနေနဲ့ ဒီအဆင့်ထိ ရောက်လာအောင် အခက်အခဲတွေ အများကြီး ရင်ဆိုင်ဖြေရှင်းခဲ့ရတာပေါ့၊ ဆရာအနေနဲ့ ခုလို အဆင့် ခုလို အခြေအနေ ရောက်လာရတဲ့ဆီမှာ အဓိက တွန်းအားက ဘာဖြစ်မလဲ၊ ဆရာရဲ့ မျိုးရိုးဗီဇကြောင့်လား။ ဒါမှမဟုတ် ပါတ်ဝန်းကျင်ကပဲ ပြုပြင်ဖန်တီးလို့ ရောက်လာ တာလား။ ဒါမှ မဟုတ် ဆရာ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်တွေ အမြင်တွေကြောင့်ပဲလား။

ဖြေ - အားလုံးနဲ့ နည်းနည်းစီ ဆိုင်မယ်လို့ ထင်ပါတယ်၊ ဥပမာ ကျွန်တော့် Case ကိုကြည့်ရင် ကျွန်တော် တစ်ဦးချင်း ဆုံးဖြတ်ချက်ချခဲ့တာတွေက အမှန်တွေ မဟုတ်ခဲ့ဘူး၊ တကယ်ပြောရရင် မှားတာတွေကတောင် များနိုင်တယ်၊ အစိုးရ အလုပ်က ထွက်လိုက်တာက အစပေါ့၊ ကျွန်တော့် စိတ်ထဲထင်တာ ကျွန်တော်က မတော်ဘူး။ ညံ့တယ်၊ ဒါပေမယ့် ကျွန်တော်က ညံ့တဲ့ဘဝကနေ တိုးတက်ချင်တယ်၊ Continuously improve ဖြစ်ချင်တယ်၊ ပညာပိုင်းဆိုင်ရာအရဖြစ်ဖြစ် စီးပွားရေး အရဖြစ်ဖြစ် တစ်ခုပြီး တစ်ခု အသိအမှတ်ပြုတာ ခံရချင်တယ်၊ Society ရဲ့ recommendation ကိုလည်း ပိုလိုချင်တယ်၊ အဲဒါကိုတော့ လောဘလို့ ပြောလို့ ရနိုင်တယ်၊ ဆိုလိုတာ ကျွန်တော် မရောင့်ရဲချင်ဘူးပေါ့၊ တစ်နေရာရာမှာ ရပ်မနေချင် ဘူးပေါ့၊ ကျွန်တော်ထင်တယ် အဲဒါမျိုး တချို့ကာလမှာ နေးတယ် သိပ်နှေးတယ်၊ တချို့ကာလမှာ နည်းနည်းမြန်တယ်၊ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် ဒီ level ကနေ တော့ တစ်နည်းနည်း တက်တက်လာတာပေါ့၊ အဲဒါက အဓိကတွန်းအားလို့ ကျွန်တော် ထင်တယ်။

မေး - ဆရာအနေနဲ့ လူငယ်တွေကို ဘာတွေများ ပြောချင်ပါသေးလဲ။

ဖြေ - တိုးတက်ချင်စိတ် ရှိဖို့လိုတယ်၊ တော်နေဖို့ထက် တော်ချင်စိတ်





ရှိဖို့။ လုပ်နေဖို့ လိုတယ်၊ အဲဒါ နည်းနည်း ပိုအရေးကြီးတယ်လို့ ထင်တယ်၊ ဥပမာ ကျွန်တော်တို့ KMD ဆိုရင် နှစ်စဉ် အနည်းဆုံး တိုးတက်မှု တစ်ခု ရှိရမယ်၊ သင်တန်းနေရာ အသစ် တစ်ခု ချဲ့နိုင်ရမယ်။ သင်ရိုး တိုးလာရမယ်၊ တစ်နှစ်မှာ တစ်ခု။ အချို့ နှစ်တွေမှာ သုံးလေးခု။ ဒါပေမယ့် မရှိတဲ့ နှစ်ကတော့ မဖြစ်ရဘူး၊ မရှိဘူးဆိုရင် ဆုံးရှုံးတယ်၊ အဲဒါ ကိုယ့်ဖာသာကိုယ် မဖြစ် ဖြစ်အောင် လုပ်ဖို့ ချထားတဲ့ အချက်၊ နောက်တစ်ချက် လူငယ်တွေ ကိုယ့်ဖာသာကိုယ် သင်ယူမှု အလေ့အကျင့် ရှိစေချင်တယ်၊ ကျွန်တော်တို့ အာရှ သင်ကြားရေးမှာက ကျက်နိုင်းနေတယ်၊ ဒါ ကြောင့် လူငယ်တွေအနေနဲ့ ကိုယ့်ဖာသာကိုယ် Learn လုပ်ချင်တဲ့ အကျင့်တွေ ရှိနေပြီး။ Learn လုပ်ဖို့ အမြဲတမ်း အဆင်သင့်ဖြစ်နေဖို့ လိုမယ်လို့ ကျွန်တော် ထင်တယ်၊ ပြီးတော့ အခက်အခဲတွေရင် ပျော့ဆင်းမသွားဖို့ လိုတယ်၊ ဒါဟာ Challenge ပဲ ဆိုပြီး ရင်ဆိုင်ရဲရမယ်။

ကျွန်တော့် အတွေ့အကြုံအရ ဆိုရင် ဘဝ ဆိုတာ တစ်သမတ်တည်း မရှိဘူး၊ Challenge တွေ ကြုံရမယ်၊ ဒီအတွက် အခု မတော်ရင်လည်း ဘာမှ စိတ်ပျက်ဖို့ မလိုဘူး၊ အမှန်အတိုင်း ပြောရရင် ငယ်ငယ်တုန်းက ကျွန်တော်တို့ ကျောင်းမှာ အတော်ဆုံး ဆိုတဲ့ လူတွေဟာ ဘဝမှာ အားလုံး အောင်မြင်ကြတာတော့ မဟုတ်ဘူး၊ အညံ့ဆုံး ဆိုတဲ့ လူကလည်း ဘဝမှာ အအောင်မြင်ဆုံး ဖြစ်ရင်လည်း ဖြစ်တတ်တယ်၊ Formula မရှိဘူး၊ ငယ်ရွယ်စဉ် ၁၅ နှစ် ၁၆ နှစ် ကျောင်းသားဘဝ မှာ ငါက အတော်ဆုံး။ အကုန်နိုင်တယ် ဆိုတာမျိုး မဟုတ်ဘူး၊ ဒါတစ်ခုတည်းနဲ့ မပြီးဘူး၊ မတော်တဲ့ လူကလည်း သိမ်ငယ်နေဖို့ မလိုဘူး၊ အရေးကြီးဆုံးက keep improving ဖြစ်ဖို့ကြိုးစားစေချင်တယ်၊ အခုတော်နေတာကို မကျေနပ်ပါနဲ့၊ ယုန်နဲ့လိပ် ပြေးသလို ရှေ့နေဖို့ အရေးကြီးပါတယ်၊ လူငယ်တွေ ကြားမှာ ပြိုင်ဆိုင်နေကြတာ လောလောဆယ် စာမှာပဲ ဖြစ်လိမ့်မယ် ထင်တယ်၊ ဒီအတွက် ဘဝင်မြင့်စရာ စိတ်ဓာတ်ကျစရာ ဘာမှ ဖြစ်ဖို့ မလိုဘူး၊ တကယ်တော့ ဘဝမှာ နောက်ထပ်ကြုံရမှာတွေက အများကြီး၊ အဲဒီတော့ တော်အောင်တော့ အမြဲ ကြိုးစားနေဖို့ လိုပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## ဒေါက်တာခင်မောင်ဝင်း



### ကိုယ်ရေးရာဇဝင်အကျဉ်း

အမည်ရင်း ခင်မောင်ဝင်း။ ၁၉၄၉၊ ဇန်နဝါရီလ ၁၁ ရက်တွင် မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့၌ အဖဦးဘဂျမ်း၊ အမိ ဒေါ်ခင်ခင်တို့မှ မွေးဖွားသည်။ မွေးချင်းမောင်နှမ ၇ ယောက်ရှိပြီး ဝမ်းတွင်းမြို့၊ မန္တလေး ဆေးတက္ကသိုလ်တို့တွင် ပညာ သင်ကြားခဲ့ ကာ M.B.B.S ဘွဲ့ကိုရယူခဲ့သည်။ ၁၉၇၅တွင် ဒေါက်တာဒေါ်ခင်လေးရီနှင့် လက်ထပ်ခဲ့ပြီး သားသမီး ၃ ဦး ထွန်းကားခဲ့သည်။ ၁၉၈၂-၈၅ခုနှစ်အထိ အသည်းရောင်အသားဝါအီးရောဂါရှာဖွေတွေ့ရှိရေးတွင် အရေးပါသည့် သုတေသနလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက် ခဲ့ပါသည်။ ၁၉၉၄ ခုနှစ် မြန်မာနိုင်ငံတွင် ပထမဦးဆုံးကမ္ဘာ့ အဆင့်မီ ဓာတ်ခွဲခန်း တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ၁၉၉၅ ခုနှစ်၊ မြန်မာ နိုင်ငံတွင် အသည်းရောင် အသားဝါဘီရောဂါကာကွယ်ဆေးကို အောင်မြင်စွာ ထုတ်လုပ်ပေးနိုင်ခဲ့ပါသည်။ ၂၀၀၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၏ ပထမဆုံး မော်လီကျူလာရောဂါရှာဖွေရေး ဓာတ်ခွဲခန်းဖွင့် လှစ်ပေးနိုင်ခဲ့ပါသည်။ ၂၀၀၀ ပြည့်နှစ်တွင် လမ်း ၃၀ဆေးခန်းကိုလည်းစတင်တည်ထောင်ဖွင့်လှစ်သည်။

အခြားရယူထားသောဆေးပညာဘွဲ့ များမှာ M.Med.Sc(Int, Med), MRCP(UK),FRCP(Edin)တို့ဖြစ်သည်။



ကျွန်တော်တို့တွန်းကန်
နိုင်းယှဉ်ရင်
စနစ်ရော ခေတ်ရော
ပြောင်းလဲသွားတဲ့အတွက်
သားသမီးတွေအပေါ်မှာ
ကျွန်တော်တာကိုမှ
ချုပ်ချယ်မထားဘူး
ကြိုက်တာလုပ်။
ဒါပေမဲ့ခေတ်ကြီးကို
သူတို့မြင်တက်လာအောင်တော့
ကျွန်တော်ကြိုးစားပေးတယ်။
ပြောင်းလဲမှုတစ်ခုလုပ်တဲ့အခါ
attitude ကို
ပြောင်းလဲဖို့ အခက်ဆုံးပဲ။

www.burmeseclassic.com



# မြန်မာကိုကမ္ဘာက သိစေသူတစ်ဦး(သို့မဟုတ်) အသည်းအထူးကုဆရာဝန်ကြီး ဒေါက်တာခင်မောင်ဝင်း

စည်သူအောင်မြင့်



အသည်းရောဂါအထူးကု ဆရာဝန်ကြီး ပါမောက္ခဒေါက်တာခင်မောင်ဝင်း ဆိုရင် မြန်မာနိုင်ငံမှာ မသိသူ ရှားပါလိမ့်မယ်၊ နိုင်ငံတကာအဆင့် ထူးချွန်တဲ့ ဆရာဝန်ကြီး တစ်ဦးလည်း ဖြစ်ပါတယ်၊ ဒါပေမယ့် အခြားထူးချွန်သူတွေလို ရန်ကုန်၊ မန္တလေးက နာမည်ကြီး ကျောင်းတွေမှာ ပညာသင်ကြားခဲ့ရသူတစ်ဦးတော့ မဟုတ်ပါဘူး။ ငယ်ရွယ်စဉ်ကာလ ဖခင်ကြီး ပြောင်းရွှေ့ရာနောက် တကောက်ကောက်လိုက်ရင်း စာသင်ရ၊ ဝမ်းတွင်းလို မြို့ငယ်လေးမှာ အထက်တန်းပညာ ဆည်းပူးခဲ့ရပြီး မိဿီလာမြို့ အထက (၁) ကနေ ၁၀ တန်းအောင်ခဲ့သူဖြစ်ပါတယ်၊ ဆရာ့ရဲ့ စိတ်ဝင်စားဖို့ကောင်းတဲ့ ဘဝဖြစ်စဉ်တွေနဲ့ အယူအဆတွေကို မေးမြန်းဖော်ပြလိုက်ပါတယ်။





မေး - ခုလို ထူးချွန်သူတစ်ယောက် ဘယ်လို ဖြစ်လာသလဲဆိုတာကို မှန်းဆလို့ရအောင် ဆရာ့ရဲ့ ဘဝဖြစ်စဉ်လေး အရင်ရှင်းပြပေးပါလား။

ဖြေ - ကျွန်တော့်အကြောင်း ပြောရမယ်ဆိုရင် ကျွန်တော် ဘယ်ကဆင်းသက်လာသလဲဆိုတာကို အရင်ပြောမှ ပြည့်စုံမယ်ထင်တယ်။ ကျွန်တော့် အမေရဲ့ အမေ (အဖိုး)ဟာ ပခုက္ကူ မြို့ကပါ။ ကျွန်တော့်ရဲ့အဘေးက ငါ့သားသမီးတွေ မြို့မှာနေရင် ဆင်းရဲတော့မယ် ပညာတတ်တော့မှာ မဟုတ်ဘူးဆိုပြီး ပျော်ဘွယ်ကို ပြောင်းတယ်၊ ပြောရရင် အမေဘက်က အစ်ကိုအကြီးဆုံးဟာ ခုနစ်တန်းကျောင်းသားကတည်းက အင်္ဂလိပ်သတင်းစာမှာ ဆောင်းပါးရေးတယ်။ ကဗျာရေးတယ်၊ ၁၀ တန်း အောင်ပြီးနောက် ညီတွေကိုညာတာပြီး တက္ကသိုလ် ဆက်မတက်တဲ့ သစ်တောဌာနမှာ အလုပ်ဝင်လုပ်တယ်၊ အမေကတော့ မန္တလေးတက္ကသိုလ်မှာ အင်တာအောင်ပြီးတဲ့နောက် အဲဒီခေတ်က ပုလိပ်အကယ်ဒမီတက်တယ်။

ကျွန်တော့် အမေရဲ့ အဖိုးကျတော့ နန်းတွင်းမှာ ခစားရတဲ့ နန်းတွင်းဝန်ထမ်းပါ။ သူ ဘုန်းကြီးကျောင်းကြီး ဆောက်ပြီးလှူတာ သိပ်ကြီးသွားပြီး ဘုရင်ကို ပြိုင်သလိုဖြစ်သွားတော့ အမျိုးအနွယ်တွေအားလုံး ပြင်စည်၊ နထိုး၊ ဝမ်းတွင်းဘက်ကို ထွက်ပြေးကြရတယ်၊ ကျွန်တော်ငယ်ငယ်တုန်းက ရွာကလူတွေ ကျွန်တော်တို့အိမ်လာရင် မြစည်းရိုးဝမှာ ဖိနပ်ချွတ်ကြတာ။ ဗမာဘုရင်တွေ ထိုင်းကို စစ်တိုက်တုန်းက သုံ့ပန်းအဖြစ်ပါလာတဲ့ ထိုင်းလူမျိုး အဆက်အနွယ် ယိုးဒယားအမျိုးသမီးကြီးတွေ အိမ်မှာရှိနေသေးတာတွေကို မှတ်မိပါသေးတယ်။ ဒုတိယကမ္ဘာစစ်ဖြစ်တဲ့အထိ အမေကြီးတို့အိမ်မှာ ဆင်တို့ ဝေါတို့ ရှိပါသေးတယ်။ ဂျပန်ခေတ် မုံးကြဲတော့မှ ပါကုန်တာလို့ အမေကပြောတယ်။

အမေ့ရဲ့အဖေ (ကျွန်တော်တို့အဖိုး) က ကျောက်ဆည် ရဲဝန်ထောက်။ ဒါပေမယ့် အသက်ငယ်စဉ်မှာပဲ ငှက်ဖျားဖြစ်ပြီး ဆုံးသွားတယ်။ အဖေဆုံးပြီးနောက် အမေဟာ သူ့အမေရဲ့ဇာတိဒေသ ဝမ်းတွင်းနယ်၊ တောင်ဘိုရွာကိုရောက်သွားပါတယ်။ ဒါနဲ့ အမေဟာ ကျောက်ဆည်က ကျောင်းမှာ ၇ တန်းအထိပဲ တက်လိုက်ရပါတယ်။ အဖေက မန္တလေးဆယ်ကျောင်းလို့ခေါ်တဲ့ ပုလိပ်အကယ်ဒမီကဆင်းလာပြီး ဝမ်းတွင်းမှာ နယ်ခေတ်အခေါ် ရဲအုပ်အဆင့်နဲ့ တာဝန်ကျတာမှာ အမေနဲ့တွေ့ပြီး အိမ်ထောင်ကျတာပါ၊ အမေ့ဘက်က လယ်တွေ၊ ယာတွေ၊ ဆည်တွေပိုင်ပြီး ချမ်းသာတယ်။ အဖေကတော့ ပညာမျိုးရိုးဖြစ်ပြီး အဲဒီလို ချမ်းသာတာ၊ ပိုက်ဆံဆိုတာတွေ စိတ်မဝင်စားဘူး၊ စာဖတ်တာ ဝါသနာပါတယ်။

Illustrated Weekly of London ဆိုတာ အဖေအင်္ဂလန်က မှာဖတ်

www.burmeseclassic.com



နေကျ မဂ္ဂဇင်းပါ။ ရဲလုပ်ငန်း ဒိုင်ယာယီကို အင်္ဂလိပ်လက်နှိပ်စက်နဲ့ ကိုယ်တိုင် ရိုက်တယ်၊ ကျွန်တော် မှတ်မိသလောက်တော့ လွတ်လပ်ရေးရပြီးနောက် အဖေ့ညီ အငယ်ဆုံး ဦးမောင်ကလေးဟာ ရန်ကုန်မှာ Supply ဆပ်ပလိုင်းမင်းကြီး ဖြစ်ခဲ့တယ်၊ ရန်ကုန်တစ်မြို့လုံးရဲ့ နို့ဆီနဲ့ သကြား ရာရှင်ကိုကိုင်တဲ့ ဦးလေးဟာ ရန်ကုန်မှာ အတော်ကို အာဏာရှိတဲ့ သူတစ်ယောက် ဖြစ်ခဲ့ပါတယ်။ အဖေကတော့ ရိုးဖြောင့်လွန်းတော့ ရာထူးတက်တာ သိပ်နှေးပြီး ပင်စင်ယူတဲ့အထိ ရဲဝန်ထောက်လောက်ပဲ ဖြစ်ခဲ့တယ်။

ကျွန်တော်ကတော့ အဖေတာဝန်ကျရာ မြို့တွေကိုလိုက်ပါ ပြောင်းရွှေ့ရင်း ကျောင်းတက်ခဲ့ရတယ်။ ရန်ကုန်ကနေ တောင်ကြီး။ တောင်ကြီးကနေ တိုက်ကြီး ပြောင်းရတယ်။ ကျွန်တော် ငယ်ငယ်က တောင်ကြီးမှာနေတုန်း အင်္ဂလိပ် စကားပြောတဲ့ ခရစ်ယာန် fatherကျောင်းမှာ (၁) နှစ်နေခဲ့ရပါသေးတယ်။ အတန်းထဲမှာ မြန်မာလို တစ်လုံးပြောတာနဲ့ ခုံပေါ်တက် မတ်တတ်ရပ်။ ဒဏ်ပေးခံရတယ်။ နောက် ကျောင်းသား တစ်ယောက် မြန်မာလို ထပ်ပြောတော့မှ ကိုယ်က ခုံပေါ်က ဆင်းရတယ်၊

အဖေက တိုက်ကြီးကိုရောက်တော့ Inspector of police လို့ခေါ်တဲ့ အိုင်ပီ တိုက်ပိုင် ရာထူးနဲ့ပါ။ တိုက်ကြီးကျောင်းမှာ ကျွန်တော် (၁) တန်း စတက်ရတယ်၊ ၃ တန်း အထိ ၃ နှစ်နေခဲ့ရပါတယ်၊ အဲဒီမှာနေတုန်း ညဘက် တွေဆိုရင် သူပုန်တွေ လာပစ်ခတ်တာတွေကိုလည်း ကြုံရတယ်။ ပြည်တွင်းစစ်ရဲ့ အနိဋ္ဌာရုံတွေလို့ ပြောနိုင်တာပေါ့။ ကျွန်တော်တို့ တိုက်ကြီးမပြောင်းခင် ဦးလေး ကျွန်တော်တို့အိမ် ရောက်လာပါတယ်။ ဦးလေးက အဖေ့ကို "ခင်ခင် နှင့်တို့ ဒီလို ကလေးတွေကို နယ်မှာကျောင်းထားနေရင် တိုးတက်မှာမဟုတ်တော့ဘူး။ အကြီးကောင် တင်နွယ်ကို ငါ ခေါ်သွားမယ်" ဆိုပြီး အကိုကြီး ဦးတင်နွယ်ကို ရန်ကုန်မှာ သူနဲ့အတူနေဖို့ ခေါ်သွားပြီး စိန့်ပေါ်ကျောင်းမှာ ထားပေးပါတယ်။ ကျန်တဲ့ ကျွန်တော်တို့ ညီအစ်ကို မောင်နှမတွေကတော့ တိုက်ကြီးကျောင်းမှာပဲ နေကြရပါတယ်။

အကိုကြီး ကျောင်းပိတ်လို့ အိမ်ကိုပြန်လာရင် ကျွန်တော်တို့ ညီအစ်ကို မောင်နှမတွေကို ဘယ်နှစ်နာရီကနေ ဘယ်နှစ်နာရီအထိ အင်္ဂလိပ်စာအုပ်တွေ မဖတ်မနေရဆိုပြီး ဖတ်ခိုင်းတယ်၊ တချိန်ထဲမှာ ကျွန်တော်တို့ကို အဖေကလည်း အင်္ဂလိပ်စာ သင်တယ်၊ ထမင်းစားနေတုန်းတောင် ဒီအရွက်ကို ဘယ်လိုခေါ်သလဲ။ ဒီအသီးကို ဘယ်လို ခေါ်သလဲဆိုပြီး မြင်မြင်ရာကို အင်္ဂလိပ် စာသင်နေတော့ အဖေ နဲ့ အစ်ကိုကိုမြင်ရင် အင်္ဂလိပ်လို အမေးခံရမှာစိုးလို့ ကျွန်တော်တို့တွေ



ကြောက်နေကြပါတယ်။ အဲလိုမွတ်ကို အင်္ဂလိပ်စာ သင်ခဲ့တဲ့ အဖေနဲ့ အစ်ကိုကြီး တို့ကြောင့် အခု ကျွန်တော်တို့ရဲ့ အင်္ဂလိပ်စာကတော့ ကောင်းနေတာပါ။

ကျွန်တော် ငယ်ငယ်လေးဘဝမှာ I was never ambitious. တစ်ခါမှ ငါ့ဘဝမှာ ကြီးလာရင် ဘာဖြစ်ရမယ်။ ဘာလုပ်ရမယ်ဆိုပြီး ကြီးကြီးမားမား ရည်မှန်းချက်ရယ်လို့ မရှိခဲ့ဖူးဘူး။ ဘာဖြစ်ရမယ်လို့လည်း ဘယ်လိုမှ စိတ်မကူးခဲ့ဖူးဘူး။ ဒါပေမယ့် ကျွန်တော်က စာဖတ်တာတော့ အရမ်းဝါသနာပါတယ်။ အင်္ဂလိပ်စာအုပ်တွေကို ဖတ်သလို မြန်မာစာအုပ်တွေလည်း ဖတ်တယ်၊ ကျွန်တော် ၄ တန်း ရောက်တော့ ဝမ်းတွင်း မူလတန်းကျောင်းမှာ ပြန်နေရတယ်။ အဲဒီမှာ တစ်နှစ်နေရတယ်၊ နောက် အဖေရှိရာ အင်းစိန်ကိုလိုက်ပြီး အင်းစိန် အထက (၁) မှာ (၅) တန်း တက်နေရတယ်၊ အဖေက အဲဒီအချိန် အင်းစိန်စီအိုင်ဒီမှာ finger print expert ပါ။ အဲဒီအင်းစိန် အထက (၁) မှာ ကျွန်တော် ကျောင်းတက်တုန်း ၁၉၅၈ ခုနှစ်လောက်က ကျောင်းစာအပြင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလက်မှု စတဲ့ ဘာသာရပ်တွေပါ ယူရတယ်။ စိုက်ပျိုးရေးယူတယ်ဆိုရင် တကယ့်အပင်တွေကို ကိုယ့်ဘာသာကိုယ်စိုက်ရတယ်။ မွေးမြူရေးဘာသာရပ် ဆိုရင်လည်း ကြက်၊ ဝက်၊ ဘဲ မွေးမြူရေးတွေကို တကယ့်လက်တွေ့ လုပ်ရတယ်။ ကျောင်း အနောက်မှာ အဲဒီ တိရစ္ဆာန်တွေ မွေးထားတယ်၊ အဲဒီတုန်းက (၅) တန်း ကျောင်းသားဘဝမှာကို ကျွန်တော်တို့တစ်တွေဟာ very independent ဖြစ်တယ်။

နောက်တစ်ခု ပြောရမယ်ဆိုရင် ကျွန်တော်တို့ အဲဒီအင်းစိန် အထက (၁)၊ (၅) တန်း ကျောင်းသားဘဝမှာ ကင်းထောက် (boy scout) ဆိုတာလုပ်ရတယ်၊ အဲဒီအချိန် ဇော်ဘွားကြီးကုန်းဆိုတာ တောကြီးမှ တကယ့်တောကြီး။ အဲဒီ တောထဲကို ကျွန်တော်တို့ ကင်းထောက်တာတွေဟာ camping ၃ ရက် ထွက်ရတယ်။ ကျွန်တော်တို့ မိဘတွေလည်း ခွင့်ပြုပါတယ်။ တကယ့်နိုင်ငံခြားဖြစ် tent တွေနဲ့ မြေကြီးပေါ်မှာ တဲထိုးစခန်းချပြီး အိပ်ရတယ်၊ ထမင်း ဟင်းချက်ဖို့ မီးခြစ် ပေးမထားဘူး၊ မီးကို ကိုယ့်ဘာသာကိုယ် ကျောက်ခဲချင်းပွတ်၊ ဒါမှမဟုတ် နေ့ခင်းဆိုရင် မှန်ဘီလူးနဲ့ နေရောင်ကိုခံပြီး သစ်ရွက်ခြောက်တွေကို မီးလောင်အောင် လုပ်တဲ့နည်း လို တောတွင်းနည်းတွေနဲ့ မွှေးပြီးချက်စားရတယ်။

ကိုယ့် ဘာသာကိုယ် ရှင်သန်ရပ်တည်နိုင်ရေး Survivor training လေ့ကျင့် ပေးတာပေါ့။ ပြီးတော့ Knot လို့ခေါ်တဲ့ ကြိုးချည်နည်းတွေ သင်ရတယ်၊ တောင်ကုန်းတစ်ခုနဲ့ တစ်ခု ABCD ကို အလံ flag အချက်ပြနည်းနဲ့ အချက်ပြ ဆက်သွယ်တာ signaling လည်းလုပ်ရတယ်။ အဲဒါတွေ လုပ်နေတဲ့ အချိန်တုန်းက

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ၅ တန်းပဲ ရှိသေးတယ်။ (၅) တန်းကျောင်းသား ကျွန်တော်ဟာ အင်္ဂလိပ်ကဗျာ တွေကိုလည်း အင်းစိန် အထက (၁) မှာ သင်နေရပါပြီ။ အဲဒီတုန်းက ကျွန်တော် သင်ရတဲ့အထဲမှာ ပြင်သစ်နဲ့အင်္ဂလိပ် စစ်ဖြစ်လို့ အင်္ဂလိပ် စစ်သင်္ဘောတစ်စင်း နစ်သွားတော့ အဲဒီသင်္ဘောရဲ့ ကပ္ပတိန်က မင်းတို့လွတ်ရာကိုသွားကြ၊ ငါကတော့ ဒီသင်္ဘောမြုပ်သွားတာနဲ့ အတူတူ အသေခံမယ်ဆိုတာကို စပ်ဆိုထားတဲ့ ကဗျာ သင်ရတာကို မှတ်မိနေပါသေးတယ်။

ဓာတ်ခွဲခန်းထဲမှာ oxygen ကိုယ်တိုင် ထုတ်ရတယ်၊ ဖားခွဲရတယ်၊ ကျောင်းမှာ အဲဒီလိုတွေ စာသင်ပြီး ညနေ အိမ်ပြန်ရောက်တာနဲ့ ဆော့တော့တာပဲ၊ ကျူရှင်ဆိုတာလည်း မရှိဘူး၊ သိလည်း မသိဘူး။ အိမ်စာဆိုတာက ကျောင်းကတည်းက ပြီးခဲ့တာ။ အဲဒီကနေတစ်ခါ အဖေက သာစည်ကို ပြောင်းပြန်ရော။ သာစည်ကနေ တစ်ခါ မြင်းခြံ၊ မြင်းခြံမှာ အဖေ ရဲဝန်ထောက်ရာထူးနဲ့ ပင်စင်ယူတော့ နောက်ဆုံး ဝမ်းတွင်းမှာပဲ အခြေပြန်ချပါတယ်။ အဲဒီမှာ သဲတောဝမ်းတွင်း အထကမှာ ကျောင်းဆက်တက်ရတယ်။

ဝမ်းတွင်းမှာ ၇တန်း၊ ၈တန်း၊ ၉ တန်း တက်ရတယ်။ ကျောင်းအကျႌက အဖြူ၊ ဘောင်းဘီ-လုံချည်က အပြာ၊ ၇ တန်းအထိ ဘောင်းဘီတို ဝတ်ခွင့်ရှိတယ်။ ရှစ်တန်းကစပြီး လုံချည်အပြာကို ဝတ်ရတယ်။ ကျောင်းကို စက်ဘီးစီးပြီး သွားတက်ရတယ်။ ကျောင်းက ပြန်လာရင် ခွေလှိမ့်ကစားတယ်။ နည်းမျိုးစုံ ဆော့တယ်။ အဖေက အဲဒီတုန်းက အစိုးရဝန်ထမ်းတိုင်း ပင်စင်ယူတဲ့ အသက် ၅၅ နှစ်ပြည့်လို့သာ ပင်စင်ယူလိုက်ရတယ်။ အဖေက အရမ်းကျန်းမာပြီး အလုပ်တွေ လုပ်နိုင်သေးတာပေါ့။ ဒါနဲ့ အဖေဟာ ဝမ်းတွင်းတစ်မြို့လုံးကို အင်္ဂလိပ်စာ အခမဲ့ ကျူရှင်သင်ပေးတယ်။ မနက် (၀၆:၀၀) နာရီကစပြီး ဘယ်နှစ်နာရီကနေ ဘယ်နှစ်နာရီအထိ ဘယ်အတန်းဆိုပြီး သတ်မှတ် အင်္ဂလိပ်စာတွေ သင်လာလိုက်တာဟာ တစ်နေကုန် ပါလေရော။ ဒီတော့ ကျွန်တော်လည်း အိမ်မှာ အဖေ အင်္ဂလိပ်စာသင်တာကို အမြဲကြားနေရတာပေါ့။

အဲဒီခေတ်က ၁၉၆၄ နှစ်မှာ လူရည်ချွန်ဆိုတာ ပေါ်တယ်။ အဲဒီ လူရည်ချွန်ရွေးပွဲအတွက် မိတ္ထီလာတစ်ခရိုင်လုံးက မြို့နယ်အလိုက်ရွေးပြီး လွှတ်လိုက်တဲ့ (၉) တန်းကျောင်းသားတွေကို The thing I dislike most ဆိုတဲ့ အင်္ဂလိပ်လို အက်ဆေး တစ်ပုဒ်ပဲ ရေးခိုင်းတယ်။ ကျွန်တော့်ကို သဲတောဝမ်းတွင်းကျောင်းရဲ့ လူရည်ချွန်အဖြစ်ရွေးပြီး လွှတ်လိုက်ပါတယ်။ အဲဒီ အက်ဆေးခေါင်းစဉ်နဲ့ ကျွန်တော်က ကျွန်တော် မကြိုက်ဆုံး အရာဟာ

cLub 18 HOUSE



ဆေးလိပ်သောက်တာ smoking ဆိုပြီး ၆ မျက်နှာရေးပြီး ဖြေလိုက်တယ်။ ဒါနဲ့ ကျွန်တော်အက်ဆေးအရေးကောင်းလို့ ကျွန်တော့်ကို မိတ္ထီလာခရိုင် (၉) တန်း လူရည်ချွန်အဖြစ် အရွေးခံရတယ်။ ကျွန်တော် ၉ တန်းအောင်ပြီး ၁၀ တန်း တက်မယ်လုပ်တော့ ဝမ်းတွင်းတစ်မြို့လုံးမှာ ၁၀ တန်းဖြေမယ့်သူ နှစ်ဆယ် မပြည့်လို့ (၁၀) တန်းဖြေတဲ့စင်တာ မရှိဘူး။ ဆိုလိုတာက သဲတော ဝမ်းတွင်း အထကမှာ (၁၀) တန်း မဖွင့်နိုင်ဘူးပေါ့။ ဒါနဲ့ ကျွန်တော့်ဖေဖေက ဝမ်းတွင်းမြို့နယ် ၁၀ တန်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌလုပ်ပြီး (၁၀) တန်းလုပ်နိုင်အောင် ကြိုးစားတယ်။ ကျွန်တော်ကတော့ ၁၀ တန်းကို မိတ္ထီလာ အထက (၁)မှာ သွားတက်ရတယ်။ ကျွန်တော်က ၉ တန်းအထိ ဝမ်းတွင်းမှာ ဗမာဘာသာတွေ ပဲသင်ခဲ့ရတာဆိုတော့ မိတ္ထီလာ အထက (၁) မှာ ကျွန်တော့်ကို တော်တော်နဲ့ လက်မခံဘူး။ တကယ်တော့ မိတ္ထီလာသွားပြီး ကျောင်းတက်ရမယ် ဆိုကတည်းက ကျွန်တော့်အစ်ကိုကြီးက "ဒီကောင့်ကို ကြိုသင်ထားမှ ဖြစ်မယ် ဆိုပြီး" physics, chemistry, maths အားလုံး all in English ၁၀တန်း course တစ်ခုလုံးကို နွေရာသီမှာ သင်ပေးထားပါတယ်။ မိတ္ထီလာရောက်လို့ ပထမအစမ်း စာမေးပွဲလုပ်တော့ ကျွန်တော်က မြန်မာစာကလွဲလို့ ကျန်တဲ့ဘာသာအားလုံးကို အင်္ဂလိပ်လို ဖြေတယ်။ အဲဒီစာမေးပွဲမှာ ကျွန်တော် first ရတော့မှ မိတ္ထီလာ ကလူတွေ ဝမ်းတွင်းက တက်လာတဲ့ ကျွန်တော့်ကို နည်းနည်း လေးစားသွားကြတယ်။

ကျွန်တော်က ငယ်ငယ်ကတည်းက စာဖတ်ဝါသနာပါတယ်ဆိုတာ ပြောပြီးပြီ၊ ဘယ်လိုစာတွေ ဖတ်တာလည်းဆိုတော့ စာဆိုရင် ကျွန်တော်က အစုံဖတ်တာ၊ မြန်မာစာအုပ်တွေဆိုရင် ဆရာကြီးမြစကြာရေးတဲ့ ရန်ကဝေစာအုပ်တွေကအစ မဟာဆွေ၊ ပီမိုးနင်း၊ ဇန်းမော် တင်အောင်၊ ဂျာနယ်ကျော်မမလေး၊ တင့်တယ်၊ ရန်အောင်၊ တက္ကသိုလ်ဘုန်းနိုင် ရေးတာတွေ အကုန်လုံး ဖတ်တယ်။ ၅ တန်းမှာ တက္ကသိုလ်ဘုန်းနိုင်ရဲ့ သူကျွန်မခံပြီကို ဖတ်ပြီးပြီ။ နောက် ဇန်းမော် တင်အောင်ကိုလည်း ကျွန်တော် အရမ်းကြိုက်တယ်။ ကျွန်တော် အဲလို စာတွေ ဖတ်တာက စာတော်အောင်၊ ဗဟုသုတရအောင် ဆိုတာမျိုး ရည်ရွယ်ချက်နဲ့ ဖတ်တာ မဟုတ်ဘူး။ ထမင်းကို အားရပါးရစားပစ်သလို ဘာရည်ရွယ်ချက်မှ မရှိဘဲ စာတွေကို အငမ်းမရ ဖတ်ချင်တဲ့သဘောနဲ့ ဖတ်တာပါ။ ၁၀ တန်း အောင်ပြီးချိန်မှာ ရှိတ်စပီးယား၊ ချားလ်စ်ဒစ်ကင်း စတဲ့ စာရေးဆရာကြီးတွေရဲ့ English classic စာအုပ်တွေ တော်တော်များများကိုလည်း အဖေရဲ့ ရှင်းလင်း သင်ကြားမှုနဲ့ ဖတ်ပြီးနေပါပြီ။ ခေတ်ပေါ်စာအုပ်တွေထဲကဆိုရင် မာဂရက်မစ် ချယ်ရဲ့

cLub 18 HOUSE

www.burmeseclassic.com

www.burmeseclassic.com



Gone with the wind ဖတ်ပြီးနေပါပြီ။ ဘီဘီစီ အင်္ဂလိပ်သတင်းပြောတာကို နားလည်နေပြီ။ အင်္ဂလိပ်စာကို စိတ်ဝင်စားတော့ သူများတွေထက် အားသာတာပေါ့၊ အဲဒီအချိန် ဝမ်းတွင်းမှာနေတဲ့ကာလမှာ အစ်ကိုကြီး ဦးတင်နွယ် နွေကျောင်းပိတ်လို့ ဝမ်းတွင်းပြန်ရောက်လာရင် နေ့လည် (၁း၀၀) နာရီကနေ ညနေ (၀၄း၀၀) နာရီလောက်အထိ အင်္ဂလိပ်စာအုပ်တွေကို ဖတ်ရတယ်။ အစ်ကိုကြီးကိုကြောက်လို့ ဖတ်ရတာ။ စဉ်းစားကြည့်၊ အညာနွေဆိုတာ ခြစ်ခြစ်တောက် ပူတာ။ ဘာကိုပဲထိထိ ပူနေတာ၊ လေကအစ ပူတယ်၊ အဲလိုအချိန်မှာ အင်္ဂလိပ်စာ ဖတ်ရတာဆိုတော့ တော်တော်ကို ပျင်းစရာကောင်းတာပါ။ ထွက်ပြေးချင်အောင် ပျင်းပါတယ်။ ဒါပေမယ့် ဘာပဲပြောပြော အဲလို အင်္ဂလိပ်စာကို ကြိုးစားအားထုတ် လေ့လာခဲ့တော့ ကိုယ်က အင်္ဂလိပ်စာ အရမ်းအားသာသွားတယ်။

အဲဒါနဲ့ မိတ္ထီလာ အထက (၁) ကနေ ၁၀ တန်းဖြေလိုက်တော့ အမှတ်က အသင့်အတင့် ကောင်းသွားပါတယ်။ ကျွန်တော့်အထက်က အစ်ကိုကြီးက ရန်ကုန်စက်မှုတက္ကသိုလ် တက်တယ်။ အဲတော့ ကျွန်တော်လည်း စက်မှုတက္ကသိုလ် တက်ချင်တယ်လို့ အိမ်ကိုပြောပါတယ်။ ဒါပေမယ့် အမေက မင်း ဆေးကျောင်း တက်ရမယ်ဆိုပြီး ဆုံးဖြတ်ပေးလိုက်တယ်။ မင်း ဆေးကျောင်းတက် ဆိုတော့ဆိုပြီး အိပ်ရာလိပ်ပြင်၊ သံသေတ္တာတစ်လုံးနဲ့ အဝတ်တွေထည့်၊ စားစရာ တွေနဲ့ ငပိကြော်မှုန့် သဲတောဘူတာသွား။ ရထားပေါ်တင်ပေးလိုက်ပြီး မန္တလေး ဆေးတက္ကသိုလ် သွားတက်တော့ဆိုပြီး လွှတ်လိုက်တယ်။

အသက် (၁၆) နှစ်မှာ တစ်ယောက်တည်း ဒီလို တက္ကသိုလ်ကို သွားတက်ခဲ့ရတာပါ။ အဲဒီလိုနဲ့ဆေးကျောင်းသား ဖြစ်လာပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အငယ်တုန်းက ကိုယ့်ကိုယ်ကိုအားကိုးပြီး ကျောင်းနေခဲ့တဲ့ Independent အလေ့အကျင့်တွေကြောင့် ကျောင်းသားဘဝမှာ ကိုယ့်ဟာသာကိုယ် နေတတ်ထိုင်တတ်၊ အများနဲ့ပေါင်းသင်းဆက်ဆံရေး လုပ်နိုင်ပါတယ်။ ငွေရေးကြေးရေးထိန်းနိုင်တယ်၊ ပတ်ဝန်းကျင်နဲ့လည်း သဟဇာတ ဖြစ်အောင် နေတတ်တယ်။ ဆေးကျောင်းဝင်စ၊ စတက်ခါစကတော့ ကျွန်တော့်ရဲ့ ပညာရေးအခြေအနေ သာမန်အဆင့်မှာပါပဲလို့ ပြောရမှာပဲ။ ဒါပေမယ့် ဆေးကျောင်းအတန်းမြင့်လာလေလေ ကျွန်တော့်ရဲ့ position ထိပ်ရောက်လာလေလေတော့ ဖြစ်လာခဲ့ပါတယ်။ ဆေးကျောင်းမှာ ဆရာ ပြောတာတွေကို ကျွန်တော်က notes လုံးဝ လိုက်မရေးဘူး။ နားပဲ ထောင်တယ်။ ပြီးတော့ ဆေးပညာ Text စာအုပ်ကြီးတွေကို ဖတ်တယ်။ အတန်းတစ်တန်းမှာ ၄-၅ ဆယ်အုပ် ဖတ်နိုင်တယ်၊ နောက်တော့ ၁၉၇၂ ခုနှစ်မှာ မန္တလေး





ဆေးတက္ကသိုလ်က ဘွဲ့ရပြီး ဆရာဝန် ဖြစ်လာတာပေါ့။

မေး- နောက်တော့ ဆရာ နိုင်ငံခြားမှာ ပညာသင်ဖြစ်ပုံ၊ အသည်း ရောဂါကို အထူးပြု လေ့လာလိုက်စားပုံတွေကို ပြောပြပါဦး ဆရာ။

ဖြေ- ကျွန်တော်က ၁၉၇၂ မှာ ဆေးကျောင်းပြီးတယ်၊ နောက် မြင်ဦးလှိုင် အမှတ်(၁)အခြေချစစ်ဆေးရုံမှာ အလုပ်သင်ဆရာဝန်လုပ်တယ်။ ပြီးတော့ မန္တလေးပြည်သူ့ဆေးရုံကြီး ဖျားနာဆောင်(၂) မှာ တာဝန်ထမ်းဆောင်တယ်။ အသည်းရောဂါကတော့ ကျွန်တော်က ဝါသနာပါတယ်။ ဒီတော့ မဟာသိပ္ပံ ဆေးပညာဘွဲ့ရပြီးတာနဲ့ ဒီဘာသာရပ်ကိုပဲ တစိုက်မတ်မတ် (specialize) လုပ်ခဲ့တယ်။ ၁၉၈၃ မှာ MRCP (UK) ဘွဲ့ယူဖို့ နိုင်ငံတော်က အင်္ဂလန်လွှတ်တော့ ဘာ,ဘာသာယူမလဲ မေးတဲ့အခါ အသည်းရောဂါအထူးကုကိုပဲ ယူမယ်လို့ပြောခဲ့တယ်။ ဒါနဲ့ အီဒင်ဘာရာရောက်တော့ အသည်းနဲ့ အစာအိမ်လမ်းကြောင်း ဌာနမှာ လုပ်ပါတယ်။ အဲဒီကနေ လန်ဒန်ကို ပြောင်းလာတော့လည်း အသည်း ရောဂါတစ်ခုတည်းကိုပဲ အထူးပြုလေ့လာခဲ့တယ်။ အဲဒီလို အသည်းရောဂါ အထူးကုဘာသာရပ်ကို လေ့လာရင်းနဲ့ပဲ MRCP (UK) ဘွဲ့ရတယ်။ မြန်မာပြည် ပြန်ရောက်တော့ အသည်းရောဂါ ပညာရပ်ကိုပဲ အထူးကု လိုက်စားခဲ့ပါတယ်။ အထူးသဖြင့် အသည်းရောင် အသားဝါကို သေချာလေ့လာတယ်။ အသားဝါ ရောဂါတွေကမှ တစ်ခါ ဘီပိုးနဲ့ စီပိုးကို အထူးပြု လေ့လာလိုက်စားခဲ့တယ်။

အဲဒီလို specialize လုပ် အသေးစိတ်လေ့လာတာနဲ့ ပတ်သက်လို့ ကျွန်တော့်ကို ဝေဖန်တာရှိတယ်။ တချို့က public health လို့ခေါ်တဲ့ ပြည်သူ့ကျန်းမာရေးလုပ်မှ အမြင်ကျယ်တယ်၊ တိုင်းပြည်ချစ်တယ် ထင်ကြတယ်။ ကျွန်တော့်ကို specialize သိပ်လုပ်လွန်းတယ်။ အမြင်ကျဉ်းတယ်လို့ ထင်တယ်။ ကျွန်တော် ကတော့ ဒီလို မထင်ဘူး။

နိုင်ငံတစ်နိုင်ငံမှာ ပြည်သူ့ကျန်းမာရေး Public health ပညာရှင်တွေရှိဖို့ လိုသလို ဘာသာရပ်တစ်ခုခုကို အသေးစိတ်လေ့လာဖောက်ချ လေ့လာတဲ့ ပညာရှင်တွေ ရှိဖို့ဆိုတာလည်း လိုတာပါပဲ၊ အဲဒီလို ကိုယ့်ဘာသာ ရပ်ကို အသေးစိတ် လေ့လာသိရှိထားမှ ကမ္ဘာနဲ့ ရင်ဘောင်တန်း နိုင်မယ်လို့ ထင်ပါတယ်။ အရှေ့တောင် အာရှမှာ ကျွန်တော့်နာမည်ကိုပြောရင် အသည်းပါရဂူ လောကမှာ အားလုံး သိကြပါတယ်။ ကျွန်တော်တို့ အသည်းပညာရပ် နယ်ပယ်မှာဆိုရင် မြင်သစ်မှာရော၊ အမေရိကားမှာပါ ကျွန်တော့်ကို သိကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မေး- ဆရာက ဆေးလည်းကုတယ်။ စာလည်းအရမ်းဖတ်တယ်။ စာလည်း ရေးတယ်။ အခြားဝါသနာပါတာတွေလည်း လုပ်တယ်ဆိုတော့ ဆရာ အလုပ်လုပ်ပုံကိုလည်း ပြောပြပါဦး။

ဖြေ- ကျွန်တော်က ညဘက်မှာ နေရတာကို အရမ်းကြိုက်တယ်၊ ညဘက်ဆို တတာစ်အုပ်ပြီး တစ်အုပ် ဖတ်ဖြစ်တယ်၊ စာဖတ်လို့ ည ၁၁း၀၀ နာရီလောက် ရောက်လို့ တစ်အုပ်ပြီးသွားတယ်ဆိုရင် ဆန့်တင့်ငုံနဲ့ အိပ်လို့မရဘူး။ နောက် တစ်အုပ်ဆက်ဖတ်ရမှ ကျေနပ်ပါတယ်။ ဒါနဲ့ နံနက် ၃း၀၀နာရီလောက်မှ အိပ်ဖြစ်တယ်၊ အိပ်ပြီးနောက်နေ့ နံနက်ဆိုရင်လည်း စောစောပြန်ထတတ်တယ်။

စာရေးတာ ဖြစ်စေ။ စာဖတ်တာဖြစ်စေ ကျွန်တော်က လွတ်လွတ် လပ်လပ်ဖြစ်မှ လုပ်တတ် ရေးတတ်တယ်။ အနှောင်အဖွဲ့ရှိရင် မလုပ်ချင်ဘူး၊ မရေးချင်ဘူး၊ မလုပ်တတ်တော့ဘူး၊ ကျွန်တော့်ကို ပညာပေးဆောင်းပါးအတွက် ရေးပေးပါဆိုပြီး တာဝန်တစ်ရပ်အနေနဲ့ အလုပ်ပေး ရေးခိုင်းရင် အလွယ်တကူ ရေးလို့မရဘူး။ ဒါပေမယ့် ကိုယ်ရေးချင်တာကို လွတ်လွတ်လပ်လပ် ရေးရမယ် ဆိုရင်တော့ ကလောင်ကသွက်ပြီး စာတွေ တစ်မျက်နှာပြီးတစ်မျက်နှာ ပြီးတယ်။ စာရေးပြန်တော့လည်း ရေးမယ်ဆို ထိုင်လိုက်တုန်းက တွေးထားတာ တစ်မျိုး၊ တကယ်ချရေး လိုက်တော့ စိတ်ကူးတွေ လွင့်ပျံ့ပြီး ကလောင်က ဆွဲခေါ်သွားတာနဲ့ ရောက်ချင် ရာရောက်ပြီး တစ်မျိုးတမည် ဖြစ်ချင်ဖြစ်သွားတတ်တယ်။

ကျွန်တော့်စိတ်က ချုပ်ချယ်တာကို မကြိုက်ဘူးဆိုတာ ဆက် ပြောချင်ပါသေးတယ်။ တချို့တွေ ကျန်းမာအောင် အသက်ရှည်အောင်ဆိုပြီး လမ်းလျှောက်နေတာ။ ပြေးနေတာတွေတယ်၊ ဒါမျိုး ကျွန်တော် လုပ်လို့မရဘူး၊ အိမ်မှာဆိုရင် ပြေးဖို့ဆိုပြီး တော်တော် ဈေးပေးရတဲ့ ပြေးစက်ကြီး ဝယ်ထားတယ်၊ ဒါပေမယ့် နုထက်ထိတော့ အဝတ် လှမ်း၊ ပစ္စည်းတင် ဖြစ်နေတုန်းပဲ။ အသက်ရှည်အောင်ဆိုပြီး တာဝန်ကြီးအနေနဲ့ ပြေးရတာကို လုပ်လို့မရဘူး။ ဂေါက်သီးရိုက်တာတော့ ဝါသနာပါပြီး အရမ်း ရိုက်ဖြစ်ပါတယ်။ ဒါပေမယ့် အသက်ရှည်အောင်၊ ကျန်းမာအောင် ဂေါက်သီး ရိုက်ပါလို့ညွှန်ကြားရင် ကျွန်တော် ရိုက်လို့ရမှာ မဟုတ်ဘူး။ ကျွန်တော့် စိတ် သဘောထားနဲ့ လုပ်ချင်တာကိုလုပ်ရမှ လုပ်လို့ရတယ်။

လက်ရှိပုံမှန် ကျွန်တော့်ရဲ့ တစ်နေ့တာ schedule ကို ပြောရမယ်ဆိုရင် မနက် (၅)နာရီ ထတယ်၊ (၅း၃၀) နာရီ အိမ်ကထွက်ပြီး (၆) နာရီ ဂေါက်သီး စရိုက်တယ်၊ မနက် (၈း၁၅) နာရီလောက် ပြီးတယ်၊ ပြီးတာနဲ့ အလုပ်ဆင်း။ ဆေးခန်းတွေသွား။ အလုပ်တွေ ဆက်တိုက်လုပ်တော့ ည (၉း၀၀)



နာရီလောက်မှာ လုပ်ငန်းတွေအားလုံး ပြီးတယ်၊ အဲဒီကနေ ထိုင်ပြီး စာရေးလိုက်ရင် ည (၁၂း၀၀) နာရီ (၁း၀၀) နာရီ၊ အိပ်ပြန်ရောက်တော့ ညစာစား။ အိပ်ယာဝင်ရင် ည (၁း၀၀) နာရီ အစောဆုံးပဲ။ နောက်တစ်နေ့ မနက် (၅း၀၀) နာရီပြန်ထ၊ ဒီလိုနဲ့ပဲ တစ်နေ့ ပြန်စပြန်ရော။ ကျွန်တော့်ရဲ့ အိပ်ချိန်ဟာ တော်တော်လေး နည်းပါတယ်။ အလုပ်ရှုပ်သွားရင် ထမင်းစားချိန်မရှိဘူး၊ လောကကြီးမှာ ကိုယ်လုပ်ချင်တာတွေဟာ သိပ်များနေတော့ အိပ်ချိန်နဲ့ စားချိန် လျှော့ရတာပေါ့။ ဒါပေမယ့် အဲဒီလို လုပ်နေရတာဟာ ကျွန်တော့်အတွက် stress မဟုတ်ဘူး၊ အလုပ်တွေလုပ်နေရတာကို ပျော်နေတာ၊ The day you are tried of what you are doing, that is the beginning of the neverous breakdown. ဆိုတာဟာ ကျွန်တော့်ရဲ့ ခံယူချက်ပဲ။ ဆိုလိုတာက ကိုယ်လုပ်ရတာ မပျော်တော့ ဘူးဆိုတဲ့နေ့ဟာ ကိုယ့်ရဲ့ စိတ်ဓာတ်ကျဆုံးခန်းပဲတဲ့။

မေး- ဆရာပြောတဲ့ အထဲမှာ ဆရာဟာ ဝတ္ထုတွေ အများကြီး ဖတ်ခဲ့တယ်လို့ ဆိုတယ်။ ဒီတော့ အဲဒီဝတ္ထုဇာတ်ကောင်တွေထဲမှာ ဆရာကြိုက်ခဲ့တဲ့ ဇာတ်ကောင်တွေ။ နောက် ဆရာ့ကို လွှမ်းမိုးတဲ့ ဇာတ်ကောင်တွေ မရှိခဲ့ဘူးလား။

ဖြေ- ကျွန်တော်က ဝတ္ထုမှန်သမျှ အကုန်လိုက်ဖတ်ပေမယ့် ကျွန်တော် အကြိုက်ဆုံး စာရေးဆရာနှစ်ယောက်ကတော့ တက္ကသိုလ်ဘုန်းနိုင်နဲ့ ဖန်းမော်တင်အောင်။ တက္ကသိုလ်ဘုန်းနိုင် ဝတ္ထုတွေဖတ်ပြီးရင် တက္ကသိုလ်ဆိုတဲ့ atmosphere ကို ကွင်းကွင်းကွက်ကွက် မြင်လာရတယ်၊ အဓိပတိလမ်း၊ အင်းယားကန်၊ စိန်ပန်းပင်တွေပါတဲ့ တက္ကသိုလ်ဆိုတဲ့ စိတ်ကူးယဉ်အိပ်မက်ကြီးကို အလယ်တန်းကျောင်းသား လောက်ကတည်းကကို အများကြီးခံစားခဲ့ရတယ်။ ဖန်းမော်တင်အောင်ရဲ့ ဝတ္ထုထဲကဆိုရင် ဒေါက်တာရေချမ်းဆိုတဲ့ ဇာတ်ကောင်ကို အရမ်းသဘောကျတယ်။ ကျွန်တော် စိတ်ဝင်စားစရာ နယ်ပယ်ကလည်း စာဖတ်တာ တင်မကဘူး ဟိုဟိုဒီဒီ စိတ်ဝင်စားတာတွေ နည်းနည်းများတယ်။

ကျွန်တော်က CNN, BBC လို ကမ္ဘာ့သတင်းချန်နယ်တွေကို နေ့တိုင်းကြည့်တယ်။ သမ္မတကလင်တန်ရဲ့ Union Day Speech 'Live' ဆိုရင် ကျွန်တော်ပြီးတဲ့အထိ နားထောင်တယ်။ ဒိုင်ယာနာမင်းသမီး သေတုန်းကဆိုရင် သူ့အလောင်း လန်ဒန်ပြန် ရောက်တဲ့အထိ တီဗွီ ၂ လုံးနဲ့ ထိုင်ကြည့်တယ်။ Tiger wood ကိုလည်းကြိုက်တယ်၊ အဲဒီအပြင် Time, Newsweek, Reader's Digest အကုန်ဖတ်တယ်။ အလင်းတန်း၊ အချစ်ဂျာနယ်၊ voice တွေသမျှတွေ

www.burmeseclassic.com

www.burmeseclassic.com



စာတွေလည်း အကုန်ဖတ်တယ်၊ ကျွန်တော့် ပြဿနာက ဘာမဆို အကုန်စိတ်ဝင်စားသလို ဖြစ်နေတယ်။ အင်္ဂလိပ်လို ပြောရရင် I have my finger in too many pies.ပေါ့၊ ခုဆို ဒီမိုကရက်တစ်ပါတီက သမ္မတလောင်း နှစ်ယောက်ဖြစ်တဲ့ ဟီလာရီနဲ့ အိုဘားမား တိုက်ကြတာကို ကျွန်တော် စိတ်ဝင်တစား စောင့်ကြည့်တာ လုပ်နေတယ်။ သူတို့ ဘယ်ပြည်နယ်မှာ ဘယ်သူက မဲဘယ်လောက်ရကြတယ်။ ဟီလာရီက ဘာပြောပြီး ဟိုက ဘာပြန်ပြောသလဲ၊ သတင်းထောက်တွေ မေးခွန်းမေးတဲ့အခါမှာ weak point ကိုချောင်းပိတ်မေးရင် အဲဒါကို သမ္မတတွေက ဘယ်လို ပြန်ဖြေသလဲဆိုတာ သေချာ နားထောင်တယ်။ သူတို့ဖြေတာတွေထဲ သဘောကျစရာတွေကို မှတ်တယ်၊ Time မဂ္ဂဇင်းမှာနောက်ဆုံး စာမျက်နှာမှာ ပါလေ့ရှိတဲ့ Time essay ဆို တာကို ကျွန်တော် အမြဲဖတ်တယ်။ အဲဒီ Time essay ဆိုတာဟာ မဂ္ဂဇင်း တစ်ခုလုံးထဲမှာ ကျွန်တော့်အတွက် အနှစ်သာရပဲ။

မေး- ဆိုတော့ ဆရာဖြတ်သန်းခဲ့ရတာတွေထဲမှာ အမှတ်ရစရာလေးတွေ ရှိရင် ပြောပြပါဦး ဆရာ။

ဖြေ- ဒီလို မှတ်လောက်သားလောက် ဆေးကုသရာမှာ တွေ့ရတဲ့ အဖြစ်အပျက်လေးတစ်ခုကိုတော့ ကျွန်တော့်မှာ ဓာတ်ပုံမှတ်တမ်းရှိတယ်။ တစ်ခါက ၄ နှစ်သား ကလေးတစ်ယောက်၊ တစ်လက်မခွဲ သံမှိုတစ်ချောင်းကို သူ့အမေရှေ့မှာတင် မြိုချလိုက်တယ်။ ဒါနဲ့ ကလေးကို ဆေးရုံကိုသွားပြတော့ ဟိုမှာ ဓါတ်မှန် ရိုက်တော့ သံမှိုကို မတွေ့ဘူး။ နောက် ကလေးသွားတဲ့ ဝမ်းကို နေ့တိုင်းခံပြီး စစ်တာလည်း သံမှို မတွေ့ဘူး။ ဒါနဲ့ ကလေးအမေကို ဘာမဟုတ်တာတွေလာပြောနေတယ်ဆိုပြီး ငေါက်တယ်။ ကလေးကို ဆေးရုံက ဆင်းပေးလိုက်တယ်။ သူ့အဖွားကတော့ သူ့မြေး တကယ် သံမှိုမြိုချတာပဲဆိုပြီး ဖြစ်နေတာဆိုပြီး ကျွန်တော့်ဆီကို ခေါ်လာပြီး လာပြပြန်ပါတယ်။ ကျွန်တော့်အခန်းထဲရောက်တော့ ကလေးက ကျန်းမာလန်းဆန်းနေပြီး ကလေးသဘာဝ တောင်ခုန် မြောက်ခုန်၊ ခုန်ပေါက် ဆော့ကစားနေတယ်။ ကျွန်တော်ကတော့ ကျွန်တော့်ကို အရမ်းအားကိုးပြီး လာပြတာဆိုတော့ ဒီပြဿနာကို ငါဖြေရှင်းပေးရမယ်ဆိုပြီး အဖြေမှန်ရဖို့ သေချာ စဉ်းစားရတယ်။ အဲဒီအချိန်မှာ ကလေးက ချောင်းတစ်ချက်လောက် ဆိုးလိုက်တော့ ကျွန်တော် အိုင်ဒီယာရသွားပြီ။ ချက်ချင်းပဲ ကလေးကို အဆုတ်ဓာတ်မှန် ရိုက်ကြည့်တဲ့အခါ မြိုလိုက်တဲ့ သံက အစာအိမ်ထဲမရောက်ဘဲ အဆုတ်ထဲမှာ သွားတစ်နေတာကို တွေ့ရတယ်။ ဒါနဲ့ ဆေးရုံကို ဓာတ်မှန်ပြန်သွားပြတော့





တောင်းပန်ပြီး သံမှိုကို မှန်ပြောင်းနဲ့ ပြန်ခွဲထုတ်ပေးလိုက်တဲ့အခါ တစ်လက်မခွဲ အတိ သံမှိုကြီး ထွက်လာပါတယ်။ ကိုယ်က ဒီလိုလုပ်ပေးနိုင်ပြီး အသက်တစ်ချောင်းကို ကယ်နိုင်တော့ ကြည်နူးရတာပေါ့။ ဆေးကုတာရဲ့ အနှစ်သာရက ဒါပါပဲ။

နောက် ပြောချင်တာတစ်ခုကတော့ ဆရာဝန်တွေ အမြဲ ရင်ဆိုင်ရမယ့် ပြဿနာတစ်ခုပါ။ ဖြစ်ရပ်မှန်တစ်ခုကို ပြောပြချင်ပါတယ်။ လူနာတစ်ယောက်ဟာ ပုဂ္ဂလိက ဆေးရုံတစ်ခုမှာ တက်နေပါတယ်။ သူ့ရဲ့ အခြေအနေ တော်တော်ဆိုးတယ်။ အဲဒါကို ဆရာဝန်တစ်ယောက်က အခြားရောဂါတစ်ခုအနေနဲ့ ကုနေတယ်။ ဒီတော့ကျွန်တော်လည်း မတတ်နိုင်တော့ဘူး ဝင်ပြောရတော့တယ်။ အဲဒီလူနာကို ဆင်းခဲ့တော့။ ဆေးရုံပြောင်းပြီး ကုပေးမယ်။ ခွဲသင့်ရင်ခွဲမယ်ဆိုပြီး ခွဲစိတ်ဆရာတစ်ယောက်နဲ့ ပြခွဲလိုက်တော့ အူအတက်က ပေါက်နေပြီ။ ဒါပေမယ့် အချိန်မီသေးတော့ လူနာအသက်ရှင်သွားတယ်။ အဲလို ဆရာဝန်တစ်ယောက်ကုနေတဲ့လူနာကို ကိုယ်က ကြားဖြတ်ဝင် အကြံဉာဏ်ပေးပြီး ပြောင်းကုနိုင်းရတာဟာ ဆရာဝန်ချင်းထားရမယ့် ကျင့်ဝတ် Ethic ကို ကျွန်တော် ချိုးဖောက်လိုက်တာပါ။ ဒါပေမယ့် ကျွန်တော်ဟာ ဆရာဝန်တွေ ကတိပြုထားတဲ့ အဓိဋ္ဌာန် Oath ကိုတော့ လိုက်နာခဲ့တယ်။ အဲဒီ Oath ကျမ်းကျိန် အဓိဋ္ဌာန်ပြုထားတာကတော့ ဆရာဝန်တစ်ယောက်ဟာ လူနာကို အသက်ကယ်ရမယ်ဆိုတာ ဦးစားပေးဆိုတာပါ။ ငါ့ကို အထင်လွဲချင်လွဲ၊ ဆရာဝန်တွေရဲ့ လူနာအသက်ကို ကယ်ရမယ်ဆိုတဲ့ Oath အတွက် လူနာကို ကယ်ဖို့အတွက် ငါဟာ ဆရာဝန်ချင်း ထားရမယ့် Ethic စည်းကမ်းကို ချိုးဖောက်ခဲ့ရတယ်ဆိုတာ အမှတ်တရ ဖြစ်ရပ်လေးပါ။

မေး- ဆရာက နိုင်ငံခြားခရီးလည်း မကြာခဏ ထွက်ဖြစ်သူဆိုတော့ မြန်မာလူမျိုးတစ်ယောက်အနေနဲ့ နိုင်ငံခြားသားတွေနဲ့ ဆက်ဆံရပုံတွေကို ပြောပြပါဦး။

ဖြေ- ကျွန်တော် လန်ဒန်ကို ပထမဦးဆုံးအကြိမ် သွားတုန်းက ကြိမ်ခြင်းကြီး ဆွဲပြီး ပညာသင်ဖို့ သွားတာပဲ။ ဘာကြောက်စိတ် မိုးရိမ်စိတ်မှမရှိဘူး။ လူငယ်တွေကို ပြောချင်တာက နိုင်ငံခြားမှာရောက်လည်း ကိုယ်က မှန်တယ်ထင်တာကို ပြောရဲလုပ်ရဲရမယ်။ ကျွန်တော် အမေရိကားကို တစ်ခေါက်ထွက်တုန်းက ဗန်ကောက်လေဆိပ်မှာ ဂျပန်ကို ပညာတော်သင်သွားမယ့် မြန်မာအင်ဂျင်နီယာ (၃) ယောက်နဲ့တွေ့တယ်။ သူတို့ လေယာဉ်လက်မှတ်တွေက အထက်တန်း ဘီ စနက်(စ်) ကလပ်စ်ကစီးဖို့ စီစဉ်ပေးထားတယ်။ ဒါပေမယ့် ဗန်ကောက်လေဆိပ် အဲလိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်တာက သူတို့အတွက် အထက်တန်းမှာ နေရာမရှိဘူးလို့ ပြောနေတာ တွေ့ရတယ်။ သူတို့ကတော့ အထက်တန်းမရလည်း ရိုးရိုးတန်းပဲ စီးရမှာပေါ့လို့ ပြောတယ်။ ဒါနဲ့ ကျွန်တော်က မနေနိုင်လို့ မင်းတို့ အထက်တန်းစီးရမှာဟာ မင်းတို့ရဲ့ အခွင့်အရေးပဲ။ ငါပြောပေးမယ်ဆိုတော့ အဲဒီ အင်ဂျင်နီယာလေးတွေက စိုးရိမ်တကြီးနဲ့ အဲဒါကို မလုပ်ပါနဲ့တဲ့။ သူတို့က အဲလို သွားပြောလိုက်ရင် အဲယားလိုင်း ကောင်တာက တစ်မျိုးများ လုပ်ပစ်မလားဆိုတာကို စိတ်ပူနေတယ်။ အဲဒီတော့ သူတို့ကို သေချာရှင်းပြရတယ်၊ ရိုးရိုးတန်းနဲ့ အထက်တန်း တခြားစီ။ ဒါ ကိုယ့်အခွင့်အရေး။ ရန်ကုန်ကထုတ်ပေးတဲ့ လက်မှတ်မှာ ဘိစိစ် နက်စ်ကလပ်က OK သေချာရေးထားတာ။ မဟုတ်တာပြောတာလည်း မဟုတ်ဘူး။ ကိုယ့် အခွင့်အရေးကို ရအောင်တောင်းရမယ်။ ပြောရမယ်လို့ သူတို့ကို နားဝင်အောင် ပြောရပါတယ်။ ဒါနဲ့ အဲယားလိုင်းကောင်တာကို ကျွန်တော် ဖွင့်ပြောတော့ နောက်ဆုံး သူတို့အတွက် အထက်တန်းလက်မှတ် ရသွားပါတယ်။ ဒီဖြစ်ရပ်ကို ဆန်းစစ် ကြည့်မယ်ဆိုရင် ဒီလို ဖြစ်ရတာဟာ သူတို့တွေရဲ့ အင်္ဂလိပ်စကား မကျွမ်းကျင်မှု ကြောင့် မပြောရဲတာလို့ သုံးသပ်ရပါတယ်။

ဒါမျိုး နောက်ဖြစ်ရပ်တစ်ခု ပြောပြချင်ပါသေးတယ်။ ကျွန်တော် တစ်ခါက အမေရိကန် အသည်းရောဂါအစည်းအဝေးတက်ပြီး ဒါးလက်စ်ကနေ ဆန်ဖရန်စစ္စကိုကို အမေရိကန် အဲလိုင်းကနေ ပြန်လာတယ်။ အမေရိကန် အဲလိုင်းက ဒါးလက်စ်ကနေ ထွက်တာ 5 hour delay (၅) နာရီနောက်ကျတော့ ကျွန်တော် ဆန်ဖရန်စစ္စကို ကို ရောက်တဲ့အချိန်မှာ ဗန်ကောက်ကို ဆက်ထွက်ဖို့ လေယာဉ်ပျံကြီးကို လွတ်သွားရော။ ဒီကိစ္စမှာ သူတို့အဲလိုင်းမှာ တာဝန်ရှိတဲ့ အတွက် ကျွန်တော့်ကို တာဝန်ယူပေးဖို့၊ ကျွန်တော် နေဖို့၊ ထိုင်ဖို့ စားဖို့ စီစဉ်ပေး ရမယ်ဆိုပြီး အရေးဆိုတယ်။ ဒီညတည်းဖို့ ငါ့ကို ဘယ်မှာ ထားပေးမလဲ၊ ဒီကြား ထဲ ငါဘာစားရမလဲ။ ဟော်တယ်ကို ငါ ဘာနဲ့သွားရမလဲ၊ လေကြောင်းလိုင်း ကောင်တာမှာ အကြီးအကျယ် ငြင်းခုံပြီး တောင်းဆိုရတာ၊ ပထမတော့ သူတို့က ဘယ်လိုပြောလဲဆိုတော့ ငါတို့က domestic လေကြောင်းလိုင်း၊ မင်းလွတ်သွားတဲ့ လေယာဉ်ကြီးက International flight ပဲ၊ ငါတို့နဲ့ ဘာမှ မဆိုင်ဘူးဆိုပြီး ဖွင့်ငြင်းတယ်။ ကျွန်တော်ကလည်း လုံးဝမလျှော့ဘဲ အတင်းပြောတော့ နောက်ဆုံး သူတို့ဘက်က ချို့ယွင်းချက်ဖြစ်နေတာဆိုတော့ သူတို့ ကျွန်တော့် တောင်းဆိုချက်ကို လိုက်လျောရတယ်။ လေကြောင်းလိုင်းရဲ့ စရိတ်နဲ့ ဆန်ဖရန်စစ္စကိုမှာ နှစ်ညအိပ် နေခဲ့ရတယ်။ ကိုယ်ကသာ အင်္ဂလိပ်စာ မကျွမ်းကျင်လို့ ဒါမှမဟုတ်လို့ မြန်မာပီပီ အားနာလို့ အလျှော့ပေးခဲ့ရင် ကိုယ်ရမယ့် အခွင့်အရေးတွေ



ဆုံးရှုံးကုန်လိမ့်မယ်ဆိုတာ ပြောချင်တာပါ။ ဒီလို ပြောနိုင်ဆိုနိုင် အရေးဆိုနိုင်ဖို့ အတွက် ကိုယ့်အခွင့်အရေးတွေကို ကိုယ်သိရမယ်။ မြန်မာတွေ နိုင်ငံခြားမှာ သတ္တိရှိဖို့ မကြောက်တတ်ဖို့လိုတယ်။ နောက်ပြီးတော့ အင်္ဂလိပ်စကားပြောတာ ကျွမ်းကျင်ဖို့ ကလည်း အတော် အရေးပါတယ်။ ကျွန်တော်တို့ဆီက လူတွေက အင်္ဂလိပ်စာ၊ စကားမကျွမ်းကျင်မှုတော့ နိုင်ငံခြားရောက်ရင် မပြောရဲ မဆိုရဲဘူး ဖြစ်နေတာပေါ့၊ ဒီလိုမဖြစ်ဖို့ နိုင်ငံခြားသွားမယ့် မြန်မာလူငယ်တွေ အင်္ဂလိပ်စာ တော်အောင် ကြိုးစားဖို့ သိပ်ကို လိုပါတယ်။

ကိုယ့်အခွင့်အရေး ကိုယ်သိဖို့ဆိုတာတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ထပ်ပြော ရဦးမယ်၊ ကျွန်တော်နဲ့ ကျွန်တော့်သမီးကြီး မင်းမင်းဝင်းကို စင်ကာပူ national cancer centre က ရာထူးအကြီးဆုံး director ဖြစ်တဲ့ Prof.Soo က ရပ်ဖယ်လ် ဟိုတယ်ကြီးမှာ ညစာနဲ့ ဧည့်ခံတယ်။ ဒင်နာစားပြီးတော့ ကော်ပြန့်လေး တစ်ချောင်း ပိုနေတယ်။ Prof. Sooက ဒါလေး ပါဆယ်ယူသွားဖို့ ထုတ်ပေးပါဆိုပြီး စားပွဲထိုး ကိုမှာတယ်။ အဲဒီမှာ သမီးက ရှက်ပုံပေါ်တယ်၊ သူက မြန်မာကိုး။ အဲဒီတော့ Prof. Soo က သမီးကြီး ရှက်နေတာကို ရိပ်မိပြီး ရှင်းပြရတယ်။ “မင်းမင်း ကမ္ဘာပေါ်မှာ အစားအသောက်အတွက် လူတွေ စစ်တောင် ဖြစ်ကြရတာ။ ဒါကြောင့် စားစရာမှန်သမျှ ဘယ်ဟာကိုမှ အလေအလွင့် မဖြစ်စေသင့်ဘူး။ နောက်ပြီး အခုထုတ်ခိုင်းတာက ငွေပေးပြီးသားလေ၊ ဒီ ကော်ပြန့်တစ်ချောင်းကို ထုတ်ခိုင်းတာဟာ ရှက်စရာမဟုတ်ဘူး” လို့ အကြီးအကျယ် ရှင်းပြပါတယ်။ ကျွန်တော်တို့ ဆိုလိုတာက နိုင်ငံခြားမှာ aggressive ဖြစ်ဖို့ ပြောတာ မဟုတ်ဘူး။ မဟုတ်တာတွေလုပ်ဖို့ ပြောတာလည်း မဟုတ်ဘူး၊ လုပ်သင့်လုပ်ထိုက်တာကို လုပ်ဖို့။ ကိုယ့်ရဲ့ ရပိုင် ခွင့်တွေထဲက လုပ်စရာရှိတာတွေလုပ်တာကို မရှက်သင့်တာ မရှက်ဖို့ ပြောနေ တာပါ။

မေး- တစ်ဆက်တည်းပေါ့။ ဆရာ ငယ်စဉ်တုန်းကအကြောင်းတွေကိုတော့ သိရပါပြီ။ လက်ရှိ ဆရာလည်း သားသမီးတွေ ရှိနေသူဆိုတော့ သူတို့ကို ဘယ်လို မြုစုပျိုးထောင်နေပါသလဲ ဆရာ။

ဖြေ- ခေတ်ကပြောင်းသွားပြီဆိုတော့ မိဘ သားသမီး ဆက်ဆံရေးဟာလည်း ပြောင်းကုန်ပြီ။ ကျွန်တော့်သား “အဖေတို့ခေတ်နဲ့ သားတို့ခေတ်က ကွာသွားပြီ။ အဖေတို့တုန်းက ကွန်ပျူတာ၊ DVD ဗီဒီယိုဆိုတာတွေမှ မရှိတာတဲ့။ ခုခေတ်မှာ တော့ information flow က သိပ်ကို ကောင်းလွန်းနေပြီ” လို့ ပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့တုန်းကနဲ့ သားတို့ခေတ် နှိုင်းယှဉ်ရင် စနစ်ရော ခေတ်ရော ပြောင်းသွားတဲ့အတွက် ပြောင်းလဲမှုတွေနဲ့ ကိုက်ညီအောင် ကျွန်တော့် သားသမီးတွေ အပေါ်မှာ ဘာကိုမှ ချုပ်ချယ်မထားဘူး။ သူတို့ ကြိုက်တာ လုပ်ခွင့်ပေးထားတယ်။ ဒါပေမယ့် လောကမှာ သိသင့်တာ၊ လုပ်သင့်တာတွေကို သိဖို့၊ လုပ်တတ်ဖို့၊ သူတို့ အမှန်အတိုင်း မြင်တတ်လာအောင်တော့၊ သဘောပေါက်လာအောင် တော့ အဖေတစ်ယောက်အနေနဲ့ ကျွန်တော် ကြိုးစားပေးပါတယ်။

သားသမီး တွေကို ကိုလိုချင်တဲ့ ပုံစံဝင်အောင် ပြောင်းလဲမှုတစ်ခုခု ဖြစ်အောင်လုပ်တဲ့အခါမှာ သူတို့ရဲ့ attitude ကို ပြောင်းဖို့ လုပ်ရတာက အခက်ဆုံးပါပဲ။ ဒီတော့ သူတို့ ကိုယ့်ဘာသာကိုယ် တကယ် နားလည်လာပြီး ကျွန်တော် ဖြစ်စေချင်သလို ဖြစ်လာအောင်၊ သဘောပေါက်လာအောင်ဆိုပြီး ကျွန်တော် နိုင်ငံခြားသွားရင် ကျွန်တော့် သားသမီးတွေကို ခေါ်သွားတယ်။ သူတို့ကို လူတွေနဲ့ ဆက်ဆံတတ်အောင်၊ ရင့်ကျက်လာအောင် မသိမသာ သင်ပေးတယ်။ ကျွန်တော့် သားလေးဟာ အခု အမေရိကန်မှာကျောင်းတက်နေပါတယ်။ ဒါနဲ့ သူ အမေရိကန် မသွားခင်ကတည်းက သူ့ကို ပြောရတယ်။ သားလေး အမေရိကန်ဆိုတိုင်း ကပ္ပလီတွေ ဝုန်းဒိုင်းကြဲနေ၊ မိုက်နေတဲ့ အခြေအနေမျိုး မဟုတ်ဘူး၊ ဒီလိုပဲ ဟောင်ကောင်ဆိုရင် ကျွန်တော်တို့ ရုပ်ရှင်ထဲမှာမြင်တာ သေနတ်တကားကားနဲ့ ပစ်ခတ်နေတာ၊ တကယ်တော့ ဒီလို မဟုတ်ဘူး၊ ဟောင်ကောင်မှာလည်း ယဉ်ကျေးတဲ့လူတွေ အများကြီးရှိတယ်။

လူတွေဆိုတာ ဘယ်မှာပဲဖြစ်ဖြစ် သူ့အတန်းအစားနဲ့သူ ရှိတယ်။ ကျွန်တော့် သားလေးကို ဒီလိုသဘောတရားတွေ နားလည်အောင် ရှင်းပြရတယ်။ တခါက ပြင်သစ်ကိုခေါ်သွားပါတယ်။ ကျွန်တော့်မိတ်ဆွေ ပရော်ဖက်ဆာ တစ်ယောက်က ကျွန်တော်တို့ သားအဖနှစ်ယောက်ကို ဗာဆိုင်းနန်းတော်ကို ခေါ်သွားပြီး တစ်နေကုန် လှေ့လာနိုင်းတယ်။ အဲဒီ ပရော်ဖက်ဆာအိမ်မှာ တီဗွီ မရှိဘူး။ သူတို့က တီဗီကလာတာတွေ မကြည့်တဲ့၊ သူတို့ ဗေသိုဗင်နဲ့ မိုးဇက်တို့လို ဂန္တဝင်ဂီတ သံစဉ်တွေကိုပဲ နားထောင်တယ်။ အဲလို လူတန်းစားတွေ ရှိသလို ပြင်သစ်မြေအောက် ရထားပေါ်မှာ သူစားနေတဲ့ ရေခဲမုန့်ကို လုစားသွားတာ ခံရတယ်။ သားလေးနောက်ကို တကောက်ကောက်လိုက်တဲ့ လူလိမ်တွေကို တွေ့ခဲ့တယ်။ ဒါကြောင့် လူတွေ အဆင့်အတန်း ဘယ်လို ကွဲပြားကြတယ်ဆိုတာ ကို သားလေး သဘောပေါက်အောင် စဉ်းစားနိုင်းတယ်။

သားသမီးတွေကို တိုက်ရိုက် ဆုံးမရတာမျိုး တတ်နိုင်သလောက်

cLub 18 cre...e HOUSE



ကျွန်တော်မလုပ်ဘူး၊ အတုံးလိုက် အတစ်လိုက် ပြောဆိုဆုံးမတာမျိုးလည်း မလုပ်ဘူး။

ခုခေတ်လူငယ်တွေကို အဲဒီလို တဲ့တိုးပြော၊ ပညာပေးဆုံးမလို့ မရတော့ဘူး။ Global village ခေတ်ဆိုတော့ ခေတ်လူငယ်တွေရဲ့ အတွေးအခေါ်တွေဟာ အရမ်းပွင့်ပြီး ပြောင်းလဲသွားပြီ။ ဟိုတုန်းက ကျွန်တော့် ဖေဖေတို့ မေမေတို့က ကျွန်တော့်ကို ဆုံးမခဲ့သလို ကျွန်တော့် သားသမီးတွေကို ပြောဆိုဆုံးမလို့ရမှာ မဟုတ်တော့ပါဘူး။

လူငယ်တွေကို ဆုံးမတာမှာ သူတို့ရဲ့ ချို့ယွင်းချက်တွေ၊ အပြစ်တွေ ကိုပဲပြောနေရင် resistance ဆိုတဲ့ ခုခံမှု ပြန်ပြောတာတွေနဲ့ တွေ့ရမှာပါပဲ။ ဒါကြောင့် သူတို့လေးတွေရဲ့ အတွေးအခေါ်၊ အယူအဆ attitude ကိုပြောင်းဖို့ သားသမီးတွေကို ဆက်ဆံရာမှာ အရင်ကနဲ့စာရင် အရမ်းသိမ်မွေ့ဖို့ ပိုပြီးလိုလာတယ်။ ဒါကြောင့် သူတို့ကို နူးနူးညံ့ညံ့နဲ့ ကျွန်တော် အုပ်ချုပ်တယ်။ ဒီနည်းနဲ့ မသိမသာ ပြုပြင်ဆုံးမပြီး ကျွန်တော် သားလေးတစ်ယောက်တည်း အမေရိကားမှာ ကျောင်းတက်ဖို့ ထားခဲ့ရတယ်။ သူ့ဘာသာသူ နေတတ်၊ ထိုင်တတ်၊ သွားတတ်အောင် ပြောပြခဲ့ရတယ်။ မင်း ဒီလိုလုပ်ရမယ်၊ ဟိုလို လုပ်ရမယ်တော့ တိုက်ရိုက်ကြီး မပြောပါဘူး။ အခုတော့ မဆိုးဘူးလို့ ပြောရပါမယ်။ သူ့ဘာသာ သူလေး အဆင်ပြေပြေ နေတတ်သွားဖို့က အဓိကပါ။

ခေတ်က ပြောင်းသွားပြီ ဆိုတော့ မိသားစုဆက်ဆံရေးပုံစံကိုလည်း လိုက်လျောညီထွေ ပြောင်းလဲဖို့ လိုပါ လိမ့်မယ်။ သားသမီး ဆက်ဆံဆုံးမရေးစနစ်ကို အပြောင်းအလဲမရှိ ရှေးရိုးအတိုင်း ဆော်ပလော် ချည့်ခံဆို ကြိမ်နဲ့ရိုက်နှက်မယ်ဆိုရင်တော့ အဆင်ပြေမှာ မဟုတ်ပါဘူး။ ဒါကြောင့် ကျွန်တော်ကတော့ ကျွန်တော့် သားသမီး တွေကို မွေးကတည်းက လက်ဖျားနဲ့တောင် မတို့ဘူး။ ကလေးတွေကို ရိုက်တာ ကျွန်တော် အရမ်းမုန်းတယ်။ ကလေးတွေကို နှိပ်စက်တာမြင်ရင် ရုပ်ရှင်ထဲမှာ ကြည့်ရတာတောင် အရမ်းမုန်းတယ်။ ဒါမျိုး ကျွန်တော်မကြည့်ရက်ဘူး။

မေး- ဆရာ့အနေနဲ့ ဒီနေ့ခေတ်လူငယ်တွေကို ဘယ်လို လမ်းညွှန်ချင်သလဲ။

ဖြေ- ယနေ့ မြန်မာလူငယ်တွေ Independent ဖြစ်ဖို့ အလူးလိုပါတယ်လို့ ပြောချင်ပါတယ်။ Independent ဆိုတာ မြန်မာလိုဆိုရင် ကိုယ့်ကိုယ်ကို ထိန်းသိမ်းစောင့်ရှောက် လုပ်ကိုင်နိုင်တဲ့ အရည်အချင်းရှိဖို့လို့ ပြောရမှာပေါ့၊ ရှေ့မှာ ပြောခဲ့သလို ကျွန်တော်တို့တုန်းက (၅) တန်းမှာ တောထဲကို camping သွား တယ်။ ၁၀ တန်းအောင်ပြီးတော့ တက္ကသိုလ်သွားတက်ဖို့ဆိုရင် မိဘက ဘူတာမှာ ရထားပေါ်

cLub 18 cre... HOUSE

www.burmeseclassic.com

www.burmeseclassic.com



တင်ပေးလိုက်တာပဲ။ လန်ဒန်သွားတယ်ဆိုတော့လည်း ဒီအတိုင်း ထွက်သွားလိုက်တာပဲ။

ကျွန်တော် အလုပ်ဝင်ခါစ ဆရာဝန်ပေါက်စဘဝတုန်းက ကျွန်တော့်ရဲ့ ဆရာမကြီးက မင်း ရန်ကုန်သွား စာတမ်းသွားဖတ်ဆိုတော့ မြန်မာနိုင်ငံ ဆရာဝန်အသင်း နှစ်ပတ်လည်ညီလာခံ၊ ပရော်ဖက်ဆာတွေ တစ်ပြည်လုံးက ဆရာဝန်တွေရှေ့မှာ ကျွန်တော် ဆရာဝန်ပေါက်စ စာတမ်းတက်ဖတ်ခဲ့တာပါ။ ဒီလိုလုပ်နိုင်တာ ငယ်ငယ်က Independent လုပ်ခဲ့တဲ့ training တွေ ကြောင့်လို့ ထင်တယ်။ ဒါကြောင့် လူငယ်တွေ Independent ဖြစ်ဖို့ သိပ်ကို အရေးကြီးတယ်လို့ ပြောချင်ပါတယ်။

နောက်တစ်ခု ပြောချင်တာက လူငယ်တွေ သတ္တိရှိရပါမယ်။ Tiger wood ပြောသလိုပေါ့။ ဘယ်ဂေါက်ပွဲမှာ ဘယ်သူနဲ့ ပြိုင်ရိုက်ရရိုက်ရ သူ့မှာ စိတ်လှုပ်ရှားမှု Excitement တော့ ရှိရမယ်။ ဒါပေမယ့် no fear ကြောက်တယ် ဆိုတာ မရှိဘူးတဲ့။ အဲဒီလို စိတ်မျိုးမွေးဖို့ လိုပါမယ်။

ကျွန်တော် ဘန်ကောက်ကို ပထမဆုံးအကြိမ် ရောက်တုန်းက စိတ်လှုပ်ရှားမှုနည်းနည်းရှိတယ်။ ဒါပေမယ့် မကြောက်ဘူး။ ကိုယ့်ကိုယ်ကို ယုံကြည်မှု self confident အပြည့်ရှိတယ်။ ဒီလိုပဲ စင်္ကာပူလေဆိပ်ရောက်လို့ Immigration က တော်တော်ကြာကြာ ကျွန်တော့် ပတ်စ်ပို့ကို နှစ်ခါသုံးခါ လှန်နေတယ်ဆိုရင် မကြောက်တဲ့အပြင် မင်း ဘာသိချင် လို့ ဒီလောက်ကြည့်နေရတာလဲလို့ ကျွန်တော်က မေးလိုက်သေးတယ်။ ကျွန်တော့် အနေနဲ့ Confident ရှိလာတော့ ဒီအိမ်ဂရေးရှင်း အရာရှိ ဆိုတဲ့လူဟာ စင်ကာပူက ဘာမှမဟုတ်တဲ့ လဝက စာရေးလေးပဲ။ ငါက လန်ဒန်မှာ နေဖူး၊ တစ်ကမ္ဘာလုံး သွားဖူးတဲ့သူ သူ့ထက်လည်း အင်္ဂလိပ်စာတော်တယ်။ အဲဒီလို တွေးလာမိတယ်။

ဒီတော့ မြန်မာလူငယ်တွေအနေနဲ့ မိမိကိုယ်မိမိ ယုံကြည်မှု Confident နဲ့ ဘယ်သူ့ ကိုမှ အားမကိုးပဲ လုပ်ဆောင်နိုင်တဲ့ အရည်အချင်းတွေ ရှိဖို့လိုပါတယ်လို့ ပြောချင်ပါတယ်။

အဲဒီလို အင်ဒီပင်ဒင့်ဖြစ်ပြီး ယုံကြည်မှုတွေရှိပြီဆိုရင် အင်္ဂလိပ်ဘာသာ စကားကျွမ်းကျင်မှု လိုပါသေးတယ်။

ကမ္ဘာကို ရင်ဘောင်တန်း ဖို့ဆိုတာ ကိုယ်ဘယ်သူနဲ့ ဆက်ဆံဆက်ဆံ အင်တာနေရှင်နယ် အဆင့်မီဖို့၊ နောက်ပြီး ကိုယ့်ဘက်က မှန်ဖို့၊ သတ္တိရှိဖို့၊ ဘာသာစကား ကျွမ်းကျင်ဖို့တွေ လိုပါတယ်။



မေး- ဒါနဲ့ဆရာ။ ဆရာ ပြင်သစ်မှာ တစ်နှစ် ပညာသွားသင်တုန်း ပညာသင်ဆု ရခဲ့တယ်လို့ ကြားပါတယ်။ အဲဒါလေး ရှင်းပြပါဦး။

ဖြေ- အဲဒါက ကျွန်တော့်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကပေးတဲ့ Senior research fellowship award ဆိုတဲ့ အဆင့်မြင့် သုတေသီ ပညာရှင်ဆု ရတာပါ။ ပြင်သစ်နိုင်ငံမှာ ကျွန်တော်ကို အသည်းရောင်အသားဝါ ဘီးပိုးကို စတွေ့တဲ့ သုတေသနလုပ်ငန်းမှာ ပါခဲ့တဲ့သူဆိုပြီး အသိအမှတ်ပြုခံရပါတယ်။

ဒါနဲ့ပဲ ကျွန်တော် ပြင်သစ်မှာ တော်တော် ပေါ်ပြူလာ ဖြစ်ခဲ့ပါတယ်။ ဟိုမြို့ကဖိတ်လိုက်။ ဒီမြို့က ဖိတ်လိုက်နဲ့ အသည်းရောင်အသားဝါ ဘီးရောဂါ အကြောင်း လက်ချာလိုက်ပေးရတာ ပြင်သစ်တစ်နိုင်ငံလုံး အနှံ့ပါ။

မြန်မာတစ်ယောက် ဒီလို အသိအမှတ်ပြုခံရတာကို မြန်မာတွေ တွေ့စေ၊ မြင်စေချင်၊ ဂုဏ်ယူစေချင်ပါတယ်။

မေး- ဒီတော့ဆရာ ဆရာ ခုလို ထူးချွန်တာမှာ မျိုးရိုးဗီဇကြောင့် အဓိကလို့ ထင်လား။ ဒါမှမဟုတ် ပတ်ဝန်းကျင်ကြောင့်လို့များ ဆရာ ယူဆသလား။ ဆရာ အမြင်လေး သိပါရစေ။

ဖြေ- နှစ်ခုလုံးပါမယ် ထင်တယ်။ မျိုးရိုးဗီဇလည်း လိုလိမ့်မယ်။ ပတ်ဝန်းကျင်လည်း လိုလိမ့်မယ်။

ဝမ်းတွင်းမှာနေတုန်း ကျွန်တော်တို့ ညီအစ်ကိုတွေက အင်္ဂလိပ်စားရဲ့နယ်ထောက် သားသမီးတွေဆိုတော့ စက်ဘီးလေးတွေနဲ့ သဲတော ဝမ်းတွင်း အထကမှာ ကျောင်းတက်ရတယ်။ လျှမ်းလျှမ်းတောက် ဝမ်းတွင်းချည်စက် သူဌေး သားသမီးတွေက စိန့်ပေါလ် St.Paul၊ ကင်းဝုဒ် Kingswood၊ စိန့်ပီတာ St.Peter စတဲ့ ဘိုကျောင်းတွေမှာ ကျောင်းတက်ကြတယ်။ သူတို့ ကျောင်းပိတ်ချိန် ဆိုရင် ဘလေဇာကုတ်၊ ကာကီဘောင်းဘီတွေနဲ့ ပြန်လာကြတယ်။ မော်တော်ကားတွေ တဝီဝီနဲ့။ သူတို့က စီးပွားရေးအသိုင်းအဝိုင်း ပတ်ဝန်းကျင်။

ကျွန်တော်တို့ အဖေကတော့ တကယ့်ပညာရေးကို တစ်စိုက်မတ်မတ် အားပေးတဲ့ acedamic အနေအထား ဖြစ်နေပါတယ်။ ကျွန်တော်တို့ မောင်နှမတွေကို ဦးဘကျွမ်း သားသမီးတွေဆိုပြီး တစ်မြို့လုံးက လေးစားတယ်။ အားလုံး စာပေဘက်မှာ ထူးချွန်ကြတယ်။

အဲဒီအချိန်မှာ အဖေက ယက်ကန်းစင်ထောင်ပြီး မင်းတို့ ကျောင်းဆက်မတက်တော့နဲ့ ရက်ကန်းလုပ်ကွာဆိုရင်လည်း ကျွန်တော်တို့ လုပ်ရမှာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ငါ ပင်စင်စား ကျောင်းဆက်မထားနိုင်တော့ဘူး။ ကုန်သည် လုပ်ကြတော့ဆိုလည်း လုပ်ကြရမှာပဲ။ ဒါပေမယ့် အမေက သူတို့ဆီမှာရှိတဲ့ ရတနာပုံခေတ် ဒေါင်းဒင်္ဂါးတွေကို ရောင်းပြီး ကျွန်တော်တို့ကို ကျောင်းထားပေးတယ်။

သားသမီးပညာရေးဟာ အဓိကပဲလို့ အမေ အဖေတို့ကခံယူပြီး ရှိတဲ့ အတွင်းပစ္စည်းချသုံးပြီး ကျွန်တော်တို့ကို ကျောင်းထားပေးခဲ့တယ်။ အဲလိုဆိုတော့ ကျွန်တော် အောင်မြင်တာဟာ ဇီဇ၊ ပတ်ဝန်းကျင် နှစ်ခုလုံးပါမယ် ထင်ပါတယ်၊ ကိုယ့်မှာ အရည်အချင်း ဘယ်လောက်ရှိရှိ သူတို့ အားမပေးဘူး၊ စာ ဆက်သင်မပေးဘူးဆိုရင် ကျွန်တော် ဒီလို ဖြစ်လာမှာ မဟုတ်ဘူး။

မေး- ဒါဆို ဆရာတို့ မောင်နှမတွေအကြောင်း နည်းနည်းပြောပြပါဦး။

ဖြေ- ကျွန်တော်တို့ မောင်နှမ (၇)ယောက် ရှိတယ်။ အစ်ကိုအကြီးဆုံးက ဦးတင်နွယ် (၁၉၆၀) ဝန်းကျင်မှာ ဘီအက်စ်စီဘွဲ့ရတယ်။ မြန်မာ့လေကြောင်းမှာ လေယာဉ်မောင်းတဲ့ ပိုင်းလော့ pilot လုပ်ခဲ့တယ်။

နောက် ဒုတိယအစ်ကို ဦးခင်မောင်တင့်ကတော့ (၁၉၇၁) မှာ ကျောင်းပြီးတယ်။ သူက စက်မှုတက္ကသိုလ် B.E, EP ဘွဲ့ရ လျှပ်စစ်အင်ဂျင်နီယာဘွဲ့နဲ့ ကျောင်းပြီးတယ်။

ကျွန်တော့်အောက် အငယ်ကလည်း စက်မှုတက္ကသိုလ်က ဘီ-အီး (mechanical) အင်ဂျင်နီယာဘွဲ့။ အခု မြန်မာ့ဆက်သွယ်ရေး မှာ GM၊ နောက် ညီမအကြီး ဝေဝေခင်ကတော့ ဘီအက်စ်စီဘွဲ့ရပြီး သူ့အမျိုးသားနဲ့ မလေးရှားကေအယ်(လ်)မှာပါ။ နောက် ညီမအငယ် အေးအေးနိုင်က အလယ်တန်းပြ ကျောင်းဆရာမ လုပ်ခဲ့တယ်။ ညီအငယ် မောင်ဌေးကို ကတော့ ငယ်ငယ်ရွယ်ရွယ် ဆီးချိုနဲ့ ဆုံးသွားပြီ။ အားလုံး ဘွဲ့ရတယ်။

ကျွန်တော့် အကိုကြီးဆုံးဟာ ဝမ်းတွင်းတစ်မြို့လုံးမှာ တက္ကသိုလ် ကျောင်းသား နှစ်ယောက်ပဲ ရှိတဲ့အချိန်က တက္ကသိုလ်ကျောင်းသားတစ်ယောက် ဖြစ်ခဲ့တာပါ။

ကျွန်တော့် အထက်က အကိုကြီးကတော့ (၁၉၆၃) ခုနှစ်မှာ ဝမ်းတွင်းတစ်မြို့လုံးမှာ တစ်ယောက်တည်းသော ဆယ်တန်းအောင်တဲ့သူပါ။ ကျွန်တော်တို့ ညီအစ်ကို မောင်နှမတွေဟာ အဖေရဲ့ ရိုးသားဖြောင့်မတ်မှုကြောင့် ဝမ်းတွင်းတစ်မြို့လုံးရဲ့ ယုံကြည်လေးစားမှု ခံရပါတယ်။

အဲဒါဟာလည်း အဖေ အမြဲပြောတဲ့ Honesty is the best policy.





ဆိုတဲ့ ဘဝရဲ့ ရိုးသားဖြောင့်မတ်မှုကြောင့်ပဲလို့ ကျွန်တော် ထင်တယ်။ နောက်ဆုံးအနေနဲ့ ပြောချင်တာကတော့ အဖေနဲ့ အမေရဲ့ မိဘမေတ္တာအပြည့်နဲ့ ဆုံးမသွန်သင် မြေတောင်မြှောက်ခဲ့တာကြောင့် ကျွန်တော် အခုလို အောင်မြင်နေတာပါလို့ ပြောချင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ဒေါ်ဝင်းဝင်းတင့် (City Mart)



### ကိုယ်ရေးရာဇဝင်အကျဉ်း

အမည်ရင်း ဒေါ်ဝင်းဝင်းတင့်။ ၁၉၇၅၊ ဒီဇင်ဘာလတွင် မွေးဖွားသည်၊ ဗမာ-တရုတ်လူမျိုးဖြစ်ပြီး ဗုဒ္ဓဘာသာကို ကိုးကွယ်သည်။ ကုန်သည်မိဘနှစ်ပါးဖြစ်ကြသော ဦးကျော်သိန်းတန် နှင့် ဒေါ်တင်တင်ခင်တို့မှ ဖွားမြင်သူ သမီးဦးဖြစ်သည်။ မောင်နှမ မွေးချင်း ၄ဦးရှိပြီး စင်ကာပူနိုင်ငံမှ Business Administration ဒီပလိုမာ ရရှိသည်။ လက်ရှိ City Mart ဆိုင်များကို ၁၉၉၆ ခုနှစ် အသက် ၂၁ နှစ်အရွယ်တွင် စတင်တာဝန်ယူလုပ်ကိုင်သည်။

ခင်ပွန်းဖြစ်သူမှာ ဦးစိုးမိုးသူ (IT Professional) ဖြစ်ပြီး သားတစ်ယောက်၊ သမီးတစ်ယောက် ထွန်းကားသည်။

ကျွန်မကလူတွေကို ယုံကြည်တယ်၊
လူတွေကို ယုံကြည်မှုလည်း
အလုပ်လုပ်လို့ရပါမယ်၊
ကျွန်မဆီမှာ အလုပ်လုပ်တဲ့ ကျွန်မရဲ့
ဝန်ထမ်းတွေကိုယုံကြည်တယ်၊
ကျွန်မရဲ့ဆိုင်ကနေ ဝယ်ယူကြတဲ့
စားသုံးသူတွေကိုလည်း
ကျွန်မယုံကြည်တယ်၊
ကျွန်မကိုယ် ကျွန်မ
ပြန်ယုံသယ်ကြည်တော့
စီးပွားရေးအသိုင်းအဝိုင်းမှာ
ကြီးပြင်းလာလို့
ကျွန်မဒီနေရာကို
ရောက်လာရတာပါ။



www.burmeseclassic.com



# လူတွေကိုယုံကြည်ပြီး အလုပ်လုပ်နေသူတစ်ယောက် အကြောင်း

## မောင်ကိုကို(အမရပူရ)

ကျွန်တော် ရန်ကင်းစင်တာက feel မှာ ဆင်းဒဝစ်သွားသွားစားတတ်တယ်။ ဟမ်ဘာဂါ သွားသွားစားတတ်တယ်။ ခပ်ခြောက်ခြောက်လေးကြော်ထားတဲ့ ထမင်းကြော်သွားသွားစားတတ်တယ်။ ပြီးတော့ စထရော်ဘယ်ရီဒိန်ချဉ်တစ်ခွက်မှာသောက်တတ်တယ်။ မှန်လုံအအေးခန်းထဲမှာ ခပ်ကြာကြာထိုင်တယ်။ ဗီးလ်က မှန်တံခါးကို တွန်းဖွင့်ထွက်ပြီး City mart ကို ဝင်တတ်တယ်။ ကျွန်တော်က ဘာပစ္စည်းပစ္စယမှ အပို မသယ်ဆောင်တတ်ဘဲ ဖရီးနေတတ်သူမို့ ပေါ့ပေါ့ပါးပါးပဲ City mart ထဲက ပစ္စည်းတွေလျှောက်ကြည့်နေတတ်တယ်။ ကျွန်တော်ကတော့ ဘောလ်ပင်တစ်ချောင်းသာ ဝယ်လေ့ရှိပါတယ်။



လူတွေ အများကြီးကတော့ တွန်းလှည်းတွေ၊ ပလပ်စတစ် ခြင်းတောင်းကြီးတွေနဲ့ စားသောက်ကုန်တွေ၊ လူသုံးကုန်တွေ၊ အလှအပ ပစ္စည်းတွေ အများကြီး





ဝယ်ကြ၊ ငွေသိမ်းစက်တွေမှာ ငွေပေးချေကြ၊ ပျော်စရာကြီးပါ။ လူတွေအားလုံးဟာ လွတ်လွတ်လပ်လပ် ကောက်ယူကြ၊ မကြိုက်ရင် ပြန်ထား၊ အသေအချာကြိုက်တော့မှ ကိုယ့်ပလပ်စတစ်ခြင်းကြီးထဲ ပစ္စည်းထည့် နောက်တစ်နေရာသို့ ရွှေ့လျား၊ နောက်ပစ္စည်း တစ်ခု၊ နောက်ပစ္စည်းတွေအများကြီးထပ်ရွေး၊ ထပ်ထည့်၊ လတ်ဆတ်တဲ့ အေးမြတဲ့ သစ်သီးတွေဆီသွား၊ နောက်ဆုံးမှာ ကောင်တာတွေဆီသွား ဝယ်လို အားများများနဲ့ ပျော်ပျော်ပါးပါး ဝယ်ယူနေကြပါတယ်။

ရန်ကင်းစင်တာက City mart မှာ ဒီလိုဒီလိုဝယ်ယူနေကြသလို ၄၇ လမ်းက City mart မှာ၊ မြေနီကုန်းက City mart မှာ၊ မန္တလေးမြို့ 78 Shopping Centre က City mart မှာ ဒီလိုဒီလိုပဲ ဝယ်ယူနေကြမှာပဲ။

ဒီ City mart တွေရဲ့ မန်နေဂျင်းဒါရိုက်တာ ဒေါ်ဝင်းဝင်းတင့်အကြောင်း ရန်ကင်းစင်တာရဲ့ City mart ထဲမှာ လျှောက်သွားရင်း ကျွန်တော်စဉ်းစား တွေးတော မိပါတယ်။

လူငယ်တွေက ၁၆ နှစ်သားအရွယ်မှာကတည်းက ရည်ရွယ်မျှော်လင့်ချက်တွေ၊ အိပ်မက်တွေအရမ်းကြီးမားခဲ့ပါသလား။

၁၆ နှစ်အရွယ်က ရည်ရွယ်ချက်အတိုင်းပဲ အသက် ၃၀ အရွယ်မှာ အအောင်မြင်ဆုံး အကြီးမားဆုံး ထိုးဖောက်နိုင်နေသလား။

ကျွန်တော်တို့ အခုစာအုပ်ကို ရေးသားနေချိန်မှာ သိချင်နေကြတာ မေးမြန်းစူးစမ်းနေကြတာက လူငယ်တစ်ယောက်ရဲ့ ၁၆ နှစ်သားအချိန်က ကိုယ့်ဘဝရဲ့ ယန်းတိုင်၊ ကိုယ့်ဘဝရဲ့ "ဂိုးပေါက်"ကို ကွက်ကွက်ကွင်းကွင်း ရှင်းလင်း ပီသစွာ မြင်နေရပြီလား။

အသက် ၁၆ နှစ်တုန်းက "ငါဟာ အရမ်းကြီးကျယ်ခမ်းနားတဲ့ လူအများက အားကျလေးစားတဲ့ အလုပ်ကြီးကြီးတစ်ခုလုပ်ကိုလုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်ကို မိမိဦးခေါင်းပေါ် ထမ်းရွက်မထားခဲ့ပါဘဲ ခေတ်ရဲ့အပြောင်းအလဲ၊ ဈေးကွက်ရဲ့ အပြောင်းအလဲ၊ လူတွေရဲ့ဘဝနေဟန်တွေ အပြောင်းအလဲ၊ မိမိဘဝရဲ့ အပြောင်းအလဲတွေကို မြင်တတ်ရှုတတ် ပါးပါးနပ်နပ်ခံစားတတ်ပြီး ဘဝကို အောင်မြင်ရေးလမ်းကြောင်းကြီးပေါ် တင်ပို့လွှတ်နိုင်သူတစ်ဦးကို ကျွန်တော်တွေ့ဆုံခွင့်ရပါတယ်။

မြန်မာပြည်မှာ City mart စူပါမားကတ်များစွာကို ထူထောင်ထားသူ၊ City mart ရဲ့မန်နေဂျင်းဒါရိုက်တာ ဒေါ်ဝင်းဝင်းတင့်ဖြစ်ပါတယ်။

ဒေါ်ဝင်းဝင်းတင့်ဟာ လုပ်ငန်းအကြီးကြီးကို ပေါက်မြောက်အောင် ဖောက်



www.burmeseclassic.com

www.burmeseclassic.com



နိုင်သူဖြစ်တယ်။

စားသုံးသူ ဘာလိုအပ်သလဲ။ စားသုံးသူကို ဘယ်လိုခေတ်မီတဲ့ နည်းဟန်နဲ့ ဘယ်လိုခေတ်မီတဲ့ ပစ္စည်းတွေကို ဘယ်ပုံဖြည့်ဆည်းပေးရမလဲ အမြဲစဉ်းစားကာ အလုပ်ကြိုးလုပ်တတ်သူဖြစ်တယ်။

ဒေါ်ဝင်းဝင်းတင့်ဟာ City mart ဆိုတဲ့ brand image ကို စားသုံးသူရဲ့ နှလုံးသားထဲ ချောချောမောမော ထည့်သွင်းပေးနိုင်သူဖြစ်တယ်။

ဒေါ်ဝင်းဝင်းတင့်ဟာ ဝန်ထမ်းပေါင်းမြောက်မြားစွာကို အလုပ်အကိုင်ရာထူးတွေပေးနိုင်သူဖြစ်တယ်။ အဲဒီဝန်ထမ်းတွေ အားလုံးကိုလည်း နေရာတစ်နေရာကနေ စီမံအုပ်ချုပ်တတ်သူ ဖြစ်တယ်။ နောက် ဝန်ထမ်းကိုကိုယ့် အသိလေးနဲ့ ကိုယ်တာဝန်သိသိ သစ္စာရှိရှိ လုပ်တတ်အောင် ကောင်းမြတ်တဲ့စိတ်ဓာတ်ကို ထည့်ပေးနိုင်သူဖြစ်တယ်။ ဒေါ်ဝင်းဝင်းတင့်ဟာ အရွယ်ငယ်ငယ်နဲ့ လုပ်ငန်းအောင်မြင်သူ လုပ်ငန်းရှင်ကြီးတစ်ယောက်ဖြစ်ပါတယ်။

Brain Power as measured by I.Q ဆိုတဲ့ စကားရှိပါတယ်။

ဦးနှောက်ရဲ့ စွမ်းအားကို Intelligence Quotient လို့ခေါ်တဲ့ ဉာဏ်ရည်ဉာဏ်သွေးရဲ့ ရလဒ်နဲ့ ချင့်တွက်တယ်လို့ ဆိုခဲ့ကြပါတယ်။

ဒီဘက်ခေတ် ဒီဘက်ကာလမှာ လူသားတို့ရဲ့ အရည်အချင်းကို ဦးနှောက်စွမ်းအင် မြင့်မားမှုနဲ့တင် ပိုင်းဖြတ်သတ်မှတ်လို့ မရနိုင်တော့ပါဘူး။

လူသားရဲ့ လောကအပေါ် ပတ်ဝန်းကျင်အပေါ် ခံစားပါးနပ်တတ်မှုတွေ၊ လူသားရဲ့ emotions တွေ၊ လူသားရဲ့ လူသားအပေါ် စာနာထောက်ထားနားလည်ပေးနိုင်စွမ်းတွေနဲ့လည်း လူသားရဲ့ကျွမ်းကျင်မှုကို ချိန်ထိုး ချင့်တွက်တတ်တဲ့ EQ ကလည်း အလွန်အရေးကြီးပါတယ်။

ဒေါ်ဝင်းဝင်းတင့်ဟာ E.Q ရဲ့ တန်ဖိုးကို သဘောပေါက်သူဖြစ်ပါတယ်။ ဒေါ်ဝင်းဝင်းတင့်ဟာ ဝန်ထမ်းကို ရွေးချယ်ခန့်ထားရာမှာ အဲဒီဝန်ထမ်းမှာ အိုင်ကျူ ဘယ်လောက်ကောင်းသလဲဆိုတာ ထက်အဲဒီဝန်ထမ်းမှာ အီးကျူဘယ်လိုရှိသလဲဆိုတာ လေ့လာသုံးသပ်ပြီး ခန့်ထားတတ်ပါတယ်။

City Mart ဆိုတာ စားသုံးတဲ့ ပြည်သူလူထုနဲ့ ရှင်သန်ရပ်တည်ရတာ မဟုတ်လား။ City Mart ရဲ့ဝန်ထမ်းဆိုတာ စားသုံးသူပြည်သူရဲ့ စိတ်ခံစားချက်ကို စာနာနားလည်ပေး နိုင်သူဖြစ်ဖို့ အင်မတန်မှ အရေးကြီးပါတယ်။

'ကျွန်မက E.Q ကို တန်ဖိုးထားတယ်၊ ကျွန်မရဲ့ ဝန်ထမ်းတွေလည်း E.Q ကို အလေးထားတတ်စေချင်တယ်၊ ပင်ကိုကတည်းက လူသားချင်းစာနာ





ထောက်ထားတတ်တဲ့ အသိစိတ်ဓာတ်လေး ပါလာခဲ့သူတွေလည်း အများကြီးရှိတယ်၊ အဲ့ဒီအပြင် ခေတ်မီတိုးတက်တဲ့ လူမှုဆက်ဆံရေးတွေ၊ ခေတ်မီတိုးတက်တဲ့ စီမံခန့်ခွဲမှုတွေ၊ ခေတ်မီတိုးတက်တဲ့ ကုန်သွယ်မှုတွေနှင့် EQ ဆက်စပ်ပုံကို ကျွန်မတို့ရဲ့ ဝန်ထမ်းတွေ တွေ့ထိခွင့်ရအောင် စီးပွားရေးပညာရှင်တွေကို ပင့်ဖိတ်ပြီး ကုမ္ပဏီအတွင်း ဟောပြောပို့ချပွဲတွေလည်း ကျွန်မတို့ ပြုလုပ်ပေးရပါတယ်'

လို့ အောင်ဆန်းကွင်းက City Mart ရုံးခန်းထဲမှာ ဒေါ်ဝင်းဝင်းတင့်က ပြောပြခဲ့ပါတယ်။ လူတွေရဲ့အတွေးတွေပြောင်းတယ်။ လူတွေရဲ့ ဘဝနေဟန်တွေပြောင်းနေတယ်။ လူတွေရဲ့ အနုပညာတွေပြောင်းနေတယ်။ လူတွေရဲ့ ရောင်းဟန်ဝယ်ဟန်တွေ ပြောင်းနေတယ်။ လူတွေရဲ့ ငွေပေးချေမှုစနစ်တွေ ပြောင်းနေပါတယ်။

အောင်မြင်တဲ့ အနုပညာရှင်တစ်ယောက်ကိုပဲဖြစ်စေ၊ အောင်မြင်တဲ့ ပညာရှင်တစ်ယောက်ကိုပဲ ဖြစ်စေ၊ အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ကိုပဲဖြစ်စေ၊ သူအခုလို အောင်မြင်နေဖို့ ဘယ်လိုဖြတ်သန်းမှုတွေ ရှိခဲ့ပါသလဲ။ ဘယ်လိုအတိတ်ရုပ်ပုံတွေ ပိုင်ဆိုင်ခဲ့ပါသလဲဆိုတာ ကျွန်တော်တို့ ငုံစောင်းလို့ ကြည့်သင့်ပါတယ်။

'အထက်တန်းကျောင်းက ကျောင်းသူဘဝမှာ ကျွန်မဟာ ကျောင်းမှာ အတန်းထဲမှာ စာအတော်ဆုံး မဟုတ်ခဲ့တာကတော့ သေချာပါတယ်။ ဆိုလိုတာက တစ်၊ နှစ်၊ သုံးထဲမှာ ကျွန်မ မပါဝင်တာပါ။ အလယ်အလတ်အဆင့်ရဲ့ အထက်မှာတော့ အမြဲရှိပါတယ်။ ကျွန်မကိုယ်တိုင်ကလည်း ဆေးကျောင်း ဝင်အောင် စာကြိုးစားလိုက်မယ်မျိုး မရှိခဲ့ဘူး၊ အဲလိုလည်း ရည်ရွယ်ချက်မရှိဘူး၊ ဆိုလိုတာက ကျောင်းမှာပြင်းပြင်းထန်ထန် လွန်လွန်ကဲကဲ စာမကြိုးစားခဲ့ရဘဲ လုပ်သင့်သလောက်တော့ လုပ်ခဲ့တယ်ပေါ့၊ ကျွန်မက မောင်နှမလေးယောက်ထဲမှာ အကြီးဆုံးဖြစ်ပါတယ်။

ကျွန်မအဖေက ကုန်သည်တစ်ဦးပါ၊ စီးပွားရေးလုပ်တဲ့ အဖေတို့ လောကထဲမှာ ကျွန်မအမေရဲ့ ထူးခြားတဲ့ စိတ်သဘာဝနဲ့ စိတ်ဓာတ်ကြံ့ခိုင်မှု တွေကိုလည်း ကျွန်မသတိထား လေ့လာခဲ့မိပါတယ်၊ ကိုယ့်ရဲ့ကိုယ်ပိုင်မှုလည်း ပျောက်ကွယ်မသွားဘူး၊ ပတ်ဝန်းကျင်နဲ့ လည်း သဟဇာတဖြစ်အောင် နေထိုင်တတ်တဲ့ ကျွန်မအမေရဲ့ စိတ်ဓာတ်ကိုလည်း သဘောကျခဲ့တယ်၊ အဖေရော အမေရောဟာ ကျွန်မအတွက် အားကျ အတုယူစရာကောင်းတဲ့ စံပြပုဂ္ဂိုလ်တွေပါပဲ'

City Mart ရဲ့ မန်နေဂျင်းဒါရိုက်တာ ဒေါ်ဝင်းဝင်းတင့်က ပြုံးပြုံးမြမြ



www.burmeseclassic.com

www.burmeseclassic.com



ပြောပြတတ်ပါတယ်။

ဒေါ်ဝင်းဝင်းတင့်ဟာ ကျောင်းသူဘဝကတည်းက ဖခင်ဖြစ်သူရဲ့ စီးပွားရေး အသိုင်းအဝိုင်းကို မျက်လုံးဖွင့်ကြည့်တတ်တဲ့သူဖြစ်ပါတယ်။ မိဘတွေရဲ့ လုပ်ငန်းကိုင်ငန်းတွေကို တတ်နိုင်သမျှ ဝိုင်းကူရင်းနဲ့ လက်တွေ့က ပေးလာတဲ့ စီးပွားရေးအခြေခံသဘောတရားတွေကို ရင်းနှီးကျွမ်းဝင်ခဲ့သူဖြစ်ပါတယ်၊ မသိစိတ်ရဲ့ ပုံရိပ်မှာတော့ အနာဂတ်စီးပွားရေး လုပ်ငန်းရှင်တစ်ဦးရဲ့ ပုံရိပ်ထင်ဟပ်နေပါလိမ့်မယ်။

'ကျွန်မဟာ စီးပွားရေးအသိုင်းအဝိုင်းကြားမှာ ကြီးပြင်းအရွယ်ရောက်ခဲ့ပါ တယ်'

လို့ ဒေါ်ဝင်းဝင်းတင့်က ပြောပါတယ်။

ဒေါ်ဝင်းဝင်းတင့် ဆယ်တန်းအောင်တဲ့အခါ ရွေးချယ်စရာ ပေါ်လာပါပြီ။

ကျောင်းသားကျောင်းသူတစ်ယောက်ဟာ တက္ကသိုလ်ဝင်တန်းအောင်ချိန်မှာ အနာဂတ်ဘဝကို ရွေးချယ်ရတာပဲ မဟုတ်လား။

ဒေါ်ဝင်းဝင်းတင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ချိန်မှာတော့ ဆုံးဖြတ်ချက် ပြတ်သားခဲ့ပါတယ်။

စင်ကာပူမှာ ကျောင်းဆက်တက်ဖို့ သူမရွေးချယ်ခဲ့ပါတယ်။ ဖွံ့ဖြိုးတိုးတက် တဲ့ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးကို မြင်ခွင့်ရသွားတယ်။ တစ်ခုရှိတယ်။ အဲဒီ အချိန်ကတည်းကပဲ ဒေါ်ဝင်းဝင်းတင့်ဟာ စူပါမားကက်ကြီးတွေကို စိတ်ဝင်စား တယ်။ သဘောကျတယ်။ နေရာကျယ်ကျယ်ကြီးထဲမှာ ပစ္စည်းအမယ်စုံကို လှတ်လှတ်လပ်လပ် ခေတ်မီမီ ဝယ်ရခြင်းရတဲ့အရသာကိုလည်း တွေ့ထိနေမိတယ်။ နှစ်သက်မြတ်နိုးနေမိတယ်။

'စင်ကာပူမှာ စာသင်နေစဉ်ကာလမှာတော့ ကျွန်မအဖို့ စာမေးပွဲအောင် ချင်နေတာပါပဲ၊ တစ်ချိန်ချိန်မှာ စူပါမားကက်ကို ဦးဆောင်မယ့်သူအဖြစ်လည်း စိတ်ကူးမယဉ်ခဲ့ဖြစ်ပါဘူး၊ စင်ကာပူမှာ စာရင်းကိုင်နဲ့ စီမံခန့်ခွဲရေး ပညာရပ် တွေသုံးနှစ်သင်ယူခဲ့ပါတယ်၊ ဒီပလိုမာရခဲ့ပါတယ်၊ စင်ကာပူမှာ သင်ယူခဲ့တဲ့ သီအိုရီတွေကို လက်တွေ့အသုံးပြုရမှာပါလားဆိုတာ မတွေးဖြစ်ပါဘူး၊ အခု လက်တွေ့လုပ်ကိုင်နေတဲ့အခါမှ တစ်ခုလုပ်တိုင်း ကျွန်မသင်ခဲ့ဖူးတဲ့ သီအိုရီနဲ့ ပတ်သက်ဆက်နွယ်နေပါလားလို့တော့ ပြန်ပြန်တွေးမိတတ်ပါတယ်'

လို့ သူမက ပြောပြပါတယ်။

မြန်မာပြည်ကို စင်ကာပူက သင်ယူလာတဲ့ပညာနဲ့ ပြန်လာပါပြီ။ ဒေါ်ဝင်း ဝင်းတင့် ပြန်လာပါပြီ။





ဒီမှာဘာလုပ်ရမလဲ။

တစ်ခုခုတော့ လုပ်ချင်နေတယ်။

လုပ်ငန်းတစ်ခုခုတော့ လုပ်ကိုလုပ်ရမယ်။

လူဆိုတာ အလုပ်လုပ်ရမယ်။

'အိပ်မက်သေးရင် အလုပ်သေးမယ်'

'အိပ်မက်' ကြီးရင် အလုပ်ကြီးမယ်။

'ကျွန်မစင်ကာပူကနေ ပညာသင်ပြီး မြန်မာပြည်ပြန်ရောက်လာချိန်မှာ တံခါးဖွင့်ဝါဒနဲ့ အရမ်းကို စီးပွားရေးတွေ ပွင့်လင်းလာပြီ၊ ဒီမှာလုပ်ငန်းအသစ် တွေအများကြီးပေါ်လာတယ်၊ ဟိုတယ်တွေ၊ ခရီးသွားလုပ်ငန်းတွေ၊ ကုမ္ပဏီတွေ၊ စက်ရုံတွေ အများကြီးပေါ်ပေါက်လာနေပါတယ်၊ ကျွန်မကတော့ စင်ကာပူမှာ စူပါမားကက်လုပ်ငန်းကို စိတ်ဝင်စားခဲ့တယ်၊ ကျွန်မတို့ ဆွေမျိုးများ ဝိုင်းဝန်းပူး ပေါင်း၊ ဆောင်ရွက်ကြတာပါ၊ City Mart ဆိုတဲ့ နာမည်ကို ရွေးချယ်ခဲ့တာက ကျွန်မရဲ့ အဒေါ်ကပါ၊ ဟုတ်ပြီပေါ့၊ ကျွန်မတို့ မိသားစု၊ ကျွန်မတို့ဆွေမျိုးများ ကလည်း ကုန်သည်တွေပဲဆိုတော့ ရောင်းတာဝယ်တာ ဝါသနာပါတယ်၊ ဒါပေ မယ့် ခေတ်မီမီရောင်းမှ ဖြစ်တော့မယ်။

အဲလိုနဲ့ စူပါမားကက်ဖွင့်ကြရာမှာ အတွေ့အကြုံမရှိနေတာကို စင်ကာပူက ကျွမ်းကျင်တဲ့ ပညာရှင်ကို ငှားရမ်းခဲ့ပါတယ်၊ တကယ်တော့ သူကလည်း တော်တယ်၊ စူပါမားကက်အတွေ့အကြုံနဲ့ ခင်းကျင်းမှုကို ကျွမ်းကျင်တယ်၊ ကျွန်မကတော့ သူ့ကို ကူညီသူတစ်ယောက် အဖြစ်ပေါ့၊

ဒါပေမယ့် ကျွန်မတို့ မြန်မာပြည်ရဲ့စားသုံးသူကို နားလည်ဖို့ကျတော့ နည်းနည်းအခက်တွေ့တယ်၊ ဒီကလူတွေ ဘယ်လိုပစ္စည်း ကြိုက်တယ်သိဖို့လို တယ်၊ ဥပမာ ကြက်သားဟင်း ဆိုပါစို့၊ လွန်ခဲ့တဲ့ ဆယ်နှစ်က စည်သွပ်ဗူးထဲက ကြက်သားဟင်းက ဘယ်လိုမှ မြန်မာပြည်သူနဲ့ မနီးစပ်ပါဘူး။ နောက် စူပါမား ကက် ဖွင့်ရက်ကိုမရောက်ခင် ပစ္စည်းကကြိုတင်မှာထားခဲ့မိတယ်၊ ဒီတော့လွန်တော့မယ့် စားသောက်ကုန် ပစ္စည်း တွေလည်း ကျွန်မတို့မှာ တော်တော်လေးများနေတယ်ပေါ့၊

အဲဒီမှာ အဆင်မပြေမှုတွေ ကြုံလာရတယ်၊ အတွေ့အကြုံမရှိနေတာ အဖြစ် တာဝန်ယူထားသူ နိုင်ငံခြားသား ကလည်း စိတ်ညစ်လာတယ်၊ အခက်တွေ့ လာတယ်၊ သူ မခံစားချင်တော့ဘူး၊ သူ့လိုလူမျိုးအတွက် အလုပ်က မရှားဘူး။ သူက ပညာရှင်တစ်ဦးပါ။ အဲလိုနဲ့သူ စင်ကာပူပြန်သွားဖြစ်တော့တယ်။

သူ့နေရာမှာ ကျွန်မက တာဝန်ဝင်ယူရတယ်၊ စားသောက်ကုန်ပစ္စည်းတွေကို



www.burmeseclassic.com

www.burmeseclassic.com



ဒိတ်မလွန်ခင်အမြန်ရောင်း ထုတ်ရမယ်၊ မြန်မာလူမျိုးနဲ့ မဟပ်တဲ့ပစ္စည်းတွေ လည်း ပါဝင်နေတယ်၊ အဲဒါတွေကို ကျွန်မက အရင်ရှင်းပစ်ရတယ်၊ ဘယ်လို ရှင်းပစ်သလဲဆိုတော့ အရှုံးခံပြီး မြန်မြန်ကုန်အောင် မြန်မြန်ရှင်းအောင် ရောင်းပစ်လိုက်တာပါ၊ စဖွင့်စမှာ အဲလိုနဲ့ အရှုံးတွေပေါ်ခဲ့ပါတယ်'

ဒေါ်ဝင်းဝင်းတင်က City Mart ရဲ့ မန်နေဂျင်းဒါရိုက်တာတာဝန်ကို လွှဲပြောင်းယူလိုက်ရပုံလေးကို ပြောပြပါတယ်။

ဒေါ်ဝင်းဝင်းတင် အိပ်မက်မက်ခဲ့တာကလည်း စူပါမားကက်၊ စိတ်ဝင်စားတာကလည်း စူပါမားကက်။

အိပ်မက်တွေဟာ တကယ်ဖြစ်လာတတ်ပါတယ်။

ဒေါ်ဝင်းဝင်းတင်ဟာ မိဘအသိုင်းအဝိုင်းနဲ့အတူ စူပါမားကက်ထူထောင် ဖြစ်ပြီး အဲဒီစူပါမားကက်ရဲ့ မန်နေဂျင်းဒါရိုက်တာဟာလည်း လိုအပ်ချက်ရဲ့ တောင်းဆိုမှုအရ ဒေါ်ဝင်းဝင်းတင် ဖြစ်လာရတယ်။

မိဘတို့ရဲ့ City Mart ကို နေရာများစွာမှာ ချဲ့ထွင်ဖို့ လိုအပ်လာတာကို နားလည်သဘောပေါက်တယ်။ ရန်ကုန်မြို့မှာ City Mart ဟာ တစ်နေရာနိုင်ပြီဆိုရင် နောက်ထပ်နယ်မြေသစ်တစ်ခုမှာ City Mart စူပါမားကက်ကြီးတစ်ခုရှိ ဖို့ လိုအပ်လာပြန်ပါတယ်။

တစ်ခုနိုင်မှာပြီဆိုတော့ ဒေါ်ဝင်းဝင်းတင်ဟာ မိမိ ကိုယ်မိမိ ယုံကြည်မှုပို ရှိလာတယ်။ လုပ်ငန်းကြီးရဲ့ သဘောသဘာဝကို ပိုနား လည်လာတယ်။ စားသုံးသူတွေရဲ့ လိုအင်ဆန္ဒတွေ၊ စားသုံးသူတွေကို ဘယ်လို ဖြည့်ဆည်းပေးရမယ် ဆိုတာတွေလည်း ပိုပြီး လက်တွေ့ကျကျ ခံစား နားလည် လာပါတယ်။

နေရာ များစွာက စားသုံးသူတွေရဲ့ နှလုံးသားမှာ City Mart စွဲထင်နေရမယ်။ နေရာများစွာက ဈေးကွက်ဝေစုတွေရှိလည်း City Mart က ခွဲဝေ ရရှိနိုင်အောင် ကြိုးစားခဲ့တယ်။ ဒေါ်ဝင်းဝင်းတင်ဟာ မိမိသင်ယူထားတဲ့ နည်းပညာနဲ့ပဲ အမြွာများစွာ ဖြန့်ကျက်ထားတဲ့ City Mart တွေကို နေရာ တစ်နေရာ တည်းက စီမံခန့်ခွဲနိုင်ခဲ့ ပါတယ်။

'ကျွန်မက လူတွေကို ယုံကြည်တယ်၊

လူတွေကို ယုံကြည်မှလည်း အလုပ် လုပ်လို့ရပါမယ်၊

ကျွန်မဆီမှာအလုပ်လုပ်တဲ့ ကျွန်မရဲ့ ဝန်ထမ်းတွေကို ယုံကြည်တယ်၊

ကျွန်မရဲ့ဆိုင်ကနေ ဝယ်ယူကြတဲ့ စားသုံးသူတွေကိုလည်း

ကျွန်မယုံကြည်တယ်၊





ကျွန်မကိုယ်ကျွန်မ ပြန်သုံးသပ်ကြည့်တော့

စီးပွားရေးအသိုင်းအဝိုင်းမှာ ကြီးပြင်းလာလို့

ကျွန်မဒီနေရာကို ရောက်လာရတာပါ၊

ဒီလို စီးပွားရေးအသိုင်းအဝိုင်းထဲမှာ

မွေးဖွားကြီးပြင်းခွင့်ရခဲ့တာကလည်း

ကျွန်မဘဝ အတွက် အခွင့်အလမ်းကောင်းတစ်ခုပါပဲ၊

ဒီနေရာမှာရောက်ရှိနေရတဲ့အတွက်

ကျွန်မ ဘယ်သူ့ကိုကျေးဇူးတင်ရမလဲဆိုရင်

ကျွန်မရဲ့ မိဘများကို ကျေးဇူး တင်ရမှာပါပဲ' လို့

ဒေါ်ဝင်းဝင်းတင်က ပြုံးပြုံးရွှင်ရွှင်ပြောပြပါတယ်။

ပတ်ဝန်းကျင်အသိုင်းအဝိုင်းကြောင့် ဒီနေရာကို ရောက်လာရတယ်လို့ ပြောခဲ့တယ်။ ဒေါ်ဝင်းဝင်းတင်ရဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်တွေ ပြတ်သားခဲ့လို့လည်း City Mart ရဲ့မန်နေဂျင်းဒါရိုက်တာနေရာကို ရောက်လာတာလို့ ကျွန်တော်က လုံးဝယုံကြည်မိပါတယ်၊ ဆုံးဖြတ်ချက်ပြတ်သားတဲ့အပြင် ရင်ဆိုင်ရတဲ့ပြဿနာကို မကြောက်တတ်တာ၊ ရှုံးနိမ့်မှုကို မကြောက်တတ်တာဟာ အရည်အချင်း ကောင်းတစ်ခုပါ၊ City Mart မန်နေဂျင်းဒါရိုက်တာအဖြစ် လွှဲပြောင်းယူပြီးတဲ့နောက် မှာရှုံးနေတဲ့ပစ္စည်းတွေကို မြန်မြန်ရှင်းပစ်လိုက်နိုင်တာ၊ မြန်မြန် ရောင်းစွံအောင် ထုတ်လုပ်နိုင်တာ အဲဒီကနေ ဘာလုပ်ရမလဲဆိုတဲ့ နည်းလမ်းကို ရှာတတ်ခဲ့တာလည်း အရည်အချင်းပါပဲ၊

မြန်မာပြည်မှာ လုပ်ငန်းလုပ်ရင် မြန်မာပြည်သူလူထုကို နားလည်ရမယ်၊ စားသုံးသူရဲ့ ဝယ်ယူလိုမှု သဘောထားကို အသေအချာ သိရှိဖို့လိုတယ်၊ စားသုံးသူကြိုက်တဲ့အရောင်၊ စားသုံးသူကြိုက်တဲ့ အရသာ၊ စားသုံးသူတောင်းဆိုတဲ့ အရည်အသွေးတွေကို သိဖို့လိုတယ်၊ အဲဒီအတွက် ဒေါ်ဝင်းဝင်းတင်ဟာ ဝန်ထမ်းတွေကို မားကက် ဆာဗေးဆင်းစေခဲ့ပါတယ်၊ ဈေးကွက်သုတေသနကို စနစ်တကျလုပ်စေခဲ့ပါတယ်၊ အဲဒီကရရှိတဲ့အချက်အလက်ကို တန်ဖိုးထားပြီး ကုန်ပစ္စည်းအသစ်တွေ မှာယူတင်သွင်းကာ စားသုံးသူနဲ့ တစ်ထပ်တည်းကျတဲ့ City Mart ဖြစ်စေခဲ့တယ်။

ရန်ကုန်မြို့မှာ အောင်မြင်မှုရရှိနေတဲ့ City Mart ဟာမန္တလေးလို မြို့ကြီး မှာလည်း ထိုးဖောက်ရမယ်ဆိုတာ ဒေါ်ဝင်းဝင်းတင် ယုံကြည်တယ်၊ 78 Shopping Centre မှာ City Mart ဖွင့်ဖို့ အခွင့်အရေးရလာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအတွက်လည်း မန္တလေးရဲ့ စားသုံးသူကို နားလည်ဖို့ ဒေါ်ဝင်းဝင်းတင့်နဲ့အဖွဲ့ဟာ မန္တလေးကို အခေါက်ပေါင်းများစွာ သွားရောက်ပြီး ကြိုတင်လေ့လာတယ်၊ ကြိုတင် လေ့လာသုံးသပ်ပြီးမှ အပိုင်အနိုင်လုပ်ချင်တဲ့ စရိုက်ကလေးကလည်း ရှိတယ်၊ မန္တလေးကို ဖွင့်ဖို့ ကျွန်မတို့ ဝန်ထမ်းဘက်ကလည်း စီမံခန့်ခွဲနိုင်သူတွေ၊ အရည် အချင်းပြည့်သူတွေပါသွားဖို့ လိုအပ်ပါတယ်၊ ရန်ကုန်မှာကတော့ ကျွန်မက တစ်နေရာတည်းကနေ စီမံအုပ်ချုပ်နေတာကိုး၊ ဟိုမှာ ပါသွားသူတွေကတော့ ကိုယ်တိုင်က ပြတ်သားမှ ကိုယ်တိုင်က စီမံခန့်ခွဲမှုကျွမ်းကျင်မှ ဖြစ်လိမ့်မယ်၊ ပါသွားတဲ့ဝန်ထမ်းတွေမှာ အဲလို အရည်အချင်းကောင်းတွေ ရှိရမယ်။

မန္တလေး က ဝယ်နိုင်သုံးနိုင်သူတွေရှိတာ မှန်တယ်၊ ဒါပေမယ့် ရန်ကုန်မှာလို တစ်နေရာ တည်း တစ်ချိန်တည်း လူတွေပြုကျလာတာမျိုး မဖြစ်နိုင်ဘူး၊ မန္တလေးက ကိုယ်ပိုင်လုပ်ငန်းတွေလည်း များကြတယ်၊ နောက်ရန်ကုန်က စားသုံးသူက အလေ့အကျင့်ရသွားကြပြီ၊ စူပါမားကက်ကို ဈေးဝယ်ဖို့လာကြတယ်၊ စုပြုံပုံအောဝယ်ကြတယ်၊ မန္တလေးကတော့ ကြုံမှကြုံသလို အဆင်ပြေသလို ဝယ်လိုက်တာမျိုး ရှိနေသေးတော့ စက်ဘီးနဲ့ ဆိုင်ကယ်နဲ့နေရာမျိုးစုံသွားနိုင်ပြီး အလှမ်းသင့်တဲ့ ကုန်စုံဆိုင်လေးတွေမှာ စတိုးဆိုင်လေးတွေမှာ ဝယ်ယူလိုက်တာမျိုး ရှိနေသေးတယ်၊ ရန်ကုန်နဲ့ မန္တလေးက လိုက်ဖမ်းတိုင်လို့မတူတာမျိုး ရှိနေသေးတယ်၊ စူပါမားကက်ကို ဈေးဝယ်ထွက်တယ်ဆိုတဲ့အသိက စားသုံးသူတွေမှာ ရှိထားဖို့လည်း မန္တလေးမှာ ကျွန်မတို့က စောင့်ဆိုင်းခဲ့ရပါတယ်'

လို့ အခြားမြို့ကြီးတစ်မြို့မှာ City Mart ဖွင့်ကာစ တည်ထောင်ခါစ အခြေအနေနဲ့ စားသုံးသူရဲ့ အလေ့အထ အပြုအမူတွေကို လေ့လာသုံးသပ်ပြခဲ့ပါတယ်။ နယ်မြေအသစ်တစ်ခုမှာ မိမိတို့ရဲ့ Brand Image က လွှမ်းမိုးဖို့လည်း လိုလာတယ်။ ဈေးကွက်မှာ ပြိုင်ဆိုင်ရောင်းရမှုလည်းရှိမယ်။ အခြားဆိုင်ကြီး တွေက ဘယ်ပစ္စည်းကို ဘယ်လိုဈေးနည်းနဲ့ရောင်းနေသလဲ လေ့လာဖို့လည်း လိုတယ်။

၁၉၉၆က City Mart စတင်ခဲ့တဲ့ ဒေါ်ဝင်းဝင်းတင့်ဟာ ၁၉၉၈ မှာ ၄၇ လမ်း City Mart ကို ဖွင့်ရဲလာတယ်။

စားသုံးသူတွေသက်သောင့်သက်သာ ဝယ်နိုင်မှုရယ်၊ ကုန်ပစ္စည်းမှန်မှန်ရမယ်ဆိုတဲ့ ယုံကြည်မှုကိုလည်း ထည့်နိုင်ခဲ့ပြီ။ အဲဒီလို တစ်နေရာပြီးတစ်နေရာ အောင်ပွဲခံလာတဲ့ City Mart ဟာ မန္တလေးမှာ ဈေးကွက်ကြီးတွေကို အသေအချာသိပြီး အသေအချာဖွင့်ခဲ့တာမို့ စားသုံးသူရဲ့ အတွေးအခေါ်ကိုလည်း ဦးဆောင်နိုင်ခဲ့ပါတယ်။



'မန္တလေးမှာဖွင့်ရင် တကယ်ကောင်းတဲ့ဆိုင်ဖွင့်ရမယ်ဆိုတာ နားလည်ခဲ့ပါတယ်၊ မန္တလေးမှာဆိုရင် မန္တလေး City Mart ဖြစ်ရမယ်၊ Function တစ်ခုစီ၊ Function တစ်ခုစီမှာ ဦးဆောင်နိုင်တဲ့သူတွေ ပါဝင်စေခဲ့ပါတယ်၊ ဝန်ထမ်းတွေကို အရည်အသွေးပြည့်တဲ့ Team တစ်ခုဖြစ်အောင်ဖွဲ့စည်း ရွေးချယ်ပြီးမှ မန္တလေးကို အပိုင်ဖွင့်ခဲ့တာပါ'

လို့ ဒေါ်ဝင်းဝင်းတင့်က ပြောပါတယ်၊ မန္တလေး City Mart ဖွင့်ခဲ့ခြင်းနဲ့ ပတ်သက်ပြီး ဒေါ်ဝင်းဝင်းတင့်က ထပ်မံခြင့်သုံးသပ်ပြတဲ့စကားပါ။

City Mart မှာဝန်ထမ်းတွေခန့်ရင် ဒေါ်ဝင်းဝင်းတင့်က လူကိုဘယ်လိုကြည့်ခန့်သလဲ ကျွန်တော်သိချင်ပါတယ်။ ဘွဲ့ထူးဆောင်လက်မှတ်များကိုလည်း ကြည့်သလား၊ လူကလူကိုကြည့်ရမယ့်အချက်တွေထဲမှာ ဘာက အဓိကလဲ၊ ဒေါ်ဝင်းဝင်းတင့်ရဲ့ အမြင်ကို ကျွန်တော်သိချင်ပါတယ်။

'ဝန်ထမ်းခန့်ရင် E.Q ကိုပိုပြီး အလေးထားကြည့်ပါတယ်၊ ဦးစီးဦးဆောင်လုပ်မယ့်ဝန်ထမ်းကို ခန့်ရာမှာ E.Q ကို ပိုဦးစားပေးပြီး ကြည့်ရပါတယ်၊ တခြားမျှတစွာ လုပ်ဆောင်ရာမှာ E.Q က အထူးလိုအပ်ပါတယ်၊ စိတ်ခံစားမှုနဲ့ ဦးနှောက်တွဲပြီး ဘာဖြစ်သင့်တယ်ဆိုတာ စဉ်းစားပါတယ်၊ ဒါမှလည်း တကယ်ဖြစ်သင့်ဖြစ်ထိုက်တဲ့ ဆုံးဖြတ်ချက်ကောင်း ဖြစ်ပါလိမ့်မယ်၊ ဒီဘက်ခေတ်မှာ စီးပွားရေးပညာရှင်တွေကလည်း E.Q အကြောင်းတကယ့်ကို အလေးထားပြောလာကြပါတယ်၊ စိတ်နေစိတ်ထားဆိုတာထက် စာနာထောက်ထားနားလည်ပေးမှုပေါ့'

လို့ ဝန်ထမ်းခန့်ရာမှာ လူ့ရဲ့ E.Q ကို ကြည့်တတ်တဲ့အကြောင်း ပြောပြပါတယ်။

City Mart အောင်မြင်ခဲ့တာဟာ မန်နေဂျင်းဒါရိုက်တာကိုယ်တိုင်က လူ့သဘောသဘာဝနားလည်မှုရှိတာရယ်၊ စားသုံးသူဘက်က စဉ်းစားပေးပြီး လူတွေဘာလိုအပ်နေသလဲ၊ လူတွေကို ဘာတွေဖြည့်ဆည်းဝန်ဆောင်ပေးရမလဲ စဉ်းစားတွေးခေါ်ပြီး အလုပ်လုပ်ခဲ့လို့ ကောက်ချက်ဆွဲလို့ ရပါတယ်။

" Customer Focus က တကယ်အရေးကြီးပါတယ်၊ ကိုယ့် Customer တွေကို ဘာ တွေထပ်ပေးနိုင်သလဲ၊ သူတို့ဘာတွေလိုအပ်သလဲ၊ အဲဒါကို ကျွန်မတို့အမြဲ စဉ်းစားပါတယ်၊ ဒါဟာ ကုမ္ပဏီရဲ့ တန်ဖိုးပါပဲ၊ ကျွန်မတို့ စူပါမားကက်တွေရှင်သန်အောင်မြင်ဖို့ဆိုတာ စားသုံးသူတွေက အစဉ်ဖွံ့ဖြိုးတိုးတက်နေဖို့ရယ်၊ ကျွန်မတို့ စူပါမားကက်ကိုယ်တိုင်ကလည်း ဖွံ့ဖြိုးတိုးတက်ပြီး ခေတ်မီလတ်ဆတ် နေဖို့ရယ်

club 18 creative HOUSE

club 18 creative HOUSE

www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးလှပါတယ်' လို့ ဒေါ်ဝင်းဝင်းတင့်က ပြောတယ်။

ခေတ်မီဖွံ့ဖြိုးတဲ့ ပြည်သူလူထုနဲ့ ခေတ်မီဖွံ့ဖြိုးတဲ့ စူပါမားကက်ကြီးတွေ အပြန်ပြန်အလှန်လှန် ပံ့ပိုးဆက်နွယ်စည်ကားနေမှုဟာ ခေတ်မီတဲ့ မြို့ကြီး တွေပေါ်မှာ သိပ်လှ သိပ်အသက်ဝင်တဲ့ ရှုခင်းတွေပါ။

စီးပွားရေးအသိုင်းအဝိုင်းကြားမှာ ဒေါ်ဝင်းဝင်းတင့် မွေးဖွားကြီးပြင်းခဲ့တယ်၊ ငယ်ငယ်ကတည်းက စီးပွားရေးအမြင်ရှိခဲ့တယ်၊

လူငယ်ဘဝမှာပဲ Global အမြင်နဲ့ ရှုမြင်တတ်လာခဲ့တယ်၊

ဒေါ်ဝင်းဝင်းတင့် ကိုယ်တိုင်ကလည်း အရာရာ အပေါ်မှာ

ပါးရည်နပ်ရည် ရှိတယ်၊

လူက ပျော့ပျောင်းဟန် ရှိတယ်၊

ကိုယ်ပိုင် မူလတန်ဖိုး၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်တွေမှာ မာကြောမယ်

လို့ ကျွန်တော်ခန့်မှန်း ကြည့်မိတယ်၊

ပြီးတော့ လူတွေကို ယုံကြည်တယ်၊

လူတွေကို တန်ဖိုးထားတယ်၊

လူတွေကို လေးစားတယ်၊

လူတွေရဲ့ လိုအင်ဆန္ဒတွေကို ဖြည့်ဆည်းဝန်ဆောင်မှု

ပေးချင်တဲ့စိတ်ကလည်း ကြီးမားတယ်။

ဒါတွေကြောင့် City Mart စူပါမားကက် အောင်မြင်တယ်လို့ ကောက်ချက် ချကြည့်မိပါတယ်။ စာနာထောက်ထား နားလည်ပေးတဲ့စိတ်ကို အသုံးချပြီး အလုပ်လုပ်ခဲ့တာလည်း ဒေါ်ဝင်းဝင်းတင့်ရဲ့ အားသာချက်တစ်ခုပဲပေါ့။

လူငယ်လေးတွေအတွက် ဒေါ်ဝင်းဝင်းတင့် ဘာပြောချင်ပါသလဲ။ တစ်ခု ခုပြောပေးဖို့ ကျွန်တော်တို့ တောင်းဆိုကြည့်မိတယ်။ မိဘနဲ့ သားသမီး ဆက် ဆံရေးကိုလည်း မေးကြည့်ခဲ့ပါတယ်။

'လူငယ်လေးတွေမှာ အဓိကအရေးကြီးဆုံးကတော့ စိတ်ဓာတ်ပါ၊ စိတ် ဓာတ်ဖြူစင်ကောင်းမွန်ဖို့ အခြေခံလိုအပ်ပါတယ်။

သူ့ရဲ့တကယ့်ပျော်ရွှင်မှု အတွက် သူဘာလုပ်ရမယ်ဆိုတာ သူသိဖို့လိုပါလိမ့်မယ်၊ သူ့ဘဝရဲ့ ပျော်ရွှင်မှုကို သူရှာနေပြီဆိုရင် မိဘတွေဘက်ကလည်း ကိုယ့်ကလေးအပေါ် ကျေနပ်ပေးရမှာပါ။

မိဘဘက်က လုပ်ပေးမယ်ဆိုရင် ကိုယ့်သားသမီးရဲ့ စိတ်ဓာတ်ကို ပျိုး ထောင်ပေးဖို့ ပတ်ဝန်းကျင်ကောင်းထဲမှာ နေထိုင်နိုင်စေဖို့နဲ့ အတွေးအသစ်





ပွားစေမယ့် ပတ်ဝန်းကျင်ထဲမှာ နေထိုင်နိုင်ဖို့ကို ဖန်တီးပေးဖို့ပါ။

လူတွေကို ယုံကြည်မှုနဲ့ မိမိရဲ့ စွမ်းအားတွေ မြှင့်တင်ခဲ့တဲ့ ဒေါ်ဝင်းဝင်း တင့်ဟာ လူတွေကို အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်သူအဖြစ် ကျွန်တော်တို့ ကမ္ဘာမြေပေါ်မှာ ရှင်သန်လှုပ်ရှားခွင့်ရနေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

# ရွှေပြည်ဟိန်းဆရာတော်



## ထေရုပ္ပတ္တိအကျဉ်း

ဘွဲ့အမည်မှာ အရှင်ခေမာသီရိ လင်္ကာရ ဖြစ်သည်။ ခမည်းတော် ဦးကံကြီး နှင့်မယ်တော် ဒေါ်ခင်ခင်တို့မှ ၁၉၅၇ ခု၊ ဖေဖော်ဝါရီလ ၂၅ရက်နေ့တွင် ဖွားမြင်ခဲ့သည်။ မွေးချင်းမောင်နှမ ၉ ယောက်တို့တွင် ပဌမမြောက်ဖြစ်၍ ပိဋကတ်ပုံခွဲအောင် မြင်ခဲ့ပြီး ဖြစ်သည်။ ၂၀၀၄ ခုနှစ်နိုဝင်ဘာလ၊ ၂၈ရက်နေ့၊ သက်တော် ၅၁ နှစ်အရွယ်တွင် အကောင်းဆုံးသော ဆုလာဘ်ဖြစ်သည့်ကျန်းမာခြင်းကို ပေးလိုသည်မှာ ရွှေပြည်ဟိန်း၏စေတနာ ဟူသော ခံယူချက်ဖြင့် ရွှေပြည်ဟိန်း ကုသိုလ်ဖြစ် ကျန်းမာရေး မြှုစောင့်ရှောက်မှု လုပ်ငန်းကိုစတင်ထူထောင်ခဲ့ပြီး ပြည်သူ အ... များ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုအခမဲ့ ကူညီဆောင်ရွက်ပေး... လျက်ရှိသည်။ ရွှေပြည်ဟိန်းကျောင်း၊ ပြည်... သာယာ၊ ဘောက်ထော်၊ ၁၆ ရပ်ကွက်... ရန်ကင်း၊ ရန်ကုန်မြို့တွင် သီတင်းသုံးနေ... ထိုင်လျက်ရှိသည်။ ၁၉၉၂ ခုနှစ်မှစ၍ ... ပြည်ပ နိုင်ငံများ ဖြစ်သော ထိုင်း၊ စင်္ကာပူ... မလေးရှား၊ အိန္ဒိယ၊ နီပေါ၊ ကိုရီးယား... ဂျပန်၊ အမေရိကန် နိုင်ငံတို့သို့ အကြိမ်... ကြိမ်ကြွရောက်ခဲ့သည်။



နိဗ္ဗာန ဘာဝနာ
ဆိုတာကတော့
ဒီလုပ်ငန်းတစ်ခုလုပ်ပြီးဆို
ရင်းပေးလိုက်ပါနဲ့
အဆက်မပြတ်လုပ်ပါ။
အဆက်မပြတ်လုပ်ရင်
အောင်မြင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



# ဗုဒ္ဓ၏သားတော်တစ်ပါးနှင့် ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်း

## စည်သူအောင်မြင့်



ရွှေပြည်ဟိန်း ဆရာတော် အရှင်ခေမာသီရိ လင်္ကာရဟာ ရွှေပြည်ဟိန်း အာယု ဒါနကုသိုလ်ဖြစ် ဆေးခန်းကိုတည်ထောင်ပြီး ဆင်းရဲနွမ်းပါး သူများနဲ့ ကုန်ကျစရိတ် မတတ်နိုင်သူများကို ကျန်းမာရေးစောင့် ရှောက်မှုပေးလျက်ရှိတဲ့ ဆရာတော်တစ်ပါး ဖြစ်ပါတယ်။ ဆရာတော် ရဲ့ ဆေးခန်းဟာ အလှူရှင်တွေက လှူဒါန်းတဲ့ ငွေတွေနဲ့ တစ်လကို ကျပ်သိန်း ၆၀ ကျော်ဖိုးလောက်အထိ အကုန်အကျခံ ဆေးကုသပေးလျက် ရှိပါတယ်။ ဆရာဝန်၊ အထူးကု ဆရာဝန်ကြီးများပါဝင်တဲ့ စေတနာရှင် အယောက် ၅၀ ကျော်လောက်နဲ့ ဆေးခန်းကိုလာတဲ့ လူနာတွေတင်မက ဆင်းရဲတဲ့ရပ်ကွက်တွေထဲကိုပါ လှည့်လည်ပြီး ကျန်းမာရေး စောင့်ရှောက်မှု ပေးလျက်ရှိပါတယ်။

cLub 18
creative HOUSE



ဆရာတော်ဟာ ပညာထူးချွန်တဲ့ရဟန်း တစ်ပါးလည်းဖြစ်ပြီး သက်တော် ၂၀ အရွယ်ကပင် ပိဋကတ်တစ်ပုံနွဲ့အောင်မြင် ပြီးမြောက်ခဲ့သူ ဖြစ်ပါတယ်။ စီဘ်ဝင်စားဖို့ကောင်းလှတဲ့ ဆရာတော်ရဲ့ ငယ်ဘဝ ပုံရိပ်လွှာ၊ ငယ်စဉ်က ရည်မှန်းချက်၊ ရည်မှန်းချက်ရောက်အောင် ကြိုးစားခဲ့ပုံ၊ အများအကျိုးပြု လုပ်ငန်း တွေ လုပ်ဆောင်ဖြစ်ခဲ့ပုံစတာတွေကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၆ ရက်နေ့မှာ ဆရာတော် သီတင်းသုံးရာ ရွှေပြည်ဟိန်းကျောင်းတိုက်ကို သွားရောက်မေးမြန်း လျှောက်ထားပြီး တင်ပြလိုက်ပါတယ်။

**မေး** - အရှင်ဘုရားဟာ ဗုဒ္ဓဘာသာနဲ့ပတ်သက်တဲ့ ပညာရေးမှာ အမြင့်မားဆုံး အဆင့်လို့ ဆိုရမယ့် ပိဋကတ်သုံးပုံမှာ တစ်ပုံခွဲကို အောင်မြင်ပြီးသား ဖြစ်တယ်လို့ သိရပါတယ်ဘုရား။ ဒီလိုအခြေအနေကနေ ခုလိုမျိုးပုထုဇဉ်လူသားတွေကို အကူ အညီပေးတဲ့လုပ်ငန်း ဘယ်နည်းဘယ်ပုံနဲ့ လုပ်ဖြစ်သွားတယ် ဆိုတာလေး အရှင် ရှင်းပြပါဘုရား။

**ဖြေ** - ဒီမေးခွန်းနဲ့ ပတ်သက်ရင် ဆရာတော် ကိုရင်ဝတ်တဲ့ ဘဝလေးကနေ စပြီးတော့ ပြောပြချင်တယ်။ ဘုန်းဘုန်းရဲ့ဇာတိက ဟိုး အထက်မြန်မာပြည် ကန့်ဘလူမြို့နယ်က၊ ပညာသင်ဖို့စဉ်းစားတဲ့အချိန်မှာ အမရပူရ မဟာဂန္ဓာရုံ ဆရာတော်ကြီးရဲ့ စာတွေကိုဖတ်ပြီး ဆရာတော်ကြီးကို အတော်လေးအားကျ တယ်။ ဒီတော့ ကိုရင်ဘဝကတည်းက ကိုယ်အားကျတဲ့ အမရပူရ မဟာဂန္ဓာရုံ ကျောင်းကို ကိုယ်တိုင်သွားပြီးတော့ ပညာသင်ယူတာပေါ့၊ ဘုန်းကြီး မဟာဂန္ဓာရုံ ကျောင်းကို ရောက်သွားတဲ့အချိန် အဲဒီမှာသံဃာအပါး ၅၀၀ ရှိတယ်။ တခြား ဒေသတွေနဲ့ မတူတာတစ်ခုက အဲဒီမှာ သံဃာအားလုံး ကျောင်းတစ်ကျောင်း ထဲမှာ တစ်စည်းတစ်လုံးတည်း စုပေါင်းပြီး ဆွမ်းစားကြရတယ်။ သံဃာတော် အားလုံးဟာ ဆရာတော်ကြီးတစ်ပါးထဲရဲ့ ဩဝါဒခံအဖြစ်နဲ့ပဲ နေကြရတယ်။ နောက် ဆရာတော်ကြီးက အမြော်အမြင်ကြီးတဲ့အခါကျတော့ နေ့စဉ်ကျန်းမာရေး နဲ့ပတ်သက်ပြီးတော့ ကျောင်းထဲမှာပဲ ဆေးခန်းကြီးတစ်ခု ဆောက်ထားတယ်။ ဒီဆေးခန်းကြီးကိုလည်း ဦးဇင်းတွေထဲကပဲ တာဝန်ယူနိုင်းတယ်။ တာဝန်ယူနိုင် ဖို့အတွက် ဆရာတော်ကြီးက သံဃာတော်တွေကို ဆေးဝါးကျွမ်းကျင်မှု သင်တန်းတွေ၊ သူနာပြုသင်တန်းတွေ တက်နိုင်းထားတယ်။ ဒါကြောင့်သာမန် လောက် ရောဂါတွေဆိုရင် အဲဒီဆေးဝါးကျွမ်းကျင်သင်တန်းတက်ထားတဲ့၊ သူနာပြုသင်တန်းတက်ထားတဲ့ ဦးဇင်းတွေကပဲ တာဝန်ယူကုသပေးကြတယ်၊

cLub 18
creative HOUSE

www.burmeseclassic.com

ရောဂါသိပ်ကြီးကြီးမားမားတွေဖြစ်လာမှ ဆေးရုံကြီးတွေကို ပို့ပေးတယ်။ အဲဒီမှာ ဘုန်းကြီးနေတဲ့ ကျောင်းဆောင်က ဆေးခန်းကျောင်းဆောင်နဲ့ ကပ်နေတာဆိုတော့ ပရဟိတစိတ်ရှိတဲ့ သံဃာတော်တွေရဲ့ လုပ်ပုံလုပ်နည်းတွေကို အဲဒီငယ်စဉ်အချိန်ကတည်းက ထိတွေ့ခွင့်ရခဲ့တယ်။ နောက်စာသင်တော့လည်း ဘုရားလက်ထက်ကတည်းက ဘုရားရှင် ကိုယ်တော်တိုင် ကျောင်းဝင်းထဲမှာ ဆေးကျောင်းသပ်သပ်ခွင့်ပြုထားတာမျိုးရှိတယ်ဆိုတာ သိလာရတယ်။ ဆေးနည်းတွေလည်း ဘုရားရှင်ကိုယ်တော်တိုင် ပေးထားတာရှိတယ်။ သံဃာတော်က လက်တွေ့လုပ်ကြရတယ်။ ဒီရောဂါဖြစ်ရင် ဒီဆေး၊ ကောင်းတယ် သင့်တော်ပါတယ်၊ ငါဘုရားခွင့်ပြုပါတယ်ဆိုပြီး ဘုရားရှင် ကိုယ်တော်တိုင် ဒီလိုခွင့်ပြုခဲ့တာရှိတယ်။ သူနာပြုရဟန်းတွေရှိရမယ့် အရည်အချင်းတွေနဲ့ပတ်သက်ပြီး ဘုရားရှင်မိန့်ထားတာရှိတယ်။ ရောဂါသည်တွေဘက်က ရှိုယွင်းချက်တွေ၊ လိုက်နာရမယ့်အချက်တွေ ဒါတွေကိုလည်း ဘုရားရှင် မိန့်ထားတာရှိတယ်။ နောက် အဲဒီကနေ ဘုန်းကြီးက သီတဂူ ဆရာတော်ကြီးနဲ့ လက်တွဲမိတယ် ဆိုပါစို့၊ ဆရာတော်ကြီးရဲ့ လုပ်ငန်းစဉ်တွေမှာ ဝင်ရောက်လုပ်ကိုင်ခွင့်ရတယ်။ အဲဒီအချိန်က ရဟန်း ၂၈ပါးလောက်တော့ရှိပြီ။ ဆရာတော်ကြီး ပထမဦးဆုံးလုပ်တာက ရေအလှူရှားပါးတဲ့ စစ်ကိုင်းတောင်ကြီးကို ရေရအောင် လုပ်ပေးထားတယ်။ အဲဒီလုပ်ငန်းလုပ်တဲ့အချိန်မှာ ဘုန်းကြီးက ဆရာတော်ကြီးနဲ့လက်တွဲပြီးလုပ်ခဲ့တယ်။ လုပ်ငန်းအောင်မြင်ပြီးသွားတဲ့အချိန် စစ်ကိုင်းတောင်မှာပဲ ဆရာတော်ကြီးက သံဃာ ၈၀ လောက်ဆန့်တဲ့ ဗီဝိတဒါန သံဃာ့ဆေးရုံကြီးကို စပြီးဆောက်တယ်။ အဲဒါက စစ်ကိုင်းတောင်ရိုးမှာနေကြတဲ့ ရဟန်းသာမဏေတွေ၊ သီလရှင်တွေ အဖိုးအမွှားတွေနဲ့ ပြင်ပလူနာတွေအတွက်ပါ အခမဲ့ဆေးခန်းသဘောမျိုး လုပ်တာဖြစ်တယ်။ လုပ်ငန်းတွေ တည်ဆောက်ဆဲကာလမှာလည်း ဘုန်းကြီးက ဆရာတော်ကြီးနဲ့ အတူတူ ဒီလုပ်ငန်းတွေမှာ လက်တွဲပါဝင် လုပ်ကိုင်ခွင့်ရတယ်။ နောက်တော့ ဘုန်းကြီးကိုယ်တိုင် ဒီရွှေပြည်ဟိန်းနေရာကို ၁၉၉၅ ခုနှစ်လောက်က စရောက်တယ်။ ရောက်စမှာ အခြားလုပ်ငန်းလေးတွေလုပ်လိုက်၊ ပြည်ပသွားလိုက်၊ ဆရာတော်ကြီးခေါ်ရင်လည်း သွားလိုက်၊ လာလိုက်၊ ကူးသန်းလိုက် ဒီလိုလုပ်နေရာကနေ ၂၀၀၀ ခုနှစ်အရောက်မှာ တရားပွဲတွေနဲ့ ဒီမှာကျယ်ကျယ်ပြန့်ပြန့်စလုပ်ပြီ။ ၂၀၀၂ ခုနှစ်ကျတော့ မကျန်းမာတဲ့ပုဂ္ဂိုလ်တွေကို တစ်နည်းတစ်ဖုံကူညီရင် ကောင်းမှာပဲလို့ စဉ်းစားမိတယ်။ ဒီအခါ အဲဒီမကျန်းမမာဖြစ်တဲ့လူတွေ ဆေးရုံဆေးခန်း သွားဖို့လာဖို့အတွက် မော်တော်ယာဉ်အလှူလုပ်ငန်း



ဟာလိုလည်းလိုတယ်၊ အရေးလည်းကြီးတယ်လို့ စဉ်းစားမိတယ်။ ဒါနဲ့ ဘုန်းကြီးက တစ်ပြည်လုံးကို ကြေညာလိုက်တယ်။ ဒီ မကျန်းမာသူတွေအတွက် မော်တော်ယာဉ် အလှူလုပ်ငန်းလုပ်နေပါပြီ။ မကျန်းမာတဲ့လူတွေ ဆေးရုံဆေးခန်းသွားဖို့ အခက်အခဲရှိရင် အကူအညီတောင်းနိုင်ပါတယ်ဆိုတော့ အကူအညီတွေ တောင်းလာကြတယ်။ တချို့နယ်ကလာတဲ့လူတွေဆိုရင်လည်း ဘယ်ကားလိုင်းနဲ့ လာပါမယ်။ ကားဂိတ်ကို ဘယ်အချိန်ရောက်မယ်။ ဒီတော့ ဒီကကြိုပေးပြီးတော့ သူတို့သွားချင်တဲ့ ဆေးရုံဆေးခန်းတွေ လိုက်ပို့ပေးရတယ်။ နောက် ဆေးရုံက ဆင်းပြီးလို့ ပြန်ချင်တယ်ဆိုတဲ့အခါကျတော့လည်း အလာတုန်းကလိုပဲ ကားဂိတ် အထိဆို ကားဂိတ်အထိ၊ အိမ်အထိဆို အိမ်အထိ လိုက်ပို့ပေးတာမျိုးလုပ်ခဲ့တယ်။ (၃) နှစ်လောက်အထိ အဲဒီလုပ်ငန်းကို လုပ်လိုက်ပါတယ်။ နောက်ပိုင်း ဒီအလုပ် လုပ်ရာမှာ ပါဝင်တဲ့ ကားတွေအနက် ကားတချို့ဟာ လိုင်စင်မဲ့ကားတွေ ဖြစ်နေလို့ နိုင်ငံတော်ကို အပ်လိုက်တယ်။

နောက် ခုလိုအကူအညီပေးတဲ့လုပ်ငန်းကို ပိုပြီး ထိရောက်အောင် ကျန်းမာရေး ဆေးခန်းဖွင့်ဖို့ စိတ်ကူးမိတယ်။ ဒါနဲ့ဒီကျန်းမာရေးဆေးခန်းဖွင့်ဖြစ်တာပါပဲ။ ဆေးခန်းဖွင့်လိုက်တော့လည်း မော်တော်ယာဉ်လုပ်ငန်းအချို့က ပြန်ပါ ပါသေးတယ်။ ဒါကတော့ ဆရာဝန်တွေကြိုဖို့၊ ပို့ဖို့အတွက် ဒီ မော်တော်ယာဉ်တွေ ကို ပြန်သုံးရလို့။ ဒါပေမယ့် လူနာတွေကို ကြိုပို့တာတော့ မလုပ်တော့ဘူး။ ဆရာဝန်တွေကိုပဲ ဆေးခန်းကိုကြိုလာ၊ ဒီမှာလာတဲ့ လူနာတွေကို ကုသပေး၊ နောက်ဆရာဝန်တွေကို ပြန်ပို့ အစပိုင်းမှာ ဒီလောက်ပဲ လုပ်နိုင်ခဲ့တယ်။ ဒါပေမယ့် အချို့လူနာတွေက ဆင်းရဲတယ်၊ ဒီဆေးခန်းကို လာချင်တာတောင် မလာနိုင်တဲ့ လူနာတွေရှိတယ်။ ဒါနဲ့ အဲဒီလူနာတွေရှိရာ ရပ်ကွက်တွေထဲလှည့်ပြီး ကုပေးမယ် ဆိုပြီး ကွင်းဆင်းကုသရေး အစီအစဉ်ကို စလုပ်တယ်။ ဆရာဝန်တွေနဲ့ ညှိနှိုင်းပြီးတော့ တချို့ဆရာဝန်တွေက မနက်ပိုင်း ရပ်ကွက်တွေကို လှည့်လည်ကုသရာမှာပါကြတယ်။ တချို့ကျတော့ ညနေပိုင်း ဆေးခန်းလာထိုင်ပေးကြတယ်။ အဲဒီလိုလုပ်တယ်။ အစပိုင်းတော့ ဆရာဝန် ၂ ယောက် ၃ ယောက်နဲ့ပဲ လုပ်တာ။ နောက်ပိုင်း နယ်လှည့်ကုတာပါလုပ်လာရင်းနဲ့ ဆက်သွယ်လာတဲ့ ဆရာဝန်တွေ ခုဆို ၅၀ ကျော်လောက်ဖြစ်သွားပြီ။ မနက်ပိုင်းလှည့်တဲ့ ဆရာဝန်တွေက စုစုပေါင်း ၃၀ လောက်၊ ဒီဆေးခန်းမှာ ထိုင်ပေးတာက အယောက် ၂၀ လောက်။ သူ့အရှိန်နဲ့သူ အစီအစဉ်ဆွဲပြီးတော့ လုပ်ဖြစ်သွားတယ်။ ခုဆို ကုသမှုအမျိုးအစားလည်း အများကြီးဖြစ်သွားပြီ။ တနင်္ဂနွေဆိုရင် အပ်စိုက်

www.burmeseclassic.com



အထူးကုဆရာဝန်ကြီးတွေအဖွဲ့၊ ဆရာဝန်ကြီးတွေက ဆရာဝန်ငယ်တွေကို သင်တန်းပို့ချရင်း လက်တွေ့ကုသပေးနေတာဆိုတော့ တနင်္ဂနွေတစ်ပတ်ဆို လူနာ ၆၀-၇၀ လောက်ကို အပ်စိုက်ကုထုံးနဲ့ ကုသပေးနေရတယ်။ တနင်္လာနေ့မှာဆို အထွေထွေ အထူးကုရှိတယ်။ မျက်စိအထူးကုရှိတယ်။ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး အဲဒီရက်တွေမှာ ကလေးအထူးကုရှိတယ်။ နောက်ဗုဒ္ဓဟူးမှာ အကြောတွေ ပြန်လည်ရှင်သန် သန်စွမ်းရေး၊ ဗုဒ္ဓဟူး၊ သောကြာမှာပဲ သီးသန့် အပ်စိုက်ကုတာက ရှိသေးတယ်။

မေး - ဆရာတော်ဘုရား ဘယ်အသက်အရွယ်ကစ သာသနာ့ဘောင်ကို စဝင် ပါသလဲ ဘုရား။
ဖြေ - ၁၁ နှစ်သား အရွယ်ကတည်းက သင်္ကန်းစစည်းတယ်။

မေး - ဆရာတော်ဘုရားရဲ့ ခမည်းတော်နဲ့ မယ်တော်ဟာ ဘာလုပ်ငန်းတွေနဲ့ အသက်မွေးဝမ်းကျောင်း ပြုပါသလဲဘုရား။ နောက် ဆရာတော်ဘုရားငယ်စဉ်က ဆရာတော်ရဲ့ ခမည်းတော်နဲ့မယ်တော်က ဘာတွေဖြစ်စေချင်ခဲ့သလဲ အမိန့်ရှိပါ ဘုရား။
ဖြေ - ဘုန်းကြီးရဲ့ငယ်စဉ်ဘဝဟာ ဖဆပလအစိုးရခေတ်မှာ ကြီးပြင်းခဲ့ပါတယ်။ ခမည်းတော်က ကန့်ဘလူမြို့နယ် မိုးကောင်းကျေးရွာက ရွာသူကြီးဖြစ်တယ်။ အဲဒီအချိန် ဘုန်းတော်ကြီးသင် စာသင်ကျောင်း၊ရော၊ အတန်းပညာသင်ကျောင်း ဆိုတာပါရှိနေပြီ။ ဘုန်းကြီးကတော့ ဘုန်းတော်ကြီးသင် စာသင်ကျောင်းမှာ ၄ တန်းလောက်အထိပဲနေတယ်။ ၄ တန်းပြီးတဲ့နောက် ဘုန်းတော်ကြီးစာပေတွေ ကိုပဲ ကိုရင်ဝတ်နဲ့ဆက်ပြီး လေ့လာတယ်။ မိဘတွေကတော့ အတန်းပညာ သင်ရင်လည်း ဘွဲ့ရတဲ့အထိနေဖို့၊ အတန်းပညာမသင်ချင်လို့ ဘုန်းကြီးဝတ်ချင် တယ်ဆိုရင်လည်း ဘုန်းကြီးဘဝနဲ့ပဲ အရိုးထုတ်ဖို့ နှစ်မျိုးစလုံး သဘောတူ ပါတယ်။ ဘုန်းကြီးကိုယ်တိုင်ကလည်း ဘုန်းတော်ကြီးဘဝကိုပဲ ရွေးချယ်လိုက် တယ်။ ဘုန်းကြီးရဲ့အဘိုး ဆရာတော်ကလည်း ဘုန်းတော်ကြီးပဲ၊ ဘုန်းကြီးရဲ့ ခမည်းတော်အထက်ကအစ်ကိုကလည်း ဘုန်းတော်ကြီးပဲ။ ခမည်းတော်ဘက်က ညီအစ်ကို ၆ ယောက် ၇ ယောက်လောက်ရှိတယ်။ သူတို့ဆီကမွေးတဲ့ သူတွေထဲ မှာလည်း တစ်ယောက်စီလောက်ကတော့ ဘုန်းတော်ကြီး ဖြစ်ကြတာပဲ။ ဘုန်းကြီး ရဲ့ဆွေမျိုး ဘုန်းကြီးတွေပေါင်းလိုက်ရင် စုစုပေါင်း ၃၀ ကျော်လောက်တောင်





ရှိမယ်ထင်တယ်။ ဒါက ညီအကိုအရင်းတွေတင်မက တစ်ဝမ်းကွဲ၊ နှစ်ဝမ်းကွဲတွေ ပါပေါင်းရင်ပေါ့။ ဘုန်းကြီးရဲ့ ခမည်းတော်၊ မယ်တော်တွေ ကိုယ်တိုင်က ဘုန်းကြီးကို တစ်ချိန်ကျရင် ဆရာတော်ကြီးတစ်ပါးဖြစ်လာဖို့ဆိုတဲ့ မျှော်လင့်ချက် တော့ရှိခဲ့တယ်။

မေး - ဒါဆိုရင် ဆရာတော် ဘယ်နှစ်နှစ်သားလောက် အရောက်မှာ ဇာတိမြေက ထွက်ခွာလာပါသလဲ ဘုရား။
ဖြေ - အမှန်ကတော့ ဘုန်းဘုန်းက အသက် ၁၂ နှစ်သား ၁၃ နှစ်သားလောက်က တည်းက သွားချင်နေတာ။ မိဘတွေက ငယ်သေးတယ်ဆိုပြီး မလွှတ်တာ။ ၁၅ နှစ်သား ရောက်မှသွားရတယ်။ ဒါနဲ့ အမရပူရ မဟာဂန္ဓာရုံကျောင်းရောက်မှ ၁၀ နှစ်သားလေးတွေ၊ ၁၁ နှစ်သားလေးတွေ ရောက်နေတာတွေ့ရတယ်။ ဒီတော့မှ ငါကနောက်ကျလေခြင်းဆိုပြီး စိတ်မကောင်းဖြစ်ရသေးတယ်။

မေး - ဆရာတော်ဘုရားနေနဲ့ ဒီလိုအလွန်စည်းကမ်းကြီးလှတဲ့ ကျောင်းကြီးကို ရောက်သွားတော့အမြင်လည်း ကျယ်လာမှာပေါ့ဘုရား၊ ဒီတော့ အဲဒီမှာ ရောက်သွားချိန် နောင်ကြီးလာရင် ဘာဖြစ်ချင်တယ်၊ ဘာလုပ်ချင်တယ်ဆိုတဲ့ စိတ်မျိုး ဖြစ်ပေါ်ခဲ့ပါသလဲဘုရား။
ဖြေ - အဲဒီရောက်သွားတော့ ဆရာတော်ကြီးက မှာပေးတယ်။ ကြီးလာတဲ့အခါ ဘာတွေ လုပ်သင့်သလဲ၊ ဘာတွေ လုပ်ကြမလဲ စသဖြင့်၊ ဥပမာ- ကျေးရွာပြန်ပြီး တော့ ကျေးလက်ဖွံ့ဖြိုးရေး ဘုန်းတော်ကြီးလုပ်မလား၊ စာသင်တိုက်တွေ တည်ပြီးတော့ စာချဆရာတော်ကြီးလုပ်မလား၊ တရားဟော တရားပြဆရာတော် လုပ်မလား၊ နောက်ပရဟိတ အများအကျိုးပြုလုပ်ငန်းတွေ လုပ်မလား၊ စသဖြင့် မှာလေးတွေ ချပေးတယ်။ ဘုန်းကြီးကတော့ တရားဟောတဲ့ ဘုန်းကြီးလည်း လုပ်မယ်၊ နောက်အများအကျိုးပြုတဲ့ လုပ်ငန်းတွေလည်းလုပ်မယ်ဆိုတာ ငယ်ငယ်ကတည်းက မျှော်မှန်းချက်ရှိခဲ့တာ၊ နောက်ဆုံးကုန်ကုန် လမ်းဖောက်တာ၊ တံတားပြင်တာမျိုးက အစပေါ့။

မေး - ဆရာတော်အနေနဲ့ အဲဒီလိုကြီးကျယ်လှတဲ့ ကျောင်းတိုက်ကြီးကို ရောက် သွားတော့ ရဟန်းအာဇာနည်တွေလည်း တွေ့ရမှာပေါ့ဘုရား၊ အဲဒီအထဲကမှ ဆရာတော်ဘုရား လေးစားအားကျခဲ့တဲ့ ဆရာတော်တွေရှိရင်လည်း သိပါရစေ ဘုရား။



www.burmeseclassic.com

www.burmeseclassic.com



ဖြေ - ရှိတယ်။ စာပေနဲ့ပတ်သက်ရင် ထင်ရှားတာက တိပိဋကဆရာတော် ဦးသုမင်္ဂလ။ ဆရာတော်ဘုရားကြီးကို ဘုန်းကြီးမမီလိုက်ဘူး။ သူက အဲဒီကျောင်းတိုက်ကနေ ၁၃၂၉ လောက်ကတည်းက ထွက်သွားတာ၊ ဘုန်းကြီးက ၁၃၃၃ မှ ရောက်တာဆိုတော့ ဘုန်းကြီး မရောက်ခင် ၄ နှစ်လောက်ကတည်းက ထွက်သွားပြီ။ ဒါပေမယ့် ဆရာတော်ဘုရားကြီးကို တစ်နှစ်တစ်ခေါက် လာကန်တော့တာတွေ့တယ်။ ဒီလို တိပိဋကဆရာတော်ဦးသုမင်္ဂလလည်း ဒီတိုက်ထွက်ပဲဆိုတာ သိလိုက်ရတယ်။ ဆရာတော် ဦးသုမင်္ဂလကိုတော့ စာပေနဲ့ပတ်သက်ပြီး အားကျတယ်။ နောက် တရားဟောတာနဲ့ပတ်သက်ပြီး တိုက်ထဲမှာ ထင်ရှားတဲ့ နာယကချုပ်ဖြစ်နေတဲ့ ဦးကုဏ္ဍလာဘိဝံသ ဆရာတော်ကြီးကို အားကျတယ်။

မေး - နောက်ပြီး ဆရာတော်ဟာ စာပေအရာမှာရဖို့ရာ ခက်ခဲတဲ့ ပိဋကတ်တစ်ပုံခွဲကိုလည်း အောင်မြင်ထားခဲ့သူ ဖြစ်လေတော့ ဆရာတော်ရဲ့ ပညာဆည်းပူးခဲ့တာတွေကိုလည်း မိန့်တော်မူပါဦးဘုရား။

ဖြေ - ဘုန်းကြီးက အသက် ၁၈နှစ်သားမှာ သာမဏေကျော်တွဲရတယ်။ အဲဒီတုန်းက မြန်မာတစ်နိုင်ငံလုံးမှာ ဘုန်းကြီးက ၆၇ ပါးမြောက်ပေါ့၊ နောက် အသက် ၂၀ ရဟန်းဖြစ်ဖြစ်ခြင်းမှာ ပိဋကတစ်ပုံ အာဂုံဆောင်ပြီးနေပြီ။ ဒါပေမယ့် ပိဋကသုံးပုံလုံးပြီးအောင်တော့ မလုပ်နိုင်ခဲ့ဘူး။ အကြောင်းကတော့ ဘုန်းကြီး ရဟန်းဖြစ်ပြီး ရန်ကုန်ရောက်လာတော့ ကန်ဘဲ့က ပဋ္ဌာနကာရ ဓမ္မာရုံကြီးကလည်း စတည်ထောင်တဲ့နှစ်ကိုး။ နောက် ကျောင်းတိုက်တည်ဆောက်တဲ့လုပ်ငန်း ကလည်း တစ်ဖက်ကလုပ်ရတယ်။ တစ်ဖက်က စာချပေးရတယ်၊ တစ်ဖက် ကလည်း စာမေးပွဲဆက်ဖြေရတယ်၊ တစ်ဖက်က တရားလည်းဟောရသေးတယ်၊ ဒီပညာရေးနဲ့ ပတ်သက်ရင် သိတဲ့ ဆရာတော်ဘုရားကြီး မိန့်ကြားတာရှိတယ်။ စာမေးပွဲတွေ ဖြေကြတယ်ဆိုတာ တကယ်တော့ အလုပ်လုပ်ဖို့ပဲတဲ့။ စာမေးပွဲတွေ အောင်ပြီး အလုပ်မလုပ်နိုင်ရင် အလကားပဲတဲ့။ ကိုယ်က အလုပ်လည်းလုပ်နိုင် နေပြီ၊ အလုပ်လုပ်ဖို့လည်း အရွယ်လည်း ရောက်နေပြီ အချိန်လည်းရောက်နေပြီ၊ အလုပ်လုပ်ချင်လို့ရှိရင် ငါနဲ့လိုက်ခဲ့ဆိုပြီး ဆရာတော်ကြီးက စစ်ကိုင်းတောင်ကို ခေါ်သွားတယ်။ အဲဒီအချိန် ဘုန်းကြီးအနေနဲ့ကလည်း တစ်ပုံခွဲပြီးပြီးသားဆိုတော့ စိတ်ထဲကလည်း အထိုက်အလျောက် ကျေနပ်မှုရှိနေတယ်။ ပိဋကတ် သုံးပုံစလုံးပြီးဖို့ဆိုတာကတော့ ဒါကိုပဲတစိုက်မတ်မတ်လုပ်မှရမှာကိုး၊ သူကစာဆိုစာချည်းပဲ အဲဒီလိုလုပ်နေရတာကိုး။ အချိန်တွေ အများကြီးပေးရတယ်၊ ဘုန်းကြီး





ဘဝက စာကိုချည်းပဲပေးချိန်မရဘူး၊ ဘာလို့လဲဆို တစ်ဖက်ကတိုက်တာတည်တဲ့အချိန် တည်ဆောက်ရေးလုပ်ရင်း၊ တစ်ဖက်ကစာချ၊ တစ်ဖက်ကတရားဟော၊ တဖက်က စာမေးပွဲဆက်ဖြေ ဒါမျိုးတွေလုပ်နေရလို့။

မေး - ဆရာတော်ဘုရား မဟာဂန္ဓာရုံကျောင်းတိုက်မှာ မြင်တွေ့ခဲ့ရတဲ့ဆေးခန်းဟာ သံဃာက သံဃာတော်တွေကိုပဲ ဆေးကုသတာပေါ့ဘုရား၊ ခုဆရာတော်က လူပုဂ္ဂိုလ်တွေကို အယုတ်အလတ် အမြတ်မရွေး ကျန်းမာရေးစောင့်ရှောက်မှုပေးနေရတာဆိုတော့ ဘယ်လိုကွာခြားချက်တွေများ ရှိနေပါမလဲဘုရား။

ဖြေ - ဇီဝိတဒါန သံဃာ့ဆေးရုံတွေဆိုတာ အထူးသဖြင့် ရဟန်းသံဃာတော်တွေနဲ့ သီလရှင်တွေကိုပဲ ဆေးကုသပေးတာ။ လူပုဂ္ဂိုလ်တွေနဲ့ ပတ်သက်ပြီး စဉ်းစားရင် သူတို့အနေနဲ့ အားငယ်မှာပဲ၊ ခုခေတ်မှာ အဲဒီလို လူတွေကို ကျန်းမာရေးစောင့်ရှောက်မှုပေးဖို့ဆိုတာ တကယ့်ကို လိုအပ်နေတယ်လို့ ဘုန်းကြီးထင်တယ်။ တစ်ဖက်မှာလည်း ကျန်းမာရေး စောင့်ရှောက်မှုစရိတ်တွေ မြင့်တက်လာနေတာ ရှိတယ်။ ဒီတော့ဘုန်းကြီးက တချို့ဆရာဝန်ကြီးတွေနဲ့ ဆွေးနွေးကြည့်တယ်။ သူတို့ကလည်း သူတို့တတ်မြောက်ထားတဲ့ ပညာနဲ့ပြည်သူတွေကို ဒါနလုပ်ချင်တယ်၊ ဒါပေမယ့်လိုအပ်တဲ့ ဆေးဝါးစသဖြင့်ကို ထောက်ပံ့ပေးနိုင်မယ့် အဖွဲ့အစည်းမရှိတော့ သူတို့လည်း တစ်ဦးချင်းမလုပ်နိုင်ဘူး၊ ဒါကိုလည်း ဘုန်းကြီးက သိထားတယ်၊ ဒီတော့ ဒီလိုလုပ်ငန်းမျိုးလုပ်ကြည့်ရင် ဆရာဝန်ကြီး တွေကလည်း ပညာဒါနလုပ်မယ်၊ လူတွေဘက်ကလည်း ဆေးဝါးနဲ့ပတ်သက်လို့ ထောက်ပံ့နိုင်တဲ့ အလှူရှင်တွေ ပေါ်လာမယ်၊ ဒီလိုပေါ်လာလို့ရှိရင် ဘုန်းကြီး ကလည်း ဒီလုပ်ငန်းကို တဖြည်းဖြည်းတိုးချဲ့ပြီး လုပ်သွားမှာပေါ့။ အဲဒီအချိန်က စဉ်းစားမိတာက ရဟန်း၊ သံဃာ၊ သီလရှင်တွေအတွက် ဒီလိုအလှူမျိုးက ရှိပြီးသား၊ ပြည့်စုံပြီးသား၊ လူပုဂ္ဂိုလ်တွေအတွက်ပဲလိုနေတာ၊ ဒါကြောင့်လူတွေအတွက် အဓိကထား လုပ်ပေးရင်ကောင်းမှာပဲဆိုတဲ့ ရည်ရွယ်ချက်နဲ့လုပ်ခဲ့တာ ဖြစ်တယ်။

ဒီလိုပရဟိတလုပ်ငန်းနဲ့ ပတ်သက်လို့ ဘုန်းကြီးတစ်ခု ဖြည့်စွက်ပြောချင်တယ်။ ဘုန်းဘုန်း စစ်ကိုင်းတောင်မှာနေခဲ့ရတုန်းက မြစ်ကမ်းနဘေးကတောင်ကုန်းလေးပေါ်ကကျောင်းမှာ၊ မိုးရာသီရောက်လာရင် အဲဒီတောင်ခြမ်းတစ်ကြောကို မှီနေကြတဲ့ ပတ်ဝန်းကျင်ကျေးရွာကလူတွေ သွားရေးလာရေး အတော်လေးကို ခက်ခဲတယ်။ လမ်းမရှိတော့ တောင်ပေါ်ကနေ ကွေ့ပတ်ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



တပင်တပန်း သွားကြရရှာတယ်။ ဒါနဲ့ပတ်သက်လို့ ဘုန်းကြီးကို တချို့ ဆရာတော်ကြီးတွေက အကြံပြုတယ်၊ အရှင်ဘုရား မြစ်ကမ်းပါးတစ်လျှောက် လှည့်သွားလမ်းလေးပဲ ဖြစ်ဖြစ် ဖောက်ပေးနိုင်ရင် ကောင်းမယ်ပေါ့၊ အရှင်ဘုရားတို့ ဦးဆောင်ရင် ရနိုင်ပါတယ်ပေါ့၊ အဲဒီအကြံကို ရတာနဲ့ ဘုန်းကြီးဟာ ၁၉၉၄ ခုနှစ်ကစ မြစ်ကမ်းတစ်လျှောက် လမ်းဖောက်တယ်၊ အစကတော့ သာမန် သွားရေးလာရေး လွယ်ကူဖို့အတွက်လောက်ပဲ ရည်ရွယ်ပြီးလုပ်တာ၊ နောက်တော့ ကားတွေပါ သွားလို့ရအောင်ဆိုပြီး ကားလမ်းဖြစ်အောင် ကြိုးစားဖောက်ခဲ့တယ်။ ဟိုအချိန်တုန်းက ဘုန်းကြီးတို့ဆီကနေ မင်းကွန်းကို သွားချင်ရင် မန္တလေးဘက်က လှည့်ပြီးသွားမှရတယ်။ မော်တော်စီးပြီး သွားမှရတယ်။ ဘုန်းကြီးက ကားလမ်း ဖောက်ပေးလိုက်တဲ့အတွက် မြစ်ကမ်း တစ်လျှောက်ကားလမ်းဟာ မင်းကွန်းအထိ ပေါက်သွားတယ်။ အခုဆို ဘုရားဖူးကားတွေကအစ မင်းကွန်းသွားရင် ဒီလမ်းကို အသုံးပြုပြီး လွယ်လွယ်ကူကူ သွားလာနေကြပြီ။

မေး - ဆရာတော်ဘုရားက သီတဂူဆရာတော်ကြီးနဲ့လည်း လုပ်ငန်းတွေ အတူတွဲလုပ်ခဲ့ဖူးတယ်ဆိုတော့ ဆရာတော်ကြီးဆီက ဘယ်လိုလမ်းညွှန်မှုတွေ ဘယ်လို သြဝါဒတွေများ ရခဲ့ပါသလဲဘုရား။

ဖြေ - ဒီလုပ်ငန်းတွေ အဓိကလုပ်ဖြစ်နေတာ ဆရာတော်ကြီးရဲ့ အကြံဉာဏ်နဲ့ ဆရာတော်ကြီးရဲ့ ရှေ့ဆောင်လမ်းပြမှုတွေပဲ၊ ဆရာတော်ကြီးက ရှေ့ကနေ လျှောက်ပြထားတော့ ကိုယ့်အတွက် ဒီလမ်းလျှောက်ရတာ သိပ်အခက်အခဲ မရှိဘူး။ ဆရာတော်ကြီးလျှောက်တဲ့အတိုင်း ကိုယ်ကဆက်လျှောက်ရုံပဲ။

မေး - လက်ရှိဆရာတော်ဘုရား လုပ်နေတဲ့ အလှူဒါနလုပ်ငန်းကြီးဟာ ငွေကြေး ပမာဏအရရော၊ လူပုဂ္ဂိုလ်ပါဝင်မှုအရပါ အတော်ကိုကြီးကျယ်တဲ့ လုပ်ငန်းကြီးပါ ဘုရား၊ ဒီတော့ ဒီလုပ်ငန်းလုပ်နေစဉ် လတ်တလော ၃-၄ နှစ်တာ ကာလအတွင်း ဆရာတော်အနေနဲ့ ဘယ်လိုအခက်အခဲမျိုး ရင်ဆိုင်ရတာရှိခဲ့ပါသလဲဘုရား၊ ရှိခဲ့ရင် ဆရာတော်ကျော်လွှားခဲ့တာကို သိချင်ပါတယ်ဘုရား။

ဖြေ - ဒီမနက်ပဲဆိုပါတော့၊ ပခုက္ကူမှာနေတဲ့ ဘုန်းတော်ကြီးတစ်ပါးရဲ့ မိခင်ကြီး ကျန်းမာရေးကိစ္စအတွက် အကူအညီလာတောင်းတယ်၊ ဟိုကဆရာဝန်ကြီး ညွှန်ကြားလိုက်တာက ဆေးရုံကြီးကိုတက်ပြီး ဆေးဝါးကုသမှုခံယူဖို့ပေါ့လေ၊ ဆိုတော့ ငွေကြေးအထောက်အပံ့လိုတဲ့ သဘောဖြစ်မှာပဲ။ တစ်စုံတစ်ယောက်





အတွက် ငွေကြေးသောင်းနဲ့ချီသိန်းနဲ့ချီ အကူအညီပေးဖို့ရာကျတော့ နည်းနည်း အခက်အခဲရှိတယ်၊ ဘုန်းကြီးတို့ဆီကိုလာတဲ့ ဝေဒနာရှင်တွေကိုပဲ ဒီက ဆရာဝန်တွေရဲ့ ညွှန်ကြားချက်နဲ့လိုအပ်တဲ့ ဆေးဝါးပေးလှူတာကို အဓိကထား တာဝန်ယူပေးတာ။ ဒီဆေးခန်းကိုလာပြတယ်၊ ဆရာဝန်တွေက ဘယ်ဆေး ဘယ်ဆေး လိုအပ်တယ်ပြောရင် အဲဒါကိုပဲ အဓိကထားနေရပါတယ်။ ဘာဖြစ်လို့ လဲဆို အပြင်ကဖြစ်နေတဲ့ဟာကို ပံ့ပိုးဖို့ကျတော့ လောလောဆယ် မတတ်နိုင် သေးဘူးပေါ့လေ၊ နောင်စီမံကိန်းတော့ရှိပါတယ်။

မေး - ဒီနေ့ကာလလူငယ်လေးတွေနဲ့ ပတ်သက်ပြီး မေးချင်ပါတယ်ဘုရား၊ တပည့်တော်တို့ ပတ်ဝန်းကျင်က လူငယ်အများစုဟာ ပညာသင်မယ်၊ နိုင်ငံခြား ထွက်မယ်၊ ငွေကြေးချမ်းသာအောင်လုပ်မယ်စတဲ့ အတွေးအခေါ်တွေ လွှမ်းမိုး နေပြီး၊ အများအကျိုးဆောင်ရွက်တဲ့ပရဟိတစိတ် အားနည်းနေသလားလို့ ထင်မြင်မိပါတယ်ဘုရား၊ ဒီအတွက်လူငယ်တွေကို ဆရာတော်ဘုရား ဘာတွေများ မိန့်မှာကြားလိုပါသလဲဘုရား။

ဖြေ - အဲဒါကျတော့ ပတ်ဝန်းကျင်အပေါ်မှာလည်း မူတည်တာပေါ့၊ သူတို့ နေ့စဉ်ထိတွေ့နေရတဲ့ ပတ်ဝန်းကျင်မှာမြင်ကွင်းမှာ အများအကျိုး လုပ်နေတာတွေ ကို များများမြင်သွားလို့ရှိရင် သူတို့လည်းစိတ်ပါသွားမှာပေါ့၊ ဒါပေမယ့် သူတို့ နေ့စဉ်ကြည့်နေတဲ့ဇာတ်လမ်းတွေထဲကလည်း သူတို့ရဲ့ဘဝအမြင်ကို လွှမ်းမိုးနေ ဟန်တူပါတယ်၊ အဲဒီသူတို့ ကြည့်ရတဲ့ဇာတ်လမ်းတွေက အများအကျိုး လုပ်တာတွေ စိတ်ပါလာအောင် ပြတာမျိုးပါခဲ့ရင်၊ ရှိခဲ့ရင်အဲဒီဘက်ကို စိတ်ပါ သွားမှာပေါ့။ အဓိကကတော့ ပတ်ဝန်းကျင်နဲ့ မီဒီယာပေါ့ ဘုန်းကြီးဆိုလိုတာ။

မေး - ဆရာတော်ဘုရား ဒီလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး နောင်မှာဘာတွေ ဆက်လုပ်ဖို့ ရည်ရွယ်ထားတာ ရှိပါသေးသလဲဘုရား။

ဖြေ - ဘုန်းကြီး မနှစ်က စိတ်ကူးတာပေါ့လေ၊ သွားနဲ့ဆိုင်တဲ့ ကုသရေး လုပ်ငန်း တိုးချဲ့ချင်တယ်ဆိုပြီး၊ ခုတော့တိုးချဲ့နိုင်ခဲ့ပြီ။ နောက်ခွဲစိတ်ခန်း လုပ်ငန်းကိုလည်း တိုးချဲ့ချင်တယ်ဆိုတော့ ဒီနေ့ပဲခွဲစိတ်ခန်းနဲ့ ပတ်သက်တဲ့ အလှူရှင်ပေါ်လာပြီ၊ သူကခွဲစိတ်ခန်းနဲ့ပတ်သက်လို့ ကုန်သလောက် တာဝန်ယူ ပါ့မယ်တဲ့၊ အဲဒီတော့ဘုန်းကြီးလည်း ရှေ့လထဲမှာ ခွဲစိတ်ခန်းစပြီး ဖွင့်တော့မယ်။



www.burmeseclassic.com

www.burmeseclassic.com



မေး - ဆရာတော်ဘုရားတို့ရဲ့ ကျန်းမာရေး စောင့်ရှောက်မှုဒါနလုပ်ငန်းမှာ တပည့်တော် တစ်ခုသတိပြုမိပါတယ်ဘုရား၊ အဲဒါက တိရစ္ဆာန်ငယ်လေးတွေကိုပါ ကျန်းမာရေး စောင့်ရှောက်မှုပေးနေတဲ့ကိစ္စပါ၊ ဆရာတော်ဘုရား ဘယ်လိုများ စိတ်ကူးပေါ်လာပြီး လုပ်ဖြစ်တာပါလဲဘုရား။

ဖြေ - တိရစ္ဆာန်လေးတွေဆိုတော့လည်း စောင့်ရှောက်မယ့်သူ သိပ်မရှိကြဘူးလေ၊ ဘယ်လိုပဲဖြစ်ဖြစ် သူတို့လဲ မကျန်းမမာဖြစ်ရင် အကူအညီလိုတာပဲ၊ ဒီကျောင်းမှာလည်း ကြောင်လေးတွေ၊ ခွေးလေးတွေရှိနေတော့ နေမကောင်း ဖြစ်လို့ တိရစ္ဆာန် ဆေးခန်းသွားပြရင် ၂၀၀၀ ဖြစ်ဖြစ် ၃၀၀၀ ဖြစ်ဖြစ် သူတို့ အတွက် ကုန်တာပဲ၊ တိရစ္ဆာန်ဆရာဝန်တွေကလည်း ဘုန်းကြီးကို လာလျှောက် တယ်၊ တိရစ္ဆာန်နဲ့ ပတ်သက်တာ ကုသဖို့ရှိရင် သူတို့လည်းပဲ စေတနာဖြစ် လုပ်ပေးနိုင်ပါတယ်၊ ဒီလိုနဲ့ ဒီမှာဌာနတစ်ခုအနေနဲ့စောင့်ရှောက် ပေးလာတာရှိတော့ တိရစ္ဆာန်လေးတွေလည်း ဆေးကုသမှု ခံရတာပေါ့။

မေး - နောက်တစ်ခုက တပည့်တော်တို့ဆီမှာ ကျန်းမာရေး စောင့်ရှောက်ကုသမှု ခံယူဖို့ လိုအပ်တဲ့လူ အလွန်များပါတယ်ဘုရား၊ ဆရာတော်ဘုရားဆီလည်း အများအပြား လာကြပါတယ်ဘုရား၊ ဒီတော့လာတဲ့လူနာတွေနဲ့ ဆရာတော် ဘုရားက သူတို့ကို ကူညီစောင့်ရှောက်မှုပေးနိုင်တဲ့ အတိုင်းအတာနဲ့ လုံလောက် မျှတမှုရှိပါရဲ့လားဘုရား။

ဖြေ - ဘုန်းကြီးတို့ အခုလုပ်ငန်းမှာ တစ်ရက်ကို လူနာ ပျမ်းမျှ ၂၀၀ လောက် ရှိတယ်၊ နေ့စဉ် အသုံးပြုနေရတဲ့ဆေးတွေအတွက် တစ်ပတ် တစ်ခါ ဆေးဝယ် ဖြည့်တယ်။ တစ်ခါဝယ်ရင် ၁၀ သိန်းကနေ ၁၅ သိန်းအကြား လောက်ရှိမယ်။ တစ်လကို ဆေးဖိုး ပျမ်းမျှ သိန်း ၄၀ ပတ်ဝန်းကျင်လောက်ရှိမယ်။ နောက်ပြီး တခြား ဝန်ဆောင်မှုတွေလည်းရှိသေးတယ်။ ဝန်ထမ်းတွေရဲ့လစာ၊ မီဒီယာတွေ အတွက် အများသိအောင်ကြေညာရတာ စတာတွေရှိတော့ တစ်လ သိန်း ၆၀ အထက်မှာ ရှိတယ်။ လုပ်ရင်းနဲ့ အလှူရှင်တွေကလည်း သိသိပြီးလာလှူဒါန်း နေကြတော့ လည်ပတ်ဖို့အတွက် ခုအချိန်အထိလောက်ငနေသေးတယ်။ မလောက်ငလို့ အကန့်အသတ်လုပ်ရတာမျိုး ဒီနေ့အထိတော့ မရှိသေးပါဘူး။

တစ်ခုတော့ ရှိတာပေါ့။ ဘုန်းကြီးက မျက်စိနဲ့ပတ်သက်ပြီးတော့လည်း ဒီမှာတင် ခွဲစိတ်တဲ့ဌာနကြီးတစ်ခု ရှိလာအောင် ကြိုးစားကြည့်ချင်တယ်၊ လောလောဆယ်တော့ မျက်စိအထူးကုဆရာဝန်ကြီးက ဒီမှာလာပြီး ကြည့်





ပေးတယ်၊ ကုသပေးတယ်၊ နောက်ခွဲစိတ်ဖို့လိုတဲ့ လူနာတွေကို သူ့ဆေးခန်းမှာ၊ ဆေးရုံမှာ သူကကုသိုလ်ဖြစ် ခွဲစိတ်ပေးတယ်၊ လိုအပ်တဲ့ မျက်ကပ်မှန်တို့ ဘာတို့ကိုတော့ ဒီကထောက်ပံ့ပေးတာ လုပ်နိုင်တယ်။

မေး - ဒီဆေးခန်းမှာ တီဘီရောဂါသည်တွေကိုရော ကုသမှုပေးပါသလားဘုရား၊ ပေးခဲ့ရင် ဘယ်လို ဘယ်ပုံ အကောင်အထည်ဖော်နေသလဲ သိပါရစေဘုရား၊

ဖြေ - ဒီအတွက် အင်ဂျီအိုအဖွဲ့အစည်းတစ်ခုကနေပြီး အကူအညီပေးတယ်။ သူတို့ဆီကို ဒီက ဆရာဝန်နှစ်ယောက်လောက် လွှတ်ပေးရတယ်၊ သူတို့က သုံးရက်လောက် သင်တန်းပေးတယ်၊ အဲဒီဆရာဝန်တွေက တာဝန်ယူပြီး တီဘီရောဂါသည်တွေလာရင်စစ်ဆေးပြီးရင် တစ်ပတ်စာလောက် ဆေးပေးလိုက်တယ်၊ တစ်ပတ်ပြည့်လို့ပြန်လာရင် အဲဒီရောဂါသည်ဟာ သူသုံးစွဲထားတဲ့ ဆေးအခွံ တွေကို ပြန်ပြရတယ်။ သူ့ကို ဒီဆေးခန်းက ဆေးနေ့စဉ်သောက်မသောက် စိစစ်ပေးရတယ်၊ နေ့စဉ်မှန်မှန်သောက်မှ ဆေးကထိရောက်မှာ၊ နေ့စဉ်မသောက် ဖြစ်ရင် ဆေးယဉ်တာဖြစ်သွားပြီး ရောဂါသက်သာမှာ မဟုတ်ဘူး။ အဲဒီနောက် ခြောက်လ လောက်အထိ တချို့ဆို တစ်ပတ်တစ်ခါ၊ တချို့ဆိုနေ့စဉ် ဆေးမှန်မှန် သောက်အောင် တိုက်တွန်းရတယ်၊ စိစစ်ပေးရတယ်။

မေး - ဆရာတော်ဟာ အသက်(၁၈) နှစ်မှာသာမဏေကျော်ဘွဲ့ရတယ်။ အသက် (၂၀) မှာ ပိဋကတ်တစ်ပုံခွဲပြီးတယ်၊ တပည့်တော်တို့ သိထားသလောက် ရဟန်းဘဝဆိုတာ ရခဲပါတယ်ဘုရား၊ ဒီတော့ ဆရာတော်ဘုရားအနေနဲ့ရဟန်း ဘဝနဲ့သွားတော့မယ်လို့ ဘယ်အချိန်ကများ စပြီးဆုံးဖြတ်ခဲ့ပါသလဲဘုရား။ ဒီဆုံးဖြတ်ချက်အပေါ်မှာ မိဘများကရော ကန့်ကွက်တာမျိုး တားမြစ်တာမျိုး၊ အခြားမျှော်လင့်ချက်ထားခဲ့တာမျိုးရော ရှိခဲ့ပါသလားဘုရား။

ဖြေ - ဘုန်းကြီးအနေနဲ့ကြီးလာရင် ရဟန်းဘောင်ဝင်မယ်ဆိုတာ ငယ်ငယ် ကလေးဘဝကတည်းက ဆုံးဖြတ်ချက် ရှိခဲ့တယ်။ ကိုရင်မဝတ်ခင် ကျောင်းသား ဘဝတုန်းကတည်းက ကစားကြရင်တောင် ဘုန်းကြီးကဘုန်းကြီးနေရာနေ ပြီးတော့ တရားဟောတယ်၊ အဲဒီလိုကစားတယ်၊ နောက် ကိုယ့်ရှေ့က အဘိုးတွေ၊ ဘကြီးတွေကလည်း ဘုန်းကြီးတွေပဲကိုး၊ ဒီတော့ကိုရင်ဘဝရောက်တော့လည်း တရားဟောတာပဲ၊ မိဘတွေကလည်း ဘုန်းကြီးဖြစ်ချင်တာကို ပံ့ပိုးတာပဲရှိတယ်၊ အခြားဟန့်တား ကန့်ကွက်တာမျိုး မရှိပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



မေး - တပည့်တော်တို့ရဲ့ ဒီအင်တာဗျူးဟာ လူငယ်တွေကို ရည်ရွယ်ပြီး လုပ်တာဆိုတော့ ဆရာတော်အနေနဲ့ လူငယ်တွေကို ဘာတွေများ မိန့်မှာလိုပါသလဲဘုရား။

ဖြေ - လုပ်ငန်းတစ်ခု အောင်မြင်အောင်လုပ်ဖို့ဆိုရာမှာ မြတ်စွာဘုရား မိန့်မှာထားတဲ့ အချက်(၅) ချက်ရှိတယ်။ **စိရကာလဘာဝနာ**တဲ့၊ ဆိုလိုတာက လုပ်ငန်းတစ်ခုကို အချိန်ဘယ်လောက်ပဲကြာကြာ ဒီလုပ်ငန်းကိုပြီးဆုံးအောင် လုပ်ရမယ်ဆိုတဲ့စိတ်နဲ့ ကြာချင်သလောက်ကြာပါစေ၊ လုပ်ရမယ်ပေါ့။ **နိရန္တရဘာဝနာ** ဆိုတာကတော့ ဒီလုပ်ငန်းတစ်ခုလုပ်ပြီဆို ရပ်မပစ်လိုက်ပါနဲ့၊ အဆက်မပြတ်လုပ်ပါ၊ အဆက်မပြတ်လုပ်ရင် အောင်မြင်တယ်၊ နောက် **နိရဝသေသဘာဝနာ**ဆိုတာ ဒါတွေဟာ သိပ်အရေးမကြီးပါဘူးဆိုပြီးတော့ စိတ်ထဲ ခပ်ပေါ့ပေါ့ မထားပါနဲ့တဲ့၊ လုပ်စရာရှိတဲ့ လုပ်ငန်းမှန်သမျှ အကုန်လုံး အသေးအမွှားပါ မကျန်လုပ်ပါ၊ အကြွင်းအကျန်ဆိုတာ မထားပါနဲ့တဲ့။ နောက် **သက္ကစ္စဘာဝနာ**ဆိုတာ ကိုယ်လုပ်တဲ့အလုပ်အပေါ်မှာ သိပ်ပေါ့ပေါ့လျော့လျော့ မထားပါနဲ့တဲ့။ လေးလေးစားစားလုပ်ပါတဲ့၊ နောက် **အဘိရတိဘာဝနာ**ဆိုတာ အလုပ်ကို ပျော်ပျော်ပါးပါးလုပ်ပါတဲ့၊ မလုပ်ချင်ဘဲလုပ်ရတာ မဖြစ်ပါစေနဲ့တဲ့၊ တကယ့်ကို စိတ်ပါလက်ပါ ပျော်ပျော်ပါးပါးလုပ်ပါတဲ့။ အဲဒီလိုသာလုပ်ခဲ့ရင် ဒီလုပ်ငန်းဟာ မလွဲမသွေအောင်မြင်မှာပဲ။

အဲဒီတော့ လူငယ်တွေအနေနဲ့ ကမ္ဘာ့အခြေအနေတွေကို လေ့လာရမယ်၊ နိုင်ငံတကာ အခြေအနေတွေကို လေ့လာနေရမယ်၊ ကောင်းတဲ့ဘက်ကို မျှော်လင့်ချက်ထားကြရမယ်၊ နောက်လုပ်ငန်းတစ်ခုလုပ်မယ်ဆိုရင် ဘာလုပ်ငန်းဖြစ်ဖြစ် မဖြစ်မနေ အောင်မြင်အောင်လုပ်မယ်ဆိုတဲ့ စိတ်နဲ့လည်းလုပ်ရမယ်၊ ကမ္ဘာပေါ်မှာအောင်မြင်နေတဲ့ လူပုဂ္ဂိုလ်တွေရဲ့ အကြောင်းတွေကိုလည်း လေ့လာရမယ်။

ဘုန်းကြီး စင်ကာပူကို ဒီနောက်ပိုင်း နှစ်ခေါက်ထပ်ရောက်တယ်၊ အရင် ၉၂-၉၃ အကျော်လောက်မှာ ၆ ခေါက်လောက် ရောက်ဖူးတယ်။ ဟိုတုန်းက အခြေအနေနဲ့ ခုအခြေအနေ ၁၀ နှစ်ကျော်အတွင်း အတော်လေးကို ကွာခြားသွားပြီ။ အတော်ကြီးကို တိုးတက်သွားပြီ၊ လီကွမ်ယူ စင်ကာပူ စတည်ထောင်စကဆိုရင် စစ်သားတောင်တစ်ယောက်မှမရှိဘူး။ စစ်သားမရှိဘဲ စစ်တပ်ဆိုတဲ့ အဖွဲ့အစည်းမရှိဘဲ မြန်နိုင်ငံက လွတ်လပ်ရေးရလိုက်တာ၊ လွတ်လပ်ရေးရပြီးနောက်လည်း သူ့နိုင်ငံမှာ သဘာဝအရင်းအမြစ်ဆိုလို့ ရေတောင်မရှိဘဲ သူများနိုင်ငံကို မှီခိုနေ





ရတဲ့ ဘဝ၊ အဲဒီကနေ ကမ္ဘာ့အလယ်မှာ နိုင်ငံတကာနဲ့ ရင်ဘောင်တန်းနိုင်အောင် ဘယ်လိုလုပ်မလဲ စဉ်းစားလိုက်တော့ သူအကြံရသွားတယ်။ ကမ္ဘာမှာနည်းပညာဟာ အရေးကြီးတာကို သူကောင်း ကောင်းသိတယ်၊ ဒါနဲ့သူ့နိုင်ငံသားတွေကို ကမ္ဘာသုံး ဘာသာစကားကို ကျွမ်းကျင်အောင်သင်နိုင်းတယ်။ အင်္ဂလိပ်စာကို မသင်မနေရ သင်နိုင်းတယ်။ အကြောင်းက နည်းပညာတွေ လေ့လာဆည်းပူးဖို့ဆိုရင် အင်္ဂလိပ်စာက အရေးကြီးတယ်၊ ဒီတော့သူ့နိုင်ငံသားတွေကို အင်္ဂလိပ်စာလေ့လာနိုင်း၊ ဒီကတစ်ဆင့် နည်းပညာတွေ ဆည်းပူးနိုင်းလိုက်တာ ဒီနေ့စင်ကာပူနိုင်ငံ စီးပွားရေး အရ အောင်မြင်သွားတယ်။ အောင်မြင်သွားတာမှ အာရှက ကျားတစ်ကောင်ဆိုပြီး တော့တောင် တင်စားတာခံရတယ်၊ သူ့နိုင်ငံအဆင့် မြင့်မားတိုးတက်သွားတယ်။ ဆိုလိုတာ ကိုယ့်အိမ်နီးချင်းနိုင်ငံတွေထဲမှာလည်း တိုးတက်အောင်လုပ်ဖို့ နည်းယူစရာ နိုင်ငံတွေအများကြီး ရှိတယ်ဆိုတာကို ဘုန်းကြီးပြောချင်တာပါ။



www.burmeseclassic.com

www.burmeseclassic.com

## မင်းဝေအောင်



### ကိုယ်ရေးရာဇဝင်အကျဉ်း

အမည်ရင်း မင်းဝေအောင်။ အဖ ဦးဟန်ကြည်၊ အမိ ဒေါ်အုန်းလှိုင်တို့မှ ၁၉၆၀၊ ဒီဇင်ဘာလ ၂၈ရက်တွင် ဓနုဖြူမြို့၌ ဖွားမြင်သည်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုး ဖြစ်ပြီး မွေးချင်းမောင်နှမ ၅ ဦးရှိကာ ဓနုဖြူမြို့မှ အခြေခံပညာ အလယ်တန်းအောင်မြင်သည်။ ရန်ကုန် ပန်းချီပန်းပုကျောင်းတွင် ပန်းချီပညာ သင်ကြားခဲ့ပြီး အသက် ၂၂ နှစ် အရွယ်မှ စတင်၍ ပန်းချီပညာတစ်ခုတည်းဖြင့်ပင် ယနေ့အထိ အသက်မွေး လုပ်ကိုင်လျက်ရှိသည်။ ဇနီးဖြစ်သူမှာ ဒေါ်သန်းသန်းမော် ဖြစ်ပြီး သားနှစ်ယောက် မွေးဖွားသည်။ New Treasure Art Gallery အမှတ် ၈၄/ A သံလွင်လမ်းသွယ်၊ ရွှေတောင်ကြား(၂) ရပ်ကွက်၊ ဗဟန်း၊ ရန်ကုန်မြို့တွင်နေထိုင်လျက်ရှိသည်။ ကမ္ဘာ့နိုင်ငံအများအပြားတွင်ပြပွဲများကျင်းပခဲ့ဖူးသည်·



ကျွန်တော့်ကို ပိုက်ဆံရသွားတဲ့
မင်းဝေအောင်အဖြစ်
လူအချို့က သိနေကြတယ်။
ကျွန်တော် ပန်းချီကျောင်းသားဘဝတုန်းက
ကျူရှင်ဒီဇိုင်းလေးတွေ ရေးနေချိန်မှာ
သူများခြံဝိုင်းထဲမှာ
တဲကလေးတစ်လုံးထိုးနေရတယ်။
ထမင်းမစားရဘူး
ကန်စွန်းဥပြုတ် စားနေရတဲ့ ဘဝ။
ကြွပ်ကြွပ်အိတ်နဲ့
အညစ်အကြေးတွေနဲ့ပြီး
အဲဒါကို အပြင်ထွက်လွှင့်ပစ်ရတယ်။
မင်းဝေအောင်ရဲ့ အဲဒီဘဝကို
မမြင်ကြတော့ပါဘူး။

www.burmeseclassic.com



# ကမ္ဘာဆီသို့

မောင်ကိုကို (အမရပူရ)



အဝါရောင်ပြန့်ပြူးမှုအပေါ်မှာ အနီရောင်သက်နှင်းကိုရုံထားတဲ့ သံဃာတော်တွေ ပန်းရောင်ထီးကိုယ်စီနဲ့ ရှေ့ဆီကြွချီနေပါတယ်။ ကျွန်တော်က သံဃာတော်တွေရဲ့ နောက်ကျောဘက်ဆီကနေ အနီရောင်ရဲ့ အင်အားကို ခံစားမိပါတယ်။

အဲဒီပန်းချီကားကို ရေးဆွဲသူကမင်းဝေအောင်ပါ။

သူ့ရဲ့အဝေးနေရာတွေ ကနေ သူ့ပြပွဲတွေကို စိတ်ဝင်စားဖူးတယ်။ သူ့ပြပွဲကက်တလောက်တွေ စုခဲ့ဖူးတယ်။ အခု သံလွင်လမ်းက NEW TREASURE ဂယ်လာရီမှာ သူ့ရဲ့ အခဲရက်လစ် ပန်းချီကားကြီးတွေ ကြည့်ခွင့်ရပြီ။ ပြီးတော့ သူ့ရဲ့ပန်းချီစတူဒီယိုထဲမှာ သူနဲ့တွေ့ဆုံ စကားပြောခွင့်ရပြီ။ သူပြောပြတဲ့ သူ့အကြောင်းကို ကျွန်တော်သိချင်တယ်။





သူ့ရဲ့အဝေးကနေ သူ့ပန်းချီကားတွေကို စိတ်ဝင်စားနေတဲ့ စာဖတ်သူတွေရော၊ သူ့ပန်းချီကားတွေ ကြည့်ရှုခွင့်ရလေ အံ့အားတသင့်ဖြစ်ရလေ စာဖတ်သူတွေရော သူပြောပြတဲ့သူ့ပုံပြင်၊ သူပြောပြတဲ့ သူ့ဇာတ်လမ်းကိုဖတ်ချင်၊ နားထောင်ချင်ကြမှာပဲ။

ပန်းချီဆရာမင်းဝေအောင်

New Treasure Art Gallery

၈၄၊ သံလွင်လမ်း။

ကမ္ဘာကြီးပေါ်မှာ သူ့ပန်းချီပြပွဲတွေ လုပ်ခဲ့တယ်။ကမ္ဘာကြီးပေါ်မှာ အဆင့်အတန်းရှိတဲ့ပေါက်ဈေးနဲ့ သူ့ကားတွေကို အမြတ်တနိုးဝယ်စုကြပြီ။

စင်ကာပူမှာ၊ ထိုင်ဝမ်မှာ၊ ဂျပန်မှာ၊ မလေးရှားမှာ၊ ဗီယက်နမ်မှာ၊ နယ်သာ လန်မှာ၊ ဟောင်ကောင်မှာ၊ ယူကေမှာ၊ ဂျာမနီမှာ၊ ဆွစ်ဇာလန်မှာ၊ ပြင်သစ်မှာ၊ အမေရိကန် ပြည်ထောင်စုမှာ သူ့ပန်းချီပြပွဲတွေ လုပ်ခဲ့ပါတယ်။ အချို့နိုင်ငံကြီးတွေမှာ တစ်ကြိမ်မကနှစ်ကြိမ်မက သူ့ကားတွေကို ပြပွဲလုပ်ခဲ့တယ်။

ကမ္ဘာကျော် ပြတိုက်ကြီးတွေကလည်း သူ့ပန်းချီကားတွေကို အသေအချာ ဝယ်ယူစုဆောင်း ပြသထားပါတယ်။

ဆိုပါစို့

ဂျပန်က Fukuoka Art Museum မှာ

လန်ဒန်က School of Oriental and African Studies Collection မှာ

စင်ကာပူက အနုပညာပြတိုက်ကြီးမှာ

စင်ကာပူက Saffi Military Institute မှာ

ဟောင်ကောင်က Standard Chartered Bank မှာ

မြန်မာနိုင်ငံက အမျိုးသားပြတိုက်မှာ

မလေးရှားက National Art Gallery မှာ

အမေရိကန်ပြည်ထောင်စုက Trammell and Margaret Crow Collection of Asian Art မှာ

သူ့ပန်းချီကားတွေကို ဝယ်ယူစုဆောင်းပြသထားတယ်။

အဲဒီမင်းဝေအောင်နဲ့ကျွန်တော်စကားပြောခွင့်၊ မေးမြန်းခွင့်ရနေပါတယ်။

မင်းဝေအောင်ဟာ ရွှေရှန်းကိုက်ပြီး မွေးဖွားခဲ့သူမဟုတ်ပါ။

မင်းဝေအောင်ဟာ ရွှေရှန်းကို ကိုယ်တိုင်ဖန်တီးနိုင်သူဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်ကို ပိုက်ဆံရသွားတဲ့ မင်းဝေအောင်အဖြစ် လူအချို့ကသိနေကြတယ်၊ ကျွန်တော်ဖြတ်သန်းခဲ့ရတာတွေကို ဖယ်ရှားပြီး အနုမင်းဝေအောင်အဖြစ်မြင်တာ သဘာဝမကျဘူး။

ကျွန်တော်ပန်းချီကျောင်းဆင်းပြီး ကျူရှင် ဒီဇိုင်းလေးတွေ ရေးနေရှိန်မှာ သူများခြံဝိုင်းထဲမှာ တဲကလေးတစ်လုံးထိုးနေတယ်။ ဒီဇိုင်းတွေ ရေးနေရတယ်။ ထမင်းမစားရဘူး။ ကန်စွန်းဥပြုတ်စားနေရတဲ့ဘဝ။ အိမ်သာကလည်းမရှိဘူး။ ကြွပ်ကြွပ်အိတ်နဲ့ အညစ်အကြေးစွန့်ပြီး အဲဒါကို အပြင်ထွက်လွှင့်ပစ်ရတယ်။ မင်းဝေအောင်ရဲ့ အဲဒီဘဝကို မမြင်ကြတော့ပါဘူး။ မင်းဝေအောင်ပိုက်ဆံတွေရတယ်။ ဒါကိုတော့ မြင်တွေ့နေကြတယ်။ ပန်းချီဆွဲရင် အဲလို ပိုက်ဆံရမယ်ပေါ့'။

သူဖျတ်ခနဲ ပြောလိုက်တယ်။

သူကိုယ်တိုင်ရေးပုံတူကို အပြာရောင်နဲ့ရေးဆွဲခဲ့တယ်။

သူဘယ်လိုပန်းချီကျောင်းကို တက်ဖြစ်ခဲ့တာပါလိမ့်။

'ကျွန်တော့်ကို နေပြည်မြို့၊ ၁၁ ရပ်ကွက်၊ ရက်ကန်းတန်းမှာ မွေးတယ်။ ၉ ရပ်ကွက် မူလတန်းကျောင်းမှာ ပညာသင်တော့ ပန်းချီဝါသနာပါတဲ့ ဆရာလေး ဦးသိန်းထွန်းနဲ့ တွေ့ဆုံရင်းနှီးရတယ်၊ လေးတန်းအောင်တယ်၊ ကျောင်းကြီးရောက်တယ်၊ စက်မှုလက်မှုဆရာဦးဟန်အေးက ပန်းချီဝါသနာကြီးတယ်။ ဆရာဦးဟန်အေးနဲ့ကျွန်တော်တို့တွဲမိပြီး ကျောင်းနံရံကပ်စာစောင်လုပ်ဖြစ်ကြတယ်။ ကဗျာတွေ စာတွေရေးတဲ့သူကရေး၊ ကျွန်တော်ကတော့ အဲဒီနံရံကပ်စာစောင်မှာ ပန်းချီပုံတွေရေးတယ်။

ကျောင်းမှာက ပန်းချီသင်တဲ့ ဆရာကြီး ဦးဗွန်းဆိုတာ ရှိတယ်။ အတန်းကြီးသွားမှ သူနဲ့တွေ့ခွင့်ရတာ။ ကျွန်တော်က အတန်းငယ် သေးတယ်။ အတန်းကြီးတွေကို ဆရာကြီး ဦးဗွန်းက ပန်းချီဆွဲတာ သင်ပေးတာတော့ သိနေတယ်။ အရပ်ထဲမှာကျတော့ ဆရာကြီး ဦးဗွန်းနဲ့ ကျွန်တော်က အိမ်ချင်းနီးနီးကပ်ကပ်လေး ဖြစ်နေပါတယ်၊ ကျွန်တော်ဆရာကြီး ဦးဗွန်းဆီမှာ အဲဒီလိုနဲ့ ပန်းချီသင်ဖြစ်ပါတယ်'

မင်းဝေအောင်ရဲ့ ပန်းချီလက်ဦးဆရာက သူမွေးဖွားရာ နေပြည်မြို့က ဆရာ 'ဦးဗွန်း'ပါ။ မင်းဝေအောင်ရဲ့ ပန်းချီကတ်တလောက်အချို့မှာ သူလည်း Art Mastersတွေကို ပေါ်လွင်အောင် သီးသန့်နေရာပေးမှတ်တမ်းတင်ထားတာ ကျွန်တော်တွေ့ဖူးတယ်။ ထိပ်ဆုံးက သူ့ရဲ့ Art Mastersက ဦးဗွန်းတဲ့။





အဲဒီကာလမှာ သူ့ပတ်ဝန်းကျင်က သူ့ကိုပန်းချီကျောင်းတက်ဖြစ်အောင်ဆွဲဆောင်နေပါသလား။

'စက်မှုလက်မှုဆရာ ဦးဟန်အေးရဲ့ညီ ကိုမြင့်ဆွေလှိုင်က ပန်းချီကျောင်းဆင်းပြီးသား၊ ကျွန်တော်တို့နေပြည်က ကို'ဆွေမင်း'ကလည်း ပန်းချီကျောင်းတက်နေဆဲ၊ ကိုဆွေမင်း ကျောင်းပိတ်လို့ပြန်လာရင် ရန်ကုန် ပန်းချီကျောင်းအကြောင်း ကျွန်တော်တစ်စွန်းတစ်စ နားထောင်ခွင့်ရတယ်၊ ရှစ်တန်းအောင်ရင် ပန်းချီကျောင်းတက်လို့ရတာ ပန်းချီသင်ခွင့်ရတာကို ကျွန်တော်အရမ်း စိတ်ဝင်စားနေမိပါပြီ'

ကျွန်တော့်အမေက ကားမောင်းတယ်။ ကားမောင်းတာကို လိုက်စိတ်မဝင်စားဘဲ ကျွန်တော်တို့မြို့ထဲမှာ ပန်းချီရေးတာ၊ ဆိုင်းဘုတ်တွေ ရေးတာက ပိုက်ဆံရတာကို ကျွန်တော်စိတ်ဝင်စားမိတယ်။ သက်သက်သာသာ အရိပ်အောက်မှာ ပိုက်ဆံရတယ်ပေါ့။

အမှန်ဝန်ခံရရင်တော့ 'အနုပညာ' ဆိုတာ အဲဒီအချိန်က ကျွန်တော့်မှာ နိုင်နိုင်မာမာ မဖွဲ့စည်းရသေးဘူး။ ပန်းချီရေးရင် 'ပိုက်ဆံ' ရတယ်။ အဲဒီအသိကျွန်တော့်မှာ နေပြည်ကတည်းကရှိနေပြီ။

မိဘတွေရဲ့ အနေအထားက ပညာတတ်တွေ မဟုတ်ဘူးဗျ။ အမေက စာမတတ်ဖူး။ ကျွန်တော့်ကို အထက်တန်းအောင်ရင် ဘယ်တက္ကသိုလ်တက်မည့်ပြတတ်ဖူး။ သူတို့က လမ်းရွေးပေးနိုင်တဲ့ အနေအထားမှာမရှိပါဘူး။ ကျွန်တော်က အမေနဲ့အဖေကို ကျွန်တော် ရှစ်တန်းအောင်ရင် ရန်ကုန်ပန်းချီကျောင်းတက်မယ်ပြောတော့၊ လွယ်လွယ်ကူကူ သဘောတူပေးခဲ့ကြတော့ သူတို့အမြင်ကလည်း ပန်းချီရေးရင် နေပူစပ်ခါးမှာ မလုပ်ရဘူး။ အရိပ်အောက်မှာ ပိုက်ဆံရတယ်ပေါ့။

သူပန်းချီကျောင်း လျှောက်လွှာတင်ခြင်းဟာ သူ့ရဲ့ကိုယ်ပိုင်စိတ်ကူးစိတ်သန်း၊ သူ့ရဲ့ကိုယ်ပိုင်မျှော်လင့်ချက်၊ သူ့ရဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်လို့ ကျွန်တော်တို့ ကောက်ချက်ချနိုင်ပါရဲ့။

၁၉၆၀ မှာမွေးတဲ့ မင်းဝေအောင်ဟာ ၁၉၇၈ မှာ ရှစ်တန်းဖြေထားပြီးပြီ။ ပန်းချီကျောင်းဝင်ခွင့်စာမေးပွဲဝင်ဖြေတယ်။ ဆွေမင်း(နေပြည်)ရဲ့ အကြံဉာဏ်လည်း ရယူခဲ့တယ်။

ပန်းချီကျောင်းဝင်ခွင့်စာမေးပွဲ အောင်သွားပြီ။ ဒါပေမယ့် သူက ရှစ်တန်းစာမေးပွဲကျနေတယ်။ တစ်နှစ်ပြန်စောင့်ရတယ်။ အဲဒီ တစ်နှစ်အတွင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



သူ့ စိတ်ပြောင်း မသွားဘူး။ အိပ်မက်ပြောင်းမသွားဘူး။ ပန်းချီကျောင်းမှ ပန်းချီကျောင်းပဲ။

ရှစ်တန်းစာမေးပွဲ ဒုတိယအကြိမ်ဖြေတော့ သူအောင်တယ်။ သူ့ဘဝရွေ့ပြောင်းပြီ။ လူဟာ အပြောင်းအလဲကို မကြိုဆိုရင် ကျဆုံးသွားနိုင်တယ်။

မင်းဝေအောင် ရန်ကုန်ပန်းချီကျောင်းရောက်ပြီ။ ၁၉၇၉။

မင်းဝေအောင် ပေါ်ဒွင်လမ်း (ကိုယ့်မင်းကိုယ့်ချင်းလမ်း) က အဆောင်မှာ နေထိုင်ရပါတယ်။ သူမပျော့ရမ်းဘူး။ သူအပိုအလုပ်မလုပ်ဘူး။ သူသိုသိုသိပ်သိပ်နဲ့ ပန်းချီပညာသင်တယ်။ သူ့ဆရာတွေက ဦးအမ်တင်အေး၊ ဦးသုခ၊ ဦးကျော်လှိုင်၊ ဦးမြအေးစသဖြင့်ပေါ့။

'အဲဒီတုန်းက ဆရာဦးသုခအိမ်က ဗဟန်း ၃ လမ်းမှာပါ၊ ကျွန်တော်က ဆရာဦးသုခရဲ့ ထမင်းချိုင့်ကို သွားသွားယူပေးပါတယ်။ ဆရာဦးသုခ၊ ဆရာဦးကျော်လှိုင်၊ မော်ဒယ်ထိုင်တဲ့ မဝင်းတင်တို့ ထမင်းအတူ စားကြပါတယ်။ ကျွန်တော်က ဆရာတွေထမင်းစားပြီးရင် ထမင်းချိုင့်တွေ ဆေးပေးပါတယ်။ အဆောင်မှာ ဖွယ်ဖွယ်ရာရာ စားချင်မှစားရမှာလို့ သူတို့ တွေးမိဟန်တူပါတယ်။ ဆရာတွေရော မော်ဒယ်မဝင်းတင်ရော ကျွန်တော့်အတွက် ထမင်းဟင်း အပိုယူလာပေးကြတယ်။ ဆရာတွေပြီးတော့ ကျွန်တော်ကထမင်းဆက်စား၊ ချိုင့်တွေအလုံးဆေးကြောပေါ့။

သူကပန်းချီကျောင်းမှာ ဆရာတွေနဲ့ သူနဲ့ စေးကပ်မှုရှိပုံလေး၊ နွေးထွေးမှုရှိပုံလေးကို ပြောပြပါတယ်။ ဆရာတပည့် ချစ်ခင်နွေးထွေးမှု၊ ပိတောက်ပန်းရနံ့တွေ ပျံ့လှိုင်နေပါတယ်။ ဆရာဦးသုခနဲ့ မင်းဝေအောင် ဆက်ဆံရေးဟာ မင်းဝေအောင် ပန်းချီကျောင်းပြီးသွားပေမယ့်လည်း ဆရာဦးသုခ အငြိမ်းစားယူပြီး သွားပေမယ့်လည်း နီးကပ်နွေးထွေးနေပါတယ်။

'ကျွန်တော်က လူကြီးတွေနဲ့ အကျိုးပေးတဲ့ကံဇာတာပါတယ်လို့ ပြောရမလားပဲ၊ ကျွန်တော် ပညာမပြည့်စုံခင်မှာ ဆရာတွေက ကူညီခဲ့တယ်၊ ဆရာတွေ အိုမင်းတော့လည်း ကျွန်တော်က ဆရာတွေနဲ့ နီးနီးကပ်ကပ်နေချင်တယ်။ ဆရာတွေရဲ့ ကျေးဇူးကို တုံ့ပြန်ချင်တယ်။

ဆရာဦးသုခက အငြိမ်းစားယူပြီးလည်း ကျွန်တော့်ဆီမှာလာလာပြီး ပန်းချီဆွဲတတ်တယ်။ ကျောင်းမှာကတည်းက ဆရာက ကျောင်းသားတွေအပေါ် နားလည်ပေးတတ်တယ်။ တပည့်တွေကို သူငယ်ချင်းလို ပေါင်းတယ်။ အကူအညီပေးတယ်။ ဆရာက အင်္ဂလိပ်စာလည်း ကျွမ်းကျင်တယ်၊ ပန်းချီနဲ့ပတ်သက်တဲ့ အင်္ဂလိပ်လို ဝေါဟာရတွေနဲ့ ကျွန်တော်တို့နဲ့ အသားကျအောင် ဆရာဦးသုခက စနစ်တကျ သင်ကြားပေးခဲ့တယ်'

ပန်းချီနဲ့ပတ်သက်တဲ့ အင်္ဂလိပ်လို ဝေါဟာရများ၊ စကားလုံးများဟာ ပန်းချီ လေ့လာနေတဲ့ လူငယ်အတွက် အမှန်တကယ် အရေးကြီးပါလိမ့်မယ်လို့ ကျွန် တော်ယုံကြည်တယ်။

မင်းဝေအောင်ဟာ ပန်းချီသင်ကြားတဲ့ ဆရာတစ်ဦးစီရဲ့စရိုက်သဘာဝတွေ၊ ထူးခြားအားသာချက်တွေကိုလည်း လေ့လာတတ်ဟန်ပါပဲ။

'ဆရာဦးကျော်လှိုင်က အလွတ်ရေးအရမ်းကောင်းတယ်။ Free hand ပေါ့။ ရတဲ့စက္ကူနဲ့ ရှိတဲ့ဆေးနဲ့ရတဲ့အနေအထားပေါ်မှာ ရေးတတ်တယ်။ စက္ကူမရွေး၊ ဆေးမရွေး၊ နေရာမရွေးဘူး၊ ဒါပေမယ့် ရေးပြီးသွားတော့လည်း ရလာတဲ့ပန်းချီကားကအရမ်းကောင်းနေတယ်။ ဆရာကတိမ်တွေကို အရမ်း စိတ်ဝင်စားတယ်။ တိမ်တွေကို လိုက်ကြည့်တတ်တယ်။ အဲဒီတိမ်တွေရဲ့ ပုံသဏ္ဌာန် တွေ အရောင်တွေကို သူ့စိတ်ထဲမှာ မှတ်သားထားတယ်။ တိမ်တွေကို ဆရာ ပြန်ရေးရာမှာ လှလွန်းလို့ တိမ်ကျော်လှိုင်လို့ နာမည်ကြီးတယ်။ ဆရာဟာ ပန်းချီ ရေးဖို့ ရေထည့်စရာခွက် မတွေ့ရင်တောင် အနီးအနားမှာရှိတဲ့ အရိုးခေါင်းထဲ ရေထည့်ပြီး အလှဆုံးရေဆေးကားကိုရေးလိုက်တာပဲ'

'ဆရာဦးအမ်တင်အေးကတော့တစ်မျိုး။ ပန်းချီကားဆွဲတော့မယ်ဆိုရင် ရေချိုးသန့်စင်တယ်၊ အဝတ်အစားကို သန့်သန့်ပြန့်ပြန့်ဝတ်ဆင်တယ်၊ စက္ကူကောင်းကောင်း၊ ဆေးကောင်းကောင်းနဲ့ စမတ်ကျကျဆွဲတယ်။ ထွက်လာတဲ့ ပန်းချီကားကလည်း သန့်ပြီးကောင်းနေတယ်။

မင်းဝေအောင်က သူ့ဆရာတွေရဲ့ကာရိုက်တာကို အသေအချာဖမ်းမိဆုပ်ကိုင်မိတယ်။ ဆရာဦးကျော်လှိုင်ရဲ့ ဆက်သွယ်ပေးမှုကြောင့် ဆရာရန်ကုန်ဘဆွေ၊ ဆရာဦးဘရင်ကလေး၊ ဆရာဦးဘရင်ကြီးတို့လို အပြင်ဆရာတွေထံမှာ ပညာဆက်သင်တယ်။ဆရာကောင်းတပည့်ပန်းကောင်းပန်တဲ့မင်းဝေအောင်ပါ။

မင်းဝေအောင်က သူ့ဆရာတွေရဲ့ ကာရိုက်တာအကြောင်း ပြောပြနေစဉ် ကျွန်တော်က မင်းဝေအောင်ရဲ့ My Friend 3 အခရက်လစ် ပန်းချီကားကြီးကို ဖျက်ခနဲ သတိရသွားတယ်။

နားရွက်ကားကားနဲ့သူ့ဆရာဦးသုခရဲ့ ပုံတူကို နောက်ကျောဘက်ကနေ ရေးဆွဲထားတယ်။ နောက် My Friend 6 မှာ သူ့ဆရာက ဇုတ်တံကြီးကို ကိုင်ပြီး Concept တစ်ခုကို ရှာဖွေနေဟန်။







www.burmeseclassic.com

www.burmeseclassic.com



'ဆရာဦးသုခက နောက်ပိုင်းကာလတွေမှာလည်း ကျွန်တော့်ဆီလာလာ ပန်းချီဆွဲတယ်။ သူပန်းချီဆွဲရင်း တွေးတောနေဟန်ကို သူ့နောက်ကျောကနေ ကျွန်တော်မြင်လိုက်တော့ အာရုံရသွားတယ်။ ဆရာ့ရဲ့နောက်ဖက်ကနေ ဆရာ့ကိုကြည့်ရင်း ကျွန်တော် My Friend ကို ရေးမိတယ်။

ကျွန်တော် My Friend 2 ကို သတိရမိပြန်တယ်။ အဝါခံပေါ်မှာ ဆံပင်နက်နက် အင်္ကျီအစိမ်းဝတ် အမျိုးသားတစ်ယောက်ရဲ့ ဦးခေါင်းပုံ။ သူ တွေးတောနေဟန်။ အဲဒီပန်းချီကားထဲက ပုဂ္ဂိုလ်ကပန်းချီမောင်ဒီ။

ကိုဒီ ကျွန်တော့်ဆီလာလည်ရင်းကလည်း ကိုဒီရဲ့ နောက်ကျောပုံကို ကျွန်တော်ပန်းချီဆွဲမိပြန်တယ်။ ကျွန်တော်က Free hand သမားမဟုတ်ဘူး။ ပန်းချီကျောင်းမှာကတည်းက model နဲ့ လေ့ကျင့်ခဲ့တယ်။ Reference နဲ့ပဲ လေ့ကျင့်ခဲ့တာဆိုတော့ ကျွန်တော့်လက်ထဲမှာက Reference နဲ့ သွားရတာ။ ကျွန်တော် က Reference နဲ့ သွားတယ်ဆိုပေမယ့် အဲဒီအတိုင်း တိတိကျကျကြီး လုပ်တာတော့လည်း မဟုတ်ပါဘူး။ ကိုယ့်ရဲ့ Creation တွေ Composition တွေ ပါသွားတယ်ပေါ့လေ။ ဖွဲ့စည်းမှုတွေပါသွားတယ်။ အရောင်တွေ ဖြစ်သွားတယ်ပေါ့ဗျာ။

ကိုဒီ တွေးတောနေဟန်ကို နောက်ကျောကနေ ဓာတ်ပုံရိုက်ထား လိုက်တယ်။ အရောင်တွေ ထည့်သွင်းရာမှာ မူလအတိုင်းမဟုတ်ဘူး။ ကျွန်တော် ကြိုက်သလို အရောင်တွေထည့်လိုက်တယ်။ ကျွန်တော့်ပန်းချီကားတွေကို ရီယယ်လစ်ဇင်လို့တော့ ပြောလို့မရနိုင်ဘူး။ အရှိကိုအရှိအတိုင်း ရေးတာ မဟုတ်တဲ့အတွက်ပေါ့။ ဘာလိုပြောရမလဲဆိုတော့ Comtemporary လို့ ပြောတာမှန်မယ်။

My Friend စီးရီးထဲမှာ မန္တလေးက ပန်းချီဆရာကြီးဦးထွန်းစိန်ရဲ့ နောက် ကျောပုံလည်းပါတာ ကျွန်တော်အမှတ်ရမိတယ်။

မင်းဝေအောင်ဟာ သူ့ဆရာများကို သူဘယ်တော့မှမမေ့။

မင်းဝေအောင်ဟာ သူ့မိတ်ဆွေများကို သူဘယ်တော့မှမမေ့။

My Friend ပန်းချီကားတွေနဲ့ ကင်းဗတ်ပေါ်မှာ အခရက်လစ်နဲ့ ကာရိုက်တာ မိအောင် တင်ခဲ့တယ်။

ပန်းချီကျောင်းသားတွေ ပန်းချီကျောင်းဆင်းပြီး ကိုယ်ကြိုက်လို့၊ ကိုယ်မြတ်နိုးလို့ သင်ယူခဲ့တဲ့ ပန်းချီအနုပညာနဲ့ ဒီလောကထဲမှာရပ်တည်ရတာ လွယ်ကူ အဆင်ပြေရဲ့လား။





မင်းဝေအောင် ပန်းချီကျောင်းဆင်းစမှာ ဘယ်လိုရှင်သန်သလဲ။ သူ့ကို ကျွန်တော်မေးကြည့်ချင်တယ်။ သူလည်း သူကျောင်းဆင်းစ ကာလကို ပြန်တူးဖော်လို့။

'ကျွန်တော် ပန်းချီကျောင်းဆင်းခါနီး အချိန်ကာလမှာပေါ့လေ၊ အဲဒီ ကာလ တော်တော်များများ ခေတ်စားခဲ့တာတွေက ရုပ်ပြရေးတာရှိတယ်။ မျက်နှာဖုံးပိုင်းရှိမယ်။ နောက်ပိုစတာတွေ ရေးတာရယ်၊ ဒါတွေပဲရှိခဲ့တာပါ။

ကျွန်တော်ကတော့ သရုပ်ဖော်ပုံလိုင်းနဲ့ နီးစပ်ခဲ့ပါတယ်။ အဲဒီကာလမှာ ကျွန်တော် ဘယ် သူတွေနဲ့သွားချိတ်မိခဲ့သလဲဆိုတော့ 'ကိုမောင်မောင်မြင့်အေး' ပါ။ အဲဒီတုန်းက ကျွန်တော်က ဖဆပလက သူ့ခြံလေးထဲမှာပဲ နေရာလေးငှား၊ တဲလေးထိုးပြီး နေခဲ့ပါတယ်။ သူ့ကိုလခပေးရတယ်၊ စားတော့လည်း သူ့ဆီမှာပဲ ထမင်းလခပေးစားခဲ့ပါတယ်၊ မိသားစုလိုပါပဲ။

ကိုမောင်မောင်မြင့်အေးစီစဉ်တဲ့ မှခင်းကြေးမုံမှာ သရုပ်ဖော်ပုံတွေ ရေးခဲ့တယ်။ သူနဲ့ပတ်သက်ပြီး 'ဆရာ မောင်ရွှေစွန်'နဲ့ ရင်းနှီးခဲ့ရပြီး 'ရုပ်ရှင်မျက်မှန်'မှာ ကဗျာသရုပ်ဖော်ပုံ၊ ဝတ္ထုသရုပ် ဖော်ပုံတွေ ရေးခဲ့ရပါတယ်၊ နောက်တော့ ဘိုင်အိုမင်းသစ်၊ ရှုပရဲစိုး၊ မိုးဟိန်း သန်းအောင်တို့နဲ့ဆက်မိပြီး ကျူရှင်လက်ကမ်းတွေ၊ Pamphalet တွေ အစုံလုပ်ရ ပြန်တယ်။

မင်းဝေအောင်က ပြောပြတယ်။ မြင့်ဦးဦးမြင့်တို့ ကိုရွှေစွန်ရဲ့ ရုပ်ရှင် မျက်မှန်မှာ ကဗျာတွေရေးနေချိန်မှာ မင်းဝေအောင်ကလည်း အဲဒီရုပ်ရှင်မျက်မှန်မှာ ကဗျာသရုပ်ဖော်ပုံတွေ၊ ဝတ္ထု Illustration တွေ၊ ရုပ်ရှင်မျက်မှန်မှာရေးတယ်။ သူ ကင်းဗတ်ပေါ်မှာ ပန်းချီမရေးသေးဘူး။

အဲဒီကာလတုန်းကတော့ ဒီလောကမှာ ကျွန်တော်တို့ ရည်မှန်းချက်က ဒါပါပဲ။ ရေးစရာလမ်းကြောင်းဆိုရင် စာနယ်ဇင်းတွေပဲရှိတာကိုး။ အခုကာလလို Painting ဆိုတာက သိပ်ခေတ်မစားသေးဘူးလေ။ ကျွန်တော်တို့ ကိုယ်တိုင်က လည်း ကိုယ့်ရှေ့က နာမည်ကြီးခဲ့သူတွေကို အားကျခဲ့တာဆိုတော့ အဲဒီ လမ်းကြောင်းကိုပဲ ကိုယ်လည်းသွားဖြစ်ခဲ့ပါတယ်။ ကိုမောင်မောင်သိုက်တို့ ကိုဝသုန်တို့ကို ကျွန်တော်ကအားကျခဲ့တာ။ သူတို့ရဲ့စာနယ်ဇင်း Illustration တွေက အရမ်းကောင်းတာကိုး။

မင်းဝေအောင်က ဖဆပလမှာနေစဉ် ဆရာဦးကျော်လှိုင် အဆက်အစပ်နဲ့ ရန်ကုန်ဘဆွေနဲ့ ရင်းနှီးရတယ်။ ဦးဘရင်ကလေးနဲ့ ရင်းနှီးရတယ်။ ရန်ကုန် ဘဆွေရဲ့သား ကိုဆွေညိုနဲ့ကတော့ နောက်ပိုင်းပိုရင်းနှီးခဲ့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



'ဆရာရန်ကုန်ဘဆွေက ဘန်ကောက်ကပြန်လာပြီး 'သဲပန်းချီ'တွေ 'ပါတိတ်ပန်းချီ' တွေလုပ်ခဲ့တဲ့ကာလမှာ ဆရာ့ ခြယ်မှုန်းမှုတွေကို ကျွန်တော် သဘောကျလွန်းလို့ အရယူခဲ့တာတွေရှိပါတယ်။ ဆရာ ရန်ကုန်ဘဆွေက ဂယ်လာရီလေးတစ်ခုထောင်တယ်။ ဆရာ ရန်ကုန်ဘဆွေနဲ့ ပတ်သက်ခဲ့တာ အပိုင်းနှစ်ပိုင်းရှိတယ်ဗျ။ စာနယ်ဇင်းပန်းချီနဲ့ ပတ်သက်တဲ့လူတွေရှိသလို ဒီဘက်မှာတော့ Morning Group ဆိုတာ ရှိခဲ့ပတ်သက်ခဲ့တယ်။

Morning Group မှာ ကိုမောင်မောင်လည်း ပါဝင်တယ်။ အဲဒီကာလ က Morning Group ရဲ့ပြပွဲတွေက တော်တော်လေး အားကောင်းခဲ့ပါတယ်။ ဆရာပေါ်ဦးသက်၊ ဆရာဦးခင်မောင်ရင်၊ ဆရာရန်ကုန်ဘဆွေတို့လည်း ဝင်ပြခဲ့ကြတာပါ။ ကျွန်တော်လည်း ကိုစိန်အောင်နဲ့ပတ်သက်ပြီး အဲဒီမှာ ဝင်ပြဖြစ်ခဲ့ပါတယ်။ ပြပြချင်းလည်း ရောင်းခဲ့ရတယ်ပေါ့လေ။ ရောင်းရတော့ ပျော်တာပေါ့ဗျာ။ အဲဒါနဲ့ပဲ ဒီဘက်မှာဆက်ပြဖြစ်သွားတယ်။ စာနယ်ဇင်း အလုပ်တွေလည်း ဆက်လုပ်နေရတာပေါ့လေ။

မင်းဝေအောင်ဟာ စာနယ်ဇင်းသရုပ်ဖော်ပုံတွေရေးရင်း Painting လည်း လုပ်ပြီပေါ့။ သူ Morning Group နဲ့အတူ ပန်းချီပြပွဲ ဆင်နွှဲခဲ့တဲ့ နေရာကတော့ 'ယုဒသန် ခန်းမ'။

ပန်းချီပြပွဲဆိုတာ ပန်းချီဆရာက ကိုယ်ဖန်တီးတဲ့ အနုပညာကို ကိုယ်တိုင် ယုံကြည်လို့ အများပြည်သူကို ပွဲလုပ်ပြီးချပြတာ။ ဝယ်ယူနိုင်သူရဲ့ ဟာဒယကို ထိသွားရင် ပန်းချီကားရောင်းရမယ်။

ပန်းချီဆရာက ကမ္ဘာသိအောင် နာမည် ကြီးသွားပြီဆိုရင်တော့ သူ့ပန်းချီကားကို ရင်းနှီးမြှုပ်နှံမှုသဘော ဝယ်ယူစုဆောင်းဦးမယ်။ ကမ္ဘာကျော် ပန်းချီဆရာတွေရဲ့ ပန်းချီကားတစ်ချပ် ဈေးဟာ အထက်သို့သာ တရိပ်ရိပ် သို့မဟုတ် တရှိန်ထိုး မြောက်တက်နေတာ မဟုတ်ပါလား။

ဒီခေတ်ကြီးထဲမှာ မည်သူမဆိုထုတ်လုပ်ရမယ်။ ဖန်တီးရမယ်။ ကိုယ် ဖန်တီးထုတ်လုပ်မှုကို ဈေးကွက်မှာ ရောင်းချရမယ်မဟုတ်ပါလား။ လူသားဟာ ကိုယ့်ထုတ်ကုန်ပစ္စည်းရဲ့ အရည်အသွေးကို မြှင့်တင်၊ တန်ဖိုးကို တိုးမြှင့်ပြီး ကိုယ်ဈေးကွက်ကို ချဲ့ထွင်ပြန့်ကားစေရတယ် မဟုတ်လား။

'အုပ်စုလိုက် ပြပွဲလေးမှာ ကျွန်တော်ကျောင်းသားဘဝက အောက်နိုး ရေးလာတဲ့ 'ညောင်ဦးဆိပ်ကမ်း' ရေဆေးကားလေး ရောင်းလိုက်ရတယ်။ အဲဒီ Morning Group Show မှာ ယုဒသန်မှာ အဲဒီကားလေး ရောင်းလိုက်ရတာ





ကျွန်တော်ထင်တယ်။ ၇၅ ကျပ်လောက်ပဲရှိတယ်ထင်တယ်။ ကျွန်တော် ၇၅ ကျပ်နဲ့ နှစ်ကားလားမသိဘူး။ ရောင်းလိုက်ရတော့ တော်တော်ပျော်ခဲ့ရတာပေါ့ ဗျာ။ အဲဒီကျွန်တော့်ကားလေးကို ဝယ်ခဲ့တာလည်း ပြည်တွင်းကမဟုတ်ပါဘူး။ သံတမန်တွေပါပဲ။

အဲဒီအချိန်တုန်းက ပန်းချီကားဝယ်တာက သံတမန် တွေပဲ ရှိခဲ့တာပါ။ အရမ်းပျော်ဖို့ကောင်းခဲ့တယ်။ ကျောင်းသားပရိသတ်တွေ ကလည်း ရှိတယ်လေ။ အဲဒီတုန်းက အရသာဟာ အခုပြပွဲတွေနဲ့တော့ တခြားစီပါပဲ။ အခုနောက်ပိုင်း ကျတော့ အလုပ်သဘောဖြစ်သွားတယ်။

မင်းဝေအောင်လည်း သွေးနဲ့ကိုယ်သားနဲ့ကိုယ်ပဲ။ မင်းဝေအောင်ဟာ ပန်းချီဆရာပဲ။ သူ့ကားတွေ ဈေးမြောက်တယ်။ ကမ္ဘာမှာ ပေမီကိုက်မီ ရောင်းလို့ ရတယ်။ သူ့ပန်းချီကားတွေက ကမ္ဘာကိုပတ်သိမ်းနေတာ။

ဒါပေမယ့် ယုဒသန်မှာ သူ့ပန်းချီကားလေး ၇၅ကျပ်နဲ့ ရောင်းလိုက်ရတဲ့ အရသာလေးကို အခုထိသူမမေ့ဘူး။

အဲဒီကာလက လောကနတ်ဂယ်လာရီအပြင် အင်းယားပေါ်လာပြီ။ GV ဖွင့်နေပြီ။ မင်းဝေအောင်တို့လည်း အများနဲ့ပူးပေါင်းပြီး Treasure ဂယ်လာရီ ဖွင့်တယ်။ နောက်တော့ မင်းဝေအောင်နဲ့ ပန်းချီဆရာအေးကို တို့နှစ်ယောက် သား New Treasure အမည်သစ်နဲ့ ဂယ်လာရီထူထောင်တယ်။

သူတို့ ဂယ်လာရီဟာ ဝိုင်ကြီးလို့ ခေါ်တွင်ရလောက်အောင် အနုပညာမှာ ပေါက်ရောက်တဲ့ ခင်ဝမ်းတို့ ပျော်မွေ့ရာ 'ခရမ်းပြာ' လက်ဘက် ရည်ဆိုင် အနားကနေ ရွှေတောင်ကုန်းဆီ ရွှေ့လျားသွားတယ်။ နောင်တော့ New Treasure ဟာ မင်းဝေအောင်ပိုင် ဂယ်လာရီ ဖြစ်လာပါတယ်။ အခု New Treasure မှာ member တွေလည်း မနည်းဘူး။

မင်းဝေအောင်ဟာ ၁၉၉၃ မှာ U.S.I.S ရဲ့ အစီအစဉ်နဲ့ အမေရိကန် ပြည်ထောင်စုကို သွားခွင့်ကြုံရတယ်။

အဲဒါက ဒီလို။ U.S.I.S က နိုင်ငံခြားပန်းချီဆရာနဲ့ ပန်းချီဆရာမတို့ ဦးဆောင်ဦးရွက်လုပ်တဲ့ ပန်းချီ Work Shop လေးတစ်ခု မြန်မာပြည်မှာ လာလုပ်ပေးခဲ့တယ်။ ပန်းချီဆရာတွေ ဂယ်လာရီပိုင်ရှင်တွေကို ဖိတ်ကြားခဲ့တယ်။ အဲဒီထဲမှာ New Treasure မင်းဝေအောင်နဲ့ ဗိဿနိုးဦးတင်ဝင်းတို့လည်း ပါဝင်ခဲ့တယ်။ Work Shop က သုံးပတ်လောက်ကြာတယ်။ သူတို့နှစ်ယောက် စလုံးက စိတ်ဝင်စားစွာ အစအဆုံးတက်ကြတယ်။ ဒီဘက်က ဘာမှမျှော်လင့်



www.burmeseclassic.com

www.burmeseclassic.com



မထားပေမယ့် နောက်တော့ မင်းဝေအောင်နဲ့ ဗိသုနိုးတင်ဝင်းတို့ နှစ်ယောက် Gallery Arrangement အဖြစ် U.S ကို သွားလေ့လာရမယ်လို့ တယ်ရီဒီဗီဆင်က အကြောင်းကြားခဲ့သတဲ့။ အဲဒီခရီးမှာ ပန်းပုဆရာကိုဆန်နီငြိမ်း လည်းပါတယ်။ ဒီခရီးဟာ မင်းဝေအောင်ရဲ့ အတွေးကိုပြောင်းလဲစေခဲ့တယ်။ ကမ္ဘာ့အနုပညာတွေ၊ ကမ္ဘာ့ပန်းချီဈေးကွက် တွေကိုလည်း လေ့လာခွင့်ရခဲ့တယ်။

ဝါရှင်တန်၊ နယူးယော့ခ်၊ ဗီလာဒဲလ်ဖီးယား၊ ဆန်တာဖေး၊ နယူးမက်ဆီကို ကင်းဆက်စီးတီး၊ ဆန်ဖရန်စစ္စကိုစတဲ့ အမေရိကန်ပြည်ထောင်စုရဲ့ မြို့ကြီးတွေက ဂယ်လာရီပြတိုက်ကြီးတွေကို အချိန်ယူလေ့လာခွင့်ရခဲ့တယ်။ ဂယ်လာရီပိုင်ရှင်တွေနဲ့ တွေ့ရတယ်။

မိုးနေ၊ ဗင်ဂိုးတို့ရဲ့ ပန်းချီကားအစစ်ကြီး တွေကို ပြတိုက်ကြီးတွေမှာ မြင်ခွင့်ရတော့ မင်းဝေအောင်ဟာ မနေသာခွေလို့ပေါ့။ အင်ဒရူးဝိုင်းယက်ရဲ့ 'ခရစ္စတီနားရဲ့ကမ္ဘာ' ပန်းချီကားကို နယူးယော့ခ်က Modern Art Museum မှာ မင်းဝေအောင် ကြည့်ခွင့်ရတယ်။ မင်းဝေအောင်ဟာ ပီတိတွေ တဖွားဖွားနဲ့ပေါ့။

မနေဖြူသား မင်းဝေအောင်ဟာ နယူးယော့ခ်မှာ အင်ဒရူးဝိုင်းယက်ရဲ့ ပန်းချီကားအစစ်ကို ကြည့်ခွင့်ရပြီဟောလို့ သူ့အော်ဟစ် ကြွေးကြော်ချင်လောက်အောင်ပဲ။ ဒါပေမယ့် မင်းဝေအောင်က တည်ငြိမ်သူပါ။ အက်ဘဇော့ပါဝါ (Absorb Power) လည်း ကောင်းသူပါ။ သူမြင်ရတဲ့ ကမ္ဘာ့အနုပညာကို သူ့ရင်ဘတ်နဲ့ တည်တည်ငြိမ်ငြိမ် စုပ်ယူတယ်။

အဲဒီမှာ ဟိုင်ပါရီယယ်လစ်ဇင်၊ အင်ပရက်ရှင်၊ မော်ဒန်အက်စထရက်၊ ပါဖော့မန့်စ်၊ အင်စတော်လေးရှင်း သူ့အကုန်တွေ့ရတယ်။ ပြတိုက်ကြီးတစ်ခုမှာ နံရံကြီးတစ်ခုကို ဆောက်နဲ့ဖြို့ချထားပြီး ပုံထားတဲ့အပုံကြီးတစ်ခုကို ပြသထားတယ်။ သိပ်ဆန်းတာ။ သိပ်မြင့်နေတာကိုတော့ သူမကြိုက်ချင်ဘူး။ 'အင်ဒရူးဝိုင်းယက်' ကားကိုတော့ သူ့အရမ်းကြိုက်တယ်။

'ကျွန်တော်နဲ့ မင်းဝေအောင်စကားပြောနေတဲ့ အခန်းအပေါက်ဝမှာ သူ့ဇနီးမသန်းသန်းမော်ရဲ့ Portrait ကလေးတစ်ခုက ကြည်နေလင်းနေတာပဲ။ အင်ဒရူးဝိုင်းယက်ဆန်နေသလို ကျွန်တော်ခံစားရတယ်။

မင်းဝေအောင်ရဲ့ U.S အတွေ့အကြုံဟာ သူ့ကို အတွေးပြောင်းလဲစေခဲ့တယ်။ ဖန်တီးချက်အသစ်အတွက် ပြင်ဆင်ဖို့လိုပြီဆိုတာကိုလည်း သူ့မှားလည်ခဲ့တယ်။ သူ့အနုပညာဘဝရဲ့ Turning Point ဖြစ်မယ်လို့ တစ်စုံတစ်ဦးက





သတ်မှတ်ရင်လည်း သူ့မငြင်းပါဘူးတဲ့။

၁၉၉၄ မှာ မြန်မာနိုင်ငံအမျိုးသားပြတိုက်နဲ့ဂျပန်နိုင်ငံ ယဉ်ကျေးမှု ဖလှယ်ရေးအစီအစဉ်အရ (4th Asian Art Exhibition) အတွက် Workshop လုပ်ဖို့၊ ဂျပန်ကိုသွားဖို့ သူ့ကိုဂျပန်တွေကရွေးချယ်ကြတယ်။

'ကျွန်တော့်အပေါ်ထပ်လေးမှာ ၁၅ ပေ၊ ပေ ၂၀ လောက်ရှိတဲ့ ပန်းချီတွေ ဒီပိုလေးတစ်ခုရှိနေတယ်။ ဂျပန်တွေက ပန်းချီဆရာတွေရဲ့ စတူဒီယိုကိုပါကြည့်မယ်ဆိုပြီး ကျွန်တော့်ဆီရောက်လာကြတာ အဲဒီအကျိုးဆက်လည်း ပါတယ်။ ကျွန်တော်ဂျပန်ကိုပါသွားတယ်။ ဒုတိယမြောက် ပြည်ပပြပွဲလုပ်ခွင့် ရတယ်။ ကျွန်တော့်ရဲ့ ပထမဆုံး နိုင်ငံခြားပြပွဲကတော့ အမေရိကန်ပြည်ထောင်စု မှာပါ' လို့ မင်းဝေအောင်က ပြောပြတယ်။

ကမ္ဘာ့နိုင်ငံကြီးတွေ၊ ကမ္ဘာ့မြို့ကြီးတွေမှာ ကမ္ဘာ့ပန်းချီကားတွေကို သူကြည့် ခဲ့မြင်ခဲ့ပြီ၊ နိုင်ငံကြီးသား ခေတ်ပြိုင်ပန်းချီဆရာတွေနဲ့လည်းဆုံခဲ့ပြီ။ သူတို့ရေးချက် အဆန်းတွေကို လိုက်အတုခိုးရေးပြီး မြန်မာပြည်မှာ ချပြမလား။ အဲဒီလိုတော့ သူမလုပ်ချင်ဘူး။ သူက သူ့ကိုယ်ပိုင်အင်္ကျီလေးကိုပဲ ဖြူဖြူစင်စင် ဝတ်ချင်သူ။ သူများအင်္ကျီ ငှားရမ်းဝတ်ချင်သူမဟုတ်။

နောက်ပြီး ကမ္ဘာမှာ ရေးဆွဲနေတဲ့ ပန်းချီကားမျိုးနဲ့ ကိုယ့်ပြည်တွင်းမှာတော့ ချပြလို့ရတယ်။ ကမ္ဘာမှာတော့ ပြလို့မရနိုင်ဘူးဆိုတာ သူသိတာပေါ့။ သူက သူ့ပန်းချီကားတွေကို ကမ္ဘာကြီးဆီအထိ ချပြချင်တာ။

သူ 'ပုံသဏ္ဌာန်' ကို မယူခဲ့ဘူး။ 'အတွင်းသဘောထား' ကို ယူခဲ့တယ်။ 'စိတ်ဓာတ်' ကိုယူခဲ့တယ်။ 'ယုံကြည်မှု' ကိုယူခဲ့တယ်။ 'နိုင်မာမှု' ကိုယူခဲ့တယ်။ စပယ်ရှယ်လိုက်ဆန်မှုကို ကြိုက်ခဲ့တယ်။

'၁၉၉၃၊ ၁၉၉၄ မှာ ကျွန်တော်တစ်ခုခုတော့ 'ပြောင်း' ရတော့မယ်ဆိုတဲ့ 'အသိ' က အဲဒီမှာမြင်လာပြီလေ။ အမေရိကားမှာတွေ့ခဲ့ရတဲ့ ပန်းချီဆရာတွေ၊ Work Shop တွေလေ့လာခဲ့ရတော့ သူတို့ဟာတစ်ခုခုကို 'စိုက်လိုက်မတ်တတ်' လုပ်ကြတာများတယ်ဗျ။

ဒီနေ့ ဒါရေးလိုက်၊ နောက်နေ့ဟိုဟာ ရေးလိုက် လုပ်တဲ့ လူကနည်းတယ်။ မရှိဘူးလားဆိုရင်တော့ရှိတော့ရှိပါတယ်။ ဒါပေမယ့် တစ်ခု တည်းကိုပဲ လုပ်ကြတဲ့လူတွေ များတယ်ပေါ့လေ။ 'ဗင်ဂိုး' တို့ 'မိုနေး' တို့ဆိုလည်း ငယ်ငယ်ကတည်းက ဒီအတိုင်းပဲ သွားခဲ့ကြတာပါ။ 'ပီကာဆို' တစ်ယောက်ပဲ အကုန် လုပ်ခဲ့တာပါ။ အင်ဒရူးဝိုင်းယက်ဆိုလည်း သူ့ရေးတဲ့ hyper တွေကို



www.burmeseclassic.com

www.burmeseclassic.com



tempara နဲ့ပဲ တောက်လျှောက် လုပ်သွားခဲ့တာပါ။

ကျွန်တော် ၁၉၉၃၊ ၁၉၉၄ မှာ ဟိုမှာဒီလိုတွေ လေ့လာခဲ့၊ တွေ့လာခဲ့ရတယ်ဆိုပေမယ်လို့ ပြန်ရောက်လာတဲ့အခါ ချက်ချင်းကြီးတော့ပြောင်းလို့ မရခဲ့ဘူး။ ဒါပေမယ့် တစ်ခုခုတော့ လုပ်ရမယ်။ ပြောင်းရမယ်ဆိုတဲ့ 'အသိ' ကတော့ ရှိနေပြီလို့ U.S ကအပြန် ကိုယ့်တိုင်းပြည်ကိုရောက်တော့ 'ငါတစ်ခုခု ပြောင်းမယ်'ဆိုတဲ့အသိ နိုင်မာမြဲမြံစွာ လက်ခံလိုက်ရပုံကို မင်းဝေအောင်က ပြောပြခဲ့ပါတယ်။

လူဟာအပြောင်းအလဲလုပ်ရမယ်။ အတွေးအခေါ်တွေ ပြောင်းရမယ်။ နေရာတွေပြောင်းရမယ်။ ဖန်တီးမှုတွေပြောင်းရမယ်။ လူဟာ အပြောင်းအလဲ မလုပ်ရင် ကျဆုံးသွားနိုင်တယ်ဆိုတဲ့အသိက မင်းဝေအောင်မှာ ရှိခဲ့ပြီ။

မင်းဝေအောင် ငယ်ငယ်ကတည်းက ဘုန်းကြီးကျောင်းမှာ ပညာ သင်ခဲ့ရတယ်။ ရှင်မထေရ်မြတ်တွေ၊ ရှင်သာမဏေတွေရဲ့ ရုပ်ပုံလွှာတွေက သူ့အသိ စိတ်မှာ ဖွဲ့တည်နေတယ်။ သံဃာတော်ကို သူက ပန်းချီမျက်စိနဲ့ ကြည့်တယ်။ သံဃာတော်တွေ ဆွမ်းခံကြွဟန်၊ သံဃာတော်တွေ အစုအရုံးနဲ့ တန်းစီကြွဟန်၊ ရှင်သာမဏေလေးတွေ ဆွမ်းဟင်းချိုင့်ယူပြီးလို့ ဘုန်းတော်ကြီး ကျောင်းကို ပြန်ဟန်၊ သင်္ကန်းတွေက ကိုယ်မလွှင့်နေဟန်၊ ဒါတွေကို သူသိပ် သဘောကျတယ်။

သူ့ရင်ထဲက 'စိတ်ကူး ရုပ်ပုံ'၊ မြင်ပကသံဃာတော်တွေရဲ့ ရုပ်ပုံ၊ ဒါကိုပေါင်းစပ်ပြီး ခေတ်ပြိုင်ပန်းချီကားချပ်ကြီးတွေ အစရက်လစ်နဲ့ ဖန်တီးချင်တယ်။ သံဃာက သူ့ကိုအကျိုးပေးစေလိမ့်မယ်။ ဘုန်းကြီးတွေက သူ့ကို အကျိုးပေးစေလိမ့်မယ်။ ဒါကိုသူမသိသေးဘူး။ ဒါပေမယ့် ဘုန်းကြီးကားတွေ ရေးလိုစိတ်ကတော့ သူ့ရင်ထဲ ရှန်းကြွနေပြီလေ။

'ကျွန်တော်ဘုန်းကြီးကားတွေ စရေးတဲ့ကာလမှာ ကိုယ်ပိုင်ကင်မရာ မကိုင် နိုင်သေးတော့ ဘာနဲ့ reference ယူခဲ့ရသလဲဆိုတော့ မြဝတီခေတ်ပုံပြိုင်ပွဲ ဝင်ခဲ့တဲ့ ဘုန်းကြီးတွေ နောက်ကျောပေးပြီး ဆွမ်းခံကြွတဲ့ပုံလေးကို ယူခဲ့ရတာပါ။ အဲဒီပုံလေးထဲမှာ ကိုယ်တော်နှစ်ပါးလား၊ သုံးပါးလားတော့မသိတော့ဘူး။ ဒါကို မှီငြမ်းပြီး ကျွန်တော် ခုနစ်ပါးပြောင်းလိုက်ရတယ်။ ဒါကျွန်တော် ရိုးရိုးသားသားဝန်ခံတာပါ၊ မြဝတီခေတ်ပုံပြိုင်ပွဲရဲ့ ဘုန်းကြီးပုံလေးကို refrence လုပ်ခဲ့ပါတယ်။

သူ့ဘုန်းကြီးပုံတွေနဲ့ 'ပေါက်' ခဲ့တယ်။ ကမ္ဘာကိုလည်း ဘုန်းကြီး ပုံတွေနဲ့ သူ 'ဖောက်' ခဲ့တယ်။ သူ့ဘုန်းကြီးပုံတွေကို ဘယ်လိုကနေ ဘယ်လို

cLub 18
creative HOUSE



စတင်ရေးဆွဲဖြစ်တယ်ဆိုတာ အခုကျွန်တော်တို့သိရပြီ။

ဒါပေမယ့်သူက စိတ်ကူးစိတ်သန်းအားကောင်းတယ်။ လုပ်ချက်ကလည်းပီတယ်။ သူကြိုက်သွားတဲ့ခေတ်ပုံလေးကို ဘယ်ဒီအတိုင်း ပြန်လွှတ်လိမ့်မလဲ။

'ကျွန်တော်က reference နဲ့ သွားတယ်ဆိုပေမယ့် အဲဒီအတိုင်း တိတိကျကျကြီး လုပ်တာတော့လည်းမဟုတ်ပါဘူး။ ကိုယ်ရဲ့ creation တွေ၊ composition တွေပါသွားတယ်ပေါ့လေ။

သူ့ပန်းချီကားမှာ သူ့ကိုယ်ပိုင်ဖွဲ့စည်းမှု ပါဝင်တယ်။

သူ့ပန်းချီကားမှာ သူ့ကိုယ်ပိုင်အရောင်တွေ ပါဝင်တယ်။

သူ့ဖွဲ့စည်းမှုတွေ၊ သူ့အရောင်တွေက သံဃာတော်တွေနဲ့ ပေါင်းစပ် အသက်ဝင်ပြီး ကျွန်တော်တို့ကို ဖမ်းစားခဲ့တယ်။

အလင်း

အမှောင်

ရောင်ပြန်။

သူပထမဆုံး solo show လုပ်တာက စင်ကာပူ Art 2 Gallery မှာပါ။ ၁၉၉၅။

'စင်ကာပူ Art 2 Gallery ကလူတွေ မြန်မာပြည်ကို ရောက်လာတယ်။ Asia Fine Art မဂ္ဂဇင်းက ထုတ်ဝေသူအယ်ဒီတာက 'အီးအန်ဖင်လစ်ဘရောင်း' ဆိုသူလည်း ပါလာတယ်။

ကျွန်တော့်ကားတွေကို ကြည့်ချင်တယ်ဆိုတော့ ကလေးနဲ့အမေ၊ ရှမ်းဈေးစတဲ့ Life ကားတွေကို ကျွန်တော်က ချပြတယ်။ ဟာ ဒါတွေ မကြည့်ချင်ဘူး။ ဘုန်းကြီးကားတွေကိုပဲ ကြည့်ချင်တာဆိုလို့ ထုတ်ပြခဲ့ရတာပါ။ ဒီတော့မှ သူတို့နှစ်ယောက်တိုင်ပင်ပြီး စင်ကာပူက ငါ့ဂယ်လာရီမှာ ဘုန်းကြီး ကားတွေချည်းပြမယ်ဆိုရင် ပြပွဲလုပ်ပေးမယ်ပေါ့။ အဲလိုနဲ့ ကျွန်တော်တို့ သဘောတူညီမှုရခဲ့ကြတယ်။ အဲလိုနဲ့ စင်ကာပူ Art 2 ဂယ်လာရီမှာ ကျွန်တော် ပထမဆုံးပြည်ပ One Man Show ဖြစ်သွားခဲ့ တယ်။

သူ့ရဲ့ ပထမဆုံးပြည်ပ Solo Show အကြောင်း အဲလိုသူပြောပြရဲ့။

မင်းဝေအောင်ရေးဆွဲသမျှ ဘုန်းကြီးကားတွေ အကုန်ရောင်းရတယ်။ ဈေးကလည်း ကောင်းတယ်။ ဝယ်တာလည်း နိုင်ငံခြားသားတွေချည်းပဲ။ သံဃာတော်တွေ လမ်းလျှောက်နေတဲ့ Movement ကိုသူ အမိအရဖမ်းတယ်။ ပန်းချီ

cLub 18
creative HOUSE

www.burmeseclassic.com

www.burmeseclassic.com



ကားအဖြစ် ဖွဲ့စည်းလိုက်တဲ့အခါ Composition ရဲ့ အရသာကိုလည်း အပြည့်အဝ သူက ထည့်တယ်။ သူက အဲဒီအတိုင်းအတာနဲ့ လွှတ်လိုက်တာ။ ပန်းချီကားကို ခံစားသူကတော့ ဒီကားတွေကြည့်ပြီး Concept တစ်ခုရနိုင်တယ်။ တစ်ဦးနဲ့တစ်ဦး တူညီချင်မှလည်းတူမယ်။

လန်ဒန်ပြပွဲမှာ တစ်ယောက်က `ဟာ ဒါလူ့ဘောင်ကို ကျော်နိုင်း သွားတာ' လို့ ပြောလိုက်တယ်။

ဒါကြည့်သူဘက်က အတွေး။

မင်းဝေအောင် စဉ်းစားတယ်။

သူပြောတာလည်း ဟုတ်တာပဲ။

လူ့ဘောင်ကို ကျော်နိုင်းတာ လောကီကို ကျော်နိုင်းပြီးတော့ ငြိမ်းချမ်းမှုကို ရှာတာလို့ မင်းဝေအောင်က ဒုတိယအတွေးကို ဆက်တွေးတယ်။ ကြည့်သူရဲ့ ပထမအတွေးကို အခြေခံပြီး ပိုပြီးရှေ့ဆီရောက်တဲ့ ဒုတိယအတွေးကို မင်းဝေအောင် တွေးမိတယ်။ အဲဒီအတွေးက မင်းဝေအောင်ကို အသိတစ်ခု ထပ်ပေးပြန်တယ်။ အဲဒီအသိနဲ့ နောက်ထပ် ပန်းချီကားတွေ ရေးဆွဲတော့ လောကုတ္တရာရဲ့ ငြိမ်းချမ်းမှုကို ရှာဖွေတဲ့ သံဃာတော်တွေရဲ့ ရုပ်ပုံလွှာတွေက ပိုပြီးထင်လင်း တောက်ပလာတယ်။

ပန်းချီကားတွေ ပိုလင်းလာတယ်။

ဝယ်သူတွေကတော့ ဗုဒ္ဓဘာသာဝင်ရယ်လည်းမဟုတ်ဘူး။

မွတ်ဆလင် လည်းဝယ်တာပဲ။

မဟာသီယာမိုဟာမက်ရဲ့သား မာစန်မဟာသီယာကလည်း ဝယ်တာပဲ။

Spices Girls အဖွဲ့က မယ်စီကလည်း ဝယ်တာပဲ။

`တချို့က အပျော်တမ်းဝယ်စုတာ၊ တချို့ကျတော့ Collect လုပ်တာ၊ ရေရှည် invest လုပ်တာ။ ရင်းနှီးမြှုပ်နှံမှုအပိုင်းကျတော့ နာမည်ကြီး လက်ရာတွေကိုမြှုပ်နှံမှသာ သူတို့အတွက် တန်ဖိုးရှိမယ်။

ပန်းချီဆရာဘက်ကလည်း ကိုယ့် Subject ပဲဖြစ်ဖြစ် Medium ပဲဖြစ်ဖြစ် အပိုင်ကိုင်လုပ်ဖို့ လိုတယ်။ Subject အသစ်ကို ထပ်တတဲလဲ ပြောင်းလုပ်တယ်ဆိုရင် ကျွန်တော်တို့ကိုစောင့်ကြည့်နေတဲ့ collector တွေက ယုံကြည်မှုမရှိတော့ဘူး။ ပန်းချီဆရာက ဟိုလိုစမ်းလိုက်၊ ဒီလိုစမ်းလိုက်လုပ်ရင် ဝယ်ယူစုဆောင်း သူက ဘယ်ကားကို ဝယ်ရမှန်းမသိတော့ဘူးဆိုပြီး ဖြစ်လာ နိုင်တယ်' လို့ မင်းဝေအောင်က ပြောပြတယ်။





သူပြောတဲ့စကားဟာ သူ့အတွေ့အကြုံ၊ သူ့ဖြတ်သန်းမှု၊ ကမ္ဘာမှာ ဝယ်သူတွေရဲ့သဘောထား၊ ပန်းချီကားနဲ့ဈေးကွက်ဆက်သွယ်သူတွေကို အခြေခံပြီး သုံးသပ်ပြတာမို့ ဈေးကွက်ဆီ ထိုးဖောက်မယ့် လူငယ်ပန်းချီဆရာတွေအတွက် Message တစ်ခုဖြစ်ပါလိမ့်မယ်။

ရန်ကုန်မှာပန်းချီကျောင်းရှိတယ်။ ယဉ်ကျေးမှုတက္ကသိုလ်ရှိတယ်။ မန္တလေးမှာလည်း ပန်းချီကျောင်းရှိတယ်။ ယဉ်ကျေးမှုတက္ကသိုလ်ရှိတယ်။ နေပြည်တော်မှာလည်း ပန်းချီကျောင်းရှိတော့မယ်။ ပန်းချီကျောင်းကိုရော ယဉ်ကျေးမှုတက္ကသိုလ်ကိုရော ကျွန်တော်ရောက်ဖူးတယ်။

ပညာသင်ယူနေတဲ့ ကျောင်းသားကျောင်းသူတွေ ကိုယ့်ပညာကိုယ် စိတ်ပါဝင်စားတက်ကြွစွာ သင်ယူနေကြတာ။

အပြင်းအထန် ရုပ်ပုံတွေရေးဆွဲ နေကြတာတွေ့ရတယ်။

ဇွဲလည်း ကြောင်ပတ်မလုပ်ကြဘူး။

ဝရန်းသုန်းကား မရှိကြဘူး။

ရောက်လာကြတော့လည်း ပန်းချီပညာကိုအရမ်းလိုချင်တဲ့ ယုံကြည်မှုနဲ့ ရောက်လာကြတော့ အချို့ဆို ဝေးလံတဲ့ ပြည်နယ်တွေဆီကလာပြီး ပန်းချီပညာ သင်ကြတာ။ သူတို့အားလုံး မင်းဝေအောင်ရဲ့နာမည်ကို သိကြတယ်။ မင်းဝေအောင် အောင်မြင်တာကို အားကျကြတယ်။ မင်းဝေအောင်ဟာ အဲဒီပန်းချီပညာ သင်ယူ နေတဲ့လူငယ်တွေ၊ ပြင်ပကနေ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ပန်းချီပညာ ကိုယ်တိုင်လေ့လာနေတဲ့ လူငယ်တွေအတွက် အကြံပေးစရာ စကားလုံးတွေရှိမှာလို့ ကျွန်တော်ယုံကြည်တယ်။

`ကျွန်တော်တို့ ငယ်ငယ်က ပန်းချီကျောင်း တက်လာခဲ့ရတာက ဆရာတွေရဲ့သီအိုရီပုံစံနဲ့ပေါ့လေ။ ပုံသေဆန်တဲ့ ပန်းချီကျောင်းကြီးမှာ ကျွန်တော်တို့က သင်လာခဲ့ရတဲ့အတွက် သူတို့ကို ကျွန်တော်လိုမျိုး မဖြစ်စေချင်ဘူး။ သူတို့ကို ကျွန်တော်တို့ အသင်ခံခဲ့ရသလိုမျိုး မဖြစ်စေချင်ဘူး။

ကျွန်တော်တို့က ကံကောင်းလို့ ရုန်း ထွက်နိုင်ခဲ့တာ။ တချို့သူငယ်ချင်းတွေ မိတ်ဆွေတွေဆိုရင် ဒီလိုရုန်းမထွက်နိုင်ခဲ့ကြဘူး။ တချို့ဆိုရင် `ဆရာစွဲ' ရှိတယ်။ ဒီဆရာရဲ့ လက်အောက်၊ ဒီဆရာရဲ့ အငွေ့အသက်၊ ဒီဆရာရဲ့ လက်ရာအတိုင်း ဒါကို သူတို့ဘယ်လိုမှ မတွန်းလှန်နိုင်ခဲ့ကြဘူး။ ကျွန်တော့်အနေနဲ့ ကိုယ့်ဆရာကြီးတွေရဲ့ လက်ရာကို ကြိုက်တော့ကြိုက်တယ်။ ဒါပေမယ့် သူတို့လိုမျိုးမဖြစ်အောင်၊ မတူအောင် ကြိုးစားလာရတာ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မှာ သားနှစ်ယောက်ရှိတယ်။သူ့အမေကဆိုရင် သူတို့ကိုပန်းချီသင်ပေးစေချင်တယ်။ ဒါပေမယ့် ကျွန်တော်ကတော့ သူတို့အတွေးအခေါ်နဲ့ သူတို့ဖန်တီးမှုနဲ့သူတို့ရွေးချယ်ပေါင်းစပ်တဲ့အရောင်ကို သူတို့ကိုယ်တိုင်ရှာဖွေလို့ပေါ့ဗျာ။ အဲလိုဖြစ်စေချင်မိတယ်။ ပုံသေဆန်တဲ့ အသင်ခံရတဲ့ဆိုးကျိုးတွေ ကျွန်တော်သွားမြင်တယ်။ အဲဒါမျိုးသူတို့ကို မဖြစ်စေချင်ဘူး"

မင်းဝေအောင်က လူငယ်တွေရဲ့ တွေးခေါ်မှုနဲ့ဖန်တီးမှု လွတ်လပ်ပေါ့ပါးစေလိုတဲ့ စေတနာကို ဖော်ပြပါတယ်။ သင်ရိုးတွေ ရှိနေပါမယ်။ အကယ်ဒမစ်ပေးတွေရှိနေပါမယ်။ အသင်ကြားခံရမှုဟာလိုအပ်တယ်။ သို့သော် လွတ်လပ်တဲ့ဖန်တီးမှုကို လုပ်ပိုင်ခွင့်ရှိရမယ်။ သင်ကြားပေးမှုနဲ့ အသင်ကြားခံရမှုတွေမှာ ခေတ်မီမီ ပြောင်းလဲလာတာ အကောင်းဆိုးသို့ပါ။

"ကျွန်တော်တို့ ပန်းချီကျောင်းတက်ခဲ့တုန်းက "သက်ငြိမ်" ရေးတယ်။ ဆရာကသူကြိုက်တဲ့ အသီးတွေကို ချေးကနေဝယ်တယ်။ ပြီးရင်သူကြိုက်တဲ့ Composition နဲ့ သူကြိုက်တဲ့ Lighting ထိုးပေးထားတယ်။ ကျွန်တော်တို့က ရေးရတယ်။

ကျွန်တော်သွားလေ့လာခဲ့ရတဲ့ Filadelphla Academy of Arts မှာဆိုရင် ဘာသွားတွေ့ ရသလဲဆိုတော့ ကျောင်းသားက ကိုယ်ကြိုက်တဲ့ပစ္စည်းကိုယ့်ဟာ ကိုယ်ရှာလာတယ်။ ကိုယ်ကြိုက်တဲ့ composltion ကိုယ့်ဟာကိုယ်လုပ်တယ်။ ကိုယ်ကြိုက်တာနဲ့ ကိုယ်ရေးတာဆိုတော့ အဲဒီမှာတင် different အများကြီး ဖြစ်သွားပြီ" လို့ သူကပြောတယ်။

သင်ကြားမှု Free ဖြစ်ရေး၊

ဖန်တီးမှု Free ဖြစ်ရေး၊

မင်းဝေအောင်က လူငယ်များအတွက် တွေးတောပေးပါတယ်။ ကိုယ်ပိုင်အနုပညာနဲ့ ကမ္ဘာဆီ "ဖောက်ထွက်"ခဲ့တဲ့၊ "ဖောက်ထွက်"နေတဲ့ မင်းဝေအောင်ဟာ လူငယ်ပန်းချီ ဆရာများကိုလည်း

သင်ရိုးတွေကို ဖောက်ထွက်၊

အဟောင်းတွေကို ဖောက်ထွက်၊

ကမ္ဘာကို ဖောက်ထွက်စေချင်ဟန်ပါပဲ။

ဆရာရဲ့သင်ကြားမှု နည်းစနစ်အောက်မှာ ပိပြားမနေစေချင်ဘဲ ကိုယ့်အညွန့်လေးနဲ့ကိုယ် စိမ်းစိမ်းလူလူ ထိုးထွက်ဖို့ပါ။ ကိုယ့်ကိုယ်ပိုင်ပန်းပွင့်လေးနဲ့ကိုယ် လန်းစွင့်ပွင့်အာဖို့ပါ။





သူကတော့ ကမ္ဘာ့နိုင်ငံတော်တော်များများမှာ ပန်းချီပြပွဲတွေ လုပ်ခဲ့နိုင်ပြီ။ ကမ္ဘာ့ပန်းချီဈေးကွက်မှာလည်း သူ့ရဲ့ဘုန်းကြီးပန်းချီကားတွေ ထိုးဖောက်နိုင်ခဲ့ပြီ။ ကျွန်တော်တို့ တိုင်းပြည်မှာ လူငယ်ပန်းချီဆရာတွေ အများကြီးရှိနေတယ်။ အဲဒီလူငယ်လေးတွေလည်း ကမ္ဘာ့ပန်းချီအနုပညာ ဈေးကွက်မှာ သူတို့ရေးတဲ့ ကားတွေပြချင်ရောင်းချင်မှာပဲ။

"ကျွန်တော်တို့နိုင်ငံတကာကို သွားတော့မယ်ဆိုရင် ပန်းချီဆရာနဲ့ Dealer ပေါ့ဗျာ။ ပန်းချီဆရာနဲ့ Gallery ပိုင်ရှင်ပေါ့ဗျာ။ အဲဒီနှစ်ဦးနှစ်ဘက် ဆက်ဆံရေးက သဟဇာတဖြစ်မှုဟာ အရမ်း အရေးကြီးပါတယ်။ ပန်းချီဆရာကို Dealer က Promote လုပ်ပေးတာပါ။ Dealer ရဲ့ လုပ်ပိုင်ခွင့်အပေါ် ကျွန်တော်တို့ နားလည်မှုပေးနိုင်ရပါမယ်။

ဒီလိုနားလည်ပေး လိုက်တဲ့အတွက် အရမ်းကို အဆင်ပြေခဲ့ပါတယ်။ တခြားနိုင်ငံတွေမှာ အနည်းဆုံး ၅၀% လောက်ယူတာ။ Dealer ကို ၅၀%ပေးရမှာ နှမြောနေလို့မဖြစ်ပါဘူး။ ကျွန်တော်တို့ကသာ နာမည်ရှိသွားလို့ ၅၀%-၅၀% ဖြစ်သွားတာ။ ကျွန်တော်တို့က ဒီအဆင့်ထက် ကမ္ဘာကျော် သွားမယ်ဆိုရင် ကျွန်တော်တို့ ဘက်က ၆၀%ရတယ်။ Dealer က၄၀%ရတယ်။ ပန်းချီဆရာရဲ့ မြင့်လာမှုအပေါ်မှာ သူတို့က နိမ့်ယူရမှာကိုး။ ကျွန်တော်တို့က နိမ့်နေတဲ့ကာလမှာ သူတို့ကမြင့်ယူတာလည်း သဘာဝကျပါတယ်။ ကိုယ့်ရဲ့ ရေရှည် တိုးတက်မှုအတွက် လူငယ်ပန်းချီဆရာတွေဟာ ဒီလို Gallery တွေ Dealer တွေနဲ့ ဒီလိုပဲ ဆက်ဆံနေရမှာပဲ။

ကိုယ့်ပန်းချီကားကို ကမ္ဘာမှာရောင်းချဖို့ သူက အဲလိုအကြံပေးရဲ့။ သူကိုယ်တိုင်လည်း ဒီလိုပဲဖြတ်သန်းခဲ့ရတာကိုး။

ကျွန်တော်တို့ဘက်က အမြင်က ကျွန်တော်တို့တိုင်းပြည်က မင်းဝေအောင် ယူကေမှာ၊ ယူအက်စ်မှာ၊ ပြင်သစ်မှာ၊ ဂျပန်မှာ ပန်းချီပြပွဲတွေ လုပ်ခွင့်ရတယ်။ အကောင်းဆုံးဈေးနဲ့ ရောင်းချခွင့် လည်းရတယ်။

ဟိုမှာ မင်းဝေအောင်ကိုယ်တိုင်လည်း အခြားပန်းချီ ဆရာများရဲ့ ပန်းချီကားတွေရဲ့ ဈေးနှုန်းကို လေ့လာအကဲခတ်မိမှာပဲ။ သူအဲဒီကိစ္စကို ဘယ်လိုပြောမလဲ။ ကမ္ဘာကြီးပေါ်မှာ မြန်မာပန်းချီဆရာတစ်ယောက်ရဲ့ ဈေးကွက်ဝေစုက အကြီးကြီးလား။ သင့်တော်မျှတတဲ့ အရွယ်အစားလား။

"ကမ္ဘာနဲ့ ယှဉ်လိုက်ရင်တော့ ကျွန်တော်တို့ ကိုယ်တိုင်ကို အများကြီးလိုသေးတယ်။ တကယ်တကယ်က တရုတ်ပန်းချီဆရာတွေနဲ့ ယှဉ်လိုက်ရင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့က ဘာမှမဟုတ်တော့ဘူး။ အဲဒီတရုတ်ပန်းချီဆရာနဲ့ ကျွန်တော် ဖူကူအိုကာမှာ အတူတူ ပြခဲ့ဖူးပါတယ်။ သူလည်း Workshop လုပ်ခဲ့သလို ကျွန်တော်လည်း လုပ်ခဲ့တာပါပဲ။

ဒါပေမယ့် ဘာကွာသွားသလဲဆိုတော့ သူ့ရဲ့ အခြေအနေနဲ့သူ့နိုင်ငံရဲ့ ချမ်းသာကြွယ်ဝမှုနဲ့ သူ့နိုင်ငံရဲ့ အားပေးမှုနဲ့ ကျွန်တော်တို့ ဒီမှာရှိတဲ့ အားပေးမှုက အများကြီးကွာသွားတာပါပဲ။

အဲဒီတော့ ဟိုမှာရှိတဲ့ လူတွေက ချမ်းလည်း ချမ်းသာသွားတယ်။ နောက်ပြီးတော့ ဝယ်နိုင်အားလည်း ကောင်းသွားတယ်။ တရုတ်ပြည်မှာက ပန်းချီကားဝယ်စုနိုင်တဲ့ ချမ်းသာတဲ့ တရုတ်တွေ အများကြီးရှိတယ်ဗျာ။ ဒါကြောင့် သူ့ကားတွေက ဒေါ်လာ သိန်းနဲ့ချီပြီး ဖြစ်သွားတာ။

ဥပမာဗျာ ကျွန်တော်တို့ဆီက ဆရာဦးငွေကိုင်ကား၊ ဦးဘဉာဏ်ကားကို ကိုယ့်ပြည်တွင်းကပဲ ဒေါ်လာတစ်သိန်းပေးပြီးတော့ ဝယ်မယ်ဆိုရင် နိုင်ငံခြားသားက ဝယ်မယ်ဆိုရင် ဒေါ်လာတစ်သိန်းခွဲရမှပဲ ဒီကလူက ရောင်းတော့မှာ။

အဲဒီတော့ ကိုယ့်ဆီမှာရှိတဲ့ Dealer တို့ collector တို့ စုဝယ်သူတွေက အရင်တန်ဖိုးထားပြီး တန်ဖိုးပေးဝယ်မှ ကိုယ့်မှာရှိတဲ့ ပန်းချီဆရာတွေ အနုပညာ ပစ္စည်းတွေရဲ့ တန်ဖိုးတက်မှာ။

မလေးရှားမှာ 'ချောင်ဖီမင်း' ဆိုတာ ရှိတယ်။ ရေဆေးပန်းချီကားတွေ ပဲရေးတာ။ မလေးရှားက ပိုက်ဆံရှိတဲ့လူတွေ၊ Collector တွေက သူ့ရေဆေး ကားပြီးမယ့်နေ့ကို စောင့်နေသူတွေကအများကြီး။ ကြိုက်တာလည်း ပါတယ်။ တန်ဖိုးလည်း သိသွားတယ်။ နောက် invest လည်း ဖြစ်သွားတယ်။ အဲဒီလိုမျိုးပါ။

မင်းဝေအောင်က အဲဒီလိုသူ့ကိုယ်သူ ရိုးရိုးသားသားလေး သုံးသပ်သွား ပါတယ်။ အေးအေးဆေးဆေးနဲ့ ပြည့်ပြည့်စုံစုံပြောပြသွားတဲ့ ပန်းချီဆရာ မင်းဝေ အောင်ကို ကျေးဇူးတင်ပါ။

အရေးကြီးတာက ကိုယ်ပန်းချီကားဟာ ကိုယ့်ကိုယ်ပိုင်အနုပညာ ဖြစ်နေဖို့ပါ။

အကောင်းဆုံးအထူးပြုလုပ်ပါ။

ကမ္ဘာကိုဖောက်ထွက်ပါ။

အယူအဆဟောင်း နည်းစနစ်အဟောင်း သင်ရိုးဟောင်းရဲ့ ဩဇာ လွှမ်းမိုးမှုထဲက ဖောက်ထွက်လိုက်ပါ။

ဖောက်ထွက်နိုင်ရမယ်။





ကျွန်တော်တို့ အဲလို နားလည်သဘောပေါက်မိတယ်။ ရည်မှန်းချက် အတိုင်း သွားတယ်။ ဖောက်လည်း ဖောက်ထွက်နိုင်ရမယ်။ သရုပ်တွေနဲ့ ဝေပြီး အောင်မြင်နေတဲ့ မင်းဝေအောင်က စံနမူနာယူစရာ မြန်မာပြည်ရဲ့ Artist တစ်ယောက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

# ဦးညာဏ်လင်း YKKO



## ကိုယ်ရေးရာဇဝင်အကျဉ်း

အမည်ရင်း ညာဏ်လင်း။ ၁၉၅၇ ဇွန်လ ၄ရက်တွင် ရန်ကုန်မြို့၌ အဖ ဦးလှဖေတင်၊ အမိ ဒေါ်စမ်းကြည်တို့မှ မွေးဖွားသည်။ ဗုဒ္ဓဘာသာဗမာလူမျိုး ဖြစ်ပြီး မွေးချင်းမောင်နှမ ၄ယောက်ရှိသည်။ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်တွင် ပထမနှစ်(ရူပဗေဒ)အဓိကဖြင့်ပညာသင်ယူခဲ့သည်။ ဇနီးမှာ ဒေါ်ယုယုလွင် ဖြစ်ပြီး သားတစ်ဦး၊ သမီးတစ်ဦး ထွန်းကားသည်။

၁၉၈၈ အသက် ၃၁နှစ်အရွယ်တွင် ရန်ကင်းကြေးအိုးအမည်ဖြင့် လက်ရှိကြေးအိုးဆိုင် လုပ်ငန်းနယ်ပယ်သို့ ဝင်ရောက်ပြီး ယနေ့ထိတိုင် YKKO ဆိုင်ခွဲများကို ဦးဆောင်လုပ်ကိုင်လျက်ရှိသည်။ အမှတ် ၂၈၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်သည်။



လူငယ်များအနေဖြင့်
တာဝန်ယူနိုင်ထားသည့်
အလုပ်များအားလုံးကို
လုပ်ကိုင်ရုံဖြင့် မပြီးသေးဘဲ
မနိုင်းဘဲဆောင်ရွက်ရမည့်
အလုပ်များကို မိမိ၏အသိစိတ်ဖြင့်
လုပ်ကိုင်ခြင်းသည်
ဘဝအောင်မြင်တိုးတက်ရေးအတွက်
အရေးပါသောအချက်ဖြစ်သည်။

www.burmeseclassic.com



# ကြေးအိုးဆိုင်ကို နလုံးသားဖြင့် ဖွင့်လှစ်ခြင်း (သို့မဟုတ်) ဦးညာဏ်လင်း

## (က) သတ္တိရှိခြင်း၊ မရှိခြင်း

Sandow Tin (ခ) ဦးညာဏ်လင်းသည် ရန်ကုန်ဇာတိဖြစ်ပြီး ငွေကြေးအထိုက်အလျောက် တတ်နိုင်သောမိသားစုမှ မွေးဖွားလာသူ ဖြစ်သည်။ မွေးချင်း (၄) ယောက်ရှိပြီး အငယ်ဆုံးသားဖြစ်၍ ငယ်စဉ်ကတည်းက အလိုလိုက်ခြင်းခံခဲ့ရသူဖြစ်သည်။ သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်သည်အထိ ယခင် MEHS ယခု အ.ထ.က(၁)ဒဂုံတွင် တက်ရောက်သင်ကြားခဲ့သည်။ ဘဝရည်မှန်းချက်မှာ လေယာဉ်ပျံမောင်းသည့် Pilot ဖြစ်ချင်ခဲ့သော်လည်း သင်ယူရန် ခက်ခဲသော အသက်မွေးဝမ်းကျောင်းမှုဖြစ်၍ ထိုဝါသနာကို စွန့်လွှတ်ခဲ့ရသည်။



မိခင်ဖြစ်သူမှာ အခြေခံပညာ အထက်တန်းစာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး၌ ပထမဖြင့် အောင်မြင်ခဲ့သည်အထိ ပညာရေးတွင် ထူးချွန်ခဲ့သူ ဖြစ်သော်လည်း ကိုညာဏ်လင်းအနေနှင့်မူ ကျောင်းစာ၌ စိတ်ဝင်စားမှု





သိပ်မရှိခဲ့ပေ။ ဒုတိယနှစ် ရူပဗေဒတွင် ပညာတက်ရောက်သင်ကြားနေစဉ် ကျောင်းပြီးပါက ဘာလုပ်မလဲဆိုသည့် မေးခွန်းကိုသူ့ဟာ သူပြန်ထုတ်ခဲ့သည်။ နောက်ဆုံးတွင် မိမိစိတ်ကို လှည့်စား၍ ဝါသနာမပါဘဲ စာသင်နေသည့်အလုပ်ကို စွန့်လွှတ်ကာ ကျောင်းထွက်ခဲ့သည်။ သူ၏ ဆုံးဖြတ်ချက်ကို မိဘများက သဘောမကျလှသော်လည်း သူ့အား ပြင်းပြင်းထန်ထန် ဖိအားမပေးခဲ့ပေ။ မွေးချင်း (၄)ယောက်အနက် အစ်မနှစ်ယောက်မှာဘွဲ့ရပြီး တစ်ယောက်က ဆရာဝန်ဖြစ်သွားသည်။ ဆရာဝန် ဖြစ်သွားသော အစ်မဖြစ်သူသည် ရေကူးအားကစားနှင့် Chess, Scrabble တို့တွင်လည်း ထူးချွန်သူဖြစ်သည်။ သူ၏အစ်ကိုဖြစ်သူမှာလည်း သူ့လိုပင် ပညာတစ်ပိုင်းတစ်စဖြင့် သူ့လမ်း သူရှာဖွေခဲ့ပြီးယခုအခါ UNICEF တွင် အလုပ်လုပ်ကိုင်လျက်ရှိသည်။ သူ့ကို ဖခင်ဖြစ်သူက မိဘလက်ငုတ် လက်ရင်းအလုပ်များကို မလုပ်စေချင်သဖြင့်သူတို့ အရွယ်ရောက်ခါနီးတွင် ဆန်စက်လုပ်ငန်းအားလုံးကို လွှဲပြောင်းရောင်းချခဲ့သည်။ Sandow Tin အနေဖြင့်လည်း ပညာရေးတစ်ပိုင်းတစ်စနှင့် မိဘထံမှလည်း အရင်းအနှီး ထုတ်ရမည့်အလုပ်ကို မလုပ်ချင်ဘဲ ဘာလုပ်ရမှန်းမသိဖြစ်နေခဲ့သည်။

## (ခ) လမ်းလျှောက်ပွဲစား

အလုပ်ဟူ၍မယ်မယ်ရရမရှိချိန် ကားတစ်စီးဖြင့် လေလွင့်နေခဲ့ပြီး လမ်းလျှောက်ပွဲစားဘဝကို ရောက်မှန်းမသိရောက်ရှိခဲ့သည်။ သူ့အနေဖြင့် ယင်းလမ်းလျှောက်ပွဲစားဆိုသည့်အမည်ကို တော်တော် နှစ်မြို့ကြိုက်လျက် ရှိသည်။ အဘယ့်ကြောင့်ဆိုသော် ပွဲစားအမည်ခံထားသော်လည်း ဘာပစ္စည်းရောင်းရမှန်း မသိ၊ ဘာအဆက်အသွယ်မှမရှိဖြစ်နေကာ လမ်းပဲလျှောက်နေရသောကြောင့် ဖြစ်သည်။

ထိုအချိန်တွင် သူ့အသက်သည် ၁၉၊ ၂၀နှစ်ထဲသို့ ရောက်ရှိလာသော်လည်း ဘာပစ္စည်းကိုဝယ်ပြီး ဘယ်နေရာတွင် ရောင်းရမည်ဆိုသည်ကို မသိသေးဘဲ ဖြစ်နေသည်။ သို့သော် တစ်ခုခုဝယ်လျှင် ရောင်းရမည်။ ရောင်းလျှင် အမြတ်ရမည်ဆိုသည့် သီအိုရီကို ခေါင်းထဲသို့ ထည့်မှတ်ထားသည်။ ထို့ကြောင့် ပထမဦးဆုံး အရောင်းအဝယ်လုပ်သည့်နေ့တွင် မိဘများထံမှ ပိုက်ဆံမတောင်းချင်၍ သူငယ်ချင်းဖြစ်သူ ဦးတင်ဦးလင်းထံမှငွေ (၂၀,၀၀၀)ကို ချေးယူခဲ့သည်။ ထို့နောက် ဈေးသို့သွား၍ အမြတ်ရမည့်ပစ္စည်းများကို ဝယ်ယူပြီးနောက် ဈေးတစ် ဈေးသို့ သွားရောက် ရောင်းချခဲ့သည်။ ညနေစောင်းသောအခါ အရင်း



www.burmeseclassic.com

www.burmeseclassic.com



(၂၀,၀၀၀)ကျပ်နှင့် အမြတ် (၁၂)ကျပ်ကျန်ရစ်ခဲ့သည်။ ယင်း (၁၂) ကျပ်မြတ်ရန် ကိုယ့်ကားကို ကိုယ်တိုင်မောင်းရသည်။ ကိုယ့်အထုပ်ကိုယ်ထမ်းရသည်။ ဟိုဘက်ဈေးမှ ဒီဘက်ဈေးသို့ပို့ရသည်။ ထို့ကြောင့် တစ်ရက် (၁၂)ကျပ် အမြတ်ငွေသည် တစ်လလျှင် (၃၆၀)ကျပ်သာ ရရှိမည်ဖြစ်သည်။

ထိုအချိန်က Sandow Tin သည် ရွက်လှေအသင်းဝင်ဖြစ်ကာ တစ်လလျှင် (၇၀၀)ခန့် သုံးစွဲလေ့ရှိသူဖြစ်သည်။ သူသည် ရွက်လှေအသင်းသို့ (၁၃) နှစ်သားကတည်းက ရောက်ရှိနေသူဖြစ်ကာ အသက်(၂၀)အထိ ဖခင်ပေးသော ငွေ (၇၀၀)ဖြင့် မပူမပင်သုံးစွဲနေနိုင်သည်။ သူ၏ဖခင်က အားကစားကို လိုက်စားစေရန် ပတ်ဝန်းကျင်ကောင်း ရစေရန် ငယ်စဉ်ကတည်းက ရွက်လှေကလပ်သို့ ပို့ပေးထားသည်။ ထိုစဉ်က လူငယ်များအတွက် သွားစရာနေရာများများစားစားမရှိသလို ကွန်ပျူတာလည်း မပေါ်သေးသဖြင့် ကလပ်သို့ နေ့တိုင်းရောက်ဖြစ်သည်။

ဖခင်ဖြစ်သူကလည်း လူမှုရေးပတ်ဝန်းကျင် တစ်ခုတွင် အတွေ့အကြုံရစေရန် ကလပ်သို့သွားရန် လွှတ်ထားပေးသည်။ ယင်းသို့ဖြင့် ရေကူးနှင့်ရွက်လှေကို ဝါသနာ ပါသောသူတစ်ယောက်ဖြစ်လာသည်။ သို့သော် အသက်မွေးဝမ်းကျောင်း အလုပ်တစ်ခုကို လုပ်ရမည်ဆိုသည့်အသိရှိ သဖြင့် စီးပွားရေးလောကထဲသို့ ကူးပြောင်းလာခြင်းဖြစ်သည်။

လမ်းလျှောက်ပွဲစားဘဝဖြင့် အမြတ် (၁၂)ကျပ် ရရှိခဲ့သောနေ့တွင် **'ငွေတွင်းအတော်နက်တာပဲ၊ အဖေ ငါ့ကိုပံ့ပိုးထားတာ အများကြီးပါလား။ ငါ့ကလပ်ဖိုး ငါ့ဘာသာ ငါပေးမယ်ဆိုရင်တောင် အခု လက်ရှိဝင်ငွေထက်နှစ်ဆ၊ သုံးဆရမှရပ်တည်နိုင် ပါလားဆိုပြီး အတွေးထဲကို ဒိုင်းခနဲ ဝင်လာခဲ့တယ်။ ငါဒီလို ဘဝမျိုးနေချင်ရင် ငါအလုပ်ကို ကြိုးစားရမှာ ပါလားလို့ ဒီ (၁၂)ကျပ် ကနေ ချက်ချင်းရလိုက်တယ်'** ဟုတွေးမိသည်။

ယင်းသို့ လမ်းလျှောက်ပွဲစားလုပ်ကိုင်ရင်းဖြင့်စားကုန်သောက်ကုန်များ အကြောင်း၊ ဈေးများအကြောင်း အတော်သိသောသူ ဖြစ်လာသည်။ ထို့နောက် စတိုးဆိုင်တစ်ဆိုင်ဖွင့်လှစ်ဖြစ်သည်။ စတိုးဆိုင်ဖွင့်လှစ်ရောင်းချသောအခါမှ ဘယ်သူ့ထံမှာဘာပစ္စည်းရှိသည်ကို သေချာနားလည်လာသည်။ ရောင်းမည့်သူနှင့်ဝယ်မည့်သူကို ချိန်းဆိုပေးသည့်အဆင့်သို့ ရောက်လာသည်။ ထိုအခါကျမှ သူသည် ပွဲစားစစ်စစ်တစ်ယောက် ဖြစ်လာခဲ့သည်။





## (ဂ) အနိမ့်အမြင့်အတက်အကျ ဘဝလှိုင်းများ

Sandow Tin သည် ပွဲစားအဖြစ်လုပ်ကိုင်နေရင်း အိမ်ထောင်ကျသွားသည်။ ထို့နောက် နယ်ပယ်သစ်တစ်ခုအဖြစ် ပရိဘောဂလုပ်ငန်းကိုလုပ်ကိုင်ဖြစ်သည်။ နိုင်ငံခြားမှရောက်လာသော စာအုပ်များရှိ ပရိဘောဂဒီဇိုင်းများကို ကြည့်ပြီး လက်သမားခေါ်ကာ ထုတ်လုပ်သည်။ ထို့နောက်အစိုးရဌာနများသို့ သွင်းသည်။ မင်္ဂလာဆောင်ရာတွင် လက်ဖွဲ့ငွေ (၆၀၀၀၀)ကျပ် ရရှိသည်။ ထိုငွေဖြင့် ဆရာစံလမ်း၌ ဆိုင်ခန်းတစ်ခုကို ဆောက်လုပ်ခဲ့သည်။ ထိုအချိန်ကာလကား (၁၉၈၄)၊ သူ၏ အသက်လည်း (၂၇)နှစ်ထဲသို့ရောက်ရှိလာသည်။ ထိုအချိန်တွင် သူသည် စတိုးဆိုင်ကိုတိုးချဲ့ရင်း ပရိဘောဂလုပ်ငန်းများကိုသာ လုပ်ကိုင်လျက်ရှိသည်။ ထို့နောက် ရွက်လှေကလပ်ရှိ မိသုကာများနှင့်ပေါင်းကာ လှေနှင့်သင်္ဘောများ ဆောက်ပြန်သည်။ သူနှင့်အရင်းနှီးဆုံး လုပ်ဖော်ကိုင်ဖက် အင်ဂျင်နီယာများမှာ ဦးသိန်းဖေမြင့်၏သား ဦးခွန်သာမြင့်နှင့်ဦးကျော်ဝင်းမှန်တို့ဖြစ်သည်။

စတိုးဆိုင်ဘက်ခြမ်းတွင် အိမ်ဆောက်လိုက်သည့်အတွက် ကုန်ပစ္စည်းများဝယ်ရန်ငွေမလောက်တော့။ ထို့ကြောင့် ဆိုင်ခန်းလေးခန်းအနက်(၃)ခန်းကို ငှားစားရသည်။ထို (၃)ခန်းမှရရှိသော လစာငွေဖြင့် စတိုးဆိုင်တွင်ထည့်ရန် ရေခဲသေတ္တာဝယ်ရသည်။ ရှိုးကေ့စ်လုပ်ရသည်။ ကုန်ပစ္စည်းများဝယ်ရပြန်သည်။ ဖွင့်ကာစတွင် ဆိုင်ပေါ်ပစ္စည်းများများ မတင်နိုင်ပေ။ များများမတင်နိုင်သည့် ဈေးသည်သည် မျက်နှာငယ်ရသည်။

ထိုစဉ်ကပွဲစားလုပ်ရာတွင် ခေတ်ပေါ်အသုံးအဆောင်ပစ္စည်းများဖြစ် သော တီဗွီ၊ ဗွီဒီယို၊ ရေခဲသေတ္တာ၊ မော်တော်ဆိုင်ကယ် စသည့်ပစ္စည်းများကိုကောက်ရသည်။ ဈေးဖြတ်ရသည်။ ထိုစဉ်က ထိုပစ္စည်းများကိုအများဆုံး ရောင်းချသူများမှာ သင်္ဘောသားများဖြစ်သည်။ ထို့ကြောင့်သူငယ်ချင်းသင်္ဘောသားများနှင့် ချိတ်ဆက်ပြီး ပစ္စည်းများကိုရောင်းတတ်ဝယ်တတ်လာသည်။ (၁၉၈၈) ခုနှစ်မတိုင်မီ အရောင်းအဝယ်အစုံလုပ်ခဲ့သော်လည်း တည်ငြိမ်မှုတော့ မရှိခဲ့ပေ။ နိုင်မာသောလမ်းကြောင်းပေါ်ကို ရောက်မလာသေးသော်လည်း လွတ်လပ်သည့် ဘဝနေထိုင်မှုပုံစံကိုတော့ သူနှစ်မြို့က်လျက်ရှိသည်။

ထိုစဉ် ကံတရားကသူ့ကို အရှုံးတရားအကြောင်းကိုလည်း သင်ကြားပေးခဲ့သည်။ (၁၉၈၆)ခုနှစ်တွင် အလိမ်ခံရ၍ ရှိသမျှပိုက်ဆံအားလုံး ကုန်သွားသည်။ (၁၉၈၇)ခုနှစ်တွင် ငွေထပ်ချေး၍ စီးပွားရေးထပ်လုပ်သည်။ ထပ်၍



www.burmeseclassic.com

www.burmeseclassic.com



အလိမ်ခံရပြန်သည်။ ပထမ အလိမ်ခံရသောငွေမှာ ကိုယ်ပိုင်ငွေဖြစ်သော်လည်း ဒုတိယ အလိမ်ခံရသောငွေမှာ ချေးထားသောငွေဖြစ်၍ အတိုးပေးနေရသည်။ ထိုအချိန်တွင် ဖနီးသည်မှာ မည်သို့မှအပြစ်မဆိုဘဲ သူ့အားကောက်လျှောက် အားပေး ပံ့ပိုးပေးခဲ့သည်။သူ့အနေဖြင့်လည်း စိတ်ညစ်သွား၍ မဖြစ်ဘူးဆိုပြီး နှလုံးသွင်းကာ စီးပွားရေး ကို နာလံထူရန် ပြန်လည်ကြိုးစားခဲ့ရသည်။ ထို အတွေ့အကြုံအရ **'ဘယ် လုပ်ငန်းမဆိုမြတ်မယ်ထင်တိုင်း မလုပ်ပါနဲ့။ စိတ်ချရ တဲ့သူနဲ့ သေချာမှ လုပ်ပါ'** ဆိုသည့် သင်ခန်းစာကို ရရှိခဲ့သည်။

## (ဃ) YKKO ကြေးအိုးဆိုင်ဖွင့်လှစ်ခြင်း

(၁၉၈၈) နှစ်ခင်ဘာလတွင် ဖနီးဖြစ်သူ၏ဖခင် ဒုတိယမိုလ်မှူးကြီး ထွန်းလွင် (အငြိမ်းစား) ညွှန်ကြားရေးမှူး၊ ဒေသန္တရနှင့် စက်မှုလက်မှု စစ်ဆေး ရေး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ပင်စင်ယူခါနီးလာပြီဖြစ်၍ မိသားစု စီးပွားရေးလုပ်ငန်း တစ်ခုခုလုပ်ရန် တိုင်ပင်သည်။ နောက်ဆုံးကြေးအိုးဆိုင် ဖွင့်ရန် တညီတညွတ်ဆုံးဖြတ်ကြသည်။ ကိုဉာဏ်လင်း ငယ်စဉ်ကတည်းက မိခင်ကို အမြဲကူလုပ်တတ်၍ မီးဖိုချောင်နှင့်မကင်းကွာသူဖြစ်သည်။ ကိုဉာဏ် လင်းသည် သား၊ ငါးလတ်မလတ်၊ ဘဲနတာ မနတာ အားလုံးမိခင်ဈေးခြင်းကို လက်ဆွဲရင်းသိရှိခဲ့သူဖြစ်သည်။ ကြေးအိုးမချက်တတ်သော်လည်း အိမ်တွင် မကြာခဏ ဟော့ပေါ့လုပ်စားသည့် အတွေ့အကြုံရှိပြီးသားဖြစ်၍ ကြေးအိုးလုပ်ရင် ရမှာပဲဆိုသော ယုံကြည်ချက်ဖြင့် ရန်ကင်းကြေးအိုးကို ဖွင့်လှစ်ဖြစ်ခဲ့သည်။ ထိုစဉ်က ကြေးအိုးဆိုသည်မှာ ရန်ကုန်မြို့ထဲတွင်သာရှိပြီး၊ ၁၉လမ်း၊ လမ်း၂၀၊ ရွှေတောင်တန်းနှင့် (၃၆) လမ်းတို့တွင်သာ ရသည်။ ထို့ကြောင့် မြို့စွန်တွင် ကြေးအိုးကောင်းကောင်းစားနိုင်သည့် ရသကိုပေးနိုင်ရန် ကြိုးစား ခဲ့သည်။ တိုက်ဆိုင်စွာဖြင့်ပင် ထိုအချိန်က အောက်သက်ကျေပြီး ခေါင်းဆောင်ဖြစ်ချင်သည့် လူငယ်ကြေးအိုး ဆရာတစ်ယောက်နှင့်ဆုံတွေ့ခဲ့သည်။ သူသည် ကြေးအိုး ချက်တတ်ပြီး အတော်ဝါသနာပါသည့်အတွက် သူ့အားခေါ်ယူချက်လုပ်စေခဲ့ရာ အဆင်ပြေသွားခဲ့သည်။ သူကရန်ကင်းကြေးအိုး၏ ပထမ ဦးဆုံးကြေးအိုးဆရာ။ ထိုကိုအောင်မြသည် ယခု YKKO သဃ်န်းကျွန်းဆိုင်ခွဲတွင် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

စတင်ရောင်းချသည့်နေ့တွင် ၂ ပိဿာကုန်ရာမှ ဒုတိယနေ့တွင် ၄ ပိဿာ၊ တတိယနေ့တွင် ၆ ပိဿာ၊ စတုတ္ထနေ့တွင် ၈ ပိဿာစသဖြင့် ကြောက်စရာကောင်းလောက်အောင် ခုန်တက်သွားသည်။ ဖခင်ဖြစ်သူက ကြေးအိုးဆိုင်





အောင်မြင်သည့်ကိစ္စနှင့်ပတ်သက်၍ မင်းကံကောင်းသည်ဟု ဆိုသည်။ သူက **'အဖေဒါဟာ ကံကောင်းတာချည်းသက်သက်မဟုတ်ဘူး။ ရန်ကင်းမှာ တိုက်ခန်းဘယ်နှစ်ခန်းရှိသလဲ။ တစ်ခန်းမှာ လူဘယ်လောက်နေသလဲ။ တိုက်အလုံးပေါင်း ဘယ်လောက်ရှိသလဲ။ ဒီကလူတွေထဲက ဘယ်နှစ်ယောက် ကြေးအိုးလာစားမလဲဆိုတဲ့ ဈေးကွက်ကို တွက်ချက်တာလည်းပါတယ်'** လို့ ပြန်လည်ရှင်းပြခဲ့သည်။ ရန်ကင်းကြေးအိုး ဆိုင်အောင်မြင်မှုကြောင့် မနက် မိုးလင်း ၅:၃၀ ဈေးသွားရာမှ စလိုက်သည့် လုပ်ငန်းသည် ည ၁၀:၀၀၊ ၁၁:၀၀ အချိန်သိမ်းပြီးသည်အထိပဲ။ ၆လ၊ ၇လ အပြင်ကို ထွက်လို့မရတော့ဘူး။ ဆိုင်တွင် လူ ၁၈ ဦးလောက်ရှိရာ ၁၅ ဦးမှာ မိသားစုဝင်များဖြစ်ကြပြီး ကျန် ၃ ဦးသာအပြင်လူပါသည်။ ဆိုင်မှာ မိသားစု အသွင်ပုံသဏ္ဌာန်သာရှိသေးသည်။ မိသားစုဆိုင်ဖြစ်သော်လည်း အခြေခံကျတဲ့ သဘောထားစည်းမျဉ်းတွေကိုတော့ စနစ်တကျထိန်းထားသည်။ ယင်းစနစ်ထဲတွင် ဝင်ငွေ၊ ထွက်ငွေ သုံးငွေများကို စနစ်တကျလုပ်ကာ စာရင်းကိုင် တစ်ယောက်ကို ခန့်ထားသည်။ ၄င်းမှာ ဦးဝင်းကြည်၊ YKKO နေပြည်တော် (မြို့မဈေးနှင့် သပြေကုန်း)တွင် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ YKKO ရန်ကင်းကြေးအိုးကို (၁၉၈၈) တွင်စတင် အရှိန်ယူခဲ့ပြီးနောက် (၁၉၉၃)ခုနှစ်တွင် ဆိုင်ခွဲတစ်ခု၊ (၂၀၀၃)ခုနှစ်တွင် ဆိုင်ခွဲတစ်ခု ဖွင့်လှစ်ခဲ့သည်။ (၁၉၉၈) ခုနှစ်အထိ ရန်ကင်းကြေးအိုးဆိုင်းဘုတ်အား သီးခြားမပြုလုပ်ခဲ့ဘဲ ရောင်းချခဲ့သည်။ သူက **'ဆိုင်းဘုတ်တင်ရောင်းမှ ရောင်းရမယ်ဆို မဟုတ် သေးဘူး။ ဒီအတိုင်းရောင်းပြမယ်'** ဟု ခေါင်းမာစွာဖြင့် ဆက်လက်ချီတက် ခဲ့သည်။ ထိုစဉ်က ဖနီးသည်ကို ပြောလေ့ရှိသောစကားမှာ **'သန့်ရှင်းရေးကို အထူးဂရုစိုက်ပါ။ ကြေးအိုးဆိုင်တစ်ဆိုင်အနေနဲ့ အသန့်ရှင်းဆုံးဖြစ်အောင် အစဉ်တစိုက် ကြိုးစား ဆောင်ရွက်ပါ'** ဟူ၍ဖြစ်သည်။ သို့သော် ခေတ်ကာလ ရွေ့လျားလာသည့်အလျောက် ပုံရိပ်တစ်ခုအဖြစ် အမှတ်တံဆိပ်ရှာမည် လိုအပ်လာသည်။ ထို့ပြင် ဆိုင်ဝန်ထမ်းများအနေဖြင့် လုပ်ငန်းလိပ်စာပြောဆိုရာတွင် ဂုဏ်ယူစွာပြောဆိုချင်လာကြသည်။ ထို့ကြောင့် ဆရာစံလမ်းရှိ ကြေးအိုးဆိုင်မှ စတင်ကာ YKKO ဆိုင်းဘုတ်ကို စတင်ပြုလုပ်ခဲ့သည်။ ၁၉၈၈ ခုနှစ်ကတည်းကဟုလည်း ထည့်ခဲ့သည်။

ဒီအချိန်မှာ chain restaurant အဖြစ်သွားဖို့ စတင်စဉ်းစား၊ အကောင်အထည်ဖော်ရန်စိတ်ကူးနေပြီ ဖြစ်သည်။ ပါတနာအသစ်များလည်း ရရှိလာပြီဖြစ်ပါသည်။ restaurant နှင့် ပတ်သက်သော စာအုပ်စာတမ်းများကို ဝယ်ယူ၍



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း အမ်ဘီအေတက်နေကြသည့် ကျောင်းသား၊ ကျောင်းသူအချို့ကို ခေါ်ယူ၍ဘာသာပြန်ခြင်း၊ Syllabus ပြုလုပ်ခြင်းစသည်တို့ကို အကောင်အထည်ဖော်ပြီး၊ သုတေသနပြုလုပ်စေသည်။ အချက်အလက် ကောက်ယူစေသည်။ ကိုယ်ပိုင်သီးခြား ဟန်တစ်ခုကို တည်ဆောက်ယူသည်။ ဤသို့ဖြင့် စားသုံးသူအတွက် ကျေနပ်မှုအသင့်အတင့်ပေးနိုင်သော ကြေးအိုးဆိုင်ဖြစ်လာသည်။ အင်တာနက်ပေါ်လာသည့်အခါမှာ restaurant, management, planning, waiter training အစရှိသည်တို့ကို နေ့နေ့ညည data များဖတ်ရှုခြင်း၊ download လုပ်ခြင်းတို့ကို နေ့ညမရှောင် လုပ်လာသည့်အတွက်ကြောင့် ဇနီးသည်၏ တတောက်တောက်နှင့် ဘာတွေမှန်းလည်းမသိ ရှုပ်နေတာပဲဆိုသည့် မကျေမနပ်ပြောဆိုမှုများကို ခံယူခဲ့ရသည်။

## (င) လုပ်ငန်းများအတွက်အရေးကြီးဆုံးအရာ

ဦးညာဏ်လင်းသည် လုပ်ငန်းများအောင်မြင်စေရန်အတွက် အရေးကြီးဆုံးအရာသည် ရင်ထဲမှစေတနာသာဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုသည်။ သူသည် စီအန်(န်)ဘီစီမှ မန်နေးဂျင်းအေးရှား(လ)၏ အင်တာဗျူးများကို အများဆုံးကြည့်လေ့ရှိရာ မီးဖိုချောင် ဒီဇိုင်းပညာရှင် အမျိုးသမီးတစ်ယောက်၏ အင်တာဗျူးကို နားထောင်မိရာမှ ထိုအမျိုးသမီး၏ ခံယူချက်ကို သဘောကျ သွားသည်။ မီးဖိုချောင် ဒီဇိုင်းဆင်သောအလုပ်သည် ယောက်ျားအများစုသာ လုပ်ကိုင်လေ့ရှိသော်လည်း ထိုအမျိုးသမီးကို ဘယ်လိုဝင်ရောက်လုပ်ကိုင်လဲဟု မေးရာ သူကသူ၏အလုပ်ကို I do it with my heart ဟုဆိုခဲ့သည်။

ထို့ကြောင့် သူက ထိုအမျိုးသမီး၏ခံယူချက်ကို အတုယူ၍ ရိုးစင်းသောကြေးအိုးကို နှလုံးသားဖြင့်ရောင်းရန် သန္နိဋ္ဌာန်ချခဲ့သည်။ ‘ဈေးရောင်းရမယ်ဆိုရင် ရောင်းကောင်းမှဖြစ်မယ်။ ရောင်းကောင်းချင်ရင် ရောင်းသူဘက်ကနေမစဉ်းစားနဲ့ဝယ်သူ ဘက်ကစဉ်းစားပါ’ ဟူသော စံနမူနာသဘောတရားကို ပြောပြသည်။ အရသာရှိ၍ သပ်ရပ်သန့်ရှင်းသော ဆိုင်တစ်ခုမှ လတ်ဆတ်သော စားသောက်ဖွယ်ရာများကို ရောင်းချပေးလိုက်၍ စားသုံးသူကျေနပ်နှစ်သက်မှုရရှိသွားသောအခါ ခံစားရသောပီတိကို မည်သည့်အရာနှင့်မှ မလဲနိုင်ဟုဆိုသည်။ မိမိ၏ ချို့ယွင်းမှုများ ဖြစ်သော ဝန်ဆောင်မှုအားနည်းချက်များ၊ အခြားသော အမှားအယွင်းများ ဖြစ်ပွားခဲ့ကြောင်း သိရှိရသောအခါမျိုးတွင် ပျောက်အောင် မလုပ်နိုင်သည့်တိုင်အောင် အနည်းဆုံးဖြစ်အောင် အမြဲတမ်း



လေ့ကျင့်သင်ကြားပေးရန်လိုအပ်ကြောင်း ထည့်သွင်းပြောကြားသွားပါသည်။ ထို့ကြောင့် လူမှုအဖွဲ့အစည်းတွင် ကောင်းမြတ်သော သဘောထားသည် အောင်မြင်မှုအတွက် အရေးပါကြောင်းထင်ရှား လာသည်။

လူငယ်များအနေဖြင့် တာဝန်ယူနိုင်းထားသည့် အလုပ်များအားလုံးကို လုပ်ကိုင်ရုံဖြင့်မပြီးသေးဘဲ မနိုင်းဘဲဆောင်ရွက်ရမည့်အလုပ်များကို မိမိ၏ အသိစိတ်ဖြင့်လုပ်ကိုင်ခြင်းသည် ဘဝအောင်မြင်တိုးတက်စေရန်အတွက် အရေးပါသောအချက်ဖြစ်သည်ဟု သူကဆိုသည်။ လူငယ်များအနေဖြင့် အသိပညာ၊ စည်းကမ်း၊ သင်ကြားပြသမှုများကို အလေးအနက်ထား၍ မှတ်သားနာယူပြီး လိုက်နာဆောင်ရွက်နိုင်မည်ဆိုပါက အောင်မြင်နိုင်မည်ဖြစ်ကြောင်း ငယ်စဉ်က အတွေ့အကြုံတစ်ခုအား အောက်ပါအတိုင်း ထည့်သွင်း ပြောကြားသွားပါသည်။

သူငယ်ငယ်က ရှေ့ဟွန်အအေးဆိုင်မှာရေးထားတဲ့ စာလေးတွေကို ဖတ်ခဲ့၊ မှတ်ခဲ့ရတယ်။ အလုပ်ကောင်းမှ ကံကောင်းမယ်။ ဤစာစုလေး ကြောင့်အလုပ်ကို ကောင်းကောင်းလုပ်ရမယ်ဆိုတဲ့ ခံယူချက်ကိုရခဲ့သည်။ ယင်း စာများမှာ ယနေ့တိုင် ရှိနေသေးသည်။ ဦးညာဏ်လင်းမှာ မကြာခဏသွားပြီး ပြန်ဖတ်လေ့ရှိသည်။ ထိုအကြောင်းအရာနှင့်ပတ်သက်ပြီး ဦးညာဏ်လင်းက ‘ဦးပွင့်ကောင်းဟာလည်း အန်ကယ့်အတွက်တော့ မြင်ဆရာပေါ့။ ဒီစာစုလေး ဟာလည်း အန်ကယ့်ဘဝကို ပြောင်းလဲစေခဲ့တဲ့အထဲမှာ ပါပါတယ်။ အန်ကယ် ဦးပွင့်ကောင်းကို လူချင်းမသိခဲ့ပေမဲ့ သူ့ကိုစိတ်ထဲကနေပြီးတော့ လေးစားနေရတယ်၊ ကျေးဇူးတင်နေရတယ်၊ ဦးပွင့်ကောင်းကိုသိတဲ့လူတွေက ဦးပွင့်ကောင်း လုပ်ကိုင်နေပုံတွေကို ပြောပြတဲ့အခါမှာ မှတ်သားအတုခိုးပြီး လိုက်လုပ်ခဲ့တာ တွေလည်း အများကြီးပါ။ ဒါကြောင့်မို့လို့ ဒီနေ့လူငယ်တွေကို ဖတ်၊ မှတ်နိုင်အောင်လို့ဆိုပြီးတော့ စင်ကာပူရောက်တဲ့အခါတွေမှာ ဆုံးမစာလေးတွေ ဝယ်ပြီးတော့ အန်ကယ့်ဆိုင်တိုင်းမှာ ချိတ်ထားလေ့ရှိတယ်။ ဖတ်၊ မှတ်သွားတဲ့ ကလေးတွေသာ လိုက်လုပ်မယ်ဆိုရင် အန်ကယ့်လိုပဲ မှန်ကန်တဲ့ လမ်းကြောင်း တစ်ခုပေါ်ရောက်စေချင်တဲ့ စေတနာမျိုးနဲ့ ကပ်ထားတာပါ’ ဟု ရှင်းပြခဲ့သည်။ ဆက်လက်ပြီး အောင်မြင်သော ဘဝတစ်ခုအတွက် ကျော်ဖြတ်ရာတွင် အန်ကယ်တို့တုန်းက ပြောလိုက်ရင် နားထောင်ရတယ်၊ ရန်ကုန်ရွက်လှေအသင်း မှာနေတုန်းက လူကြီးတွေပြောဆို ဆွေးနွေးနေကြတာကနေ ပြီးတော့လည်း ဗဟုသုတ အများကြီးရတယ်။ သွားရင်းလာရင်း ကောင်းတာလေးတွေကြားရရင်လည်းမှတ်သားပြီး လိုက်လုပ်ရတယ်။ နောက်တစ်ချက်က… ရေကျော်လက်ဘက်ရည်ဆိုင်က ဦးမောင်အေး…။ အန်ကယ်

www.burmeseclassic.com



ယယ်ယယ်က အဲဒီလက်ဘက်ရည် ဆိုင်ထိုင်ခဲ့တယ်။ အဲဒီမှာ တစ်နေ့တော့ ဦးမောင်အေးက ပြောနေတာက ..ဟေ့မောင်အေး ..ဝေ်လို့လုပ်တာမဟုတ်ဘူး၊ တတ်လို့လုပ်တာတဲ့။ ဒီတော့ယယ်ယယ်က ဘာစဉ်းစားမိသလဲဆိုတော့… 'ဟုတ်တယ်၊ အလုပ်လုပ်တာ တတ်ဖို့လိုတယ်၊ အလုပ်လုပ်မယ် ဆိုရင်တတ်မှဖြစ်မှာပါလား' ဆိုပြီးလည်းမှတ်သားခဲ့ရ သေးတယ်။ ဘာလုပ်လုပ်တတ်မှဖြစ်မယ်ဆိုတဲ့ အတွေး အခေါ်ရခဲ့တယ်။ ဒီတော့ ဦးမောင်အေးကလည်း အန်ကယ့်ရဲ့ ကြားဆရာပေါ့။

ဆိုလိုတာက အန်ကယ်တို့ဘဝမှာ သင် ဆရာ၊ မြင် ဆရာ၊ ကြား ဆရာ မျိုးစုံနဲ့ဘဝကိုဖြတ်သန်းလာခဲ့ရတာ။ သင်တန်းတွေလည်းရှိတာ မဟုတ် ဘူး။ ဘာမှမရှိဘူး။ လက်တွေ့ဘဝထဲကိုဝင်ဖို့ မရှိဘူးလေ။ ဒီကျောင်းပဲရှိတာကိုး။ အဲဒီ ကျောင်းကဟာတွေကိုလက်တွေ့ဘဝထဲမှာ အသုံးချရတာ တော်တော် ခက်တာ။ တချို့ကိစ္စတွေက ဘဝအတွေ့အကြုံ၊ လက်တွေ့လုပ်ငန်းခွင်တွေထဲမှာမှ သင်ယူ ရရှိနိုင်တာမျိုး။ တစ်ကယ္လုစီဆိုတော့ ကိုယ်ကအဲဒီလို လှေလာခဲ့ရသလို သူတို့ကို ပြောပြရင်ရမယ်လို့ထင်တယ် လက်တွေ့မှာမရဘူး။ ဥပမာ ဆိုပါတော့ စားပွဲထိုးတွေမှာ လိုက်နာရမယ့် စည်းကမ်း(၁၄)ချက်ရှိတယ်၊ ရှုတ်ပြစမ်းဆိုရင် အကုန်ရွတ်ပြ နိုင်ကြတယ်၊ အဲဒီ (၁၄)ချက်ကိုလုပ်သလားဆိုရင်မလုပ်ဘူး။ ဒီတော့ ယနေ့လူငယ်တွေကို ပြောချင်တာက လူတစ်ယောက်မှာ principal ဆိုတာလည်း အရေးကြီးတယ်။ တစ်ခါတုန်းက ကျွန်တော် လေလံဆွဲဖို့ကိစ္စ တစ်ခုနဲ့ပတ်သက်ပြီး ဈေးနှုန်းကို ဘယ်လောက်တင်ရမှန်းမသိ ဖြစ်နေတယ်။ တစ်နေ့ကျွန်တော့် သူငယ်ချင်းရဲ့ ရုံးခန်းထဲကိုရောက်သွားတော့ သူလည်း လေလံဆွဲဖို့ရေးထားတဲ့ proposal ကို စားပွဲပေါ်မှာ အဆင်သင့်တွေ့တယ်။ ဘယ်သူမှလည်းမရှိဘူး။ ကျွန်တော်သာ ယူကြည့်လိုက်ခဲ့ရင် ဘယ်ဈေးနဲ့ တင်ပြီး ရအောင်လုပ်မယ်ဆိုတာ အဖြေတွေ့မှာပဲ။ ဒါပေမယ့်ကျွန်တော်လက် ဖျားနဲ့တောင် မတို့ခဲ့ပါဘူး။တကယ်လည်း အဲဒီလေလံပွဲကိုကျွန်တော်လက်လွှတ်ခဲ့ ရပါတယ်။ ဒီလိုအကျင့်စရိုက်မျိုး လူငယ်တွေဆီမှာပါသွားစေချင်တယ်။ ဘာမဆိုပေါ့ပေါ့ ဆဆမနေဘဲ မှတ်သားနာယူ လိုက်နာအကောင်အထည်ဖော်မယ်ဆိုရင်တော့ အောင်မြင်မှုရမှာပဲ' ဟု သူ့ဘဝ ဖြတ်သန်းခဲ့ရပုံကို ဥပမာပေးပြီး ပြောကြားသွား ပါသည်။

ဆိုင်ခွဲများဖွင့်ခြင်းနှင့်ပတ်သက်၍ ဆက်လက်ပြောပြသည်မှာ 'အခု အန်ကယ့်'နေပြည်တော်' မှာ ကြော်ငြာတော့ အောက်မှာ စာတန်းလေးတစ်ခု ထည့်ဖြစ်လိုက်တယ်။ slogan, motto ပေါ့။ အရင်ကတစ်ခါမှမရှိခဲ့ဘူး။ we





care small things ဆိုပြီးထည့်ဖြစ်တယ်။ သေးသေးလေးတွေကအစ ဂရုစိုက်မယ်၊ အကုန်လုံးက ဒီသေးသေးလေးတွေကအစ ဂရုစိုက်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပေါ့လေ၊ ဒါကိုစပြီးအကောင်အထည် ဖော်နေကြပြီ။ ပင့်ကူမျှင် ကလည်း သေးသေးလေးပါပဲ၊ ပန်းအိုးထဲက ဆေးလိပ်တိုကလည်းသေးသေး လေးပါပဲ၊ သွားကြားထိုးတံလေး ကျနေတာလည်း သေးသေးလေးပဲ၊ ဒါပေမဲ့ကြည့် လို့ ကောင်းသလား။ မကောင်းရင် မရှိအောင်လုပ်ရမှာပေါ့။ နောက်တစ်ခုက serving with our heart ဆိုပြီးတော့လည်း billboard တွေမှာရေးပါတယ်။ ဗမာလို အဓိပ္ပာယ်ဖွင့်ရရင် "ကြေးအိုးကို ရင်ထဲမှနေ၍ ဝန်ဆောင်မှုပေးနေခြင်းပေါ့" ဒါမှမဟုတ် "ရင်ထဲကကြေးအိုး"ပေါ့ ဘာမဆို သေးသေးလေးတွေကစပြီး ဂရုစိုက်မယ်၊ ရင်ထဲကနေ စေတနာထားပြီး လုပ်မည်ဆိုလျှင် မည်သူမဆို အောင်မြင်မည်ထင်သည်။ ကိုယ်လည်း ဒီလိုလုပ် ခဲ့တယ်၊ လုပ်နေတယ်၊ လုပ်ဦးမယ်။

ကလေးတွေကိုလည်း ဘာပဲလုပ်လုပ် အသေးစိတ်ကြည့်ဖို့၊ လုပ်ဖို့ သင်တယ်၊ ဒီကလေးတွေကိုဘယ်လိုသင်ရမလဲဆိုတာ အမြဲစဉ်းစားတယ်။ absorb လုပ်တတ် အောင် apply လုပ်တတ်အောင် common sense, logic စတဲ့ မှန်ကန်တဲ့အတွေးခေါ်၊ အယူအဆ ဆင်ခြင်တုံတရားတွေနဲ့လုပ်ရင် အောင်မြင်မှု ရနိုင်တယ်'ဟုလို့ သူကဆိုသည်။

စေတနာနဲ့ကြိုးစားပြီးလုပ်သွားရင် အောင်မြင်နိုင်တဲ့အကြောင်းကို သူ ၁၉၈၉-၁၉၉၀ optimist youth program ကို စခဲ့တုန်းကဖိုင်ဘာလှေတွေ အစား ပြည်တွင်းဖြစ် marine ply တွေနဲ့ဆောက်ခဲ့ပုံ၊ ရွက်တိုင်တွေ ကိုမဝယ်နိုင်သေးခင် အလူမီနီယံပိုက်တွေကို singapore, changi sailing club မှာ ဝယ်ယူဖြတ် တောက်ပြီးစီးခဲ့ပုံ၊ fittings တွေအစား သစ်သားလေးတွေနဲ့ အစားထိုးပြီး လှေကျင့်ခဲ့ ကြပုံတွေ ပြောပြသွားသည်။ ၁၉၉၀-၁၉၉၆အထိ national coach အဖြစ်လုပ်ခဲ့တုန်းက ဝါသနာအရ volunteer လုပ်ခဲ့ပုံ၊ ထိုစဉ်က အပြည်ပြည်ဆိုင်ရာ regional optimist ပြိုင်ပွဲများနှင့် south east asian games ပြိုင်ပွဲတွေမှာ အောင်မြင်မှုရခဲ့ပုံ၊ ဝါသနာအရ ပိုက်ဆံရတဲ့ လုပ်ငန်းတွေထက်ပိုပြီး အပင်ပန်းခံ လုပ်ခဲ့ပုံတွေကိုလည်း သူကြုံတွေ့ခဲ့သမျှ အတွေ့အကြုံနဲ့ခံယူချက်များကို အိတ်သွန်ဖာမှောက်ပြောပြခဲ့သည်။ ဘာပဲလုပ်လုပ် ပိုက်ဆံရရ၊ မရရ ကိုယ်လုပ်တဲ့အလုပ်တွေကို အကောင်းဆုံး ဖြစ်စေချင်တဲ့ စိတ်ရှိပြီး တကယ်လည်း အကောင်းဆုံးလုပ်မယ်ဆိုရင် အောင်မြင်မှု ရနိုင်တယ်လို့ သူ့ယုံကြည်ချက်ကို ခိုင်ခိုင်မာမာတင်ပြသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



## (စ) သားသမီးများအား ဘယ်နည်းဘယ်ပုံပျိုးထောင်မည်လဲ

သူသည် သားသမီးအားမိမိဖြစ်စေချင်သည်များကို အတင်းအကျပ် သွတ်သွင်းခြင်းမျိုးမပြုလုပ်ဘဲ ၄င်းတို့ဝါသနာပါသောအရာအား သေချာသိ အောင် လေ့လာဆန်းစစ်ပြီး ကလေး၏ degree of hobby အားလေ့လာသုံးသပ်ကာ မြုစုပျိုးထောင်ပေးခြင်းသည်သာ အကောင်းဆုံးဟုဆိုသည်။ သူသည်အားကစား ကို ဝါသနာထုံသူတစ်ဦးဖြစ်သည့်အလျောက် သူ၏သမီးဖြစ်သူအား သူကဲ့သို့ပင် အားကစားတစ်ခုခု လုပ်စေချင်၍ ၄ နှစ် သမီးအရွယ်ကတည်းက ရေကူးသင် ပေးသည်။ ရွက်လှေစီးနိုင်းသည်။ ၇နှစ်အရွယ်တွင် တင်းနစ်နှင့်ဘောလုံး ကစား နိုင်းသည်။ မိဘ၏ဆန္ဒမှာ သမီးဖြစ်သူကို ရွက်လှေတွင် ထူးချွန်သောသူ တစ်ယောက်ဖြစ်စေချင်သော်လည်း ဝါသနာမပါ၍ အတင်းအကြပ် မတိုက်တွန်းခဲ့ ပါ။ သမီးဖြစ်သူက မြင်းစီးအားကစားကို ၁၄ နှစ်သမီးအရွယ်ခန့်တွင် ဝါသနာပါ သွားသည်။ ဒီတော့ မြင်းစီးအားကစားကို ပံ့ပိုးပေးခဲ့သည်။ အောင်မြင်ဖို့ဆိုသည် မှာ ဝါသနာကိုအရင်းခံမှ ဖြစ်လာပေလိမ့်မည်။ အတင်းအကျပ် မိဘတို့၏ ဖြစ်စေချင်မှုကို အဓမ္မ ထွတ်သွင်းပုံဖော်ခြင်းကို သူမယုံကြည်ဟုဆိုသည်။ ရေ ရှည်တွင် အောင်မြင်မှုမရနိုင်ဟု သူထင်မြင်ယူဆချက်များကို ပွင့်လင်းစွာ ဆွေးနွေးသွားသည်။ လူငယ်ဆိုသည်မှာစာကို လေ့လာရုံသာမက လွတ်လပ်စွာ တွေးခေါ်နိုင်မှုလည်း လိုအပ်သည်ဟု ဆိုသည်။ အားကစားတစ်ခုခုကို လိုက်စားရုံမျှမက မည်သည့် ကိစ္စမဆို ပွင့်ပွင့်လင်းလင်းသတ္တိရှိရှိ ဆွေးနွေးရဲ ရန်လည်း လိုအပ်ကြောင်း အကြံပြုသည်။ လွတ်လပ်သည့် ကလေးငယ် တစ်ယောက်သည် ပုံစံခွက်ထဲမှ ကြီးပြင်းလာသော ကလေးငယ်တစ်ယောက် ထက်စိတ်ကူးဖန်တီးမှု အားကောင်းကြောင်း၊ ယင်းစိတ်ကူးသည် ဘဝအား တက်လှမ်းရာတွင် အရေးပါသော အင်အားတစ်ခုအဖြစ် တွေ့မြင်ကြောင်း ဦးဉာဏ်လင်းက ဆွေးနွေးပြသည်။ သူ၏အတွေ့အကြုံအရ ရွက်လှေအသင်း တွင် မြန်မာလက်ရွေးစင် အားကစားသမားများသည် ဆရာဝန်များဖြစ်သည်ကို တွေ့ခဲ့ရသည်ဟုဆိုသည်။ ထိုသူများနှင့်ပတ်သက်၍ ' သူတို့ ဝါသနာပါတဲ့ အား ကစားလည်းလုပ် စာလည်းကျက်ပေါ့လေ။ သူတို့ဟာနဲ့သူတို့အချိန် တွေကို မျှပြီးသုံးနေကြတယ်လို့ထင်တယ်။ မိဘကချည်းဘဲ 'ဟေ့ မင်းဆရာဝန်ဖြစ်အောင် လုပ်လို့'တော့ ပြောမယ်မထင်ဘူး။ အဲဒီတော့ ကလေးတွေကို အားကစား ပေးလုပ်ပါ။ ပေးလုပ်ဖို့လိုတယ်လို့ထင်တယ်။ ပေးလုပ်ကြပါ။ ဒါမှကလေးတွေဟာ





တကယ့်ဘဝထဲကို ဝင်တဲ့အခါမှာ ခံနိုင်ရည်ရှိလာမယ်၊ ရင်ဆိုင်တတ်သွားမယ်၊ ကျော်လွှားသွားနိုင်မယ်ဟု ဆိုသည်။

လူ့အဖွဲ့အစည်းအတွက်လာခြင်းကောင်းသော လူငယ်များကို ပြုစုပျိုး ထောင်ရာတွင် ခံစားမှုနှင့်စိတ်ကူးစိတ်သန်းနှစ်ခုလုံး ပြည့်စုံမှသာ ကြိုးပမ်းရ ကျိုးနပ်ပေလိမ့်မည်။ ထို့ကြောင့် လူငယ်များအား ပံ့ပိုးရာတွင် လုပ်ချင်သည့် အရာအားလုံးလွတ်လပ်စွာ လုပ်ကိုင်နိုင်ရန်ပံ့ပိုးပေးပြီး သူတို့၏ရွေးချယ်ခွင့်ကို လေးစားရမည်ဟု ဦးဉာဏ်လင်းထင်မြင်ယူဆထားသည်။ ထိုကိစ္စနှင့်ပတ်သက် ၍ ဦးဉာဏ်လင်းက 'ကျွန်တော်ထင်တယ်လေ မိဘနဲ့သားသမီး၊ မိဘတွေက protect လုပ်ရတယ်။ ဘာမဆို protect လုပ်တယ်။ ဒါဟာ too much protection ပဲ။ တစ်နေ့သူတို့ကြီးလာတော့ protect လုပ်ပေးနိုင်ဦးမှာလား။ ကျွန်တော့်အဖေက ကျွန်တော့်ကို ကာကွယ်ပေးလို့ရသေးလား၊ ကျွန်တော့် ဆင်ခြင်တုံတရားနဲ့ ကျွန်တော်လျှောက်နေတာမဟုတ်ဘူးလား။ အဲဒီဆင်ခြင်တုံ တရားက ဘယ်သူပေးလိုက်တာလဲ၊ ဘယ်အချိန်ကရသွားသလဲ။ အန်ကယ့်မိဘ များက အန်ကယ့်ကို ဆုံးမသွန်သင်လမ်းပြသွားရာကနေရတာပါပဲ။ ခုခေတ် မိဘတွေကသားသမီးတွေအတွက် ဘဝတိုးတက် သွားဖို့လှေကား တစ်ခါတည်း ထောင်ပေးတယ်။ ကျွန်တော်တို့ခေတ်တုန်းက ကိုယ့်လှေကား ကိုယ်ထောင်ပြီး တက်ခဲ့ရတာ။ အန်ကယ် စိတ်ပူတာကကာထားအားကြီးတဲ့ အခါကျတော့ over protect လုပ်ထားသလိုဖြစ်သွားပြီး တကယ့်ဘဝထဲကို ကလေးတွေ ရောက်သွားတဲ့အခါမှာ ဒုက္ခရောက်ရတယ်။ သူတို့ ရင်ဆိုင်ရတဲ့ဒုက္ခတွေက ပိုများလာတယ်။ အဲဒီအခါရောက်တော့ မဖြေရှင်းတတ်ကြတော့ဘူး။ မိဘတွေအနေနဲ့ ကလေးတွေကို သိပ်ကာထားတာကိုး။ အဲဒီတော့အန်ကယ့် အမြင်ကိုပြောရရင် ဆိုးကျိုးတွေကိုပြောပြပါ၊ လမ်းဖွင့်ပေးထားပါ။ ပြင်မရမဲ့ အမှားမျိုး (ဉပမာမူးယစ်ဆေးဝါး)ကလွဲရင် တစ်ခါတလေကျရင် သိပ်အရေး မကြီးတဲ့ ကိစ္စမျိုးတွေမှာ မေးတောင်မှားခွင့်ပြုသင့်သေးတယ်။ ဆရာတော် ဦးဇောတိကက ဘာပြောသလဲဆိုတော့ 'ကိုယ့်ကိုယ်ကိုယ်နားလည်ဖို့ ကြိုးစားလေ ခက်လေ၊ နားလည်လေခက်လေပဲ' လို့ ပြောတယ်။ ကျွန်တော်ဖတ်တဲ့စာအုပ် တစ်အုပ်ထဲမှာ what's you know does it matter, what you do it, what you no matter လူတွေနဲ့စကားပြောရင် ငါသိတာတွေပြောပြတာ၊ ငါဘယ်လောက်သိတယ်ဆိုတာချည်း ပြောသွားကြတာ။ ကျွန်တော်ကတော့ ငါဘယ်လောက်လုပ်သလဲဆိုတာပါသလားလို့ မေးချင်တယ်။ အရိုးဆုံးဥပမာ



www.burmeseclassic.com

www.burmeseclassic.com



ပြောရရင်အမှိုက်မပစ်ရဘူး ဆိုတာ လူတိုင်းသိတယ်။ ဒါပေမယ့် ဘယ်သူအမှိုက်မပစ်ဘဲ လိုက်နာဖူးသလဲ။ သိခြင်းနဲ့လုပ်ခြင်းအင်မတန် လွယ်တာကို အင်မတန်ထိန်းချုပ်ဖို့ခက်တယ်။ ဒီလိုပဲ မိဘနဲ့သားသမီးထိန်း ချုပ်လွန်းအားကြီးရင် မကောင်းဘူး။ ကာကွယ်လွန်းအားကြီးရင် မကောင်းဘူး။ အတိုင်းအဆမရှိ လွှတ်ပေးရမယ်လို့တော့မဆိုလိုပါဘူး။ အကျိုးသင့် အကြောင်းသင့် ဝေဖန်ပိုင်းခြားတတ်တဲ့ တွေးတောဆင်ခြင်တတ်တဲ့ ဉာဏ်တရားလေးရှိအောင် ပြောပေးသွားရင် ကလေးတွေ ကနားလည်မှာပါ။ ဒါမှ သူတို့ဖာသာ သူတို့ပြင်ဖို့ အချိန်ရမယ်။ သူ့ဟာသူချော်လဲလို့ ဒူးပြဲသွားမှာပြိုပါစေပေါ့၊ ကလေးက ဒူးပြဲသွားမှာကို မင်းကမပြောဘူးလား၊ မင်းကအဖေမဟုတ်ဘူးလား လို့ဆိုရင်တော့ ခုက္ခပဲ ..

အဲဒါကို အန်ကယ်လည်း မပြောတတ်ဘူး။ ဒါပေမယ့် ဒူးပြဲသွားရင်လည်း ပြဲသွားပါစေ၊ သူ့ဟာသူ အိုကေသွားမှာပဲလေ။ အဲဒီတော့ လုပ်ပိုင်ခွင့်လေးပေး၊ ကလေးတွေကို ဆင်ခြင်တဲ့တရားပေး၊ နောက်ပြောနည်း၊ ဆိုနည်း၊ နေနည်း၊ ထိုင်နည်းလေးတွေကို နားလည် သဘောပေါက်အောင် ပြောဆိုဆုံးမသင်ထားပေးမယ်ဆိုရင် ကလေးတွေက ပတ်ဝန်းကျင်မှာ လိုက်လျောညီထွေနေတတ်သွားမယ် ကိုယ့်ဟာကိုယ်လည်း စဉ်းစားတွေးခေါ်ပြီး ဖြတ်တတ်တဲ့ အလေ့အကျင့်ရသွားမယ်။ အန်ကယ့်အနေနဲ့ ဘယ်လိုပြောရမလဲ၊ မိဘနဲ့သားသမီး ထိန်းချုပ်လွန်းအားကြီးရင်တော့မကောင်းဘူး။ ကာကွယ်လွန်းအားကြီးရင်လည်းမကောင်းဘူး၊ အတိုင်းအဆမရှိ၊ လွှတ်ပေးရမှာလား၊ အဲဒီလိုလည်း မဆိုလိုပါဘူး၊ အကျိုးသင့်၊ အကြောင်းသင့်ဝေဖန်ပိုင်းခြားတတ်တဲ့ တွေးတောဆင်ခြင်တတ်တဲ့ အသိတရား လေးရှိအောင် ပြောပြောပေးသွားရင် ကလေးတွေကလည်း နားလည်မှာပါ။ သူတို့ဟာသူတို့ လုပ်ကြည့်လိမ့်မယ် မရရင်ပြန်ဆုတ်လာလိမ့်မယ်' ဟု အကြံပြု ဆွေးနွေးခဲ့သည်။

## (ဆ) ဘဝနှင့်အားကစား

ဦးဉာဏ်လင်းသည် ဘဝကို တည်ဆောက်နေရင်းနှင့် ၁၉၇၀ ၄င်း ၁၃နှစ် အရွယ်ကတည်းက ဝါသနာပါခဲ့သော ရွက်လှေအသင်းတွင် တက်တက်ကြွကြွ ပါဝင်ခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် ရွက်လှေအသင်းအမှုဆောင် အဖြစ်စတင်တာဝန်ယူခဲ့ပြီးသည့်နောက် wine member, sailing seceraty, capt of boat ၃-၃ကြွ၄ စသည်ဖြင့် တာဝန်မျိုးစုံထမ်းဆောင်ခဲ့သည်။ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်တွင် တွဲဘက်အတွင်းရေးမှူးနှင့် နည်းပြချုပ် လုပ်ဆောင်ခဲ့ပြီး

cLub 18
creative HOUSE



မျိုးဆက်သစ် အားကစားသမားများကို မွေးထုတ်သည့်နေရာတွင်လည်း ပါဝင်ခဲ့သည်။ ၁၉၉၆ အာဆီယံပြိုင်ပွဲကို မြန်မာနိုင်ငံတွင် ကျင်းပနိုင်စေရန် စီစဉ်ဆောင်ရွက်ရာတွင် ပါဝင်ခဲ့သည်။ ရွက်လှေပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ဆွတ်ခူးနိုင်စေရန်လည်း အုပ်တစ်ချုပ်သဲတစ်ပွင့်အနေဖြင့် ပါဝင်ခဲ့သည်။ ယခုလောလောဆယ်တွင် မြန်မာနိုင်ငံ ရွက်လှေအားကစားအဖွဲ့ချုပ် အမှုဆောင်၊ ရန်ကုန်မြင်းစီးအသင်း အတွင်းရေးမှူးနှင့် မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ်၌ ဘဏ္ဍာရေးမှူးတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။ လူငယ်များအနေဖြင့် ငယ်စဉ်ကပင် မိမိတို့ဝါသနာပါသော လူမှုရေးနယ်ပယ်များ၌ ပါဝင်လုပ်ကိုင်သင့်သည်ဟု တိုက်တွန်းသွားသည်။

သူ့အနေဖြင့် 'လူငယ်လူရွယ်များကို အကြံပြုချင်တာကတော့ ဘဝမှာ ဝါသနာပါတဲ့ လုပ်ငန်းတွေကို စနစ်တကျလေ့ လာဆည်းပူးပြီး ဇွဲရှိရှိနဲ့လုပ်မယ်၊ ပန်းတိုင်အထိလျှောက်မယ်၊ ကိုယ့်အမှားကို ကိုယ့်ဘာသာကိုယ်မြင်တတ်အောင် ကြည့်ပြီးပြုပြင်မယ်၊ ကိုယ့်လိုအပ်ချက်ကိုကိုယ့်ဟာ ကိုယ်ရှာဖွေပြီး ဖြည့်ဆည်းမယ်။ မိဘတွေအနေနဲ့လည်း ကလေးတွေရဲ့ ဝါသနာ မျိုးစေ့လိုအပ်ချက်များကို ပံ့ပိုးပေးသွားမယ်ဆိုရင် ပိုမိုအောင်မြင်နိုင်မယ်လို့ ယူဆကြောင်းနဲ့ ကျောင်းစာတစ်ခုတည်းမဟုတ်ဘဲ အခြားဗဟုသုတရရှိစေမဲ့ စာအုပ်တွေ၊ ဝါသနာပါတဲ့စာအုပ်တွေ ရှာဖွေဖတ်ရှုလည်းကောင်း၊ အတွေ့အကြုံ အကြားအမြင်၊ ပညာဗဟုသုတများတဲ့ လူတွေရဲ့ဆုံးမဩဝါဒတွေကို လိုက်နာဆောင်ရွက်ကြပြီးလည်းကောင်း၊ သူတို့ ပြောဆိုနေကြတာတွေကိုလည်း အမှုမဲ့အမှတ်မဲ့မနေဘဲ မှတ်သားနာယူကြမယ်ဆိုရင်လည်း အကျိုးရှိကြမှာပါ။ အားကစား၊ ဂီတ အနုပညာ အစရှိသဖြင့် ဘက်စုံလေ့လာလိုက်စားနိုင်မယ်ဆိုရင် ထူးချွန်ထက်မြက် တဲ့ကလေးငယ်တွေ ဧကန်မုချဖြစ်လာမှာပါ' ဆိုပြီး သူ့အယူအဆကို ဘဝအတွေ့အကြုံနှင့်ပေါင်းစပ်၍ ဦးဉာဏ်လင်းကပြောကြားသွားခဲ့သည်။

**We care small things.**

cLub 18
creative HOUSE

www.burmeseclassic.com

www.burmeseclassic.com



## ဒေါက်တာကျော်စော (စာပန်းအိမ်ဘော်ဒါ)



### ကိုယ်ရေးရာဇဝင်အကျဉ်း

အမည်ရင်း ကျော်စော။၁၉၆၀ အောက်တိုဘာ ၃ ရက်တွင် ဟင်္သာတမြို့၌အဖဦးလှဘော်ဦး၊ အမိ ဒေါ်သောင်းစိန်တို့မှ မွေးဖွားသည်။ ဗုဒ္ဓဘာသာ ရခိုင်လူမျိုး ဖြစ်ပြီး မွေးချင်း မောင်နှမ ၅ ဦးရှိသည်။ ပြင်ဦးလွင်မြို့တွင် မူလတန်းမှ အခြေခံ ပညာအထက်တန်း၊ မန္တလေးမြို့တွင် ဒေသကောလိပ်နှင့် မန္တလေး ဆေးတက္ကသိုလ် တို့ကို တက်ရောက်ခဲ့ပြီး M.B.,B.S ဘွဲ့ရရှိသည်။ ၁၉၈၇တွင်ကိုယ်ပိုင်ဆေးခန်း စတင်ဖွင့်လှစ်၍၁၉၉၃ တွင် စာပန်းအိမ်ဘော်ဒါဆောင်ကိုစတင်တည်ထောင်သည်။ဇနီးမှာဒေါ်မေမျိုးမြတ်ပြည့် ဖြစ်ပြီးသားတစ်ဦးသမီးတစ်ဦးထွန်းကားသည်။

အမှတ် ၁၃၆/ခ၊ ရပ်ကွက်ကြီး(၅) ပြင်ဦးလွင်မြို့တွင် နေထိုင်လျက်ရှိသည်။



ဒီလိုအခက်အခဲဆိုတာ
အခွင့်အရေးပဲဆိုတာ
တဖြည်းဖြည်းသိလာတော့
ပြဿနာကိုတောင်
ကြိုက်သလိုဖြစ်လာတယ်။
risk factor လို့ခေါ်မှာပေါ့
အဲဒီ risk factor ကို
ကြိုက်လာတယ်။
ဘဝမှာ
ပြဿနာကြီးကြီးမားမား
ကြုံလာရင်
အဲဒီထဲမှာ
အကျိုးအမြတ်
ကြီးကြီးမားမား
ရှိနေတယ်ဆိုတာမျိုးပေါ့

www.burmeseclassic.com



# သည်းခံမည်၊ သန့်စင်အောင်နေမည် ဒေါက်တာကျော်စော(စာပန်းအိမ်)

## ကြည်လင်အေး



တပေါင်းလဆန်းမန္တလေးနံနက်ခင်းကနေလို့ ကောင်းရုံသာရှိပါတယ်။ မန္တလေး-ပြင်ဦးလွင်လမ်းမှာတော့ ဂျင်းဘောင်းဘီနဲ့လူငယ်တွေ စီးနင်းသွားတဲ့ ဆိုင်ကယ်တွေက တက်ဆင်းနေကြပါပြီ။ အရင်က MMTA ကားသင်းပြေးဆွဲခဲ့ပြီး မန္တလေး-ပြင်ဦးလွင်ဟာ အသည်းအေးစရာ တောင်ဆင်း၊ တောင်တက် ကွေ့ကောက် ကောက်မတ်သော ခရီးဝေးတစ်ခုလို့ မှတ်ယူခဲ့ကြပေမယ့် အခုတော့ ပြင်ဦးလွင်ဟာ မန္တလေးက လူငယ်တွေရဲ့ ဆိုင်ကယ်တစ်ကမ်းက အပန်းဖြေမြို့တော် ဖြစ်ခဲ့ပါပြီ။

ပြင်ဦးလွင်က သာယာတဲ့ တောင်စခန်းမြို့ဖြစ်လို့ လည်ပတ် အပန်းဖြေစရာ မြို့တစ်မြို့အဖြစ် ထင်ရှားရာက အခုနောက်ပိုင်းမှာတော့ နိုင်ငံတစ်နံတစ်လျားက ပညာရှာမှီးလိုသူ လူငယ်ကျောင်းသားထုရဲ့ ပညာမြို့တော်





အဖြစ်လည်း ထင်ရှားလို့နေပြီ ဖြစ်ပါတယ်။

မန္တလေးမှာနေသာတဲ့တပေါင်းလဆန်း နံနက်က ပြင်ဦးလွင်မှာ ကျတော့ အအေးထည်နဲ့ နေရတဲ့ နံနက်ခင်းမျိုး ဖြစ်နေပြန်ပါတယ်။ ပြင်ဦးလွင် မြို့ပတ်လမ်းက ထင်ရှားရှက်ကြွေတွေခင်းထားသလိုရှိတဲ့ ကျယ်ဝန်းတိတ်ဆိတ် သော စာပန်းအိမ်၊ ပညာရေးဝန်ဆောင်မှု ရုံးချုပ်ရဲ့အေးမြတဲ့ ရုံးခန်းတွင်းမှာ စာပန်းအိမ်ကိုတည်ထောင်သူ ဒေါက်တာကျော်စောနဲ့တွေ့ဆုံ စကားပြော ဖြစ်ခဲ့ပါတယ်။

ဒေါက်တာကျော်စောဟာ လက်ရှိမှာ အထူးအောင်မြင်ထင်ရှားတဲ့ ပြင်ဦးလွင်က စာပန်းအိမ်ဘော်ဒါကို တည်ထောင်အုပ်ချုပ်နေသူဖြစ်သလို၊ သူ့ရဲ့ ပင်မ အသက်မွေးဝမ်းကြောင်းပညာဖြစ်တဲ့ ဆရာဝန်အလုပ် ဆေးကုသမှုအလုပ်ကိုလည်း ဆေးခန်းဖွင့်လုပ်လုပ်ကိုင်နေဆဲဖြစ်ပါတယ်။ ကျေးဇူးပြုစရာဘဝ တစ်ခုလို့ဆိုရမယ့် လူငယ်လူရွယ်တွေကို ပညာအခြေခံကောင်းရအောင် ပြုစုပျိုးထောင်ပေးခြင်းအလုပ်နဲ့ ကျန်းမာရေးမပြည့်စုံသူ လူအများစုကို တတ်မြောက်ထားသော ဆေးပညာနဲ့ပြုစုကုသခြင်း အလုပ်တွေကိုအောင်အောင်မြင်မြင် လုပ်ကိုင်နေသူ ဒေါက်တာကျော်စောရဲ့ ဘဝအမြင်၊ လောကအမြင်တွေက ဘာတွေလဲ။

ဒီလိုပြည့်စုံ ကျေးဇူးပြုစရာအနေအထားကို သူဘယ်လိုရောက်အောင် လာခဲ့သလဲ။ သူဖြတ်သန်းခဲ့ရတာတွေက ဘာတွေလဲ။ အဲဒီလိုဖြတ်သန်းမှုတွေထဲကနေ ဒီကနေ့ သူကိုင်စွဲထားနိုင်ပြီဖြစ်တဲ့ သူ့ရဲ့အယူအဆတွေက ဘာတွေလဲ။

တရွေ့ရွေ့လည်ပတ်နေတဲ့ တိပ်ခွေကြိုးထဲမှာ ဒေါက်တာကျော်စောရဲ့ အသံက ညင်ညင်သာသာပဲ ဝင်ရောက်နေပါတယ်။ သူ့ရဲ့ငယ်ဘဝ၊ သူ့ရဲ့ ဆေးကျောင်းသားဘဝ၊ သူ့ရဲ့ အမြတ်အစွန်းမပါတဲ့ စေတနာဆရာဝန်ဘဝ စတာတွေ၊ ကျောင်းသားလူငယ်တွေရဲ့ ပညာရေးအခြေခံကောင်းရအောင် စာသင်ကြားပေးခဲ့တာတွေ တော်တော်စုံစုံကို အပိုစကားမပါဘဲ တိုတိုရှင်းရှင်း ပြောပြခဲ့တာပါ။ ပြီးတော့ သူ့အကြောင်းကို ဒီလိုတဖွဲ့တနွဲ့စာနဲ့အရေးခံရလောက်အောင် မရှိသေးဘူးထင်တဲ့အကြောင်းလည်း သူ့စကားမှာပါဝင်ပါသေးတယ်။

ဒေါက်တာကျော်စော ကိုင်စွဲထားတာက"

"အခက်အခဲဆိုတာ အခွင့်အရေးပဲ၊ အခက်အခဲကြီးလေ အကျိုးအမြတ်ကြီးလေပဲလို့ သူယုံကြည်နေပါသတဲ့။ သူ့ဘဝသူ့ဖြတ်သန်းမှုတွေကို နားထောင်ကြည့်ကြရအောင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



........ ကျွန်တော်က မေမြို့ (ပြင်ဦးလွင်) သားပါ။ ဟသ်ာတမှာ မွေးပြီး ပြင်ဦးလွင်မှာကြီးပါတယ်။ အခုလည်း ပြင်ဦးလွင်မှာ နေပြီး အလုပ်တွေလုပ်ဖြစ်နေတော့ ဘဝတစ်လျှောက်လုံး ပြင်ဦးလွင်မှာပဲ နေထိုင်ခဲ့သူလို့ ပြောရမှာပါပဲ။ ငယ်ငယ်က အ·လ·က (၃) မှာ ကျောင်းတက်ခဲ့ပြီး ပြင်ဦးလွင် အ·ထ·က (၁)ကနေ ဆယ်တန်းအောင်ခဲ့ပါတယ်။ဆယ်တန်းအောင်တော့ မန္တလေးဒေသကောလိပ်၊ မန္တလေးဆေးတက္ကသိုလ်မှာ ကျောင်းတက်ခဲ့တယ်၊ ဟောက်ဆာဂျင်ဆင်းတာတောင် ပြင်ဦးလွင်စစ်ဆေးရုံမှာ ဆင်းခဲ့တာဆိုတော့ ကျွန်တော်ဒီမှာ တစ်လျှောက်လုံးပါပဲဗျာ'တဲ့။

ဒေါက်တာကျော်စောက ၁၉၉၃ ကတည်းက ဘော်ဒါဆောင်ဖွင့်ပြီး ဆယ်ကျော်သက်တွေရဲ့ပညာရေးလမ်းကြောင်း စိုပြည်မှန်ကန်အောင် ထိန်းကျောင်း ပဲ့ကိုင်ပေးနေတဲ့သူ၊ သူတာဝန်ယူခဲ့ သူလမ်းပြခဲ့သူပဲ့ပြင်ပေးခဲ့တဲ့လူငယ် လူရွယ်တွေကလည်း အမြောက်အမြား၊ သူ့နေ့စဉ်ဘဝမှာလည်း ဆေးခန်း ထိုင်လူနာကြည့်၊ ပြုစုကုသရေးက တစ်ဘက်၊ စာသင်တာ၊ ကျောင်းသူကျောင်း သားနဲ့ဆရာ-ဆရာမအပါအဝင် အုပ်ချုပ်စီမံရေးအဖွဲ့တွေကို ကွပ်ကဲရတာက တစ်ဘက်။ အလုပ်တွေများပြီး များပြားသလောက် အလုပ်တိုင်းကိုအောင်မြင် အောင် စွမ်းဆောင်နေသူဖြစ်တဲ့အတိုင်း ကိုယ်ရေးကိုယ်တာ စကားကိုတော့ ချုံ့ပြောတာက များနေပါတယ်။ ဒါပေမယ့် သူဟာလည်းလူသားပါ။ လူထဲက လူမို့အများနဲ့မတူကွဲပြားသော ကိုယ်ပိုင်ဖြတ်သန်းမှု၊ ကိုယ့်တစ်ကိုယ်စာ ခံစားချက်ဆိုတာ ရှိနေတာပါပဲ။

'ဆရာ့မှာ ငယ်ဘဝကတည်းက ဆရာဝန်ဖြစ်ရမယ်၊ ဆရာဝန်ပဲ လုပ်မယ်ဆိုတဲ့ ရည်မှန်းချက်မျိုးပဲရှိတာလား'လို့ မေးကြည့်တဲ့အခါ.......

ကျွန်တော်ဆေးကျောင်းတက်တာ အမေကတက်စေချင်လို့ပါ၊ ကျွန်တော့်ဝါသနာက Mathsပါ။ သင်္ချာပါ။ ငယ်ငယ်ကတည်းက ကျောင်းမှာ သင်္ချာကတော့ အမြဲတမ်းအမှတ်ပြည့်တို့ ဂုဏ်ထူးတို့ရခဲ့တာပါ။ ဒါပေမယ့် ကျွန်တော် ၁၀ တန်းအောင်တဲ့ ၁၉၇၇ ခုနှစ်ဆိုတာ သိတဲ့အတိုင်းပဲ၊ တစ်နိုင်ငံလုံး က ၁၀ တန်းကို ထူးထူးချွန်ချွန်အောင်မြင်ခဲ့သူတိုင်း ဆရာဝန်လိုင်းကိုပဲ တက်ဖို့ ကြိုးစားကြချိန်မဟုတ်လား။ ဆေးကျောင်းသားဆိုတာ အတော်ဆုံးလူတွေပဲ တက်ကြတာ။ ဆရာဝန်ဖြစ်ရင် ဘဝအာမခံချက်ပြည့်စုံသွားပြီလို့ ယုံကြည်ထား





ကြတဲ့အချိန်မျိုး၊ ကျွန်တော့်အမေက ကျွန်တော့်ကို ဆရာဝန်ဖြစ်စေချင်တယ်၊ ကျွန်တော့်အမေစကားကိုနားထောင်ပြီး ဆေးကျောင်းတက်လို့ ရနိုင်မယ့် ဒေသကောလိပ် ဇီဝဗေဒ Bio ဘာသာတွဲကိုယူပြီး ကောလိပ်ဆက်တက် ဖြစ်ခဲ့ပါတယ်...

'ဆရာဆယ်တန်းကို ဂုဏ်ထူးဘယ်နှစ်ခုနဲ့အောင်ခဲ့ပါသလဲ၊ သင်္ချာ မပါတော့တဲ့ Bio ဘာသာတွဲသင် ဒေသကောလိပ်ကျောင်းသားဘဝကရော ဘယ်လိုပါလဲ'လို့ ပိုပြီးအသေးစိတ်ကလေးသိရအောင် မေးကြည့်တဲ့အခါ -

....... ကျွန်တော်ဆယ်တန်းကို ဂုဏ်ထူး ( ၄ ) ခုနဲ့ အောင်ခဲ့ပါတယ်။ အဲဒီတုန်းက ဒေသကောလိပ်မှာ ၂နှစ်တက်ရပါတယ်၊ ပထမ နှစ်မှာ အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒနဲ့ နိုင်ငံရေး သိပ္ပံတွေသင်ရပြီး ဒုတိယနှစ်မှာ အသက်မွေးဝမ်းကြောင်း ဘာသာရပ်တစ်ခုကို အထူးပြုသင်ရပါတယ်၊ ကျွန်တော် ဒေသကောလိပ် ဒုတိယနှစ်မှာ မွေးမြူရေးဘာသာတွဲယူခဲ့ပြီး ကြက်၊ ဝက် အကုန် တကယ်မွေးခဲ့ရပါတယ်၊ တိရစ္ဆာန် ရောဂါတွေအကြောင်းပါ သင်ခဲ့ရပြီး တကယ်အသုံးကျတဲ့ ပညာရပ်တွေလည်းဖြစ်တော့ ကျွန်တော် ကြိုက်သွားပါတယ်။

မြန်မာတက္ကသိုလ်-ကောလိပ်ပညာရေးစနစ်ထဲမှာ ၁၉၇၇၊ ၁၉၇၈၊ ၁၉၇၉၊ ၁၉၈၀ ဆိုတဲ့ ၄ နှစ်တာကာလဟာ တသီးတခြားမှတ်တမ်းထားရမယ့် ကိစ္စဖြစ်ခဲ့ပြန်ပါတယ်။ ဆယ်တန်းအောင်မြင်တဲ့ ကျောင်းသူ-ကျောင်းသားတိုင်း ကိုယ့်ဒေသက ခရိုင်အဆင့်ရှိတဲ့ မြို့တွေမှာ ဒေသကောလိပ်အဖြစ် ၂ နှစ်တာ ကျောင်းတက်ရတဲ့စနစ်။ အဲဒီ ၂နှစ်မှာ ပထမနှစ်က ကောလိပ်တက္ကသိုလ်အဆင့်၊ ဝိဇ္ဇာဘာသာရပ်၊သိပ္ပံဘာသာရပ်၊ ဘာသာတွဲတွေသင်ယူရပြီး ဒုတိယနှစ်မှာတော့ အသက်မွေးဝမ်းကြောင်း နိုင်လောက်သော စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှု လက်မှု၊ အိမ်တွင်းမှု၊ ရုပ်ရှင်လုပ်ငန်း၊ သတ္တုတွင်းလုပ်ငန်းဘာသာတွဲတွေ သင်ယူကြရပါတယ်။ ဒုတိယနှစ်မှာ သင်ယူရတဲ့ အသက်မွေးဝမ်းကြောင်း ဘာသာတွဲက ဒုတိယနှစ်အောင်ပြီးရင် တက္ကသိုလ်တွေကို ဆက်မသွားဘဲ ဒီဘာသာတွဲကိုပဲ ဒီပလိုမာ ဆက်ယူချင်ယူနိုင်တာမျိုးပါ။

ပြင်ဦးလွင်က ဆယ်တန်းအောင်မြင်သူတွေကတော့ မန္တလေးလမ်း ၈၀ ပေါ်က အရင်မန္တလေးတက္ကသိုလ် နန်းကောသီနဲ့ကစ္ဆနအမျိုးသမီး အဆောင် တွေကို အသွင်ပြောင်းလိုက်သော မန္တလေးဒေသကောလိပ်မှာ တက်ရောက်ကြ



www.burmeseclassic.com

www.burmeseclassic.com



ရပါတယ်။ ဒေါက်တာကျော်စောဟာ ဖားသားလမုန်းကျောင်းဝင်းကြီးမှာ ဒေသကောလိပ် ပထမ နှစ်ကျောင်းသား၊ နန်းရှေ့ ရေကြီးမြောင်းဘေး ဒေသကောလိပ်မှာ မွေးမြူရေးဘာသာတွဲ သင်ယူခဲ့သူ၊ ဒေသကောလိပ် ဒုတိယနှစ် ကျောင်းသားဘဝတွေကို ဖြတ်သန်းခဲ့သူပါ။ နောက်တော့ ဒေသကောလိပ် ၂ နှစ်စလုံးကို အမှတ်ကောင်းကောင်းနဲ့ ဖြတ်သန်းပြီး မန္တလေးဆေးတက္ကသိုလ် ကျောင်းသားဘဝ ရောက်ခဲ့ပါတယ်။ သူ့ရဲ့ဆေးကျောင်းသားဘဝက -

....... ကျွန်တော်ပွင့်ပွင့်လင်းလင်းပြောရရင် ဆေးကျောင်းတက်တုန်းက ချို့တဲ့ပါတယ်၊ ကျွန်တော့်အဖေက ဝန်ထမ်း၊ ဝန်ထမ်းဆိုတော့ ကျွန်တော်တို့မောင်နှမ ၃ ယောက်ကို ကျောင်းထားရတာ၊ အဖေ့ လစာက ၄၅၀ ပဲရတာ၊ ကျွန်တော်ဆေးကျောင်းတက်တာက တစ်လကို ၃၀၀ လောက်ကုန်တော့၊ ကျွန်တော်တို့က တော်တော် ချို့ချို့တဲ့တဲ့ ကျောင်းတက်ခဲ့ရပါတယ်၊ ဒါရှင်းရှင်းပြောတာ၊ တော်တော်လည်း မျက်နှာငယ်တာပေါ့ဗျာ၊ အဝတ်အစား ဘာမှမရှိဘူး၊ ဘယ်ပွဲမှလည်း မသွားနိုင်ဘူး၊ သွားလည်း မသွားရဲဘူးပေါ့၊ ဆေးကျောင်းစာအုပ်လည်း ပြည့်စုံအောင် မဝယ်နိုင်ဘူးပေါ့၊ ကျောင်းသားချင်းတွားရင် တောင် ပေးမငှားချင်ကြဘူး၊ အမှန်အတိုင်းပြောရရင် ဖြစ်သလိုပဲ ဖြတ်သန်းခဲ့ရတာပါ၊ ဆေးကျောင်းကို အတန်းတိုင်း မှန်မှန်အောင်၊အောင် အရမ်းကြိုးစားခဲ့ပါတယ်၊ အစက အမေဖြစ်စေချင်တဲ့ ဆရာဝန်ဖြစ်အောင် ကြိုးစားခဲ့ပေမယ့် နောက်တော့ ဒီဘာသာရပ်ကို ကျွန်တော်စိတ်ဝင်စားခဲ့ပါတယ်၊ အကောင်းဆုံး သင်ယူခဲ့ပါတယ်၊ စောစောကပြောခဲ့တဲ့အတိုင်း ပြင်ဦးလွင်မှာ ဟောက်ဆာဂျင်ဆင်းခဲ့တယ်၊ နောက်ဆရာဝန်ဖြစ်လာတဲ့နောက်တော့ မွေးရပ်လိုဖြစ်နေတဲ့ ပြင်ဦးလွင်မှာပဲ ဆေးခန်းဖွင့်ပြီး ဆေးကုခဲ့တာပါပဲ၊ ၁၉၈၇ ကနေ ဒီကနေ့အထိ နှစ် ၂၀ ရှိပြီ၊ ဆေးခန်းထိုင် ဆေးကုနေတုန်းပါပဲ။

'ဆရာ့အနေနဲ့ ကျောင်းသားတွေကို စာသင်ကြားပေးသူ၊ ဘော်ဒါဆောင်တည်ထောင်သူဆိုတဲ့ ပညာရေးနယ်ပယ်ထဲ ရောက်သွားပုံကရော၊ ပြောပြပါဦး' ဆိုတော့

....... ကျွန်တော်ဟောက်ဆာဂျင်ပြီးခါနီးမှာ အခုလိုပညာရေး လောက နဲ့ပတ်သက်ရှို့ ကြုံခဲ့ပါတယ်၊ ဟောက်ဆာဂျင်ပြီးပြီးချင်း ဆေးကုသခွင့် ဆမလက်မှတ်မရသေးတဲ့ ကိစ္စတစ်ခု ကြုံလိုက်ရလို့ပါ၊ ကျွန်တော်တို့ သူငယ်ချင်းအားလုံး စိတ်ညစ်ခဲ့ရပါတယ်၊ ခုနစ်နှစ်၊ ရှစ်နှစ် ခက်ခက်ခဲခဲ ပညာတွေယူခဲ့ရပြီးမှဆိုတော့ တကယ့် အကျပ်အတည်းပါပဲ၊ အဲဒီအချိန်မှာ အချိန်အလကား အကုန်မခံနိုင်တော့ ကျောင်းသားတွေကို စာသင်စာပြပေးဖို့ ဖြစ်လာတာပါ၊ ဒါကြောင့် စောစောကပြောခဲ့တာ၊ ပြဿနာ တွေ အခက်အခဲရှိလာရင် အဲဒီထဲမှာ အခွင့်အရေးတွေ ပါလာတယ်ဆိုတာ .........

သူကတော့ သူ့ဘဝ၊ သူ့အတွေ့အကြုံထဲကလာသော ယုံကြည်မှုဒဿနနှင့်။

ကံဆိုးရင်ကံကောင်းတာကြုံဦးမယ်။

ကံဆိုးလို့ထိုင်စိတ်ညစ်နေလို့မဖြစ်။ အကောင်းဆုံးရင်ဆိုင်လိုက်ရင် ကံဆိုးမှုထဲမှာပဲ အခွင့်အလမ်းကောင်းက ရှိနေသေးသည်ဆိုတာ သူစွဲစွဲမြဲမြဲ ယုံကြည်လျက်ပင်။

ဘဝထဲက ထူးခြားတဲ့အတွေ့အကြုံတွေများ ကြုံဖူးပါသလားဆိုတဲ့ အမေးကိုတော့…

သိပ်ထူးထူးခြားခြားဆိုတာမျိုးကြီး မကြုံပါဘူး၊ ကျွန်တော်အသက်အရွယ်အလိုက် လုပ်သင့်တာတွေကို ကြိုးစားလုပ်ခဲ့တယ်၊ ကျွန်တော်ကတော့ ဘဝမှာတွေ့ကြုံရတာတိုင်းကို သည်းခံစိတ်နဲ့ သွားခဲ့တာပါပဲ…လို့ ရိုးရိုးပဲ ပြောပါတယ်။

စာဖတ်ဝါသနာရှိသလား၊ စာအုပ်တွေဟာ လူတွေကိုဘာတွေပေး သလဲ၊ ကြိုက်နှစ်သက်တဲ့စာအုပ်ဆိုတာမျိုးရောရှိသလား ပြောပြပေးပါဦးလို့ မေးခွန်းထုတ်လိုက်တော့-

.....စာဖတ်တာကတော့ တစ်ချိန်လုံးစာဖတ်နေတာပဲ၊ သန့်စင်ခန်းဝင်ရင်တောင် စာဖတ်တယ်၊ အိပ်ရာဘေးမှာစာအုပ်က အမြဲတမ်းရှိတယ်။ စာမဖတ်ရရင် မနေနိုင်ပါဘူး'

'အကြိုက်ဆုံးစာအုပ်ဆိုတာမျိုး ရှိသလား' ဆိုတော့

…ကျွန်တော်အကြိုက်ဆုံး ၂ အုပ် ၃ အုပ်ရှိတယ်၊ ဆရာတက်တိုးရဲ့ 'လောကကင်းဝေးနေနိုင်ရေး'၊ ဦးသုခရဲ့ 'သုခမှတ်စု' နဲ့ လေသူရဲတစ်ဦးရဲ့





cLub 18 creative HOUSE

www.burmeseclassic.com

www.burmeseclassic.com



'ပါဝီလွန်' အဲဒီစာအုပ်တွေကို သိပ်ကြိုက်ပါတယ်။ ပါဝီလွန်က စိတ်ဓာတ်ကို အရမ်းမြှင့်တင်ပေးတာ။ ဒီဝတ္ထုဇာတ်လမ်းမှာ ဇာတ်လိုက်မင်းသားက ဒုက္ခအရမ်းရောက်တာကို၊ ဒုက္ခတွေတွေ့တိုင်း စိတ်ဓာတ်မကျဘဲ ထပ်ပြန်တလဲလဲကြိုးစားတာကို အရမ်းကြိုက်တယ်........

ဒေါက်တာကျော်စော ကြိုက်နှစ်သက်တဲ့ စာအုပ်တွေက သူဘယ်လိုစရိုက်သဘာဝဆိုတာ ညွှန်ပြနေပြန်ပါတယ်။ 'သောကကင်းဝေးနေနိုင်ရေး' က လောကမှာ အကောင်းမြင်စိတ်နဲ့ လူ့ပတ်ဝန်းကျင်မှာ အဆင်ပြေပြေဖြတ်သန်းနိုင်ရေးစိတ်ဓာတ်ခွန်အားကိုပေးတာ 'သုခမှတ်စု'က သိထိုက်မှတ်ထိုက်တဲ့အချက်အလက် ဗဟုသုတတွေကို ဆရာဦးသုခက ကျမ်းဂန်တွေ၊ ရှေးစာတွေထဲကရော၊ လက်တွေ့လောကထဲကပါ ရှာရှာဖွေဖွေစုဆောင်းပေးထားတာ။ ဒီနှစ်အုပ်ကို အကြိုက်ဆုံးလို့ ချက်ချင်းပြောနိုင်သူဟာ လောကထဲမှာ အဆင် ပြေအောင် လျှောက်လှမ်းမယ်၊ သူတ ပြည့်စုံအောင် ရှာမှီးမယ်ဆိုတာ သေ ချာသူပါပဲ။

သူ့ရဲ့ဘာသာရေးနဲ့ ပတ်သက်ပြီး ကျင့်ကြံတွေးဆထားချက်ကျပြန်တော့....

..... အဓိကကတော့ သန့်စင်အောင်နေဖို့ပါပဲ၊ ကိုယ့်စိတ်ကိုလည်း အချိန်တိုင်း သန့်စင်အောင်ထားပါတယ်၊ ဒေါသထိန်းနိုင်ဖို့၊ အမှားအနည်းဆုံးဖြစ်ဖို့ ဂရုစိုက်ပြီး နေထိုင်ပါတယ်၊ ကျွန်တော်တရားလည်း ထိုင်ပါတယ်၊ တခြားပြင်းထန်တဲ့ ရည်ရွယ်ချက်မျိုးတော့မဟုတ်ပါဘူး၊ ကိုယ့်ရဲ့ကိုယ်ရောစိတ်ရောနှလုံးသားရော သန့်စင်နေအောင် ထိန်းနိုင်ဖို့အတွက်ဆိုတာမျိုး တရား ထိုင်တာပါ၊ ပြီးတော့ လူတိုင်းကို အကောင်းမြင်စိတ်ထားပေးပါတယ်'

ဆေးကုသမှုနဲ့ကျင်လည်ဖြတ်သန်းသူ ဆရာဝန်တစ်ယောက်အနေနဲ့ ဆေးခန်းမှာ အကျဉ်းအကျပ်အခက်အခဲနဲ့ တွေ့ကြုံရနိုင်တာပါပဲ၊ ကြုံတွေ့လာတဲ့ အခက်အခဲဆိုတာတွေကို ဘယ်လိုဖြတ်သန်းခဲ့သလဲ မေးကြည့်တဲ့အခါ သူက ကျင့်ဝတ်အရထင်ပါတယ်၊ အဖြစ်အပျက်တစ်ခုချင်းကိုမသွားဘဲ ခြုံငုံပြီး သူ့ခံယူချက်ကိုသာ ဖွင့်ဟပါတယ်။

... အခက်အခဲဆိုတာတွေ ရှိတာပါပဲ၊ ဆေးခန်းထိုင်တဲ့သက်တမ်း နှစ် ၂၀ အတွင်းမှာ ကြုံလာတဲ့အခက်အခဲတွေကို ရှောင်လွှဲမနေဘဲ တည့်တည့်ပဲသွားခဲ့ပါတယ်၊ ရင်ဆိုင်ခဲ့ပါတယ်၊ ဒီလိုအခက်အခဲဆိုတာ အခွင့်အရေးပဲဆိုတာ တဖြည်းဖြည်းသိလာတော့ ပြဿနာကိုတောင် ကြိုက်သလို ဖြစ်လာ





တယ်၊ risk factor လို့ခေါ်မှာပေါ့၊ အဲဒီ risk factor ကိုကြိုက်လာတယ်။ စိတ်ထဲ မှာဖြစ်လာတယ်၊ ဘဝမှာပြဿနာကြီးကြီးမားမားကြုံလာရင် အဲဒီထဲမှာ အကျိုးအမြတ် ကြီးကြီးမားမားရှိနေတယ်ဆိုတာမျိုးပေါ့....

ဒေါက်တာကျော်စောကတော့ ယုံယုံကြည်ကြည်ပြောပြနေပါတယ်။

သူကလက်ရှိ ဆေးခန်းကိုလည်း လွန်ခဲ့တဲ့ ၆ နှစ်ကျော်လောက်က တည်းက သူ့အတွက် အမြတ်အစွန်းမယူတော့၊ ဆေးခန်းကဝင်ငွေကို သူ့မိခင်ကြီးဆီ ဆေးပြန်ဝယ်ဖို့ ပေးအပ်တယ်၊ လူနာတွေကို မေတ္တာစိတ်နဲ့ စေ့စေ့နာနာ သက်သာရာရအောင် ကုပေးခြင်းကိုလည်း ရည်စူးလုပ်တယ်၊ မပြည့်စုံသူတွေ ကို အခမဲ့ကုပေးတယ်။

.....ကျွန်တော်ကံကောင်းတဲ့သူများဖြစ်နေမလား၊ အမြတ်အစွန်း မယူတော့တဲ့ ဆေးကုတဲ့ဆရာဝန်ဖြစ်နေရလို့လေ...

ဒီအကြောင်းတွေ ပြောပြနေရာမှာတော့ သူ့မျက်နှာမှာ ကြည်နူးကျေနပ်အားရတဲ့အရိပ်တွေရှိနေတယ်၊ သူ့မှာ တခြားဝင်ငွေလမ်းကောင်းရှိနေလို့ ပေလား၊ ငွေကြေးဥစ္စာအပေါ် အမြင်ကိုလည်း စကားလမ်းကြောင်းလှည့်မေး ဖြစ်ပြန်တော့ 'လူတစ်ယောက်မှာ ငွေကြေးက ဘယ်လောက်အရေးကြီးပါသလဲ' ဆိုတဲ့ မေးခွန်းကို

...နာမည်ကောင်းနဲ့ အများယုံကြည်မှုရအောင် အရင်ဆုံး တည်ဆောက်ဖို့လိုပါတယ်၊ ဒါဆိုရင် ငွေကြေးပြည့်စုံမှုက နောက်ကလိုက်လာတာပါပဲ။ ပိုက်ဆံကိုပဲ အလောတကြီး ရှာမယ်ဆိုရင်တော့ ရေရှည်မှာ တည်တံ့နိုင်မြဲဖို့ လုံးဝမဖြစ်နိုင်ပါဘူး။ လူ့ဘဝမှာ အခြေခံလိုအပ်ချက် ပြည့်စုံဖို့အတွက် ငွေကြေးလိုအပ်ပါတယ်၊ တစ်ခုပါပဲ၊ ကိုယ်လုပ်တဲ့အလုပ်နဲ့ပတ်သက်ရင်တော့ ဝန်ထမ်းတွေအတွက်ပဲဖြစ်ဖြစ်၊ လုပ်ငန်းရဲ့မမျှော်မှန်းနိုင်တဲ့ ငွေကြေးစိုက်ထုတ်စရာကိစ္စပဲဖြစ်ဖြစ်လုပ်နိုင်အောင် 'အရန်ငွေ' ဆိုတာမျိုးတော့ထားတဲ့ အလေ့အထလုပ်ထားပါတယ်၊ ဒါကလည်း ကျွန်တော်က ဦးဆောင်နေရသူဆို တော့ အစစကျွန်တော့်အပေါ် တာဝန်ရှိတယ်လို့ခံယူထားလို့ပါ....

ဒေါက်တာကျော်စောမှာ အငြိမ်းစား ကျောင်းဆရာမ ဇနီးသည်ဒေါ်မေမျိုးမြတ်နဲ့ သားတစ်ယောက်၊ သမီးတစ်ယောက်ရှိတယ်။ သူ့ရဲ့မိသားစုဘဝမှာ သားသမီးကို ပုံကိုင်ပုံကျတော့...

... ကျွန်တော်သားသမီးကို ဖွတ်ဘာမှ မလုပ်နိုင်ဘူး၊ အခုကျွန်တော့်အဆောင်မှာ ကျွန်တော်တွေနေရတာ များတာက မိဘတွေဟာ သူတို့



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ခဲ့တာကို ကလေးတွေကို ဖွတ်လုပ်နိုင်းကြတာ၊ ဒီတော့ ကလေးတွေမှာ မနိုင်ဝန်ထမ်းရတယ်၊ တချို့လည်း ဝါသနာမပါတာကို ကြိုးစားချင်စိတ်မရှိကြဘူး၊ ကျွန်တော်ကတော့ ကလေးနဲ့ပတ်သက်ရင် အမြင်ပြောင်းသွားတယ်၊ ကလေးတွေ ဝါသနာပါတဲ့ အလုပ်ကိုပဲ တစိုက်မတ်မတ် လုပ်စေချင်ပါတယ်။ သူတို့မြတ်နိုးတဲ့လုပ်ငန်းထဲမှာပဲ ဘဝကို နှစ်မြှုပ်ထားစေချင်ပါတယ်။ သူတို့ အလုပ်ကို ချစ်မယ်။ အလုပ်ထဲမှာပျော်မယ်။ ဒီအလုပ်နဲ့ပဲ အောင်မြင်နိုင်မှာတဲ့ ဘဝတစ်ခု တည်ဆောက်နိုင်မယ်။ ဒါမျိုးပဲ ဖြစ်စေချင်တာပါ။ လူတစ်ယောက်ဟာ လူတန်းစေ့နေနိုင်မယ်၊ ဘဝမှာ ထိုက်တန်တဲ့တစ်နေရာ ရမယ်ဆိုရင် တော်ပါပြီ။

ကျွန်တော့်သားနဲ့သမီးကို အဲဒီလိုပဲ ထိန်းကျောင်း ပေးပါတယ်၊ ကျွန်တော်ငယ်ငယ်က မိဘဖြစ်စေချင်တဲ့ ဆရာဝန်လိုင်းကို ရွေးချယ်ခဲ့ပါတယ်၊ အဲဒီဘဝမှာ အခုပျော်အောင်နေတတ်နေပါပြီ၊ လုပ်ချင်တာထက်လုပ်သင့်တာကို ရွေးချယ်ခဲ့ရပေမယ့် ကိုယ့်သားသမီးလက်ထက်မှာ သူတို့လုပ်ချင်တာ၊ သူတို့ စိတ်ဝင်စားတာ အစွမ်းကုန်လုပ်ခွင့်ရအောင် အတော်ဆုံး၊ အထူးချွန်ဆုံးဖြစ်အောင် မိဘများတည့်မတ်ကူညီပေးဖို့ လိုအပ်ပါတယ်။ အဲဒီလိုပဲ လမ်းပြပေးပါတယ်၊ သူတို့ကို ဘောင်ခတ်မထားဘူး၊ အကျင့်စာရိတ္တ ကောင်းကောင်း၊ စိတ်ဓာတ်ကောင်းကောင်းနဲ့ အများအကျိုး ဆောင်ရွက်နိုင်ဖို့ပဲ လိုအပ်ပါတယ်။ ကိုယ့်တုန်းက ရွေးချယ်ခွင့်မရခဲ့တာ၊ ရွေးချယ်စရာနည်းပါးခဲ့တာတွေ သူတို့ လူငယ်တွေလက်ထက်မှာ မကြုံကြစေချင်တော့ပါဘူး....

ဘဝအဓိပ္ပာယ်ကို ဘယ်လိုနားလည်သဘောပေါက်ပါသလဲဆိုတဲ့အခါမှာတော့....

ဘဝအဓိပ္ပာယ်ဆိုတာ မျှဝေခံစားခြင်းပါ။
ကိုယ့်မှာရှိမှ မျှဝေလို့ရမှာပါ။ မိမိက ပညာရှိမှ အခြားလူများကို လမ်းညွှန် ပညာပေးနိုင်မှာပါ။ မိမိမှာ စိတ်ဓာတ်မြင့်မားမှုရှိမှ တစ်ဖက်လူကို နားလည် သည်းခံခွင့်လွှတ်ပေးနိုင်မှာပါ။ မိမိမှာ ဥစ္စာရှိမှ ပေးကမ်းလှူဒါန်းနိုင်မှာပါ။ ကာယအားနဲ့ ကူညီမယ်ဆိုရင်တောင် မိမိကျန်းမာသန်စွမ်းမှ လုပ်ဆောင်ပေးနိုင်မှာ ဖြစ်ပါတယ်။ မိမိကိုယ်ကို အရင်ဆုံး ရှိအောင်လုပ်ဖို့ လိုအပ်ပါတယ်။ တခြားလူကို များများကူညီစောင့်ရှောက်နိုင်လေ ဘဝဟာ ပိုတန်ဖိုးရှိလေပါပဲ။

club 18
creative HOUSE




ခဲ့ပါပြီ၊ သူလျှောက်လာတဲ့ ဘဝထဲကနေ အသိအမြင်ကောင်းကို ဆင်ခြင်ထုတ်ယူနိုင်တယ်လို့ ဆိုရမှာပါ၊ စေတနာ့ဆရာဝန်ဘဝ၊ လူငယ်တွေကို ပညာဖြန့်ဝေသူဘဝနဲ့ အကြာကြီးလျှောက်လှမ်းနေဦးမယ်လို့လည်း ယုံကြည်မိပါတယ်။

club 18
creative HOUSE

www.burmeseclassic.com

www.burmeseclassic.com

## ယူဒီဦးခင်မောင်ဝင်း



### ကိုယ်ရေးရာဇဝင်အကျဉ်း

အမည်ရင်း ခင်မောင်ဝင်း။ ၁၉၆၂ ခုနှစ်တွင် အဖ ဦးသောင်းညွှာ၏၊ အမိ ဒေါ်ခင်ရှိန်တို့မှ မွေးဖွားသည်။ မော်တော်ယာဉ်ပြုပြင်ရေး အသိုင်းအဝိုင်း၌ကြီးပြင်းခဲ့ပြီး ၁၅ နှစ်သားအရွယ်တွင် ဆရာဦးဖေသန်း ဝပ်ရှော့၌ မော်တော် ယာဉ်ပြုပြင်ရေးပညာ စတင် စနစ်တကျ သင်ယူသည်။ ၁၀ နှစ်အတွင်းကိုယ်ပိုင် ယူဒီ ယာဉ်စက်ပြင် လုပ်ငန်းကို တည်ထောင်နိုင်ခဲ့သည်။ ၁၉၉၁ တွင် မော်တော်ယာဉ် ထု လုပ်မှု သာမက မီးစက်ထုတ်လုပ်မှုလု ငန်း၊ ကရိန်းဝန်ဆောင်မှုလုပ်ငန်း၊ ဆော ရေးသန့်လုပ်ငန်းများလည်းတိုးချဲ့ လုပ်ကိ ခဲ့သည်။

မန္တလေးမြို့ ဖြဟွစိုရ် လူမှုကူညီ အသင်းမွဲ့စည်းရာတွင် ပါဝင်ခဲ့ပြီး ယ အထိ အလုပ်အမှုဆောင်အဖွဲ့ဝင်ဖြ သည်။



ဒုက္ခ ဒါမှမဟုတ်
အခက်အခဲတွေကို
အမြင်ပြောင်းလဲလိုက်တာနဲ့၊
ဒုက္ခဟာ
ဘဝအောင်မြင်မှုအတွက်
ရင်းနှီးမြှုပ်နှံမှုလို့
မြင်လိုက်တာနဲ့
အဆင်ပြေသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



# နှာတစ်ဖျားအတွက် အားစိုက်ကြိုးစားသူ

ကျော်ရင်မြင့်

အုန်းတောရွာက သဲကန္တာရထဲမှ အိုအေစစ်ဖြစ်သည်။ မန္တလေး၊ မုံရွာ၊ ရွှေဘိုကားလမ်းဆုံမှာရှိသည်။ ခရီးသည်တင်ကားများ ကုန်တင်ကားများ ရပ်နား စားသောက်ကြသော စခန်းဖြစ်သဖြင့် စည်ကားသည်။



အုန်းတောက စည်ကားပေမယ့် ပတ်ဝန်းကျင်ကျေးရွာများမှာ ခြောက်သွေ့လှသည်။ အုန်းတောမြောက်ဘက်လက်မှ ရွာများက ပို၍နွမ်းပါးချို့တဲ့သည်။ အုန်းတောမှမြောက်ဘက်သို့ ထွက်လိုက်သည်နှင့်မြေက သဲကျောက် မြေဖြစ်၏။ စိုက်ပျိုးစားသောက်ဖို့သင့်သော မြေနုမြေကောင်းက မရှိသလောက်။ သစ်ပင်ကြီးကြီး စိမ်းစိမ်းစိုစိုလည်းမရှိ။ လွင်တီးခေါင်မှာ ထန်းပင်အချို့သာ ထီးထီးမားမားရှိပါသည်။

သဲကျောက်မြေကျောက်တောင်ကြားက လှည်းလမ်းကလည်း

cLub 18
creative HOUSE



တော်တော် ဆိုးပါသည်။ သို့သော်လည်း ဤလမ်းဆိုးဆိုးကိုပင် အားကိုးပြီး မြောက်ဘက်လက်ရှိရွာများက အုန်းတောကို လာရသည်။ အုန်းတောမှာ သူတို့၏ ထွက်ပေါက်ဖြစ်သည်။

အုန်းတောမြောက်ဘက်လက်ရှိ ထန်းတောရွာမှာ ဒေါ်ခင်ရှိန်နေသည်။ ထန်းတောရွာနှင့်လေးငါးမိုင်သာဝေးသော စာရေးရွာမှာ ဦးသောင်းညွှန့်နေသည်။ သူတို့နှစ်ဦးဖူးစာဆုံပြီး ကိုခင်မောင်ဝင်းကို မွေးဖွားသည်။

ကိုခင်မောင်ဝင်းမှာ ယူဒီမော်တော်ကားထုတ်လုပ်ရေး၊ ယူဒီမီးစက်၊ ယူဒီကရိန်းဝန်ဆောင်မှု စသည့်လုပ်ငန်းကြီးများကို တည်ထောင်လုပ်ကိုင်နေသော ယူဒီဦးခင်မောင်ဝင်း ဖြစ်ပါသည်။

အမေနဲ့အမေ အိမ်ထောင်ကျပြီး မန္တလေးမြို့ကို ပြောင်းရွှေ့လာ ကြတယ်။ အဖေက ထင်ပေါ်ယာဉ်စက်မှုမှာ ရေဆေးဆိုးလိုက်ဘက်မှာ အလုပ်ဝင် လုပ်တယ်။ အမေက သန့်ရှင်းရေးပိုင်းမှာ ဝင်လုပ်တယ်။ အဖေတို့အမေတို့ ထင်ပေါ်ယာဉ်စက်မှုက ဝန်ထမ်းအိမ်ယာမှာနေခိုက် ၁၉၆၂ ခုမှာ ကျွန်တော့်ကို မွေးတယ်။ ကျွန်တော် အသက်လေးငါးခြောက်နှစ်အထိ ထင်ပေါ်မှာပဲနေကြ တာ။

အဖေက ရေဆေးဆိုးလိုက်ဘက်မှာလုပ်ရင်း အချိန်အားရတဲ့အခါမှာ စက်ပြင်တဲ့ဘက်ကို ဝင်လုပ်တော့ အကျွမ်းတဝင်ဖြစ်လာတယ်။ နောက်တော့ ရေဆေး ဆိုးလိုက်ဘက်ကနေ စက်ပြင်လုပ်ငန်းဘက် ဖြစ်သွားတယ်။

ကျွန်တော့်အသက်ခုနစ်နှစ်၊ ရှစ်နှစ်လောက်မှာ အဖေထင်ပေါ်ကို နှုတ် ထွက်ပြီး ကိုယ်ပိုင်လုပ်ငန်းထောင်တယ်။ စီးပွားရေးအဆင်ပြေပေမယ် အဖေ နဲ့အမေရဲ့ အိမ်ထောင်ရေးက အဆင်မပြေဖြစ်ပြီး လမ်းခွဲကြတယ်။

မိဘနှစ်ပါးလမ်းခွဲကြသောအချိန်မှာ ကိုခင်မောင်ဝင်း၏ ပညာရေးက တစ် ပိုင်းတစ်စ။ တစ်တန်းပဲရှိသေးသည်။ ကိုခင်မောင်ဝင်းက မိခင်နှင့်အတူ စစ်ကိုင်းမြို့နယ် ထန်းတောရွာသို့ လိုက်ပါသွားရသည်။ တစ်ခါတရံမှာမန္တလေးမြို့ ရှိအဒေါ်၏အိမ်သို့လိုက်နေသည်။ တစ်ခါတရံမှာ ဖခင်ဖြစ်သူထံသွားရှိနေ သည်။ ငါးတန်းအထိ စာမေးပွဲကို တစ်နှစ်တစ်တန်းအောင်မြင်ခဲ့သော်လည်း ကျောင်းက အတည်တကျမဟုတ်။ ငါးနှစ်ငါးကျောင်းပြောင်းနေခဲ့သည်။

ထိုအချိန်မှာ ရွာကအမေ၏ စီးပွားရေးအခြေအနေက ယိုယွင်း လာသည်။ ကိုယ်ပိုင်မြေယာလည်းမရှိတော့။ ကိုခင်မောင်ဝင်းက အမေဖြစ်သူနှင့် နီးတူ ပေါင်းဖက်လုပ်ကိုင်နေထိုင်သည်။

cLub 18
creative HOUSE

www.burmeseclassic.com

www.burmeseclassic.com



စားရေးသောက်ရေးက ခက်ခဲတယ်။ ဆန်ပြုတ်တောင်ဝအောင် သောက်နိုင်တဲ့ အနေအထားမရှိဘူး။ အမေနဲ့တောထဲလိုက်ပြီး ဆူးပုပ်ရွက်တို့ ကဆစ်သီးတို့ခူးပြီး အုန်းတောသွားရောင်းရတယ်။ အုန်းတောက အမေ့ရွာနဲ့ သုံးမိုင်လောက်ဝေးတယ်။

အဲဒီတုန်းက ကျွန်တော့်အသက်က ၁၂ နှစ် ၁၃ နှစ်လောက်ရှိပြီ။ သွားရောင်းလို့ပိုက်ဆံရရင် ဆန်ဝယ်တယ်။ ပိုက်ဆံမရရင်ပါလာတဲ့ ဟင်းသီးဟင်းရွက်ကို ရသလောက်ဆန်နဲ့လဲတယ်။ အိမ်မှာကျန်ရစ်တဲ့နှမလေးတွေ ကတော့ ကျွန်တော့်အပြန်ကို မိုက်ဆာဆာနဲ့ မျှော်ရင်းငိုနေကြတာပေါ့။ ကျွန်တော် ကလည်း သွားကတည်းကမှာခဲ့တာ။ ရေနွေးအိုးတည်ထားနှင့်ကြ။ ပြန်လာလို့ ထမင်းချက်လောက်အောင် ဆန်ပါလာရင် ထမင်းချက်တယ်။ နည်းရင် ဆန်ပြုတ် ပြုတ်သောက်တယ်။

အဲဒီအချိန်က ကျွန်တော်တို့မှာ ဆန်ပြုတ်တောင်ဝအောင် ပြုတ်သောက်နိုင်တဲ့ အနေအထားမရှိဘူး။ အဲဒီမှာ တော်လှန်ရေးစတော့တာပဲ။ နိုင်ငံရေး တော်လှန်ရေးမဟုတ်ဘူး။ ကိုယ့်ဘဝကိုယ်တော်လှန်ဖို့ တော်လှန်ရေး။ ဆင်းရဲ တော့ ဘယ်လိုကဘယ်လိုသတ္တိတွေ ထွက်လာသလဲမသိဘူး။ ဘာမဆိုအကုန် လုပ်မယ်။ ငွေရရင် ဘာမဆိုလုပ်မယ်ဆိုတာမျိုးတောင် ဖြစ်လာတယ်။

အဲဒီအချိန်မှာ ကျွန်တော်စာတွေအများကြီး ဖတ်ခဲ့တယ်။ စာထဲက တစ်ခုခုတော့ရမှာပဲ မျှော်မှန်းဖတ်တာ။ အမေကလည်း ရွာမှာမနေဘဲ မြို့သွားဖို့ ပြောတယ်။ မြို့သွားနိုင်အောင် ကြိုးစားပါတဲ့။

ကျွန်တော်ထင်းခုတ်တယ်။ ငုတ်တူးတယ်။ သစ်မြစ်တွေဖော်တယ်။ ရောင်း ပြီးပိုက်ဆံစုတယ်။ စုလို့ရတဲ့ပိုက်ဆံနဲ့ ပုဆိုးအသစ်နှစ်ထည်ဝယ်တယ်။ ဝယ်ပြီး တော့ ပိုက်ဆံ ၃၅ ကျပ်ပဲပိုတယ်။ သူများတွေမျောက်ပန်းလှန်၊ ကြက်တိုက်နေ ကြတဲ့အချိန်မှာ ကျွန်တော်နဲ့ သူငယ်ချင်း ညွန့်လှိုင်တို့က တောထဲသွားပြီး ငုတ် တူးထင်းခုတ်ကြတာ။

ကိုခင်မောင်ဝင်း မန္တလေးကိုတက်သွားချိန်မှာ သူဖခင်ဦးသောင်းညွှန့်၏ ကိုယ်ပိုင်ဝပ်ရှော့လုပ်ငန်းက ရပ်ဆိုင်းသွားပြီဖြစ်ပါသည်။ ကားပျက်သည့် နေရာသို့သွားပြီး လိုက်ပြင်ပေးသောအနေအထား။ ဝါယာရင်းတစ်ခုသာ ပြုပြင် သောအခြေအနေ။ ဖခင်နှင့်နှစ်ဝက်ခန့် ပညာသင်ယူလိုက်ရ ဝါယာရင်းပညာကို ကိုခင်မောင်ဝင်း သဘောပေါက်သွားသည်။

မန္တလေးမြို့ လမ်း ၂၀ ရှိဆရာကြီး ဦးဖေသန်း၏ ဝပ်ရှော့သို့ရောက်စဉ် ဆရာ့ဆီမှာ ပညာသင်ဖို့ခေါ်သည့်အတွက် ၁၉၇၇ ခုနှစ်၊ ကိုခင်မောင်ဝင်း အသက်





နှစ်တွင် ဆရာဦးဖေသန်းဝပ်ရှော့မှာ ပညာသင်အလုပ်စဝင်သည်။

ဆရာ့ဆီမှာ နေ့နေ့ညည အလုပ်လုပ်တယ်။ အလုပ်လုပ်ရင်း ပိုတဲ့အချိန် တွေ ဘယ်လိုအသုံးချမလဲစဉ်းစားတယ်။ ကျွန်တော်မျှော်မှန်းချက်တွေအတွက် လိုမယ်ထင်တဲ့ နည်းပညာတွေ၊ အချက်အလက်တွေ အားလုံး လိုက်စုတယ်။

ကျွန်တော်မျှော်မှန်းထားတဲ့ လမ်းကြောင်းကိုသွားဖို့ဆိုရင် ငွေလည်း လိုမယ်၊ အတတ်ပညာတစ်ခုခုလည်း လိုမှာပဲ။ ကိုယ်ခံပညာလည်း တတ်ချင်တယ်။ ဂီတနဲ့ပတ်သက်လို့လည်း တတ်ဖို့လိုမှာပဲ၊ Language တစ်ခုခုလည်း တတ်ထားဖို့ လိုသေးတာပဲ။ အင်္ဂလိပ်စကားသင်တယ်။

မနက် ၅:၀၀ နာရီဆို ကျွန်တော်အိပ်ရာကထတယ်။ ကရာတေး သွားသင်တယ်။ ၇:၀၀ နာရီဆို အလုပ်ခွင်ပြန်ရောက်ပြီ။ အဲဒီအချိန်မှာ ကျွန်တော့် လုပ်ဖော်ကိုင်ဖက်အချို့က အိပ်ရာတောင်မထသေးဘူး။ ကျွန်တော်က လိုချင် တာရခဲ့ပြီ။ အလုပ်ရုံပြန်ရောက်တော့ ကျွန်တော်လုပ်သင့်တဲ့ အလုပ်တွေဖြစ်တဲ့ တံမြက်စည်းလှဲတာ၊ ရေဖြည့်တာတွေ ကျွန်တော်လုပ်ပြီးပြီ။ မကြာခင်မှာ ဆရာ ကြီးရောက်လာပြီး လုပ်ငန်းစကြတယ်။

အလုပ်တွေအများကြီးလုပ်ရတယ်။ ပင်ပန်းတာပေါ့။ သူများက ငြီးငြူ နေ တဲ့အချိန်မှာ ကျွန်တော်က ကိုယ့်စိတ်ကိုထားတတ်တော့ မပင်ပန်းဘူး။ ရေ သယ်ရတာသူလည်း နှစ်ပုံး ကိုယ်လည်းနှစ်ပုံး။ သူတို့က ရေပုံးကြီးတွေ သွား ခပ်ရတာ ပင်ပန်းလိုက်တာကွာတဲ့။ ကျွန်တော်က တို့ဝလတောင့်အောင် လေ့ ကျင့်နေတာလို့ မြင်လိုက်တယ်။ ရေပုံးကို သူတို့က ဆောင့်ချတယ်။ ကျွန်တော်က သက်သောင့်သက်သာချတယ်။ ရေခပ်ရတာပေမယ့် ဒါဟာ ကျန်းမာရေးကောင်းအောင် လေ့ကျင့်တဲ့လေ့ကျင့်ခန်းတစ်မျိုးပဲလို့စိတ်ထားတယ်။ ဒုက္ခ ဒါမှမဟုတ် အခက်အခဲကို အမြင်ပြောင်းလိုက်တာနဲ့ ဒုက္ခဟာဘဝ အောင်မြင်မှုအတွက် ရင်းနှီးမြှုပ်နှံမှုလို့ မြင်လိုက်တာနဲ့ အဆင်ပြေသွားတယ်။

ကိုခင်မောင်ဝင်းက ဆရာ့ဆီမှာ ပညာသင်နိုက် အခြားသူတွေ ဝပ်ရှော့ အလုပ်ကို ရှစ်နာရီလုပ်က သူကဆယ်နာရီလုပ်ဖို့ အလုပ်အပ်ရှာဖွေသည်။ ပညာကို အချိန်တိုတိုဖြင့် မြန်မြန်တတ်ချင်သဖြင့် အလုပ်ကိုရှာလုပ်သည်။

ပညာကို အငမ်းမရရှာသည်။ စက်ပြင်လုပ်ငန်းနှင့်ပတ်သက်ပြီး ဘိုးသက္ကကြီးရေးသည့် စက်ပြင်လက်စွဲစာအုပ်ကို ခေါင်းအုံးဘေးမှာ အမြဲထား ပြီး အချိန်ရတိုင်း ဖတ်ရှုနေသဖြင့် အပေါင်းအသင်းတွေက သူ့ကို နာမည်ရင်း မခေါ်တော့ဘဲ ဘိုးသက္ကဟု ခေါ်ကြသည်။ ကိုခင်မောင်ဝင်းက စာအုပ်ထဲက



www.burmeseclassic.com

www.burmeseclassic.com



နည်းပညာတွေကို လက်တွေ့ဖြင့်ပေါင်းစပ်ကြည့်သည်။

အဲဒီအချိန်က အင်ဂျင်ဗိုင်က ယခုလို ဗီပါကြီးတွေ၊ ပုံးနဲ့တံဆိပ်နဲ့ စနစ်တကျလာသေးတာမဟုတ်ဘူး။ တွေ့ရာကြုံရာကနေ ဝယ်ထည့်ရတာ။ အဲဒီအထဲမှာ ချက်ဆီလိုမကောင်းတဲ့ အင်ဂျင်ဗိုင်ပါလာရင် ကားတွေတောင်ပေါ် တက်တဲ့အခါ ပျက်ပျက်သွားတယ်။

အင်ဂျင်ဗိုင်နဲ့ပတ်သက်ပြီး ကျွန်တော်သုတေသန လုပ်ကြည့်တယ်။ အင်ဂျင်ဗိုင်ရောက်တာနဲ့အနံ့ကို နမ်းကြည့်တယ်။ အင်ဂျင်ဗိုင်ထဲ တုတ်ချောင်းကို နှစ်ကြည့်ပြီး ပြန်နှုတ်၊ ဘယ်နှစ်စက်ကျလဲ၊ အင်ဂျင်ဗိုင်ကို မီးဖိုပေါ်မှာတင် အပူချိန်ဘယ်လောက်မှာ ကျဲသွားတယ်။ ရေခဲသေတ္တာထဲထည့်ကြည့်တဲ့အခါ ဘယ်ကောင်ကခဲတယ်၊ ဘယ်ကောင်က မခဲဘူး။ အမြဲတမ်းစမ်းကြည့်နေတာ ဆရာကြီးကတွေ့သွားတယ်။ ကားတစ်စီးအင်ဂျင်ဗိုင်လဲရတော့မယ်ဆိုရင် ဆရာက ကျွန်တော့်ကိုပြတယ်။ ဒီအင်ဂျင်ဗိုင်ဖြင့်ကောင်းတယ်၊ ဒီဟာဖြင့်မကောင်းဘူးစသဖြင့် အကြမ်းအားဖြင့် တိုင်ပင်နိုးနှောဖော်ဖြစ်လာတယ်။ အင်ဂျင်ဗိုင်နဲ့ပတ်သက်ရင် ကျွန်တော်တော်တော်သိလာတယ်။

ဆရာ့ဆီမှာ အလုပ်လုပ်တာ တစ်နှစ်ခွဲလောက်နေတော့ အလုပ်ကိုမယိနိုက်စေရပါဘူး။ ဝပ်ရှော့မှာ အင်ဂျင်ဗိုင်ရောင်းပါရစေ ခွင့်တောင်းတယ်။ ဆရာကလည်း ခွင့်ပြုတယ်။ ဆရာ့ ဝပ်ရှော့မှာကောင်းတဲ့အင်ဂျင်ဗိုင်ရတယ်လို့ ဖြစ်လာတော့ ဆရာက ကျွန်တော့်အလုပ် ကျွန်တော်လုပ်နေတာလို့မမြင်ဘဲ ကျွန်တော်က သူ့အလုပ်လုပ်တာလို့တောင် မြင်လာတယ်။

ဝပ်ရှော့အလုပ်လုပ်သည့်အတွက် ဆရာဦးဖေသန်းက မုန့်ဖိုးအဖြစ် တစ်လ ၂၅ ကျပ်ပေးသည်။ ကိုခင်မောင်ဝင်း အင်ဂျင်ဗိုင်ရောင်းလို့ရတဲ့ အမြတ်ဝင်ငွေက တစ်လ ကျပ် ၃၀၀ ခန့်ဖြစ်လာသည်။

ကိုခင်မောင်ဝင်းသွားဖို့ ရည်မှန်းထားသောအရာများထဲမှာ အတတ်ပညာလည်းပါသကဲ့သို့ ငွေလည်းပါသည်။ မိတ်ဆွေအပေါင်းအသင်းလည်း ပါသည်။ အင်ဂျင်ဗိုင်ရောင်းရာမှ ရသည့်ငွေများကို ကိုခင်မောင်ဝင်းက စုဆောင်းထားပြီး ငွေတိုးပွားလာရန် နည်းလမ်းရှာသည်။ ထန်းတောရွာသို့ ပြန်ပြီး ငွေကိုသူ့မိခင် အပ်ပါသည်။ နွားတွေဝယ်မွေးသည်။ စုဆောင်းမိသောငွေကို တိုးပွားအောင် နည်းလမ်းရှာပြီး ကုန်ထုတ်လုပ်ငန်းတစ်ခုလုပ်ဖို့သူ စဉ်းစားပါသည်။

ကိုခင်မောင်ဝင်းက ဂီတာတီးသင်တန်းလည်း တက်သည်။ ညချမ်းချိန်





ခါမှာ ဝပ်ရှော့သို့ ကားလာပြင်သည့်ကားသမားများ၊ ဝပ်ရှော့လုပ်ဖော်ကိုင်ဖက် များ၊ အပေါင်းအသင်းသူငယ်ချင်းများက သူ့ကိုဂီတာတီးနိုင်းသည်။ သီချင်းဆို ကြသည်။ အဲသည်အသိုင်းအဝိုင်းများအတွင်းမှာ ကိုခင်မောင်ဝင်းနေရာလေး တစ်ခုရလာသည်။ မိတ်ဆွေအပေါင်းအသင်းလည်း များလာပါသည်။

ဆရာ့ဝပ်ရှော့မှာ အလုပ်သင်အလုပ်လုပ်ရင်း လုပ်ငန်းခွင်ထဲမှာ မည်သည့်ပစ္စည်းမျိုးက ရှားပါးပြီး ဝယ်ယူရခက်ကြောင်း၊ မည်သည့်ပစ္စည်းမျိုးက အချိန် မရွေးလိုအပ်နေကြောင်း သတိထားကြည့်သော ကိုခင်မောင်ဝင်းက သိမြင်လာသည်။

အဲဒီအချိန်က အသုံးများတဲ့ တီအီးအလဲဗင်းကားကြီးတွေရဲ့ လေလှောင်အိုးထဲမှာ သတ်မှတ်ထားတဲ့လေပေါင်ထက်ပိုတဲ့အခါ ရီတန်း (return) ပြန်ထုတ်ရတယ်။ ဖြီးဖြီးနဲ့။ ဆေ့ဖတီးဘား (safety bar) ဆိုတာနဲ့ ထိန်းထားတယ်။ ပျက်ရင်ဘားအလွတ်က ဝယ်မရဘူး။ ဘားအစုံလိုက်က တစ်ထောင့်ငါးရာ၊ တစ်ထောင့်ခြောက်ရာလောက်ရှိတယ်။ ဒီရာဘာဘားလေးလိုလို့ အစုံလိုက်ဝယ် ရတာ။ အုံမှာတွေက ဒီငွေကို သိပ်မသုံးချင်ဘူး။

ဈေးကွက်လိုအပ်ချက်ကိုသိတော့ ဒီဘားလေးလုပ် ရောင်းရင်ရတယ် ဆိုတာ ကျွန်တော်သိပြီ။ ဘားကကြေးကွင်းကလေး။ ရာဘာဖြည့်ထည့် သိပ်ထားတာကို စမ်းလုပ်ကြည့်တယ်။ ရာဘာလုပ်တဲ့လုပ်ငန်း ကျွမ်းကျင်သူ တစ်ယောက်ကိုတွေ့ချင်တယ်။ ကားပစ္စည်းဆိုင်တွေကိုသွားပြီး စုံစမ်းတယ်။ တချို့ကလည်း မသိဘူး။ တချို့ကတော့ ရန်ကုန်မှာ ဝါးတားဗိုက်လုပ်တာရှိတယ် ပြောတယ်။ အလုပ်များတဲ့ရက် ရန်ကုန်သွားစုံစမ်းပေမယ့် မတွေ့ခဲ့ရဘူး။ မန္တလေးပြန်ရောက်လို့ စုံစမ်းတော့ ရာဘာလုပ်တဲ့အဘိုးကြီးတစ်ယောက်ကို သွားတွေ့တယ်။ တစ်ခု ဘယ်လောက်ကျသလဲမေးတော့ နှစ်ကျပ်ကျတယ်တဲ့။ ဒါနဲ့နှစ်ကျပ်ခွဲယူပါလို့ ပေးလိုက်တယ်။ ဘာကြောင့်သူတောင်းတာထက် ကျွန်တော်တိုးပေးရသလဲဆို ရင်အဲဒီလုပ်ငန်းကို သူစိတ်ဝင်စားစေချင်တယ်။

ဘားတစ်ခုအတွက် တွင်ခုံမှာ သတ္တုခုတ်တာ၊ ရာဘာဖြည့်ထည့်တာ အား လုံးစရိတ်စက ငါးကျပ်သာကျသည်။ ရောင်းသည့်အခါ ကိုခင်မောင်ဝင်း ၁၂၅ ကျပ်ရသည်။ ဆိုင်တွေက သည်ပစ္စည်းမျိုး သိပ်လိုချင်နေသည်။

နောက်လကျတော့ ဆိုင်ကိုအစုံ ၂၀ သွားပေးတယ်။ ကျွန်တော်က တစ်လ တစ်လကို အစုံ ၂၀ ပဲ ပေးတယ်။ သူရောင်းလို့ ကုန်တဲ့နှုန်းကို ကြည့်ပြန်တော့လည်း အစုံ ၂၀လောက်ပဲရှိတယ်။ ဈေးကွက်က လိုနေသလောက်



www.burmeseclassic.com

www.burmeseclassic.com



သာ ကျွန်တော်ကထုတ်ပေးတော့ ကျွန်တော်ပစ္စည်းတန်ဖိုးလည်း မကျတော့ဘူး။ ကျွန်တော့်ပစ္စည်းရဲ့ အမြတ်ရာခိုင်နှုန်းက သိပ်ကိုကြီးနေတယ်။

တောင်ပေါ်လမ်းများမှာ ကားတွေ ဘရိတ်ပေါက်ပြီး ချောက်ထဲသို့ ထိုးကျ တတ်သည်။ ဘာကြောင့် ဘရိတ်ပေါက်တာလဲ။ ကိုခင်မောင်ဝင်းက ချောက်ထဲကျသွားသောကားကို ခက်ခက်ခဲခဲဆင်းကြည့်သည်။ ကားကို တစ်စစီဖြုတ်ပြီး လေ့လာသည်။

ကားဘရိတ်မှာ လိုင်နာကုန်သွားသည့်အခါ ဒရမ်ကကျယ်နေသဖြင့် ပစ္စတင်အပြင်ထွက်ပြီး ဘရိတ်ပေါက်သော သဘာဝကို ကိုခင်မောင်ဝင်းတွေ့ သည်။ ဘရိတ်အိုးကို သူ့ပုံမှန်ထက် အနည်းငယ်ရှည်အောင်လုပ်သည့်အခါ ပစ္စတင်၏အပြင်သို့မထွက်တော့ဘဲ ဘရိတ်မပေါက်တော့။ ဒီဇိုင်းသစ်ကိုထွင် ပြီး တွင်ခုံ၊ သံအရည်ကျိုလောင်းသည့်ရုံတို့မှာ လုပ်သည်။ ဘရိတ်အိုးတစ်လုံး ငါးဆယ်ကျသည်။

လုပ်ပြီးလို့ ကားပစ္စည်းရောင်းတဲ့ ဦးသိန်းထွန်းကို သွားပြတော့ ဒါမျိုးတွေ လိုနေတာပဲ၊ ဘယ်ကရသလဲမေးပါတယ်။ ကျွန်တော်လုပ်တယ်။ မန္တလေးက လုပ်တယ်လို့ပြောရင် ယုံကြည်မှုနည်းပြီး သုံးမှာမဟုတ်ဘူး။ ဒါကြောင့်အစပိုင်းမှာ ကျွန်တော်လုပ်တယ်မပြောဘူး။ သူတို့အသုံးပြုကြည့်ပြီး လက်ခံသွားပြီဆိုတော့ ကျွန်တော်လုပ်တာပါ။ သုံးရတာအခက်အခဲရှိသလား မေးတယ်။ သူတို့ ကလည်း သုံးရတာအဆင်ပြေတယ်။ ဆက်လုပ်ပေးပါမှာတယ်။

ဘရိတ်အိုးတစ်လုံးကို ၁၂၅ ကျပ်နဲ့ ဦးသိန်းထွန်းဆိုင်ပို့ရတယ်။ ကျွန်တော်က တိုက်ရိုက်ရောင်းတဲ့စနစ်မလုပ်ဘူး။ ကျွန်တော်တို့ ဝပ်ရှော့ကိုလာရင် ဒီလို ဘရိတ်အိုးလေးတွေရှိပါတယ်ဆိုတာ မိတ်ဆက်ပေးတယ်။ ကားဆရာတွေက အကုန်လဲတော့တာပဲ။

လဲမယ်ဆိုတဲ့ ကားဆရာတွေကို ဦးသိန်းထွန်းဆီ ကျွန်တော် လိုက်ပြတယ်။ ၁၅၀နဲ့ဝယ်တယ်။ ဦးသိန်းထွန်းက မင်းတိုက်ရိုက်မရောင်းဘူးလား မေးတယ်။ ကျွန်တော့်ပစ္စည်းရောင်းရင် မြတ်တယ်ဆိုတာ သူ့ခေါင်းထဲဝင်ဖို့ အရေးကြီးတယ်။

ကိုခင်မောင်ဝင်း ဝပ်ရှော့အလုပ်သင် အလုပ်သမားအဖြစ်ရသော လခနှင့်သူတို့ထွင် ရောင်းချသောပစ္စည်းများမှရသည့် အမြတ်ဝင်ငွေမှာ အလွန် ကွာခြားသည်။ သို့သော် ဆရာဦးဖေသန်းဝပ်ရှော့မှာ ကိုးနှစ်ကျော် ကြာအောင် သူ ဆက်ပြီးလုပ်သည်။ သည့်နောက်တွင် ကိုယ်ပိုင်လုပ်ငန်းရှင် အဖြစ်သို့





ကူးပြောင်းရန် သူဆုံးဖြတ်သည်။

ဆရာဦးဖေသန်းကို နောက်ခြောက်လနေပါက လုပ်ငန်းသီးခြား ခွဲပါရစေဟု ခွင့်တောင်းရာ ဆရာက ကြည်ကြည်ဖြူဖြူခွင့်ပြုသည်။ ၁၉၈၇ ခုနှစ်တွင် ကိုခင်မောင်ဝင်းကိုယ်ပိုင်ဝပ်ရှော့ကို စထူထောင်သည်။

ကျွန်တော်အသက် ၁၄၊ ၁၅၊ ၁၆ နှစ်မှာ ကျွန်တော့်ဘဝအတွက် စံပြပုဂ္ဂိုလ်က ကျွန်တော့်အဖေ။ အဲဒီအရွယ်မှာ ကျွန်တော်တို့ရဲ့ role မော်ဒယ်တွေ က ဘယ်သူတွေလဲဆိုတာ အရေးကြီးတယ်။

ကျွန်တော်မွေးကတည်းက ထင်ပေါ်ယာဉ်စက်မှုလုပ်ငန်းမှာ ကျွန်တော့် အဖေ၊ ကျွန်တော့်အဖေရဲ့ဆရာ သူတို့တွေ ကားပြင်ဆင်နေတဲ့ လုပ်ငန်းခွင်ကို မြင်ခဲ့ရတယ်။ အခြားကလေးတွေနဲ့ယှဉ်ရင် ကျွန်တော်က ဒီလောကသားမို့ ဒါကိုပိုသိတယ်။ ကျွန်တော်ဒီလောကကို ရောက်လာတာ ပတ်ဝန်းကျင်ကြောင့် ပဲလို့ ပြောရမယ်။

အဲဒီအချိန်မှာ ဆောက်လုပ်ရေးလုပ်ငန်းတွေထဲ ကျွန်တော်ရောက်နေရင်၊ အတုယူစရာအားကျစရာ လူတွေ့ခဲ့ရင် ကျွန်တော်ဆောက်လုပ်ရေးလောက သားဖြစ်နေမှာပဲ။

၁၉၈၇ ခုနှစ်မှာ နေရာတစ်နေရာကို ငှားရမ်းပြီး ယူဒီဦးခင်မောင်ဝင်း ကိုယ် ပိုင်ဝပ်ရှော့စဖွင့်သည်။ ထိုစဉ်ကသူ့အသက်မှာ အစိတ်သာရှိသေးသည်။ အသက်အစိတ်နှင့်ကိုယ်ပိုင်လုပ်ငန်းရှင် ဖြစ်လာသည်။

၁၉၉၀ ပြည့်နှစ်တွင် မန္တလေးမြို့မြောက်ပြင်၌ နေရာတစ်နေရာ ကိုယ်ပိုင် ဝယ်ယူပြီး ဝပ်ရှော့ကိုအခြေချသည်။ လှေပြေးစတွင် တက်ကြိုးသလို ဝပ်ရှော့ အရှိန်ရခါစတစ်နှစ်အကြာ ၁၉၉၁ ခုနှစ်မှာမြို့တွင်းက စက်မှုလက်မှု လုပ်ငန်းများ မြို့ပြင်စက်မှုဇုန်သို့ ရွှေ့ပြောင်းရမည်ဆိုသည့်အခြေအနေဖြစ်လာ သည်။

ယူဒီဦးခင်မောင်ဝင်း စက်မှုဇုန်လုပ်မည့်နေရာကို သွားကြည့်၏။ ရွံ့တောနွံတောလယ်ကွင်းပြင်။ လွင်တီးခေါင်မှာ နားခိုစရာအရိပ်မရှိ။

ယူဒီဦးခင်မောင်ဝင်းက သူရွှေ့ပြောင်းရမည့်နေရာတွင် တဲထိုး လိုက်သည်။ သည်တော့သူ့နေရာက အများနားခိုစရာ စုဆုံရာနေရာ ဖြစ်လာသည်။ သောက်ရေသန့်ဘူးတွေ အချိုရည်ဘူးတွေ သူသယ်လာပြီး ရောင်းချသည်။

စက်မှုဇုန်ကို ရွှေ့ပြောင်းခါစ အခြေမကျမီမှာ အချို့ကလယ်တော ရွံ့တောကို မပြောင်းတော့ဘဲရသည့်နေရာကို ပြန်ရောင်းဖို့ စိတ်ကူးသည်။ အချို့က



www.burmeseclassic.com

www.burmeseclassic.com



ရွှေရမည့်အတူတူ နေရာကျယ်ကျယ် ထပ်ဝယ်ချင် သူလည်းရှိသည်။ လိုအပ်ချက်များကို မြင်တွေ့သော ယူဒီဦးခင်မောင်ဝင်းက မြေယာဝယ်ရောင်း လုပ်ငန်းပါ လုပ်သည်။ ရေအခက်အခဲရှိကြတာမြင်တော့ အဝီစိတွင်းတူးသည့် အလုပ်လည်းသူလုပ်သည်။

ဒါတွေကို ကျွန်တော်ကိုယ်တိုင် သွားထိုင်ပြီး လုပ်တာမဟုတ်ဘူး။ စိတ်ချ ရတဲ့လူတစ်ယောက်ကို မန်နေဂျာအဖြစ် ထားလိုက်တယ်။ သူ့ကိုကျေနပ်လောက်တဲ့ Percentage(ရာခိုင်နှုန်း) ကျွန်တော်ခွဲပေးတယ်။ သူက ညကျရင် စာရင်းဇယားတွေနဲ့ ကျွန်တော့်ဆီလာတယ်။ သူတစ်နေကုန်လုပ်တဲ့ အလုပ် က ကျွန်တော်တစ်နေကုန်လုပ်သလိုပဲ။ ကျွန်တော်မြို့သစ်မှာ တစ်နေကုန် သွား ထိုင်ပြီး လုပ်စရာမလိုဘူး။

တစ်နေ့နှစ်ကြိမ်ပဲ ကျွန်တော်ထမင်းစားတယ်။ ထမင်းနှစ်ကြိမ်ပဲစားပြီး စက်ပြင်လုပ်ငန်းလုပ်တယ်။ စက်ပြင်လုပ်ငန်းလုပ်နေရာက နောက်ထပ်လုပ်ငန်း တစ်ခု တိုးချဲ့လုပ်တယ်။ ထမင်းကတော့ နှစ်ကြိမ်ပဲစားရတာပဲ။ ပထမလုပ်ငန်း တစ်ခုတည်းလုပ်တုန်းက ရတဲ့ဝင်ငွေ၊ စားသောက်စရိတ်ကုန်တဲ့ငွေရှိတယ်။ ဒုတိယလုပ်ငန်း တစ်ခုတိုးချဲ့တော့ ဝင်ငွေကပိုလာတယ်။စားဖို့သောက်ဖို့အတွက် ငွေထပ်မကုန်တော့ဘူး။ ဒုတိယလုပ်ငန်းက net profit(အသားတင်အမြတ်ငွေ) ဖြစ်လာတယ်။ နည်းနည်းပိုလုပ်လို့ပိုပြီးထွက်လာတာ။ profit(အမြတ်ငွေ) မှာ အရမ်းမြင့်တာ၊ သုံးခု၊ လေးခု၊ ငါးခု၊ ကိုးခု၊ ဆယ်ခုများများလုပ်တာ မဆိုးဘူးလို့ သိလာတယ်။

ယနေ့ ယူဒီမော်တော်ကား စက်ရုံကိုသွားပြီး လေ့လာကြည့်ရှုမည် ဆိုပါက ကားတွေအများကြီး assembly လိုင်းစနစ်ဖြင့် တန်းစီ ထုတ်လုပ်နေသည်ကို တစ်မျှော်တစ်ခေါ်မြင်ရနိုင်ပါသည်။

ကားထုတ်လုပ်မှုလုပ်ငန်းကို နိုင်ငံတကာအဆင့်သို့ မြှင့်တင်ဖို့ ရှန်ဟဲက ဂျင်နရယ်မော်တာလို အဆင့်မီစက်ရုံကြီးများအထိ သူသွားပြီးကြည့်ရှုခဲ့သည်။

သူ့ကိုယ်ပွားများက သူ့လုပ်ငန်းခွဲတွေကို စနစ်တကျ ကြပ်မတ်လုပ်ဆောင်နေသည်။ အလယ်တန်းပညာမျှသာ ကျောင်းစာသင်ယူခဲ့သူ ယူဒီဦးခင်မောင်ဝင်း၏ လုပ်ငန်းခွင်များမှာ ကွန်ပျူတာကွန်ရက် ချိတ်ဆက်ထားသည်။ သူ့လက်ပ်တော့ ခရီးဆောင်ကွန်ပျူတာထဲမှာနိုင်ငံတကာက နောက်ဆုံးပေါ်ကား ဒီဇိုင်းတွေရှိနေသည်။ ယူဒီဦးခင်မောင်ဝင်းကို ကြည့်လိုက်လျှင် အချိန်နှင့်အမျှ အလုပ်ကြိုးစားနေသည်။ သူ့အသိအမြင် အတွေးအခေါ်တွေက





အချိန်နှင့်အမျှ အလုပ်ကြိုးစားနေသည်။ သူ့အသိအမြင် အတွေးအခေါ်တွေက ရှေ့တန်းမှာ ရောက်နေသည်။

အသိအမြင်အတွေးအခေါ်တွေကို အမြဲတမ်းပဲ up grade(အဆင့်မြှင့်တင်မှု) ကျွန်တော်လုပ်နေရတယ်။ အသက် ၁၉ နှစ်၊ နှစ် ၂၀ တုန်းက အသိအမြင်နဲ့ ကနေ့ပြောရအံ့မဝင်နိုင်ဘူး။ ခေတ်နဲ့အညီ ခေတ်မီအောင် ကြိုးစားလိုက်ရတာပဲ။

လိုက်ရတာပင်ပန်းသလားမေးရင်တော့ ခုမှစလိုက်ရတာမဟုတ်ဘူး။ နေ့စဉ်လိုက်နေတာမို့ အလျဉ်ရနေပြီ။ ပင်ပန်းတယ်မရှိဘူး။ ကြိုးစားလုပ်တယ်ဆိုတာကလည်းသူများထက်နည်းနည်းလေးပဲ ပိုလုပ်ရတာပါ။

ပြိုင်ပွဲတစ်ခုမှာ မြင်းတွေကွင်းကို ပတ်ပြေးရာမှာ ဆုရတဲ့မြင်းရောဆုမရတဲ့မြင်းရော ပင်ပင်ပန်းပန်းပြေးရတာပဲ။ ဆုရတဲ့ မြင်းနဲ့ဆုမရတဲ့ မြင်းနဲ့ အချိန်ခြင်းကွာလည်း စက္ကန့်ပိုင်းပဲ။ နည်းနည်းလေးပိုကြိုးစားရတာ။ မကြိုးစားတဲ့လူလည်း မောတော့မောတာပဲ။ မောပြီးဆုမရဘူး။ နှာတစ်မျှားနောက်ကျလို့ ဆုမရတာ။

သက်တမ်းတစ်လျှောက်လုံးမှာ နည်းနည်းပိုကြိုးစားပြီး အကျိုးပိုခံစားရတော့ ကျွန်တော်ဟာ သူများထက်နည်းနည်းပိုကြိုးစားလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



## လေယာဉ်မှူးကြီး သန်းအောင်လတ်



### ကိုယ်ရေးရာဇဝင်အကျဉ်း

အမည်ရင်း သန်းအောင်လတ်၊ အဖ ဦးတင်လတ် (ကွယ်လွန်)၊ အမိ ဒေါ်ညွန့်စိန် တို့မှ ၁၉၅၄ ခု နိုဝင်ဘာလ ၂၇ ရက်နေ့တွင်မိတ္ထီလာမြို့၌ဖွားမြင်သည်။ ၁၉၇၀ပြည့်နှစ်တွင်မိတ္ထီလာ အထက(၁)မှ ဆယ်တန်း အောင်မြင်ပြီး ရန်ကုန်စက်မှု တက္ကသိုလ်သို့တက်ရောက်ပညာသင်ကြားခဲ့သည်။ သို့ရာတွင် လေသူရဲဖြစ်လိုစိတ် ပြင်းပျသူဖြစ်၍ ၁၉၇၁ခု ဇန်နဝါရီလတွင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အပတ်စဉ်(၁၆)သို့ပြောင်းရွှေ့၍ပညာသင်ကြားခဲ့သည်။ ၁၉၇၅ခု အမှတ်စဉ် (၃၇) လေယာဉ်မောင်းသင်တန်းတွင် Best Ground ဆုရရှိခဲ့သည်။ တပ်မတော်လေတွင် တာဝန်ထမ်း ဆောင်စဉ် ၁၉၈၄ခုနှစ်၌ အမေရိကန် နိုင်ငံသို့ ပညာတော်သင် စေလွှတ်ခြင်း ခံခဲ့ရသည်။ ထိုနှစ်မှာပင် မြို့ပြ လေယာဉ်မှူး လိုင်စင်သင်တန်း Airline Transport Pilot Licence (ATPL) ကိုရရှိခဲ့သည်။ ၁၉၈၆တွင် အမှတ်စဉ် (၂၆) လေယာဉ်မောင်းနည်းပြဆရာ သင်တန်း၌လည်း Best Qualified Flying Instructor ဆုရရှိခဲ့သည်။ ၁၉၈၇ ခုနှစ်တွင်အမေရိကန်ပြည်ထောင်စုသို့ UH-1 Instrument and Instructor Course တက်ရောက်ရန် ရွေးချယ်စေလွှတ်ခြင်း ခံရသည်။ တပ်မတော်လေတွင်နှစ်နှစ်ဆယ်ကြာတာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ၁၉၉၄ခုနှစ်မှ ၂၀၀၅ခုနှစ်အထိ မြန်မာ့လေကြောင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၆ ခုနှစ် ဧပြီတွင် မလေးရှားနိုင်ငံ လန်ကာဝီကျွန်းတွင် ဖွင့်လှစ်ထားသော Halim Mazmim Groupပိုင် HM Aerospace Sendlrian Berhad မြို့ပြလေယာဉ်မောင်း သင်တန်းကျောင်းတွင် ပထမဆုံး မြန်မာ လေယာဉ်မောင်း နည်းပြဆရာအဖြစ် လုပ်ကိုင်ခဲ့သည်။ ယခုအခါ Senior Flying Instructor & DCA Approved Examinerအဖြစ် တာဝန်ထမ်း လျှက်မိသားစုနှင့်အတူ မလေးရှားနိုင်ငံတွင် နေထိုင်လျှက်ရှိသည်။



ကိုယ်တို့တိုင်းပြည်
ကမ္ဘာ့အဆင့်ရောက်ဖို့ဆိုရင်
သုံးစွဲရမယ့်
တစ်ခုတည်းသော
သော့ချက်ကြီးက
ကြောက်ရွံ့မှုတွေ
ပျောက်အောင်လုပ်ပြီး
အကောင်းဆုံးပညာရေး
အဆင့်အတန်းမှီအောင်လုပ်ဖို့ပါ။
ဒါကလွဲပြီး
ဘာမှမရှိပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



# အပြည်ပြည်ဆိုင်ရာကောင်းကင်ယံကပဲ့ကိုင်ရှင်

**မောင်အောင်နိုင်**



မြန်မာနိုင်ငံမှာ လေယာဉ်မှူးချုပ်အဆင့်အထိ အလုပ်လုပ်ခဲ့ပြီး လက်ရှိအချိန်မှာ မလေးရှားက လေယာဉ်မှူးတွေမွေးထုတ်သောကျောင်းက နည်းပြသင်တန်းမှူးကြီးတစ်ယောက်အဖြစ် တာဝန်ထမ်းဆောင်နေတဲ့ ကပ္ပတိန်သန်းအောင်လတ်ကတော့ e-mail နဲ့ အမေးအဖြေတွေလုပ်ကြရင်းနဲ့တောင် သူ့ရဲ့ရိုးရှင်းမှုနဲ့ စံပြပုဂ္ဂိုလ်တွေကိုအားကျစိတ်၊ စံပြပုဂ္ဂိုလ်တွေလို ကျင့်ကြံနေထိုင်လိုတဲ့ ဆန္ဒတွေကိုအရှင်းသား မြင်နေရပါတယ်။ နိုင်ငံရပ်ခြားမှာ တာဝန်ကြီးကြီး ယူရသူတွေရဲ့ သဘာဝအတိုင်း ကိုယ်ပိုင်အချိန်ရှားပါးသူပါ။ သူ့ရဲ့ နည်းပါးတဲ့ ကိုယ်ပိုင်အချိန့်ထဲက ဒီစာအုပ်အတွက် ပို့လိုက်တဲ့မေးခွန်းတွေကို စိတ်ရှည်ရှည်နဲ့ ဖြေကြား ပြောပြပေးလာခဲ့လို့ လေယာဉ်မှူးကြီး (ဦး)သန်းအောင်လတ်ကို အထူး ကျေးဇူးတင်ရမှာပါ။ မေးဖြစ်ခဲ့တာတွေနဲ့ ရှင်းလင်းတိကျတဲ့ အဖြေတွေကို ဆက်ကြည့်ကြပါစို့။

cLub 18
creative HOUSE



**ငယ်ဘဝက ရည်မှန်းချက်**

မိတ္ထီလာမှာမွေးပြီး ကြီးပြင်းခဲ့သူတစ်ယောက်ဆိုတော့ ငယ်စဉ်ကတည်းက လေယာဉ်ပျံတွေနဲ့ရင်းနှီးခဲ့တာကို ညီလေးသိပြီးသားဖြစ်မှာပါ။ ၁၉၅၀ ပြည့်လွန်နှစ်တွေလောက်တုန်းက 'လေတပ်နေ့' အခမ်းအနားကို အခုမြေပြင်အတတ်သင်လေတပ်စခန်းနေရာနားမှာ ကျင်းပခဲ့တယ်။ လေယာဉ်မျိုးစုံ အလှပြအနိမ့်ပျံသန်းမှုတွေကို ကြည့်ခဲ့ရပြီး ပျံသန်းတဲ့လေယာဉ်တွေထဲမှာ Vampire Jets, Dakota towing gliders, Vetol Helicopters နဲ့အတူ အမျိုးသမီးလေးတွေပါဝင် သရုပ်ပြတာတွေလည်း ပါတာပေါ့ကွာ။ ငယ်စဉ်ကလေယာဉ်တွေအကြောင်းကို သိချင်စိတ်နဲ့စိတ်ဝင်စားခဲ့တယ်။ လေယာဉ်မောင်းချင်တဲ့အပေါ် စွဲလမ်းတပ်မက်တဲ့စိတ်ဟာ ပျောက်မသွားဘဲ တဖြည်းဖြည်းနဲ့ရင်ထဲမှာ အမြစ်တွယ်နိုင်မာလာခဲ့တယ်။ ၁၉၅၉ကျတော့ ကျောင်းပညာရေးကြောင့် တောင်ကြီးကို ပြောင်းရွှေ့ခဲ့ရပြီး လေယာဉ်တွေနဲ့ဝေးခဲ့ရတယ်လေ။

ကျောင်းသားဘဝ တစ်လျှောက်လုံးကို တောင်ကြီးမှာ ဖြတ်သန်းခဲ့ရပြီး လေယာဉ်တွေနဲ့ဝေးခဲ့ရပေမယ့် လေယာဉ်မှူးတစ်ယောက်ဖြစ်ချင်တဲ့ စိတ်ကတော့ ပျောက်မသွားခဲ့ပါဘူး။ DHC-3 Otter, Huskey, Alouette, Vetol လေယာဉ်တွေ တောင်ကြီးမြို့ကို ဖြတ်သန်းသွားတိုင်းပျော်နေတတ်တာကို သတိရနေမိသေးတယ်။ တစ်ခါတလေ ပျံသွားတဲ့လေယာဉ်တွေကို ငေးကြည့်မိတယ်။ တစ်ခါတစ်ရံကျတော့ လေယာဉ်တွေ ကိုယ့်မြင်ကွင်းက ပျောက်တဲ့အထိ နောက်ကနေ စက်ဘီးစီးပြီး လိုက်ကြည့်မိတတ်တယ်။

ကံကောင်းချင်တော့ ၁၉၆၅ ခုနှစ်မှာ ရှမ်းဒေသနဲ့ကယားဒေသလူငယ်လေကြောင်းသင်တန်းကျောင်းကို တောင်ကြီးမြို့ အ.ထ.က (၃) မှာ ဖွင့်ခဲ့တယ်။ ဒေသနှစ်ခုမှာရှိတဲ့ ကိုးတန်းနဲ့ဆယ်တန်းကျောင်းသားတွေ ဒီသင်တန်းကို တက်ရောက်ခွင့်ရဖို့ အပြိုင်ကြိုးစားခဲ့ကြပြီး အရွေးချယ်ခံရတဲ့လူငယ် ၆၂ ယောက်ထဲမှာ ကံကောင်းစွာနဲ့ကိုယ်ပါသွားခဲ့တယ်လေ။ အဲဒီတုန်းက ၉တန်းဖြေပြီးခါစ အသက် ၁၄နှစ်အရွယ်လေ။ ဒီသင်တန်းကို ကြီးကြပ်ဖွင့် လှစ်တာက အမှတ် ၇၁ အုပ်၊ နမ့်ဆန်လေတပ်နဲ့ Rangoon Eastern Aia Youth (စိန်ပေါ၊ ယခုဗိုလ်တထောင်) တို့ကပေါ့။ သင်တန်းနဲ့အဖွင့်မိန့်ခွန်းကိုတော့ Major Paw Khan Than က ပြောတာ။ လက်နက်မဲ့အခြေခံစစ်ပညာတွေနဲ့ အခြားပညာရပ်တွေကို Squadron (71)က ဆားဂျင်တစ်ယောက်က လေ့ကျင့် သင်ကြားပေးခဲ့တယ်။ ဒါတင်မကသေးဘူး။ Aerodynanic, Meteorology, Principle of Internal Combus-

cLub 18
creative HOUSE

www.burmeseclassic.com

www.burmeseclassic.com



tion Engines, Model Construction with Balsa Wood, Diesel and Glow model engines, Control Line Fliers Techniques စတာတွေပါ သင်ရတာ။ ဒီအတွေ့အကြုံဟာ ဘဝတစ်လျှောက် မမေ့နိုင်စရာကောင်းတဲ့ဟာ ဖြစ်ပြီး သင်တန်းမှာပဲ ပျော်ခဲ့ရပါတယ်။ သင်တန်းဆရာတွေထဲမှာ ဆုံးသွားပြီ ဖြစ်တဲ့ ဒုဗိုလ်တောက်ထွန်းသိန်းလည်းပါတယ်။ Major Paw Khan Than ကိုယ်တိုင်လက်မှတ်ထိုးထားတဲ့ သင်တန်းဆင်းလက်မှတ်ကို ခုချိန်ထိအမှတ်တရ သိမ်းထားတုန်းပဲ။ လှုငယ်လေတပ်သင်တန်းကျောင်းလေးဟာ ကိုယ့်ရင်ထဲမှာ ရှိနေတဲ့ လေယာဉ်မှူးဖြစ်ချင်စိတ်တွေကို ပိုပြီးအရောင်တင်ပေးသလိုလည်း ဖြစ်ခဲ့ပါတယ်။

နောက်တော့ မိတ္ထီလာကိုပြန်ပြောင်းခဲ့ပြီး အ.ထ.က (၁)မှာ ၁၀တန်းကို ဖြေခဲ့တယ်။ နောက်ပိုင်းအချိန်တွေအများစုကတော့ လူငယ်လေတပ်သင်တန်း ကျောင်းမှာပဲ အချိန်ကုန်ခဲ့တာပါပဲ။ သင်တန်းကျောင်းရဲ့အရာရှိတွေက ဗိုလ်ကြီး တင်ရီ (လားရှိုးတွင်ကွယ်လွန်) ဗိုလ်ကြီးကျော်သန်း (ယခု အငြိမ်းစား လေတပ် ဦးစီးချုပ်)တို့ဖြစ်ပြီး နှစ်ယောက်လုံးဟာ အမှတ် ၁လေယာဉ်မောင်းသင်ကျောင်းက နည်းပြတွေပါ။ သင်တန်းကျောင်းမှာ အချိန်ကုန်ပေမယ့်လည်း ၁၀တန်းကိုတော့ ဂုဏ်ထူး ၃ခုနဲ့အောင်ခဲ့သေးတယ်။ ၁၉၇၀ ပြည့်လွန်ကာလတွေမှာ ကျူရှင်မယူ၊ ဘာမယူဘဲ ဂုဏ်ထူးနဲ့ခုလိုအောင်တာ တော်တော်ရှားတဲ့အချိန်လေ။

စက်တင်ဘာ ၁၉၇၀မှာ RIT တက်ခွင့်ရခဲ့ပေမယ့်လည်း ကိုယ်ရည်ရွယ် ရင်းဖြစ်တဲ့ DSA တက်ချင်တဲ့ဆန္ဒက မပျောက်ခဲ့သလို ဝင်ခွင့်လည်း လျှောက်ထား ခဲ့တယ်။ စစ်သင်တန်းအတွက် ပြင်ဆင်မှုအနေနဲ့ UTC မှာ စာရင်းသွင်းပြီး သင်တန်းတက်ခဲ့တယ်။ DSA ဝင်ခွင့်လျှောက်လွှာကို ဗိုလ်ကြီးတင်ရီ လက်မှတ် ထိုးပေးခဲ့တာကို မှတ်မိနေသေးပြီး ဘွဲ့ရရင်လေတပ်ထဲဝင်ဖို့ သူကအားပေး ခဲ့သေးတယ်။ RIT ပထမနှစ်စာမေးပွဲမဖြေခင်မှာပဲ 16th အပတ်စဉ် သင်တန်း အတွက် အကြိုအရွေးခံခဲ့ရတယ်။ အင်ဂျင်နီယာဖြစ်ခွင့်ကို စွန့်ပစ်ခဲ့ပြီး စစ်သင်တန်းတက်ဖို့ မေမြို့ (ပြင်ဦးလွင်)ကို သွားခဲ့တယ်။ ဒီရွေးချယ်မှုအတွက် နောင်တလည်း မရခဲ့ပါဘူး။ အချိန်က ဒီဇင်ဘာ ၁၉၇၀။ အဲဒီတုန်းက သာမန် လခစား မိသားစုကပေါက်ဖွားလာတဲ့ လူတစ်ယောက်အတွက် လေယာဉ်မှူးဖြစ်ခွင့် ကို ရွေးချယ်နိုင်တဲ့လမ်းဟာ ဒီတစ်လမ်းပဲရှိတာကိုး။ DSA ၄ နှစ်တက်ပြီးရင် လေယာဉ်မှူးတစ်ယောက်ဖြစ်လာလိမ့်မယ်လို့ ဘယ်သူကမှ အာမမခံပေမယ့် ကိုယ်ကတော့ ခက်ခဲတဲ့လမ်းကိုပဲ ရွေးခဲ့တာပါ။ ပြီးခဲ့တဲ့ အပတ်စဉ် ၁၃ နဲ့ ၁၅





ကျောင်းဆင်းထဲက လူတွေ၊ လေတပ်နဲ့ရေတပ်မှာ အရာရှိဖြစ်ခွင့်အားနည်းခဲ့တာကိုး။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ အခြေအနေ တွေက ကံပေါ်မှာပဲမူတည်နေတာပါပဲ။ ကိုယ်ရည်ရွယ်တဲ့နေရာ ရောက်ဖို့ ဘဝနဲ့ရင်းပြီး အလောင်းအစားလုပ်ခဲ့ရတာပေါ့လေ။ လူဆိုတာ တစ်ခါတလေ ကျတော့ ဘာကိုမှမကြောက်ဘဲ ပြတ်သားတဲ့ဆုံးဖြတ်ချက် ကို ချနေတဲ့အခါတွေ ရှိတတ်တယ်မဟုတ်လား။

DSA နဲ့ ၂ နှစ်ခွဲကာလဟာ ကြမ်းတမ်းခဲ့ပြီး ခြေလျင်စစ်တပ်တွေရဲ့ နည်း ဗျူဟာတွေကိုလည်း သင်ခဲ့ရတယ်။ စိတ်လည်းဝင်စားပါတယ်။ သိပ် မကြာခင်မှာ ကြားရတဲ့သတင်းက ကိုယ်တို့အပတ်စဉ်က လူတွေကို နှစ်သက်ရာ ‘တပ်’ ရွေးချယ်ရေး အင်တာဗျူးလုပ်မယ်ဆိုတာပါပဲ။ အပတ်စဉ် ၁၅ တုန်းက ဒီအခွင့်အရေးမရခဲ့ဘူးလေ။ လေတပ်၊ရေတပ်ရွေးခွင့်မရှိခဲ့ဘူး။ ခုတော့ ရှားပါးတဲ့ အခွင့်အရေးဟာ ကိုယ့်အတွက် တကယ်ဖြစ်လာတာလို့ ပြောလို့ရနေပြီ။ အင်တာဗျူး လုပ်တဲ့သူတွေထဲမှာ လေတပ်က ဗိုလ်မှူးကြီးစောဖြူ လည်းပါတော့ အပတ်စဉ် ၁၆က ဗိုလ်လောင်း ၁၃၃ယောက်ဝင်ဖြေခဲ့ပြီး ၄၈ယောက်က လေတပ်၊ ၆၂ယောက်က ရေတပ်ကိုရွေးချယ်ခဲ့တယ်။ ကံကောင်း တဲ့လူ ဘယ်နှစ်ယောက် ရှိခဲ့တယ် ဆိုတာ မှန်းကြည့်ရုံနဲ့ သိပါတယ်။ နည်းနည်းလေးပါပဲ။ နောက်နှစ်အထိ ရွေးချယ်ခံရတဲ့ လူစာရင်းထွက်မလာ သေးပေမယ့် ကောလာဟလတွေက အမျိုးမျိုးထွက်နေတာပါပဲ။ တကယ့်လူစာရင်းကို ကြေညာတော့ ရေတပ်အတွက် ဗိုလ်လောင်း ၆ယောက်၊ လေတပ်အတွက် ဗိုလ်လောင်း ၁၆ ယောက်ပဲ အရွေးခံရတာပါ။ သင်တန်းဆင်းတဲ့အချိန်ကျတော့ လေတပ်ယူနီဖောင်းကို တကယ်ဝတ်ဆင်ခွင့်ရခဲ့သူဟာ ၉ယောက်ပဲ ရှိပါတယ်။ ၇ ယောက်က လေတပ် ဆေးစစ်ချက် မအောင်လို့ပါ။ လေတပ်လေ့ကျင့်ရေးတွေ လုပ်နေချိန်မှာ အခြားလူ ၄ ယောက် ထပ်လျော့ခဲ့ပြန်တယ်။ ရင်ဘတ်ပေါ်မှာ ရွှေရောင်တောင်ပံကို တပ်ဆင်ခွင့်ရသူဟာ ၅ ယောက်ထက် လျော့နည်းခဲ့ပါတယ်။ အဲဒီအချိန်က ၁၉၇၅ ဒီဇင်ဘာ ၁၃ ဖြစ်ပြီး ရှမ်းတဲမှာကျင်းပတဲ့ အမှတ်စဉ် ၃၇ လေယာဉ်မောင်း သင်တန်းကျောင်းမှာပါ။

စာတွေနဲ့လက်တွေ့ပျံသန်းမှုပိုင်းဆိုင်ရာတွေလုပ်ခဲ့ရာ တစ်လျှောက်လုံး ကိုယ်က အမှတ်အများဆုံးရခဲ့ပေမယ့် နောက်ဆုံးထွက်လာတဲ့ရလဒ်က ရယ်စရာ ဖြစ်ခဲ့ရတယ်။ ကိုယ်က ဟန်ကျပန်ကျပြောဆို၊ နေထိုင်တတ်မှုမရှိတာတွေကြောင့် ပေါ့ကွာ။ ဟန်ကျပန်ကျပြောဆိုနေထိုင်တတ်မှုဆိုတာကလည်း မွေးရာပါ အရည်အချင်းပါ၊ အတင်းလုပ်ယူလို့မရဘူး။ ညီသဘောတူရဲ့လား မသိဘူး။ ထားပါ



www.burmeseclassic.com

www.burmeseclassic.com



တော့လေ။ အသုတ်စဉ် ၃၇ လေယာဉ်မောင်းသင်တန်းတက်ရတဲ့ အချိန်ဟာ အချိန်ကောင်းမဟုတ်ခဲ့ဘူး။ ဘာကြောင့်လဲဆိုတော့ လေတပ်မှာလေ့ကျင့် ပျံသန်းလို့ရတဲ့ အဆင့်မြင့် လေယာဉ်ကောင်းကောင်းမရှိဘဲ Beechcrafts နဲ့ Otters လေယာဉ် အနည်းငယ်ပဲ ရှိခဲ့လို့ပါ။ ဒါကြောင့် ကိုယ်တို့တွေကို ဟယ်လီကော်ပတာ မောင်းတဲ့အုပ်တွေကို ပို့လိုက်တယ်။

ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ် မောင်းခွင့်ရတဲ့ လေယာဉ်ကိုတော့ အကောင်းဆုံးမောင်းနိုင်အောင် ကြိုးစားခဲ့ပါတယ်။ ကြိုးစားတဲ့ကြားထဲကနေပြီး မိုက်မိုက်မဲမဲ အများတချို့လုပ်မိသလို ကိုယ်တိုင်ဦးဆောင်ရတဲ့ ကင်းထောက်လေ့ကျင့်ခန်းမှာလည်း အသေးအမွှား မတော်တဆမှုတွေ ကြုံခဲ့ရသေးတယ်။ ဒီအတွက်ပေးဆပ်ခဲ့ရတာကတော့ ရာထူးရဖို့ ၆လလောက် စောင့်ခဲ့ရတာပါပဲ။ ဒါကြောင့် ဒီစာအစပိုင်းကပြောခဲ့သလို ကိုယ်ဟာလူငယ်တွေအတွက် စံပြကောင်းတစ်ယောက်မဟုတ်ဘူးလို့ ညီကိုစကားပလ္လင်ခံခဲ့တာပေါ့ကွာ။

လေတပ်ထဲမှာ ၁၀နှစ်လောက်နေခဲ့ပြီးတဲ့အခါကျတော့ ၁၉၈၄ လေကြောင်းအတတ်သင် လေတပ်စခန်းမှာဖွင့်တဲ့ ATPL မြို့ပြလေကြောင်းလေယာဉ်မှူးကြီးလိုင်စင် သင်တန်းအပတ်စဉ် ၁၉ ကို တက်ခွင့်ရပြီး အဲဒီမှာ ညီနဲ့တွေ့ခဲ့တာလေ။ မှတ်မိသေးလား။ ဒီလိုင်စင် သင်တန်းတက်နေတဲ့အချိန် အမေရိကန်သံရုံးမှာ ECL စာမေးပွဲ ဖြေခဲ့ပြီး ဒီစာမေးပွဲက DEA က ကြီးမှူးကျင်းပတဲ့ Maintenance Test Pilot သင်တန်းအတွက်လေ။ ဖြေဖို့ပြင်ဆင်ချိန် ၂ ရက်ပဲရခဲ့ပေမယ့် ECL စာမေးပွဲမှာ ၁၀၀% ပြည့်အမှတ်ရခဲ့ပြီး ဒီလိုအမှတ်ပြည့်ရတာ တပ်ထဲမှာ ကိုယ်တစ်ယောက်ပဲ ရှိတယ်လို့ ယုံကြည်ခဲ့တာ။ အမှတ်အကောင်းဆုံးရခဲ့ပေမယ့်လည်း ကိုယ့်ထက် စီနီယာကျတဲ့ အရာရှိ ၂ယောက်ကို အခွင့်အရေးပေးတဲ့အနေနဲ့နေရာက ဖယ်ပေးခဲ့တယ်။ အဲဒီနောက် ရှမ်းတဲကိုပြန်လာပြီး ATPL ဆက်တက်တယ်။

၁၉၈၆ မှာ အမှတ်စဉ် ၂၈ လေယာဉ်မောင်းနည်းပြဆရာသင်တန်းကို တက်ခဲ့ပြီး သင်တန်းပြီးတော့ QFI(Qualified Flying Instructor) ရဲ့ Best QFI(Qualified Flying Instructor) ဆုကို ရခဲ့တယ်။ ပြီးလို့ သိပ်မကြာခင်မှာပဲ No 1 FTS ကို ပြောင်းခဲ့ရတယ်။ ဒီမှာသွားသတိရမိတာက လေတပ်ထဲမှာ ပြောနေကျဆိုရိုးစကားတစ်ခုပါ။ 'လေယာဉ်မောင်းသင်တန်း ဆရာတစ်ယောက် မဖြစ်ဘဲနဲ့ လေယာဉ်မှူးကောင်းတစ်ယောက်မဖြစ်ဘူး' ဆိုတဲ့ ဆိုရိုးလေးပါ။ ကိုယ်က ဒီစကားကို လက်ခံတယ်။ ဘာကြောင့်လဲဆိုတော့ လေယာဉ်မောင်းသင်တန်း





ကျောင်းမှာ နေခဲ့တဲ့ ၃ နှစ်အတွင်း အများကြီး လေ့လာခွင့်ရခဲ့လို့ပါပဲ။ ဘာကြောင့်လဲဆိုတော့ ကျောင်းသားတွေက နေ့စဉ် နေ့တိုင်း ကိုယ့်ကိုသင်ခန်းစာအသစ်တွေ သင်ပေးနေလို့ပဲ။ အဲဒီအချိန်ဟာ လေယာဉ်မှူးဘဝမှာ အမှတ်ရစရာအကောင်းဆုံးအချိန်ပါပဲ။ ကိုယ့်ရဲ့ ကျောင်းသားဟောင်းတစ်ယောက်ဖြစ်တဲ့ ကပ္ပတိန်နိုင်မြင့်နိုင်ဟာ လူမျိုးပေါင်းစုံရှိတဲ့ မလေးရှားက HMA လေကြောင်းလိုင်းမှာ ပြီးပြည့်စုံတဲ့ သင်တန်းမှူးတစ်ယောက်ဖြစ်နေပါပြီ။ သူ့ရဲ့ဆရာတစ်ယောက်အနေနဲ့ သူ့အတွက် ကိုယ် ဘယ်လောက် ဂုဏ်ယူမိသလဲဆိုတာ ညီလေးစဉ်းစားကြည့်ရုံနဲ့သိနိုင်ပါတယ်။

၁၉၉၇ ဒီဇင်ဘာကျတော့ အမေရိကန်သွားဖို့ အရွေးခံရပြီး IMEF Program ရဲ့ UH-1H Hoey Instrument and IP Training သင်တန်းတက်ခဲ့ရတယ်။ ပထမဆုံးလုပ်ရတာက Defence Language Institute (Texas ပြည်နယ်၊ San Stritonio မြို့ရှိ Lockland Air Force Base တွင်ရှိ) မှာ အထူးအင်္ဂလိပ်စာသင်တန်းကို တက်ရတာပါ။ သင်တန်းဖွင့်ပွဲမှာ နိုင်ငံပေါင်း ၅၂နိုင်ငံက အရာရှိပေါင်း ၁၀၀ ကျော်လောက် တွေ့ခဲ့ရတယ်။ Commanding Officer Major General Parker ပြောတာကတော့ ဝင်ခွင့်အတွက် ECL စာမေးပွဲဖြေရမှာဖြစ်ပြီး အပတ်စဉ်တိုင်း စာမေးပွဲတွေ ဖြေရမယ်ဆိုတာပါ။ နောက်ပြီး ECL အမှတ် ၁၀၀% ပြည့်နဲ့ အပတ်စဉ်ဖြေရတဲ့ စာမေးပွဲတွေမှာ အမှတ် ၉၀% ရနေခဲ့မယ်ဆိုရင် Distinguished Graduate Diploma ရမယ်လို့ ပြောခဲ့ပြီး ECL အမှတ် ၉၉% မရလို့ကတော့ စောစောကပြောတဲ့ဘွဲ့ မရဘဲ သာမန် Diploma ပဲရမယ်ဆိုတာပါ။

သာမန် Diploma မလိုချင်တဲ့အတွက် ဂုဏ်ယူစရာကောင်းတဲ့ ဘွဲ့ကိုရအောင်ယူမယ်ဆုံးဖြတ်ပြီး နေ့ရောညပါ မနားမနေကြိုးစားခဲ့တယ်။ ကိုးပတ်လောက် အပြင်းအထန် ကြိုးစားအပြီးမှာတော့ မိုလ်ချုပ်ပါကာဦးဆောင်ပြီး အရာရှိအယောက် ၁၀၀ နဲ့ အခြားပွဲတက်သူတွေကိုပါ ဖိတ်ထားတဲ့ သင်တန်းဆင်းပွဲကျင်းပတယ်လေ။ ကျောင်းရဲ့အတွင်းရေးမှူးက ကိုယ့်ရဲ့ကိုယ်ရေးရာဇဝင်နဲ့ ကိုယ့်နိုင်ငံအကြောင်းကို အကျဉ်းဖတ်ပြပြီး ဂုဏ်သိက္ခာမြင့်မားတဲ့ Distinguished Graduate Diploma ကိုရဖို့ အရည်အချင်းမီတဲ့လူလို့ ကြေညာပေး ခဲ့တယ်။ အဲဒီနေ့ဟာ ကိုယ့်နိုင်ငံနဲ့ ကိုယ့်ရဲ့လေတပ်အတွက် ဂုဏ်ယူစရာကောင်းတဲ့ နေ့တစ်နေ့ပဲညီရာ။ ပွဲအပြီးမှာ လူတော်တော်များများက သူတို့နဲ့ ဓာတ်ပုံတွဲရိုက်ဖို့ ကမ်းလှမ်းခဲ့ပြီးကျောဘက်မှာ သက်ဆိုင်ရာနိုင်ငံတွေရဲ့ အလံတွေကို နောက်ခံထား ဓာတ်ပုံရိုက်ခဲ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ Alabama မှာရှိတဲ့ Fort Nucker ကိုသွားရပြီး Instrument and IP Training ကို ဆက်တက်ခဲ့ရတယ်။ ကိုးပတ်လောက် သင်တန်းဆက်တက်အပြီးမှာ ကိုယ်ဟာ အမှတ်အများဆုံးရတဲ့သူဖြစ်ခဲ့ပြီး ကျောင်းသားမျိုးစုံကြားထဲမှာ အတော်ဆုံး ကျောင်းသားအဖြစ် သတ်မှတ်ခံခဲ့ရတယ်။ ပျံသန်းမှုလေ့ကျင့်ခန်းလုပ်နေတဲ့အချိန်မှာ အခက်အခဲတွေ့နေတဲ့ လေယာဉ်မှူးအချို့ကို အကူအညီပေးခဲ့ပြီး ဒီလိုလုပ်ပေးရတာကလည်း သူတို့ရဲ့ ပထမဆုံး စစ်ဆေးခံရမှုတွေ အောင်သွားစေဖို့ပါ။ သူတို့ကို ကူညီတဲ့ အတွက် အားလုံးကျေးဇူးတင်ကြပြီး မြန်မာသင်တန်းနည်းပြတွေဟာ ယုံကြည်အားကိုးလို့ရမှန်း သူတို့သဘောပေါက်သွားကြတယ်။

**မိဘများသွန်သင်ဆုံးမမှု**

မိဘတွေကတော့ မြန်မာစစ်စစ်တွေဖြစ်ပြီး ဘွဲ့ရကြတဲ့သူတွေ မဟုတ်ကြပါဘူး။ အဖေက သာမန်ဝန်ထမ်းတစ်ယောက်ဖြစ်ပြီး အမေကတော့ မီးဖိုချောင်ကိစ္စတာဝန်ယူတာပါ၊ ဒါပေမယ့် အဖေကအိမ်တာဝန်ကို သိပ်မယူသလို ကိုယ်တို့နဲ့လည်း အနေစိမ်းခဲ့တယ်။ ဒါကြောင့် အဖေ့အစား အမေက မီးဖိုချောင်ကိစ္စရော ငွေရှာတာပါ တာဝန်ယူရတော့တာပေါ့လေ။ အမေက စည်းကမ်းကြီးပြီး စာလည်းအရမ်းဖတ်တယ်။ သာမန်အချိန်မှာ ကြင်နာစွာ ဆက်ဆံတတ်ပေမယ့် သူချမှတ်တဲ့ စည်းကမ်းကိုဖောက်ရင် ကြောက်စရာကောင်းတဲ့ အမေဖြစ်သွားပြန်ရောပေါ့။ အမေကကိုယ်တို့ကို သာမန်ပညာတတ်အောင် သင်ပေးခဲ့ပေမယ့် အသက်မွေးဝမ်းကျောင်းအတွက်တော့ ဘာမှလုပ်မပေးနိုင်ခဲ့ပါဘူး။ အမေရဲ့အုပ်ချုပ်မှုအောက်မှာ ကိုယ်တို့တွေဟာ စည်းကမ်းရှိပြီး နာခံလွယ်သူတွေဖြစ်ခဲ့သလို အမေ စာအုပ်ဖတ်တော့ ကိုယ်တို့ပါ စာအုပ်ဖတ်ကျင့်တွေ ရခဲ့တယ်။ ၁၉၆၀ပြည့်လွန်နှစ်တွေတုန်းက တောင်ကြီးမြို့မှာ မြို့ပိုင်စာကြည့်တိုက်နဲ့ ကိုယ်ပိုင်စာကြည့်တိုက်တွေကလည်း ပေါတယ်လေ။ စာဖတ်ခြင်းဟာ ရင့်ကျက်မှုကို တိုးစေတယ် မဟုတ်လား ညီရဲ့။ အမေရဲ့သွန်သင်မှုတွေနဲ့ စာဖတ်ခြင်းရဲ့ အကျိုးကျေးဇူးတွေကြောင့် ကိုယ်ဟာ ခုချိန်မှာ ဒီလိုနေရာမှာ ရပ်တည်နေနိုင်တာလို့ ပြောရမှာပေါ့။

**လေတပ်မှထွက်ခြင်း**

မထင်မှတ်တဲ့အချိန်မှာ ဖြစ်ပျက်သွားတာဆိုပေမယ့် ဒီလုပ်ရပ်ကို နောင်တမရခဲ့ပါ။ လေတပ်ကနေ ထွက်ပြီး မြန်မာလေကြောင်းမှာ အရပ်သား





လေယာဉ်မှူး တာဝန်ထမ်းဆောင်ချင်လို့ထွက်တာဆိုတော့ နောင်တရစရာလည်း မရှိပါဘူး။ လေတပ်ကနေထွက်ပြီး စားပွဲတစ်လုံးမှာ ထိုင်အလုပ်လုပ်ရမယ့် အနေအထားဆိုရင်တော့ အလုပ်ထွက်ခဲ့မှုအတွက် နောင်တရနေမိတယ်။ လေတပ်ကနေထွက်ဖို့ ဖြစ်လာခဲ့တာဟာလည်း ကိုယ့်ကြောင့်ပါပဲ၊ ဘာကြောင့်လဲဆိုတော့ Sokol Helicopter ကိုမောင်းရင်း အမိက အမှားတစ်ခုလုပ်မိခဲ့ခြင်းဟာ တပ်ကထွက်ဖို့အတွက် တစ်ခုတည်းသောအကြောင်းဖြစ်ခဲ့ပြီး ဒါဟာ ကိုယ့်ဘဝရဲ့ အလှည့်အပြောင်းတစ်ခု ဖြစ်သွားခဲ့တယ်။ အဲဒီတုန်းက လေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးသိန်းဝင်းက ကိုယ်တာဝန် ထမ်းဆောင်စဉ်တစ်လျှောက်လုံး ရုံးလုပ်ငန်းတွေ မနိုင်းဘဲ ပျံသန်းမှုပိုင်းတွေကိုသာ တာဝန်ပေးခဲ့လို့ ခုချိန်ထိကျေးဇူးတင်နေဆဲပါ။

**တက္ကစီမောင်းသမား**

မြန်မာ့လေကြောင်း ပြောင်းပြီးနောက်ပိုင်းဟာ ကိုယ့်အတွက် အလုပ်လက်မဲ့ဖြစ်သလိုပါပဲ။ မြန်မာ့လေကြောင်းမှာရှိတဲ့ ဘယ်လေယာဉ်ကိုမှ မောင်းလို့မရဖြစ်ခဲ့ရတယ်လေ။ ကိုယ့်အဖြစ်က အတောင်ညှပ်ခံထားရတဲ့ ငှက်တစ်ကောင်ကိုပါ။ ၆ လလောက် လေယာဉ်မမောင်းဘဲနေခဲ့ရတယ်။ ကိုယ့်ကိုမှီခိုနေတဲ့ ဇနီးနဲ့သားသမီးနှစ်ယောက်ရဲ့ ဝမ်းရေးကရှိသေးတော့ အခြေအနေတွေကို သေချာစဉ်းစားခဲ့ရတယ်။ စီးပွားရေးအကြောင်းလည်း နားမလည်။ ကိုယ်ပိုင်စီးပွားရေးထောင်ဖို့ကလည်း အရင်းအနှီးမရှိဘူးလေ။ အဲဒီအချိန်မှာ အငှားကားမောင်းသင့်တယ်ဆိုတဲ့ စိတ်ကူးရပြီး မောင်းခဲ့တာပါ၊ နေ့ညအငှားယာဉ်မောင်းခြင်းရဲ့ ပင်ပန်းတဲ့ဒဏ်ကို ကိုယ်ခံနိုင်ပါ့မလားဆိုပြီး အချို့ကသံသယဖြစ်ခဲ့ကြသေးတယ်။ ပင်ပန်းခဲ့ပေ မယ့်လည်း မိသားစုဝမ်းရေးကိုတော့ ဖြေရှင်းနိုင်ခဲ့ပါတယ်။ အငှားကားကို ညဘက်တင်မောင်းတာမျိုးမဟုတ်ဘဲ နေ့ညဆက်ပြီးမောင်းတာမျိုး ၂နှစ်နီးနီး လောက်လုပ်ခဲ့ရတယ်။ ယာဉ်ထိန်းရဲတွေရဲ့ဖမ်းဆီးမှု၊ ခရီးသည်တွေရဲ့လိမ်လည်မှု၊ ကားပေါ်မှာ အမှုသမားတွေအန်သွားတဲ့ အန်ဖတ်ဝေကြုံးရမှု စတာတွေဟာ ငွေပေးစရာမလိုဘဲ ရခဲ့တဲ့သင်ခန်းစာတွေပေါ့ညီရာ။

**သားသမီးများအား သွန်သင်မှု**

သမီး ၂ယောက်ရှိပြီး ၂ယောက်လုံး လိမ်မာကြပါတယ်။ သူတို့ရဲ့ အဖေဟာ လက်ရှိအနေအထားရောက်အောင် ဘယ်အနေအထားကနေ ဘယ်လောက် ကြိုးစားခဲ့ရတယ်။ ဒါ့အပြင် သူတို့ရဲ့အဖွားက ကိုယ်တို့ကိုဘဝမှာ



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်အောင် ဘယ်လို သွန်သင်ခဲ့တယ်ဆိုတာတွေကိုလည်း ပြောပြခဲ့တယ်။ သူတို့နှစ်ယောက်ကို သွန်သင်ထိန်းကျောင်းတဲ့နေရာမှာ ပျော့ပြောင်းစွာကိုင်တွယ်ပြီး သူတို့လမ်းသူတို့ ရွေးခွင့်ပေးခဲ့တယ်။ ကိုယ်လိုချင်တာမျိုးကို အတင်းတွန်းအားမပေးပေမယ့် ရည်မှန်းချက်မြင့်မြင့် ထားရမယ်ဆိုတာကိုတော့ သွန်သင်ပေးခဲ့ပါတယ်။ ကိုယ်ဟာ သူတို့အတွက် စံပြတစ်ယောက်ဖြစ်အောင် နေပြခဲ့တယ်။ လူတစ်ယောက်မှာ သူတို့အားကျတဲ့ စံပြတစ်ယောက်ရှိဖို့ဟာ အရေးကြီးတယ်လို့ ကိုယ်ကယုံထားတာ။ ကိုယ်ငယ်ငယ်က အားကျနှစ်သက်ခဲ့သူက ဗိုလ်ချုပ်အောင်ဆန်းလေ။ သူဟာတကယ့်ကို စံထားထိုက်သူတစ်ယောက်ပါ။ ကြီးကျယ်မြင့်မြတ်သူပါ။ ရဲရင့်တယ်။ ကိုယ်ကျိုးမငဲ့ဘူး။ ဟန်မဆောင်တတ်ဘူး။ ရိုးသားတယ်။ မျိုးချစ်စိတ်ရှိတယ်။ ဉာဏ်ကောင်းတယ်။ ပါးနပ်တယ်။ ဘယ်တော့မှမလိမ်ဘူး။ လောဘမကြီးဘူး။ အောက်ခြေလွတ်ဘဝင်မြင့်သူတစ်ယောက်လည်း မဟုတ်ဘူး။ ၁၉၆၀ ပြည့်လွန်နှစ်တွေတုန်းက ဗိုလ်ချုပ်နဲ့ပတ်သက်တဲ့စာအုပ်တွေက ဘယ်နေရာမှာဝယ်ဝယ် ပေါပေါများများ ဝယ်လို့ရတယ်။ ဒီစာအုပ်တွေရဲ့ကျေးဇူးကြောင့် ကိုယ်အပါအဝင် အဲဒီခေတ်ကယောကျ်ားလေး မိန်းကလေးတွေဟာ မျိုးချစ်စိတ်ရှိတဲ့ နိုင်ငံသားကောင်းတွေဖြစ်ခဲ့ကြတယ်။ ခုတော့ အဲဒီလူတွေဟာ အသက် ၅၀ ကျော်တွေ ဖြစ်ကုန်ကြပြီလေ။ ကိုယ်ယုံကြည်ထားတာ တစ်ချက်က သားသမီးတွေကို ဆုံးမရာမှာ စကားလုံးတွေနဲ့တင် မလုံလောက်ဘူး။ ရှေ့ကလူကြီးတွေဘာလုပ်ပြနေတယ်ဆိုတာနဲ့လည်း ဆိုင်တယ်။ ဘဝမှာ ကိုယ်လုပ်ခဲ့တာတွေ၊ လက်ရှိလုပ်နေတာတွေဟာ လက်ရှိသားသမီးတွေကို ပါးစပ်နဲ့ပြောဆို ဆုံးမနေတာထက်ပိုပြီး အရေးပါတယ်လေ။ ကိုယ်က လမ်းမှန်မလျှောက်ခဲ့ရင် ကိုယ့်ကိုသူတို့ အတုယူကြမှာ မဟုတ်ဘူး။ အဲဒီလိုဆိုရင် သူတို့ကို လိမ္မာယဉ်ကျေးအောင် ဆိုဆုံးမဖို့မလွယ်တော့ဘူးလေ။

**HM Aerospace Sdn Bhd မှာဘယ်လိုအလုပ်ရခဲ့လဲ**

MA က F-28 Line Captain ရာထူးကနေ နုတ်ထွက်ခဲ့ပြီး နိုင်ငံခြားမှာ အလုပ်သွားလုပ်ဖို့ ၁ နှစ်ခွဲလောက် အလုပ်ရှာနေခဲ့တယ်။ အဲဒီအချိန်မှာ မလေးရှား Sabah Air မှာလုပ်နေတဲ့ Captain Nay Win Thein က HM Aenospace Sdn Bhd မှာရှိတဲ့ လက်ထောက်ဆရာတစ်ယောက်က ပျံသန်းမှုသင်ကြားပြသရေးအတွက် လူတစ်ယောက်ရှာနေတယ်လို့ ပြောပြီး သူတို့သင်တန်းကျောင်းကို





ကိုယ့်ရဲ့ကိုယ်ရေးအကျဉ်းနဲ့ လျှောက်လွှာပို့ပေးဖို့ အကြံပေးခဲ့တယ်။ ခပ်မြန်မြန်ပို့ပေးခဲ့ပြီး၊ သိပ်မကြာခင်မှာ HMA က CI ဖြစ်တဲ့ Captain Syed Adbullen က ဖုန်းကတစ်ဆင့် အင်တာဗျူးလုပ်ခဲ့တယ်။ ကိုယ့်ရဲ့အတွေ့အကြုံနဲ့ အင်္ဂလိပ်စကားကျွမ်းကျင်တာကို သဘောကျပြီး ၂၆ရက် ဧပြီ ၂၀၀၆ မှာ Langkawi (လန်ကာဝီ)ကို လာခဲ့ဖို့ လှမ်းခေါ်ခဲ့တယ်။ ဟိုကို အချိန်မီရောက်သွားခဲ့ပြီး စမ်းသပ်စစ်ဆေး မှုအချို့အပြီးမှာတော့ အလုပ်ရခဲ့တယ်။ ဒီအလုပ်ရဖို့အဓိကကူညီပေးခဲ့တဲ့ Captain Nay Win Thein ကို ကျေးဇူးတင်သလို၊ ဒီကျေးဇူးကိုလည်း မမေ့ပါဘူး။

HM Aerospace Sdn Bhd ပျံသန်းရေးကျောင်းဟာ မလေးမှာတော့ အကြီးဆုံး ပျံသန်းမှုလေ့ကျင့်ရေးကျောင်းပါ။ လေယာဉ် ၂၇ စီးရှိပြီး လေယာဉ်တွေထဲမှာ စက်နှစ်လုံးတပ် Diamond DA-42 Twin Star တွေလည်းရှိပါတယ်။ လေယာဉ်မောင်းသင်သူ ၃၀၀ လောက်ရှိပြီး မိန်းကလေး တွေလည်း ပါပါတယ်။ ပင်မကျောင်းကြီးဟာ Langkawi ကျွန်းပေါ်မှာတည်ရှိ ပြီး ကျောင်းခွဲတစ်ခုက Kuala Terengganu မှာရှိပါတယ်။ A CPL/ R သင်တန်းနဲ့ ATPL သင်တန်းတွေရှိပါတယ်။ သင်တန်းကာလဟာ ၁ နှစ်ခွဲ ကြာမြင့်ပြီး ကုန်ကျစရိတ်က RM 240000 ပါ။ ကျောင်းသား ၈၀ % ကို MAS (မလေးရှား လေကြောင်းလိုင်းက ထောက်ပံ့ပေးထားပြီး ကျန် ၂၀% ကတော့ ကိုယ့်ငွေ အကြေပေးပြီး တက်ကြတာပါ။ သင်တန်းသားတွေအနေနဲ့ နာရီပေါင်း ၂၀၀ လေ့ကျင့်ပျံသန်းရမှာဖြစ်ပြီး ၁၄၅ နာရီက အင်ဂျင်တစ်လုံးတပ် Diamond DA- 40 TDI နဲ့ လေ့ကျင့်ရသလို နောက်နာရီ ၂၀ က Alsin AL-42 Flight Narigation Procedure Trainer FN PT II နဲ့လေ့ကျင့်ရသလို ကျန် ၂၀နာရီ ကတော့ အင်ဂျင်နှစ်လုံးတပ် Diamond DA-42 Twin Star Glass Cockpit လေယာဉ်နဲ့လေ့ကျင့်ရတာပါ။ သေချာသိချင်ရင် အောက်ပါဝက်ဘ်ဆိုဒ် တွေကနေ ဝင်လေ့လာလို့ရပါတယ်။

www.hmaerospace.com

www.diamond-dir.at/home

**HMA မှာကိုယ့်ရဲ့ ဝုထ်သိက္ခာကို ဘယ်လိုတည်ဆောက်လဲ**

၂၀၀၆ မေလ ၁၅ ရက်နေ့မှာ ၂ နှစ်စာချုပ်ပြီး Flying Instructor, Simulator Instructor တာဝန်တွေကို ထမ်းဆောင်ခဲ့ပါတယ်။ အဲဒီတုန်းက မလေးရှားမှာ ကိုယ်ဟာ ပထမဦးဆုံး လေယာဉ်အမောင်းသင်ပေးဖူးတဲ့



www.burmeseclassic.com

www.burmeseclassic.com



မြန်မာလူမျိုးဆရာဖြစ်ခဲ့ပြီး မလေးရှား လေကြောင်းစီးပွားရေးထဲကို စွန့်ဦးတီထွင် ဝင်ရောက်မှုဖြစ်ခဲ့ပါတယ်။ ကိုယ်လုပ်နေတုန်းက ကျောင်းအုပ်ကြီးအပါအဝင် လေယာဉ်အမောင်းသင်ဆရာ ၈ယောက်ပဲရှိခဲ့ပါတယ်။ ခုတော့ အယောက် ၂၀ လောက်ရှိနေပြီး မြန်မာအမောင်းသင်ဆရာ ၆ယောက်ရှိပါတယ်။ အလုပ်ရပြီး မကြာခင်မှာ တပည့်နှစ်ယောက်ကို ချက်ချင်း သင်ကြားပေးခဲ့ရပါတယ်။ တစ်ယောက်က Aquila ဖြစ်ပြီး HMA ရဲ့ ပထမဆုံး အမျိုးသမီးသင်တန်းသူပါ။ နောက်တစ်ယောက်က Batch 04 က Murfuz ဖြစ်ပါတယ်။ ဦးဆုံးတပည့် နှစ်ယောက်ထဲက Aquila ဟာခုဆိုရင် Air Asia မှာ First Officer ဖြစ်နေပါပြီ။

မလေးရှားပြည်တွင်းလေကြောင်းလိုင်းဟာ ကမ္ဘာ့အဆင့်မီတယ်ဆိုတာ အားလုံးအသိပါ။ ဒီမှာလေယာဉ်မှူးလုပ်ချင်ရင် အင်္ဂလိပ်စာကို အဆင့်မီမီ တတ်မှရတာပါ။ ATC ရဲ့ လုပ်ထုံးလုပ်နည်းတွေဟာ အနည်းငယ်ကွဲပြားမှုရှိပြီး တင်းကျပ်ပါတယ်။ လေကြောင်းလိုင်းတွေဟာ အရမ်းကျပ်လွန်းပါတယ်။ လုပ်ထုံးလုပ်နည်းသစ်တွေကို လေ့လာခဲ့ရပြီး အခြားအခြေအနေတွေနဲ့လည်း အံဝင်ခွင်ကျဖြစ်အောင် လုပ်ခဲ့ရပါတယ်။ ကိုယ်ကကျောင်းသားတစ်ယောက် မဟုတ်ဘဲ ဆရာတစ်ယောက်ဖြစ်တဲ့အတွက် ကျောင်းသားတွေကို သင်ကြားရာမှာ ပရိုပီသအောင် ကြိုးစားရပါတယ်။ မလေးကျောင်းသားအများစုက အင်္ဂလိပ်စာ လည်း ကောင်းကောင်းတတ်ကြပါတယ်။ ကိုယ်တွေထက်တောင် ပိုကောင်းပါတယ်။ ဒီလိုဖြစ်နေတာ မူလတန်းကျောင်းတွေမှာ UK ATPL သင်ခန်းစာအကျဉ်းချုပ်ကို ထည့်သွင်းသင်ကြားနေလို့ပါ။ ကိုယ့်ရဲ့ကျောင်းသားတွေ ကိုယ့်ကိုအထင်ကြီးလာအောင် အရာရာကိုသိအောင်ကြိုးစားရပါတယ်။ ဒါကလွယ်တော့မလွယ်ပါဘူး။ ဒါကြောင့်စာအုပ်တွေဖတ်ပြီး လေ့လာရသလို Batch 02 က သင်တန်းပြီးတော့မယ့် Cadets တွေဆီကနေလည်း လေ့လာ သင့်တာ လေ့လာရပါတယ်။ မြန်မာသင်တန်းနည်းပြက ကိုယ်တစ်ယောက်တည်း ဆိုတော့ တိုင်ပင်မယ့်လူမရှိလို့ အရာရာကိုယ့်ကိုယ်ကိုပဲ မှီခိုအားထားရတာပါ။ စွန့်ဦးတီထွင် လမ်းဖောက်သူတစ်ယောက်ဆိုတာ အခက်အခဲတွေကို ကြံ့ကြံ့ခံရပြီး ပါးနပ်မှုဖြစ်တာပါ။ နို့မို့ဆိုရင် ကျဆုံးသွားမှာပေါ့လေ။

တစ်လလောက်ကြာတော့ ကိုယ်နဲ့မလေးသင်တန်းဆရာတစ်ယောက်ကို Peninsulan Malaysia အရှေ့ဘက်ကမ်းခြေ Kuala Terengganu မှာရှိတဲ့ HMA ဌာနခွဲကို ပို့လိုက်ပါတယ်။ မလေးသားကတော့ ဌာနခွဲရဲ့ အကြီးအကဲ





တာဝန်ကိုယူပြီး ကိုယ်ကသာမန်အမောင်းသင်ဆရာပါ။ ပင်မကျောင်းကြီးက Batch 06 ကျောင်းသားတွေကို ဒီဘက်လွှဲပေးခဲ့ပါတယ်။ ကိုယ်က ကျောင်းသား ၁၃ဦးကို အစကနေအဆုံး လေယာဉ်မောင်းသင်ကြားပေးခွင့်ရခဲ့ပါတယ်။ သင်တန်းကို နှင်းလ ၁၂ရက် ၂၀၀၆ကစခဲ့ပြီး လေယာဉ်တစ်ရက် ၆နာရီမောင်းကာ တစ်ပတ် ၆ရက်သင်ကြားပေးရတာပါ။ အစပိုင်းသင်ကြားရမှုတွေဟာ တကယ့်ကို ငြီးငွေ့စရာကောင်းတာပါ။ No 1 FTS မှာဆိုရင် အမြင့်ဆုံးသင်ကြားပြသပေးရတဲ့ ကျောင်းသားအချို့ဟာ ကိုယ်တို့အချိန်တုန်းက ၁ယောက် ၂ယောက်လောက်ပါ။ HMA မှာက ၈ယောက်ကနေ ၁၃ယောက်ဆိုတော့ အလုပ်ဘယ်လောက်ဝိမလဲ ဆိုတာ စဉ်းစားသာကြည့်ပေတော့။ ဒီလိုကြုံတွေ့လာရတဲ့ စိန်ခေါ်မှုတွေကို လက်ခံခဲ့ပြီး အကောင်းဆုံးဖြစ်အောင်လုပ်မယ်လို့ပဲ ဆုံးဖြတ်ခဲ့ရတာပေါ့လေ။

သင်ခန်းစာတွေကြောင့် ကျောင်းသားတွေ ငြီးငွေ့ပေမယ့်လည်း ကိုယ်ကတော့ ခွန်အားအပြည့်သုံးပြီး သင်ခဲ့တာပါ။ ဒီကြိုးစားမှုရဲ့ရလဒ်က ၂၀၀၆ ဇူလိုင် ၈ ရက်နေ့မှာ Cadet Khan ကို တစ်ဦးချင်း လေယာဉ်ပျံသန်းနိုင်စွမ်းရှိတဲ့အထိ ပွဲထုတ်နိုင်ခဲ့တာပါ။ နောက်ပိုင်းသင်တန်းကျောင်းက ဘွဲ့ပေးတော့ Khan ဟာ Batch 06 ရဲ့ အကောင်းဆုံးလေယာဉ်ပျံသန်းသူအဖြစ် သတ်မှတ်ခံရပါတယ်။ အခုတော့ သူဟာ MAS မှာ B-737 သင်တန်းကို ဆက်တက်နေပါပြီ။ ဇူလိုင် ၁၃ မှာ Cadet 12 Wah လည်း MAS ကို တက်ပြီး တတိယနဲ့စတုတ္ထတစ်ယောက်လည်း အဲဒီကိုရောက်သွားခဲ့ပါတယ်။ ရှိနေဆဲ ကျောင်းသားတွေအပြင်ကို အခြားအုပ်စုက ကျောင်းသားနှစ်ယောက်ကို ကျောင်းအုပ်ကြီးကလွှဲပေးလို့ လက်ခံခဲ့ရပါသေးတယ်။ သူတို့နှစ်ယောက်က Arif နဲ့ Siew တို့ ဖြစ်ပြီး တစ်ဦးချင်း ပျံသန်းလေ့ကျင့်ရေးမှာ အခက်တွေ့နေလို့ ကိုယ့်ဆီပို့လိုက်တာပါ။ သူတို့ကြုံတွေ့နေရတဲ့ ပြဿနာတွေကို ရှင်းပေးခဲ့ပြီး ဇူလိုင် ၈ ရက်နေ့မှာပဲ သူတို့တစ်ဦးချင်း ပျံသန်းခြင်းစွမ်းရည်ကို ပြနိုင်ခဲ့ပါတယ်။ ဘွဲ့ပေးတဲ့အခါကျတော့ Siew ဟာ Best Academic Winner of Betch 06 ဆုကိုရခဲ့ပြီး MAS မှာ B-737 သင်တန်းကို တက်နေပါပြီ။

ကိုယ့်ရဲ့တပည့် ၁၃ယောက်ထဲမှာ လူနည်းနည်းကသာ ဉာဏ်ထက်ပြီး အများစုက သာမန်လောက်ပါပဲ။ သူတို့တစ်ဦးချင်းပျံသန်းနိုင်တဲ့ စွမ်းရည်ရှိလာစေဖို့ အတွေ့အကြုံတွေ နည်းလမ်းတွေကို ပေါင်းစုံသုံးခဲ့ရပါတယ်။ သင်တန်းသားတွေကို မသင်မီနဲ့ သင်ပြီးတစ်ဦးချင်း ပျံသန်းပြနိုင်ခဲ့အပြီးမှာ HMA ကို လာတက်တဲ့ကျောင်းသားတွေဟာ ကိုယ့်ကို အနှစ်သက်ဆုံး ဖြစ်ခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



သလို HMA မှာ ကိုယ့်ရဲ့သိက္ခာဟာလည်း မြင့်တက်လာခဲ့ပါတယ်။ မြန်မာလူမျိုး ပျံသန်းမှု လေ့ကျင့်သင်ကြားရေးဆရာဟာ အားထားလောက်တဲ့သူတစ်ယောက် ဆိုတာကို ထပ်ပြနိုင်ခဲ့တာပါ။

နောက်တစ်လခွဲလောက်အကြာမှာ Terenggaru ဌာနခွဲရဲ့ အကြီးအကဲ တာဝန်ကို ယူခဲ့ရပါတယ်။ နောက်ပြီး Batch 06 ရဲ့နေရာကို Batch 05 နဲ့ အစားထိုးခဲ့ပါတယ်။ Batch 05 ဟာ စီနီယာဖြစ်ပေမယ့် အကြောင်းတစ်ခု ကြောင့် Batch 06 ထက် နောက်ကျနေခဲ့ရတာပါ။ ကျောင်းတာဝန်ရှိသူတွေက ဖြစ်နိုင်သမျှနည်းလမ်းနဲ့ Batch 05 ကို Batch 06 ထက်စောပြီး သင်တန်းဆင်း နိုင်အောင်လုပ်ပေးရမယ်လို့ပြောပြီး ကိုယ့်ဆီကို လွှဲပေးခဲ့ပါတယ်။ ဒီလိုဖြစ်ဖို့ အတွက် အကူရအောင် အင်ဒိုလူမျိုး အမောင်းသင်ဆရာနှစ်ယောက်ကိုလည်း ကျောင်းအုပ်ကြီးက ပို့ပေးခဲ့ပါတယ်။ အားလုံးလက်တွဲညီညီ ဆောင်ရွက်ခဲ့ပြီး ကျောင်းရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခဲ့ပါတယ်။

Batch 05 က ကျောင်းသား ၉ယောက်ကို ကိုယ်က တာဝန်ယူခဲ့ပြီး ကျန်တဲ့ကျောင်းသားတွေကို အင်ဒိုသင်တန်းဆရာ ၂ယောက်က တာဝန်ယူ ပါတယ်။ ကိုယ့်ရဲ့ကျောင်းသားအများစုဟာ တစ်ဦးချင်းအမောင်းကျင့်ချိန် ၁၀နာရီ ပတ်ဝန်းကျင်လောက် ရှိခဲ့ပါတယ်။ Batch 05 မှာ တစ်ဦးတည်းပါလာတဲ့ မိန်းကလေးသင်တန်းသူ Nadira က တစ်ဦးချင်းအမောင်းပျံချိန် ၉း၄၅နာရီရှိ ခဲ့ပြီး HMA ရဲ့ မှတ်တမ်းတစ်ခုဖြစ်ခဲ့ပါတယ်။ သူမဟာ ဒီကျောင်းကနေအောင် လက်မှတ်ရသွားခဲ့ပြီး အခု Air Asia မှာ Airbus A-320 လေယာဉ်အမောင်း သင်တန်းတက်နေပါပြီ။ နောက်ပြီး သင်တန်းသားတစ်ယောက်ဖြစ်တဲ့ Yazzar ဟာ သင်တန်းအပြီးမှာ Best Cadet of Batch 05 ဆုကို ရခဲ့တယ်။ ၃လအတွင်းမှာ ကိုယ်တစ်ယောက်တည်းက ကျောင်းသား ၂၉ယောက်ကို လေ့ကျင့်ပေးပြီး တစ်ဦးချင်းပျံသန်းနိုင်အောင် လုပ်ပေးခဲ့သလို သူတို့ဟာအရှုံးရယ်မှ မဖြစ်အောင် လုပ်ပေးနိုင်ခဲ့ပါတယ်။

အရှေ့ဘက်ကမ်းခြေမှာ မုန်တိုင်းမိုးရာသီ ရောက်လာတဲ့အတွက် Terenggaru ဌာနခွဲကို ပိတ်ခဲ့ရပြီး ၂၀၀၆ ဒီဇင်ဘာမှာ Langkawi ကို ပြန်ခဲ့ ရတယ်။ Halam Mazmin အုပ်စုရဲ့ ထိပ်တန်းစီမံခန့်ခွဲသူတွေက ကိုယ့်ရဲ့ စွမ်းဆောင်ရည်ကို နှစ်သက်ခဲ့ကြပြီး မြန်မာ့လေတပ်ကနေ QFI ဝန်ထမ်းဟောင်း နှစ်ယောက်လောက်ထပ်ရှာခေါ်ဖို့ တိုက်တွန်းခဲ့ကြပါတယ်။ ကြိုးစားအားထုတ်မှုရဲ့ အသီးအပွင့်တွေကို ပြန်မြင်ရတာပေါ့လေ။ ကာလတိုတစ်ခုအတွင်းမှာ ကိုယ့်ရဲ့





လုပ်ဖော်ကိုင်ဖက်တွေအတွက် လမ်းကြောင်းတစ်ခု အခွင့်အရေးတစ်ခုကို ရှာပေးနိုင်ခဲ့တာပေါ့လေ။ တာဝန်ပေးအပ်ခံရအပြီးမှာ ကိုယ့်အိတ်ထဲကငွေပါ စိုက်ထုတ်ပြီး လုပ်ဆောင်မှုတွေကို အပင်ပန်းခံ စလုပ်ပါတော့တယ်။

ဒါကြောင့် ၂၀၀၆ မတ် ၁၄ရက်မှာ Captain Myo Thant, Capt: Thant Zaw, Captain Naing Myint Khine တို့တွေ Langkawi ကို ရောက်လာခဲ့ကြတယ်။ သူတို့ပြီးတော့ Captain Phone Mg Myint, Capitain Win Aung နဲ့ Capitain Lin Naing Aung တို့ ထပ်ရောက်လာတယ်။

Batch 09 ကတော့ ကိုယ်နောက်ဆုံးတာဝန်ယူရတဲ့အုပ်စုပါ။ ဒီအုပ်စု ထဲက ကျောင်းသား ၉ယောက်ကိုလည်း တစ်ဦးချင်း ကျွမ်းကျင်စွာမောင်းနှင်တဲ့ အထိ အကောင်းဆုံးသင်ကြားပြသ ပေးနိုင်ခဲ့တယ်။

သူတို့ ၉ယောက်ထဲမှာ ပထမဆုံးတစ်ဦးချင်းပျံသန်းနိုင်သူကတော့ Edmund Linn ဖြစ်ပြီး ကျောင်းဆင်းတော့ Best Cadet of Batch 09 ဖြစ်ခဲ့တယ်၊ နောက်တော့ MAS အတွက် B-737 လေ့ကျင့်ရေး သင်တန်း တက်ရောက်ခဲ့တယ်။

ဒီအုပ်စုကို လေ့ကျင့်ပေးပြီး နောက်မှာ ကိုယ်ဟာ အင်ဂျင်နှစ်လုံးတပ် လေယာဉ်သင်ကြားပေးသူ တာဝန် သာမက Single and tain Diamond Aircrafts လေယာဉ်သင်တန်းသားတွေကို TRE အတွက် ကြပ်မတ်စစ်ဆေး ပေးရတဲ့သူတာဝန်ပါ ယူခဲ့ရတယ်။ လက်ရှိအချိန်မှာတော့ ကျောင်းသားတွေကို အဆင့်မြင့်လေ့ကျင့်ပေးမှု၊ သူတို့ရဲ့ အရည်အချင်းတွေကို စစ်ဆေးမှုတွေကို လုပ်နေပါပြီ။ အမှန်အတိုင်းပြောရရင် HMA ကိုလာတဲ့ သင်တန်းသားတွေနဲ့ သူတို့ရဲ့မိဘတွေကြားထဲမှာ ကိုယ်ဟာ ခုချိန်ထိလူကြိုက် အများဆုံး အမောင်းသင် ဆရာတစ်ယောက်အဖြစ် ရှိနေဆဲပါ။

ကျောင်းသား တိုင်းဟာ ကိုယ့်ရဲ့တပည့်ဖြစ်ချင်ကြသလို ကိုယ်သူတို့ကို လေယာဉ်မောင်း သင်ပေးတဲ့အခါတိုင်း သူတို့ကျေနပ်ပျော်ရွှင်စွာ သင်ယူနိုင် ကြတယ်လို့ ကျောင်းသားတွေက ဖွင့်ပြောတဲ့အထိပါပဲ။ လက်ရှိအချိန်မှာ လေယာဉ်မျိုးစုံ ၁၄မျိုး၊ ဟယ်လီကော်ပတာ စတာတွေအတွက် စုစုပေါင်းကိုယ့်ရဲ့ ပျံသန်းချိန်ဟာ ၁၇၀၀၀ နာရီရှိပါတယ်။ ခုချိန်ထိပဲကျန်းမာရေးကောင်းနေ ဆဲဖြစ်ပြီး အသက် ၆၅နှစ်လောက်ထိ ဆက်လုပ်နေဦးမှာပါ။ နောက်ထပ် ပေါ်လာဦးမယ့် မြန်မာလေယာဉ်မောင်းသင်တန်း ဆရာတွေအတွက် ကိုယ်စံပြ ဖြစ်အောင် ကြိုးစားသွားဦးမှာ။



www.burmeseclassic.com

www.burmeseclassic.com



## မိဘတွေချမှတ်ပေးတဲ့လမ်းကြောင်း

လူငယ်တွေရဲ့ဘဝအစမှာ မိဘတွေရဲ့ လမ်းကြောင်းချမှတ်ပေးနိုင်မှုကလည်း အဓိကကျပါတယ်။ မိဘတွေဟာ သားသမီးတွေထက် ရင့်ကျက်မှုရှိပြီး အတွေ့ အကြုံများတာကြောင့်လည်း ပါတာပေါ့။ မိဘတွေဟာ ဘဝတစ်လျှောက် မှန်တာတွေ မှားတာတွေအကြိမ်ကြိမ်ကြုံခဲ့ဖူးပြီး ဘဝသင်ခန်းစာတွေလည်း ပြည့်နေခဲ့ပြီ ဖြစ်လို့ပါ။ သူတို့ရဲ့အတွေ့အကြုံတွေဟာ သူတို့သားသမီးတွေအတွက် လမ်းကြောင်း ဖော်ဆောင်ပေးရာလက်နက်တွေပါ။ ဒီလိုလမ်းကြောင်းချပေးတယ်ဆိုရာမှာ နေ့စဉ်ဘဝနေထိုင်မှု၊ ပညာရေးအပန်းဖြေမှု၊ လူမှုဆက်ဆံရေး၊ ဘာသာတရား စတာတွေပေါ့လေ။ မိဘတွေကလည်း အကောင်းဆုံးနေထိုင်ကြပြီး သားသမီးတွေ ဒီလမ်းကြောင်းပေါ်ပါလာအောင် လုပ်ပြရမှာပေါ့။ သူတို့က စံပြအနေနဲ့နေထိုင်ပြရင် သားသမီးတွေကို လမ်းကြောင်းချပေးရာမှာ အခက်အခဲ မရှိတော့ဘူးပေါ့။

## ကိုယ့်ကိုယ်ကို ယုံကြည်မှုကင်းမဲ့ခြင်း

ဒါနဲ့ပတ်သက်ရင် ကိုယ့်မှာအမြင်နှစ်မျိုးရှိတယ်။ ပညာရေးနဲ့ယဉ်ကျေးမှုဆိုတာတွေပါ။ ယဉ်ကျေးမှုအရှေ့တိုင်းနဲ့ အနောက်တိုင်းမှာ ကလေးတွေကို မြေတောင်မြှောက်ပေးပုံတွေက အရမ်းကွဲပြားပါတယ်။ အနောက်တိုင်းကလေးငယ်တွေရဲ့ အဘိဓာန်ထဲမှာ ကြောက်ရွံ့မှုဆိုတဲ့စာလုံး လုံးဝ မရှိပါဘူး။ လမ်းလျှောက်တတ်ခါစ ကလေးကတောင် မကြောက်တတ်တာပါ။ ကလေးတွေဟာ တစ်ယောက်တည်းအိပ်တယ်။ သူတို့ပြောချင်ရာကို အကြောက်အရွံ့ကင်းစွာ ပြောတယ်။ လူစိမ်းတွေ လူအုပ်စုကြီးတွေနဲ့တွေ့တိုင်းပဲ ကြောက်ရွံ့ခြင်းကင်းစွာ ဆက်ဆံရဲကြတယ်။ သူတို့တွေဟာ ငယ်ရွယ်စဉ်ကလည်း ကိုယ့်အားကိုယ်ကိုးကြတာ။

ကိုယ်အမေရိကန်ကိုရောက်တုန်းက ပွဲတစ်ခုခု ဒါမှမဟုတ် ပြိုင်ပွဲတစ်ခုခု သွားကြည့်တိုင်း ပွဲတွေမစခင်မှာ ပွဲကျင်းပသူက လူအုပ်ကြားထဲကို လျှောက်လာပြီး ကလေးတစ်ယောက်ကိုရွေးလို့ သူနဲ့အတူ စင်ပေါ်ကို ခေါ်သွားတတ်တယ်။ ကလေးတွေအတွက် ပွဲကျင်းပသူဟာ လူစိမ်းတစ်ယောက်ဖြစ်ပေမယ့်လည်း သူတို့တွေက လုံးဝမကြောက်ဘဲ ခေါ်ရာနောက်ကို လိုက်သွားတာတွေ့ရတယ်။ ပြီးတော့ ပွဲစီစဉ်သူ မေးမြန်းတာတွေကိုဖြေပြီး ပရိသတ်ကို ဖျော်ဖြေပါတယ်။ နောက်တော့ သူ့ကို စင်ပေါ်ခေါ်သွားသူရဲ့ အကူအညီမယူဘဲ





သူ့မိဘတွေရှိရာကို လူကြားထဲကပြတ်ပြီး အေးဆေးပြန်သွားတာပါပဲ။ ဒီလိုအနေအထားမျိုးကို အကြိမ်ကြိမ်တွေ့ရတော့ အနောက်တိုင်းကလေးတွေဟာ ကိုယ်တို့ရဲ့ ကလေးတွေနဲ့ယှဉ်ရင် ကြောက်ရွံ့ခြင်း မရှိဘူးဆိုတာကို တွေ့ခဲ့ရတယ်။ လူတိုင်းလူတိုင်းဟာ အတူတူပဲဖြစ်ပြီး ဘယ်သူကမှဘယ်သူ့ကို အနိုင်ကျင့်နိုးမိုးလို့ မရဘူးဆိုတဲ့ အမြင်ဟာ သူတို့ထဲမှာ ရှိနေတယ်။ ဒါကြောင့် လူတစ်ယောက်ကို ကြောက်ရွံ့ပြီး ဘုရားသခင်လို အရိုအသေတွေပေးနေမိတဲ့ ကလေးတစ်ယောက် ရှိတယ်ဆိုပါစို့။ အကယ်၍အဲဒီလိုကလေးတစ်ယောက်သာ စောစောက ကိုယ်ပြောသလို အခြေအနေမျိုးကို ကြုံခဲ့ရမယ်ဆိုရင် ချက်ချင်းအော်ငိုပြီး မိဘနားကနေ ခွာတော့မှာမဟုတ်ဘူး။ ကြောက်ရွံ့မှုရှိခြင်းနဲ့မရှိခြင်း ကြားထဲကကြီးမားတဲ့ ကွာဟချက်တစ်ခုပေါ့လေ။

ကိုယ်တို့တွေတော့ ရှိတာရောမရှိတာရော ကြောက်ရပြီး ကြီးပြင်းခဲ့ရတာ မဟုတ်လား။ မြန်မာကလေးငယ်တွေအားလုံးဟာ မကောင်းဆိုးဝါးတွေ၊ သရဲတစ္ဆေတွေကိုကြောက်ပြီး တစ်ယောက်တည်း မအိပ်ရဲကြဘူး။ အမှောင်ထဲ မသွားရဲဘူး။ သချိုင်းမြေ မသွားရဲဘူး။ လူသေကောင်နား မကပ်ရဲကြဘူး။ ဒီကြောက်ရွံ့မှုတွေဟာ မွေးစကပါလာတာမဟုတ်ဘဲ မိဘတွေ၊ ဘိုးဘွားတွေရဲ့ ပြောဆိုမှုတွေကြောင့် ဖြစ်လာတာပါ။ ဒီလိုကြောက်ရွံ့မှုတွေဟာ အမြစ်တွယ်နေပြီး တချို့ဆိုရင် သေတဲ့အထိ မပျောက်တော့ဘူး ဖြစ်သွားတတ်တယ်။ ငယ်စဉ်က ကြုံတွေ့ခဲ့ရတဲ့ အနေအထားတွေကြောင့် ပေါ်လာတဲ့ကြောက်ရွံ့စိတ်တွေဟာ အသက်ကြီးလာတဲ့အခါကြတော့ ပုံသဏ္ဌာန်တစ်မျိုး ပြောင်းသွားတတ်တယ်။ အရွယ်ရောက်လာတဲ့အခါကြတော့ ဒီကြောက်ရွံ့မှုဟာ ခွန်အားကြီးမားသူ၊ ကြွယ်ဝချမ်းသာသူ၊ ရာထူးကြီးမားသူစတဲ့ လူတွေအဖွဲ့အစည်းတွေကို ကြောက်ရွံ့မှုအဖြစ် ပြောင်းလဲသွားတတ်တာပါပဲ။ ဒါကြောင့် ကြောက်ရွံ့မှုကြီးမားလေ ဘဝမှာ အောင်မြင်မှုလျော့နည်းလေဆိုတဲ့ ဆိုးကျိုးတွေဘဝတလျှောက်မှာ ပေါ်လာတာပါ။

## ပညာရေး

ပညာရေးမှာ မအောင်မြင်ခြင်း၊ ဘာသာစကား သင်ကြားရာမှာ မတတ်မြောက်ခြင်း စတဲ့အရာတွေဟာ ဘာကြောင့်ဖြစ်လာသလဲဆိုတော့ တတ်ကျွမ်းသူတွေနဲ့ ဆက်ဆံရာမှာ မဝံ့ရဲမှု၊ လုပ်သင့်တာကို မလုပ်ရဲဘဲ ကြောက်နေမှု၊ ဖြစ်လာတဲ့ အနေအထားပြဿနာတွေကို ကိုယ်တိုင်ဖြေရှင်းဖို့

www.burmeseclassic.com



မဝံ့ရဲမှုဆိုတဲ့ အချက်တွေကြောင့်ပါ။ ပညာရေးဘက်ကို သေချာကြည့်ရင်လည်း အင်္ဂလိပ်စာကို Skill ၄ မျိုးလုံး ကျွမ်းအောင်တတ်မြောက်ထားခြင်းကလည်း အဓိကကျတယ်။ ကမ္ဘာကြီးနဲ့ရင်ပေါင်တန်းပြီး နေချင်တယ်ဆိုရင် ငယ်စဉ်ကတည်းက အမြစ်တွယ်လာတဲ့ ကြောက်ရွံ့မှုတွေ၊ မဝံ့ရဲမှုတွေကို အမြစ်ပြတ်ပျောက်ပြစ်ရမှာဖြစ်ပြီး အင်္ဂလိပ်စာကိုလည်း ကျွမ်းကျင်စွာ တတ်မြောက်အောင် ကြိုးစားရပါလိမ့်မယ်။

အနောက်နိုင်ငံတွေရဲ့ ဂုဏ်သိက္ခာရှိ တက္ကသိုလ်တွေ၊ ကျောင်းတွေမှာ ကိုယ့်ရဲ့ကလေးတွေကို ကျောင်းထားနိုင်အောင်လို့ နည်းလမ်း တွေကိုရှာပြီး မြေတောင်မြှောက်ပေးရလိမ့်မယ်။ အနောက်နိုင်ငံတက္ကသိုလ် တွေကနေ ဒေါက်တာဘွဲ့ရတဲ့ကျောင်းသားတွေ ကိုယ်တို့တိုင်းပြည်အတွက် အများ ကြီး လိုအပ်နေသေးတယ်လို့ ကိုယ်ယုံကြည်နေသေးတယ်။ ဒီလိုလူမျိုးတွေများလာပြီဆိုရင် ကိုယ်တို့တိုင်းပြည်ဟာ မလေး၊ စင်ကာပူလို ဖြစ်လာပါလိမ့်မယ်။

ပြည်တွင်းကပေးနေတဲ့ ရိုးရိုးဘွဲ့တွေ၊ မာစတာဒီဂရီတွေလောက်နဲ့တော့ တိုင်းပြည်ကို မြှင့်တင်ဖို့ မလွယ်ကူသေးဘူး။ မလေးမှာ ကိုယ်တွေ့ခဲ့ရတာက ဒီကလူငယ်တွေဟာ အလယ်တန်း၊ အထက်တန်းပညာရေး ပြီးဆုံးသွားပြီဆိုရင် သူတို့တွေရဲ့ အင်္ဂလိပ်စာစကားတွေ အရမ်းကောင်းတယ်ဆိုတာပါပဲ။

အစိုးရ ဌာနမှာ တာဝန်ထမ်းဆောင်နေသူတွေ၊ ပြင်ပလောကမှာ စီးပွားရေးလုပ်နေသူတွေ အများစုဟာ UK, Australia, USစတဲ့နိုင်ငံတွေမှာရှိတဲ့ တက္ကသိုလ်တွေကနေ ဘွဲ့ရထားသူတွေပါ။

ဒီလိုအနေအထားတွေကြောင့် သူတို့ဟာ ကမ္ဘာကို ရင်ဘောင်တန်း နိုင်ပြီး သူတို့တိုင်းပြည်ဟာ ကမ္ဘာ့အဆင့်မီနေတာပါ။ ကိုယ်တို့ တိုင်းပြည် ကမ္ဘာ့အဆင့်ရောက်ဖို့ဆိုရင် သုံးစွဲရမယ့် တစ်ခုတည်းသော ဆေးခါးကြီးက ကြောက်ရွံ့မှုတွေ ပျောက်အောင်လုပ်ပြီး အကောင်းဆုံး ပညာရေး အဆင့်အတန်း ရှိအောင် လုပ်ဖို့ပါ။ ဒါကလွဲပြီး ဘာမှမရှိပါဘူး။

### ဘာကိုအတုယူရမလဲ

ကြီးကျယ်တဲ့လူတွေရဲ့ အတ္ထုပ္ပတ္တိတွေကို လေ့လာဖတ်ရှုရပါလိမ့်မယ်။ သိပ္ပံ ပညာရှင်တွေ၊ အနုပညာရှင်တွေ၊ စီးပွားရေးသမားတွေ၊ စွန့်ဦးတီထွင်သူတွေ၊ နိုင်ငံရေးသမားတွေ၊ နိုင်ငံတည်ထောင်ခဲ့သူတွေ၊ ကမ္ဘာငြိမ်းချမ်းရေးအတွက် ကြိုးစားခဲ့သူတွေ၊ သမ္မတတွေ၊ ဝန်ကြီးချုပ်တွေရဲ့ အကြောင်းတွေကို





ဖတ်ပြီးသူတို့ရဲ့ ကိုယ်ရည်ကိုယ်သွေး၊ ဆုံးဖြတ်ချက် ပြတ်သားမှု၊ ပြင်းထန်စွာ ကြိုးစားမှု၊ စိတ်ရှည်သည်းခံမှု၊ ကိုယ်ကျိုးမငဲ့မှု၊ သနားကြင်နာတတ်မှု စတာတွေကို အတုယူရပါလိမ့်မယ်။ ကြီးကျယ်တဲ့ လူတွေအကြောင်းကို မဖတ်ဘဲ ကြီးကျယ်တဲ့ လူတစ်ယောက် ဖြစ်မလာနိုင်ပါဘူး။ ဒါဟာ ရှင်းပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

# ဇော်မင်းယု



## ကိုယ်ရေးရာဇဝင်အကျဉ်း

အမည်ရင်း ဇော်မင်းယု။ ၁၉၅၀ ခုနှစ်၊ အောက်တိုဘာ ၁၆ တွင်အဖ ဦးတင်ယု (ရုပ်ရှင်ဒါရိုက်တာ) နှင့် အမိ ဒေါ်မြင့်မြင့်တို့မှ မွေးဖွားသည်။ မွေးချင်း မောင်နှမ ၃ ဦးရှိပြီးရန်ကုန်မြို့ စိန့်ပေါ် (လ်) (ယခုဗိုလ်တထောင်အထက၆)တွင် ပညာသင်ကြားခဲ့သည်။ အင်္ဂလန်နိုင်ငံတွင် ဓာတ်ပုံပညာသင်တန်းများ တက်ရောက်

သင်ယူခဲ့ပြီး ၁၉၈၀ အသက် ၃၀ အရွ တွင် Professional Photographe အဖြစ်စတင်ရပ်တည် လုပ်ကိုင်သည်။ မှာချိုချို (ခ) Aurore Candier သည်။ အမှတ် ၉၊ အင်းလေးရိပ်သာ၊ ခွဲ၊ ပြည်လမ်းတွင် နေထိုင်၍ အင်း လမ်းတွင် Zaw Min Yu Photo A Gallery ဖွင့်လှစ်ထားသည်။





ကိုယ်လုပ်တဲ့
အလုပ်ကို
ကျွန်တော်
မြတ်နိုးတယ်။
ဒါဟာ
တာဝန်မဟုတ်ဘူး
I love it.
It's not a duty.
ကျွန်တော်
လုပ်ချင်လို့ လုပ်ခဲ့တာ
ဖြစ်တဲ့အတွက်
လုံးဝစိတ်ချမ်းသာတယ်။

cLub 18

www.burmeseclassic.com

www.burmeseclassic.com



# ကမ္ဘာမြေအတွက်လာခြင်းကောင်းသောသူတစ်ယောက် (သို့မဟုတ်) ဦးအုန်း

(က) ငယ်ဘဝ



စစ်ကိုင်းမြို့နှင့်အတန်ငယ်အလှမ်းကွာဝေးသော မကျည်းစင် တင်းတိတ်ရွာလေးသည် စပါး၊ ဝါ၊ နှမ်း၊ မြေပဲ၊ ဂျုံ၊ ရေတံ၊ စသည့်သီးနှံများဖြင့် စိုက်ပျိုးအသက်မွေးပြီးအေးချမ်း သာယာသည့်ရွာလေးဖြစ်သော်လည်း ဒုတိယကမ္ဘာစစ်တွင် စစ်လမ်းကြောင်းပေါ် ကျရောက်ခဲ့သဖြင့် အင်္ဂလိပ်စစ်တပ်ရော၊ တရုတ်ဖြူစစ်တပ်ရော၊ ဂျပန်စစ်တပ်နှင့်ပါ ကြုံကြိုက်ခဲ့ရပြီး စစ်၏ အနိဋ္ဌာရုံများကိုလည်း ကြုံတွေ့ခဲ့ရသည်။ ထိုရွာလေးတွင် ၁၉၂၇ ခု၊ ဝါခေါင်လဆန်း ၁၀ ရက်နေ့၌ ကမ္ဘာမြေအတွက် လာခြင်းကောင်းသောလူတစ်ယောက် မွေးဖွားခဲ့သည်။ သူ၏ငယ်နာမည်မှာ မောင်အုန်းသီးဖြစ်ပြီး နှစ်ပေါင်း ၈၀ ကြာသောအခါ မြန်မာနိုင်ငံ၏ သဘာဝသစ်တော ဥယျာဉ်များကို ထိန်းသိမ်းစောင့်ရှောက်သည့် လူတစ်ယောက်ဖြစ်လာခဲ့သည်။ သူ၏ မိဘများမှာ လယ်ဧက ၅၀၀ ပိုင်ဆိုင်သော မြေပိုင်ရှင်များဖြစ်၍ သူ့အား

cLub 18
creative HOUSE



ငယ်စဉ်ကပင် ပညာကြိုးစားသင်ရန် ပျိုးထောင်ပေးခဲ့သည်။ သူ၏ပါရမီနှင့်စီဓကြောင့် ကျောင်းတွင် နှစ်စဉ်ပထမ၊ ဒုတိယ အမြဲလိုလိုရရှိခဲ့ပြီးနောက် မူလတန်းကိုရွာမှ အောင်မြင်ပြီး စစ်ကိုင်းရှိ အင်္ဂလိပ်မြန်မာကျောင်းတွင် တက်ရောက်ပညာသင်ကြားခဲ့သည်။ အင်္ဂလိပ်စာမတတ်သေးသည့်အတွက် ရွာမှစတုတ္ထတန်း (အထူးတန်း ၄တန်း)တွင် ၃နှစ် နေခဲ့ပြီးမှ စာကျေသွားပြီး နောက်တက်ရောက်သည့် အတန်းတိုင်းတွင် ပထမ၊ ဒုတိယ ရရှိလာသည်။

ဖခင်ဖြစ်သူမှာ ရွာသူကြီးဖြစ်သည့်အတွက် ဂျပန်စစ်တပ်နှင့် အလိုက်အထိုက် ဆက်ဆံရသဖြင့် သူ့သားကို ဂျပန်စာသင်နိုင်းပြန်သည်။ ဂျပန်တွေက မကြာခဏ ပါးရိုက်လေ့ရှိသဖြင့် ဂျပန်စကားတတ်မှ ပါးရိုက်ခံရမည့်အရေးကို ရှောင်လွှဲနိုင်၍ မောင်အုန်းသည် ဂျပန်စာကို စစ်ကိုင်းမြို့ ဂျပန်ကျောင်းတွင် သေချာလေ့လာဆည်းပူးခဲ့သည်။ ၃လဖြင့် ဂျပန်စာတတ်သည့်အတွက် တစ်ရွာလုံးက အံ့သြခဲ့ရသလို ဂျပန်စစ်တပ်များရွာသို့ ရောက်လာသောအခါတွင်လည်း လိုအပ်သည့်ကိစ္စများအတွက် မောင်အုန်းအား ခေါ်ပြောလေ့ရှိသည်။

ထိုအချိန်တွင်မောင်အုန်းသည် ဦးစိန်ဘွား (ဖဆပလခေတ်သံအမတ်) ခေါင်းဆောင်သော အာရှလူငယ်အသင်းသို့ ဝင်ရောက်ခဲ့သည်။ အင်္ဂလိပ်စစ်တပ်က ဂျပန်ကို ပြန်လည်တိုက်ထုတ်သောအခါ တင်းတိတ်ရွာအနီးရှိ ဖိုးချောင်း၊ ညောင်ကုန်း တစ်ဝိုက်တွင် တိုက်ပွဲများဖြစ်ပွားရာ ဗမာတပ်မတော် (BIA) တပ်အတွက် မောင်အုန်းက အရေးကြီးသောသတင်းများကို ပေးနိုင်ခဲ့သည်။ နောက်ပိုင်းတွင် ဂျပန်ကင်ပေတိုင်က မောင်အုန်းအား သတင်းပေးအဖြစ် သံသယရှိသွားသည့်အတွက် ဖမ်းပြီးသတ်ရန်စီစဉ်သည်။ မောင်အုန်းအား ဂျပန်စစ်တပ်မှတပ်ကြပ် အူရူးရှီးဟာရာ ဆိုးကျော်က သတ်ရန်ပြင်ဆင်နေစဉ် မောင်အုန်းသည် ဂျပန်လို သူတို့လက်ခံရန် ရှင်းလင်းပြောပြခဲ့သည်။ နောက်ဆုံးဂျပန်တပ်ကြပ်က ယုံကြည်သွားပြီး သူ့အား မသတ်ဘဲ သူ့ဆောမှကျွဲလှည်းရွာတွင် ဓားပြတိုက်ခဲ့သောဓားပြကို Demostration လုပ်ကာ သတ်ပြခဲ့သည်။

နှစ် ၄၀ ကြာသောအခါ သူ့အားအသက်ချမ်းသာပေးခဲ့သော ဂျပန်လူမျိုး အူရူးရှီးဟာရာဆိုးကျော်သည် မြန်မာနိုင်ငံသို့ပြန်လာကာ သူ့အားပြန်လည် ရှာဖွေသွားခဲ့သေးသည်။ သို့သော် မောင်အုန်းသည် သစ်တောဘက်၌ တာဝန်ထမ်းဆောင်နေသဖြင့် မဆုံစည်းခဲ့ကြပေ။

စစ်ကြီးပြီးသွားသောအခါ မိဘများကရှိသည့် သီးနှံများကိုရောင်းချကာ မောင်အုန်းအားကျောင်းဆက်ထားခဲ့ရာ ၇ တန်းမှစတင် ပညာသင်ကြားခဲ့ရသည်။

cLub 18
creative HOUSE

www.burmeseclassic.com

www.burmeseclassic.com



၈ တန်းတွင် တက်ရောက်ပညာသင်ကြားနေရာမှ ဆရာများ၏ တိုက်တွန်းချက်အရ ၁၀ တန်းကိုတိုက်ရိုက်တက်ဖြေရာ စစ်ကိုင်းနယ်မှအောင်မြင်သည့် လူအနည်းငယ်ထဲတွင် ပါဝင်ခဲ့သည်။

မန္တလေးတက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားနေစဉ် သူငယ်ချင်းများဖြစ်ကြသော ကိုလှဦး၊ သီဟသူရ စိုးသိမ်းတို့နှင့်အတူ ပြည်သူ့ရဲဘော်စစ်သင်တန်းသို့ တက်ရောက်ခဲ့သည်။ လွတ်လပ်ရေး ရပြီးသောအခါ သူငယ်ချင်းများက စစ်တပ်ထဲသို့ဝင်ကြသော်လည်း မောင်အုန်းသည် အင်မတန်ရှည်မှန်းချက်ကြီးသော ဖခင်၏ဆန္ဒအတိုင်း ပညာရေးဘက်သို့သာ လိုက်စားခဲ့သည်။

မိဘများဆင်းရဲသွား၍ ပိုက်ကျုံးမှ အဒေါ်ဖြစ်သူဒေါ်မှုံးက ကျောင်းဆက်ထားပေးခဲ့သည်။ အဒေါ်အိမ်တွင် ရေနံသုတ်၊ ထုံးသုတ်၊ သစ်ပင်ရေလောင်း၊ ကြွေးတောင်း စသည့်အောက်ခြေသိမ်း အလုပ်များကို လုပ်ကိုင်ရင်း First Year (B.Sc) ကိုအောင်မြင်ခဲ့သည်။

၁၉၅၁ ခုနှစ်တွင် B.Sc ဘွဲ့ရရှိပြီးနောက် လေယာဉ်ပိုင်းလော့ လုပ်လိုသဖြင့် လေတပ်ထဲသို့ လျှောက်ခဲ့သည်။ သို့သော် မျက်လုံးအားနည်း၍ မျက်မှန်တပ်ရသည့်အတွက် စာမေးပွဲမအောင်မြင်ခဲ့ပေ။ ထိုနှစ်က ဘွဲ့ရရှိသူများထဲတွင် မောင်အုန်းသည် ဓာတုဗေဒတွင် ၈၂ မှတ်ဖြင့် မြန်မာပြည်တစ်ပြည်လုံး အမှတ် အများဆုံးရရှိခဲ့သည့်အတွက် ပါမောက္ခချုပ်များဖြစ်ကြသော ဆရာကြီးဦးကိုလေးနှင့် ဒေါက်တာထင်အောင်တို့က Ph.D ဘွဲ့သွားယူရန် တိုက်တွန်းကြသည်။

သို့သော် ရခိုင်ပြည်နယ်မှမစိန်သာသည် ၁၉၅၂ ခုနှစ်တွင် (Physical Chemistry) ဘာသာတွင် ၈၄ မှတ်ဖြင့်အောင် မြင်ခဲ့သည့်အတွက် မစိန်သာအား အင်္ဂလန်သွားရန် ရွေးချယ်လိုက်ရာ မောင်အုန်းစိတ်ထိခိုက်ပြီး Forestry သို့သာ လျှောက်ထားခဲ့သည်။ Forestry သို့ရောက်ရှိပြီးမှ မစိန်သာဆုံးပါးသွားသည့်အတွက် ဆရာကြီးဦးကိုလေးမှ Ph.D ဘွဲ့သွားယူရန်ပြောရာ Forestry မှာပဲနေမည်ဟု ခေါင်းမာမာနှင့်ပြန်လည်တုံ့ပြန်ခဲ့၍ ဆရာကြီးစိတ်ဆိုးသွားပြီး ဆူပူခြင်းကိုခံခဲ့ရသည်။

ဆုံးဖြတ်ချက်တစ်ခုချပြီးလျှင် မပြင်တတ်သောမောင်အုန်းသည် သစ်တောပညာရပ်အား သင်ကြားရန်အတွက် အင်္ဂလန်နိုင်ငံ ဝေးလ်စ်တက္ကသိုလ်သို့ သွားရောက်ခဲ့သည်။

## (ခ) ပညာရှာပမာသူမှန်းစား

အင်္ဂလိပ်စာအားနည်းသော ကိုအုန်းသည် ဝေးလ်စ်သို့ ရောက်ရောက်ချင်း





အတော်ရုန်းကန်ခဲ့ရသည်။ သူတို့အားသင်ကြားမည့်ပါမောက္ခသည် ဗြိတိသျှဘုရင်မကြီး ချီးမြှင့်ထားသော O.B.E ဘွဲ့ရရှိထားသူဖြစ်သဖြင့် မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးလိုက်ရခြင်းကို အမြင်ကြည်လင်ခြင်းမရှိပေ။ ထို့ကြောင့် ကိုအုန်းသည် Forestry ကျောင်းသား ၁၇ယောက်ထဲတွင် အနှိမ်ခံ၊ အထင်သေးခံဘဝဖြင့် ရင်ဆိုင်ခဲ့ရသည်။ ကျောင်းသား ၁၇ ယောက်ထဲတွင် ပြင်သစ်နှင့် အင်္ဂလိပ်လူမျိုးအများဆုံးဖြစ်ပြီး အာရှတိုက်မှ သူတစ်ယောက်တည်းသာပါသည်။ ကိုအုန်းသည် British Concellor စီစဉ်ပေးသည့်အတိုင်း ဝေးလ်စ်မိသားစု တစ်စုနှင့်အတူနေထိုင်ပြီး ပထမနှစ်ကို တက်ရောက်ခဲ့ရသည်။

အင်္ဂလိပ်ဆန့်ကျင်ရေး စိတ်ဓာတ်ကြောင့် ဝေးလ်စ်စကားသင်ကြားပြီး ဝေးလ်စ်ကျောင်းသားများနှင့် ခင်မင်သွားပြီးနောက် ယင်းနိုင်ငံ၏ Nationalist Association တွင် အင်္ဂလိပ်ကိုမုန်းတီးကြောင်း မိန့်ခွန်းတက်ပြောခဲ့သည်။ နောက်ဆုံးတွင် အင်္ဂလန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက နောက်တစ်ခါ ဒါမျိုးလုပ်ရင် မြန်မာပြည်ပြန်ပို့မည်ဟု သတိပေး၍ ဂရုတစိုက် ဆင်ခြင်နေထိုင်ခဲ့ရသည်။ ကိုအုန်းသည် ဂုဏ်ထူးတန်း ပထမတန်း (First Class) ရရှိရန် အပြင်းအထန်ကြိုးစားခဲ့ရပြီး ၄ နှစ်ကြာပြီးနောက် ထူးချွန်စွာအောင်မြင်ခဲ့သော်လည်း မြန်မာလူမျိုးဖြစ်သည့်အတွက် ဒုတိယအဆင့် (Second Class) သာရရှိခဲ့သည်။

သို့သော်သူ့အား Oxford တက္ကသိုလ်တွင် Ph.D ဆက်တက်ရန် မြောက်ဝေလတက္ကသိုလ်က ထောက်ခံပေးခဲ့သော်လည်း အင်္ဂလန်တွင် နောက်ထပ် ၃နှစ်နေရမှာ ကြောက်သဖြင့် Second Class Honours ဖြင့် မြန်မာပြည်သို့ ပြန်လာခဲ့သည်။ ပြန်ရောက်လာပြီးနောက် ၁၉၅၇ခုနှစ် ဖေဖော်ဝါရီလမှစ၍ မြန်မာနိုင်ငံ သစ်တောဌာန (Burma Forest Service)တွင် သစ်တောဝန်ထောက်အဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

## (ဂ) တုံးတိုက်တိုက် ကျားကိုက်ကိုက်

မြန်မာပြည်ပြန်ရောက်လာသောအခါ သစ်တောဝန်ကြီးဌာနမှ ကိုအုန်းအား အထက်ချင်းတွင်းဘက်ရှိ သစ်တောများအား ထိန်းသိမ်းစောင့်ရှောက်ရန် ပို့လိုက်သည်။ ထိုအချိန်ကာလမှာ မြန်မာနိုင်ငံတွင်နိုင်ငံရေးအရ တည်ငြိမ်မှုမရှိဘဲ ကွန်မြူနစ်ရောအလံနီပါရှိနေသဖြင့် အသက်ကိုအမှုမထားဘဲ တာဝန်ထမ်းဆောင်ခဲ့ရသည်။ တောထဲတွင်သူပုန်များဖြင့် တိုက်ပွဲအကြိမ်ကြိမ်တိုက်ခဲ့ဖူးပြီး စစ်တပ်ဖြင့်လည်း အချင်းချင်းမှားယွင်းအပစ်ခံခဲ့ရသည်။ သို့သော်အသက်ဘေးမှလက်မတင်လွတ်ခဲ့သည်။ ၁၉၆၄ခုနှစ်တွင် သူ့အားရန်ကုန်တက္ကသိုလ် သစ်တောပညာဌာနတွင် ဆရာအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်ခေါ်ယူခဲ့သည်။

## (ဃ) တက္ကသိုလ်မှာ ၉ နှစ်တာ

တက္ကသိုလ်တွင်ဆရာကိုအုန်းသည် ကျောင်းသားများအား စာတွေ့ထက်လက်တွေ့ကိုသာ အားစိုက်သင်ကြားပေးခဲ့သည်။ တောထဲတွင် Training အဖြစ်သွားရောက်သည့်အခါတိုင်း သစ်တောကျောင်းသားများကို တင်းတင်းကြပ်ကြပ် စည်းကမ်းများဖြင့် ကိုင်တွယ်ပြီး သစ်တောကျောင်းသားများ၏ ကြံ့ခိုင်ရေးအတွက် သင်တန်းများ ပြင်းပြင်းထန်ထန် ပေးခဲ့သည်။ တစ်နေ့လုံး မနက် ၆နာရီမှ ညနေ ၄နာရီအထိ တောထဲတွင် ရေမသောက်ဘဲ လမ်းလျှောက်နိုင်အောင်၊ အလုပ်လုပ်နိုင်အောင် လေ့ကျင့်ပေးခဲ့သည်။ တပည့်များယူလာသော ကော်ဖီဗူးများ၊ ရေဗူးများ၊ ဓာတ်ဗူးများကိုလွှင့်ပစ်ခဲ့သည်။ တပည့်များမောနေလျှင် ပါလာသောပစ္စည်းများကို တလှည့်စီထမ်းရင်း တောထဲ၌လှည့်လည်ခဲ့သည်။ နောက်ဆုံး လုပ်ဖော်ကိုင်ဖက်ဖြစ်သူ သစ်တောဝန် ဦးသိန်းလွင်က **'တပည့်တွေက မင်းကိုသေပါစေလို့ ဆုတောင်း နေကြတယ်ကွ'** ဟု နောက်ပြောင်သည့်အနေဖြင့် ပြောပြခဲ့သည်။ နောင်တစ်ချိန်တွင် ကိုအုန်း၏ တပည့်များသည် အရေးကြီးသော တာဝန်များကို ထမ်းဆောင်ရသည့်အခါကျမှ ဆရာ၏ကျေးဇူးများကို တန်ဖိုးထားမိကြောင်း ပြန်လည်ပြောပြခဲ့သည့်အတွက် မျက်ရည်ဝဲမတတ် ပီတိဖြစ်ခဲ့ရသည်။

## (င) ပုပ္ပားတောင်ကယ်တင်ရေးစီမံကိန်းအိပ်မက်

၁၉၈၁ ခုနှစ်တွင် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) မှ သစ်တောများ ပြုပြင်ထိန်းသိမ်းရန် Nature Conservation and National Parks Project (NCNP) မှ အထောက်အပံ့များ ပေးအပ်ခဲ့သည်။ ယင်းစီမံကိန်းအတွက် အတွေ့အကြုံကြွယ်ဝသော သစ်တောဌာနမှဦးအုန်း၊ ဦးစောဟန်၊ ဦးမောင်မောင်သန်း၊ ဦးစောထွန်းနိုင်၊ ဦးအောင်သန်း၊ ဦးဦးဂါ၊ ဦးခင်မောင်ဇော် တို့အားခေါ်ယူကာ တာဝန်ပေးခဲ့သည်။ ပုပ္ပားတောင်အား စိမ်းလန်းစိုပြည်ရေးအတွက် လုပ်ဆောင်ရန် လူရွေးချယ်ရာ ငယ်စဉ်ကတည်းက ပုပ္ပားတောင်ကြီးကို မြင်တွေ့ခဲ့ရပြီး သံယောဇဉ်ရှိသော ဦးအုန်းက သူသွားမည်ဟုတာဝန်ခံခဲ့သည်။

ထိုအချိန်က ပုပ္ပားတောင်သည် သစ်တောများကျဲပါးလာကာ ရွာသူရွာသားများကလည်းထင်းခုတ်၍ ကျောက်ပန်းတောင်းသွားရောင်းပြီး ဘဝဝမ်းကျောင်းနေသူများဖြစ်ကြသည်။ ဦးအုန်းရောက်သွားသောအခါ ကတုံး(ခေါင်းတုံး)

cLub 18
creative HOUSE



နီးပါးဖြစ်နေသော ပုပ္ပားတောင်ကြီးကိုကြည့်ပြီး ဘာလုပ်ရမှန်းမသိဖြစ်နေသည်။

နောက်ဆုံးတွင် သူအားအသန်ဆုံးအရာဖြစ်သည့် လက်တွေ့ Survey ဆင်းလိုက်သည်။ ရွာသူရွာသားများဖြင့်ဆုံတွေ့ကာ ထင်းခုတ်မှ ထမင်းစားရသည့် အိမ်ထောင်စုများစာရင်းကို ကောက်ယူသည်။ ထင်းခုတ်သူများသည် ပုန်းရည်ကြီးလုပ်ငန်း၊ ထုံးဖုတ်လုပ်ငန်းများ၊ ပဲကြော်လုပ်ငန်း၊ အုတ်ဖုတ် လုပ်ငန်းများသို့ အဓိကသွားရောင်းနေသည့်အချက်ကိုလည်း တွေ့လာရသည်။

စာရင်းရရှိသောအခါ ထိုမိသားစုများကိုခေါ်ယူ၍ ထင်းမခုတ်ဘဲ သစ်တောဌာနတွင် တောခေါင်းတောကြပ်လုပ်ရန် စည်းရုံးရသည်။ လစာမည်မျှပေးမည်၊ ယူနီဖောင်း မည်မျှပေးမည်၊ ဆန်မည်မျှပေးမည်ဆိုပြီး မက်လုံးပေးရသည်။

ဤသို့ဖြင့် ဝန်ထမ်း ၄၈ယောက် အမာခံရရှိလာသည်။ သစ်တောဒုတိယညွှန်ကြားရေးမှူးဦးအုန်းသည် ယင်းဝန်ထမ်း ၄၈ ယောက်အား အောက်ပါစည်းကမ်းချက်များဖြင့် စာချုပ်ချုပ်ဆိုသည်။ နံပါတ် ၁အချက်မှာ တောမီးမလောင်စေရန်နှင့်နံပါတ် ၂အချက်မှာ ထင်းမခုတ်ရန်ဖြစ်သည်။ အကယ်၍ တောမီးလောင်ခဲ့လျှင် လစဉ်ပေးထားသောဆန် ၁၂ပြည်အား တစ်ခါလောင်လျှင် ၆ ပြည်၊ ၂ ခါလောင်လျှင် ၁၂ ပြည် ဖြတ်ပစ်ပြီး ၃ ခါ လောင်လျှင် အလုပ်မှဖြုတ်ပစ်မည်ကို သဘောတူပါသည်ဟု လက်မှတ်ထိုးရခြင်းဖြစ်သည်။ ယင်းဝန်ထမ်းများအား ပုပ္ပားတောင်ပတ်ပတ်လည်တွင် ကင်းများချပြီး တောမီးမရှိရန် ကာကွယ်ခဲ့ရသည်။

ထို့ပြင် ပုပ္ပားတောင်သည် ရေဝေ/ရေလဲနယ်ဖြစ်သဖြင့် ရေမထိန်းသော ယူကလစ်ပင်များအား ဖယ်ရှားပစ်ပြီး ဒေသခံအပင်များဖြစ်သည့် ကုက္ကို၊ ရှား၊ ထနောင်း၊ မယ်ဇလီတို့ဖြင့် အစားထိုးစိုက်ပျိုးခဲ့သည်။ ပုပ္ပားတောင် စိမ်းလန်းစိုပြေရေးအတွက် စခန်း ၂၅ ခုထားရှိကာ နေ့စဉ်မြင်းဖြင့် သွားရောက်စစ်ဆေးလေ့ရှိသဖြင့် သစ်တောပြုန်းတီးမှု တဖြည်းဖြည်း နည်းပါးလာခဲ့သည်။ ဦးအုန်းရောက်ပြီး ၃၊ ၄နှစ်အကြာတွင် ပုပ္ပားတောင်သည် ပြန်လည်စိမ်းလန်းလာကာ ခန်းသွားသော ချောင်းများတွင်လည်း ရေပြန်ထွက်လာသည်။

ဤကဲ့သို့ပုပ္ပားတောင်ပြန်လည်စိမ်းလန်းစိုပြည်သွားခြင်းသည် ဦးအုန်း၏ဘဝတစ်လျှောက်တွင် ဖော်ပြ၍မရနိုင်သော ကျေနပ်ပီတိဖြစ်ခဲ့သည်။ ထိုအလုပ်ကို ဖြုတ်၍ မရလောက်အောင်စွဲလန်းခဲ့ရာ တစ်သက်လုံး ဒီအလုပ်ကိုပဲ ဇောက်ချလုပ်မည်ဟု စိတ်ပိုင်းဖြတ်ခဲ့သည်။

၁၉၈၆ ခုနှစ်တွင် ဦးအုန်းအား စီမံကိန်းညွှန်ကြားရေးမှူး အဖြစ် ရာထူးတိုးမြှင့်ခံထားရသည်။ ၁၉၈၈ ခုနှစ် ဒီဇင်ဘာလတွင် လုပ်သက်ပြည့်ဖြင့်

cLub 18
creative HOUSE

www.burmeseclassic.com

www.burmeseclassic.com



အငြိမ်းစားယူခဲ့ပြီးနောက် သစ်တောဌာနမှာပင်အကြံပေး ဆက်လက် လုပ်ကိုင်ခဲ့သည်။

## (စ) ဒီရေတောများအား ကယ်တင်ခြင်း

သစ်တောဌာနတွင်အကြံပေးလုပ်ကိုင်နေစဉ် UNDP မှပြုလုပ်သည့် Project တစ်ခု၌ ဂျပန်လူမျိုးတစ်ယောက်နှင့် တွဲဖက်လုပ်ကိုင်ရသည်။ ထိုဂျပန်သည် ဒီရေတောကျွမ်းကျင်သူ ပညာရှင်ဖြစ်ပြီး သူနှင့်တွဲ၍ ဧရာဝတီတိုင်းရှိ ဒီရေတောများ ထိန်းသိမ်းရေးလုပ်ငန်းများကိုလုပ်ကိုင်ရင်း ဒီရေတောအကြောင်းကို ပိုမိုအကျွမ်းဝင်လာခဲ့သည်။

၁၉၉၃ခုနှစ် သစ်တောအကြံပေးအဖြစ်မှ အနားယူပြီးသည့်နောက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ တစ်ခုကိုဖွဲ့စည်း၍ လုပ်ကိုင်ဆောင်ရွက်ရန် အများက တိုက်တွန်းချက်အရ NGO အဖွဲ့တစ်ဖွဲ့ တည်ထောင်ရန် ကြိုးစားခဲ့သည်။ ဤသို့ဖြင့် **သစ်တောသယံဇာတပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ထိန်းသိမ်းစောင့်ရှောက်ရေးအသင်း** [Forest Resource Environment Development and Conservation Association (FREDA)] ဟူ၍ ထွက်ပေါ်လာခဲ့သည်။

ဆရာကြီး ဦးအုန်း၏အဆိုအရ NGO ၃ မျိုးရှိရာ ဘယ်အလုပ်မဆို ကန့်ကွက်လေ့ရှိသော NGO မျိုးကို Biting NGO (ဥပမာ-Green Peace)၊ ဘာအလုပ်မှ မလုပ်ဘဲနေရာတကာ လိုက်အော်နေသော NGO မျိုးကို Barking NGO နှင့် Working NGO ဟူ၍ ခွဲခြားလေ့ရှိသည်ဟု သိရသည်။

ဦးအုန်းသည် ထိုအဖွဲ့တွင် အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ရင်း ဧရာဝတီတိုင်းရှိ ပျက်စီးနေသော ဒီရေတောများ ပြန်လည်စိုက်ပျိုးရန် ကြိုးပမ်းခဲ့သည်။

အစဦးပိုင်းတွင် ဒီရေတောအပင်အမျိုးအစား ၃မျိုးလောက်သာ အစားထိုးစိုက်နိုင်ခဲ့သော်လည်း ယခုအခါ ၁၆မျိုးစိုက်ပျိုးနိုင်သည့် အဆင့်သို့ ရောက်ရှိလာခဲ့သည်။ ဒီရေတောများသည် အများအားဖြင့် ငါးကန်များက ထုတ်လုပ်လိုက်သော Poltution Toxic အဆိပ်တွေကြောင့် ပျက်စီးလေ့ရှိရာ ဒီရေတောများ အမြန်ဆုံး နာလန်ထူနိုင်ရေးအတွက် ဂျပန်ခေတ်က လူကြီးများ အနာပြည်စုပ်ရာတွင် အသုံးပြုသော မိကျောင်းကုန်းဘတ်အား အသုံးပြုရန် သုတေသပြု လျက်ရှိသည်။

ကျွမ်းကျင်သူပညာရှင်များ၏ ခန့်မှန်းချက်အရ စွန့်ပစ်ထားသော ငါးကန်၊ ပုစွန်ကန်များကြောင့် ဒီရေတောများ ပုံမှန်ပြန်ဖြစ်ရန် ၁၄ နှစ်၊ ၁၅ နှစ်





စောင့်ရမည်ဟုဆိုသော်လည်း မိကျောင်းကုန်းဘတ်ကြောင့် မြေတွင်းအဆိပ်များ ဖယ်ရှားနိုင်ပါက ဒီရေတောများ ၂နှစ်၊ ၃နှစ်အတွင်း မူလအတိုင်း ပြန်လည်စိုက်ပျိုးဖြစ်ထွန်းလာတော့မည် ဖြစ်သည်။

ထို့ကြောင့်ဦးအုန်းသည် သဘာဝတောများတွင် အလိုအပ်ဆုံးဖြစ်သော သစ်ပင်ပန်းပင်များ ဆေးဘက်ဝင်အပင်များ ရေနေသတ္တဝါများငှက်များဖြင့် အခြေခံတည်ဆောက်ထားသော ဂေဟဗေဒ (Habitat) အားပြန်လည် ဖန်တီးရန် ကြိုးစားသွားမည်ဟုဆိုသည်။

၁၉၉၆ခုနှစ်တွင် ဦးအုန်းရေးသား ပြုစုခဲ့သော သဘာဝသစ်တောများနှင့် ရင်ဘောင်တန်းလာသော သစ်တောစိုက်ခင်းများစာအုပ်ကို သုတ(သိပ္ပံ) ပထမဆုအဖြစ် တာပေဗိမာန်မှ ချီးမြှင့်ခဲ့သည်။ သူ၏ ကြိုးပမ်းမှုများကြောင့် ၂၀၀၅ ခုနှစ်တွင်ဂျပန်နိုင်ငံမှ ကမ္ဘာမြေကို ချစ်ခင်မြတ်နိုးသူ (၁၀၀)ရွေးချယ်ရာတွင် တစ်ဦးအပါအဝင် ဖြစ်ခဲ့သည်။

၂၀၀၇ခုနှစ် ဂျပန်နိုင်ငံ Minamata မြို့တော်ဝန်မှ ချီးမြှင့်သော သဘာဝပတ်ဝန်းကျင်နှင့်ဆိုင်သည့် Minamata Enviroment Award ကို ရရှိခဲ့သည်။ ဆရာကြီးဦးအုန်းသည် International Society for Mangrove Eco System (ISME) တွင်လည်း ရာသက်ပန် အသင်းသားတစ်ဦးဖြစ်သည်။

## (ဆ) လူ့ဘဝ၏အဓိပ္ပာယ်

ငယ်စဉ်က အသက်ရှင်သန်ရေးကို ပထမအဖြစ်ရွေးချယ်ခဲ့ရသော ဦးအုန်းသည် ယခုအခါ သဘာဝသစ်တောရှင်သန်ရေးကို ပထမအဖြစ်ရွေးချယ်နိုင်သူ ဖြစ်လာခဲ့ရသည်။ ငယ်စဉ်က အင်တာအောင်လျှင် Agriculture (စိုက်ပျိုးရေးဘွဲ့)ယူကာ လစာ ၃၀၀ကျပ်ရသည့် ဝန်ထမ်းလုပ်ရန် ရည်မှန်းခဲ့သော်လည်း ပတ်ဝန်းကျင်၏ရိုက်ခတ်မှုကြောင့် အမြင်ပြောင်းလဲခဲ့ရသောကြောင့် ပတ်ဝန်းကျင်သည် လူ့ဘဝတွင် အရေးပါသောသြဇာဖြစ်ကြောင်း ဆရာကြီး ဦးအုန်းက ဆိုပါသည်။

ဘဝတွင် ဆင်းလည်းမဆင်းရဲ၊ ချမ်းလည်းမချမ်းသာနေ ခဲ့ရသော်လည်း ကမ္ဘာမြေစိမ်းလန်းစိုပြည်ရေးအတွက် မနေမနားလုပ်ခဲ့ရသည့် ဘဝအပေါ် အမြဲတမ်းကျေနပ်နှစ်သက်မှုရှိခဲ့သည်။

၂၀၀၈ခုနှစ်အတွင်း ကချင်ပြည်နယ်ရှိ ၆၈၅၁ ပေမြင့်သော စိန်လုံကမ္ဘာ



www.burmeseclassic.com

www.burmeseclassic.com



တောင်ကိုတက်ရောက်ပြီးနောက် တစ်ကိုယ်လုံး မလှုပ်နိုင်တော့မှနားဖို့တော်ပြီဟု အသိရတော့သည်။ သို့သော် သစ်တောနှင့်ပတ်သက်သည့် စာအုပ်စာတမ်းများကို တတ်နိုင်သမျှ ဆက်လက်ရေးသားသွားဦးမည်ဖြစ်သည်။ဆရာကြီးက လူ့ဘဝနှင့် ပတ်သက်ပြီး 'ကျွန်တော်နေ့တိုင်းတရား ထိုင်တယ်။ အဲဒီတော့ လောဘ၊ ဒေါသ၊ မောဟလည်း အတော်လေး ကင်းသွားတော့ ဘဝရဲ့လူဖြစ်ရကျိုးနပ်အောင် ဘာလုပ်သင့်တယ်ဆိုတာလေးကို လူတွေကို ပညာပေးချင်တယ်။ အသိပေးချင်တယ်။ ဘာသာတရားအရလည်း လူ့ပတ်ဝန်းကျင်ကိုလည်း ကိုယ်ကအတတ်နိုင်ဆုံး ထောက်ပံ့တယ်၊ ကူညီတယ်။ အားပေးတယ်။ ကျွန်တော် လုပ်ခဲ့တယ်။ သဘာဝဝန်းကျင်ကိုရော၊ တိုင်းပြည် အတွက်ရောဖြစ်နိုင်ရင် Regional, Global ပေါ့လေ။ ကြီးကြီးကျယ်ကျယ် ပြောရတာတော့ မကောင်းဘူး။ ကမ္ဘာကြီးအနေနဲ့လည်း လိုအပ်ပါတယ်။ ကျွန်တော်က အဲဒီလိုစိတ်ထားနဲ့ လုပ်ခဲ့တယ်။

လူငယ်တွေကို တိုင်းပြည်အတွက် အသုံးတန်အောင်၊ တန်ဖိုးရှိအောင် ဘယ်လို Mould လုပ်ရမလဲ၊ အိုးသည်များလို ဘယ်လိုထုထောင်းရမလဲ၊ အဲဒီအတွက် အတွေ့အကြုံတွေကို စာအုပ်ရေးခဲ့ရမယ်၊ ဘာရည်ရွယ်ချက်မှ ကြီးကြီးကျယ်ကျယ်မရှိဘူး' ဟုဆိုပါသည်။

ဆက်လက်၍ စာအုပ်စာတမ်းများပြုစုရေးနှင့်ပတ်သက်ပြီး ဆက်ပြောပြသည်မှာ 'ကျွန်တော်တို့က ကိုယ့်တစ်သက်မှာ ဘယ်လိုရုန်းကန်ရတယ်ဆိုတာ ကိုယ့်သားသမီးတွေ၊ မြေးတွေ အားလုံးသိစေချင်တယ်။ ဘယ်အရာမဆို လွယ်လွယ်ကူကူနဲ့တော့ Life မှာမရဘူး။

သဘာဝပတ်ဝန်းကျင်ရဲ့ အဓိပ္ပာယ် ကိုလည်း လေးလေးနက်နက်သိအောင် ကျွန်တော်မရေးခဲ့ရင် ကျွန်တော်ညံ့လို့ပဲ၊ အမွေပေးခဲ့ရမယ်၊ တိုင်းပြည်အတွက် ဒါဟာအကောင်းဆုံးအမွေပဲ၊ အခု ကျွန်တော့် အသက် ၈၁ နှစ်ရှိပြီ။ ဒါလုပ်မပြီးမချင်းကျွန်တော်မသေဘူး' ဟု ထက်သန်စွာ ပြောပြခဲ့သည်။

လက်ရှိအချိန်တွင် ဆရာကြီးဦးအုန်းသည် ဇနီးသည် ဒေါ်ခင်မြနှင့်အတူ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၌ နေထိုင်လျက်ရှိပြီးသား ၂ယောက်၊ သမီး ၂ယောက်နှင့်မြေး ၁၀ယောက်ထွန်းကားခဲ့သည်။ သားများကို အင်ဂျင်နီယာ တစ်ယောက်နှင့်ဆရာဝန်ကြီးတစ်ယောက်ဖြစ်အောင် ပြုစုပျိုးထောင်နိုင်ခဲ့သည်။

ဆရာကြီးသည် ၂၀၀၆ခုနှစ်က ဂျာမနီနိုင်ငံသို့ အစည်းအဝေး တက်ရောက်ခဲ့ပြီး ဂျာမန်အဖွဲ့အစည်းတစ်ခုနှင့် ပူးပေါင်းကာ ကချင်ပြည်နယ်၊





ရှမ်းပြည်နယ်၊ မကွေးတိုင်း၊ ရောဝကီတိုင်းတို့တွင် သဘာဝသောအနက်ရာယ် ကာကွယ်သည့်စီမံကိန်းတစ်ခုကို အကောင်အထည်ဖော်ရန် ကြိုးစားလျက်ရှိသည်။

ဆရာကြီး၏ဘဝဆောင်ပုဒ်မှာ "A Tree Save is better than A Tree Planted" (သစ်တစ်ပင်ကိုထိန်းရတာသည် စိုက်ရတာ ထက်တန်ဖိုးရှိသည်) ဟူ၍ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



# ဦးအုန်း



## ကိုယ်ရေးရာဇဝင်အကျဉ်း

အမည်ရင်း ဦးအုန်း။ ၁၂၈၉ ခု ဝါခေါင်လဆန်း ၁၀ ရက်တွင် အဖ ဦးဘသော်၊ အမိ ဒေါ်နှင်းရီတို့မှ ဖွားမြင်သည်။ မွေးချင်း မောင်နှမ ၄ ဦးရှိပြီး ဗုဒ္ဓဘာသာဗမာလူမျိုးဖြစ်သည်။ မန္တလေး တက္ကသိုလ်နှင့်ရန်ကုန် တက္ကသိုလ်တို့တွင် ပညာဆည်းပူးခဲ့ပြီး၁၉၅၁တွင် B.Sc(Rgn) ဘွဲ့ရခဲ့သည်။ ၁၉၅၈ ခုတွင် ဒေါ်ခင်မြနှင့် လက်ထပ်၍ သားနှစ်ဦး၊သမီးနှစ်ဦးထွန်း ကားသည်။အခြားရယူထားသောဘွဲ့ များ မှာ B.Sc (For;) Hons, North Wales,U.K (1956) ဖြစ်သည်။၁၉၉ ခုနှစ်မှစ၍သစ်တောသယံဇာတပတ်ဝန်း ကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ထိန်းသိမ်းရေး အသင်းအထွေထွေအတွင်းရေးမှူးအဖြစ် ယနေ့အထိတာဝန်ထမ်းဆောင်နေသည်



"A Tree Save is better than A Tree planted"
"သစ်တစ်ပင်ကို ထိန်းရတာသည် စိုက်ရတာထက် တန်ဖိုးရှိသည်"

www.burmeseclassic.com

www.burmeseclassic.com



# မနောမယိဒ္ဓိဓာတ်ပုံပညာရှင်နှင့်တွေ့ဆုံခြင်း

## နေဝင်းမြင့်

၂၇ အောက်တိုဘာ၊ ၂၀၀၇ နေ့က ကိုဇော်မင်းယုကို ခုနစ်မိုင်ခွဲ နေအိမ်တွင် တွေ့ဆုံခွင့် ရခဲ့ပါသည်။ ထိုနေ့က ဆရာကျော်စိုးဝင်းပါ လိုက်ပါကူညီခဲ့ပါသည်။ ကိုဇော်မင်းယု၏ ဓာတ်ပုံများကို ကျွန်တော် တွေ့ဖူးခဲ့သော်လည်း လူချင်းမဆုံခဲ့ဖူးပါ။ ထိုနေ့က ကျွန်တော်တို့ကို အိမ်ရှေ့ပန်းခင်းထဲက ထွက်စောင့်နေသည်။ ပြီးတော့ သူ့အလုပ်ခန်းကိုခေါ်ကာ ဧည့်ခံသည်။ ကျွန်တော်တို့က ကျွန်တော်တို့ရဲ့ စိတ်ကူးကို ပြောပြသည်။ သည်နောက်တော့ ကျွန်တော်တို့ မေးသမျှကို စိတ်ရှည်လက်ရှည် ဖြေသည်။ သူ့အလုပ်ခန်းထဲမှာ သူ့လက်ရာ ဓာတ်ပုံများကို မြင်ရသည်။



တစ်ဘာသာဆန်းသစ်သော သူ့လက်ရာများတွင် ကျွန်တော် သတိထားမိသည့်အချက်မှာ အလင်း၊ အရောင်နှင့် အသွေး Tint ကို လှပစွာ ပေါင်းစပ်ဖွဲ့စည်းမှု ဖြစ်သည်။ တည်ငြိမ်ခြင်း၊ ခန့်ညားခြင်းတို့နှင့်အတူ ရင့်ကျက်သော အနုပညာ စိတ်ကူးတွေကိုပါ ရရှိ ခံစားနေရသည်။ အင်တာဗျူးပြီးသည့်အခါ သူ့





လက်ရာတွေကို ကွန်ပျူတာကတစ်ဆင့် မြင်တွေ့ခွင့်ရခဲ့သည်။

ဗဟိဒ္ဓသန္တာန်ကိုသာမဟုတ်၊ အဇ္ဈတ္တကိုပါ အရေအမှီ ရှိပါပေသည်ဟု ကျွန်တော့်စိတ်ထဲမှတ်ယူမိခဲ့သည်။ လှပသောစိတ်ကူးစိတ်သန်းများထဲမှာ လောကသဘာဝ၊ လူ့သဘာဝအချင်းအရာများကို အစစ်အမှန်တရားအဖြစ် မြင်နေရသည်။ ရုပ်ဝတ္ထုတိုင်းသည် အဆင်းအားဖြင့်လည်းကောင်း၊ အချင်းအား ဖြင့်လည်းကောင်း လင်းလက်နေသည်။ စိတ်အားဖြင့်ပြီးရသော တန်ခိုး၊ စိတ်ကြံ တိုင်းပြီးရသော တန်ခိုး၊ စိတ်၏ဖန်ဆင်းမှုတန်ခိုးကို " မနောမယသိဒ္ဓိ" ဟု ခေါ်ကြပါသည်။ ကျွန်တော်က သူ့လက်ရာဓာတ်ပုံတွေကို " မနောမယိဒ္ဓိဓာတ် ပုံများ" ဟု တင်စားချင်သည်။ ကိုဇော်မင်းယုကိုလည်း " မနောမယိဒ္ဓိဓာတ်ပုံ ပညာရှင်" ဟု အမည်ပေးချင်သည်။

သူနှင့်ကျွန်တော် စကားပြောဖြစ်သမျှ လူငယ်တို့အတွက် လက်ဆင့်ကမ်း လိုက်ပါသည်။

မေး - ပထမဆုံးမေးချင်တဲ့မေးခွန်းက ကိုဇော်မင်းယုရဲ့ စိတ်ကူး အိပ်မက်တွေပါ။ သည် အိပ်မက်တွေကို လက်တွေ့ဖြစ်လာဖို့ ကိုယ်တိုင်ဆုံးဖြတ်ချက်နဲ့ရွေးချယ်ခဲ့တာလား၊ မိဘတွေရဲ့စေ့ဆော်မှုနဲ့ ရွေးချယ်ခဲ့တာလားဆိုတာ သိချင်ပါတယ်။ သည်အပေါ်မှာ မြင်ပုံကလေး စပြောစေချင်ပါတယ်။

ဖြေ - ကျွန်တော် ၂၅နှစ်သားလောက်မှာ နိုင်ငံခြားကို **ဖိုတော်ဂရပ်ဖီ** Photography ပညာသင်ချင်တာနဲ့ မြန်မာပြည်က ထွက်သွားခဲ့တယ်။ ကျွန်တော့်ဖေဖေက ဒါရိုက်တာ ဦးတင်ယုပါ။ ဒီပညာကို ကျွန်တော်သင်ချင်လွန်းလို့ကို သင်တာ၊ ဖေဖေကလည်း မတားဘူး။ 'မင်းရုပ်ရှင်ပညာသင်ရမယ်' လို့ မပြောဘူး။ Cinematography ရုပ်ရှင်လောကထဲ ဝင်ရမယ်လို့လည်း မတိုက်တွန်းဘူး။ ကျွန်တော် ကိုယ်တိုင်က ဓာတ်ပုံပညာသင်ချင်တာကို မကန့်ကွက်ဘူး။ ကျွန်တော်က အိမ်ထောင်သည်ဖြစ်နေပြီ၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ပြီ၊ အရွယ်အားဖြင့် ရင့်ကျက်နေတဲ့အရွယ်မှာ ကျွန်တော် နိုင်ငံခြားကို ရောက်သွားတာပါ။ ကျွန်တော်က မော်တော်ကား ဝါသနာပါတယ်။ နောက် မော်တော်ကား ဒီလာ Dealer လုပ်ချင်တယ်။ ဒါတွေက ရပ်တည်မှုအရလုပ်ဖို့ စဉ်းစားတာ။ သို့သော် ကျွန်တော် တကယ်ဝါသနာကြီးတာက ဖိုတော်ဂရပ်ဖီ၊ ဓာတ်ပုံပညာ။ ဓာတ်ပုံပညာသင်တာကတော့ ဟုတ်ပြီ…တက်ရတဲ့ Course က ရက်တိုသင်တန်းတွေ တက်မှာလား၊ မဟုတ်ရင် Certificate ရတဲ့အထိ ဆည်းပူးမှာလား၊ ဒါမှမဟုတ် တက္ကသိုလ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုမှာ Bechelor of Art ပေါ့လေ၊ Degree တစ်ခုခုရအောင် သင်ယူမလား… နိုင်ငံခြားမှာတော့ ဒါတွေရှိတယ်။ နောက်တော့ Photography ကိုပဲ ဆောက်ချသင်ယူလိုက်တယ်။ ကျွန်တော်က ဒါကိုတာဝန်ကြီးတစ်ခု ထမ်းဆောင်နေတယ်လို့ မခံယူဘူး။ နိုင်ငံခြားမှာလည်း ဒီအလုပ်ကို ၂၄နှစ်လုံးလုံး ကုမ္ပဏီထောင်ပြီး လုပ်နေခဲ့တာပါ။ ဘယ်သူ့ဆီမှာမှ၊ ဘယ်မှာမှ အလုပ်မလုပ်ခဲ့ဖူးဘူး။ ကိုယ်လုပ်တဲ့အလုပ်ကို ကျွန်တော် မြတ်နိုးတယ်။ ဒါဟာ တာဝန်မဟုတ်ဘူး။ I Love It. It's not a duty ကျွန်တော် လုပ်ချင်လို့လုပ်ခဲ့တာဖြစ်တဲ့အတွက် လုံးဝစိတ်ချမ်းသာတယ်။ ကျွန်တော့်သားဆိုရင် ရန်ကုန်မှာနေတုန်းက International School မှာ တက်ခဲ့တယ်။ နောက် မနီလာမှာ International School တက်တယ်။ ဩစတြေးလျားရောက်တော့လည်း တက္ကသိုလ်ဆက်တက်နိုင်းတယ်။ သည်မှာ ကျွန်တော်ဘာသင်ရမယ်လို့ မပြောဘူး။ မင်းသင်ချင်တာသင်လို့ ပြောလိုက်တယ်။ ကျွန်တော့်ကြောင့် ဓာတ်ပုံပညာသင်ရမယ်၊ သူ့ဘိုးအေလို ဒါရိုက်တာ ဖြစ်ရမယ်ဆိုတာမျိုးမရှိဘူး။အခု ဒီကလေးက အိမ်တွင်းအလှဆင်ပညာရှင် Interior Decorationer ဖြစ်နေပြီ။ ကိုယ့်သားသမီးဆိုတော့ ဓာတ်ပုံပညာတော့ သင်စေချင်တာရှိတယ်။ ကျွန်တော့်မှာ ဓာတ်ပုံနဲ့ပတ်သက်တဲ့ Equipment တွေအများကြီးရှိတယ်။ ပြီးတော့ဒီပညာကို ကျွန်တော်ကိုယ်တိုင်က အခုထိလည်း သင်ယူနေတုန်းဆိုတော့ သူသင်ချင်တယ်ဆိုရင် ကျွန်တော် သင်ပေးနိုင်တဲ့ အခြေအနေရှိနေတယ်။ ဒါပေမယ့် ကျွန်တော့်ကလေးကို ဖွတ်မတိုက်တွန်းခဲ့ဘူး။ ဖေဖေ့တုန်းက ကျွန်တော့်ကို Cinematography သင်ရမယ် လို့ ဖိအားမပေးခဲ့သလိုပဲ ကျွန်တော်ကလည်းသားကို Photography သင်ရမယ်လို့ တွန်းအားမပေးဘူး။ ကျွန်တော်တော့ လူငယ်တွေကို လွတ်လပ်မှုပေးတာကို ပိုသဘောကျတယ်။ မိဘသဘောကျဖြစ်ရတယ်တို့၊ မိဘလက်ငုတ်စီးပွားရေးကို ဆက်ခံရတယ်ဆိုတာတို့က သား-သမီးကိုယ်တိုင်က ဝါသနာပါရင် (ဒါမှမဟုတ်) လိုလိုလားလားရှိရင်တော့ အကောင်းဆုံးပေါ့။ သား-သမီးက ဆန္ဒမပါရင် သူလုပ်ရတဲ့ အလုပ်မှာ ပျော်ပိုက်မယ်မထင်ဘူး။ မပျော်ပိုက်တဲ့အလုပ်ကို လုပ်နေရတာ ဘယ်လိုလုပ် စိတ်ချမ်းသာစရာ ကောင်းနိုင်ပါ့မလဲ။

မေး - ကျွန်တော် ဒီနေရာမှာ တစ်ခုမေးပါရစေ။ မိဘရဲ့ဝါသနာ၊ အသက်မွေးဝမ်းကျောင်းမှုနဲ့ အနုပညာဟာ သား/သမီးတွေအပေါ်မှာ မကျရောက်နိုင်ဘူးလား။ ရုပ်အခြေခံအားဖြင့်၊ စိတ်အခြေခံအားဖြင့်ရော တစ်စုံတရာ ရိုက်ခတ်ချက်မရှိနိုင်





ဘူးလား။

ဖြေ - ကျွန်တော် စဉ်းစား ကြည့်ပါတယ်။ ကျွန်တော်ငယ်ငယ် အေဝမ်းခြံထဲမှာ ကြီးလာရတာဆိုတော့ ကျွန်တော်သိသလောက် မွေးကတည်းက Cinematography ကို မြင်နေရတာပါ။ ခြံထဲမှာအိမ်က ၆လုံးလောက်ရှိတာလေ။ လူမှန်းသိတတ်တဲ့အရွယ် ကျွန်တော်ကစားတယ်ဆိုရင်တောင် ရုပ်ရှင်ရိုက်တာမ်းကစားတာကို မှတ်မိတယ်။ ကင်မရာတွေချ၊ မီးလုံးကြီးတွေခွဲထုတ်…ဒီလို ကစားတာ။ ကျွန်တော့်တစ်ဝမ်းကွဲအစ်မ စန္ဒာက မင်းသမီးလုပ်တယ်။ အေဝမ်း၊ သိန်းထွဋ်၊ သန်းထွဋ်ဆိုတာတွေက အစ်ကိုဝမ်းကွဲတွေ။ ကျွန်တော်တို့ခေတ်က ၁၅ နှစ်၊ ၁၆ နှစ်သားအရွယ်ဆိုတာတောင် ဟိုသွားဒီသွား သွားလို့ရတာ မဟုတ်ဘူး။ ဒီခေတ်လို Shopping Centre တွေ၊ Amusement တွေ ရှိတာမဟုတ်ဘူး။ သွားရင်လည်း မိဘမပါဘဲ သွားလို့မရဘူး။ ပြီးတော့ အေဝမ်းခြံက ဝေးလည်းဝေးတယ်။ ဒီတော့ ခြံထဲမှာပဲ ကျွန်တော့်ဦးလေး အေဝမ်းဦးလှမြို့တို့ အဘိုးဦးတင်မောင်တို့ ရိုက်တာတွေပဲ ကြည့်နေရတာ။ ဖေဖေဆိုရင် ရုပ်ရှင်ရိုက်တဲ့အခါ Lighting ကို သိပ်ဂရုစိုက်တဲ့ပုဂ္ဂိုလ်။ စိတ်ကြိုက်မရမချင်း ရိုက်နေတာ။ ဒါတွေကို ကျွန်တော် မြင်နေရတယ်၊ သိနေရတယ်၊ ထိတွေ့နေရတယ်။ ဖေဖေက ရုပ်ရှင်ရဲ့သဘောကို ရှင်းရှင်းပြတယ်။ ပြောပြောပြတယ်။ ကျွန်တော်က ငယ်သေးတယ်။ ကျွန်တော်က ဒါတွေသာ ထိတွေ့နေရတာ၊ ကိုယ့်ဟာကိုယ် ဘာလုပ်ချင်နေတာလဲဆိုတာ မသိဘူး။ ကျွန်တော်တို့ ငယ်ငယ်က ကျွန်တော်တို့ အနေအထားနဲ့ပဲ တူပါတယ်။ ကျွန်တော်တို့ခေတ်က ၁၅၊ ၁၆၊ ၂၀ ဆိုတဲ့အရွယ်က ဒီခေတ်စကားနဲ့ပြောရင် အူကြောင်ကြားပဲ။ ဒီခေတ်မှာသာ အင်တာနက်တွေ၊ ဂိမ်းတွေ၊ တခြား Visuals တွေ များတာကိုး၊ ကျွန်တော်တို့တုန်းက အူကြောင်ကြားပဲ။ မိဘက ဒါလုပ်ဆိုရင် လုပ်ကြရတာများတယ်။ ဒီခေတ်ကလေးတွေက ပတ်စ်ပို့စ်လျှောက်ပြီး စင်ကာပူတို့၊ ဘန်ကောက်တို့ကို Short Visits သွားနေကြတာတွေ ဖြစ်ကုန်ပြီ။ ပြောချင်တာက ဒီခေတ်ကလေးတွေရဲ့ အားသာချက်က ကျယ်ကျယ်ပြန့်ပြန့် ကြားနေရပြီ၊ ကျယ်ကျယ်ပြန့်ပြန့် များများစားစား မြင်လာကြပြီ။ သူတို့လုပ်နိုင်တာတွေ အများကြီးရှိတယ်ဆိုတာ သိလာကြသလိုပဲ၊ ပိုပြီးရွေးချယ်လာနိုင်ကြတယ်။ ကျွန်တော့် ဒုတိယသမီးဆိုရင် အသက် ၂၅နှစ်၊ ပါရီမှာ ကလေးစိတ်ပညာ Child Psycho logy နဲ့ မဟာဒီဂရီရသွားပြီ။ အခု ကနေဒါနိုင်ငံ၊ မွန်ထရီယယ်မှာ ပါရဂူဘွဲ့ Ph.D သွားယူနေတယ်။ အငယ်ဆုံးသားက ၂၂ နှစ်၊ သူက ပါရီမှာပဲ… IT…အခု အသက် ၂၃ နှစ်နဲ့ သူ့ကုမ္ပဏီ သူ့စဖွင့်နေပြီ။ ကျွန်တော်ပြောချင်တာက



www.burmeseclassic.com

www.burmeseclassic.com



ဒီကလေးတွေ သူတို့လုပ်ချင်တာတွေကို သူတို့ရွေးချယ်ပြီး လုပ်နေကြတာပါ။ လုပ်ချင်တာကို လုပ်နေရတဲ့အတွက် သူတို့မှာ ဝန်ထုပ်ဝန်ပိုး မဟုတ်တော့ဘူး။ သူတို့ဘဝမှာ သူတို့အသက်မွေးဝမ်းကျောင်း ဖြစ်လာပြီဆိုတော့ သူတို့ကိုယ်တိုင်က ကြိုးစားကြတယ်။ ရှေ့ကိုရောက်ချင်တယ်။ မိဘနိုင်းတာဆိုရင် ဒီလောက် လုပ်ချင်မှလုပ်မယ်။ မလုပ်ချင်တာကိုတော့ ကျွန်တော်လည်းမလုပ်ဘူး။ ကလေးတွေ ကိုလည်း မလုပ်နိုင်းဘူး။ အစ်ကိုမေးတဲ့မေးခွန်းကိုဖြေရရင် မိဘရဲ့အရိပ်၊ ဩဇာ ရှိသင့်သလောက် ရှိပါလိမ့်မယ်။ စိတ်အားဖြင့်၊ ကိုယ်အားဖြင့်ရိုက်ခတ်မှု ရှိကောင်း ရှိပါလိမ့်မယ်။ သို့သော် ကျွန်တော် လုပ်ချင်တာကို လုပ်ခွင့်ရခဲ့တယ်။ ကျွန်တော့် သားသမီးတွေကိုလည်း သူတို့လုပ်ချင်တာကို လုပ်ခွင့်ပေးတယ်။

မေး - ဒီမှာ ကျွန်တော်တစ်ခု မေးပါရစေ၊ အခုရောက်နေတဲ့ လောကား ထဲကနေကြည့်တဲ့အခါ လွန်ခဲ့တဲ့၁၆နှစ်သား၊ အရွယ်လောက်မှာ ထူးထူးခြားခြား Breakthrough လုပ်ချင်ခဲ့တာတွေကို ပြန်မှတ်မိတာရှိသလား။ ဆိုပါတော့ သိပ် များများစားစား ရွေးချယ်ခွင့် မရှိဘူးဆိုတဲ့ အခြေအနေထဲက ထိုးဖောက်ကျော်လွှား ချင်ခဲ့တာမျိုးကို ဆိုလိုတာပါ။

ဖြေ - ကျွန်တော် နိုင်ငံခြားကိုရောက်သွားတော့မှ Advertising Photography ကို တကယ်မြင်ဖူးတယ်။ အော် ဒီလိုကြီးပါလားလို့ပေါ့လေ။ ကင်မရာလေး ထောင်ပြီး ချောက်တီးချောက်ချက် ရိုက်တာမျိုး မဟုတ်ဘူးလေ။ ကျွန်တော့်ခေါင်းက နိုင်ငံခြားသူ၊ သံရုံးဝန်ထမ်းဆိုတော့ တစ်နိုင်ငံမှာ အကြာကြီး နေခွင့်ရှိသူမဟုတ်ဘူး။ ဆိုပါတော့ ၃/၄နှစ်ဆိုရင် တစ်နိုင်ငံကို ပြောင်းရမယ့်အခြေအနေ ဖြစ်နေတယ်။ ကျွန်တော် ကလည်း ဒီအလုပ်ကို လုပ်တော့မယ်ဆိုရင် လုပ်မယ်ဆိုတဲ့အလုပ်ကို ဖောက်ချ ပြီး လုပ်ချင်တယ်။ ထူးထူးချွန်ချွန် ဖြစ်ချင်တယ်။ ပေါက်ပေါက်မြောက် မြောက် ဖြစ်ချင်တယ်။ I just don´t want to be a number တစ်ထောင်မှာ တစ်ယောက် ဖြစ်ချင်တယ်။ နာမည်တစ်လုံးနဲ့ ဖြစ်ချင်တယ်။ အထူးသဖြင့် နိုင်ငံခြားသားတွေကြားထဲမှာ အာရှတိုက်သားတစ်ယောက်ကို အထင်မကြီး ချင်ကြတဲ့နေရာ။ ဟို နိုင်ငံတွေမှာက ပြိုင်ဆိုင်မှုသဘောဟာ သိပ်ကြီးတယ်။ အထူးသဖြင့် နိုင်ငံခြားမှာက ဓာတ်ပုံပညာရှင်တွေ အများကြီးပဲ။ ဆိုပါတော့ ဩစတြေးလျမှာ ဆိုရင် လူ ၅၀၀ လောက်ရှိတယ်။ ဒီအထဲကမှ အလုပ်အပ် တယ်ဆိုတာ Style ကို ကြိုက်တာဖြစ်မယ်၊ Lighting ကို ကြိုက်တာဖြစ်မယ်။ ဒီ့အတွက် ပိုကြိုးစားရတယ်။ အပေါ်ယံကြော သိရုံလောက်နဲ့ လုပ်စားတာဆိုရင်





ဟန်းကန်ထွက်ဆေးရလိမ့်မယ်။ ဒါကြောင့် Break throught လို့ ပြောရရင် တကယ်တမ်း ဘဝထဲရောက်မှ ကျွန်တော် ကြုံရတယ်။ ၁၆ နှစ်သားလောက်တုန်းက Breakthrought လို့ ပြောရလောက်စရာ ကျွန်တော်မကြုံခဲ့ရဘူး။ တစ်ခုတော့ ရှိတာပေါ့၊ ကျွန်တော်တို့မိသားစုက အင်္ဂလိပ်ဘာသာ စကားနဲ့မစိမ်းကြဘူး။ ဒီအခြေအနေက ကျွန်တော့်ကို တစ်ဘက်က အားဖြည့်ပေးတဲ့တယ်နဲ့တူတယ်။

မေး - အဲဒီအခြေအနေက တခြားလူငယ်တွေမှာ မရနိုင်တဲ့ အခြေအနေလို့ ပြောနိုင်ပါတယ်။ အဲဒါလေး ပြောပြပေးပါဦး။

ဖြေ - ဒီလိုပါ...ကျွန်တော့်မေမေနဲ့ မေမေတို့ညီအစ်မတွေက အဲဒီ ခေတ်စကားနဲ့ ပြောရရင် ဘီလပ်ပြန်တွေ၊ ဘီလပ်မှာ ဘွဲ့တွေရခဲ့ကြသူတွေပါ။ ခေတ်ပညာတတ် တွေပေါ့လေ။ မေမေတို့ညီအစ်မက(၇)ယောက်ရှိတယ်။ ကျွန်တော့်မေမေဘက်က အဘိုးက ကျောင်းအုပ်ဆရာကြီး။ ဦးမောင်မောင်ကြီး၊ ဒီအဘိုးရဲ့မြေးဦး ယောက်ျားလေး စိန့်ပေါလ်ကျောင်းကို သွားရမယ်ဆိုလို့ ကျွန်တော် စိန့်ပေါလ်ကို ရောက်သွားတာ။ ကျွန်တော်က ငယ်ငယ်က ဘိုရူးလို့ ပြောပါတော့။ စိန့်ပေါလ်မှာ ကာကီရောင် ဘောင်းဘီ၊ နက္ကတိုင်အစိမ်းနဲ့ ကျောင်းတက်ခဲ့ရတာ။ စာဆိုလည်း အင်္ဂလိပ်စာပဲ ဖတ်တယ်။ အိမ်မှာ စကားပြောတော့လည်း ဘိုလိုပဲ ပြောတယ်။ အိမ်မှာ ကျွန်တော် ဘိုစားစားတယ်။ မေမေက ဘိုစားစားလေ့ရှိတာကိုး။ ကျွန်တော့် ညီတို့ ညီမတို့ကျတော့ တကယ့်ရိုးရာ၊ ဖေဖေနဲ့ ပိုတူကြတယ်။ စိန့်ပေါလ်မှာ ကျွန်တော် အားအသာဆုံး ဘာသာရပ်ကတော့ အင်္ဂလိပ်စာပဲ။ အင်္ဂလိပ်စာကို ၉၅ မှတ်အောက်ကို ဘယ် တုန်းကမှ မဆင်းခဲ့ဖူးဘူး။ ဆရာ ဦးနေအုပ် (နေအုပ်၊ စိန့်ပေါလ်)တို့တုန်းကလည်း ဦးနေအုပ်ပေါ့လေ။ အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားက ကျွန်တော့်အတွက် ပိုအဆင် ပြေသလို ဖြစ်နေတယ်။ အင်တာဗျူးတွေဆိုရင် ကျွန်တော်က အင်္ဂလိပ်လိုပဲ ရေး တာ။ မြန်မာလို အားနည်းပါတယ်။ ဒါ ကျွန်တော် ပကတိရိုးသားစွာ ပြောတာပါ။ ဓာတ်ပုံပညာမှာလည်း နည်းနာအရပြောရဆိုရတဲ့အခါ အင်္ဂလိပ်လိုပြောရတာ ကျွန်တော့်အတွက် ထိထိမိမိရှိတယ်။ ဒီအခြေအနေပေးမှုကတော့ ကျွန်တော့်အတွက် အခြေအနေကပေးတဲ့ အားသာချက်ဖြစ်ခဲ့တယ်။ အခု ကျွန်တော် နိုင်ငံခြားသားတွေနဲ့ အလုပ်လုပ်ရတဲ့အခါကြတော့ အင်္ဂလိပ်ဘာသာ တတ်ကျွမ်းမှု၊ ပိုင်နိုင်မှုဟာ သိပ်ကို အထောက်အကူဖြစ်တယ်။ ဓာတ်ပုံပညာမှာလည်း စက်ကိရိယာတွေက လုပ် ပေး နိုင်တဲ့ Functions တွေကို ကောင်းကောင်းဖတ်နိုင်တဲ့အတွက် အကောင်း ဆုံး ရလာဒ်တွေရတယ်။ ဒီကနေ့ခေတ်မှာတော့ အင်္ဂလိပ်စာ လိုက်စားလေ့လာ



www.burmeseclassic.com

www.burmeseclassic.com



ကြတဲ့လူငယ်တွေ များလာတယ်။ ဒါကို ကျွန်တော်ဝမ်းသာတယ်။ နိုင်ငံတကာနဲ့ ထိတွေ့ရတဲ့အခါ အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားဟာ သိပ်ကိုအရေးပါတယ်ဆိုတာကို လူငယ်တွေသိလာကြပါပြီ။

မေး - လူငယ်တစ်ယောက်အတွက် မျိုးရိုးဗီဇနဲ့ပတ်ဝန်းကျင် အခြေအနေ ကောင်း ၂ မျိုးမှာ ဘယ်ဟာက ပိုအရေးပါတယ်လို့ ထင်ပါသလဲ။

ဖြေ - မျိုးရိုးဗီဇနဲ့လည်းဆိုင်မယ် ထင်ပါတယ်။ ကျွန်တော်တို့ဆိုရင် ကျွန်တော်ဟာ **ဒေဝမ်းဦးတင်မောင်ရဲ့ မြေးပါ၊ ဒါရိုက်တာ ဦးတင်ယုရဲ့သားပါလို့စိတ်ဆက်ရတယ်။** ဒေဝမ်းမျိုး၊ ရုပ်ရှင်မျိုးကိုး။ တစ်ခုတော့ ရှိတာပေါ့...ကျွန်တော့်သား **ကိုသူရိန်** ဆိုရင်တော့ ကျွန်တော် ဒေဝမ်းဦးတင်ယုရဲ့ မြေး၊ ဦးဇော်မင်းယုရဲ့ သားပါလို့ မပြောတော့ဘူး။ Generation က မတူတော့ဘူး။ ဒါပေမယ့် ကျွန်တော့်သွေးထဲမှာ အနုပညာဗီဇ ဓာတ်ခံပါနေတာကတော့ မျိုးရိုးက ဆင်းသက်လာတာ သေချာတယ်။ ဒါကိုတော့ ကျွန်တော် သေသေချာချာကို လက်ခံတယ်။ တစ်ချက်က **ပတ်ဝန်းကျင်** လို့ပဲ ပြောပြော၊ အသိုင်းအဝန်းလို့ပဲပြောပြော အဲဒီအခြေအနေကောင်းကလည်း ရှိရမှာပါ။ ပတ်ဝန်းကျင် မကောင်းလို့၊ အပေါင်းအသင်း မကောင်းလို့၊ ပျက်စီးရတဲ့ ဘဝတွေလည်း ရှိတာကိုး။ **နှစ်မျိုးစလုံး အရေးပါတယ်လို့ ကျွန်တော်ထင်တယ်။** ကျွန်တော့်အတွက်တော့ ပြောရရင် မျိုးရိုးဗီဇရော၊ ပတ်ဝန်းကျင်ပါကောင်းခဲ့တဲ့ အခြေအနေမျိုး ရှိခဲ့လို့လားတော့ မပြောတတ်ဘူး။

မေး - ငယ်ငယ်က ဘာကို ဝါသနာပါခဲ့သလဲ။ ကျွန်တော် ဆိုလိုတာက ဒီဝါသနာဟာ ကြီးလာတဲ့အထိ ပါလာခဲ့ပါသလားဆိုတာ သိချင်လို့ပါ။ တစ်နည်းအားဖြင့် ငယ်ငယ်က ဝါသနာဟာ ငယ်ငယ်ဘဝမှာပဲ ပျောက်သွားတာမျိုးလား။

ဖြေ - ကျွန်တော့် ဝါသနာက ထူးဆန်းတယ်။ ကျွန်တော်က Lighting ကို ဝါသနာပါတာ။ ဒါ ငယ်ငယ်လေးကတည်းကပဲ။ ကျွန်တော့်အိမ်ကို အစ်ကိုတို့ ညဘက်လာရင်တွေ့မယ်။ **ဖတော်ဂရပ်ဖီဆိုတဲ့စကားက** ဂရိကလာတာ။ To draw, or to paint with light လို့ ပြောတာ။ Light ကို ကျွန်တော် ကြည့်တတ်တယ်၊ မြင်တတ်တယ်၊ **ကျွန်တော်ဟာ အလင်းကို ကြိုက်တာမှ နေကာမျက်မှန်တောင်ဘယ်တော့မှ မတပ်ခဲ့ဘူး။ မျက်မှန်တပ်ပြီး မြင်ရတာတွေဟာ သဘာဝ မဟုတ်ဘူး။** သဘာဝ မကျဘူးဆိုတာ ဒါကိုပြောတာလေ။ **ကျွန်တော် မြင်တာနဲ့..အလင်းကို**



**ပေါင်းစပ်ပြီး ဓာတ်ပုံရိုက်ယူတာပါ။** ဒါကိုပြောလိုက်တော့ ဖခင်ဆီက ရတဲ့အမွေများဖြစ်နေသလားလို့ ကျွန်တော်တွေးမိတယ်။ **ဖေဖေက သူ့ရုပ်ရှင်ကားတွေကို** Lighting **နဲ့ ဖမ်းစားတာ** အစ်ကိုတို့သိသားပဲ။ အခု ကျွန်တော့်သားကြီး Interior Decoration လုပ်ထားတာတွေ တွေ့တော့လည်း ကျွန်တော်ဝမ်းသာတာပဲ။ သူ ဓာတ်ပုံဆရာ ဖြစ်မလာတာကို ကျွန်တော်ဘယ်လိုမှမခံစားရဘူး။ သူလုပ်နေတာတွေကလည်း အနုပညာတွေပဲဆိုတော့ ကျွန်တော့် ဒီအတွက် ဂုဏ်ယူနေသေးတယ်။ **ကျွန်တော်ကံကောင်းတာက ကျွန်တော့်ဖေဖေရော မေမေပါ ကျွန်တော့်ကို တားမြစ်တာ၊ ကန့်သတ်တာ၊ ချုပ်ချယ်တာ၊ ဖိအားပေးတာ၊ ဒါလုပ်မှ တို့စိတ်ချမ်းသာမယ်ဆိုတာ ဘယ်တုန်းကမှ မရှိခဲ့တာပဲ။** တစ်ခုတော့ရှိတာပေါ့၊ ကျွန်တော် ရွေးချယ်ခဲ့တာကိုလည်း ဖေဖေ့အနေနဲ့ ကန့်ကွက်စရာ မရှိဘူးလေ။ ဒီလိုပဲ ကျွန်တော့်သား ရွေးချယ်တဲ့အလုပ်ကို ကျွန်တော် မကန့်ကွက်ဘူး။ ကျွန်တော် ဓာတ်ပုံပညာသင်တော့မယ်လို့ ကျွန်တော်ပဲ ဆုံးဖြတ်တာပါ။ ဖေဖေ့ကိုတောင် လှမ်းမပြောဖြစ်ပါဘူး။

မေး - ဓာတ်ပုံပညာနဲ့ပတ်သက်ရင် အားလုံးကလက်ခံတဲ့ ပညာရှင်အဆင့်ကို ရောက်ရှိနေသူတစ်ဦးအနေနဲ့ လွယ်လွယ်နဲ့တော့ ဒီအနေအထားကို ရခဲ့တယ်လို့ ကျွန်တော် မထင်ဘူး။ အထူးသဖြင့် နိုင်ငံရပ်ခြားမှာတောင် အောင်မြင်မှုတွေ ရနိုင်ခဲ့တဲ့အပြင် နိုင်ငံတကာက အသိအမှတ်ပြုကြတဲ့ ဓာတ်ပုံပညာရှင်ဖြစ်လာဖို့ ဘယ်လိုကြိုး ပမ်းခဲ့ရသလဲဆိုတာလည်း သိချင်ပါတယ်။

ဖြေ - ကျွန်တော်နိုင်ငံခြားကို ထွက်သွားတဲ့အချိန်က Teenage မဟုတ်တော့ဘူး။ နှစ်ဆယ်ကျော်နေပြီ။ ကျွန်တော်က အင်္ဂလိပ်ဘာသာစကားကို ပြောဆိုနိုင်တဲ့အခြေအနေနဲ့ သွားတာတောင် ဟိုမှာကျတော့ တော်တော် တိုးခဲ့ရတယ်။ နောက်တစ်ခုက ငွေရေးကြေးရေး။ လန်ဒန်မှာ ကျွန်တော် Bed & Breakfast နေခဲ့တာ။ ကျွန်တော်နေခဲ့တဲ့အိမ်က အဖိုးကြီးနဲ့ အဖွားကြီးကို ကားပါဆေးပေးခဲ့တယ်။ ကျွန်တော်တို့လူမျိုးအတွက် ဒါကကုသိုလ်ယူတယ်လို့ သဘောထားတဲ့ ယဉ်ကျေးမှုကရှိတော့ ကျွန်တော်လုပ်ပေးတယ်။ မြက်ခင်းတွေဘာတွေမှာ စက်နဲ့ မြက်ရိတ်ပေးခဲ့တယ်။ အဖိုးကြီး၊ အဖွားကြီးက သိပ်သဘောကျတာ။ ညကျသူတို့နဲ့ အတူတူစားတော့ဆိုရင် ထမင်းတစ်နပ် သက်သာတာပဲ။ အဲဒီလောက်အထိ ချွေတာရတာ။ တက္ကသိုလ်ကို ကျောင်းသွားတက်တော့လည်း ကိုယ်ပိုင်ကားနဲ့သွားနိုင်ခဲ့တာ မဟုတ်ဘူး။ ဘတ်စ်ကားနဲ့သွားရတာ၊ နှစ်တန့်စီးရတာတောင်ရှိတယ်။ ဒီတော့ ပထမခရီးကို လမ်းလျှောက်လိုက်တယ်၊ ညနေ ပိုင်းကျတော့လည်း လမ်းလျှောက် ပြန်လာတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



အတန်းထဲမှာ သင်ရတော့လည်း ပိုက်ဆံပေးသင်ရတဲ့ပညာဆိုတော့ ကျွန်တော်က တန်အောင်မေးတယ်။ သိအောင်မေးတယ်။ ခပ်ဝါးဝါးမလုပ်ဘူး။ ကျွန်တော့်ကို မေးခွန်းအမေးဆုံးပဲဆိုတဲ့ နာမည်တောင်ရခဲ့တယ်။ သူတို့ဆီမှာ မေးတဲ့အတွက် ပြဿနာမရှိဘူး။ ကျွန်တော် ဖိလစ်ပိုင်မှာနေတုန်းက မြန်မာပြည်လာပြီး သင်တန်း တစ်ခုပေးဖူးပါတယ်။ ဖူဂျီက ကျွန်တော့်ကို ထောက်ပံ့ကြေးပေးပြီး ဝပ်ရှော့ လုပ်ခိုင်းတာပါ။ လာတက်ကြတာ မြန်မာဓာတ်ပုံ ဆရာ ၁၅၀၊ ၂၀၀ လောက်ရှိမယ်။ ကျွန်တော်က သင်တန်းပေးတဲ့အခါ ဘာတွေရသလဲဆိုတော့ မမေးကြဘူး။ မေးလိုက်ရင် သိက္ခာကျမယ်လို့များ ထင်သလားတော့ မပြောတတ်ဘူး။ ကွယ်ရာကျ ရင်တော့ တိုးတိုးတိတ်တိတ် မေးကြတယ်။ အမှန်က မေးရမှာ၊ ကျွန်တော်လည်း သင်တုန်းက မေးခဲ့တာပဲ။ မသိဘဲ မတတ်ဘဲနဲ့ သိသလိုလို လုပ်နေတာ **မကောင်းဘူး။** တကယ့်တကယ်တတ်တဲ့၊ တော်တဲ့ Sharp Shooter **တွေနဲ့ ယှဉ်ရပြီဆိုတဲ့အခါကျတော့ ယက်ကန် ယက်ကန်ဖြစ်ရော။** ကျွန်တော့်ဇနီးက သံရုံးဝန်ထမ်းဆိုတော့ တစ်နိုင်ငံကနေ တစ်နိုင်ငံကို ပြောင်းရတဲ့အခါ ကျွန်တော်ပါ လိုက်ရတယ်။ ရောက်တဲ့နိုင်ငံမှာ ကျွန်တော် ကုမ္ပဏီထောင်ရပြီ။ ဒီနိုင်ငံက သဘာဝ တွေကို လေ့လာရပြီ။ သူတို့ဘာကြိုက်ကြသလဲဆိုတာ ကြည့်ရပြီ။ သူတို့ဘာမကြိုက် သလဲဆိုတာလည်း ကြည့်ရပြီ။ နိုင်ငံခြားမှာ မြန်မာတွေဟာ များသောအားဖြင့် မြန်မာအချင်းချင်း နေကြတာများတယ်။ ကျွန်တော်ကတော့ ရောက်တဲ့နိုင်ငံက လူမျိုးတွေနဲ့ပေါင်းတယ်။ ဩစတြေးလျရောက်ရင် အော်ဇီတွေနဲ့ ပေါင်းရတယ်။ သူတို့ရဲ့ နေထိုင်မှုဓလေ့၊ အပန်းဖြေမှုဓလေ့တွေကို သိရတယ်။ Business ဆိုတာက ဘယ်သူနဲ့သိသလဲဆိုတာ အရေးကြီးတယ်။ ကုမ္ပဏီထောင်ပြီးလို့ Advertising Agency တွေက appoinment တောင်းတော့မယ်ဆိုရင် မတောင်းခင် သူတို့လိပ်စာ ကို မေးရတယ်။ သူတို့ရုံး OFFICE ဘယ်မှာလဲ၊ ကိုယ်နေတာကဘယ်မှာလဲ၊ ကားနဲ့သွားရင် ဘယ်လောက်မောင်းရသလဲ၊ ကားရပ်ရမယ့်နေရာနဲ့ရုံးကို လမ်းလျှောက်တာ ဘယ်လောက်ကြာသလဲ... စသည်ဖြင့် ကြိုလုပ်ရတာတွေ ရှိတယ်။ သူတို့က ဘိကျတာ ကြိုက်တယ်ဆိုတာကို သိထားတော့ ကိုယ့်ဘက်က သိပ်သတိ ထားရတယ်။ ဒါ့ကြောင့် နိုင်ငံခြားသားတွေကြားမှာ ကျွန်တော် သိက္ခာရှိရှိ အလုပ်လုပ်နိုင်ခဲ့တယ်။ ပြောရရင်တော့ ကြိုးပမ်းရတာတွေ အများကြီးပါ။ ပြောရင် ဆုံးနိုင်ဖွယ်မရှိပါဘူး။အခုထိလည်း ကျွန်တော် ကြိုးစားမှုကို မရပ်နိုင်သေးပါဘူး။

မေး - ကျွန်တော်တို့လူမျိုးရဲ့မြင်သာတဲ့ အချက်တစ်ချက်က ပြဋ္ဌာန်းခံ သဘော





Determinism ရှိနေတတ်တာပါ။ မိဘနဲ့သားသမီး၊ ဆရာနဲ့တပည့်၊ ကြီးသူနဲ့ ငယ်သူ... စတဲ့ ဆက်ဆံရေးတွေမှာ ကြီးသူကိုရိုသေခြင်းနဲ့အတူ ပြဋ္ဌာန်းမှုနဲ့တစ်ပါ တည်း ကြီးပြင်းခဲ့ရတာတွေ ရှိနေတယ်။ Determinism ကို ဘယ်လိုမြင်ပါသလဲ။

ဖြေ - အဓိကပြောတော့ မိဘအုပ်ထိန်းသူတွေနဲ့ဆိုင်ပါလိမ့်မယ်။ တချို့က မိဘကို လိုတာထက်ပိုပြီး ကြောက်ရတာတွေရှိတယ်။ ချမ်းသာတဲ့ မိဘက သားသမီးကို ချမ်းသာတဲ့အမွေ ဆက်ပေးချင်တော့ ငါ့အလုပ်ထဲ ဝင်လုပ် ဆိုတာမျိုးနဲ့ သွတ်သွင်း တာမျိုးရှိတယ်။ မိဘကတော့ စေတနာနဲ့ပါပဲ။ ဘဝမှာ ချမ်းသာစွာနေထိုင်ရေးသာ အဓိကကျတယ်၊ တင့်တောင်းတင့်တယ် နေနိုင်ရေးသာ ဘဝလိုအပ်ချက် ဖြစ်တယ် လို့ ခံယူကြတာကိုး။ ဒီတော့ သားသမီးကလည်း မိဘအလိုကျ (အစ်ကိုပြောသလို) ပြဋ္ဌာန်းခံဘဝထဲ ရောက်ကြရတော့တယ်။ ဒီလို 'ပြဋ္ဌာန်းခံရမှု' ဟာ သားသမီးရဲ့ စိတ်ဓာတ် အံကျမကျ ထည့်မစဉ်းစားတော့ဘူး။ သားသမီးကလည်း မလွန်ဆန် ဝံ့ကြဘူး။ မကောင်းဘူးလားဆိုတော့... ကောင်းတယ်ပဲ ပြောရမှာပဲ။ ဒါပေမယ့် ဝတ္တရားအရ လက်ခံလိုက်ရတာမျိုး၊ ကြောက်လို့ လက်ခံလိုက်ရတာမျိုး၊ မလွဲသာ မရှောင်သာ လက်ခံလိုက်ရတာမျိုးဆိုရင်တော့ ရေရှည်မှာ ဘဝကိုကျေနပ်မယ် မဟုတ်ဘူး။ ဘဝဆိုတာ ငွေကြေးချမ်းသာပြည့်စုံနေတာတစ်ခုတည်းနဲ့ လုံ လောက်တယ်လို့တော့ ပြောဖို့ခက်ပါတယ်။ ဒီခေတ်ကတော့ Individual ပိုဖြစ်လာ ကြတယ်။ လန်ဒန်မှာ ကျွန်တော့်သူငယ်ချင်းတွေရှိတယ်။ F.R.C.P တို့ M.R.C.P တို့ လာတက်နေကြတာ။ ကျွန်တော်က Photography တက်နေတာဆိုတော့ ဒီ ကောင် ရူးနေတာပဲလို့ ထင်ကြတယ်။ မဟုတ်ဘူး၊ ကျွန်တော် ခွဲထွက်လိုက်တာ။ လူတစ်ဦးချင်းစီဟာ ကိုယ်ပိုင် စိတ်ခံစားမှု ရှိကြသူတွေချည်းပဲ။ ဘဝကို တန်ဖိုးအဖြစ် **ရှုမြင်ရာမှာ ကွဲပြားနိုင်တယ်လို့ ခံယူလိုက်ရင် ပြဋ္ဌာန်းစရာလည်း မလိုတော့ဘူး။ ပြဋ္ဌာန်းခံစရာလည်း မလိုတော့ဘူး။** ကိုယ့်လမ်းကြောင်းကို ရဲရဲခုံးဖြတ်၊ ရဲရဲလျှောက်၊ အကောင်းဆုံးဖြစ်အောင်လုပ်ဖို့ပဲ ရှိတယ်။ တစ်ခုတော့ရှိတာပေါ့.. မိဘတွေရဲ့ ပြဋ္ဌာန်းမှုကိုလည်း မခံယူချင်ဘူး၊ ကိုယ့်ကိုယ်ကိုယ်လည်း မပြဋ္ဌာန်းဘူးဆိုရင်တော့ ဟိုမရောက် ဒီမရောက်ဖြစ်မှာပဲ။ **လူငယ်ဆိုတာ သူတစ်ပါးကပြဋ္ဌာန်းတာကို မခံချင် ရင် ကိုယ့်ကိုယ်ကိုယ် ခိုင်ခိုင်မာမာ ပြဋ္ဌာန်းဖို့တော့လိုမယ်။** ဒီခေတ်က မျက်စိပိတ်၊ နားပိတ်ခေတ် မဟုတ်တော့ပါဘူး။ လုပ်စရာတွေ များပါတယ်။ မိဘက တည့်မတ်ပေးဖို့ပဲ လိုပါတယ်။ သားသမီးကို ယုံယုံကြည်ကြည် လိုက်လျောပေး လိုက်ဖို့ပဲ လိုပါတယ်။ ဆရာဝန်ဖြစ်မှုကို ဖြစ်မယ်ဆိုတဲ့ မိဘတွေ ကျွန်တော် တွေ့ဖူးတယ်။ ဆေးကျောင်းကို ရောက်လာကြတဲ့ လူငယ်တွေထဲမှာ ဒီလိုနည်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာကြတဲ့ လူငယ်တွေ ဘယ်နှယောက်ပါသလဲ ကျွန်တော်တို့ မပြောနိုင်ဘူး။ လူငယ်က စိတ်ပါရင်ကောင်းတယ်၊ တိုင်းပြည်အတွက်ရော၊ သူ့အတွက်ပါ အကျိုးရှိတယ်။ စိတ်မပါရင်အချိန်တွေ ကုန်မယ်၊ ငွေတွေ ကုန်မယ်၊ ဒါပဲရှိမယ်။

မေး - Way of Thinking အရေးပါလာတဲ့ သဘောပေါ့၊ စဉ်းစား တွေးခေါ်မြော်မြင်မှု အားနည်းရင် အကျိုးမရှိ၊ အရာမထင် ဖြစ်တတ်တာဆိုတော့ ဒါလည်း ဘဝမှာ အရေးကြီးတဲ့ လိုအပ်မှုလို့ ထင်သလား။

ဖြေ - ကျွန်တော်ကတော့ မိဘတွေကိုယ်တိုင်က အမြင်သိပ်မကျယ်တာပါမယ်ထင်တယ်။ Thinking လို့ပြောရင် မိဘရော၊ သား သမီးတွေမှာပါ အားနည်းတတ်ကြတာကို တွေ့ရပါတယ်။ မိဘတွေ ကိုယ်တိုင်က ဘာမှ မသိဘူးဆိုရင်တော့ သူတို့ရဲ့ Thinking ဟာ Scope ကန့်သတ်မှုထဲမှာပဲ ရှိနေမှာပေါ့။ များများသိတဲ့ မိဘတွေရဲ့ သားသမီးတွေ ထွန်းပေါက်တာများတယ်ဆိုရင် ... ဒါ ... များများသိ၊ များ များကြုံ၊ များများ တွေးခေါ်တတ်ခြင်းရဲ့ ရလာဒ်ပါပဲ။ ကျွန်တော့်သားကြီး အိမ်ထောင်ပြုတော့မယ်ဆိုတော့ ကျွန်တော် တစ်ခွန်းပဲမေးတယ်။ 'မင်းစဉ်းစားပြီးပြီလား' ဆိုတော့ 'ဟုတ်ကဲ့'တဲ့။ ကျွန်တော် 'Go ahead' လို့ပဲ ပြောလိုက်တယ်။ အိမ်ထောင်ပြုတဲ့ကိစ္စမှာ သူတို့လူငယ်ချင်း စဉ်းစားကြတာကမှ လက်တွေ့ကျပါတယ်။ ကျွန်တော့် Thinking ထက် သူတို့ကိုယ်တိုင်ရဲ့ Thinking က ပိုအရေးကြီးပါတယ်။ သူ့ယူမှာ... သူ့ life လေ။ ရှေးခေတ်က ကမ္ဘာဟာ ပြားတယ်လို့ ထင်ခဲ့ကြတယ်။ လုံးတယ်လို့ ပြောတာကို လက်မခံခဲ့ကြဘူး။ ဒီခေတ်ကျတော့ ကမ္ဘာကြီးဟာ လုံးဝန်းတဲ့ ဂြိုဟ်တစ်လုံးဆိုတာ မြင်လာကြရပြီ။ တစ်ခါ ဆက်သွယ်မှုစနစ်တွေ ဖြန့်ကျက် လာနိုင်တာကို အခုတစ်ခါ ကမ္ဘာပြားပြီ ဖြစ်ပြန်တယ်။ လူဆိုတာ အမြဲတမ်း စဉ်းစားတွေးခေါ်နေကြသူ တွေချည်းပါ။ စဉ်းစားတွေးခေါ်တယ်ဆိုတာ ကိုယ်လုပ် ရမယ့်အလုပ်ကို ပုံကြမ်း ကောက်တဲ့သဘောဆိုတော့ အလုပ်တစ်ဝက်ပြီးနှင့်တဲ့ သဘောပဲ။ မှားခြေလည်း နည်းတာပေါ့။ ပြောင်းလဲမှုတွေရှိရမှာပဲ။

မေး - ငယ်ငယ်ကတည်းက ဒီအချိန်အထိ လုပ်ဖြစ်နေတာ ဘာပါလဲ။

ဖြေ - စာဖတ်ခြင်းပါ။ ကျွန်တော်တို့ မိသားစုဟာ စာတော့ဖတ်ကြပါတယ်။ ဘဝအတွက် စာဖတ်ရသလို လုပ်နေတဲ့ Professional အတွက်လည်း စာမပြတ်တမ်း ဖတ်နေရပါတယ်။ Photography နဲ့ပတ်သက်လို့ ကျွန်တော့်မှာ ဆရာတွေ အများကြီးရှိသလိုပါပဲ။ လုပ်ငန်းနဲ့ပတ်သက်တဲ့ ဂျာနယ်၊ မဂ္ဂဇင်းတွေ





အများကြီးဖတ်ရတယ်။ Latest technology တွေကို သိအောင် လုပ်နေရတယ်။ ကျွန်တော်တို့သုံးနေတဲ့ ကင်မရာတွေဆိုရင် Digital တွေဖြစ်ကုန်ပြီ။ ကမ္ဘာကျော် ပရော်ဖက်ရှင်နယ် ကင်မရာတစ်လုံးဟာ ဒေါ်လာ ၈၀၀၀ လောက်ပေးရတယ်။ ဒီကင်မရာမှာ စွမ်းဆောင်ရည်တွေ အများကြီးထည့်ထားတယ်။ လုပ်နိုင်တာတွေ အများကြီးပဲ။ ဒါတွေကို သိဖို့ကင်မရာနဲ့ တွဲပါလာတဲ့ စာအုပ်တွေကိုဖတ်ကို ဖတ်ရမယ်။ မဖတ်ရင် ဘာမှမသိဘူး။ မသိရင်ဘာမှ လုပ်နိုင်မှာ မဟုတ်ဘူး။ ငွေကြိုက်လုံး ရထားပြီးမှ ကျော့ယားလို့ ကုတ်တာမျိုးလောက်သုံးရင် အလကားပဲ။ စာမဖတ်ရင် တိုးတက်မှု ရပ်သွားလိမ့်မယ်။ ဘဝအတွက် စိတ်ခွန်အားပေးနိုင်တဲ့ စာတွေကိုဖတ်ဖို့လည်းလိုပါတယ်။ စာတွေထဲက အတွေ့အကြုံတွေ တစ်ပုံတစ်ခေါင်းကြီး ရနိုင်ပါတယ်။ ဆင်ခြင်နိုင်တယ်။ အခုဆိုရင် Internet ကလည်း ဆွဲချပြီး ဖတ်နေကြတာတွေ ရှိပါတယ်။ ကျွန်တော်ကတော့ စာအုပ်ကိုကိုင်ပြီး ဖတ်ရတာကို ပိုကြိုက်တယ်။ မဖတ်ချင်ရင် ဘေးချထား၊ ဖတ်ချင်တော့မှဆက်ဖတ်၊ သိပ်အရသာရှိတယ်။ လူငယ်တွေကို ပြောချင်တာက မြန်မာစာကိုဖတ်သလိုပဲ အင်္ဂလိပ်စာတွေကိုလည်း ဖတ်ဖို့တော့လိုမယ်။ နိုင်ငံတကာသဘောဆောင်တဲ့ အလုပ်တွေနဲ့ ထိတွေ့ရတဲ့အခါ အင်္ဂလိပ်စာ အရေးပါတာကိုတွေ့လာကြရပြီ။ ဆိုပါတော့ ကျွန်တော်ဆိုရင် အခုကင်မရာတစ်လုံး ဝယ်ထားတယ်။ Cannon 1 DS Mark 3၊ ဒီ ကင်မရာနဲ့အတူ လက်စွဲ Manual စာအုပ်တစ်အုပ်လည်း ပါလာတယ်။ ဂျပန်တွေက စက္ကူပေါလို့ ထည့်ပေးလိုက်တာမဟုတ်ပါဘူး။ ဒီကင်မရာက လုပ်ပေးနိုင်တာတွေကို ရေးထားတာ။ သဘောကတော့ နှိုင်းလို့ရတာတွေ အများကြီးပဲ။ မင်းနှိုင်းတတ်ဖို့ပဲလိုတယ်ဆိုတဲ့ သဘောပဲ။ အင်္ဂလိပ်လို ရေးထားတာဆိုတော့ ဖတ်ရပြီ။ သူများကို ဖတ်ခိုင်းရင် ဒီလောက်အထူကြီးကို ဘယ်သူက ဖတ်ပေးမှာလဲ။ ကိုယ်ကိုယ်တိုင် အင်္ဂလိပ်စာတတ်မှ အရေးကြုံတိုင်း ဖတ်နိုင်မှာပေါ့။ ကျွန်တော့်လို ကင်မရာမျိုးကိုင်တဲ့သူတွေလည်း ရှိမှာပဲ။ မဖတ်ဘဲ ချောင်ထိုးထားရင် ပုံထွက်မတူနိုင်တော့ဘူး။ သူမသိတဲ့အတွက် Colour Spectrum တွေ အပြည့်မထွက်နိုင်တော့ဘူး။ ပုံကောင်းမရနိုင်တော့ဘူး။ အခု ကင်မရာတွေက Focusing Point တွေ အများကြီး။ နောက်တစ်ခါ ဘာရှိသလဲဆိုတော့ ပုံထွက်ကောင်းပြီ၊ ပုံကောင်းလည်းထွက်ပြီ၊ ကင်မရာအကောင်းစားကြီးနဲ့ရိုက်၊ Manual လည်းဖတ်၊ ရိုက်တာလည်း အဆင်ပြေပြီဆိုရုံနဲ့ မပြီးသေးဘူး။ Final Image ထွက်လာဖို့ digital work flow တွေ ကျန်သေးတယ်။ ဒီပုံကို ကွန်ပျူတာပေါ်မှာ post production တွေ လုပ်ရဦးမှာ။



www.burmeseclassic.com

www.burmeseclassic.com



ဆိုလိုတာက ရိုက်လို့ ကောင်းနေတာက ၅၀%၊ digital work က ၅၀%၊ ဒီ ၂ ခုပေါင်းမှ ရာနှုန်းပြည့် ကောင်းတာပါ။ အရင်ကလို အမှောင်ခန်းထဲ ဝင်ရတာမျိုး မရှိတော့ဘူး။ ဘယ်လို Software တွေကို သုံးမှာလဲဆိုတာကအစ အင်္ဂလိပ်လို ဖတ်တတ်မှ ဖြစ်တော့မယ်။ ဟိုကလိ၊ ဒီကလိ၊ ဟုတ်နိုးနိုး စမ်းတဝါးဝါး လုပ်နေလို့ မဖြစ်ဘူး။ ဥပမာ ကျွန်တော်ပြောမယ်... ကျွန်တော့်ကို W.H.O က မွေးကင်းစကလေး သေဆုံးမှုနဲ့ ပတ်သက်ပြီး တစ်နှစ်ကို ကလေးနှစ်သန်းလောက် ပျက်စီးနေရတဲ့ကိစ္စအတွက် ကျွန်တော့်ကို ဌာနေကိုယ်စားလှယ်က ခေါ်တွေ့ဖူးတယ်။ ဆင်းရဲတဲ့လူနေမှုဘဝတွေကို ဓာတ်ပုံရိုက်ရတယ်။သူတို့လိုချင်တာက ဘာလဲ၊ သူတို့ ရည်ရွယ်ချက်က ဘာလဲ၊ သူတို့ပေးချင်တဲ့ Message က ဘာလဲ၊ ဒါကို သူတို့က 'ဘို' လိုပြောတာ။ ဒါကို နားလည်မှ ကျွန်တော်ထွက်ရိုက်တဲ့အခါ သူတို့လိုချင်တာ ရတော့မှာပေါ့။ နားမလည်ရင်တော့ သူတို့လိုချင်တာက တခြား၊ ရိုက်လာတာက တခြား ဖြစ်တော့မှာပေါ့။ ဒါ့ကြောင့် အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကား မတတ်လို့ကို မရတော့ဘူး။ ကျွန်တော် အင်္ဂလိပ်လို ပိုင်ပိုင်နိုင်နိုင် ဖတ်နိုင်တယ်၊ ရေးနိုင်၊ ပြောနိုင်တယ်။ သူတို့ပါးစပ်က ဟတာနဲ့ ကျွန်တော် သဘောပေါက်နေပြီ။ အမေကျော် ဒွေးတော်လွှမ်းတာ မဟုတ်ပါဘူး။ ကမ္ဘာမှာက ဒီလိုပဲ ဖြစ်နေတယ်။ ဒါက ကျွန်တော့် Profession နဲ့ ပတ်သက်တာကိုပြောတာ။ နယ်ပယ်တိုင်းမှာ ဒီသဘာဝက ရှိလာပြီ။ မတတ်လို့ကို မရတော့ ဘူး။

မေး – ဒါကတော့ သိမှုနဲ့တတ်မှု သဘောပေါ့လေ။ အနုပညာကို ဖန်တီးတဲ့အခါကျတော့ ပါရမီလည်းလိုမယ်လို့ ထင်ပါတယ်။ အနုပညာအားဖြင့် ဖန်တီးနိုင်မှု စွမ်းရည်ပေါ့လေ။

ဖြေ – Professional Photography မှာ အရသာရှိတဲ့အနုပညာ ပုံရိပ်တစ်ခုရဖို့ ဦးနှောက်စွမ်းရည် အင်မတန်လိုပါတယ်။ လောကနယ်ပယ်မှာ အနုပညာဟာ နေရာတိုင်းမှာ ရှိနေတယ်။မြင်တတ်၊ ကြားတတ်ဖို့ လိုတယ်။ ဖော်ပြဖန်တီးတတ်ဖို့လည်း လိုမှာပေါ့။ ဓာတ်ပုံပညာမှာ နည်းနာအရ ကျွမ်းကျင်မှုဟာ မိမိရဲ့ ဒုတိယ မြောက်သာ ဖြစ်နေရပါမယ်။ Second Nature ပေါ့။ ကျွန်တော်က ဘိနပ်ချွတ်တာတောင် ထိပ်နှစ်ဖက် ညီညီထားပြီး ပူးထားတာ၊ ဟိုရောက်၊ဒီရောက် မချွတ်ဘူး။ Photography အတွက် မြန်မာနိုင်ငံ ဓာတ်ပုံအသင်းက ဖိတ်ပြီး ဟောပြောပေးဖို့ ပြောပါတယ်။ကျွန်တော် ကြိုမပြင်ထားဘူး။ Photography က ကျွန်တော့်ရဲ့ဒုတိယ သဘာဝဖြစ်နေလို့ပါ။ နည်းနာပိုင်းတို့ စဉ်းစား





ရတာမျိုး မရှိတော့လောက်အောင် ပြည့်ဝနေတဲ့အတွက် ကျွန်တော့်မှာပေါ့ပါးနေပြီ။ ဘာပဲကျန်သလဲဆို တော့ Creation ပဲ ကျန်တော့တယ်။ နည်းနာပိုင်းကိုချည်းပဲ သန်နေရင်လည်း ထွက်လာတဲ့ပုံက နည်းနာခံနေမှာပဲ။ အနုပညာပိုင်းချည်းပဲ သန်နေပြန်တော့လည်း နည်းနာပိုင်းကတာလွဲ ဖြစ်တော့မယ်။ ဒါ့ကြောင့် နှစ်မျိုးစလုံး ကျွမ်းကျင်အောင် ကြိုးစားသင့်တယ်။ စိတ်ကူးပြီဆိုပါတော့၊ သူတကာ လုပ်ပြီးသားတွေကို နိုးမချုံး။ ကျွန်တော် ညနေပိုင်းဆိုရင် 'ဝိုင်' ကလေးသောက်တယ်၊ သီချင်းနားထောင်တယ်၊ ဘာမှမရှိသေးတာကို ပုံဖော်ခံစားနေတာပဲ။ I try to create Something, out of nothing လူတွေ တန်းစီနေတာ မြင်ကြည့်တယ်၊ လူဆယ်ယောက်လောက်မှာ တတိယလူလောက်ကို Focus ဖြတ်ကြည့်တယ်။ စိတ်နဲ့အလုပ်လုပ်နေတာ။ နောက် (၆) လ(၁) နှစ်လောက်မှာ ပုံကိုရောက်တယ်။ မိန်းကလေးတွေတန်းစီပြီး ယွန်းပန်းချီ ဆွဲနေကြတယ်။ Create လုပ်ပြီးသား ရှိတဲ့အတွက် ကျွန်တော်ရိုက်ယူလိုက်တယ်။ အနုပညာဆိုတာ Original ဖြစ်ရမယ်။ သူများဟာ ပုံတူကူးချင်လို့ မရဘူး။ ဒီတော့ ဦးနှောက်ကို မောင်းနှင်နေရတယ်။ ဟိုတယ်ကြီးတစ်ခုကို ဓာတ်ပုံရိုက်မယ်။ ရေကူးကန်ပါချင်တယ်။ ဓာတ်ပုံဆရာ ၃ယောက်လောက်ကို ခေါ်ပြီးမေးတယ်။ ဈေးဘယ်လောက်လဲ။ ရိုက်တဲ့အခါကျတော့ စိတ်ကူးတွေတူနေကြတယ်။ ဒါကို Tom, Dick & Harry shot လို့ခေါ်တယ်။ Tom လည်း ဒီလိုပဲ ရိုက်တယ်၊ Dick ကလည်း ဒီလိုပဲ ရိုက်တယ်၊ Harry ကလည်း ဒီအတိုင်းပဲ၊ ဘာမှ မထူးဘူး။ ကျွန်တော်ကတော့ အဲဒီလို မရိုက်ဘူး။ ဟိုတယ်မှာ ၂၄ နာရီ နေမယ်၊ လှေလာမယ်၊ တစ်နေကုန် ထိုင်ကြည့်နေတာပဲ။ စိတ်ကြိုက်ရပြီဆိုတော့မှ နောက်နေ့ရိုက်တယ်။ သွားရင်းလာရင်းနဲ့ အလင်းရောင် ကြောင့်လှတာတွေ့ရင် နာရီကြည့်ထားလိုက်တာပဲ။

မေး – ဒီနေရာမှာ ကျွန်တော်မေးချင်တာက အနုပညာကိုယ်ပိုင် ခံစားမှု စွမ်းရည်ကိုလည်း စိတ်ယဉ်ကျေးမှုအဖြစ် လက်ခံထားဖို့လိုမယ်ဆိုတဲ့ သဘောလား။ လူငယ်တွေမှာ အနုပညာကို ထိတွေ့ခံစားလိုတဲ့စိတ်ရှိရမယ်၊ ရှိမှလည်း လောကသဘာဝအလှကို ရင်ခုန်တတ်မယ်။ ဒီစိတ်ထဲဟာ ဘဝမှာ သိမ်မွေ့တဲ့ ကိုယ်ရည်ကိုယ်သွေးကောင်း ဖြစ်စေတယ်ဆိုရင် ဒါကို လက်ခံနိုင်မလား။

ဖြေ – အနုပညာစိတ်ရှိတာအကောင်းဆုံးပါပဲ။ နူးညံ့တဲ့စိတ်ဟာ လူငယ်တွေကို ယဉ်ကျေးချောင်ရှိစေတယ်ဆိုတာ မှန်တာပေါ့။ တစ်ခုတော့ ရှိတာပေါ့၊ တချို့လူငယ်တွေမှာအားနည်းကောင်းအားနည်းမှာပေါ့။ ဆိုပါတော့ကျွန်တော့်သားဆိုရင် နိုင်ငံခြား



www.burmeseclassic.com

www.burmeseclassic.com



မှာ Window display တွေ၊ Interior decoration တွေ မြင်ရာက ဆည်းပူးယူတာ။ ဒီကမှ စိတ်ကူးစိတ်သန်းတွေ ကွန့်ကြည့်တာ။ ဒီလိုကစတာပါ။ လူတွေမှာ အနုပညာစိတ်ပါပြီးသားလို့ထင်တယ်။ ဒါကို အားကောင်းအောင် မွေးမြူသွားဖို့ပဲ လိုမယ်။ ကိုယ်တိုင်က ရင့်ကျက်ရမယ်၊ ခံယူစိတ်လည်း ရှိရမယ်။ သူတစ်ပါးဖန်တီးမှုတွေကို လေ့လာခံစားကျင့် ရှိရမယ်။ ကိုယ်ကတော့ ဖောက်ထွက်ရမှာပေါ့။ **အရေးကြီးတာက အထောက်အကူပြုနိုင်မယ့် ပတ်ဝန်းကျင်ကောင်းတော့ ရှိဖို့လိုပါလိမ့်မယ်။**

မေး - ဒီနေရာမှာ ပတ်ဝန်းကျင်ကောင်းဆိုတာ ရွေးချယ်နိုင်မယ့် Options တွေရှိဖို့လိုတယ်လို့ ကျွန်တော် သဘောပေါက်ပါတယ်။ လူငယ်တွေအနေနဲ့ လုပ်ပိုင်ခွင့်၊ လုပ်နိုင်ခွင့်၊ ရွေးချယ်ခွင့်၊ အလိုက်သင့် ပျော်ဝင်နိုင်မယ့် အခြေအနေအသစ်တွေလည်း လိုမှာပေါ့။ ဒီသဘောကို ပြောချင်တာလား။

ဖြေ - အဓိကကတော့ ကျွန်တော့်အမြင်ကို ပြောတာပါ။ အနုပညာတစ်ရပ်ဖန်တီးဖို့ (ဒါမှမဟုတ်) သူ့စိတ်ကြိုက်တစ်ခုခုကို ရွေးချယ်လုပ်ကိုင်ဖို့ဆိုရင် **လွတ်လပ်သော အခြေအနေတစ်ခုရှိရမယ်။** ကျဉ်းမြောင်းမှုထဲမှာ ကျွန်တော်တို့ ကောက်ယူနိုင်တာ နည်းနည်းပဲရှိမယ်။ များများကောက်ယူနိုင်တဲ့ အခြေအနေရှိရင်တော့ အကောင်းဆုံးပဲ။ လူငယ်တွေဟာ အရည်အသွေးရှိတယ်။ ဒါပေမယ့် အဲဒီအရည်အသွေးကို တောက်ပြောင်အောင် သွေးရမယ့်နေရာရှိမှ တောက်ပြောင်မှာပေါ့။ ကျွန်တော် ငယ်ငယ်ကတော့ နိုင်ငံခြားထွက် သင်နိုင်တယ်ဆိုတာ ရှားရှားပါးပါး အခြေအနေပေါ့လေ။ ခုတော့ သိပ်မခက်တော့ပါဘူး။ အနုပညာအလုပ်မှုပဲ မဟုတ်ပါဘူး၊ Business လုပ်မယ်ဆိုရင်လည်း လုပ်ရကိုင်ရတဲ့အခြေအနေတွေ ရှိလာပါပြီ။ ဒီအတွက် စရိတ်စကကတော့ ရှိမှာပေါ့လေ။ ကျွန်တော်ဆိုရင် မဖြစ်မနေ အားသွန်တဲ့စိတ် ငယ်ငယ်ကတည်းက ရှိခဲ့တယ်။ အခု ဒီအခြေအနေ ရောက်လာပေမယ့် ကျေနပ်မသွားဘူး။ ဆက်ရှာနေတုန်းပဲ။ **တစ်ကြောင်းတည်းသောစိတ်နဲ့ ကြိုးစားနေဖို့ပဲ လိုပါတယ်။ Options ဆိုရာမှာ ကိုယ်က ရွေးချယ်နိုင်တာလည်း ရှိတယ်၊ အခြေအနေက ရွေးချယ်ပေးတာလည်း ရှိတယ်။ အကောင်းဆုံး လုပ်နိုင်ဖို့ပဲ လိုပါတယ်။**

မေး - အခုရောက်နေတဲ့ နေရာနဲ့ အခြေအနေကို ကျေနပ်နှစ်သက်မှု ရှိရဲ့လား။ ရှိတယ်ဆိုရင် ဘာဖြစ်လို့ ရှိတာလဲ၊ ရှင်းပြပါဦး။





ဖြေ - ရှိတယ်။ သိပ်ကိုရှိပါတယ်။ ကျွန်တော်ခံယူထားတဲ့ ဘဝအဓိပ္ပာယ်က ရှင်းပါတယ်။ ကျွန်တော် စိတ်ချမ်းသာချင်တယ်၊ နောက် အလုပ်တွေချည်း တွန်းလုပ်နေဖို့လည်း မဖြစ်သေးဘူး။ မိသားစုနဲ့လည်း ဘဝမှာအချိန်တွေပေးဖို့ လိုတယ်။ ကျွန်တော် ဒါကို သိပ်ဂရုစိုက်ပါတယ်။ သားသမီးနဲ့မိဘ ဆက်ဆံရေးမှာ တင်းကျပ်နေတာမျိုး မရှိစေချင်ဘူး။ မိဘဆိုပြီး အရာရာကို လွှမ်းမိုးနေတာမျိုး ကျွန်တော် မလုပ်ချင်ဘူး။ သားသမီးတွေနဲ့ကျွန်တော် သူငယ်ချင်းဖြစ်ချင်တယ်။ I want to be their friend...ဒါ ကျွန်တော့် ခံစားမှုပဲ။ တစ်စုံတရာရှိလာရင်လည်း 'မင်း ဒါ လုပ်ရမယ်' လို့ ကျွန်တော်မပြောဘူး။ ဖေဖေတော့ ဒီလို မြင်တယ်လို့ပဲ ပြောတယ်။ သူတို့စဉ်းစားနိုင်အောင် ပြောတာပါ။ သူစဉ်းစားလေ၊ ဆုံးဖြတ်တာလည်း သူဆုံးဖြတ်လေ။ သူဆုံးဖြတ်တာဟာ ကျွန်တော်နဲ့မတူဦးတော့ ကျွန်တော် စိတ်မကောင်း မဖြစ်ဘူး။ ကျွန်တော်လုပ်နေတဲ့ အလုပ်မှာလည်း ကျွန်တော့်သားကို သဘောထား မေးတာပဲ။ သူဘယ်လို မြင်သလဲမေးတယ်။ သူတို့ဆီက အကြံဉာဏ်ကောင်းတွေရတာလည်းရှိတယ်။ ကျွန်တော့်သားသမီးတွေက အဖေဆိုပြီး ကြောက်နေတာကို ကျွန်တော်မကြိုက်ဘူး။ ကြောက်ခြင်းခံနေရင် နီးကပ်မှုမရှိတော့ဘူး။ ရင်းနှီးမှု မရှိတော့ဘူး။ နောက်ဆုံး မဟုတ်တာ လုပ်မိတယ်ထားဦး... ဘယ်သူ့ကိုပြောရမယ်မှန်းမသိဘူးဆိုတဲ့ စိတ်ခံစားမှုမျိုးကို ကျွန်တော်မဖြစ်စေချင်ဘူး။ ကျွန်တော့်အသက်အရွယ်အရ ကျွန်တော် လောဘမကြီးတော့ဘူး။ အလုပ်လုပ်စရာ ရှိတော့လည်း ထွက်လုပ်လိုက်တယ်၊ မရှိတော့လည်း အေးအေးဆေးဆေးပဲ။ နောက် ၅နှစ်လား၊ ၁၀နှစ်လား၊ အနှစ် ၂၀လား၊ ကျွန်တော် ဘယ်လောက်နေ ရဦးမယ်ဆိုတာ မသိဘူး။ နေရသလောက်မှာ ကျွန်တော် အဓိပ္ပာယ်ရှိချင်တယ်။ တကယ့်ဘဝ အဓိပ္ပာယ်ဟာ အေးချမ်းမှုပဲဆိုတာ ကျွန်တော်သိလာပြီ။ Photography နဲ့ပတ်သက်ရင် ကုမ္ပဏီတွေက နိုင်ငံခြားသားရိုက်တာမှ ကောင်းတယ်ထင်ကြတယ်။ အခုမဟုတ်တော့ဘူး။ မြန်မာပြည်မှာလည်း ဓာတ်ပုံဆရာကောင်း တွေရှိတယ်ဆိုတာ သူတို့သိလာပြီ။ ဒါဂုဏ်ယူစရာကောင်းတယ်။ မြန်မာ တစ်ယောက်အနေနဲ့ ကျွန်တော်ဝမ်းသာတယ်။ ဩစတြေးလျားတုန်းက NSW Government က ကျင်းပတဲ့ ဓာတ်ပုံပြပွဲအတွက် ဓာတ်ပုံ ဆရာ ၁၀ ယောက် ရွေးတယ်။ အယောက် ၅၀၀ ထဲကမှ ရွေးတဲ့ ဆန်ခါတင် ၁၀ယောက်ထဲမှာ ကျွန်တော်ပါတယ်။ ဒါကျွန်တော် ဂုဏ်ယူတယ်။ ကျွန်တော် လုပ်ခဲ့တယ်၊ လုပ်နေတယ်၊ ကျွန်တော် ကျေနပ်တယ်။ နောက်တစ်ချက်က **ကျွန်တော် အချိန်ကိုလေးစားတယ်၊ ချိန်းထားရင် ၁၅ မိနစ် ကြိုရောက်အောင် ကျွန်တော် ကြိုးစားတယ်။** ဒါတွေဟာလည်း တကယ်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်ရင် အရေးကြီးတယ်ဆိုတာ လူငယ်တွေကို ပြောချင်တယ်။

မေး - ဘဝမှာ မျှော်လင့်သလို ဖြစ်မလာတာ၊ စိတ်တိုင်း မကျ တာတွေလည်း ကြုံဖူးမှာပေါ့။ ဒါမျိုးခံစားရရင် မိမိကိုယ်ကို ဘယ်လို ထိန်းချုပ်သလဲ။ ဘယ်လို Control လုပ်ပါသလဲ။ အရာရာမှာ စိတ်တိုင်းကျဖို့ဆိုတာက ခက်တာကိုး။

ဖြေ - ကျွန်တော်ပြောရင် ယုံချင်မှ ယုံမှာပါ။ ကျွန်တော် မနက်တိုင်း တရားထိုင်တယ်။ ကျွန်တော့်ကိုသိတဲ့သူတွေဆိုရင် မနက် ၁၀နာရီ မထိုးမချင်း ဖုန်းမဆက်ကြဘူး။ တရားထိုင်တော့ စိတ်ချမ်းသာတယ်။ Peace of Mind ရတယ်။ ပိုပြီး Calm ဖြစ်တယ်။ ဘဝမှာ ဖြစ်ချင်တာတွေအားလုံး မဖြစ်နိုင်ပါဘူး။ အစွမ်းကုန်ကြိုးစားတယ်၊ ဖြစ်မလာဘူး။ ဘာလုပ်မလဲ…ထပ်ကြိုးစားဖို့ပဲရှိတယ်။ မကြိုးစားဘဲ ဘယ်ဟာမှ မရနိုင်ဘူး။ ဒါကြောင့် ကျွန်တော် စိတ်ဓာတ်မကျဘူး။အကောင်းဆုံးဖြစ်အောင် လုပ်ရမယ်ဆိုတဲ့ စိတ်နဲ့ဖြေတယ်။ အကောင်းတရားကို ဘယ်သူကမှ မငြင်းပယ်နိုင်ဘူး။

မေး - ပညာရှင်တွေကတော့ Romantic Depression လို့ သုံးကြတဲ့ စိတ်ကူးယဉ်စိတ်ကျခြင်း ဟာတချို့လူငယ်တွေမှာတွေ့ရတာ များတယ်လို့ပြောကြပါတယ်။ ကျွန်တော်တို့မျက်မှောက်မှာလည်း မြင်နေရတာတွေရှိပါတယ်။ အခြေအနေအမျိုးမျိုးတော့ ရှိမှာပေါ့လေ။

ဖြေ - ကျွန်တော်တစ်ခုပဲ ပြောချင်တယ်။ ကျွန်တော်ခံယူတာ You have to make things happen, don't wait for things to happen. ပဲ။ ဖြစ်လာလိမ့်မယ်ဆိုပြီး ထိုင်မစောင့်ဘူး။ ကျွန်တော့်မှာ အဲဒီလိုစောင့်ခဲ့တာမရှိဘူး။ ဖြစ်လာအောင်လုပ်၊ ဒါပဲ။ You do your best ဒါပဲ။ ၁၀ ခုမှာ ၇ ခုဖြစ်လာရင် ကျေနပ်တော့၊ ဒါ ကံကောင်းတာပဲ။

မေး - အနာဂတ်အတွက် ဘာတွေစိတ်ကူးထားပါသလဲ။

ဖြေ - အနာဂတ်စိတ်ကူးဆိုတာထက် ကျွန်တော်မသေခင် လုပ်ထားခဲ့ချင်တာတွေလိုပြောရမှာပဲ။ ကျွန်တော် နိုင်ငံတော်တော်များများမှ ဟိုတယ်တွေ Products တွေမျိုးစုံအောင် ဓာတ်ပုံတွေ ရိုက်ပေးခဲ့ပြီးပြီ။ မနှစ်က ကျွန်တော့် Pictorial book အနေနဲ့ A Journey Into Bagan စာအုပ်ထွက်တယ်။ လာမယ့်နှစ်တွေမှာ A Lingar, A Journey into Shwedagon, A Journey into Mandalay နဲ့ A Journey Into Inlay စာအုပ်တွေ ထွက်ဖို့ရှိတယ်။ ကျွန်တော်





မသေခင် ထားခဲ့ချင်တာကလည်း ဒါပါပဲ။ ဇော်မင်းယုလုပ်သွားတာ ဒါတွေပဲ ဆိုတာလောက်ဖြစ်ရင် ကျေနပ်ပါပြီ။

မေး - ကိုဇော်မင်းယု အနေနဲ့ ငယ်ငယ်ကတည်းက ဒီအရွယ်အထိ ဖြတ်သန်းမှုမှာ ဘာကို ခိုင်ခိုင်မာမာစွဲကိုင်ခဲ့ပါသလဲ။ ဘဝအောင်မြင်ရေးမှာ အဓိကကျတဲ့ ကိုင်စွဲမှုကို မေးချင်တာပါ။


ဖြေ - ကိုယ်ကျင့်တရားနဲ့ သိက္ခာပါ။ လူဆိုတာ တာဝန် သိခြင်း၊ ထိုတာဝန်ကို ယူနိုင်ခြင်း၊ ယူထားတဲ့တာဝန်ကို ဆောင်နိုင်ခြင်းဆိုတဲ့ စွမ်းရည်တွေ ရှိဖို့လိုတယ်။ ဒီနေရာမှာ တစ်ဦးချင်းစီရဲ့ ကိုယ်ကျင့်တရားနဲ့ သိက္ခာရှိခြင်းဟာ ကိုင်စွဲရမယ့်တရားအဖြစ် ရှိရမယ်။ ကျွန်တော်က ဘုရားမှာ ပန်းကပ်၊ ရေချမ်းကပ်…ပြီးရင် ဆုတောင်းတဲ့သဘောမျိုး မဟုတ်ဘူး။ ဘုရားရှင်ဆီက ပြန်တောင်းတာမျိုး ကျွန်တော် မလုပ်ချင်ဘူး။ ကျွန်တော် ဗုဒ္ဓဘာသာဝင်တစ်ဦးပါ။ ဗုဒ္ဓဘာသာဆိုတာ Philosophy ပါ။ ကိုယ့်ကျင့်တရားနဲ့ သိက္ခာဆိုတာ လူတစ်ယောက် အနိမ့်ဆုံး ထိန်းသိမ်းရမယ့် အရာ လို့ Philosophy အရ ကျွန်တော်နားလည်တယ်။ ပေါင်းသင်းဆက်ဆံရေး ကောင်း ရမယ်။ ဘုရားသွား ပုတီးစိတ်ပြီး၊ အိမ်က အိမ်ဖော်ကို ကျွန်လိုသဘောထားနေရင် ကျွန်တော်သဘောမကျဘူး။ နောက်တစ်ချက်က အများအကျိုးဆောင်ချင်တဲ့စိတ်၊ ဒါလည်းရှိရပါမယ်။ အတ္တစိတ်ကိုဖယ်ပြီး ပရဟိတစိတ်ကို မွေးမြူနိုင်လေ လောကသာယာလေပဲ။ ကျွန်တော်တော့ ဒီလိုပဲ ရိုးရိုးကလေးမြင်တယ်။



www.burmeseclassic.com

www.burmeseclassic.com

# ဦးမော်သန်း



## ကိုယ်ရေးရာဇဝင်အကျဉ်း

အမည်ရင်း ဦးမော်သန်း။ ၁၉၃၉ ဇွန်လ ၂၉ ရက်နေ့မှာမွေးဖွားပြီး မုံရွာဇာတိဖြစ်သည်။ ဖခင် ဦးအောင်နှင့် မိခင် ဒေါ်ရင်တို့မှမွေးဖွားပြီး ညီအစ်ကို မောင်နှမ ၈ ဦးရှိသည်။ ရန်ကုန်တက္ကသိုလ်မှ B.Com, BL, ဘွဲ့ရရှိပြီး CPA, ACMA (London), MBA(Aston) M.Phil (Aston) Dip GEP (Turin) PGDIM (New Delhi) တို့ကို ထပ်မံရရှိခဲ့သည်။ ၁၉၅၉ တွင် ဒေါ်သန်းသန်းအေး (ခ) မာလွင် နှင့် အိမ်ထောင်ပြုသည်။ ပညာရှင်ဘဝကိုနှစ်သက်လိုလားပြီးဘဏ္ဍာရေးစာရင်းကိုင် ပညာရပ်နယ်ပယ်တွင် ၃နှစ်နည်းခံခဲ့ပြီး စာရင်းစစ်အဖြစ် ၃နှစ် နိုင်ငံပိုင် အဖွဲ့အစည်းတွင် ဆောင်ရွက်ခဲ့ရာမှ ဝါသနာအရ သင်ကြားပို့ချရေးသို့ ပြောင်းရွှေ့ခဲ့ပြီး ၂၀၀၀ပြည့်နှစ် ဒီဇင်ဘာလကုန်တွင်စီးပွားရေးတက္ကသိုလ် ပါမောက္ခ... တာဝန်မှအငြိမ်းစားယူခဲ့သည်။အငြိမ်း... ယူပြီးနောက် ၂၀၀၁ခုနှစ်မှစ၍ MA... MAAသင်တန်းကျောင်းများတွင်အင်... နိုင်ငံ ACCA သင်တန်း နောက်ဆုံး... ဘာသာရပ်များအတွက် ယနေ့ ၂၀၀... ပို့ချဆဲဖြစ်သည်။ လက်ရှိတွင် စီးပွား... လုပ် ငန်းကုမ္ပဏီ ၃/၄ ခု၌ အတိုင်... Consultant အဖြစ် နှင့် လူမှုရေး... အစည်းတွင် ဦးဆောင်ခွင့်ရှိနေ၍ ထိ... နေသော ပုဂ္ဂိုလ်၊ လူငယ် လူရွယ်အ... တို့အား ကောင်းမွန်သည်ဟုယူဆ... သည့် ကိုယ်ကျင့်သိက္ခာ နှင့် ယုံကြည်... တို့ကို မျှဝေခွင့်ရရှိနေပေသည်။

၉၅ ကုန်ဖြင့်ရိပ်သာ၊ ဗြဲဂိုလ်... မရမ်းကုန်းမြို့နယ်၊ ၃မိုင်ခွဲ ရန်ကု... တွင်နေထိုင်သည်။




ဘဝမှာ
ကိုယ်ဝါသနာပါတာကို
လုပ်တာကောင်းတယ်
မယုံကြည်ဘဲနဲ့
ဘာမှမလုပ်နဲ့
အရေးကြီးဆုံးကတော့
ဘဝရဲ့ပန်းတိုင်ပဲ။
ပန်းတိုင်လွဲလို့
အောင်မြင်မှုလွဲသွားပြီ
ဆိုရင်တော့
အသိုးဆုံးအနေနဲ့
ရင်ဆိုင်ရမယ်။
ဒါကြောင့်
အောင်မြင်မှုမကျအောင်
ဂရုစိုက်ပြီးလျှောက်။

www.burmeseclassic.com

www.burmeseclassic.com



## နူးညံ့ပျော့ပျောင်းသော
## ဘဝရည်မှန်းချက်ဖြင့်ခရီးသွားခြင်း
## (သို့မဟုတ်)
## အငြိမ်းစားပါမောက္ခချုပ် ဦးမော်သန်း



(က) ခန့်မှန်း၍မရသောအစောဆုံးနေ့ရက်များ

မုံရွာမြို့၊ နိုးသန်းရွာရှိ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းတွင် ကလောင်အမည် လင်းယုန်ဘဝင်းအမည်ဖြင့် စာရေးသားလျက်ရှိသော ဦးပဉ္စင်းတစ်ပါးသည် ကလေးငယ်များကို စာချလျက်ရှိသည်။ ထိုသို့ စာချရာတွင် ကျောင်းသားငယ်တစ်ယောက်သည် ဦးပဉ္စင်းစာချသည်ကို မနာခံဘဲ 'ကိုယ်တော်ရှေ့ကနေ မကျောင်းပါနဲ့ တပည့်တော် ကိုယ့်ဟာကိုယ်ရွတ်မယ်' ဟု ပြောပြီး စာသင်အံသည်ကို တွေ့လိုက်ရသည်။

cLub 18
creative HOUSE



ထိုကလေးငယ်သည် ရည်ရွယ်ချက် ပြင်းပြင်းထန်ထန်မရှိသလို စာကြိုးစားရာ၌ အသင့်အတင့်သာရှိသောသူ ဖြစ်သည်။ သို့သော် ထိုကလေး၏ အံ့သြစရာကောင်းသောအချက်မှာ အတွက်အချက်နှင့် သိပ္ပံပညာကို စိတ်ပါဝင်စားခြင်း ဖြစ်သည်။ ငယ်စဉ်က ရပ်ကွက်ထဲတွင် ဒိုင်ခံရန်ဖြစ်တတ်သူ ဖြစ်သည်။ သို့သော်သူသည် အလွန်ဉာဏ်ကောင်းသဖြင့် အတန်းထဲတွင် ထိပ်ဆုံး၌ ရပ်တည်လေ့ရှိသည်။ သူ့အားအသက်ကြီးသော မည်သည့်ကျောင်းသားနှင့်မဆို ဖက်ပြိုင်ရန်ဖြစ်သောအကြောင်းကိုမေးမြန်းရာ 'ကြောက်သည်ဟု ပြောရမှာ ရှက်လို့' ဟု ဝန်ခံခဲ့သည်။ ထိုကလေးငယ်သည် နောင်တစ်ချိန်တွင် မြန်မာနိုင်ငံရှိ တစ်ခုတည်းသော စီးပွားရေးတက္ကသိုလ်၏ ပါမောက္ခချုပ် ဖြစ်လာခဲ့သည်။

(ခ) ပုံစံခွက်ထဲမှရုန်းကန်ခြင်း

သူ၏မိဘများသည် မုံရွာမြို့တွင် အလွန်ချမ်းသာသည့်အလျောက် ဆန်စက်များ၊ ပွဲရုံများနှင့် ရပ်ရှင်ရုံများကို ပိုင်ဆိုင်သည်။ ရန်ကုန်တွင် စီးပွားရေးကုမ္ပဏီတစ်ခုကို ထူထောင်ထားပြီး သားသမီးများကို ပီဘိစီးပွားရေးသမားများ ဖြစ်လာစေရန် မျှော်လင့်ထားသည်။ စာတော်သော မောင်မော်သန်းအား ဖခင်ဖြစ်သူက သူ၏အရိုက်အရာကို ဆက်ခံစေချင်သော်လည်း သူသည် အတွက်အချက်များကိုသာ ဝါသနာပါနေသည်။ သို့သော် သူ့ဘဝတစ်လျှောက်တွင် မိဘများ၏ စကားကို မြေဝယ်မကျအောင်မည်ဟု သန္နိဋ္ဌာန်ချထားသည်။

သူ့စိတ်ကိုသိသော ဖခင်ဖြစ်သူက သူ့အား လိုက်လျောခွင့်ပြုခဲ့သည်။ သူ့အား မန္တလေးမြို့ရှိ စိန့်ပီတာ ကျောင်းတွင် ငွေကုန်ကြေးကျခံကာ သွားရောက် ပညာသင်ကြားစေပြီး သူသည် စိန့်ပီတာကျောင်းတွင် ပညာရေးနှင့် အားကစား၌ ထူးချွန်သောကျောင်းသား တစ်ယောက် ဖြစ်လာသည်။ ပြေးခုန်ပစ်တွင် ဘက်စုံတော်သောကြောင့် မြတ်ခွန်ဆု ရရှိခဲ့သလို သင်္ချာပညာတွင်လည်း အတော်ဆုံးကျောင်းသားတစ်ယောက်အဖြစ် ဆရာ၊ ဆရာမများ၏ အသိအမှတ်ပြုခြင်း ကို ခံခဲ့ရသည်။ သူသည် ဘော်ဒါတွင် နေထိုင်စဉ် စာဖတ်ချိန်အဖြစ် ညဘက် ထမင်းစားပြီး ၈ နာရီမှ ၉ နာရီထိ လည်းကောင်း၊ နံနက်ပိုင်းတွင် ၇ နာရီမှ ၇း၄၅ အထိလည်းကောင်း၊ စာဖတ်ချိန် အဖြစ် ထားရှိခြင်းကို ခံခဲ့ရသည်။ မိဘများအား စာရေးသားရာတွင် သားမောင်စာကြိုးစားနေပါတယ်ဆိုသည်ကို ဝတ္တရား အရ ရေးသားခဲ့သော်လည်း အမှန်တကယ် မကြိုးစားသည်ကို သူကိုယ်တိုင်သာ အသိဆုံးဖြစ်သည်။

cLub 18
creative HOUSE
www.burmeseclassic.com

www.burmeseclassic.com



သူဆယ်တန်းအောင်သောအခါ အင်ဂျင်နီယာ နှင့် ဆရာဝန် ကြိုက်သည့်လိုင်းကိုရရှိနိုင်သော်လည်း မိဘများက စီမံသည့် အတိုင်း စီးပွားရေးသမားဖြစ်ရန် ဝါဏိဇ္ဇဘွဲ့အတွက် တက်ရောက်ပညာ ဆည်းပူးခဲ့သည်။ ထို့ကြောင့် ဆယ်တန်းအောင်မြင်ခဲ့သောသူငယ်ချင်းများက Pure Science ယူ၍ ဂုဏ်ထူးများစွာ ထွက်သော်လည်း ဝါဏိဇ္ဇဘာသာကိုယူခဲ့သော မောင်မော်သန်းမှာ ဂုဏ်ထူး တစ်ဘာသာသာ ထွက်ရှိတော့သည်။ မိဘများက စီးပွားရေးလုပ်ရန် တိုက်တွန်းသော်လည်း သူက မှတ်ပုံတင်စာရင်းကိုင်ဖြစ်ရန် Article သာဆင်းခဲ့သည်။ ထို့ပြင် မိဘများသဘောမတူသည့်ကြားမှ မိန်းမယူခဲ့သည်။ ထိုအချိန်တွင် သူ၏စိတ်ထဲ၌ စီးပွားရေးသမားဆိုသည်မှာ ဟိုလူ့မျက်နှာချိုသွေး၊ ဒီလူ့မျက်နှာချိုသွေး အလိုကအတိုက် ပြောရ၍ ထိုဘဝမျိုးကို မခံယူချင်ကြောင်း ခံစားနေရသည်။ ထို့ကြောင့် မိမိဟာသာ မိမိဘဝကို ရွေးချယ်ရန် ပြတ်ပြတ်သားသား ဆုံးဖြတ်ခဲ့သည်။

## (ဂ) မြကျွန်းညိုညိုကဗျာတောတွင်

ကိုမော်သန်းအိမ်ထောင်ပြုခဲ့သော ဇနီးသည်မှာ သူ့ထက်အသက်ကြီးသည်နှင့်အမျှ အင်မတန်ရင့်ကျက်သော အမျိုးသမီးတစ်ဦးဖြစ်သည်။ သူ၏ ဇနီးသည်အမည်မှာ သန်းသန်းအေးဖြစ်ပြီး ကျောင်းသားတပ်ဦးတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့သူ ဖြစ်သည်။ ထို့ကြောင့် ဇနီးသည်သည် သူ အောက်ခြေလွတ်မည့်ကိစ္စတိုင်း ထိန်းသိမ်းကြပ်မတ်ကာ အကြံဉာဏ်ပေးလေ့ရှိသည်။ နောက်ဆုံး ကိုမော်သန်း၏ မိဘများသည် သားဖြစ်သူအား ပြောဆိုဆုံးမ၍ မရသည့်အဆုံး ကျောင်းတက်ရ လွယ်ကူစေရန် မော်တော်ဆိုင်ကယ် တစ်စီး ဝယ်ပေးခဲ့သည်။ ထို့ပြင် ဆက်လက်၍ ပညာသင်ကြားနိုင်ရန်အတွက် လစဉ် ထောက်ပံ့ကြေးကို ဆက်လက်ပေးထား၍ ကိုမော်သန်းမှာ အိမ်ထောင် ကျသော်လည်း ကသီလင်တ မဖြစ်ခဲ့ပေ။ ထို့နောက် စီးပွားရေးတက္ကသိုလ်မှ ဘွဲ့တစ်ခုကို အောင်အောင်မြင်မြင် ရရှိခဲ့ပြီးသည့်နောက် ဖခင်၏ ကုမ္ပဏီတွင် လုပ်ကိုင်ခဲ့သည်။ ထို့နောက် သူ၏သူငယ်ချင်းများသည် အပြင်လောကတွင် Selection Grade ဟုခေါ်သည့် ရာထူးကြီးများကို ရရှိနေသော်လည်း ကိုမော်သန်းမှာ တစ်လ ၃၅၀ စကေးဖြင့် စီးပွားရေးတက္ကသိုလ်တွင် လက်ထောက် ကထိကအဖြစ် စာသင်ကြားနေသည်။ ၁၉၆၁ ခုနှစ်သို့ ရောက်သောအခါ Commercial Audit ဟုခေါ်သည့် ကုန်သွယ်ရေး စာရင်းစစ်ရာထူးအတွက် သူ့အားခေါ်ယူခဲ့သည်။ ဇနီးဖြစ်သူကလည်း ထိုရာထူးတွင် ပြောင်းရွှေ့လုပ်ကိုင်ရန် တိုက်တွန်းခဲ့သည်။ သို့သော်





တစွတ်ထိုး တဇောက်ကန်းဆန်သော ကိုမော်သန်းသည် ဇနီးဖြစ်သူ၏စကားကို နားမထောင်ဘဲ ကိုယ်ယုံကြည် ရာကိုသာ ကိုယ်လုပ်ခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် ပုလဲနှင့်ငါးလုပ်ငန်းမှ Gerneral Manager ရာထူး ပေးမည်ဟုပြောသော်လည်း ငြင်းဆန်ကာ နိုင်ငံခြားပညာ တော်သင်ရရှိရန်သာ ကြိုးစားခဲ့သည်။ ထိုကာလအတွင်း လူမှုဖူလုံရေးအဖွဲ့၊ မီးရထား၊ SPD တို့က ခေါ်ယူခဲ့သော်လည်း ကိုမော်သန်းသည် အားလုံးကို ငြင်းဆန်ကာ စီးပွားရေးတက္ကသိုလ်တွင် ခေါင်းမာမာဖြင့် နေထိုင်ခဲ့သည်။

သူသည်ဘဝတွင် ဝါသနာပါသောအရာကို လုပ်ကိုင်ခြင်းသည်သာ လူဖြစ်ရကျိုးနပ်သည် ဟု ခံယူသောသူ ဖြစ်သည်။ ထိုစဉ်က မိမိယုံကြည်ရာကို ဆုပ်ကိုင်ခဲ့ခြင်းနှင့်ပတ်သက်၍ ပြန်ပြောင်းပြောဆိုရာတွင် 'အခု ဘောလုံးသမားတွေဆိုရင် အင်မတန်မှ ငွေလည်းရတယ်။ သူ့ဝါသနာပါတာကိုလည်း လုပ်ရတယ်။ ကျွန်တော်ပြောချင်တာက အဲဒီလို ဘောလုံးကန်ချင်တယ်လို့ ပြောချင်တာ မဟုတ်ပါဘူး။ သူ့ဝါသနာပါတာကိုပဲလုပ်ပြီးတော့ အသက်မွေးဝမ်းကျောင်းပြုရတဲ့အတွက် သူတို့ကို ကျွန်တော် သိပ်သဘောကျပါတယ်။ ကိုယ်ဝါသနာပါတာကို ကိုယ်လုပ်ရင်းနဲ့ အလုပ်လည်းဖြစ်တာပေါ့လေ။ အဆိုတော်တွေလည်း ဒီအတိုင်းပါပဲလေ။ များသောအားဖြင့် လူတွေက အခုခေတ်ကျတော့ ဝမ်းနည်းစရာကောင်းတယ်။

ကိုယ်ဝါသနာပါတာကို မလုပ်ဘဲနဲ့နော် ဟို ကောင်းစားမယ့်ဟာတွေ လျှောက်လုပ်နေကြတယ်၊ ဘယ်ဌာနက အလား အလာကောင်းတယ်ရှိတယ်ဆိုရင် အတင်းကိုယ့်ကိုကိုယ် ဟိုရွှေ့လိုက် ဒီရွှေ့ လိုက်နဲ့၊ ကိုယ့်စိတ်ကို ကိုယ်မပိုင်ဘူး ဖြစ်နေတယ်' ဟုဆိုသည်။ သူသည် တက္ကသိုလ်ထဲတွင် တိတ်ဆိတ်ငြိမ်သက်စွာ နေရင်း စာဖတ်နေရခြင်းကို သဘောကျသူ ဖြစ်သည်။ သူစိတ်ဝင်စားသော အကြောင်းအရာများကို ဖတ်နေရလျှင် ဘဝဆိုသည်ကိုလည်းမသိ။ အခွင့်အရေး ဆိုသည်ကိုလည်း မသိ။ ငွေကြေးနှင့် အောင်မြင်မှုများကိုလည်းမသိသူတစ်ယောက် ဖြစ်သွားခဲ့သည်။

သူ၏ လုပ် ဖော်ကိုင်ဖက်များ သူ၏ရှေ့မှ ဆရာများသည် နည်းပြနဲ့ အငြိမ်းစားယူသွားရ သူတွေရှိသလို လက်ထောက်ကထိကဘဝဖြင့် ပြီးဆုံးသွားသူများလည်း ရှိသည်။ သို့သော် ယင်းအကြောင်းအရာများသည် စီးပွားရေးတက္ကသိုလ်မှ ကိုမော်သန်း တစ်ယောက်အပေါ် မည်သည့်ရိုက်ခတ်မှုမျှမရှိခဲ့ပေ။

သို့သော် သူ၏ဘဝသည် ထင်ထားသလိုမဟုတ်ဘဲ အံ့ဩဖွယ်ရာ အခွင့်အလမ်းကောင်းများ ဆိုက်ရောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## (ဃ) ဘဝထဲသို့ရောက်လာသော ဖြစ်ရပ်များ

နွေရာသီနေ့လယ်ခင်းတစ်ခုတွင် စီးပွားရေးတက္ကသိုလ်မှ ကထိက ဦးမော်သန်းအား ဝါဏိဇ္ဇဗေဒဌာန၏ ပါမောက္ခအဖြစ် ခန့်အပ်လိုက်ကြောင်း ကြေညာချက်တစ်စောင် ရောက်ရှိလာသည်။ ဆရာဦးမော်သန်းသည် ယင်းခန့်အပ်ချက်ကြောင့် ထူးပြီး ဝမ်းသာမသွားပါ။ သူ ဝမ်းသာရဆုံးအချက်မှာ အခင်တွယ်ရဆုံး စီးပွားရေးတက္ကသိုလ်မှ ဖယ်ခွာမသွားရခြင်းပဲ ဖြစ်သည်။ ပါမောက္ခအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်စဉ် ဗဟိုဘဏ်မှ အမှုဆောင်ဒါရိုက်တာလုပ်ရန် ကမ်းလှမ်းသည်။ သို့သော် ကျောင်းကိုခွဲရမည်စိုး၍ ထုံးစံအတိုင်း ငြင်းလိုက်ပြန်သည်။ သူ၏ ပင်ကိုသဘာဝအရ မည်သည့်အရာကိုမျှ တပ်မက်မနေဘဲ အေးအေးချမ်းချမ်း နေချင်သောဆန္ဒအရ ကျောင်းကိုသာ ဖက်တွယ်ထားသည်။ ထို့ကြောင့် ၁၉၆၂ ခုနှစ်တွင် သတ္တုကော်ပိုရေးရှင်းက တစ်လ ၆၀၀ စကေးဖြင့် ခေါ်ယူခဲ့သော ရာထူးကိုလည်း ငြင်းပယ်ခဲ့သည်။ သူ လေးစားအားကျသောသူများမှာ လူချမ်းသာများမဟုတ်ဘဲ တက္ကသိုလ်မှ တည်ငြိမ်အေးချမ်းသော ပညာတတ် ပါမောက္ခ ကြီးများ၏ဘဝပင် ဖြစ်သည်။ ဆရာအဖြစ် တာဝန်ထမ်းဆောင်နေစဉ် မည်သည့်ကျူရှင်မှ မပေးခဲ့သလို မည်သည့်မေးခွန်းကိုမှလည်း ကိုယ်ကျိုးအတွက် အသုံးမပြုခဲ့ပေ။ ထို့ကြောင့် ဆရာ ဦးမော်သန်းမေးသော မေးခွန်းများသည် ခက်လွန်းသဖြင့် မာလာဆောင်ရှိ စီးပွားရေးတက္ကသိုလ ကျောင်းသူများက လူအုပ်ဖြင့် ပါမောက္ခချုပ်ထံသွားရောက်ပြီး တိုင်တန်းသည်အထိ ကြုံတွေ့ခဲ့ရသည်။ နောက်ဆုံး စီးပွားမရှာသော သူ၏အခြေအနေကို အားမရသည့် ဆရာ ဖြစ်သူ ပါမောက္ခ ဦးဝိလျံပေါ်က သူ့အား Y.M.C.A အား အကူညီပေးနေသည့် ဂျာမနီဘာသာရေးအဖွဲ့အတွက် စာရင်းစစ်လုပ်ရန် စီစဉ်ပေးခဲ့သည်။ ထိုစဉ်က ဂျာမန်မတ်ငွေ ၃-၄ သောင်းရရှိခဲ့၍သာ ဘဝအတွက် အဆင်ပြေခဲ့ဖူးသည်။

## (င)လူငယ်များဘဝအတွက်ဘယ်လမ်းကိုရွေးမလဲ

ဦးမော်သန်းသည် သားသမီးမထွန်းကားခဲ့သော်လည်း တစ်အူတုံဆင်း ညီအစ်ကိုများအား ထိန်းကျောင်းခဲ့ရဖူးသည်။ သူ၏ညီများအား မန္တလေးရှိ ဘော်ဒါကျောင်းတွင်ထားသော်လည်း ကျောင်းများ ပြည်သူပိုင်သိမ်းသောအခါ သူ၏ညီများသည် စည်းမရှိကမ်းမရှိ ဖြစ်ချင်တိုင်းဖြစ်ပျက်နေသည်။ ထို့ကြောင့် သူ၏ဖခင်က သူ့အားလှမ်း၍ အကူအညီတောင်းသောအခါ ရန်ကုန်သို့ ပို့စေခဲ့

cLub 18
creative HOUSE



သည်။ ရန်ကုန်ရှိ သူ၏ဆုံးမမှုအောက်သို့ ညီနှစ်ယောက် ရောက်ရှိလာသော အခါ မည်သည့်စည်းကမ်းမှ မချမှတ်ဘဲ လွတ်လွတ်လပ်လပ် နေခွင့်ပေးခဲ့သည်။ ထို့နောက် နှစ်ယောက်လုံးအားခေါ်ယူပြီး 'ဘဝမှာ ကိုယ်ဝါသနာပါတာကို လုပ်တာကောင်းတယ်၊ မယုံကြည်ဘဲနဲ့ ဘာမှမလုပ်ပါနဲ့၊ အရေးကြီးဆုံးကတော့ ဘဝရဲ့ဟန်ချက်ပဲ။ ဟန်ချက်လွဲလို့ အောက်ပြုတ်ကျသွားပြီဆိုရင်တော့ အဆိုးဆုံးအနေနဲ့ ရင်ဆိုင်ရမယ်။ ဒါကြောင့် အောက်ပြုတ်မကျအောင် ဂရုစိုက်ပြီး လျှောက်' ဟုသာ လိုတိုရှင်း ဆုံးမခဲ့သည်။

ဆရာဦးမော်သန်း သတိအထားဆုံး အရာမှာ လူဆိုသည်မှာ သဘောထားခြင်း မညီမျှနိုင်၍ သူ၏ညီများထားရှိသော ဘဝတန်ဖိုးနှင့် သူ၏ဘဝတန်ဖိုးအား မည်သည့်အခါကမှ ချိန်ထိုး မနှိုင်းယှဉ်ခဲ့ခြင်း ဖြစ်သည်။ သူ၏ အစ်ကိုကြီးသည် အဆောင်အယောင်နှင့် ခမ်းနားမှုများကို ကြိုက်နှစ်သက်သော်လည်း သူသည် အလုပ်ဖြစ်ရေးကိုသာ အာရုံစိုက်သောသူ ဖြစ်သည်။ ဥပမာအားဖြင့် သူ၏အစ်ကိုကြီးသည် မာစီဒီးကားစီးနိုင်ရန် ကြိုးပမ်းနေချိန်တွင် သူကတော့ ဘီးလေးဘီး ရွေ့လျှင်ဖြစ်သည့် ကားတစ်စီးကိုသာ ရှာဖွေနေခဲ့သည်။

ဆရာဦးမော်သန်း၏ ဘဝအမြင်မှာ **ရည်မှန်းချက် မည်မျှပင်ကြီးမားပါစေ စိတ်နှင့် ဉာဏ်အခြေခံမရှိပါက ဘာမှမဖြစ်နိုင်ဟူ၍** ဖြစ်သည်။ ထို့ပြင် ကံ၏ အကြောင်းတရားများကိုလည်း ထည့်သွင်းတွက်ချက်ရမည်ဟု ဆိုသည်။

ထို့ကြောင့် မိဘများသည် မိမိသားသမီး၏ ပင်ကိုအရည်အသွေးကို သေချာ မဆန်းစစ်ဘဲ မိမိဖြစ်စေချင်သော ဆန္ဒများအရ ဇွတ်ပုံသွင်းပါက မိမိရင်သွေးတွင် စိတ်ဝေဒနာများရရှိခြင်းသာ အဖတ်တင်လိမ့်မည်ဟု ဆရာက ဆိုသည်။ ဆရာက 'ကလေးကိုငယ်ငယ်က တွန်းလို့ရှိရင် ကြီးလာတဲ့အခါ ကလေးက ဒါမြင်ရင်ကို ကြောက်ပြီးတော့ မလုပ်ချင်တော့ဘူး။ နောက်ပြီး ကျွန်တော်တို့နဲ့အတူတူ ကျောင်းနေဖက်တွေရှိတယ်။ စာကို အရမ်းအပတ်တကုတ် လုပ်တယ်။ လုပ်သလောက်လည်း ထိရောက်တယ်။ ဒါပေမယ့်လို့ ဘွဲ့လွန်ပြီး သွားတဲ့အခါ စိတ်ကုန်သွားပြီး စာဆိုရင် နောက်လုပ်ကိုမလုပ်တော့ဘဲနဲ့ လက်မြှောက်သွားကြတယ်။ ဝသွားတာပေါ့လေ။ ကျွန်တော်ကတော့ အေးအေး ဆေးဆေး သက်သောင့်သက်သာနေလာခဲ့တော့ စာဆိုရင် ခုထက်တိုင်အောင်လည်းပဲ ဘာမှ ကိုယ့်စိတ်ထဲမှာ ငြီးငွေ့သွားပြီ၊ မလုပ်ချင်တော့ဘူးဆိုတာမရှိဘူးဗျ။

လူဟာ သူ့နဲ့မတန်တဲ့ဥစ္စာကို လုပ်လို့ရှိရင်သွားတာပဲ။ Knock Out ကျတာပဲ။ သူ့အဆင့်နဲ့မီတဲ့ လစ်မစ်ရှိတာပေါ့လေ။ အဲဒီ လစ်မစ်ထက်ကျော်ပြီး

cLub 18
creative HOUSE

www.burmeseclassic.com

www.burmeseclassic.com



Limit နားနီးအောင်တောင် သူအမြဲတမ်း လှုပ်ရှားရုန်းကန်နေရတယ်ဆိုရင် ကျွန်တော်ထင်တယ် သူ down တာပဲ' ဟု သူ့အတွေ့အကြုံများကို ပြန်ပြောင်းပြောကြားခဲ့သည်။

(စ) လူကိုပြောင်းလဲစေသောပတ်ဝန်းကျင်

ပတ်ဝန်းကျင်သည် လူတစ်ယောက်အပေါ် ကြီးမားသက်ရောက်မှု ရှိသည်ဟုဆိုသည်။ ဆရာဦးမော်သန်းအပေါ် ကြီးမားသက်ရောက်သော ပတ်ဝန်းကျင်သည် ကေန်စင်စစ် သူ၏ဇနီးသည်ပင် ဖြစ်သည်။ ဦးမော်သန်း၏မိဘများသည် စီးပွားရေးလုပ်ငန်းရှင်များဖြစ်သည့်အလျောက် ဝန်ထမ်းဘဝကို စိတ်ကူး ထဲတွင်ပင် တွေးတောမထားခဲ့ပေ။ သို့သော် ဇနီးသည်၏ဖခင်မှာ လယ်ဝန်ဖြစ် သည့်အလျောက် ဝန်ထမ်းဘဝကို တန်ဖိုးထားသူများ ဖြစ်ကြသည်။ ထို့ကြောင့် ဦးမော်သန်း B.Com ဘွဲ့ရရှိသောအခါ မိဘများက Import & Export ကုမ္ပဏီကို ဦးဆောင်နိုင်းသည်။ သို့သော် သူသည် ဟုတ်တိပတ်တိ စိတ်မဝင်စားလှ၍ ယောင်ခြောက်ဆယ်ဖြစ်နေရာ ဇနီးဖြစ်သူက ဝန်ထမ်းဘဝကိုရွေးချယ်ရန် ဆွဲဆောင်သည်။ ဇနီးဖြစ်သူက ကျောင်းတွင် လေးစားစရာကောင်းသော ဒေါက်တာညီညီ၊ ဒေါက်တာထင်အောင်တို့၏ဘဝကို ထောက်ပြသည်။ ယင်း ပုဂ္ဂိုလ်ကြီးများ၏ ဘဝလမ်းကြောင်း၊ ရည်မှန်းချက်၊ သိက္ခာများကို ရှင်းပြရာ ဦးမော်သန်းအနေဖြင့် အတော်သဘောကျသွားသည်။ ဤအချက်သည် သူ့ဘဝ ၏အရေးအပါဆုံး ပတ်ဝန်းကျင်သက်ရောက်မှု ဖြစ်လာသည်။

လူ့ဘဝနှင့်ပတ်သက်၍ ဆရာကြီးအား 'တချို့ကိစ္စတွေမှာဆိုရင် ကျွန်တော့်အနေနဲ့ တကူးတကမတွေးရဘဲနဲ့ Insight ပေါ့လေ။ အသိဉာဏ်က ရုတ်တရက်ဖြုန်းခနဲ ရောက်ရောက်လာတယ်။ ဟိုတစ်ချိန်တုန်းက ကျွန်တော် လက်ထောက်ကထိကအနေနဲ့ အသက် ၃၀ ကျော်လောက်ကပေါ့လေ။ ကျွန်တော် Canteen မှာ ထိုင်နေခဲ့တယ်။ ကင်တင်းက အရိပ်အောက်မှာ လုံးလုံးမဟုတ်တော့ ကျွန်တော့်လက်မောင်းပေါ်ကို နေရောင်ကကျလာတယ်။ ဒီအခါ ကျွန်တော့်စိတ်ထဲ အလိုအလျောက် အသိဉာဏ်လေးတစ်ခု ဝင်လာတယ်။ ဒီဥစ္စာ နေပူကျတာက မင်းကိုပူတာမဟုတ်ဘူး။ သူ့ဟာနဲ့သူ အပြင်က Outside Yourself ပေါ့လေ သူ့ဟာနဲ့သူ Objectively မွေဒီဌာန်ကျကျရှိနေတဲ့ သဘာဝတရားကြီးက တွန်းထုတ်လိုက်တဲ့ အပူဓာတ်၊ အလင်းရောင်က ဒီ





အပေါ်ကျလာတာပဲ။ ဒီကိုကျလာတာလည်း မင်းဥစ္စာ မဟုတ်ဘူး။ သူ့ဟာနဲ့သူပဲဆိုပြီး အဲဒီလိုသိလာတယ်ပေါ့လေ။

နောက်တစ်ခါ အခု စိတ်ကူးကတော့ သိပ်မကြာသေးဘူး။ ကျွန်တော်မြို့ထဲကို ညနေငါးနာရီခွဲလောက် သွားတဲ့အခါကျတော့ ဦးဝိစာရလမ်းမှာ ကျီးကန်းတွေအများကြီးအိပ်တန်းတက်တယ်။ ကျီးကန်းတွေ တစ်ကောင်နဲ့ တစ်ကောင် အပြန်အလှန် အော်ကြဟစ်ကြ ဘာညာဖြစ်ကြတယ်။

ဒီအခါ ကျွန်တော့်စိတ်ကူးထဲ ပေါ်လာတာက ကျီးကန်းတွေဟာ What is the purpose of their life ပေါ့လေ၊ သူတို့ရဲ့ဘဝဟာ ဘာလဲ၊ ဪ..ကျီးကန်းတွေကစားမယ်။ အိပ်မယ်၊ မိတ်ဆွေ အပေါင်းအသင်းနဲ့ နေမယ်၊ ကျီးကန်းအနေနဲ့ဘာများ ရည်ရွယ်ချက်ထားမလဲ၊ ရည်ရွယ်ချက်ထားတာမျိုးလည်း သူတို့အနေနဲ့ ဘာမှ ကြီးကြီးမားမား မရှိနိုင်ဘူးလေ။ နိစ္စဓူဝ အိပ်တန်းတက်မယ်၊ စားမယ်၊ နေမယ်၊ ဒီသံသရာကြီးထဲမှာ ပတ်နေမှာပဲ။

ဒါဆိုကောင်းပြီ ကျီးကန်းက အဲဒီလိုရှိရင် မင်းကတော့ရော ဘယ်လိုလဲဆိုတော့ ကိုယ်လည်း တိရစ္ဆာန်ဘဝနဲ့ ဘာမှသိပ်မထူးဘူးလို ဖြစ်နေတယ်။ လူအနေနဲ့ ဟိုဟာဖြစ်ချင်တယ်၊ ဒီဟာ ဖြစ်ချင်တယ်ဆိုတဲ့ မှန်းချက်တွေကလည်းပဲ 'အပေါ်ယံ' တွေပဲ။ Very Superficial ပဲ။ အခု ကျွန်တော် ဝါသနာပါတဲ့ ဘောလုံးပွဲကြည့်လိုက်မယ်။ တသွားသင်မယ်။ ကိုယ်ဝါသနာပါတာလေး လုပ်လိုက်မယ်။ ဒီလိုပဲ ဟိုသွားလိုက်မယ်။ ဒီသွားလိုက်မယ်ဆိုတော့ ဒီဥစ္စာက အနှစ်သာရက ဘာလဲဆိုတော့ တိရစ္ဆာန်နဲ့ဘာမှ မထူးဘူး။

ဒါလေးတွေမှာ ကိုယ့်ဟာနဲ့ကိုယ်တော့ ဟုတ်လှပြီ မှတ်နေတာပေါ့လေ။ ဟာဒါတွေနဲ့ပဲ ငါအမြဲတမ်းပတ်နေတာပဲ၊ အနှစ်သာရကဘာလဲ၊ ဒါတွေက 'အပေါ်ယံ' တွေပဲ၊ အနှစ်သာရကတော့ မရှိဘူးပေါ့လေ။ အနှစ်သာရဆိုတာကို ဗုဒ္ဓဘာသာပီပီပေါ့လေ။ အနှစ်သာရရှိအောင်ဆိုပြီး ကြည့်လိုက်တဲ့အခါကျတော့ ဥပမာ တရားအားထုတ်တယ်၊ ကိုယ့်ရဲ့အဖြစ်အပျက်အမှန်ကို သိလာတယ်။ အဲဒါမျိုးပေါ့လေ။ အဲဒါမျိုးကို ကြည့်တော့လည်းပဲ အမှန်ကတော့ 'သတိဖြတ်ပြီးနေမို့' ဟာ ကျွန်တော်တို့ ဗုဒ္ဓဘာသာတွေအနေနဲ့ Ultimate ပေါ့လေ။ 'ဘဝရဲ့ အန္တိမရည်မှန်းချက်' လိုမျိုးဟာ ဒီ 'သစ္စာတရား' သိဖို့ပေါ့လေ။

သစ္စာတရားသိဖို့ဆိုပြီးသွားတဲ့ အခါကျတော့ ဟာ...ငါတို့တွေပဲ၊ မြန်မာလူမျိုးတွေပဲ သိပ်ထုံလို့ ဒါတွေကို မသိလို့ ငါတို့က တကူးတကများ ရှာနေရတာလား။ ဒီမမြဲတဲ့ သဘောတရားကိုလေ။



www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်းကို Observation ပေါ့။ ဘာဖြစ်ဖြစ် သိလိုက်တဲ့ဉာဏ်က ငါတို့ကပဲ ငါတို့လူမျိုးအနေနဲ့ သိပ် 'ထူး' လို့၊ 'ထိုင်း' လို့ တမင်တကာ ဒါမင်းတို့ ဒီလိုသိအောင် တတ်အောင်လုပ်ကြဆိုပြီးတော့ ဒါတွေကို ဂရုစိုက်လုပ်နေရတာ လားမသိဘူးဆိုပြီးတော့ ကျွန်တော် နိုင်ငံခြားသား အဖြူတွေကို ဘာတွေကို အထင်ကြီးတဲ့စိတ်လည်း ပါမှာပေါ့ဆိုတော့ ဒီပုဂ္ဂိုလ်တွေကျတော့ သေရမှာ ဆိုရင်လည်းနော်၊ ဟာ...လူဆိုတာသေမျိုးပဲဆိုပြီးတော့ အဖြူတွေဘာတွေ ဆိုရင် သေရမှာလည်း ကြောက်တာမျိုးမရှိဘူး။ 'အိုင်းစတိုင်း' တို့ ဘာတို့က အစနော်...ဒီဖြစ်စဉ်လေး၊ ကျွန်တော်တို့ တကူးတကနဲ့လိုက်ပြီးတော့ တရားထိုင်ပြီးတော့မှသိတဲ့ အသိမျိုးကို သူကအလိုလိုနေရင်း သူ့ဟာနဲ့သူ ပါလာတယ် နဲ့တူတယ်။ အဲဒီတော့ကာ ဘဝမှာအနှစ်သာရ ရှိဖို့ဆိုတာ နောက်ဆုံးကတော့ ဒါ 'အသိ' ရှိဖို့ပဲ။ အသိဆိုတာက ခုန 'မမြဲတဲ့တရား' တို့၊ ဘာတို့ပေါ့။

အမှန် တရားကို သိဖို့ဆိုတာ ဒါအဓိကပဲ။ အဲတော့ အဲဒါ အဓိက သိဖို့ဆိုတဲ့နေရာမှာ ကိုယ့်လူမျိုးကိုလည်း နည်းနည်းလေး အဲဒီလို ထင်လာတယ်ပေါ့။ 'ဘဝရဲ့အနှစ် သာရ' လို့ ပြောတဲ့အခါကျတော့ ကျွန်တော်ထင်တယ် ... လုပ်သမျှတွေ...လူတွေ အခုလုပ်သမျှတွေဟာ အပေါ်ယံတွေပဲ။ နောက်ဆုံးတော့ ဘာမှ အနှစ်သာရမရှိဘူး။ တစ်နေ့လာလည်း ဒီလိုလုပ်လိုက်၊ နောက်နေ့လာလည်း ဒီလိုလုပ်လိုက်၊ တကယ့်အနှစ်သာရ ရှာကြည့်တဲ့အခါကျတော့ အနှစ်သာရက ဘာမှသိပ်မတွေ့ဘူးပေါ့။ တွေ့မယ်လို့ မဟုတ်ဘူးပေါ့။ အဆုံးအမ အနေနဲ့တော့ ကိုယ်နဲ့ထိတွေ့တဲ့လူမှန်သမျှ ကိုယ့်အကျိုးကျေးဇူးရှိအောင်၊ ထိတွေ့လိုသူမှန်သမျှအပေါ်မှာ မှန်မှန်ကန်ကန်နဲ့ Honestly ပေါ့။ အဲဒီလို ပြုမူကျင့်ကြံဖို့ ဒါတွေကတော့ ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှု ဓလေ့စရိုက်အနေနဲ့ အဆုံးအမ၊ ဒါတွေနဲ့ညီအောင် ကိုယ်နဲ့ထိတွေ့ရတဲ့ ပတ်ဝန်းကျင်၊ ပုဂ္ဂိုလ်တွေ အကျိုးပြုနိုင်အောင် ရိုးရိုးသားသားသစ္စာရှိရှိနဲ့ လုပ်ရမယ်ဆိုတာလည်းပဲ နောက်ဆုံး ပြောရလို့ရှိရင် ဒါကလည်းပဲ နေ့စဉ်လုပ်ရမယ့် အဆုံးအမထဲက အဆုံးအမ တစ်ခုပဲပေါ့။

အဲဒီတော့ အနှစ်သာရအနေနဲ့ပြောရရင်တော့ (ကိုယ်ပဲငယ်ငယ်လေးက သင်လာခဲ့လို့လားတော့မသိဘူး) အမှန်တရားသိဖို့၊ အမှန်ကို အမှန်အတိုင်းသိဖို့ ဒါဟာအရေးကြီးတာပဲ။ အမှန်ကိုအမှန်တိုင်းသိဖို့ဆိုတာ ကိုယ် ပြောတာပဲဖြစ်ဖြစ်၊ လုပ်ရှားတာပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် အမြဲတမ်းသတိရှိဖို့ပဲ"ဟု လောကအမြင်နှင့် ပတ်သက်၍ သူ၏အမြင်ကို လေးလေးနက်နက် ရှင်းပြခဲ့သည်။





ယခုအခါဆရာဦးမော်သန်းသည် ပါမောက္ခချုပ်မှ အငြိမ်းစားယူပြီး သည့်နောက် သုဝါသနာပါသော ဘောလုံးပွဲများကိုကြည့်ရှုရင်း ဘဝကိုငြိမ်းငြိမ်း ချမ်းချမ်း ဖြတ်သန်းလျက်ရှိသည်။ အင်္ဂလန်တွင်နေထိုင်ခဲ့သော ရပ်ကွက်သည် အက်စတွန်ဗီလာကလပ်အသင်း အခြေစိုက်သည့် ရပ်ကွက်ဖြစ်သော်လည်း ဆရာသည် မန်ချက်စတာယူနိုက်တက်အသင်းကိုသာ အားပေးသူ ဖြစ်သည်။ သူသည် ချဲလ်ဆီးအသင်းအား မကြိုက်သော်လည်း မိမိ၏ပညာပိုင်းနှင့် ပတ်သက်၍ တန်ဖိုးထားသော နည်းပြဟောင်း မော်ရင်ညိုအား လေးစားမိသည်ဟုဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com

## ဒေါက်တာအောင်ထွန်းသက်



### ကိုယ်ရေးရာဇဝင်အကျဉ်း

အမည်ရင်း အောင်ထွန်းသက်။ ၁၉၄၅ခုနှစ်တွင်အဖဗိုလ်မှူးကြီးဖေသက်၊ အမိဒေါ်တင်ညွန့်တို့က ပဲခူးမြို့တွင် မွေးဖွားသည်။ ဗုဒ္ဓဘာသာ ဗမာလူမျိုး ဖြစ်ပြီး မွေးချင်း(၆)ယောက် ရှိသည်။ မက်သဒစ် ခရစ်ယာန် သာသနာပြု ကျောင်း(ယခုအထက ၁ ဒဂုံ)က တက္ကသိုလ်ဝင်တန်းအောင်၍ ရန်ကုန် စီးပွားရေးတက္ကသိုလ်မှ ဝါဏိဇ္ဇဘွဲ့ ရရှိသည်။ DMS (Brighton), M.Sc (Warwick), Ph.D (UMIST), ဘွဲ့များကိုလည်း နိုင်ငံ ရပ်ခြားမှရယူခဲ့သည်။ ၁၉၈၉-၁၉၉၂ တွ ကျန်းမာရေးဝန်ကြီးဌာန စီမံကိန်းနှ စာရင်းအင်းဦးစီးဌာန၌ ညွှန်ကြားရေး ချုပ်အဖြစ် တာဝန်ယူခဲ့သည်။ ၁၉၉၂ မှ မှစတင်၍ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်း အသီးသီး၌အဆင့်မြင့်အရာရှိအဖြစ်အဆ ဆင့်တာဝန် ထမ်းဆောင်ခဲ့ပါသည်။ ဇ မှာ ဒေါ်ဆွေဆွေသိန်းဖြစ်ပြီး သမီးတစ် ထွန်းကား၍ ၉၀/စီ၊အင်းယားလမ်း၊ ကမ ရွတ်မြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်လျ ရှိပါသည်။





ကိုယ်နဲ့အမြင် မတူတဲ့လူကို
လက်ခံနိုင်တဲ့စိတ်ဓာတ်
အားကစားက ရတယ်။
တကယ်ပြိုင်တဲ့အချိန်မှာ
အရှုံးအနိုင်အတွက်
ကြိုးစားတယ်။
ရှုံးမယ်၊ နိုင်မယ်၊
ရှုံးလိုင်ပြီးပြီ နိုင်တယ်ပြီးပြီ။
ပြိုင်ရာမှာ Fair
(တရားမျှတသော)
ဖြစ်ရမယ်။
တရားသော
နည်းနဲ့ပြိုင်ရမယ်။
Fair မဖြစ်တာဟာ
အားကစားမလုပ်တဲ့
လူတွေဆီက လာတာ။
အားကစားလုပ်တဲ့လူဟာ
မတရားတာကို မကြိုက်ဘူး။


www.burmeseclassic.com

www.burmeseclassic.com



# ဖြစ်ချင်တာကဗီသုကာ ဖြစ်လာတော့ စီးပွားရေးပညာရှင် ပါမောက္ခဒေါက်တာအောင်ထွန်းသက်

ကျော်ရင်မြင့်



ညနေခင်းစားပွဲပေါ်မှာ ကျိုးပဲ့နေတဲ့ မြေဆေးတံ ဟောင်းလေးတွေကို စီကာ စဉ်ကာ တင်ထားတယ်။ မြေဆေးတံဟောင်းကလေးတွေနဲ့အတူ ယွန်းနဲ့လုပ်ထားတဲ့ စဥ့်အိုးပုံသေးသေးလေးတစ်ခုလည်းရှိတယ်။ ညနေခင်းက သပ်ရပ်သန့်ရှင်းတယ်။ အုတ်နံရံဖြူဖြူပေါ်မှာတော့ ဘုန်းတော်ကြီးကျောင်းပုံ ဆီဆေးပန်းချီကားတစ်ချပ် ချိတ်ထားပါတယ်။





အိမ်ရှင်ဒေါက်တာ အောင်ထွန်းသက်က တီရှပ်အဖြူရောင်ကို ဝတ်ထားတယ်။ တီရှပ်ဖြူမှာကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ တံဆိပ်ရယ်၊ သံလွင်ခက်ကို ကိုက်ချီထားတဲ့ ချိုးငှက်ပုံရယ်ပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂမှာ ပညာရှင်အဖြစ် တာဝန်ထမ်းဆောင်ပြီး နိုင်ငံရပ်ခြားမှာ ကာလကြာရှည်စွာ နေထိုင်လေ့ရှိတဲ့ ဒေါက်တာအောင်ထွန်းသက်က သူမြန်မာနိုင်ငံကိုခေတ္တပြန်လာတဲ့အချိန်တွေမှာ မြန်မာစီးပွားရေးလုပ်ငန်းရှင်တွေအသိအမြင်ပိုအောင် ခေါင်းဆောင်မှု၊ စီမံခန့်ခွဲမှု၊ စိတ်ဓာတ်မြှင့်တင်မှုတွေနဲ့ ပတ်သက်တဲ့ ဆွေးနွေးပွဲတွေလုပ်ပေးတယ်။ ရန်ကုန်မှာတင်မဟုတ်ဘဲ မန္တလေးမှာလည်း ဆွေးနွေးပွဲလုပ်တယ်။ နိုင်ငံတကာအဆင့်အသိမြင်ရှိတဲ့ ဆရာ့ ဆွေးနွေးချက်တွေကို လေးစားတန်ဖိုးထားသူတွေများတယ်။

ကျွန်တော်တို့မိတ်ဆွေ ကိုမိုးသန်းချစ်က လူငယ်တွေနဲ့ သူတို့ကို ပံ့ပိုးတဲ့ မိဘတွေကို အတွေးအခေါ်အဆင့်မြင့်စေချင်တဲ့ဆန္ဒရှိတယ်။ ဒေါက်တာ အောင်ထွန်းသက်လို ပုဂ္ဂိုလ်တွေရဲ့ အသိအမြင်တွေကို ကိုမိုးသန်းချစ်က လက်ဆင့်ကမ်းပြီး မျှဝေပေးချင်တယ်။

မြန်မာနိုင်ငံကို ခေတ္တပြန်ရောက်လာခိုက် ဒေါက်တာအောင်ထွန်းသက်ကို ကြိုတင်ချိန်းဆိုပြီး ကိုမိုးသန်းချစ်နဲ့အတူ ဆရာ့အိမ်ကို ကျွန်တော်သွားပါတယ်။

ဆရာရဲ့ငယ်ဘဝကို ကျွန်တော်တို့က စပြီးမေးတယ်။ ဒေါက်တာ အောင်ထွန်းသက်က မက်သဒစ်ခရစ်ယာန်မစ်ရှင်ကျောင်း (ယခု ဒဂုံ ၁) က ၁၉၆၀ ပြည့်နှစ်မှာ ဆယ်တန်းအောင်တယ်။ ပြီးတော့ ရန်ကုန်တက္ကသိုလ် ဥပစာကောလိပ်ဆက်တက်ပြီး စီးပွားရေးတက္ကသိုလ်က B.Com ဘွဲ့ရပါတယ်။

ကျောင်းကောင်းတက်ခွင့်ရတာနဲ့ပတ်သက်ပြီး ဆရာ့အမြင်ကိုပြောတယ်။

"အခြေခံကောင်းကောင်း ကျောင်းကောင်းကောင်းက သင်ပေးလိုက်ရင် တစ်သက်တာလုံး ပညာရေးကောင်းသွားတာတွေ့ရတယ်။ မစ်ရှင်ကျောင်းက ထွက်လာသူတွေက အင်္ဂလိပ်စာတော်ကြတယ်။ ကျန်တဲ့သူတွေက အင်္ဂလိပ်စာမှာ သိပ်မယှဉ်နိုင်ကြဘူး။

ကျောင်းကထွက်လာခဲ့ပြီးနောက်ပိုင်း အကျိုးရှိတာကိုလည်း ဆက်ပြောတယ်။

"ကိုယ်တွေပြောရရင် အဲဒီကျောင်းတွေကထွက်လာပြီး Network (ဆက်သွယ်မှုကွန်ရက်) ကောင်းတယ်။ တစ်ယောက်နဲ့တစ်ယောက် အသက်တွေတော်တော်ကြီးလာကြတဲ့အထိ အကြောင်းကိစ္စရှိလို့ ဖုန်းဆက်လိုက်ရင် အချိန်မရွေး ရောက်လာတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



လူငယ်တွေမှာ ဘဝရည်မှန်းချက်တွေထားကြတယ်။

ဒေါက်တာအောင် ထွန်းသက်က ပုံတွေဆွဲချင်တယ်။

Architect (ဗိသုကာ) ဖြစ်ချင်တယ်။

ဆရာ ဆယ်တန်းကျောင်းသားဘဝမှာ တပ်မတော်အင်ဂျင်နီယာ ဗိုလ်မှူးကြီး မိုးတင့်က နာမည်ကြီးဗိသုကာဖြစ်တယ်။ ဆရာက သူ့ကိုသဘောကျတယ်။ ဒါပေမဲ့ ဘဝလမ်းကြောင်းက ဆရာ့စိတ်နေသဘောထားကြောင့် ပြောင်းသွားတယ်။

'ဆယ်တန်းဖြေခါနီးမှာ ကျောင်းသားတွေကိုခေါ်ပြီး ကျောင်းကလူကြီးတွေက ဘာဝါသနာပါသလဲမေးတယ်။ အဲဒီအချိန်က ဆရာဝန်၊ အင်ဂျင်နီယာလိုင်းကို အားလုံးက လိုက်လျှောက်နေကြတာ။ ကျွန်တော့်စိတ်က သူများလုပ်တာ မလုပ်ချင်ဘူး။ သူတို့လျှောက်ရင် ကိုယ်မလျှောက်ဘူးဆိုတဲ့စိတ်နဲ့ architect မလုပ်တော့ဘူး။

ဒေါက်တာအောင်ထွန်းသက်က management (စီမံခန့်ခွဲမှု) ပညာရပ်ကို ဝါသနာပါတယ်။ အားကစားလည်းဝါသနာပါတယ်။ မက်သဒစ်ကျောင်းမှာ ကတည်းက ဘောလုံးသမား။

'မက်သဒစ်မှာ First Eleven ။ First Eleven ဆိုလို့လည်းသိပ်တော့ အထင်မကြီးပါနဲ့၊ အသင်းက သိပ်မကောင်းဘူး။ အဖေက အားကစား အားပေးတယ်။ အဖေက တင်းနစ်ရိုက်တယ်။ ဘောလုံးကန်တယ်။ ဟိုတုန်းက အောင်ဆန်းကွင်း တပ်မတော်အသင်းမှာ အဖေက ဂိုးဖမ်းတယ်။

အားကစားနဲ့ပတ်သက်ပြီး ဆရာ့အမြင်ကိုပြောတယ်။

'တက္ကသိုလ်ကျောင်းတွေမှာ ဘဝဖြတ်သန်းရာမှာတွင်မကဘူး။ အပေါင်းအသင်း relationship (ပေါင်းသင်းဆက်ဆံရေး) အပြင် အားကစား ရှိရမယ်။ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲတွေမှာ စီးပွားရေးတက္ကသိုလ်ကို နိုင်စေချင်တယ်။ နိုင်စေချင်လို့ ရန်ဖြစ်ရတာရှိတယ်။ ကိစ္စမရှိဘူး၊ အဆောင်တွင်း ဘောလုံးပွဲလုပ်တယ်။ သုံးထပ်ရှိရင် အပေါ်ထပ်နဲ့ အောက်ထပ်ရန်ဖြစ်တာပဲ။ ကိုယ့်အဆောင်နဲ့ ဘေးအဆောင်ကစားတော့လည်း ဘေးဆောင်နဲ့ ရန်ဖြစ်တာပဲ။ စီးပွားရေးတက္ကသိုလ်ကိုယ်စားပြု ပြိုင်ကြမှာဆိုတော့ ဒီကျောင်းသား တွေ စည်းစည်းလုံးလုံးနဲ့ ဝင်ပြိုင်တာပဲ။

အားကစားက ရတဲ့ အကျိုးကို ဆရာက ဆက်ပြောပါတယ်။

'ကိုယ်နဲ့အမြင်မတူတဲ့လူကို လက်ခံနိုင်တဲ့စိတ်ဓာတ်

အားကစားက ရတယ်။





တကယ်ပြိုင်တဲ့အချိန်မှာ အရှုံးအနိုင်အတွက် ကြိုးစားတယ်။

ရှုံးမယ် နိုင်မယ်။ ရှုံးရင်ပြီးပြီ၊ နိုင်တယ်ပြီးပြီ။

ပြိုင်ရာမှာ Fair (တရားမျှတသော) ဖြစ်ရမယ်။

တရားသောနည်းနဲ့ ပြိုင်ရမယ်။

Fair မဖြစ်တာဟာ အားကစားမလုပ် တဲ့လူတွေ ဆီက လာတာ။

အားကစားလုပ်တဲ့လူဟာ မတရားတာကို မကြိုက်ဘူး။

ကိုယ်က နိုင်ရင်နိုင်သွားမယ်။

ညစ်ပြီးနိုင်တာကို အားကစားသမား လိပ်ပြာက သဘောမကျဘူး။

အားကစားစိတ်ဓာတ်က ဘက်ပေါင်းစုံမှာ အသုံးဝင်တာကို ဒေါက်တာ အောင် ထွန်းသက်က ဆက်ပြောတယ်။

'အားကစားကို တစ်ယောက်တည်းလုပ်လို့မရဘူး။

အပေးအယူရှိရမယ်။

သည်းခံစိတ်ရှိရမယ်။

ဒါအားကစားက ရတယ်။

ဒီစိတ်ဓာတ်ဟာ စီးပွားရေး လုပ်ရာမှာလည်း အသုံးကျတယ်။

နိုင်ငံရေးလုပ်ရမှာလည်း အသုံးကျတယ်။'

ဒေါက်တာအောင်ထွန်းသက် စီးပွားရေးတက္ကသိုလ်ကျောင်းသားဘဝမှာ စီးပွားရေးပညာရပ်နဲ့ပတ်သက်ပြီး ဒေါက်တာအေးလှိုင်၊ ဒေါက်တာထွန်းတင်၊ ဒေါက်တာထွန်းဝေ၊ ဒေါက်တာခင်မောင်ကြည်၊ ဒေါက်တာမောင်ရှိန်စတဲ့ Ph.D ဘွဲ့ရပုဂ္ဂိုလ်တွေ တက္ကသိုလ်မှာရှိတယ်။ ဆရာအားကျတဲ့ စံပြပုဂ္ဂိုလ်တွေပါ။ တက္ကသိုလ်ကျောင်းသားဘဝမှာ သူငယ်ချင်းတွေက အချင်းချင်း စာရှင်းပြနိုင်ရင်ဆရာက ထက်ထက်သန်သန်ရှင်းပြတယ်။ စီးပွားရေးတက္ကသိုလ်က ဘွဲ့ရပြီးတော့ ၁၉၆၆ ခုနှစ်မှာ တက္ကသိုလ်ဆရာအဖြစ် အလုပ်ဝင်တယ်။

စာသင်ပြတာ ဝါသနာပါပုံကို ဒေါက်တာ အောင်ထွန်းသက်က ပြောပြတယ်။

'စာသင်တာဝါသနာပါတယ်။ ကျူတိုရီယယ်ကိုင်ရတယ်။ ဆရာ့အခန်းမှာ လူပြည့်နေတယ်၊ စိတ်ထဲမှာ အဲဒီအခန်းထဲက အညံ့ဆုံးသူကို ကိုယ်က စဉ်းစားလိုက်တယ်၊ တစ်ယောက်တော့ ရှိမှာပဲလေ၊ အဲဒီလူနားလည်အောင် ငါလုပ်ပေးနိုင်ရင် ကျန်တဲ့သင်ကြားပို့ချတာအားလုံးဟာ အဆင်ပြေမှာပဲ။ အဲဒီလို သဘောထားတယ်'



www.burmeseclassic.com

www.burmeseclassic.com



ဆရာရဲ့စာသင်ပြပုံ၊ ရှင်းလင်းပြောပြပုံနည်းလမ်းရှိတယ်။

'အကြောင်းအရာတစ်ခုကို ခေါင်းထဲထည့်ပြီးရင် အဲဒါကို လူများလည်အောင် ဘယ်လိုပြန်ရှင်းပြနိုင်လဲ၊ ဒါအမြဲ စဉ်းစားတယ်။ စာသင်ရင် ဖြစ်ဖြစ်၊ ရှင်းလင်းပြဖို့ ကြုံတဲ့အခါဖြစ်ဖြစ် ခေါင်းထဲမှာ ဘယ်နေရာဘယ်ပုံပြောမယ် စဉ်တယ်။ Seminar (ဆွေးနွေးပွဲ)ဆိုရင်လည်း နားလည်အောင်ဘယ်လိုပြော မလဲဆိုတာ အစီအစဉ်ချတယ်'

လူငယ်ဘဝမှာ နှလုံးသားပြဿနာကိုလည်း ကြုံတွေ့ရမြဲဖြစ်ပါတယ်။ ထူးချွန်ထက်မြက်တဲ့ ဒေါက်တာအောင်ထွန်းသက်ရဲ့ ဘဝမှာကော အချစ်ဟာ ဘဝအောင်မြင်မှုအတွက် အဟန့်အတားဖြစ်ခဲ့သလား၊ ကျွန်တော်က ဆရာကို မေးတယ်။

'လုပ်စရာအလုပ်တွေက အများကြီးရှိနေတော့ အချစ်နဲ့ပတ်သက်ပြီး စိတ်ကူးမယဉ်ခဲ့မိဘူး၊ တက္ကသိုလ်ဆရာဖြစ်လာပြန်တော့လည်း ကျောင်းသူတွေက ကိုယ်နဲ့သက်တူရွယ်တူတွေဖို့ ကိုယ့်သိက္ခာ ကိုယ်ထိန်းရတယ်။ ကိုယ်က ဆရာဖြစ်နေပြီကိုး၊ အိမ်ထောင်ကျတဲ့အခါကျတော့ မိသားစုရဲ့ အရေးပါမှုကို ပိုပြီး သဘောပေါက်လာတယ်။

တကယ်တော့ Family Life ဆိုတာဟာ လူတိုင်း လိုအပ်တဲ့ကိစ္စပါ၊ တစ်ယောက်နဲ့တစ်ယောက်နားလည်မှုရအောင် အမြဲညှိနှိုင်းရမှာပဲ၊ ဆရာတို့ UN မှာဆိုရင် Work-life Balance လို့ခေါ်တဲ့ အလုပ်နဲ့မိသားစု အရေးကို မျှတအောင် လုပ်ကြဖို့တိုက်တွန်းတယ်။ အားပေးတယ်။ သင်တန်းတွေတောင်ပေးကြတာ။ အလုပ်ချည်းလုပ်နေလို့မှ မဖြစ်တာ။

မိသားစုနဲ့ Quality Time ရှိဖို့လိုအပ်တယ်။ အထူးသဖြင့် သားသမီးပြုစုပျိုးထောင်တဲ့နေရာမှာ မိခင်ရဲ့ တာဝန် တစ်ခုတည်းလို့ စဉ်းစားလို့မဖြစ်ဘူး၊ ဖခင်လုပ်တဲ့သူကလည်း ပါဖို့အရေးကြီးတယ်။

ဆရာရဲ့ မိသားစုမှာ မိခင်လုပ်သူက ခရစ်ယာန်၊ ဆရာက ဗုဒ္ဓဘာသာဒီတော့ သမီးလေးဟာ ဘာသာနှစ်ခုရဲ့ အကောင်းတွေကို သိလာတယ်၊ စဉ်းစားတတ် လာတယ်၊ ဘာသာမတူတာဟာ ပြဿနာမဟုတ်ဘူးလေ' ဒေါက်တာအောင်ထွန်းသက်အတွက် စံပြထားတဲ့ ပညာရှင်ဆရာတွေ စီးပွားရေးတက္ကသိုလ်မှာ ရှိနေတယ်။ 'သူတို့ကိုအားကျပြီး ကြိုးစားတော့ လမ်းမလွဲဘူး။ ကိုယ့်မှာ ရည်မှန်းချက် ရှိနေတော့ အနှောင့်အယှက်ဖြစ်မှာ သိပ်ကြောက်တာ။

ဒေါက်တာအောင်ထွန်းသက်က သူလေးစားအားကျတဲ့ဆရာတွေလို ပညာ





တတ်ဖို့ နိုင်ငံခြားပညာတော်သင်သွားနိုင်ဖို့ ကြိုးစားတယ်။ ၁၉၇၀ မှာ ဆိုရှယ်လစ်နိုင်ငံတစ်ခုဖြစ်တဲ့ ပိုလန်နိုင်ငံကို ပညာတော်သင်သွားဖို့အတွက် ဆရာ ဝင်ပြီး ယှဉ်ပြိုင်တယ်။ ပင်ကိုအရည်အချင်းနဲ့မပတ်သက်တဲ့ အကြောင်းကိစ္စတွေကို အခြေခံလို့ အရွေးမခံရပါဘူး။ နောက်တစ်နှစ်၊ ၁၉၇၁ ခုမှာ အင်္ဂလန်ကို ပညာတော်သင်သွားဖို့ ခေါ်ပြန်တယ်။ ဆရာဝင်ဖြေတယ်။ အင်တာဗျူးမေးသူတွေကလည်း အရင်နှစ်က မေးမြန်းခဲ့သူ တွေပဲ။ မေးတဲ့မေးခွန်းကလည်း ပညာရပ်ပိုင်းဆိုင်ရာမဟုတ်ဘဲ သာမန်ကာလျှံကာပဲ။ သွားနိုက်ကြုံတော့ အရွေးချယ်ခံရတယ်။

'စဉ်းစားကြည့်တယ် ဘဝမှာ အဆိုးဆုံးအခြေအနေဟာ အကောင်းဆုံး ပြန်ဖြစ်ဖို့ အခြေခံပဲလို့'။

ဒေါက်တာအောင်ထွန်းသက် အင်္ဂလန်ကို ပညာတော်သင် အရွေးချယ်ခံရပြီး M.Sc, Ph.D ဘွဲ့တွေရတယ်။ ဆရာက သုတေသနဝါသနာပါတော့ သုတေသနတွေအများကြီးလုပ်တယ်။

စီးပွားရေးတက္ကသိုလ်မှာ တာဝန်ပြန်ထမ်းတယ်။ ကမ္ဘာ့ကုလသမဂ္ဂက ဆရာကိုသဘောကျလို့ သူတို့ဆီမှာ တာဝန်ထမ်းဆောင် ဖို့ကမ်းလှမ်းတယ်။ ၁၉၉၂ ခုနှစ်ကစပြီး ယခုအထိ တာဝန်ထမ်းဆောင်ပေးနေတယ်။

ကျွန်တော်တို့စကားထိုင်ပြောနေတဲ့ဧည့်ခန်းကြီးက အကျယ်ကြီးပါ။ ဧည့်ခန်းထဲမှာ ကျွန်တော်တို့အပြင် အသက် ၁၂ နှစ်အရွယ် ကလေးမလေး တစ်ယောက်ရှိနေတယ်။ သူ့အမည်က မသက်ထားသက်။ ဆရာ့သမီးပါ။ သမီးကလေးက လက်ကိုင်တန်းပါတဲ့ စကိတ်လျှောပြားကို ဧည့်ခန်းထဲမှာ ပတ်ပြီးစီးနေတယ်။ လွတ်လွတ်လပ်လပ်ပဲ။

ကျွန်တော်တို့စကားဦးက ဆရာ့မိသားစုကိစ္စဘက်ကို လှည့်သွားကြတယ်။ ဆရာက သမီးငယ်ဘေးလက်လှမ်းကြည့်ပြီး-

'သူ့ကို အချိန်ပေးပြီး စကားပြောတယ်၊ ညညဆိုရင်သူနဲ့ အတူ စာဖတ်တယ်၊ စာဖတ်ပြီးမှ အိပ်တယ်၊ စာကိုချစ်စေချင်တယ်။ အခြားကလေးတွေနဲ့ မတူတာကတော့ အဖေရော၊ အမေရော စာဖတ်တာ ဝါသနာပါတော့ သူလည်း စာဖတ်တာဝါသနာပါလာပြီး စာစောင်တွေကို ချစ်တယ်။ အဲဒါသူ့အတွက် အမြတ်ပဲ'။

ဆရာ့သမီးကလေးကတော့ စကိတ်လျှောပြားကို ဧည့်ခန်းထဲက ဆက်တီကုလားထိုင်တွေ၊ အလှဆင်ပန်းအိုးကြီးတွေကို လှည့်ပတ်ရှောင်ကွင်းပြီးခပ်မြန်မြန်စီးနေတယ်။ သူ့ဆံပင်နွယ်ကလေးတွေက လေမှာလွင့်ပျံ့လို့။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို စာချစ်စေချင်တယ်ဆိုတာ ပဋ္ဌကတ်သုံးပုံကို ပြောတာမဟုတ်ဘူး၊ ခေတ်ပေါ်မဂ္ဂဇင်း၊ ဂျာနယ်စာအုပ်တွေရှိတယ်။ သိပ်ပေါတာပဲ။ ဒါကိုချစ်စေချင်တာ။

သမီးငယ်က စာတွေဖတ်သလို အင်တာနက်ကိုလည်း အချိန်ပေးပြီး ကြည့်တယ်လို့ ဆရာကပြောတယ်။ အင်တာနက်ဝဘ်ဆိုက်တွေထဲမှာ မတော်မလျော် ဖော်ပြမှုတွေလည်းရှိနေတယ်။ ၁၂ နှစ်အရွယ်သမီးငယ်အင်တာနက်သုံးစွဲမှုနဲ့ ပတ်သက်ပြီး ဆရာကန့်သတ်မှုရှိပါသလားလို့ ကျွန်တော်ကမေးတယ်။

"အင်တာနက်မှာ ကောင်းတာတွေအများကြီးရှိသလို မကောင်းတာတွေ လည်း အများကြီးရှိတယ်၊ မကောင်းတာတွေမှာစိုးလို့ ပိတ်ပင်ဖို့မသင့်ဘူး။ ကလေးတွေကို ကောင်း၏မကောင်း၏ ကိုခွဲခြားသိအောင်လုပ်ပေးဖို့ မိဘတွေ မှာ တာဝန်ရှိတယ်။ ရွေးချယ်မှုက သူ့တာဝန်၊ အရာရာ အဲဒီလိုဖြစ်ရမယ်။ ကိုယ်ကစိတ်ပူလို့ ဟဲ့ ဟဲ့ ဟဲ့ လုပ်တာသည်စေတနာနဲ့ လုပ်တာပေမယ့် အဲဒီ စေတနာသည် အဟန့်အတား ဖြစ်နိုင်တယ်"။

သမီးလေးအကြောင်းကို ပြောရာမှ ကျွန်တော်တို့စကားဦးက ကောင်း မကောင်းရွေးချယ်မှုနဲ့ လွတ်လပ်ခွင့်အကြောင်းကို ရောက်သွားပါတယ်။

"လူတစ်ယောက်မှာ Choice ရွေးချယ်ခွင့် ရှိရမယ်။ သမီးကိုလည်း ခွင့်ပြုထားတယ်။ ဒါသူ့ရဲ့ Freedom လွတ်လပ်ခွင့်။ ဘာတွေမကြည့်သင့်ဘူးဆိုတာ ပြောထားတယ်။စကားဝိုင်းက ကောင်းတယ်မကောင်းဘူးဆိုတာ ဘယ်စံနဲ့ ဆုံးဖြတ်မှာလဲ။ အသက်အရွယ်ကွာခြားတာနဲ့အမျှ အသိအမြင်မတူတာ၊ မျိုးဆက်ကွာဟမှု generation gap အကြောင်းကို ပြောဖြစ်တယ်။ ဆရာက သူ့အမြင်ကို ပြောတယ်။

"ကောင်းတယ်မကောင်းဘူးဆိုတဲ့ Label တံဆိပ်ကို ဘယ်သူ့မှာ တပ်ခွင့်ရှိသလဲ၊ ကိုယ်လည်း အတပ်မခံချင်ဘူး၊ သူများလည်း မတပ်စေချင်ဘူး။

လူကြီးတွေအပြောများတဲ့ generation gap ကွာဟမှု ကိစ္စမှာဆရာ့အမြင်က ရှင်းလင်းပြတ်သားတယ်။

"မိဘနဲ့သားသမီး၊ ဆရာနဲ့ကျောင်းသား gap ကွာဟမှုရှိတယ်ဆိုတာ အကြီးလုပ်တဲ့လူကပြောတာ။ မြင့်တဲ့လူက ကိုယ့်ထက်နိမ့်ကျတဲ့လူကို ပိုပြီးနိမ့်ကျအောင် မဖိနှိပ်သင့်ဘူး။ သနားတယ်၊ ညှာတယ် မြင့်တင်တယ်၊ မြှောက်စားတယ်။ ဒီလိုဖြစ်ရမယ်၊ သားသမီးက မိဘထက်မတော်ရင် တပည့်ကဆရာ့ထက်မတော်ရင် လူကြီးဘက်က အသုံးမကျတာ။





ဒေါက်တာအောင်ထွန်းသက်က ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းက နှစ်သက်သဘောကျတဲ့ အဆင့်၊ ထူးချွန်ထက်မြက်သူ ဖြစ်ပါတယ်။ ဆရာမွေးဖွားတဲ့ သမီးငယ်အပေါ်မှာ မျှော်မှန်းချက် ဘယ်လိုထားရှိသလဲ။

"ဆရာ သမီးကိုဆရာဝန်ဖြစ်ရမယ်၊ ဘာဖြစ်ရမယ် ညာဖြစ်ရမယ်မရှိဘူး၊ ကိုယ်မလုပ်နိုင်ခဲ့တာတွေကို ကိုယ့်သားသမီးကို ဖိအားပေးနိုင်းတော့ ကလေး မှာ ဝန်ပိသွားတယ်။ ကိုယ်မအောင်မြင်ခဲ့တာတွေအားလုံး နောက် generation ကို ဖိအားသွားမပေးသင့်ဘူး။ သူလုပ်ချင်တာကို လက်ခံရမယ်။ သူ့ Choice ပဲ။ သူဘာသာသူပဲရွေးရွေး၊ ကိုယ်ကတော့ နမူနာဖြစ်အောင် နေပြရမယ်။

သမီးငယ်အသိအမြင် ပွင့်လင်းအောင် ဆရာက နိုင်ငံခြားသွားတဲ့အခါ နိုင်ငံစုံကိုခေါ်သွားတယ်။ နိုင်ငံတွေအများကြီးပို့တယ်။ ပိုက်ဆံကုန်တာ ကိစ္စမရှိဘူး။ အဲဒီကုန်တဲ့ငွေသည် သူ့အတွက် invest ရင်းနှီးမြှုပ်နှံမှု လုပ်တာပဲ လို့ ဆရာကပြောတယ်။

"အာရပ်နိုင်ငံတွေမှာ ဝတ်တာစားတာက ပုံစံတစ်မျိုး၊
အာဖရိကမှာ ပုံစံ တစ်မျိုး၊
အာရှမှာ ပုံစံတစ်မျိုး၊
ကိုယ့်ရာသီဥတုကိုယ့်အခြေအနေနဲ့ ဆီလျော် သလိုဝတ်တာပဲ၊
ကိုယ်ကပုဆိုးဝတ်တယ်၊ ဘောင်းဘီဝတ်တာအပြစ်သွား မတင်နဲ့၊
ကိုယ်နဲ့မတူတာကိုလည်း တန်ဖိုးထားတတ်ရမယ်၊
တစ်ယောက်ကိုတစ်ယောက် တန်ဖိုးထားနိုင်ရင် ငြိမ်းချမ်းသွားမယ်၊
ပုံစံတွေကွာခြားပေမယ့်
အားလုံး ချစ်တတ်တာပဲ၊
မုန်းတတ်တာပဲ၊
ငိုတတ်တာပဲ၊
ရယ်တတ်တာပဲ၊
ဒီလို တူညီမှု သဘာဝတွေကို မြင်နိုင်တွေ့နိုင်ရင်
အငြင်းပွားမှုတွေ ပဋိပက္ခတွေ ငြိမ်းမယ်၊
မိသားစုအတွင်းမှာလည်း သည်လိုပဲ၊ ပြဿနာတွေများနေကြတာ တစ်ယောက်နဲ့တစ်ယောက် အယူအဆ မတူကြလို့။

ဆရာက ပြဿနာကြီးထွားလာစေတဲ့အကြောင်းတစ်ခုကို ဆက်ပြောတယ်။

"ငါမှန်တယ်လို့ပြောတာထက် မင်းမှားတယ်လို့ပြောတာက ပိုဆိုးတယ်၊ တို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်လုံးမှားနိုင်တယ်၊ တို့နှစ်ယောက်လုံးလည်း မှန်နိုင်တယ်၊ ဒါကိုနားလည်အောင် လုပ်ပေးဖို့လိုတယ်'

စကားဝိုင်းထဲမှာပါတဲ့ ကိုမိုးသန်းချစ်က အမှန်တရားဆိုတာကို ဆရာဘယ်လို အဓိပ္ပာယ်ဖွင့်ဆိုလက်ခံထားသလဲ မေးတယ်။

'အကြွင်းမဲ့မှန်ကန်ခြင်းဆိုတာကို လက်မခံဘူး၊ အမှန်တရားဆိုတာ အချိန်နဲ့အမျှ ပြောင်းလဲသွားနေတယ်၊ ဒါကို ငါယူတာမှန်တယ်လို့အခွင့်ရပြီး ငါ့လို မယူရင်မှားတယ်ဆိုတဲ့အမြင်မျိုး ဆရာတော့မမြင်ဘူး။

' လူအများစုက လက်ခံရင်တောက်ခံရင် မှန်တယ်လို့ဆိုကြတယ်။ဥပမာ နံပါတ် ၁ ဆိုတဲ့ ဂဏန်းရေးထားတာကို လေးဘက်လေးတန်က ရှုမြင်တဲ့ အနေအထားပေါ်မူတည်ပြီး ပ၊ ၀၊ ဂ အမျိုးစုံမြင်မှာပဲ။'ပ' လို့ မြင်တဲ့ဘက်က ကိုးယောက်ရှိပြီး 'ဂ' လို့မြင်တဲ့ဘက်က တစ်ယောက်တည်းရှိတာနဲ့ 'ပ' က မှန်တယ်လို့ မဆိုသင့်ဘူး။ ဘက်ပေါင်းစုံကသုံးသပ်နိုင်မှ မှန်မယ်လို့ ကျွန်တော်ဆိုလိုချင်တယ်'

ဆိုပြီး ကိုမိုးသန်းချစ်က သူ့အမြင်ကိုပြောတယ်။

ဒေါက်တာအောင်ထွန်းသက်ကတော့-

'၁၀ ယောက်ကတစ်မျိုးမြင်ပြီး တစ်ယောက်တည်းက တစ်မျိုးမြင်နေလို့ ဘယ်ဟာမှန်သလဲဆိုတာထက်၊ တစ်ယောက်က ဘာကြောင့်ဒီလိုမြင်သလဲ။ ၁၀ ယောက်ကကော ဘာကြောင့် ဒီလိုမြင်သလဲဆိုတာ နားလည်အောင်လုပ်တာပိုအရေးကြီးတယ်။ ကိုယ်နဲ့ ဆယ်ယောက်နဲ့ အမြင်မတူဘူးဆိုရင် ဘာကြောင့်သူတို့ဒီလိုမြင်သလဲ၊ သူတို့ဘာကြောင့်ဒီလိုတွေးသလဲ၊ ငါကတော့ ဒီလိုတွေးတယ်၊ သူ့အတွေးကို ကိုယ်နားလည်အောင်လုပ်နိုင်ရင် ကိုယ့်အတွက် အမြတ်ပဲ။

စကားဝိုင်းက အတန်ကြာတိတ်ဆိတ်သွားတယ်။

အားလုံးအတွေးကိုယ်စီ တွေးနေမိတယ်။

ဆရာက စကားပြန်ဆက်တယ်။

'သူတို့က ဆယ်ယောက်မို့ သူတို့ကို လက်ခံရမယ်၊ ကိုယ့်ယုံကြည်ချက်ကို စွန့်လွှတ်ရမယ်မဟုတ်ဘူး၊ မဟုတ်တာလုပ်ရင် ငါချမ်းသာနိုင်တယ်။ ဒါငါသိတယ်၊ မလုပ်ဘူး၊ အဲဒီ Choice ရှိစေချင်တယ်။ ဒါကိုယ့် Choice ကိုး၊ ဒါပေမယ့် မဟုတ်တာလုပ်ပြီး ချမ်းသာနေတဲ့လူကိုလည်း ကိုယ်ကသိနားလည်ရမယ်။ အဲဒါသူ့ Choice ပဲ'။

ကျွန်တော်တို့စကားဝိုင်း လောကပါလတရားဆီ ဦးတည်သွားတယ်။





'ကျွန်တော်တို့ trust ယုံကြည်မှု၊ သစ္စာရှိမှုကိုပြန်တည်ဆောက်ရမယ်။ မေအမေကို သားသမီးက စံနမူနာယူရတယ်။ မိဘက ကောင်းအောင်နမူနာပြရမယ်။ ကျောင်းမှာကလေးတွေကို စာမေးပွဲမှာ ခိုးမချဖို့ပြောတယ်၊ ဒါ ethic ကျင့်ဝတ်သီလ သင်တာပဲ။ မတရားသောနည်းနဲ့ အမှတ်မယူချင်လောက်အောင် traning လေ့ကျင့်မှု စပေးတာပဲ'။

နေ့လယ်စာ စားချိန်လွန်တဲ့အထိ ပြောစရာစကားတွေက မဆုံးနိုင်ဘဲဖြစ်နေတယ်။ ဒါပေမဲ့ ဧည့်သည်က အလိုက်တသိ ထပြန်ခဲ့ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

# ဦးအောင်ထိုက်



## ကိုယ်ရေးရာဇဝင်အကျဉ်း

အမည်ရင်း အောင်ထိုက်။ ၁၉၅၃ခု ဇူလိုင် ၂၆ ရက်တွင် အဖဦးဘိန်းတောင်၊ အမိဒေါ်ရွှေအင်းတို့မှ မြို့လှမြို့တွင် မွေးဖွားသည်။မွေးချင်းမောင်နှမ ၈ ဦးရှိပြီးရန်ကုန် ဆေးတက္ကသိုလ်တွင် တတိယနှစ် အထိ ပညာသင်ကြားခဲ့သည်။တရုတ်ဗမာဗုဒ္ဓဘာ သာတစ်ဦးဖြစ်ပြီး စိတ်တိုင်းကျလက်ဘက် ရည်ဆိုင် လုပ်ငန်းကို ၁၉၈၇ ခုနှစ်တွင် အစုစပ်ပါဝင် လုပ်ကိုင်ရာမှ ယနေ့အထိ ဦးဆောင်လုပ်ကိုင်လျက်ရှိသည်။လူမှု... လုပ်ငန်းများတွင်လည်း အင်တိုက်အ... တိုက်ဆောင်ရွက်လျက်ရှိပြီးဗဟန်း၊က... ရွတ် နှင့် စမ်းချောင်းမြို့နယ် အတွင်း... ကျောင်းများတွင်ကျောင်းအကျိုးေ... ဆောင်၊ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ နာယကတာ... များကို ဆောင်ရွက်နေသည်။အမှတ်... ကမ္ဘာ့ဇရိပ်သာ၊ရွှေတောင်ကြား(၁)... ဗဟန်းမြို့နယ်၊ရန်ကုန်တွင်နေထိုင်သ...





ရည်မှန်းချက်
တစ်ခုနဲ့ ပေးတဲ့
လက်ဆောင်ပန်းညီးကို
ဘယ်တော့မှ
မယူပါနဲ့

www.burmeseclassic.com

www.burmeseclassic.com



# စိတ်တိုင်းကျဦးအောင်ထိုက်၏ လက်ဖက်ရည်ဆိုင်ဖွင့်လုပ်ခြင်းအနုပညာ

## (က) ဆရာဝန်လည်းမဖြစ်၊ ရှေ့နေလည်းမဖြစ်၊ ဘူမိဗေဒပညာရှင်လည်းမဖြစ်



မောင်အောင်ထိုက်သည် တောင်ငူခရိုင် မြို့လှမြို့ဇာတိဖြစ်ပြီး ၉ နှစ်သား အရွယ်ကတည်းက ဖခင်ဆုံးပါးသွားခဲ့သည်။ ထို့ကြောင့် မိခင် မုဆိုးမကြီး၏ သွန်သင်ဆုံးမမှုအောက်တွင် ကြီးပြင်းခဲ့ရ သည်။ မိခင်ဖြစ်သူသည် စည်းကမ်းကြီးပြီးသားဖြစ်သူကို ပညာ ထူးချွန်သူတစ်ယောက်ဖြစ်စေရန် ပြုစုပျိုးထောင် ခဲ့သည်။ ဘဝတစ်လျှောက်လုံး မိခင်နှင့်နေထိုင်ခဲ့၍ မိခင်ဆိုသည်မှာ လူ့ဘဝ၏ အကောင်းဆုံး သွန်သင်ဆုံးမသူ အဖြစ် မောင်အောင်ထိုက်က ယုံကြည်သည်။

အလယ်တန်းကျောင်းတက်စဉ် လမ်းဘေး၌တွေ့ရသည့် ဟိန္ဒူမိသားစုတစ်စုသည် ဆားနှင့် ကုလားအော်သီးဖြင့် ထမင်းစားသည်ကိုကြည့်ပြီး ငါလည်း တစ်နေ့

cLub 18
creative HOUSE



ဒုက္ခကြုံရင် ဒီလိုမျိုးစားနိုင်ရမယ်ဟု တွေးတောခဲ့ဖူးသည်။ ၁၂ နှစ်သား အရွယ်တွင် ဆရာဝန်ဖြစ်ရန်ရည်မှန်း၍ စာကြိုးစားခဲ့သည်။ ၁၆ နှစ်သား အရွယ်တွင် ဂုဏ်ထူး ၂ ဘာသာဖြင့် ၁၀ တန်းအောင်မြင်ခဲ့ပြီး ဆေးတက္ကသိုလ်တက်ရောက်ရန် အမှတ် မီခဲ့သည်။ သို့သော် မိဘနှစ်ဦးအနက် တစ်ဦးက FRC ဖြစ်နေ၍ ဆေးတက္ကသိုလ် တက်ရောက်ခွင့် ပယ်ဖျက်ခြင်းခံရကာ ဘူမိဗေဒကိုသာ ရရှိခဲ့သည်။ ဘူမိဗေဒ ဘာသာရပ်ဖြင့် ဒုတိယနှစ်သို့ တက်ရောက် ပညာသင်ကြားနေစဉ် FRC ဖြစ်သော မိဘသည် ၁၉၆၀ မတိုင်မီက နိုင်ငံသားလျှောက်ခဲ့လျှင် အသက်မွေးဝမ်းကျောင်း လိုင်းကို တက်ရောက်ခွင့်ရသည်ဆို၍ ဆေးတက္ကသိုလ် ပြန်လျှောက်ခဲ့သည်။

ထို့နောက် ဘူမိဗေဒမှ ရန်ကုန် ဆေးတက္ကသိုလ် (၂) သို့ ပြောင်းရွှေ့ ပညာသင်ကြားခဲ့သည်။ ဆေးတက္ကသိုလ်တွင် ၄ နှစ် တက်ရောက်ပြီး နောက် ဆေးကျောင်းနှင့် ဝေးခဲ့ရသည်။

ပြင်ပလောကနှင့် ကာလအတန်ကြာ အဆက်ပြတ်ခဲ့ပြီးနောက် နယ်သို့ပြန်ကာ 'ရေတာရှည် ဝက်အူချောင်း' ကို ရန်ကုန်သယ်ပြီး ရောင်းချခဲ့ သည်။ ဝက်အူချောင်း တစ်ပိဿာလျှင် ထိုစဉ်က ၄၂ ကျပ်ဖြင့် ဝယ်ယူရပြီး ၄၈ ကျပ်ဖြင့် ပြန်လည်ရောင်းချခဲ့သည်။ ပညာရေးဘက်တွင် မိခင်ကြီး၏ဆန္ဒအရ ကျောင်းဆက်တက်ခဲ့သော်လည်း သိပ္ပံလိုင်းကို မတက်တော့ဘဲ ဥပဒေ စာပေးစာယူသင်တန်းကို ဆက်သွယ်၍ ပညာသင်ကြားခဲ့သည်။ သို့သော် ဥပဒေ ဒုတိယနှစ်တွင် စာကျက်စာဖြေရသည့်အလုပ်ကို မလုပ်ချင်တော့၍ ကျောင်းနှင့် အဆက်ပြတ်ခဲ့သည်။

## (ခ) စီးပွားရေးဝဲဩဃထဲမှအရေးပါသောအလှည့်အပြောင်း

ဆေးတက္ကသိုလ်သူငယ်ချင်းများ ဆရာဝန်ဖြစ်နေချိန်တွင် ကိုအောင်ထိုက် မှာ ဝက်အူချောင်းအကြွေးများ လိုက်တောင်းနေရသည်။ ဝက်အူချောင်းကို ရဲဘော်ရဲဘက် သူငယ်ချင်းများအား ရောင်းနိုင်းမိ၍ အရင်းပြုတ်ကာအမြတ်က စာရင်းမှာသာရှိသည့်အဖြစ်နှင့် ကြုံခဲ့ရသည်။ ဆရာဝန်ဖြစ်သွားသော သူငယ် ချင်းများ၏ အကြံပေးချက်အရ စိန့်ဂျွန်းဈေးတွင် ဆေးရောင်းဖြစ်သည်။ ဆေးစရောင်းရာတွင် သူငယ်ချင်းဆရာဝန်များရရှိသော ဆေးခွဲတမ်းကို ကောက် ယူ၍ အနည်းငယ်အမြတ်တင်ကာ ပြန်လည်ရောင်းချရသောအလုပ် ဖြစ်သည်။ သို့သော် ကိုအောင်ထိုက်သည် ပစ္စည်းကိုသိုလှောင်ပြီး ဈေးကစားသည့်အလုပ် ကို လုပ်ချင်သောဆန္ဒမရှိပေ။ ဆေးဆိုသည်မှာ ကျန်းမာရေးနှင့်ယှဉ်း၍ ဒုက္ခ

cLub 18
creative HOUSE

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသော လူနာများအတွက် အဓိကကျသောပစ္စည်းဖြစ်နေ၍ ထိုသို့ ဈေးတင်ရောင်းရန် လိပ်ပြာမသန့် ဖြစ်နေသည်။ ထို့ကြောင့် သူငယ်ချင်း ဆရာဝန်များကို တစ်ခါတလေ ပြောပြရသည်။ 'ဟေ့..မင်းတို့က လာဝယ်ရင် ဈေးအနိမ့်ဆုံးလိုချင်တယ်၊ လာရောင်းတဲ့အခါကျတော့ ဈေးအမြင့်ဆုံး လိုချင်တယ်။ အဲဒါ သဘာဝမကျဘူးနော် သတိလည်းထားကြဦး' လို့။

တစ်ခါတရံတွင် အံ့ဩဖွယ်ရာအဖြစ်မျိုးနှင့်လည်း ကြုံရသည်။ သူငယ်ချင်းဆရာဝန် တစ်ယောက်သည် ၁၀ ကျပ်ဈေးပေါက်သော Burplex ကို လာရောင်းရာ ကိုအောင် ထိုက်က ၉ ကျပ်ခွဲပေးသော်လည်း နည်းသည်ဟုပြော၍ ၉ ကျပ် ၇၅ ပြားတိုးပေး သည်။ သို့သော် သူကမကျေနပ်နိုင်သေးဘဲ ၉ ကျပ် ၉၀ ပြားတောင်း၍ ဆိုင်ပေါ်သာ တင်ရောင်းသွားလေတော့ဟု နောက်၍ ပြောလိုက်သည်။ သို့သော်ထို ဆရာဝန်က ဆိုင်ပေါ်တင်၍ ရောင်းသွားတော့သည်။ နောက်တစ်ယောက်က ဆေးခွဲတမ်းထွက်လာသောအချိန်တွင် ဈေးထဲလာ၍ ဈေးစုံစမ်းရာ အရင်ပေါက်ဈေးဖြင့် တွက်ပေးလိုက်သည်။ သူကဈေးထဲရှိ ကျန်ဆေးဆိုင်များမှ ပစ္စည်းတွေကိုပါသိမ်း၍ ကိုအောင်ထိုက်ထံ လာသွင်းသွားသည်။

ယခုတော့ ဤအရာများသည် နာကျည်းစရာမဟုတ်ဘဲ အောင်မြင်သော ဘဝတစ်ခု အတွက် အဖိုးမဖြတ်နိုင်သော အတွေ့အကြုံများအဖြစ် ခံယူခဲ့သည်။ ဤသို့ ဆေးရောင်းနေစဉ် တရားမဝင်ငွေများကြေညာခံရ၍ ဆေးဆိုင်ပြုတ်လုနီးပါး ဖြစ်သွားသည်။ ထို့နောက် ဆိုင်မပြုတ်ရန် ကြိုးစားရုန်းကန်နေစဉ် ဆေးဆိုင် အချင်းချင်းမနာလိုဖြစ်၍ အတိုင်ခံရရာ လိုင်စင်မရှိဘဲ ဈေးရောင်း၍ဟူသော ပုဒ်မဖြင့် တရားရုံး ရောက်ခဲ့ပြန်သည်။ နောက်ဆုံးတွင် သူငယ်ချင်းက နိုင်ငံခြား ဆေးကုမ္ပဏီတစ်ခု၏ ဆေးကိုယ်စားလှယ်အလုပ်ကိုခေါ်သော ကြော်ငြာတွေ့၍ လျှောက်ရန်တိုက်တွန်းသဖြင့် လျှောက်ခဲ့ပြီး Inyalake Hotel ၌ အင်တာဗျူး ဝင်ခဲ့သည်။ လျှောက်သူ ၁၅ ယောက်အနက် တစ်ယောက်ကိုပဲ ရွေးချယ်ရာ အရွေးခံရ၍ အလုပ်ရခဲ့သည်။ ၃ နှစ်လုပ်ပြီး လခ ၁၄၀၀ ကျပ်၊ ခရီးစရိတ် ၃၀၀ ကျပ်၊ စုစုပေါင်း ၁၇၀၀ ကျပ်ရနေစဉ် ကုန်ပစ္စည်းစိစစ်ရေးနှင့် ကိုယ်စားလှယ်လုပ်ငန်းကော်မိုရှင်းက နိုင်ငံခြားကုမ္ပဏီ ကိုယ်စားလှယ်အားလုံး အလုပ်ပြုတ်၍ အလုပ်ပြုတ်ခဲ့ပြန်သည်။ ထို့ကြောင့် ဘဝတွင် ဆေးဆိုလျှင် ဘာဆေးမှ အကျိုးမပေးကြောင်း သိရှိခဲ့သည်။

၁၉၈၇ ခုနှစ်တွင် ကိုအောင်ထိုက်၏ဘဝမှာ ဇီးရိုးမဟုတ်၊ အနုတ်လက္ခဏာပြနေသော ဘဝတစ်ခု ဖြစ်သည်။

cLub 18
creative HOUSE



ကိုအောင်ထိုက် ဆေးရောင်း၍ ရုန်းကန်နေချိန်တွင် ဆေးတက္ကသိုလ်၌ အတူတူ တက်ခဲ့သော သူငယ်ချင်း ရဲဘော်ရဲဘက် ကိုအေးကြည်သည် မော်လမြိုင်တွင် လက်ဘက်ရည်ဆိုင်လေးဖွင့်၍ ဘဝဝမ်းကျောင်းနေသည်။ လက်ဘက်ရည်ဆိုင် အမည်မှာ စိတ်တိုင်းကျဖြစ်ပြီး တစ်နေ့လျှင် ၁၅ ကျပ် ဖိုးရောင်းရသည်။ တဖြည်းဖြည်း နာမည်ကြီး လာပြီးနောက် ကိုအေးကြည်သည် ရန်ကုန်တက်လာကာ တီမွေးကုဆရာဝန် ကိုသိန်းနိုင်နှင့် စီးပွားစပ်တူလုပ်ပြီး မြေနီကုန်း မဟာလမ်းတွင် မြေစိုက်တဲလေးဖြင့် စိတ်တိုင်းကျ လက်ဘက်ရည်ဆိုင်ကို စတင် ဖွင့်လှစ်ခဲ့သည်။

ထိုစဉ်က စိတ်တိုင်းကျ လက်ဘက်ရည်ဆိုင်၏ လက်ဘက်ရည်ခွက်များမှာ ဖန်ခွက်များဖြစ်ပြီး ပန်းကန်များအဖြစ် သံပန်းကန်၊ ဒန်ပန်းကန်၊ ပလပ်စတစ် ပန်းကန် စသဖြင့် အဆင်ပြေသလို အသုံးပြုနေသည်။ ထိုခြံဝန်းကြီးထဲ၌ စိတ်တိုင်းကျ လက်ဘက်ရည်ဆိုင်သာမက ဝပ်ရှော့၊ သံဂဟေ လုပ်ငန်းအပါအဝင် လုပ်ငန်းပေါင်းစုံ ရှိနေသည်။

တစ်နေ့တွင် ကိုသိန်းနိုင်က ဘူတန်နိုင်ငံကို ကုလသမဂ္ဂဝန်ထမ်းအဖြစ် သွားရတော့မည်ဖြစ်၍ သူ့ရှယ်ယာ များကို ရောင်းလိုကြောင်း ကိုအောင်ထိုက်အား ပြောပြသည်။ ထိုစဉ်က ရှယ်ယာ တစ်ဝက်တန်ဖိုးသည် ၇၀၀၀၀ ဆို၍ ကိုအောင်ထိုက်သည် လက်တွန့်သွားသည်။

ငွေ ၇၀၀၀၀ သည် ထိုစဉ်က တိုက်ခန်းတစ်ခန်း ဝယ်နိုင်သည့် အခြေအနေတွင် ရှိနေသည်။ စိတ်တိုင်းကျဆိုင်ဖွင့်သည်မှာလည်း ၃-၄ လ သက်တမ်း သာရှိသေးသည်။

သို့သော် တဖြည်းဖြည်း လုပ်ငန်းက တက်ရိပ်ပြနေသည်။ သို့သော် ကိုအောင်ထိုက်က စည်းထားသည့်အနေဖြင့် ကိုသိန်းနိုင်ရှယ်ယာတွေကို မယူဘဲ ကိုအေးကြည်အား စိတ်တိုင်းကျလုပ်ပါဟူ၍ ဦးစားပေးလိုက်သည်။ ကိုအေးကြည်ကလည်း ကိုအောင်ထိုက်နဲ့ဆို တွဲလုပ်နိုင်တယ်ဟု တုံ့ပြန်လိုက်ပြီး ကိုအောင်ထိုက်အား စပ်တူလုပ်ရန် ဖိတ်ခေါ်လိုက်သည်။

သို့သော် ကိုအောင် ထိုက်မှာ လက်ဘက်ရည်ဆိုင်ရှယ်ယာ ၇၀၀၀၀ အနက် လက်ငင်း ၄၀၀၀၀ ပဲ ပေးနိုင်ခဲ့သည်။ ၃၀၀၀၀ နောက်မှ ပေးမည်ဆိုသည်ကိုလည်း ကိုသိန်းနိုင်က သဘောတူခဲ့သည်။

ဤသို့ဖြင့် ကိုအောင်ထိုက်သည် ဆေးလောကကို ကျောခိုင်းကာ လက်ဘက်ရည်ဆိုင်တွင် ဘဝကိုမြှုပ်နှံခဲ့သည်။

cLub 18
creative HOUSE

www.burmeseclassic.com

www.burmeseclassic.com



## (ဂ) လက်ဘက်ရည်ဆိုင်ဖွင့်လှစ်ခြင်းအနုပညာ

ထိုစဉ်က ရန်ကုန်တွင် လက်ဘက်ရည်တစ်ခွက်သည် ၃ ကျပ်၊ ပလာ ၁၂ ကျပ်၊ နံပြား ၁ ကျပ်၊ ပဲဟင်းနှင့်တွဲ၍စားပါမှ ၆ ကျပ်သာ ကျသည်။ စိတ်တိုင်းကျဆိုင်၏ တစ်နေ့ရောင်းရငွေမှာ အစပထမပိုင်းတွင် ၃၀၀၀ သာရှိသော်လည်း တဖြည်းဖြည်းနှင့် ၄၀၀၀-၅၀၀၀ နီးပါး ရောင်းရလာသည်။ စမ်းချောင်းတွင် စီးပွားပြိုင်ဘက်တချို့က လက်ဘက်ရည်ဆိုင်ဘန်းပြ၍ နိုင်ငံရေးလုပ်နေသည်ဟု ပစ်စာ ပစ်တာတွေကိုလည်း ကြုံခဲ့ဖူးသည်။ ၁၉၈၇၊ ၈၈ ကာလတွင် ရန်ကုန်လူထုအတော်များများ စိတ်တိုင်းကျဆိုင်ကို သိလာကြသည်။ ယခင်က လက်ဘက်ရည်ဆိုင်လောကတွင် မုန့်များကို ပလတ်စတစ် အိတ်သွတ်ပြီး အုပ်ဆောင်းဖြင့်ရောင်းချသည့်စနစ်ကို စိတ်တိုင်းကျက ပယ်ဖျက်ကာ ပလာတာ၊ ထမင်းကြော်၊ ပူရီများကို ပူပူနွေးနွေးရောင်းချလာသည်။ လက်ဘက်ရည်ဆိုင်မုန့်သမျှ ကက်ဆက်နှင့် ဆောင်းဘောက် အသုံးပြုနေကြသော်လည်း စိတ်တိုင်းကျဆိုင်များတွင် သီချင်းလုံးဝမဖွင့်ဘဲ အစားအစာဖြင့် စားသုံးသူကို ဆွဲဆောင်ခဲ့သည်။ ယနေ့အချိန်အထိ စိတ်တိုင်းကျ၏ ထူးခြားချက်မှာ ဆိုင်အတွင်း ဗြိုဟ်တုစလောင်းနှင့် ရုပ်မြင်သံကြားမထားဘဲ ဝန်ထမ်းများအတွက် သီးခြားစီစဉ်ပေးထားသည်သာ ရှိသည်။

လက်ရှိစိတ်တိုင်းကျ လက်ဘက်ရည်ဆိုင်အားလုံး၏ အထူးခြားဆုံးအချက်မှာ သန့်ရှင်းမှုဖြစ်ပြီး အင်မတန် ညစ်ပတ်လွယ်သော ပလာတာ၊ ကြက်သားဟင်း၊ ဆိတ်သားဟင်း၊ အာလူးဟင်း၊ ပဲဟင်းများကို လတ်ဆတ် ပူနွေးအောင်စီမံထားခြင်း ဖြစ်သည်။ စိတ်တိုင်းကျဆိုင် အားလုံး၏ဆောင်ပုဒ်မှာ **'ကောင်းရမည်၊ သန့်ရှင်းရမည်၊ စိတ်တိုင်းကျရမည်'** ဟူ၍ဖြစ်ပြီး ယနေ့ အချိန်ထိ လူသိစေရန် ထူးထူးခြားခြားကြော်ငြာများ မပြုလုပ်ခဲ့ပေ။ ရန်ကုန် တစ်မြို့လုံးတွင် စိတ်တိုင်းကျ ဆိုင် ၆ ဆိုင်ရှိပြီး ယင်းဆိုင် အားလုံး၏ဈေးနှုန်းမှာ မျှတသည့် ဈေးနှုန်းများရှိနေခြင်း ဖြစ်သည်။ စိတ်တိုင်းကျ၏ပကတိ တန်ဖိုးများနှင့် ပတ်သက်ပြီး ဦးအောင်ထိုက်မှ ဤသို့ရှင်းလင်းပြောပြခဲ့သည်။

ကျွန်တော်တို့က အလုပ်လုပ်တာကတော့ ငွေလိုချင်လို့လုပ်ကြတယ်။ ဒါပေမယ့် ကိုယ်ပေးသင့်တဲ့ဝန်ဆောင်မှုကိုတော့ ပေးဖို့ရာလူတွေက မစဉ်းစားဘူး။ မေ့နေကြတယ်။ ယူဖို့ကိုတော့ သိတယ်။ ပေးဖို့ကိုတော့မသိဘူး။ ကျွန်တော်တို့ ဆိုင်စဖွင့်ကတည်းက ဘာလုပ်ပေးနိုင်သလဲ၊ ဘာလုပ်ပေးရမလဲ ...အဲဒါကိုဦးစားပေးထားတာ။ ဘာဖြစ်လို့လဲဆိုတော့ ဈေးနှုန်းက ခုနလိုလေ... သူဟာနဲ့သူ

cLub 18
creative HOUSE



သတ်မှတ်ထားတဲ့ ဘောင်လေးထဲမှာ ရှိနေပြီးပြီ။ ဒီကြားထဲမှာ ကိုယ်ကဝန်ဆောင်မှုကို အကောင်းဆုံးပေးနိုင် အောင်ကြိုးစားတယ်။ ကျွန်တော့် ဝန်ထမ်းတွေဆိုရင်လည်း အညာသားတွေကိုး... မင်းတို့အညာ အလှူတွေကို လည်း ငါရောက်ဖူးတယ်။ အဲဒီလို အလှူမှာဧည့်ခံသလို သဘောထားပြီး ဧည့်ခံပါ။ ကွာတာကတော့ အလှူမှာက ပိုက်ဆံမရဘူး။ ဒီမှာက မင်းတို့ကို ပိုက်ဆံပေးသွားတာ။ ဒီလို သဘောထားပါ။ ဆင်းရဲတဲ့လူကလည်း လက်ဘက်ရည်တစ်ခွက် ၂၅ဝ၊ လင်ခရူဇာနဲ့ လူကလည်း ၂၅ဝ- အဲဒီတော့ ဆင်းရဲတဲ့လူကလည်း ၂၅ဝ ကျပ် ပေးသောက်တဲ့ အတွက်ကြောင့်သူလည်း Same Treatment လိုချင်မှာပဲ။ Customer တစ်ယောက်အနေနဲ့ သူ့ကိုလည်း လေးလေးစားစား ဆက်ဆံပေးပါ။ အဲသိအမှတ်ပြုပါလို့ ကျွန်တော် ညွှန်ကြားထားတယ်။ ကျွန်တော်တို့က အဲဒီလို ဆက်ဆံပေးတော့ တချို့ဆိုရင် ဖွင့်ကိုပြောလာတာတွေ ရှိပါတယ်။ 'ဆရာက မျက်နှာကြီးငယ်မရွေးဘူး။ အဲဒါကို သဘောကျတယ်။ ဆရာ့နှလုံးသားထဲမှာ ဘုရားရှိတယ်' လို့ လက်ဘက်ရည်လာသောက်တဲ့ အဖိုးကြီးတစ်ယောက်က ဗမာလိုမပြောတတ်၊ ပြောတတ်နဲ့ ပြောခဲ့ဖူးတယ်ဆိုတော့ ကျွန်တော့်ကောင်လေးတွေကို မင်းတို့စားသုံးသူကို အမြဲတမ်း အဲဒီလိုထားပါ။ တစ်ခုတော့ ရှိတာပေါ့။ သိပ်ပြီး အသန့်ကြိုက်တဲ့သူတွေကိုတော့ သပ်သပ်ရွှန်း၊ ခက်ရင်းရေနွေးစိမ်တာ တွေဘာတွေလုပ်ရင်၊ လုပ်ပေးလိုက်၊ ကျန်တာကတော့ အားလုံးကို ဂရုစိုက်ပေးလိုက်။ မင်းတို့ တခြားဆိုင်တွေမှာ စားသုံးသူအဖြစ်နဲ့ ထိုင်မယ်။ မင်းတို့က ဝတ်ကောင်းစားလှမဝတ်နိုင်လို့ အဲဒီဆိုင်က ဝန်ထမ်းတွေ ဆိုင်ရှင်တွေက ဂရုမစိုက်ဘူး ဆိုရင် မင်းတို့ ဘယ်လိုခံစားရမလဲ။ အဲဒါပဲ။

ဤသို့စံယူချက်ထားသော စိတ်တိုင်းကျဆိုင်၏ အောင်မြင်မှုထဲတွင် စိတ်တိုင်းကျမုန့်များသည်လည်း အရေးပါလှသည်။ အစ ပထမပိုင်း ဖွင့်လှစ်သောကာလတွင် ပလာတာ၊ နံပြား၊ ပူရီကိုအဓိက ထားရောင်းရာမှ ပဲဟင်း၊ အာလူးဟင်း၊ ဆိတ်သားဟင်း၊ ကြက်သား ဟင်းများကိုရောင်းခဲ့သည်။ တပ်ကွေးရာသီတစ်ခုတွင် ပလာတာ ဆရာများဖျား၍ အလုပ်မဆင်းနိုင်သောအခါ ရပ်ကွက်ထဲမှ လူတစ်ယောက်ကို အကူအညီတောင်း၍ ပလာတာ ရိုက်နိုင်းခဲ့ သည်။ ထိုသူမှာ ပလာတာသမားမဟုတ်ဘဲ မုန့်ဆရာဖြစ်နေ၍ မုန့်များ စမ်းသပ်လုပ်ကြည့်ရာမှ အရမ်းရောင်းကောင်းလာခဲ့သည်။ စိတ်တိုင်းကျဆိုင်မှ ထုတ်လုပ်သော စားသောက်ကုန်များအတွက် ဈေးကို မကြည့်ဘဲ အရည်အသွေး အကောင်းဆုံးအား ရွေးချယ်၍ သုံးစေခဲ့သည်။ ထို့နောက် အရည်အသွေးကို စားသုံးသူများအတွက်

cLub 18
creative HOUSE

www.burmeseclassic.com

www.burmeseclassic.com



ရေရှည်ထိန်းထားနိုင်ရန် ကြိုးစားခဲ့ကြသည်။ ထို့ပြင် စိတ်တိုင်းကျမှ လာဝယ်သော သူများအတွက် ဝန်ဆောင်မှုပေးရာတွင် ထုပ်ပိုး ပစ္စည်းကဏ္ဍအား အထူးအလေးထားခဲ့သည်။ ယင်းထုပ်ပိုးပစ္စည်းသည် အသေးအမွှားဆိုသော်လည်း လုပ်ငန်းအတွက် အထူးအရေးကြီးပါသည်။ ဤကိစ္စနှင့် ပတ်သက်၍ ဦးအောင်ထိုက်က 'လူတစ်ယောက်က ဟင်းလာဝယ်တော့ 'ဟေ့ နောက်တစ်အိတ် ထပ်စွပ်ပေးလိုက်' ဆိုတော့ သူကကြည့်နေပြီးတော့ 'ဟာ… ကြိုက်သွားပြီ' တဲ့။ ဒီတစ်မြို့လုံးကဆိုင်တွေမှာ အဲဒီ အိတ်မပေးတဲ့ပြဿနာနဲ့ ရင်ဆိုင်ဖြစ်လာခဲ့တာ' တဲ့။ 'ခင်ဗျားကတော့ ကျွန်တော်မတောင်းဘဲ ပေးနေတယ်' တဲ့။ ကိုယ်ကပေါက်သွားမှာစိုးလို့။ ဒီအိတ်တစ်လုံးမှ ငါးမူး၊ တစ်မတ်၊ ဟိုမှာက ဆုံးရှုံးသွားမှာ ရာဂဏန်း၊ အဲဒါက စေတနာနဲ့ကိုယ်က ထည့်ပေးလိုက်တာ။ ကိုယ့်စေတနာက ငွေနဲ့တန်ဖိုးဖြတ်လို့မရတော့ဘူး။ အဲဒီစားသုံးသူဟာ မိတ်ဆွေအသိုင်းအဝိုင်း၊ ဆွေမျိုးသားချင်းတွေကို ဆိုင်ကိုခေါ်လာပြီး ကျေးမွေးပြီးတော့ အလကားကြော်ငြာပေးတော့တာပဲ။ ရပိုင်ခွင့် အခွင့်အရေးကိုပြောရရင်လည်း လူဆိုတာမတော်လောဘဆိုတာကို ဘယ်တော့မှမထားတာ ကောင်းတယ်။ အလကားရတိုင်း၊ ပေးတိုင်းယူတယ်ဆိုတာ ကောင်းကိုမကောင်းတာ။ ယူသင့်မှ ယူရတယ်။ ရသင့်တဲ့အခွင့်အရေးပဲယူရတယ်။ ပေးတိုင်းမယူရဘူး' ဟု ဆိုခဲ့သည်။

ဦးအောင်ထိုက်အနေဖြင့် အိန္ဒိယသမ္မတကြီးအဗ္ဗဒူကာလမ် သမ္မတရာထူးမှ အငြိမ်းစားမယူမီပြောခဲ့သော နောက်ဆုံးစကားလေး ကိုအမြဲမှတ်သားထားသည်ဟုဆိုသည်။ ထိုစကားမှာ **'ရည်ရွယ်ချက်တစ်ခုနဲ့ပေးတဲ့ လက်ဆောင်ပစ္စည်းကို ဘယ်တော့မှမယူပါနဲ့'** ဟူ၍ ဖြစ်သည်။

## (ဃ) လူငယ်များအတွက်သွားရမည့်လမ်း

ဆောင်မြင်သောဘဝကိုပိုင်ဆိုင်နိုင်ရန် မည်သည့်လူငယ်တိုင်းမဆို အရေးအကြီးဆုံးအချက်မှာ စာများများဖတ်ရန်ဖြစ်သည်ဟု ဦးအောင်ထိုက်က ဆိုသည်။ စာဖတ်ရာတွင်လည်း ဆရာလူထုစိန်ဝင်းပြောသည့် **'ဘယ်စာကိုဖတ်တယ်ဆိုတာထက် စာကိုဘယ်လို ဖတ်သလဲဆိုတာပိုအရေးကြီးတယ်'** ဆိုသည့်စကားကို ထောက်ပြသည်။ လက်ရှိလူငယ်များအနေဖြင့် ကြီးပွားချမ်းသာနိုင်ရန်ဖြတ်လမ်းက လိုက်ဖို့ကြိုးစားနေသည်ကို ဝမ်းနည်းဖွယ်တွေ့

cLub 18
creative HOUSE



မြင်နေရသည့်အတွက် စိတ်မကောင်းဖြစ်နေသည့် ဦးအောင်ထိုက်က လူငယ်အားလုံးကို ဤသို့ အကြံပေးသည်။ 'အခုကာလမှာက ပုံမှန်စီးပွားရေး လုပ်ငန်းဆိုတာက သိပ်ပြီး ခေတ်မစားတော့ဘူးဖြစ်နေတယ်။ ဒီမှာက 'ခွင်' စီးပွားရေးပေါ့နော်။ 'ခွင်စီးပွားရေး' ကိုစီးပွားရေးလို့ ထင်နေတယ်။ အဲဒါကို ကျွန်တော်တို့ကတော့ လုံးဝအားမပေးဘူး။ 'ဒီခွင်စီးပွားရေး' ဟာ ပုံမှန်စီးပွားရေးမဟုတ်ဘူး။ တိုင်းပြည်တစ်ပြည်ရဲ့ တိုးတက်မှုဟာ Normal Trade ဖွံ့ဖြိုးမှုဖြစ်မယ်။ အဲဒီလို 'ခွင်စီးပွားရေး' ဟာ တိုင်းပြည်ရဲ့ တိုးတက်ရာတိုးတက်ကြောင်းကို ရေရှည်အာမခံချက်ဘယ်လိုမှ မပေးနိုင်ဘူး။ အဲဒီတော့ လူငယ်တချို့ဖြစ်နေတာ ဝမ်းနည်းစရာကောင်းတာက လူကြီး၊ လူလတ်၊ လူငယ်အခုအလုပ်လုပ်တော့မယ်ဆိုရင် ပုဂ္ဂလိက အလုပ်ပဲစဉ်းစားစဉ်းစား၊ အစိုးရအလုပ်ကိုပဲ စဉ်းစားစဉ်းစား၊ ဟာ အကြံအဖန်ရှိရဲ့လား 'ခွင်' ကောင်းရဲ့လား၊ အဲဒီအတွေးအခေါ်ကို (လုံးဝ) လူငယ်တွေကိုမမွေးစေချင်ဘူး။ ကိုယ့်ရဲ့ အစွမ်းအစနဲ့ကိုယ့်ရဲ့ ဝီရိယစွမ်းအားနဲ့ ကိုယ့်ရဲ့ပတ်ဝန်းကျင်ကို လေ့လာနိုင်မှုစွမ်းအားနဲ့ နောက်ပြီးတော့ အခြေခံစိတ်ရင်း နံပါတ် (၁) ကတော့ အခြေခံစိတ်ရင်းကောင်းဖို့ပါ။ 'မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ တစ်ဘဝသာသနာ' ဆိုတဲ့ စာအုပ်ကိုဖတ်တော့လည်း အချက် (၁၀) ချက်မှာ ဆရာတော်ကြီးက နံပါတ် (၁) မှာ စိတ်ရင်းကောင်း၊ စိတ်ကောင်းမွေးဖို့ဆိုတာကို ဆရာတော်ကြီးက နံပါတ် (၁) မှာကို ထားတာ။ ပညာရှာဖို့၊ ပညာတတ်ဖို့ဆိုတာက နောက်တန်းမှာ ထားထားတယ်။ အဲဒီတော့ ကနေ့ လက်ရှိဖြစ်နေတာတွေနဲ့ ပြန်ချိန်ထိုးရင်လည်း ကမ္ဘာမှာ ဖြစ်နေတာတွေရော၊ မြန်မာမှာ ဖြစ်နေတာတွေရောကိုပါကြည့်ရင် စိတ်ကောင်းမွေးဖို့ နံပါတ် (၁) ဆိုတာ ပိုထင်ရှားလာတယ်။ ကျွန်တော်လည်း လက်တွေ့လုပ်ငန်းလုပ်နေတဲ့အခါမှာ အဲဒါကို ပိုပြီးမြင်လာတယ်။ လူငယ်တွေကိုလည်း မြင်စေချင်တယ်' ဟု သူ့ဘဝအတွေ့အကြုံကိုရင်း၍ပြောပြခဲ့သည်။

## (င) မိမိကိုယ်သာကိုးကွယ်ရာ

ဦးအောင်ထိုက်သည် စားသောက်ဆိုင်များ၌ ချိတ်ဆွဲထားသည့် စာတမ်းများအနက် **သင်ကောင်းလျှင်ကျွန်ုပ်မဆိုးပါ**ဆိုသည့် စာတမ်းကို ဖတ်ပြီး သေချာစဉ်းစားကြည့်မိသည်။ ယင်းစာ၏ တရားကိုယ်သဘောမှာ သူ့စိတ်နှင့် မကိုက်ညီ၍ တစ်ခုခု လွဲမှားနေသည်ဟု ထင်မိသည်။ အဘယ်ကြောင့်ဆိုသော်

cLub 18
creative HOUSE

www.burmeseclassic.com

www.burmeseclassic.com



ထိုစာအရ သင်ကောင်းမှ ကျွန်ုပ်မဆိုးမှာ၊ သင်မကောင်းလျှင်ကျွန်ုပ်ဆိုးမည်ဆိုသည့် သဘောထားမျိုးဖြစ်နေသည်မှာ ဗုဒ္ဓဘာသာအမြင်နှင့်ကြည့်လျှင် သူများအပေါ် အခြေအနေကြည့်ပြီးမှ မိမိရပ်တည်ချက်ကို ဖော်ပြသလိုဖြစ်နေသည် ဟုဆိုသည်။

ဦးအောင်ထိုက်က စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးမည်သည့် နယ်ပယ်တွင်မဆို ကိုယ်ကစကောင်းဖို့ ဆိုသည်မှာ အရေးအကြီးဆုံးအရာ ဟု ယုံကြည်သည်။ လူ့ဘဝ ဆိုသည်မှာ ကိုယ်ကရယူဖို့ချည်းမဟုတ်ဘဲပေးဆပ်ဖို့ လည်းလို အပ်ပါသည်။ ထို့ကြောင့် သူ၏ခံယူချက်သည်ပြဿနာကြီးများ ကိုသေးအောင်၊ သေးတာကိုပပျောက်အောင်လုပ်နိုင်သည့်သူသာ လူတော် ဖြစ်ပြီး ပြဿနာတစ်ခုကို အဖြေရှာပွဲမလုပ်ဘဲ အပြစ်ရှာပွဲလုပ်သောသူများသည် လူညံ့များဟုဆိုသည်။

လူဆိုသည်မှာမိမိလုပ်သော အလုပ်ကောင်းခြင်း၊ ဆိုးခြင်းနှင့်ပတ်သက်၍ နောက်ဆုံးရွေးချယ်စရာလမ်းမရှိလျှင် ကံတရားကို ပုံချလေ့ရှိသော်လည်း သူ့အနေဖြင့် ဤလုပ်ရပ်သည် လွဲချော်နေကြောင်း ရှင်းပြသည်။

'ကံတရားရဲ့ အကျိုးသက်ရောက်မှုဟာ နည်းနည်းပဲရှိပါတယ်။ လူတစ် ယောက်ရဲ့အောင်မြင်မှု၊ ကျဆုံးမှုဆိုတာက ကိုယ့်အပေါ်မှာတည်တယ်။ တစ်ခါတစ်ရံကျတော့ သူတို့ကထင်တာက ကိုယ်ကကြိုးစားတယ်၊ လုံလောက်အောင်ကြိုးစားတယ်။ လုံလောက်အောင် ရိုးသားတယ်လို့တချို့က ထင်ကြတယ်။ ဒါပေမယ့် တကယ်တမ်းပြောရရင် လုံလောက်အောင် မရိုးသားသေးလို့၊ လုံလောက်အောင် မကြိုးစားသေးလို့ မဖြစ်လာသေးတာတွေ အများကြီးပါတယ်။ တချို့က သူရိုးသားတယ်ဆိုတာကို ဘေးလူတွေပြောအောင် လိုက်လုပ် နေတာမျိုးတွေလည်းရှိတယ်။ အဲဒီတော့ အမှန်ဖြစ်ရမယ်။ ရင်ထဲကလာတာ ဖြစ်ရမယ်။ လူ့ဘဝမှာ ဘာအလုပ်ပဲလုပ်လုပ်ပါ။ မှန်ကန်သောကြိုးစားမှုနဲ့ တကယ့် အမှန်တကယ်ရိုးသားမှုဟာ လိုကိုလိုအပ်တယ်'။

ဦးအောင်ထိုက်လေးစားအားကျသော ပုဂ္ဂိုလ်မှာ ဒေါက်တာ နော်မန် ဗက်သွန်းဖြစ်ပြီး ထိုကဲ့သို့ကမ္ဘာကျော်ပုဂ္ဂိုလ်များသည် မိမိအကျိုးစီးပွားထက် လူ့လောက အကျိုးစီးပွားကို ရှေးရှုထမ်းရွက်သွားသော လူများဖြစ်သည်။ သူ့အနေဖြင့်လည်း ထိုကဲ့သို့ ပုဂ္ဂိုလ်မျိုးမဖြစ်သည့်တိုင် မိမိအတ္တများကို ရှေ့တန်း မတင်ဘဲ မိမိလုပ်ငန်း၊ မိမိပတ်ဝန်းကျင်၊ မိမိရပ်ကွက်အတွက် တတ်နိုင်သည့် ပရဟိတ လုပ်ငန်းများကိုဆောင်ရွက်ရင်း လူ့လောကအတွက် လာခြင်းကောင်းသော





လူတစ်ယောက်ဖြစ်ရန် ကြိုးစားလျက်ရှိသည်။

လောလောဆယ်တွင် စိတ်တိုင်းကျဆိုင်များကို စီမံခန့်ခွဲရင်း လူပျိုကြီး ဘဝဖြင့် လူမှုရေးလုပ်ငန်းများကို တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လျက်ပင်။



www.burmeseclassic.com

www.burmeseclassic.com


## ဦးကျော်မင်း



### ကိုယ်ရေးရာဇဝင်အကျဉ်း

အမည်ရင်း ကျော်မင်း။ ၁၉၆၃ ဖေဖော်ဝါရီ ၉ ရက်တွင်အဖဦးကျော်ရှင်း၊ အမိ ဒေါ်ခင်သန်းတို့မှ ဖွားမြင်သည်။ မွေးချင်း မောင်နှမ ၆ ယောက်ရှိပြီး ဗုဒ္ဓဘာသာဗမာလူမျိုးဖြစ်သည်။ တက္ကသိုလ်ဘွဲ့အနေဖြင့်B.Sc(Chemistry)ရယူထားပြီး အခြားရယူထားသောဒီပလိုမာမှာDip

in Coaching Course ဖြစ်သည
၁၉၈၃ကတည်းကမီးသတ်ဦးစီးဌာနသို့
ရောက် တာဝန်ထမ်းဆောင်သည်။ဇနီး
ဒေါ်ဝါဝါအောင်ဖြစ်ပြီးသမီးတစ်ဦးရှိသည
စာဖတ်ခြင်း၊အားကစား၊စမ်းသပ်တီထွ
ခြင်း၊ခွန့်စားခြင်း၊ ဘာသာရေးနှင့်ပရဟိ
လုပ်ငန်းများတွင်စိတ်အားထက်သန်သ



ပင်ပေါင်ကစားနည်းက
ကျွန်တော်အလုပ်နဲ့ သက်ဆိုင်နေတယ်ဗျာ။
ပုန်ကိုး မြန်ကိုး သေချာပို၊ လုံခြုံဖို့လိုကယ်။
ဒါမှအမှတ်ရတယ်။
ဒီအတွေး ဆုံးဖြတ်ချက်နဲ့
လုပ်ဆောင်ချက် ၃ ခုလုံး စီစဉ်ကျနပြီး
ပုန်ကန်မယ်ဆိုရင် ဒီပွဲမှာ
အနိုင်ရမှာ သေချာပါလိမ့်မယ်။
ဒီလိုအနိုင်ရဖို့ ကျွမ်းကျင်မှု (Skill)
ဗဟုသုတ (Knowledge)၊
အယူအဆ သဘောထား (Attitude)တွေ
ပြည့်စုံနေဖို့ လိုပါတယ်။


www.burmeseclassic.com

www.burmeseclassic.com



# မနေနိုင်၍မီးသတ်သမားလုပ်ခဲ့သူ (သို့မဟုတ်) ရဲကျော်သူ-ရဲဗလ-ရဲသူရ-ဦးကျော်မင်း

(က) ငယ်ဘဝ



ကိုကျော်မင်းသည် ၁၉၆၃ ခု ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် အဖ ဦးကျော်ရှင်း (မြို့နယ်မီးသတ်ဦးစီးမှူး) မီးသတ်ဦးစီးဌာန (ရုံးချုပ်) မွေ့စာရင်း အရာရှိနှင့် အမိ ဒေါ်ခင်သန်းတို့မှ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဥတ္တလစ် (မြောက်/အနောက်) (ယခု-ဆရာစံမြောက်/အနောက်ရပ်ကွက်)၌ မွေးဖွားခဲ့သူတစ်ဦး ဖြစ်ပါသည်။

ဦးကျော်မင်း၏ မိဘမျိုးရိုးသည် မီးသတ်မျိုးရိုးဟု ဆိုရမည်ဖြစ်ပြီး အဘိုးဖြစ်သူ ဦးပေါ်မှာ အင်္ဂလိပ်ခေတ် ရန်ကုန်မြို့၊ ကန်တော် ကလေးရပ်ကွက်တွင် မီးသတ်အစည်းအရုံးဥက္ကဋ္ဌနှင့် မီးသတ်ဗိုလ်တစ်ဦး ဖြစ်သည်။ ဦးကျော်မင်းသည်





မွေးချင်းမောင်နှမ ၆ ယောက်အနက် အငယ်ဆုံးသားဖြစ်ပြီး ငယ်စဉ်ကတည်းက တီထွင်စမ်းသပ်မှုများကို စိတ်ဝင်စားခဲ့သည်။ ထို့ပြင် အိမ် နှင့်မနီးမဝေး၌ ကျိုက္ကဆံကွင်းရှိနေသည့်အတွက် အားကစားမျိုးစုံနှင့် ရင်းနှီးကျွမ်းဝင်ခဲ့သည်။

သူသည် မူလတန်းကို ဗဟန်း အ-မ-က (၄) ၌ စတင် ပညာသင်ကြားခဲ့သည်။ အလယ်တန်းကို ယခု ဆရာစံ (တောင်) ရပ်ကွက်ရှိ အ-ထ-က (၃) (ယခင် YMBA ကျောင်း) တွင် ဆက်လက်သင်ကြားခဲ့ပြီး ၁၀ တန်းကို အ-ထ-က (၂) ဗဟန်း၌ ပညာသင်ကြားခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် ၁၀ တန်း အောင်မြင်ခဲ့ပြီး ၁၉၈၃ ခုနှစ်တွင် မီးသတ်တပ်ဖွဲ့ထဲသို့ တပ်သား အဆင့်ဖြင့် စတင်ဝင်ရောက် တာဝန်ထမ်းဆောင်ခဲ့ကာ ဓာတုဗေဒ (အထူးပြု)ဖြင့် လုပ်သားများ ကောလိပ်သို့ တက်ရောက် ပညာသင်ကြားခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် ဓာတုဗေဒ (အထူးပြု) ဖြင့် သိပ္ပံဘွဲ့ ရရှိခဲ့သည်။ နောက်ဆုံးနှစ်တွင် Qualified ဖြင့် အောင်မြင်ပြီး မဟာသိပ္ပံ အရှည်အချင်းစစ်သင်တန်းသို့ တက်ရောက်ခွင့် ရရှိခဲ့သော်လည်း ဝန်ထမ်းအလုပ်တစ်ဖက်နှင့်ဖြစ်၍ ဆက်လက် မတက်ရောက်နိုင်ခဲ့ပေ။

## (ခ) အဘိုး မီးသတ် အဖေ မီးသတ် သားမီးသတ်

ဦးကျော်မင်း၏မျိုးရိုးသည် မီးသတ်မျိုးရိုးဖြစ်သော်လည်း ထူးခြားချက်အဖြစ် အိမ်တွင်တစ်မိသားစုလုံးစာဖတ်ဝါသနာပါခြင်း ဖြစ်သည်။ အိမ်တွင် ရသမျိုးစုံ၊ ဝတ္ထုမဂ္ဂဇင်းများအပြင် တက်ကျမ်းနှင့်ဘာသာရေးစာအုပ်များ ပါရှိသည့်အတွက် ဦးကျော်မင်းသည်စာစုံဖတ်ဖြစ်ခဲ့သည်။ ၁၆ နှစ်ကျော်လာသော အခါ ဆရာပီမိုးနင်း၊ ဆရာကြီးဗကိုနိုင်၊ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်တို့၏ စာများအပါအဝင် စာမျိုးစုံကို ဖွဲ့ဖွဲ့လန်းလန်းဖတ်ခဲ့သည်။

ဦးကျော်မင်း၏ ထူးခြားမှုတစ်ရပ်မှာ ဖတ်ပြီးသည့် စာအုပ်ထဲမှ နှစ်သက်သည့် အကြောင်းအရာများကိုတွေ့လျှင် မိမိ ဒိုင်ယာရီစာအုပ်ထဲ၌ ပြန်လည်ကူးယူသိမ်းထားခြင်းပင်ဖြစ်သည်။

ဤသို့စာဖတ် ခဲ့ရခြင်း၏ ရေစေ့ဆော်မှုအဖြစ် သူကယခုလို ထင်မြင်ချက်ကို ပြန်လည်ပြောပြခဲ့သည်။

'ကျွန်တော်အများအကျိုး အတွက် ဆောင်ရွက်ခြင်းဆိုတာကို သွားတွေ့မိလာတယ်။ ပြောရရင်တော့ဗျာ အားလုံးဟာ ခဏလာကြတာပါပဲ။ အားလုံး ဒီကိုခဏလာခဲ့ကြပြီး ပြီးသွားကြရ မှာပါပဲ။ အဲဒီတော့ ဒီလိုမပြီးခင် လာနေရတဲ့ အချိန်လေးမှာ ကိုယ်ဘာတွေလုပ်ကြမလဲ လို့ပေါ့လေ။ ဗုဒ္ဓမြတ်စွာ ဘုရားရှင်က



www.burmeseclassic.com

www.burmeseclassic.com



ဆုံးမတော်မူခဲ့ပါတယ်။ သဗ္ဗေသင်္ခါ အနိစ္စာ၊ All things are flux အရာခပ်သိမ်း မမြဲဘူးတဲ့။ ဒါကိုစဉ်းစားမိတော့ အများအကျိုးအတွက် ဆောင်ရွက်တာဟာ အကောင်းဆုံးဆိုတာ ကျွန်တော် သွားတွေ့ခဲ့ပါတယ်။ အများအကျိုးအတွက် ဆောင်ရွက်စရာ လိုင်းခွဲတွေထဲမှာ ကျွန်တော်က ဘောအမှုရေးယ် တစ်ခုခုနဲ့ကြုံတွေ့ပြီး အကျဉ်းအကြပ်တွေကြားထဲမှာ အသက်ဘေးဒုက္ခ ရောက်နေသူတွေကို ကယ်တင်လွတ်မြောက်ဖို့ဆိုတဲ့ ရည်ရွယ်ချက်လေးတစ်ခု ချမှတ်လိုက်တယ်။ ဒီအတွက် လိုအပ်တာမှန်သမျှလုပ်မယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်။ အဲဒီအချိန်မှာ ဘာလုပ်လုပ်ပြီး အများအကျိုးဆောင်ရွက်မယ်ဆိုတာ ကိုတော့ မတွေးမိသေးပါဘူး’ ဟု သူကဆိုသည်။

ဦးကျော်မင်းသည်ငယ်စဉ်ကတည်းက စမ်းသပ်ရခြင်းကို ဝါသနာပါခဲ့သဖြင့် သူ၏နှုတ်ခမ်းတွင် ယခုအချိန်အထိ ဖျက်၍မရနိုင်သော အမာရွတ်တစ်ခု ရှိနေသည်။ ဖြစ်ခဲ့ပုံမှာ မိခင်ဖြစ်သူက ခေါက်မုန့်ဝယ်ကျွေးရာတွင် ဒီအတိုင်း မစားဘဲပါးစပ်မှာတော့၍ ကပ်ကြေးဖြင့်ညှပ်ပြီး စားခဲ့သဖြင့် နှုတ်ခမ်း ပဲ့ပါသွားကာ အမာရွတ်ကျန်ခဲ့ခြင်း ဖြစ်သည်။

အားကစားဝါသနာပါခြင်းနှင့် ပတ်သက်၍လည်း ငယ်စဉ်က ဘောလုံး ကန်ခြင်းအပါအဝင် အားကစားနည်း မျိုးစုံ ကစားခဲ့သည်။ ရေကူးခြင်းကိုလည်း သဲကြီးမဲကြီး ပြုလုပ်ခဲ့သည်။ ၅ တန်းကျောင်း တက်စဉ် ညနေတိုင်း အင်းယား ကန်၏ (ယခုမြကျွန်းသာ အပန်း ဖြေကစားကွင်း) နေရာ၌ ကမ်းစပ်တွင် အင်္ကျီ၊ ဘောင်းဘီချွတ်ပုံ၍ ရေကူးလေ့ရှိသည်။

တစ်ရက်တွင် ရေကူးပြီးကမ်းပေါ်သို့ ပြန်တက်လာစဉ် အဝတ်အစား များမတွေ့ဘဲ ပျောက်ဆုံးသွားသဖြင့် အိမ်သို့ အဝတ်မပါဘဲ ကိုယ်တုံးလုံးဖြင့် ပြန်လာခဲ့ရသည်။ ပြန်ရောက်သည်နှင့် အမေနှင့် အမကြီး တို့၏ အရိုက်ခံခဲ့ရပြီးနောက် ရေကူးအားကစားကို ရပ်နားခဲ့ရသည်။

အားကစားနှင့်ပတ်သက်၍ မီးသတ်တပ်ဖွဲ့သို့ဝင်ရောက်ပြီး ၁၉၉၃ ခုနှစ်တွင် ဌာန၏တာဝန်ပေးစေလွှတ်မှုအရ အားကစားနှင့် ကာယပညာ သိပ္ပံ (ကျိုက္ကဆံ) တွင်ဖွင့်လှစ်ခဲ့သည့် အားကစားနည်းပြ ဒီပလိုမာသင်တန်း အပတ်စဉ် (၁) သို့ တက်ရောက်ခဲ့ပြီး ဘောလုံးနည်းပြဒီပလိုမာ Dip In Coaching Course ကို ရရှိခဲ့သည်။ကျောင်းတက်သည့် ကာလတစ်လျှောက် ဘောလုံးကန်ခြင်းကို မပြတ်ပြုလုပ်ခဲ့သည်။

၁၀တန်း အောင်မြင်ခဲ့သောအခါ အငယ်ဆုံးသားဖြစ်သည့် အလျောက်





မိဘများက လွတ်လွတ်လပ်လပ်ဘဝကို ရွေးချယ်ခွင့်ပေးခဲ့သော်လည်း အားကစား၊ စာပေ၊ ဂီတတို့ကို ဝါသနာပါသော်လည်း ရိုးကုတ်သည့် ဖခင် ဖြစ်သူက မီးသတ်ထဲသို့သာ ဝင်စေချင်သည်။ အဘယ်ကြောင့်ဆိုသော် ဖခင် ဖြစ်သူဦးကျော်ရှင်းသည် မီးသတ်ဌာနအကြောင်း ကုန်စင်အောင်သိရှိထားသူ ဖြစ်သည့်အပြင် သားဖြစ်သူသည်လည်းမွေးကတည်းက မီးသတ်တပ်ဖွဲ့မှ ကျွေးသော ထမင်းကို စားလာခဲ့သည့် ကျေးဇူးကြောင့် မီးသတ်တွင် တာဝန်ထမ်းဆောင်ရန် တိုက်တွန်း ခဲ့သည်။

ထို့ကြောင့် ဦးကျော်မင်းသည် ဖခင်၏ လမ်းညွှန် မှုအတိုင်း ၁၉၈၃ တွင် မီးသတ်တပ်ဖွဲ့သို့ တပ်သားအဆင့်မှ စတင်ဝင်ရောက်ခဲ့ပြီး အခြေခံ မီးသတ်သင်တန်းကို ၃ လ တက်ရောက်ကာ သာကေတနှင့် စမ်းချောင်း မြို့နယ် မီးသတ်စခန်းများတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ယင်းမှ ၃ နှစ်အကြာ ၁၉၈၆ တွင် တပ်ကြပ်ကြီး (ရုံး) ရာထူးသို့တိုးမြှင့်ခံခဲ့ရပြီး စမ်းချောင်း မီးသတ်စခန်း၌ပင် တာဝန်ချထားခြင်း ခံခဲ့ရသည်။ တပ်ကြပ်ကြီး(ရုံး) ရာထူးအဆင့်ဖြင့် ၂ နှစ် တာဝန်ထမ်းဆောင်ပြီးသောအခါ မီးသတ်တပ်စုမှူး အရာရှိငယ် စာမေးပွဲ ဝင်ရောက် ဖြေဆိုခွင့် ရရှိခဲ့သည်။

ယင်းနောက် ၁၉၈၉ ခုနှစ်၌ မန္တလေးမြို့ ရဲအတတ်သင် သိပ္ပံကျောင်းတွင် တပ်တွင်း ဒုရဲအုပ်လောင်း သင်တန်း အပတ်စဉ် (၁၃)နှင့် ရန်ကုန်မြို့ မီးသတ် သင်တန်းကျောင်းတွင် မီးသတ်တပ်စုမှူးလောင်း သင်တန်း အမှတ်စဉ်(၄) ကို တက်ရောက်အောင်မြင်ခဲ့သည်။

ထို့နောက် မီးသတ်တပ်စုမှူးရာထူးဖြင့် မီးသတ်ဦးစီးဌာနရုံးချုပ်၊ မီးသတ်ဦးစီးဌာနခွဲ၌ တာဝန်ချထားခံခဲ့ရသည်။ ဦးစီးဌာနခွဲတွင် ၆ လ တာဝန် ထမ်းဆောင်ခဲ့ပြီး လှိုင်မြို့နယ် မီးသတ်စခန်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ သည်။ လှိုင်မြို့နယ်မီးသတ် စခန်း၌တာဝန်ထမ်းဆောင်စဉ် လှိုင်မြို့နယ် တရားရုံးမှ ကျောင်းနေဘက်သူငယ်ချင်း ဒေါ်ဝါဝါအောင်နှင့်လက်ထပ်ခဲ့သည်။

## (ဂ) ဘဝ၏အရေးပါသောအလှည့်အပြောင်း

လှိုင်မြို့နယ်မီးသတ်စခန်း၌ တာဝန်ထမ်းဆောင်စဉ် ၂၁-၅-၁၉၉၁ နံနက် ၇နာရီခန့်၌ လှိုင်မြို့နယ် ၁၃ ရပ်ကွက် အသောကလမ်းရှိရေတွင်းထဲ၌ လူတစ်ယောက်ကျနေကြောင်း သတင်းပို့၍ သွားရောက်ကယ်တင်ခဲ့သည်။

ဖြစ် ပွားပုံမှာ ရေတွင်းယောင်း တစ်ခုတွင် ကြောင်တစ်ကောင်ကျသွား၍



www.burmeseclassic.com

www.burmeseclassic.com



ကြောင်ပိုင်ရှင်မှ အကူအညီတောင်းခံရာ ကိုသန်းငြိမ်းဆိုသူမှ ဆင်းဆယ်စဉ်ရေတွင်းထဲ၌ အောက်စီဂျင် ပြတ်တောက်၍ အသက်ရှူကျပ်မေ့မြောသွားခြင်း ဖြစ်သည်။

ရေတွင်းဟောင်းသည် နှစ်များစွာအသုံးမပြုတာကြာပြီဖြစ်၍ လေထဲမှ ကာဗွန်နိုင်အောက်ဆိုဒ် ဓာတ်ငွေ့များနိုအောင်းပြီး ထုထည်များပြားနေသည့် အတွက် သတိလစ်မေ့မျောသွားခြင်း ဖြစ်သည်။ ဦးကျော်မင်းနှင့် တပ်ဖွဲ့ဝင် ၂ ဦးသည် ကိုသန်းငြိမ်းအား ရေတွင်းပျက်အတွင်းသို့ ခက်ခက်ခဲခဲ ဆင်းသက်ပြီး ကယ်တင်ကာ အသက်ရှင်သည်အထိ ပြုစုကုသပေးခဲ့သည်။

ထိုအချိန်က ခေတ်မီအသက်ကယ် ပစ္စည်း ပြည့်စုံစွာမရှိသော်လည်း လျှပ်တစ်ပြက် ဖြတ်ထိုးဉာဏ်သုံး၍ ခက်ခဲစွာ ကယ်တင်ပြီး ရှေးဦးသူနာပြုနည်းဖြင့် အသက်ရှင်အောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် နိုင်ငံတော်မှ ဦးကျော်မင်းအား **စွမ်းဆောင်မှုဆိုင်ရာ ရဲကျော်သူတံဆိပ်**အား ချီးမြှင့်ခဲ့သည့်အပြင် ကျန်တပ်ဖွဲ့ဝင် နှစ်ဦးကိုလည်း **ရဲကျော်သူနှင့် ရဲသူရိန် တံဆိပ်များ ချီးမြှင့်ခဲ့သည်။**

ယင်းဖြစ်ရပ်သည် ဦးကျော်မင်း၏ ဘဝအတွက် အရေးပါသော အလှည့်အပြောင်းဖြစ်ပြီး ထိုသို့ လူတစ်ယောက် အသက်ရှင်ရန် ကယ်တင်နိုင်လိုက်သည့်ပီတိသည် မည်သည့်အရာနှင့်မှ နှိုင်းယှဉ်၍မရအောင် ဝမ်းသာ တန်ဖိုးထားမိခဲ့သည်။ ထို့ပြင် ငယ်စဉ်ကတည်းက ရည်ရွယ်ထားခဲ့သောအများ အကျိုးအတွက် ဆောင်ရွက်လိုစိတ်၏ အဖြေကိုလည်း တစ်ဆက်တည်း ရှာဖွေတွေ့ရှိသွားခဲ့သည်။

## (ဃ) ဘဝနှင့်ရည်မှန်းချက် တစ်ထပ်တည်းကျခြင်း

ဦးကျော်မင်းသည် ၁၉၉၃ ခုနှစ်တွင် ဒုတိယမီးသတ် ဦးစီးမှူးရာထူး တိုးမြှင့်ခံရပြီး တောင်ငူသို့ တာဝန်ချထားခံခဲ့ရသည်။ ၁၉၉၄ ခုနှစ်တွင် မီးသတ်သင်တန်းကျောင်း (ရန်ကုန်)သို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ၁၉၉၈ ခုနှစ်အထိ သင်တန်းမှူးတာဝန် ထမ်းဆောင်ခဲ့သည်။ မီးသတ်သင်တန်းကျောင်း (ရန်ကုန်) တွင် တာဝန်ထမ်းဆောင်စဉ် ၁၆-၉-၁၉၉၇ မှ ၁၅-၁၁-၁၉၉၇ အထိ ၃ လ တာ ဂျပန်နိုင်ငံသို့ပညာတော်သင်အဖြစ် ရွေးချယ်ခံခဲ့ရပြီး အသက်ကယ်လုပ်ငန်းနှင့်ပတ်သက်သည့် ဘာသာရပ်တစ်ခုကို တက်ရောက်သင်ကြားခဲ့ရသည်။ ယင်းဘာသာရပ်မှာ Group Training Course in Rescume & First Aid Technique Course (အသက်ကယ်နည်းစနစ်ကျွမ်းကျင်မှုနှင့် ရှေးဦးပြုစုခြင်း နည်းစနစ်သင်တန်း) ဖြစ်ပြီး တိုကျိုမီးသတ်အကယ်ဒမီတွင် အခြေပြု၍ တိုကျို၊





ကျိုတို၊ ပိုကို ဟားမား၊ နီဟား ကာဝါဆာကီ စသောမြို့များရှိ မီးသတ်ဌာနချုပ်များတွင် သင်ခန်းစာပေါင်းစုံကို လေ့ကျင့်သင်ကြားခဲ့ရသည်။

ပညာတော်သင်မှ ပြန်ရောက် လာသည့်အခါတွင် စမ်းသပ်တီထွင်မှု ဝါသနာပါခြင်း၏ စေ့ဆော်မှုအရ ဂျပန် နိုင်ငံတွင်ပင် မရှိသေးသည့် အထပ်မြင့် တိုက် အသက်ကယ် နည်းစနစ်ဖြစ်သည့် ဇောက်ထိုးဆင်းခြင်း နည်းစနစ်နှင့် အပြေးဆင်းခြင်း နည်းစနစ်အသစ် နှစ်ခုကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အတွက် တီထွင်နိုင်ခဲ့သည်။ တစ်ဆက်တည်းမှာပင် ဦးကျော်မင်းသည် အသက်ကယ် လုပ်ငန်းသုံး ပစ္စည်း (၈) မျိုးကို ပြည်တွင်းရှိ ပစ္စည်းများကို အသုံးပြုကာ အစားထိုး တီထွင်နိုင်ခဲ့သဖြင့် တိုင်းပြည်အတွက် နိုင်ငံခြားငွေယိုဖိတ်မှု သက်သာစေခဲ့သလို နိုင်ငံတော်မှချီးမြှင့်သော **စက်မှုစီးပွားထူးချွန်** (**တတိယ အဆင့်**) တံဆိပ်ကို ၂၀၀၁ ခုနှစ်တွင် ရရှိခဲ့သည်။

ဦးကျော်မင်းသည် ၁၉၉၈ ခုနှစ်တွင် စမ်းချောင်းမြို့နယ် မီးသတ်စခန်းသို့ မြို့နယ် မီးသတ်ဦးစီးဌာနမှူး အဖြစ် ရာထူးတိုးမြှင့်ခြင်းခံခဲ့ရပြီး ၂၃-၅-၁၉၉၉ ခုနှစ်တွင် အသက်ကယ်ရွှင့် ဖြစ်ရပ်တစ်ခုနှင့် ဆိုက်ဆိုက်မြိုက်မြိုက် ကြုံတွေ့ရပြန်သည်။ ဖြစ်စဉ်မှာ လမ်းမတော်မြို့နယ်ရှိ ၆ ထပ်တိုက်ဟိုတယ်တစ်ခု၏ ၄ လွှာတွင် အမျိုးသမီး တစ်ယောက်သည် သူလိုချင်သည့် အခွင့်အရေးများအား တောင်းဆို၍ မပေး လျှင် ခုန်ချမည်ဟူ၍ Reception သို့ ဖုန်းဆက်ပြီးခြိမ်းခြောက်အကျပ်ကိုင်ခြင်း ဖြစ်သည်။

ဦးကျော်မင်း ဦးဆောင်သောအသက်ကယ်အဖွဲ့သည် ၆ ထပ်မှ ကြိုးဖြင့် လျှို့ဝှက်ဆင်း၍ ထိခိုက်ဒဏ်ရာများ မရရှိသည်အထိ ရဲဝင့်စွာနှင့်စွာ ကယ်တင်နိုင် သည့်အတွက် နိုင်ငံတော်မှ ၂၀၀၀ ပြည့်နှစ်တွင် စွမ်းရည်သတ္တိ ဆိုင်ရာ **ရဲဗလတံဆိပ်**ကို ချီးမြှင့်ခံရသည့်အပြင် ကျန်တပ်ဖွဲ့ဝင်(၃)ဦးမှာလည်း ဆုတံဆိပ်များ ချီးမြှင့်ခံခဲ့ရသည်။

နောက်ဖြစ်စဉ်တစ်ခုမှာ ၁၇-၃-၂၀၀၂ ခုနှစ် ရန်ကုန်မြို့ ပန်းဆိုးတန်းရှိ ကုန်သွယ်လယ်ယာရုံးမီးလောင်စဉ်က ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ဦးကျော် မင်းနှင့် စမ်းချောင်းမီးသတ်တပ်ဖွဲ့ မီးငြိမ်းနေစဉ်ရုံး၏ အပေါ်ဆုံးအထပ် ထောင့်စွန်းတွင် မီးလောင်မှု ကြီးမားကျယ်ပြန့်နေခြင်းကြောင့် လူတစ်ယောက် ပြေးပေါက်မရှိဘဲ ပိတ်မိနေရာမှကယ်တင်ခဲ့ရခြင်း ဖြစ်သည်။ ထိုသူမှာ ဦးတင်မြင့် ဆိုသည့် အသက် ၅၁ နှစ်အရွယ်ဝန်ထမ်းတစ်ဦးဖြစ်သည်။ မီးအပူရှိန်ကို မခံနိုင်၍ ပြတင်းပေါက် ဘောင်ပေါ်တွင် မတ်တတ်ရပ်လျက် သူ့အားကယ်ရန် အောက်သို့ အကူအညီ



www.burmeseclassic.com

www.burmeseclassic.com



တောင်းခံနေသည်။

ထိုအချိန်တွင် အပူရှိန်ကို မခံနိုင်သည့်အဆုံး ကျိုးကျိုးပဲ့ပဲ့ အောက်သို့ ခုန်ချရတော့မည်။ 'Nothing is more Precious than life'ကိုး။ ခုန်ချလျှင်လည်း အသက်ဆုံးရှုံးမည်မှာ သေချာသလောက် ဖြစ်သည်။

ထိုစဉ် ရုံး၏ အထပ်တိုင်းတွင်လည်း မီးမှာ အရှိန်အဟုန် ပြင်းထန်စွာ လောင်ကျွမ်းလျက် ရှိသည်။ ထိုအခြေအနေ၌ ဦးကျော်မင်းသည် တစ်ဖွဲ့ဝင် ၄ ဦးပါသော အသက်ကယ် အဖွဲ့ကို အမြန်စုစည်းလျက်လိုအပ်သည့် အသက်ကယ် လုပ်ငန်းသုံးပစ္စည်းများ ယူဆောင်ကာ အပေါ်ဆုံးထပ်သို့ လှေကား အတိုင်း တက်ရောက်ခဲ့သည်။ အပေါ်ထပ်အရောက်တွင် မီးလောင်မှု အရှိန်အဟုန် ပိုမိုပြင်းထန်လာခြင်း၊ သွပ်ပြားများ၊ ထုတ်တန်းများပြုတ်ကျခြင်း၊ ကြမ်း ခင်းများ မီးလောင်ပြုတ်ကျခြင်း၊ အပူရှိန်နှင့် မီးခိုးများပြားလာခြင်းတို့ကြောင့် ဦးတင်မြင့်ထံ သွားရောက်ကယ်တင်နိုင်မည့် လျှောက်လမ်းမရှိဘဲ (ကြမ်းခင်းတစ်ခုလုံး ပြိုကျသွားခြင်းကြောင့်) ကယ်တင်ရန် အခွင့်မသာဘဲ ရှိနေခဲ့ပါသည်။ ထို့ကြောင့် ဦးကျော်မင်းသည် အားမလျှော့ဘဲ အောက်ထပ်သို့ပြန်ဆင်း၍ ကယ်တင်နိုင်မည့် နည်းလမ်းကို အလျှင်အမြန် ရှာဖွေခဲ့သည်။

ထို့နောက် ပေါ်တီကိုခေါင်မိုးပေါ်တွင် လှေကားတိုတစ်စင်း ထောင်ပြီး ကျန်တပ်ဖွဲ့ဝင် ၃ ဦး၏ အကူအညီကိုရယူကာ ဦးတင်မြင့်ထံ ရောက်ရှိသည် အထိ အဆောက်အဦးကော်လံ ၂ ခုကြားထဲသို့ဝင်၍ တစ်ဖက်ကို ခြေထောက် ဖြင့်ကန်ကာ တစ်ဖက်ကို ကျောဖြင့်ထိန်းပြီး အပေါ်ထပ်သို့ ပင်ပန်းကြီးစွာ တက် ရောက်ခဲ့သည်။ ဦးတင်မြင့်ထံ ရောက်သောအခါ တိုက်နံရံသို့ ကန့်ထား သည့် ပေါင်ပေါ်တွင် ထိုင်စေပြီး ခါးမှပွေ့ကာ ကော်လံနှစ်ခုကြားမှ ကျားကန်၍ ကယ်တင် နိုင်ခဲ့သည်။ အကယ်၍ တစ်စုံတစ်ခုသာ ချွတ်ချော်ခဲ့ပါက နှစ်ယောက်လုံး၏ အသက်သည် တွေးမှန်းရာပင်မရှိ။

ဤသို့ အန္တရာယ်စက်ကွင်းမှ လူတစ်ယောက်အား မိမိ အသက်ကိုမငဲ့ ကွက်ဘဲ အနစ်နာခံ၍ ရဲဝံ့စွန့်စား ကယ်တင်နိုင်သည့်အတွက် နိုင်ငံတော်မှ ဦးကျော်မင်းအား ၂၀၀၃ ခုနှစ်တွင် စွမ်းရည်သတ္တိဆိုင်ရာ ရဲသူရဲတံဆိပ်ကို ချီးမြှင့်ခံရသည့်အပြင် ကျန်တပ်ဖွဲ့ဝင်(၃)ဦးမှာလည်း စွမ်းရည်သတ္တိဆိုင်ရာ ဆု တံဆိပ်များ ရရှိခဲ့သည်။

ဦးကျော်မင်းအနေဖြင့် ဖော်ပြထားသည့် ဆုတံဆိပ်ပေါင်းများစွာကို ရရှိခဲ့သလို သူ့ဘဝတွင်မမေ့နိုင်သည့် ကယ်ဆယ်ရေးအဖြစ်အပျက်တချို့လည်း

cLub 18
creative HOUSE



ရှိခဲ့ပါသည်။

ဥပမာအားဖြင့် ၂၀၀၃ နှစ်တွင်လှိုင်မြို့နယ် ၃ ရပ်ကွက် ၅ ထပ် တိုက်မီးလောင်မှုတစ်ခု၌ မီးလောင်မှုအတွင်း ပိတ်မိနေသည့် မိသားစု ၅ ဦးကို ကယ်တင်ခဲ့ခြင်း၊

တိုက်ကြီးမြို့နယ် အဖျောက်သဘာဝဓာတ်ငွေ့တွင်း မီးလောင်မှုတွင် တစ်နေ့နှင့် နေ့တစ်ဝက်မျှကြာအောင် မီးငြိမ်းသတ်ခဲ့ခြင်း၊

ရွှေတုံသာလမ်း အထပ်မြင့်တိုက် မီးလောင်မှုတစ်ခုအတွင်း စွန့်စွန့်စားစား ငြိမ်းသတ်ခဲ့ခြင်း၊

မဟာဗန္ဓုလလမ်းနှင့် ဗိုလ်မြတ်ထွန်းလမ်းထောင့် ၁၀ ထပ်တိုက် ခေါင်မိုး ပေါ်မှ ခုန်ချရန်ကြိုးစားနေသူ မောင်ကျော်စိုး (အသက် ၂၃ နှစ်) အားသွားရောက် ကယ်တင်ခဲ့ခြင်းနှင့်

၂၀၀၃ ခုနှစ် မင်္ဂလာတောင်ညွန့်မြို့နယ် ၁၁၆ လမ်းတွင် တိုက်ပြို၍ တက္ကသိုလ်ကျောင်းသူ ၃ဦး ပိတ်မိနေခဲ့ရာ အဆောက် အဦပျက်အတွင်းမှ ၂ ဦးကို အသက်ရှင်လျက် ကယ်တင်နိုင်ခဲ့ခြင်းတို့ ဖြစ်သည်။

ထိုဖြစ်စဉ်နှင့်ပတ်သက်၍ ဦးကျော်မင်းက ဤသို့ ပြန်လည်ပြောပြခဲ့ သည်။

'၁၁၆ လမ်းဖြစ်စဉ်ကတော့ မင်္ဂလာတောင်ညွန့်၊ ၁၁၆ လမ်းနဲ့ ဗိုလ်မင်းရောင် လမ်းထောင့် ၄ ထပ် တိုက်တစ်လုံးဟာ မနက်၅ နာရီခွဲလောက် မှာ ပြိုကျခဲ့ပါတယ်။ မြေညီထပ်မှာက လူမရှိဘူး။ ကျန်တဲ့လူတွေကလည်း လွတ်ထွက်သွားတယ်။ အဲဒီတက္ကသိုလ်ကျောင်းသူလေး ၃ ယောက်က ပထမထပ်မှာ အဆောင် ငှားနေကြတာ။ အဲဒီတိုက် Foundation က ကြေထွက်သွားပြီး ကျွံဝင်သွားသလိုမျိုး ဖြစ်ခဲ့တာပါ။ အဲဒီ ဖောင်ဒေးရှင်းနေရာကို အပေါ်က အထပ်တွေက အစား ဝင်ယူသွားတာပေါ့ဗျာ။ ပထမထပ်က မြေကြီးထဲရောက်သွားပြီး ဒုတိယထပ်က မြေကြီးပေါ် နည်းနည်း တင်ကျန်ခဲ့ တယ်။ အပေါ်ထပ်တွေက လူတွေကတော့ အဆောက်အဦ ရွှဲစောင်းနေချိန်မှာ ခုန်ချလွတ်မြောက်သွားခဲ့ကြပြီး ကျောင်းသူလေး ၃ ယောက်ကတော့ ပြိုနေတဲ့အဆောက်အဦရဲ့ အောက်ဆုံး နေရာ မြေကြီးထဲမှာ လုံးဝပိတ်မိနေခဲ့တယ်။ ကျွန်တော်တို့ သတင်းရလို့ အခင်း ဖြစ်ရာကိုရောက်တာနဲ့ အမြန်ဆုံးလူရှိမယ့်နေရာကို စုံစမ်းတွက်ချက် လို့ခြံမှု ရယူနေရာရွေးချယ်ပြီး အသက်ကယ်လုပ်ငန်းကို အမြန်ဆုံး စတင်ခဲ့ပါတယ်။ အချိန်ကြာတာနဲ့အမျှ အသက်အန္တရာယ် ဆုံးရှုံးမှု

cLub 18
creative HOUSE

www.burmeseclassic.com

www.burmeseclassic.com



ရှိလာနိုင်တဲ့အတွက် စက္ကန့် တိုင်းဟာ အရေးကြီးပါတယ်။

အဲဒီလို Building Colleapse Rescue ကခက်တယ်ဗျ။ တစ်စုံတစ်ခု တွက်တာချက်တာမှားသွားခဲ့ရင် 2nd Shock ထပ်ဖြစ်တတ်ပြီး ကယ်တဲ့သူရော အကယ်ခံရတဲ့သူတွေပါ အချိန်မရွေး သေသွားနိုင်တယ်။

အဲဒါကို အများကြီးတွက်ချက်ရ ပါတယ်။ တွက်ချက်တဲ့အခါမှာလည်း မှန်ဖို့မြန်ဖို့ သေချာဖို့နဲ့ လုံခြုံမှုရှိဖို့ လိုအပ် ပါတယ်။ နောက်ပြီး Building Colleapse Resuce မှာက အင်ဂျင်တို့၊ မော်တာနဲ့ တပ်ထားတဲ့ ခေတ်မီ အသက်ကယ်ပစ္စည်းတွေ အသုံးပြုလို့ မရပါဘူး။ သုံးရင် ထွက်ပေါ်လာမယ့် မီးနီးတွေရယ်၊ တုန်ခါမှုတွေရယ်ကြောင့် အန္တရာယ် ထပ်ဖြစ်လာနိုင်တယ်။ ဒီတော့ Manual တွေပဲ သုံးရတာပေါ့ဗျာ။ သံတူရွင်း၊ ဇွန်း၊ တူ၊ သံဖြတ်လွှ၊ သစ်သားဖြတ်လွှ၊ ဂေါ်ပြား၊ ပေါက်တူးတွေစတဲ့ လက်သုံး ကိရိယာတွေနဲ့ ကယ်တင်ရပါတယ်။

အတိုဆုံးလမ်းကြောင်းအဖြစ် ရွေးချယ်ထားတဲ့ စတင်ဖောက်တွင်းတဲ့နေရာမှာ ပုရွက်ဆိတ်တွေ အများကြီးအုံခဲနေတယ်။ နေရာရွှေ့ပြီးဖောက်လို့လည်းမဖြစ်တော့ ကိုက်ချင်ကိုက်ပါစေ။ ငါတို့ အကိုက်ခံပြီး ဖောက်မယ်ဆိုပြီး ဖောက်လိုက်တာ ကိုက်လိုက်တဲ့ ပုရွက်ဆိတ်။ တစ်ကောင် တစ်ကောင်ကို ပွားကောင်လောက် ရှိတယ်။ ဒီလိုနဲ့ ပထမနေရာကို ဖို့နဲ့ ဖောက်လိုက်ပြီး အတွင်းကို ရှင်းလိုက်တော့ အသက်မရှိတော့တဲ့ မိန်းကလေး တစ်ယောက်ရဲ့ ရုပ်အလောင်းကို တွေ့ရတယ်။ ခေါင်းပေါ်မှာ Beam တန်းကြီးဖိပြီး သေနေပြီ။ ဖြစ်ဖြစ်ချင်းခေါင်းပေါ်ကို တန်းပြုတ်ကျခဲ့တယ်နဲ့ တူပါတယ်။ အသားအရေက အေးစက်နေပြီ။ လက်ကောက်ဝတ်သွေးကြော စမ်းကြည့်တော့လည်း သွေးမခုန်တော့ဘူး။

အဲဒီနောက် သူ့ကိုကျော်ပြီး ထပ်ဖောက်ရတယ်။ ကြွက်တွင်းတူးသလို လူတစ်ကိုယ်စာလေးပဲ။ တိုက်ပြိုထဲမှာ အဂ်တေတွေ၊ သံချောင်းတွေ၊ သစ်သားအကျိုးအပဲ့တွေ ရောထွေးနေတယ်။ ဒါတွေကို ဇိုနဲ့ဖြတ်လိုက်၊ သံဖြတ်လွှနဲ့ဖြတ်လိုက် ဂေါ်ပြားနဲ့ခြစ်ထုတ်လိုက် လုပ်ရတယ်။ သံချောင်းတွေဖြတ်တော့လည်း ဝမ်းလျားထိုးမှောက်ပြီး နှစ်ဘက်လုံးကို ဖြတ်ရတယ်။ ဒီလို ကျပ်ကျပ်တည်းတည်း တစ်လှည့်စီလုပ်ရင်း ၇ ပေအကွာ လောက်မှ ဒုတိယတစ်ယောက်ဆီကိုရောက်တယ်။ ရောက်တော့ပီညှပ်နေတာ တွေ့ လွှတ်အောင်လုပ်ပြီး ထုတ်ခဲ့ရတယ်။ ကံအားလျော်စွာပဲ သူ့မှာ ကြီးကြီး ကျယ်ကျယ် ထိခိုက်ဒဏ်ရာမရခဲ့ဘူး။ ၁ နာရီအတွင်း သူ့ကို ကယ်နိုင်ခဲ့ပါတယ်။ ပြီးတာနဲ့





Ambulance ကားနဲ့ ဆေးရုံပို့ခဲ့တယ်။

နောက်ဆုံးကျန်တဲ့တစ်ယောက်ကို နောက်ထပ် ၁ နာရီလောက်အကြာမှာ မြေကြီးထဲ ပေ ၂၀ အကွာလောက် အထိ ဖောက်ထွင်းပြီး ကယ်လိုက်နိုင်ပြန်တယ်။ သူလည်း ဘာဒဏ်ရာမှမရဘူး။ ၂ နာရီအတွင်း ဒီလို အောင်အောင်မြင်မြင် ကယ်နိုင်တဲ့အတွက် ကျွန်တော်တို့ ရော၊ အဲဒီ ပတ်ဝန်းကျင်မှာရှိတဲ့လူတွေရော အားလုံး ဝမ်းသာကြရတယ်။ သေဆုံးနေတဲ့ မိန်းကလေးရဲ့ ရုပ်အလောင်းကိုတော့ တာဝန်ရှိသူတွေရဲ့ ညွှန်ကြားချက်အတိုင်း ဆရာဝန် အတည်ပြုချက် ရယူပြီး မြို့တော်စည်ပင်က ဘက်ပိုးကြီးနဲ့ခုတ်၊ ကရိန်းတွေအသုံးပြုပြီး ဝိုင်းဝန်းသယ်ထုတ်ခဲ့ရပါတယ်။

ဤသို့ဖြင့် ဦးကျော်မင်းသည် သူငယ်ငယ်က ရည်မှန်းခဲ့သော အများအကျိုးဆောင်ရွက်လိုသည့်အလုပ်ကို သူဝင်ရောက် တာဝန်ထမ်းဆောင်ခဲ့သည့် မီးသတ်တပ်ဖွဲ့တွင် ဆောင်ရွက်ခွင့်ရရှိခဲ့သည့်အတွက် လက်တွေ့ဘဝနှင့် ရည်မှန်းချက် တစ်ထပ်တည်းကျကာ ကျေနပ်နိုင်သူတစ်ယောက်အဖြစ် ထူးထူး ခြားခြား တွေ့မြင်ရသည်။

သူသည်ဖြစ်စဉ်အားလုံးတွင် အဓိကပါဝင်ခဲ့ရခြင်း၏ အကြောင်းရင်းကို မေးမြန်းကြည့်ရာတွင် ဤသို့တိုတိုနှင့်လိုရင်း ပြန်ဖြေခဲ့သည်။ သူ့စကားမှာ **'မနေနိုင်လို့လုပ်လိုက်တာပါ'** ဟူ၍ဖြစ်သည်။

### (င) လူငယ်များအပေါ် ပတ်ဝန်းကျင်၏ရိုက်ခတ်မှု

ကိုကျော်မင်းအနေဖြင့် စာရုံပတ်သည့်ဝါသနာနှင့်ဗီဇကို ဖခင်ဖြစ်သူ ထံမှ ရရှိခဲ့သည့်အတွက် ဖခင်၏အငိုပ် ဩဇာလွှမ်းမိုးမှုလည်း ရှိခဲ့သည်။ သူ၏ ဖခင်က သားဖြစ်သူ၏မွေးနေ့တွင် ဆရာ အောင်သင်း၏ ခံယူချက်သဘောတား တစ်ခုကို လက်ဆောင်ပေးခဲ့သည်။

ထိုသဘောတားမှာ 'လူတစ်ယောက်တာပြော တယ်ဆိုတာ ကြည့်စရာ မလိုဘူး။ သူဘာလုပ်သလဲ ဆိုတာကိုပဲ ကြည့်ရမယ်' ဆိုသည့်သဘောတား ဖြစ်သည်။

ဖခင်ဖြစ်သူ၏ ထိန်းသိမ်းပုံပြင်ဆုံးမမှုအောက်တွင် ရှင်သန်ရင်း ဘဝနှင့် လက်တွေ့ တစ်ထပ်တည်းကျခဲ့ခြင်း ဖြစ်သည်။ မိဘများသည် ကိုကျော်မင်း



www.burmeseclassic.com

www.burmeseclassic.com



အား ဘဝလမ်းကြောင်းရွေးချယ်ရာတွင် မီးသတ်နှင့် အခြားအလုပ်များကို နှိုင်းယှဉ်ပြခဲ့ပြီး လွတ်လပ်စွာ ရွေးချယ်စေခဲ့သည်။ ကိုကျော်မင်းအနေဖြင့် မီးသတ်တပ်ဖွဲ့၏ အရေးပါမှုကို ပြည်သူလူထုကြားတွင် ၁၉၉၈ ခုနှစ်မှစတင်ကာ မိတ်ဆက်နိုင်ခဲ့ပြီး စာမျက်နှာသစ်များ ဖွင့်လှစ်နိုင်ခဲ့သည်။

မီးသတ်တပ်ဖွဲ့အနေဖြင့် အရေးပေါ်အသက်ကယ်ဆယ်ရေးကိစ္စများကို ဆက်တိုက် လုပ်ဆောင်နိုင်ခဲ့သည့် အတွက် လက်ရှိအခြေအနေတွင် ပြည်သူလူထုသည် မီးသတ်တပ်ဖွဲ့အပေါ် အားကိုးယုံကြည်မှုများ ဖြစ်တည်လာပြီ ဖြစ်သည်။

ဦးကျော်မင်းအားမိဘများက မည်သည့်ကိစ္စမဆို တင်းတင်းကြပ် ကြပ် မချုပ်ချယ်သလို ရွေးချယ်ခွင့်ပေးထားခဲ့သော်လည်း မိမိဘဝတစ်လျှောက် ဖတ်ခဲ့သောစာများက မိမိ၏ဘဝအား ပြဌာန်းစေခဲ့သည်။ လက်ရှိသူ၏မိသားစု တွင် သားသမီးမရသေးသော်လည်း ငယ်စဉ်ကတည်းက သမီးတစ်ယောက် နှီးတိုက်မွေးစား၍ ပြုစုပျိုးထောင်ခဲ့သည်။ ယခုအခါ သမီးဖြစ်သူသည် ၃ တန်းသို့ တက်ရောက်ပညာသင်ကြားလျက် ရှိသည်။ ဦးကျော်မင်းက သမီး ဖြစ်သူအား အားကစားတွင် ထူးချွန်စေရန်အတွက် အခြေခံအကျဆုံးဖြစ်သည့် ရွမ်းဘားပညာအား သင်ပေးထားသည်။ အားလပ်ချိန်တွင် ကွန်ပျူတာ နည်းပညာနှင့် အခြား ဝါသနာ ပါသည့်အရာများကို လေ့လာစေသည်။

သို့သော် သားသမီးနှင့်ပတ်သက်၍ ကိုကျော်မင်းက 'သူ့ဝါသနာပါ တာကိုသူသွား။ အခု လောလောဆယ်မှာတော့ သူဘာကိုပြင်းပြင်းထန်ထန် ဝါသနာပါမယ်ဆိုတာ မဆုံးဖြတ်တတ်သေးဘူး။ သူက သီချင်းတော့ တော်တော်ပိုင်ပိုင်နိုင်နိုင် ဆိုတတ်တယ်။ ဒါပေမယ့် ကျွန်တော် အတင်း မတိုက်တွန်းပါဘူး။ သူ့အရွယ် ရောက်လာတဲ့အချိန်မှာသူ့လမ်းကြောင်း ကို သူရွေးချယ်ပါလိမ့်မယ်။ ကလေး ကိုပုံစံချပြီး ဆရာဝန်ဖြစ်မှ၊ အင်ဂျင်နီယာ ဖြစ်မှဆိုပြီးတော့ မရိုက်သွင်းဘူး။ အားလုံး လူ့ဘဝကြီးထဲကို ခဏလာကြတာပဲ။ ဒီခဏတာမှာ လုပ်သင့်လုပ်ထိုက် တာ၊ ကိုယ်ရည်ရွယ်ရာကို အကောင်းဆုံး လုပ်နိုင်ရင်ကျေနပ်ရမှာပါ' ဟု ဆွေးနွေး ပြောဆိုခဲ့သည်။

လူတစ်ယောက်အောင်မြင်ရာတွင် ပတ်ဝန်းကျင်၊ မိဘနှင့် ကံတရား ၃ ခုလုံးသည် အချိုးကျ ပေါင်းစပ်ပြီးမှ ဖြစ်ပေါ်နိုင်သော်လည်း မည်သည့်မျှော်ကိုးချက် နှင့်မဆို လုပ်ကိုင်ဆောင်ရွက်ခြင်းသည် ရိုးသားမှုကို တန်ဖိုးယုတ်လျော့စေသည်ဟု ဦးကျော်မင်းမှ ယူဆသည်။





သူ့အနေဖြင့် ပင်ကိုဗီဇ မည်မျှအားကောင်းသည်ဖြစ်စေ၊ အားမကောင်း သည်ဖြစ်စေ ကံကိုယုံ၍ မယ်ဖွဲ့၍ လူငယ်အများစုအနေဖြင့် မဖြတ်သန်းစေလို ကြောင်းနှင့် ဘဝအတွက် အကောင်းဆုံးလက်နက်မှာ များများစာဖတ်ခြင်း၊ များများ စိတ်ကောင်းမွေးခြင်းနှင့် များများအလုပ်အလုပ်ခြင်းပင် ဖြစ်သည် ဟု ဆိုသည်။

## (၈) ဘဝရဲ့အဓိပ္ပာယ်

ဘဝဆိုသည်မှာ မည်သည့်အဓိပ္ပာယ်ရှိကြောင်း ဦးကျော်မင်းသည် ပင်ပေါင်ကစားနည်းဖြင့် ချဉ်းကပ်ပြခဲ့ပါသည်။ ပင်ပေါင်ကစားနည်းသည် သူ၏အသက်ကယ်မီးသတ်သမား အလုပ်နှင့်လည်း ကိုက်ညီနေကြောင်း သူက ဤသို့ပြောပြခဲ့သည်။ 'ပင်ပေါင်ကစားနည်းက ကျွန်တော့်အလုပ်နဲ့သက်ဆိုင် နေတယ်ဗျာ။ အတွေးဆုံးဖြတ်ချက်နဲ့လုပ်ဆောင်ချက်တွေ တစ်ထပ်တည်း ကျနေဖို့လိုတယ်။ မှန်ဖို့၊ မြန်ဖို့၊ သေချာဖို့၊ လုံခြုံဖို့လိုတယ်။ ဒါမှအမှတ်ရတယ်။ နိုင်ဖို့ကိုယ့်မှားလည်း အမှတ်ပေးလိုက်ရမယ်။ တစ်ဖက်ရဲ့အရိုက်ခံရရင်လည်း အမှတ်ပေးလိုက်ရမယ်။ ကျမှတ်ပဲ။ Service Change ဆိုတာမရှိဘူး။ မှားလို့ မရဘူး။ အသက်ကယ်လုပ်ငန်းကလည်း အန္တရာယ်စက်ကွင်းထဲ ဝင်လုပ်နေရတာမို့ မှားလို့မရဘူး။ မှားတာနဲ့အသက်ပေးလိုက်ရမယ်။ ဘဝသည်လည်းထို့ အတူပဲလို့ တွေးကြည့်ချင်ပါတယ်။

တစ်ဖက်က ဘောလုံးလေးမြှောက်ပြီး ဆားဗစ်ဖွင့်လိုက်တယ်။ ကိုယ်က ပထမဦးဆုံး ရှူးရှူးစိုက်စိုက်ကြည့်ပြီး စတွေးရတယ်။ ဘောလုံးက ဘယ်လိုလည်ပြီး ကိုယ့်ဆီလာနေတာလည်း၊ Side Top နဲ့လား၊ Side Under နဲ့လား၊ Deep Under နဲ့လား၊ ရိုးရိုး **Under** နဲ့လား၊ **Plain** လား ? စသည်ဖြင့်ပေါ့။

နံပါတ် ၁ အနေနဲ့အတွေးပေါ့။ မှန်ကန်တဲ့အတွေး ဖြစ်ရမယ်။ မှားတဲ့အတွေးဆိုရင်တော့ တစ်မှတ်ပေးလိုက်ရမယ်။ ကိုယ် တစ်မှတ်ရှုံးသွားလိမ့် မယ်။

တစ်ချိန်တည်းမှာပဲ နံပါတ် ၂ အနေနဲ့ အတွေးနောက်က ဆုံးဖြတ်ချက်ကို ထပ်ကြပ်မကွာ ကပ်လိုက်ရတယ်။ ဒီအချိန် ဘောလုံးက ကိုယ့်ဆီကို လာနေပြီ နော်။ ရောက်ဖို့ စက္ကန့်ပိုင်းပဲလိုတော့တယ်။ ကိုယ်မလုပ်နိုင်သေးဘူး။ ဆုံးဖြတ် ချက် ချရတော့မယ်။ မြန်ဖို့လိုနေပြီနော်။ မှန်ဖို့လည်းလိုနေတယ်။ မှားလို့မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ကိုယ်ဘာတွေးမိသလဲ။ သူ့ဆီကလာနေတဲ့ ဘောလုံးက Deep Underနဲ့ လည်ပြီးလာနေပါလား၊ ဆိုတာကို မှန်ကန်စွာ တွေးသိလိုက်ပြီဆိုပါတော့။ သူ့ရဲ့ Deep Under လည်လာတဲ့ဘောလုံးကို ကိုယ်ဘယ်လို ပြန်ရိုက်မလဲဆိုတဲ့ ဆုံးဖြတ်ချက်ကို အဲဒီ တွေးသိမှုရဲ့နောက်ကနေ တစ်ဆက်တည်း ချလိုက်ရ တယ်။ ဆုံးဖြတ်ချက်နှေးလို့ မရဘူး။ ဘောလုံးက တအားမြန်တာကိုး။ ဆုံးဖြတ်ပြီးပြီဆိုပါတော့။ ဆုံးဖြတ်ပြီးပေမယ့် ပြီးပြီလား၊ မပြီးသေးဘူး။ နံပါတ် ၃ ဖြစ်တဲ့ လုပ်ဆောင်ချက်က လိုက်ရဦးမယ်။ အတွေးနဲ့ဆုံးဖြတ်ချက် တစ်ထပ်တည်းကျသလို ဆုံးဖြတ်ချက်နဲ့လုပ်ဆောင်ချက်ကလည်း တစ်ထပ်တည်းကျဖို့လို တယ်။ နှေးနေလို့မရဘူး။ ကဲ . . ကိုယ်ဘယ်လိုပြန်ရိုက်မလဲ။

နည်းလမ်းတွေ အများကြီးရှိနေတယ်။ Effective ဖြစ်တဲ့ Ensure Safety ဖြစ်တဲ့ နည်းလမ်းတစ်ခုကို ရွေးချယ်ရမယ်။ ဘောလုံးက ကိုယ့်ဆီ ရောက်တော့မယ်နော်။ အချိန်သိပ်မရှိဘူး။ မြန်မြန်လုပ်မှဖြစ်မယ်။ Loop ဆွဲမလား၊ Flat ရိုက်မလား၊ Chop to Chop ပြန်လုပ်မလား၊ Plain ပြန်ဖွမလား၊ ဆုံးဖြတ်ရတယ်။ ပြီးရင် တစ်ဆက် တည်း လုပ်ဆောင်လိုက်ရတယ်။ ဒီအတွေး၊ ဆုံးဖြတ်ချက်နဲ့ လုပ်ဆောင်ချက် ၃ ခုလုံး စီစဉ်ကျနပြီး မှန်ကန်မယ်ဆိုရင် ဒီပွဲမှာ အနိုင်ရမှာ သေချာပါလိမ့်မယ်။ ဒီလိုအနိုင်ရဖို့ ကျွမ်းကျင်မှု Skill ဗဟုသုတKnowledge၊ အယူအဆသဘောထား Attitude တွေ ပြည့်စုံနေဖို့လိုပါတယ်။

'ဘဝအမြင့်ပျံသန်နဲ့ ဘဝသစ္စာ အတွက်လည်း ဒီပင်ပေါင်ပွဲလေးကို ကြည့်ရင်း ပိုးတဝါးမြင်နိုင်မယ်လို့ ထင်ပါတယ်။ တတ်သိလိမ်မာတဲ့ အသိပညာရှင် အတတ်ပညာရှင်ကြီးတွေဖြစ်ဖို့လည်း ဒီအတွေးဆုံးဖြတ်ချက်နဲ့ လုပ်ဆောင်ချက်တွေ လိုအပ်တယ်။ အတွေးမှန်ဖို့က ပိုအရေးကြီးတယ်။ 'Another name of fate is thought' ကံကြမ္မာ၏ အခြားအမည်တစ်ခုက အတွေး··· တဲ့။ အတွေးမှန်ဖို့ များများလေ့လာရမယ်။ များများ စာဖတ်ရမယ်။ များများ စိတ်ကောင်းမွေးရမယ်။ များများ အလုပ်လုပ်ရမယ်။ အိန္ဒိယသမ္မတ ဒေါက်တာ PAJ Abdul Kalam ပြောခဲ့တာက -

Learning gives creativity,
Creativity leads thinking,
Thinking provides knowledge,
Knowledge makes you great တဲ့။ စာဖတ်ဖို့နဲ့ ပတ်သက်ပြီး





ဆရာကြီး ဝိမိုးနင်း ရေးခဲ့တဲ့စာတွေလည်း အများကြီးရှိပါတယ်။ ဆရာကြီး မင်းသုဝဏ်ရဲ့ စု-တု-ပြုလည်းရှိသေးတယ်။ အတွေးနဲ့ပတ်သက်လို့ ဆရာ ဒေါက်တာ သိန်းလွင် ရဲ့ စာထဲကလို အတွေးမှတ်စုစာအုပ်လေးထား၊ တစ်ပတ်ကို တစ်ခုတွေး၊ တစ်လ ဆို ၄ ခု၊ တစ်နှစ်ဆို ၄၈ ခု အဲဒီထဲကမှ တစ်ခါတစ်ရံ တည့်သွားတဲ့အခါ အတွေးကောင်းတစ်ခုတည်းနဲ့လည်း အောင်မြင်သွားနိုင်တယ်။ စာဖတ်ခြင်းကို လည်း ထို့အတူပဲ။ တစ်ပတ် ၂ အုပ် ပြီးအောင်ဖတ်။ တစ်လ ၈ အုပ်၊ တစ်နှစ်ဆို ၉၆ အုပ်။ Knowledge တွေအများကြီးရနိုင် တယ်။ Knowledge ရတဲ့အခါမှာ လည်း ဆရာဦးဆန်းလွင်ပြောသလို မဟုတ်တဲ့လူကို ဆရာတင်မမှားဖို့ အရေး ကြီးသလို၊ မဟုတ်တဲ့တရားကိုကိုးကွယ်မိ မမှားဖို့လည်း သာ၍အရေးကြီးပါ တယ်'

'အတွေးနဲ့ပတ်သက်ပြီး အတွေ့အကြုံလေး နည်းနည်းလောက်ပြော ပြချင်ပါတယ်။ အတွေးတွေထဲကနေ ကိုယ့်ရည်ရွယ်ချက်ကို အောင်မြင်စေမယ့် နည်းလမ်းတွေကို ရှာတွေ့ခဲ့ဖူးတယ်။ ကျွန်တော့်မှာ 'ဘေးအန္တရာယ်တစ်ခုခုနဲ့ ကြုံတွေ့ပြီး အကျဉ်းအကျပ်တွေကြားမှာ အသက်ဘေးဒုက္ခရောက်နေသူတွေကို ကယ်တင်လွတ်မြောက်စေရမယ်ဆိုတဲ့ ရည်ရွယ်ချက်ရှိတယ်လေ။ အိမ်တွေမှာ အိပ်ပျော်နေတုန်း မီးခိုးအန္တရာယ်ကြုံရင် မိသားစုအားလုံး အသက်ဆုံးရှုံးလေ့ရှိ တယ်။ နိုင်ငံတကာမှာရော၊ မြန်မာပြည်မှာရောမကြာမကြာဖြစ်လေ့ရှိတယ်။ ဒီကိစ္စမျိုးမဖြစ် အောင်ဘယ်လိုလုပ်မလဲ ? ကျွန်တော်တွေးတယ်။ ဘက်ပေါင်း စုံကလည်း စဉ်းစားတယ်။ တွေးရင်းတွေးရင်းနဲ့နည်းလမ်းကို တွေ့လာတယ်။ မီးခိုးအန္တရာယ်က လွတ်မြောက်စေမယ့်နည်းလမ်းကို ဖော်ထုတ်နိုင်ခဲ့တယ်။

အဲဒါနဲ့ စာတမ်းပြုစုဌာနအကြီးအကဲတွေကို တင်ပြပြီး ၁-၁၂-၂၀၀၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာနဲ့ ၇-၁-၂၀၀၇ ရက်နေ့ထုတ် ကြေးမုံ သတင်းစာတွေကနေ ပြည်သူကိုတင်ပြနိုင်ခဲ့တယ်။ ဒီနည်းလမ်းကို အရင် ဘယ် စာအုပ်တွေမှာမှ ဖော်ပြထားခြင်းမရှိသေးပါဘူး။ ထို့အတူ ရေတွင်းထဲကို အကြောင်းအမျိုးမျိုးနဲ့ဆင်းရင်း လူတွေ အသက်ဆုံးရလေ့ရှိတယ်။ ဒါကို ဘယ်လိုဖြေရှင်းမလဲ? ကျွန်တော် နည်းလမ်းရှာတယ်။ တွေးတယ်။ တွေးရင်း နဲ့ နည်းလမ်းတွေ့လာတယ်။ နောက်တော့ ၁၂-၈-၂၀၀၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာကနေ တင်ပြခဲ့ပါတယ်။ တခြား အကြောင်းအရာတွေ လည်း ရှိပါသေးတယ်။ ဆိုချင်တာက ဒီနည်းလမ်းတွေဟာ အတွေးတွေကနေ ပေါက်ဖွားလာတာပါ။ လူငယ်တွေကို မှန်ကန်တဲ့ အတွေးတွေကို များများတွေးဖို့



www.burmeseclassic.com

www.burmeseclassic.com



တိုက်တွန်းချင်ပါတယ်။ အများအကျိုးမို့ ကုသိုလ်လည်းရပါတယ်။ ပီတိလည်းဖြစ်ပေါ်နိုင်ပါတယ်။ ကျွန်တော်တင်ပြခဲ့တဲ့ နည်းလမ်းတွေကိုသုံးလိုက်လို့ လူတစ်ယောက် အသက်ဘေးကလွတ်မြောက် သွားတယ်ဆိုရင် တစ်စုံတစ်ခုသောအတိုင်းအတာအထိ ကျွန်တော့်ရဲ့ကြိုးပမ်းအားထုတ်မှု ပါဝင်ပတ်သက်နေတဲ့အတွက် စဉ်းစားလိုက်တိုင်း ပီတိဖြစ်ရမှာ အမှန်ပါ။ ဒါကြောင့်မို့ မှန်ကန်တဲ့အတွေးတွေ တွေးနိုင်ဖို့ များများစာဖတ်ဖို့လိုတယ်'ဟု ဆိုသည်။

ဦးကျော်မင်းသည် အလုပ်သဘောသဘာဝအရ တစ်ချိန်တည်းတွင် လုပ်ဆောင်ရမည့်အရာအားလုံးကို မှားယွင်းမသွားအောင် ဆုံးဖြတ်ချက်ချရင်း လုပ်ဆောင်နေရသူ ဖြစ်သည်။ ဤကဲ့သို့ အလုပ်မျိုးကို သူဘာကြောင့် သဘောကျသလဲဆိုသည့်အချက် ကိုမေးမြန်းကြည့်ရာ အားကစားသည်စိတ်နှင့် ခန္ဓာကိုယ်အား အမြဲဖျတ်လတ်နေစေရန် လှုံ့ဆော်ပေးသလို မိမိဘဝကိုလည်း အမြဲစိန်ခေါ်နေသည့် အချက်ကိုသဘောကျနေပြီ ဖြစ်သည်။ လူတစ်ယောက် အတွက် အရေးအကြီးဆုံးသောတန်ဖိုးမှာ အများအကျိုးနှင့် ကိုယ်မွေးဖွား ကြီးပြင်းရာ တိုင်းပြည်၏ အကျိုးအတွက် ဘဝတွင် တစ်နည်းတစ်ဖုံပေးဆပ် ချန်ထားနိုင်ခဲ့ခြင်းဟု သူက ယုံကြည်သည်။ ထို့ကြောင့်သူက ဆရာဇော်ဂျီ၏ ကဗျာလေးတစ်ပုဒ်မှ စာသားများကို ထုတ်နုတ်ပြသခဲ့သည်။

ထိုကဗျာမှာ **'အော် လူ့ပြည်လောက လူ့ဘဝကား အိုရနာရသေရဦးမည် မှန်ပေသည်တည်း၊ သို့တပြီးကားသင်သေသွားသော် သင်ဖွားသောမြေ၊ သင်တို့မြေသည် အခြေ တိုးမြှင့်ကျန်ကောင်းသင့်၏'** ဟူ၍ဖြစ်ပါသည်။

လက်ရှိအချိန်တွင်ဦးကျော်မင်းသည် လက်ထောက်ညွှန်ကြားရေးမှူး ရာထူးဖြင့် ရန်ကုန်မြို့မီးသတ်ဦးစီးဌာန(ရုံးချုပ်) လေ့ကျင့်ရေးဌာနစုတွင် သင်တန်းများပို့ချခြင်း၊ အသက်ကယ် အသင်းခေါင်းဆောင်အဖြစ် ဆောင်ရွက်ခြင်း၊ မီးဘေးကြိုတင် ကာကွယ်ရေးနှင့် စစ်ဆေးရေးလုပ်ငန်းများဆောင်ရွက် ခြင်း၊ မီးငြိမ်းသတ်ရေးနှင့်လူထုပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အင်တာနက်မှတစ်ဆင့် နိုင်ငံတကာခေတ်မီမီးသတ်ပညာနှင့် အသက်ကယ် ပညာရပ်များ ရှာဖွေလေ့လာပြုစုခြင်းစသည့် တာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။

နောက်ဆုံးတွင်မနေနိုင်၍ မီးသတ်သမားလုပ်ခဲ့သူ ရဲကျော်သူ ရဲဗလ ရဲသူရ (စက်မှုစီးပွားထူးချွန်-တတိယဆင့်) ဦးကျော်မင်းက လူ့ဘဝ၏အဓိပ္ပာယ်ကို ဤသို့ စကားလက်ဆောင်ပါးခဲ့သည်။

'လူ့အဖွဲ့အစည်းအပေါ် ကောင်းကျိုးပြုမှ လူပီသမယ်ပေါ့နော်။ ဘဝ





အနှစ်သာရအနေနဲ့ပေါ့။ ကိုယ့်လတ်တလော၊ လက်ရှိအကျိုးကိုပဲကြည့်ပြီး မအောင်မြင်တာတွေလည်း ကြုံတွေ့လာနိုင်တယ်၊ ကြုံလည်းကြုံတွေ့နေရတာပါပဲလေ။ အဲဒါတွေနဲ့ပတ်သက်ပြီး စိတ်ဆင်းရဲနေတာ၊ ဝမ်းနည်းနေတာ၊ မကျေနပ်နေတာတွေမဖြစ်အောင် ကြိုးစားဖို့လိုတယ် ထင်ပါတယ်။ ကြိုးစားစေချင်ပါတယ်။ ကိုယ့်ဉာဏ်၊ ကိုယ့်အမြင်နဲ့ ဘဝမှာမတရားတာကိုပေါ့၊ မတရားတာကို ဘာမှမလုပ်တဲ့ လူတွေပေါ့နော်။ ကိုယ်အနစ်နာခံပြီးတော့ အများကောင်းကျိုး၊ သူတစ်ပါးကောင်းကျိုးကိုဆောင်တဲ့သူတွေ၊ ရိုးသားဖြောင့်မတ်ခြင်းကို တန်ဖိုးထားတဲ့သူတွေ၊ ကုသိုလ်နဲ့ အကုသိုလ်ကို ခွဲခြားနားလည်တတ်တဲ့ သူတွေရဲ့ အသက်ရှင်ရပ်တည်နေတဲ့ဘဝဟာ လောကီစည်းစိမ်ချမ်းသာ ဂုဏ်ပကာသနတွေထက် ပိုလေးနက်ပါတယ်။ အဲဒီလိုလေးပဲ ပြောချင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

# ဒေါက်တာတင်စိုး



## ကိုယ်ရေးရာဇဝင်အကျဉ်း

အမည်ရင်း တင်စိုး။ ၁၉၄၅ ဇူလိုင် ၁၄ ရက်တွင် အဖ ဦးဆူဘန်း နှင့် အမိ ဒေါ်ညိုတို့မှ ကျိုက်မရောရွာတွင် မွေးဖွားသည်။ မွေးချင်းမောင်နှမ ၇ ယောက်ရှိသည်။ မော်လမြိုင်မြို့ ရန်ကုန်မြို့များတွင် ပညာသင်ကြား၍ ရန်ကုန်တက္ကသိုလ်မှ B.A (Hons) ဘွဲ့ရရှိပြီး M.A, C.J.L, CP.G.R.F, R.L., Ph.D. ဘွဲ့များ လည်း ရရှိခဲ့သည်။ ဇနီးမှာ ဒေါ်သူဇာမြင့် ဖြစ်ပြီး သားတစ်ဦး၊ သမီးတစ်ဦး ထွန်းကားသည်။ ၁၉၆၇ တွင် တက္ကသိုလ် နည်းပြဆရာ အဖြစ် စတင်တာဝန်ထမ်းဆောင်ပြီး တင်စိုး (ဘောဂဂုဏ်)၊ တက္ကသိုလ် တောသား၊ တက္ကသိုလ်မောင်လူငယ် ကလောင်များဖြင့် ဆောင်းပါးနှင့် ကဗျာများကို ၁၉၆(,) ခုနှစ်မှ စတင်ရေးသားသည်။

နိုင်ငံတကာ ကွန်ဖရင့်များတွ(င်) စာတမ်းများ ဖတ်ကြားခဲ့ပြီး နိုင်ငံတက(ာ) အဆင့်(ပညာရပ်) ဂျာနယ်များတွင် ပုံနှိ(ပ်) ဖော်ပြခဲ့သည်။ ဝန်ကြီးဌာနအချို့ နှ(င့်) FAO/AFMA, UNDP လက်အောက်(ခံ) အဖွဲ့များတွင် National Consultant အဖြစ် ဆောင်ရွက်ခဲ့သည်။ ရန်ကုန်စီးပွ(ား) ရေးတက္ကသိုလ်၊ မန္တလေး နှင့် ရန်ကု(န်) အဝေးသင် တက္ကသိုလ်၊ ပြင်ဦးလွ(င်) စစ်တက္ကသိုလ် နှင့် နိုင်ငံတော်ကာကွ(ယ်) ရေးတက္ကသိုလ်တို့တွင် ပါမောက္ခအဖြ(စ်) အမှုထမ်းခဲ့သည်။





အဓိက က
ပထမဦးဆုံးကတော့
ပညာပဲ။
ကျွန်တော်က ပညာကို
အလေးထားတဲ့လူဆိုတော့
ပညာတော်အောင်၊
ပညာတတ်အောင်၊
ကြိုးစားစို့
average
လူတန်းစားထဲမှာတော့
မပါစေနဲ့လို့။
average ကတော့
သူ့သူ့ဝါဒ ဖြစ်နိုင်တာပဲ။
You must be
above average.

www.burmeseclassic.com

www.burmeseclassic.com



# နိုင်ငံရေးသမားနဲ့ရွှေနေဖြစ်ချင်ခဲ့တဲ့ စီးပွားရေးပညာရှင် ဒေါက်တာတင်စိုး

မောင်အောင်နိုင်



စာအုပ်တွေ စာတွေလည်း အများကြီးရေးတဲ့၊ မြန်မာနိုင်ငံရဲ့ ရှားရှားပါးပါး စိုက်ပျိုးရေးဘောဂဗေဒပညာရှင်လည်းဖြစ်တဲ့ ဆရာဒေါက်တာတင်စိုးကို အနုစာအုပ် 'လှေကားထစ်များ ရာဇင်' စာအုပ်ရဲ့ ရည်ရွယ်ချက်ကလေး ပြောပြပြီး တွေ့ဆုံခွင့်၊ မေးမြန်းခွင့် တောင်းခဲ့ပါတယ်။ ဆရာက လိုလိုလားလား လက်ခံခဲ့ပြီး သူ့ဘဝ၊ သူ့အကြောင်း၊ သူဖြစ်ချင်ခဲ့တာတွေကို အားပါးတရ ပြောပြပေးရုံမက ပညာရှင်ဖြစ်တာနဲ့အညီ တက္ကသိုလ်အကြောင်း၊ သားသမီးနဲ့မိဘ ဆက်ဆံရေးအကြောင်း၊ ဒီကနေ့လူငယ်တွေရဲ့ ဘဝမျှော်လင့်ချက်အကြောင်း စတာတွေကို ပိုင်းခြားသုံးသပ် ဝေဖန်ပြသွားခဲ့ပါတယ်။ ဆရာငယ် ဘဝကနေ မျက်မှောက်ကာလအထိ ဆရာယုံကြည်တာ၊ ဆရာကိုင်စွဲတာ၊ ဆရာ တွေးခေါ်တာတွေကို ပြည့်ပြည့်စုံစုံပဲ မှတ်တမ်းတင်ပြီး ဖော်ပြလိုက်ပါတယ်။





မေး - ဆရာကြီး ငယ်စဉ်ဘဝ ၁၅-၁၆ နှစ်လောက်တုန်းက တစ်ချိန်ကျရင် ငါကြီးလာရင် ဘာဖြစ်ရမယ်ဆိုတဲ့ ရည်မှန်းချက် ထားခဲ့ပါသလား။ ထားခဲ့ရင် အခုအဲဒီ ရည်မှန်းချက်အတိုင်း ဖြစ်ခဲ့ပါသလား။ မဖြစ်ဘူးဆိုရင်လည်း ဘာကြောင့် မဖြစ်တာလဲ။

ဖြေ - ငယ်စဉ်ဘဝ ၁၅-၁၆ နှစ်လောက်တုန်းက တစ်ချိန်ကျရင် ကြီးလာရင် ဖြစ်ချင်ခဲ့တဲ့ ရည်မှန်းချက်တွေအတိုင်း မဖြစ်ခဲ့ပါဘူး။ အဲဒီတုန်းက ကျွန်တော် ဖြစ်ချင်ခဲ့တာက နိုင်ငံရေးသမားပါ။ ဒါပေမယ့် မဖြစ်ခဲ့ပါဘူး။

နိုင်ငံရေးသမား ဖြစ်ချင်ခဲ့တဲ့ အဓိကအကြောင်း နှစ်ချက် ရှိခဲ့ပါတယ်။ တစ်ကြောင်းက ကျွန်တော့် မွေးရပ်ဒေသရဲ့ ဆိုးရွားတဲ့အခြေအနေနဲ့ နောက်တစ်ကြောင်းတွေက နိုင်ငံရေးသမားတွေရဲ့ အပြောကောင်း၊ အဟောကောင်းနဲ့ ပြောဟောချက်တွေ ရဲ့ သြဇာလွှမ်းမိုးမှု ဖြစ်ပါတယ်။

ကျွန်တော် မွေးခဲ့တာက ကျိုက်ကွရောမြို့နယ် ကလိုင်းကနိုင်ကျေးရွာမှာ ဖြစ်ပါတယ်။ ၁၉၄၅ ခုနှစ်မှာ မွေးဖွားခဲ့တာပါ။ ကျွန်တော်မွေးပြီး ၁၀ နှစ်လောက်အထိ (၁၉၅၅ ခုနှစ်လောက်အထိ) ကျိုက်ကွရောကို တရားဥပဒေမရောက်သေးပါဘူး။ စစ်တပ်လည်း အတည်တကျမရှိ၊ ရဲစခန်း လည်း စနစ်တကျ မရှိ၊ မီးပျက်မောင်းကျိုးသေနတ်ကိုင် ပြူစောထီးဆိုလား၊ ကာကွယ်ရေးတပ်ခေါ်လား outpost ရဲကင်းလေး တစ်ခုပဲ ရှိခဲ့တယ်။ လက်ထောက်မြို့ပိုင် ရုံးလေးတစ်ရုံး ဖွင့်ခါစ ရှိသေးတယ်။ ဒါက မြို့မရပ်ကွက်ဘက်။

ကျွန်တော်မွေးတဲ့ ကလိုင်းကနိုင်ရွာ ကရင်တောရွာ စတဲ့ဘက်တွေက ခေါင်ပါတယ်။ အင်မတန်လည်း ဆင်းရဲကြပါတယ်။ ခြံပိုင်ရှင်တွေ၊ ရာဘာပိုင်ရှင်တွေ၊ ငါးဖမ်း တဲ့ အင်းလိုင်စင်ရသူတွေ၊ ထုံးဖိုတွေ ချုပ်ထားနိုင်သူတွေ၊ ကျောက်မိုင်းလိုင်စင်ရသူတွေနဲ့ ကုန်သည်တွေတော့ ချမ်းသာတာပေါ့။ မြို့ကြီးပေါ်က သူဌေးတွေလောက် မချမ်းသာကြပေမယ့် တောသူဌေးတွေပေါ့ဗျာ။ တောအဆင့်နဲ့တော့ ချမ်းသာကြပါတယ်။

ကျွန်တော့်အဖေက ဒူးရင်း၊ မင်းဂွတ်စတဲ့ သစ်သီးခြံနဲ့ နောက်ပိုင်းမှာ ရာဘာခြံပိုင်တယ်။ အစိုးရဆီက အင်းလိုင်စင်ရတယ်။ (စပါး ပေး ပေးသလို) ထုံးပေးလို့ခေါ်တဲ့ ထုံးဖုတ်ပြီးရင် မိမိတစ်ဦး တည်းထံသို့ ရောင်းချဖို့ ကြိုတင်စာချုပ်ချုပ်ပြီး ငွေထုတ်ပေးတယ်။

ဒီတော့ တောသူဌေးလေးပေါ့ဗျာ။ အဲဒီ အတွက်ကြောင့်လည်း အဖေဟာ ပြန်ပေးနှစ်ခါ အဆွဲခံခဲ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



မေး - ဆရာကြီး အဲဒါ ဘယ်ခုနှစ်လောက်ကလဲ။

ဖြေ - ပထမအကြိမ် အဆွဲခံရတာက ကျွန်တော် မူလတန်းကျောင်းသားဘဝ ၁၉၅၃-၅၄ ခုနှစ်လောက်ကပါ။ လာရွေးဖို့ ပြန်ပေးတွေဆီက ငွေတောင်းစာ ရောက်တယ်။ အမေ့မောင်တွေကို ငွေထုပ်နဲ့ ပြန်ပေးတွေ ချိန်းတဲ့နေရာကို လွှတ်ဖို့ စီစဉ်နေဆဲ ညတစ်ညမှာ အဖေ ထွက်ပြေးလွတ်မြောက်လာတယ်။ အဲဒီ အချိန်ကာလတုန်းက ကလိုင်းကနိုင်ရွာနဲ့ အနီးတဝိုက်ရွာတွေမှာ နေ့ခင်း ကြောင်တောင် ဓားပြတိုက်တယ်။ ဘယ်လောက်ဆိုးသလဲဆိုရင် ဓားပြတိုက်လာ ရင် သူကြီးက ဓားပြတွေ ပစ္စည်းသယ်ဖို့ နွားလှည်းဆင့်ပေးရတယ်။ ဓားပြတိုက် ခံရတဲ့အိမ်တွေက လူတွေက ပစ္စည်းတွေ ထမ်းပိုးပြီး လှည်းပေါ်တင်ပေးရတယ်။ ဘာရဲမှ မရှိဘူး။ ရဲကိုသွားခေါ်ဖို့လည်း မြို့မနဲ့ (၂) မိုင်လောက် ဝေးတဲ့နေရာမို့ မလွယ်ဘူး။ သွားခေါ်ရင်တောင် ရဲက မလိုက်ဘူး။ ကျွန်တော်တို့အိမ်လည်း တစ်ကြိမ် ဓားပြတိုက်ခံခဲ့ရဖူးတယ်။ အဖေက ပြန်ပေးဆွဲခံရပြီးမှ ကျွန်တော်တို့ နောင်ရေး စဉ်းစားမိတယ် ထင်ပါရဲ့။ ကျိုက်မရောမြို့ စက်ကုန်းလမ်းခွဲ (ယခု ကျိုက်မရော အထကကျောင်းနံ့နီး) နေရာမှာ မြေဝယ် အိမ်ဆောက်ပြီး အမေ နဲ့ ကျွန်တော်တို့ ညီအစ်ကိုမောင်နှမတွေကို ပြောင်းရွှေ့နေခိုင်းတယ်။ အဖေ့ လုပ်ငန်းတွေ ရွာမှာရှိလို့ အဖေက ရွာအိမ်မှာ အနေများတယ်။ ကျွန်တော်တို့ ညီအစ်ကို သုံးယောက်က ကလိုင်းကနိုင်ကျေးရွာ မူလတန်းကျောင်းမှာ စနေခဲ့ လို့ အခု စက်ကုန်းလမ်းခွဲကနေ ကျောင်းသွား/ပြန် ဝေးသွားတာပေါ့။

ဒီလိုနဲ့ တစ်နှစ်မပြည့်မီ ဒုတိယအကြိမ် ပြန်ပေးဆွဲခံရပြန်ရော။ ပထမ အကြိမ်ဆွဲတဲ့အဖွဲ့ပဲလို့ သိရပါတယ်။ ဒီတစ်ခါတော့ ပြန်ပေးတွေ တောင်းတဲ့ ငွေနဲ့ သွားရွေးခဲ့ရတယ်။ ဒါပေမယ့် ပထမအကြိမ် ထွက်ပြေးလွတ်မြောက်သွား လို့ အခဲမကျေတဲ့ ပြန်ပေးအဖွဲ့က တုတ်ထောင်းရိုက်နှက်တာရယ်၊ အစာရေစာ အငတ်ထားတာရယ်၊ ကြာအင်းဆိပ်ကြီးဘက် တောထဲမှာ ရက်အတန်ကြာ ထား ခဲ့လို့ ငှက်ဖျားလည်းမိလာတာရယ်ကြောင့် ငွေနဲ့ရွေးပြီး လွတ်မြောက်လာပေမယ့် ကျန်းမာရေးတော်တော် ယိုယွင်းလာတယ်။ မော်လမြိုင်က အမေရိကန် ဆေးရုံ တင်ရတယ်။ အဲဒီ ဒဏ်တွေကြောင့် ဆေးရုံပေါ်မှာပဲ အဖေသေဆုံးခဲ့ရတယ်။

မေး - ဒါနဲ့ နိုင်ငံရေးသမားဖြစ်ချင်ခဲ့တာနဲ့ ဘယ်လိုဆက်စပ်သလဲ ဆရာကြီး။

ဖြေ - ဆက်စပ်ပါတယ်။ အနိုင်ကျင့်ခံရမှု၊ ကြီးငယ်နိုင်ညှင်းမှု၊ မတရားမှု၊ အသက်အိုးအိမ်စည်းစိမ်တွေ မလုံခြုံမှု၊ သတ်ဖြတ်မှုတွေကို ငယ်ငယ်လေး



ကတည်းက ဆုံကြုံခဲ့ရတော့ ဒီမတရားမှုတွေ၊ အနိဋ္ဌာရုံတွေ၊ ဥပဒေမဲ့မှုတွေ ကင်းပြီး လုံခြုံတဲ့၊ သာယာတဲ့၊ အေးချမ်းတဲ့ဘဝကို စိတ်ထဲက တမ်းတနေမိတယ်။ အဖေ့ ဆေးကုသစရိတ်နဲ့ အဖေသေပြီးနောက် အဖေ ရစရာရှိခဲ့ဟှဲ အကြွေးတွေ အလိမ်ခံရတာတွေကြောင့် ဆင်းရဲသွားတယ်။

အမေက စီးပွားရေးလည်း မယ်မယ်ရရ မလုပ်တတ်ဘူး။ ဒါပေမယ့် မလုပ်လို့လည်း မဖြစ်တော့ ကလိုင်းကနိုင်ရွာက ခြံကိုရောင်းပြီး ကျိုက်မရောက အိမ်မှာ အိမ်ဆိုင်ဖွင့်ပြီး ဆက်လက်ရုန်းကန်တယ်။ ကျွန်တော်တို့ ညီအစ်ကို တွေ ကျောင်းဆက်ထားတယ်။ ကျွန်တော်တို့ အလယ်တန်းရောက်လောက်ချိန် မှာ ကျိုက်မရောက ပြောင်းလဲလာနေပြီ။ ရွာတွေ မအေးချမ်း မလုံခြုံသေးပေ မယ့် မြို့မရပ်ကွက်တွေမှာ ခြေမြန်တပ်ခွဲတစ်ခွဲ၊ ရဲစခန်း၊ လက်ထောက်မြို့ပိုင် ရုံး၊ ဈေး စသည်ဖြင့် တည်ငြိမ်အေးချမ်းစ ပြုလာပါပြီ။ ဒီထက် အရေးကြီးတာ က အဲဒီခေတ်ရဲ့ နိုင်ငံရေးပါတီကြီးတွေရဲ့ ပါတီရုံးခွဲတချို့ စဖွင့်လာကြပြီး ဖြစ်သလို နိုင်ငံရေးသမားတွေလည်း ဝင်ထွက်မှုတွေ ရှိလာပြီ။ ဦးနုရေးတဲ့ "ယှူတုအောင်သံ" ပြဇာတ်ဟာ (၇) တန်းမှာ ပြဋ္ဌာန်းစာအုပ် ဖြစ်နေပါပြီ။ လက်ဝဲ တွေ လက်ျာတွေ စတဲ့ သဘောတရားတွေကို မသိပေမယ့် ယှူထုအောင်သံ ပြဇာတ်ထဲက ဇာတ်ကောင် တွေရဲ့ ပြောစကားတွေ ခေါင်းထဲစွဲနေပြီ။ ယှူတု အောင်သံဆိုပြီး ရုပ်ရှင်ပေါ်လာတော့ သရုပ်ဆောင် မင်းသားကြီး ဗိုလ်ဗကိုတို့ မောင်မောင်တာတို့ရဲ့ ဒိုင်ယာလော့တွေကို အလွတ်ရလာပြီ။

ခုနှစ်အတိအကျ မမှတ်မိတော့ပါဘူး။ ကျိုက်မရောမှာ ပထမဦးဆုံး အကြိမ် ပါလီမန်ရွေးကောက်ပွဲအတွက် မဲဆွယ်တွေ ရောက်လာတယ်။ ဟိုတုန်းက ကျိုက်မရောမှာ နာမည်ကြီး နိုင်ငံရေးသမားတွေက (ကျွန်တော် မှတ်မိသလောက်) ဦးသွင်၊ ဗိုလ်ကျားကြီးခေါ် ဦးကျားကြီး၊ ဦးစံအုန်းတို့ ဖြစ်ကြတယ်။ ဒီပုဂ္ဂိုလ်တွေကို အကြောင်းပြုပြီး နိုင်ငံရေးခေါင်းဆောင်ကြီးတွေဖြစ်တဲ့ ဦးနု၊ ဦးကျော်ငြိမ်း၊ ဦးဘဆွေ စတဲ့ ပုဂ္ဂိုလ်ကြီးတွေလည်း လာကြတယ်။ တရားတွေ ဟောကြတယ်။ သူတို့တွေ ပြောကြဟောကြတဲ့ အဓိပ္ပါယ်ကိုတော့ ဘာရယ်လို့ မသိပါဘူး။ ဒါပေမယ့် အားနဲ့မာန်နဲ့ ဟန်နဲ့ပန်နဲ့ ပြောတဲ့ဟောတဲ့စကားတွေ၊ ပေးတဲ့ကတိတွေက နားထောင်လို့ ကောင်းသလို အသက် ၁၅ နှစ်လောက် ရောက်လာပြီးဖြစ်တဲ့ ကျွန်တော့်လို ပင်ကိုယ်ခံစားမှုလည်းရှိတဲ့ လူငယ်တွေအဖို့ အင်မတန် အားမာန်တက်စေခဲ့တယ်။ သဘောကျခဲ့တယ်။ အားကျခဲ့တယ်။ ကျွန်တော် ၄ တန်းလောက်က ထင်ပါရဲ့။ ရုန်းကန်ပြီး ကျောင်းတက်နေချိန် သခင်မြသန်းရေးတဲ့ "ငုပ်မိသဲတိုင်" ဝတ္ထုကို

www.burmeseclassic.com

www.burmeseclassic.com



ဖတ်မှုးတယ်။ စာရေးဆရာကို လည်း မသိ။ စာရေးဆရာက ဘာရည်ရွယ်ချက်နဲ့ ရေးမှန်းလည်း မသိပေမယ့် ကျွန်တော်က မိမိဘဝနဲ့ ယှဉ်ဟပ်ပြီး 'ငုပ်မိသဲတိုင်' ထဲက စာတ်ကောင်လို ဖြစ်ရမယ်လို့ သန္နိဋ္ဌာန် ချထားခဲ့တယ်။ အခု ဒီနိုင်ငံရေး သမားတွေ ဟောတာ ပြောတာတွေ မြင်ရကြားရတော့ အလွန်အားကျ သဘောကျပြီး ပရိသတ်ကြားထဲ လက်ခုပ်တီး အားပေးခဲ့တယ်။ ငါသာ နိုင်ငံရေးသမားဖြစ်ခဲ့ရင် အားအကိုလာမယ်။ မတရားမှုတွေ တိုက်ဖျက်လိုရမယ်လို့ လှုငယ်တွေး တွေးမိတယ်။ နိုင်ငံရေးသမားဖြစ်ချင်လို့ နိုင်ငံရေးစာပေတွေ ငှားဖတ်တယ်။

ရွေးကောက်ပွဲ တစ်ကြိမ်ပြီးသွားတယ်။ နောက်တစ်ကြိမ်အတွက် တာရူ လာတယ်။ နိုင်ငံရေးသမားတွေရဲ့ အားပြိုင်မှုတွေ ပိုများလာတယ်။ နိုင်ငံရေး တိုက်ပွဲလို့ ခေါ်မလား။ တစ်ယောက်နဲ့တစ်ယောက် သူနိုင်ကိုယ်နိုင် ပြိုင်ဆိုင် လာလေလေ ပိုပြီး အားကျလေလေပဲ။

မေး - အဲဒီတုန်းက ဆရာ့အသက် ဘယ်လောက်ရှိပြီလဲ။

ဖြေ - ၁၆ နှစ်ရောက်ပြီ။ (၁၀) တန်းကျောင်းသား။ ၁၉၆၁ ခုနှစ်မှာ (၁၀) တန်းအောင်တယ်။ မော်လမြိုင်ကောလိပ် တက်တယ်။ အဲဒီတုန်းက ဘာသာတွဲ စနစ်ခေတ် ဖြစ်တယ်။ နိုင်ငံရေးသမားဖြစ်ချင်စိတ် မကုန်သေးတော့ နိုင်ငံရေး သမားဖြစ်ဖို့ဆိုရင် သမိုင်း၊ အီကို (စီးပွားရေး)၊ လော့ဂျစ် (တက္ကဗေဒ)တွေ သိ ဖို့လိုမယ်ဆိုတဲ့ အတွေးနဲ့ အဲဒီ ဘာသာတွဲ (ဟိုတုန်းက တက္ကသိုလ်မှာ စီစီကွန် ဘိုင်နေရှင်းလို့ခေါ်တယ်) ကို ယူခဲ့တယ်။

ကျွန်တော်ဒုတိယနှစ် အိုင်အေအပိုင်း(ခ)မှာတက္ကသိုလ်တွေ အတန်ကြာ ပိတ်ပြီး ပြန်ဖွင့်တော့ အပြောင်းအလဲ သိပ်မရှိဘူး။ ကျွန်တော် ဘီအေ အပိုင်း (က)အတန်း ဆက်တက်တယ်။ မူလ ရည်မှန်းခဲ့တဲ့အတိုင်း ဘီအေတန်းမှာ အီကို၊ သမိုင်း၊ နိုင်ငံရေးသိပ္ပံ ဘာသာတွဲယူတယ်။ ကျွန်တော်တို့တုန်းက PSက ကျယ်ပြန့်တယ်။ လေးနက်ထိမိတယ်။ ပညာပေါ် အခြေခံတယ်။ စိတ်ဝင်စားဖို့ ကောင်းတယ်။

အဲဒီ အချိန်အထိ ကျွန်တော်ဟာ ဘယ်နိုင်ငံရေးပါတီ အဖွဲ့အစည်းမှာမှ မပါဝင်ခဲ့ဘူး။ ကျွန်တော့် အတွေ့အကြုံပေါ် အခြေခံပြီး တွေးမိခဲ့တဲ့ အတွေးက တစ်မျိုး၊ ကျွန်တော် သုံးသပ်မိတာက နိုင်ငံရေးသမားတွေ၊ ကျောင်းသား ခေါင်းဆောင်တွေ တော်တော်များများဟာ ခံယူချက် သိပ်မရှိဘူး။ စာတွေလည်း အားနည်းပြီး လက်တွေ့လည်း ရင့်ကျက်မှု မရှိဘူး။ ဒါကြောင့် သူတို့လို မဖြစ်အောင်





စာများများဖတ်ရမယ်။ လက်တွေ့အတွေ့အကြုံတွေရအောင် ကြိုးစားရမယ်ပေါ့။ အကျဉ်းချုပ်က နိုင်ငံရေးသိပ္ပံပညာ ပိုင်ပိုင်နိုင်နိုင် မတတ်ရင် နိုင်ငံရေးသမားကောင်း မဖြစ်နိုင်ဘူးပေါ့။ အသက် (၁၇) နှစ်လောက်က အတွေးပါ။ ဘာပဲဖြစ်ဖြစ် နိုင်ငံရေး သိပ္ပံဘာသာရပ် မရှိတော့တာရယ် နိုင်ငံရေးသမားတွေ အပြောတစ်မျိုး အလုပ်တစ်မျိုး လုပ်တာတွေ ကြုံတွေ့မှန်များလာတာရယ်ကြောင့် နိုင်ငံရေးသမားဖြစ် ရေး ရည်မှန်းချက်ကို စွန့်လွှတ်လိုက်တယ်။ (စင်စစ် ကျွန်တော် ဖြစ်ချင်ခဲ့တာ နိုင်ငံရေးသမားမဟုတ်ဘဲ နိုင်ငံရေး ဘောဂဗေဒပညာရှင်ဖြစ်မှန်း နောက်မှ သဘောပေါက်ခဲ့ပါတယ်။) အဲဒီကနေ ရှေ့နေဖြစ်ချင်ခဲ့ပြန်တယ်။

မေး - ဒါနဲ့ ဘယ်လိုဖြစ်လို့ ရှေ့နေဖြစ်ချင်ခဲ့ရတာလဲ။

ဖြေ - ကျွန်တော့်အဖိုးတစ်ယောက်က ရှေ့နေပါ။ ကျွန်တော် ငယ်ငယ်က တစ်ခါတရံ အဖိုးခေါ်လို့ သူ အမှုလိုက်တဲ့ရုံးတွေ လိုက်ပါသွားလေ့ ရှိပါတယ်။ အဲဒီမှာ အဖိုးက သူ့အမှုသည်အတွက် လျှောက်လဲတာတွေ၊ သက်သေတွေ ကို စစ်ဆေးတာတွေ၊ တစ်ဖက်ရှေ့နေက သက်သေတွေကို စစ်မေးတဲ့အခါ ထထ ကန့်ကွက်တာတွေကို သိပ်သဘောကျ အားကျခဲ့ပါတယ်။ တယ်ဟုတ်တဲ့ ငါ့အဖိုးပါလားလို့ အဖိုးကို ဟီးရိုးလို့ မြင်ခဲ့ပါတယ်။ အဲဒီခေတ်က ရှေ့နေတွေ တရားသူကြီးတွေက ထယ်ဝါခန့်ငြားတဲ့ သတ်မှတ်ဝတ်စုံတွေ အပြည့်ဝတ်ရ သလို တရားခွင် အခင်းအကျင်းနဲ့ ပုံစံတွေလည်း ခမ်းနားကြီးကျယ်ပါတယ်။ ကျွန်တော် အမှတ်မမှားရင် အစောပိုင်းကာလတွေတုန်းက တရားခွင်မှာ ဘိုလို (အင်္ဂလိပ်လို) ပြောဆို သုံးနှုန်းခဲ့ကြရတယ်။ နောက်မှ မြန်မာလို ဖြစ်လာ တာပါ။ ပရိသတ် အများကြီးရှေ့မှောက်မှာ ဘိုလို ခွန်းကြီးခွန်းငယ် ပြောတာ တွေကို (ကျွန်တော် တစ်လုံးမှ နားမလည်ပေမယ့်) အထင်ကြီးတယ်၊ အားကျ တယ်။

အခု PS ဘာသာရပ်လည်းဖြုတ်လိုက်ပြီဆိုတော့ အဲဒီခေတ်က BL ဆိုတာ ရှိသေးတယ်။ ဘီအေ၊ ဘီအက်(စ်)စီ စတဲ့ ပထမဘွဲ့ရပြီးမှ BL ဆက်ဖြေ ရိုန်ဘာဆင်း၊ ရှေ့နေ ဖြစ်တယ်။ အခု PS ဖြုတ်လိုက်ပြီဖြစ်လို့ ကျွန်တော် ဘီအေ အောင်အောင် ဖြေမယ်။ ပြီးရင် BL ဖြေမယ်။ B.A, B.L ဘွဲ့နှစ်ဘွဲ့နဲ့ အဖိုးလို ရှေ့နေလုပ်မယ်ပေါ့။ အဲဒီလိုနဲ့ ရှေ့နေဖြစ်ချင်ခဲ့တာပါ။ ဒါပေမယ့် ရှေ့နေလည်း ဖြစ်မလာခဲ့ပါဘူး။ B.A Part (A) ကို အီကို၊ သမိုင်း၊ နိုင်ငံရေး သိပ္ပံ ဘာသာတွဲနဲ့ တက်နေတုန်း BL မရှိတော့ဘူး။ ဒီတော့ အစောပိုင်းက အတွေးမျိုးပဲ၊ BL



www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ရင် ငါရှေ့နေ မဖြစ်တော့ဘူးပေါ့။ တက္ကသိုလ်ပိတ်ထားဆဲမှာ စာမေးပွဲတွေကို နယ် အသီးသီးမှာ သင်ပြီးသလောက်နဲ့ပဲ ဖြေရတယ်။ ကျွန်တော် ဖြေတယ်။ အောင်တယ်။ ဆက်တက်ဖို့ PS လည်း မရှိတော့ဘူး။ BL လည်း မရှိတော့ဘူး။

ဒီတော့ ငါ ဘာလုပ်ရမလဲလို့ ယောင်လည်လည်နဲ့။ အလုပ်ပဲ လုပ်ရတော့မလား။ ကျောင်းဆက်တက်ရမလား ဝေခွဲမရ ဖြစ်နေတယ်။ အဲဒီအချိန်မှာပဲ ၁၉၆၄ ခုနှစ်မှာ ဆိုရှယ်လစ်စနစ်သစ် ပညာရေးဆိုပြီး အသက်မွေးဝမ်းကြောင်း တက္ကသိုလ်တွေ သီးခြား ထွက်ပေါ်လာတယ်။ ရန်ကုန် စီးပွားရေးတက္ကသိုလ်လည်း တစ်ခုအပါအဝင် ဖြစ်ပါတယ်။ မကြာခင်မှာ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ဘောဂဗေဒ ပါမောက္ခ ဒေါက်တာ မောင်ရှိန် (နောက်ပိုင်း ဒုတိယဝန်ကြီးဖြစ်လာသူ) လက်မှတ်ထိုးထားတဲ့ ကျောင်းဝင်ခွင့်ကိစ္စကဒ်ပြား တစ်ခု စာတိုက်က လက်ခံရရှိခဲ့ပါတယ်။ လက်နှိပ်စက်နဲ့ ရိုက်ထားတဲ့ စာသား ထဲတွေက 'မောင်တင်စိုး၊ ခုံအမှတ် ( )၊ ဘောဂဗေဒဂုဏ်ထူးတန်း ဒုတိယနှစ် သို့ တက်ရောက်သင်ကြားရန် အခွင့်မီသည်။ တက်ရောက်သင်ကြားခြင်း ပြုလို၊ မလို အမြန်အကြောင်းပြန်ပါ' တဲ့။ စင်စစ် ဒီစာဟာ ကျွန်တော့်ဘဝလမ်းကြောင်း ပြောင်းစေခဲ့တဲ့ စာဖြစ်ပါတယ်။ ဂုဏ်ထူးတန်း တက်ရောက်လိုကြောင်း ကြေးနန်းရိုက် အကြောင်းပြန်ပြီး ရန်ကုန်စီးပွားရေးတက္ကသိုလ်သို့ ၁၉၆၄ ခုနှစ် မှာ ပြောင်းရွှေ့ခဲ့ပါတယ်။ (မော်လမြိုင် ကောလိပ်မှာ ဂုဏ်ထူးတန်း မရှိပါ)။ ဒုတိယနှစ်ဂုဏ်ထူးတန်းနဲ့ နောက်ဆုံးနှစ် ဂုဏ်ထူးတန်း (၂) နှစ်ကို အစွမ်းကုန် ကြိုးစားပြီး ၁၉၆၆-၆၇ ခုနှစ်မှာ ဝိဇ္ဇာ (ဂုဏ်ထူး) ဘွဲ့ကို ဘောဂဗေဒဘာသာ နဲ့ ရရှိခဲ့ပါတယ်။ မဟာတန်းတက်ဖို့ Qualify လည်း ဖြစ်တယ်။ ကျူတာ (နည်းပြဆရာ) အလုပ်တွေ ချက်ချင်းမခေါ်သေးလို့ ဘဏ္ဍာရေးနဲ့ အခွန်ဝန်ကြီး ဌာနမှာ အလုပ်သင်အရာရှိဆိုပြီး ပုံသေလစာ ကျပ် ၂၀၀/-နဲ့ ဝင်လုပ်ခဲ့တယ်။ အဲဒီတုန်းက ဗိုလ်ချုပ်ကြီးစန်းယုက ဘဏ္ဍာရေးနဲ့ အခွန်ဝန်ကြီးဌာန တာဝန်ခံ ဖြစ်ပြီး ဦးဘငြိမ်းက ဘဏ္ဍာရေး အကြံပေး ဖြစ်ပါတယ်။ အတွင်းဝန်ကတော့ ဦးချစ်မောင်ပါ။ အဲဒီမှာ (၁၀)လ လောက်လုပ်ပြီး ကျူတာတွေ ခေါ်တဲ့အခါ လျှောက်လိုက်တော့ ရသွားပါတယ်။ ဒီလိုနဲ့ ကနဦးက မရည်ရွယ်ခဲ့တဲ့ တက္ကသိုလ်ဆရာ ဖြစ်လာခဲ့တာပါပဲ။

မေး - ဆရာ့ မိဘတွေကရော။

ဖြေ - ကျွန်တော့် အဖေက ကျွန်တော် ငယ်ငယ်လေးကတည်းက ပြန်ပေးဆွဲခံရရာက ဆေးရုံတက်ခဲ့ရပြီး ဆေးရုံမှာပဲ ကွယ်လွန်ခဲ့ကြောင်း ပြောခဲ့ပြီးပါပြီ။





အဖေ ရှိစဉ်က ကျွန်တော်တို့ ငယ်သေးပေမယ့် မှတ်မိတာလေးတွေ ရှိပါတယ်။ ကျွန်တော်တို့ အိမ်က ပျဉ်ထောင်အိမ်ဖြစ်ပေမယ့် ရွာစုံမှာနဲ့ဆို အိမ်ကြီးအိမ်ကောင်း စာရင်းဝင်တယ်။ အစိုးရ အရာရှိ အရာခံတွေ ခရီးလှည့်တိုင်း ဝင်နား နိုင်လေ့ရှိတယ်။ အဲဒီလို အခါမျိုးတွေမှာ အကောင်းဆုံး စားသောက်စရာတွေနဲ့ ဧည့်ခံကျွေးမွေးရတယ်။ အပြန်မှာ လက်ဆောင်တွေ ထည့်ပေးရတယ်။ အောက်ကျခံရတာပေါ့ဗျာ။ သူတို့တွေ ပြန်သွားရင် အဖေက သားတွေကို ဆုံးမလေ့ ရှိတယ်။ အဖေ ပိုက်ဆံရှိပေမယ့် စာကို ပေါက်ပေါက်မြောက်မြောက်မသင်ခဲ့ရလို့ ရာထူးရာခံ မရှိလို့ အခုလို အောက်ကျခံရတာ သားတို့ စာတတ်ပေတတ် ဖြစ်အောင် ကြိုးစားကြတဲ့။ ပြီးတော့ အဖေ ဆေးရုံတက်ခဲ့စဉ်က အဖေ့သားတွေ ထဲက တစ်ယောက်လောက်ဖြစ်ဖြစ် ဆရာဝန်ဖြစ်ရင်ကောင်းမယ်။ ကျွန်တော့်ကို ကြည့်ပြီး 'သားဖြစ်နိုင်တယ် ကြိုးစား' လို့ သူ့ဆန္ဒကို ထုတ်ဖော်ဖူးတယ်။ ကျွန်တော်တို့ခေတ်က ရန်ကုန်တက္ကသိုလ်နဲ့ မန္တလေးတက္ကသိုလ် (၂) ခုပဲ ရှိ တယ်။ အဲဒီတက္ကသိုလ်တွေရဲ့ လက်အောက်ခံ ကောလိပ်တွေ ရှိတယ်။ (၁၀) တန်းအောင်ပြီးရင် ပြီးရော။ အမှတ်ဘယ်လောက်နဲ့အောင်အောင် ကြိုက်တဲ့လိုင်း လိုက်လို့ရတယ်။ ဆရာဝန်လိုင်း သွားချင်ရင် အိုင်အေ အပိုင်း (က) (ယခု အခေါ်အဝေါ် ပထမနှစ်)မှာ ဘိုင်အို (Bio) ယူရပြီး၊ အိုင်အေ အပိုင်း (ခ) (ဒုတိယနှစ်) နောက်ဆုံး စာမေးပွဲကြီးမှာ သတ်မှတ်အမှတ်အဆင့်မီရင် ဆရာဝန်လိုင်း လိုက်ပေတော့ပဲ။ ကျွန်တော်က ဝါသနာ မပါလို့ မယူခဲ့ဘူး။ အဲဒီကာလတုန်းက ဆရာဝန်လိုင်းက ပေါ်ပြူလာလည်း မဖြစ်ပါဘူး။ PS တို့ Eco တို့ B.com တို့က သိပ်ရေပန်းစားခဲ့ပါတယ်။

ကျွန်တော့်အမေက စာကို မယ်မယ်ရရ မတတ်သလို ပြင်ပလောကကိစ္စတွေကိုလည်း စိတ်မဝင်စားဘူး။ ရိုးရိုးစင်းစင်းပဲ။ ကျွန်တော် မှတ်မိနေသေးတာတစ်ခု ပြောချင်တယ်။ အဲဒီတုန်းက ဆယ်တန်းအောင်စာရင်း အပြည့်အစုံကို သတင်းစာထဲ ပုံနှိပ်ဖော်ပြတယ်။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ တောနယ်ကို သတင်းစာအရောက် နောက်ကျတယ်။ ရေဒီယိုကလည်း ကြေညာပေးလို့ သူငယ်ချင်းအိမ်မှာ စုပြီး ရေဒီယို နားထောင်တယ်။ MN ၁၀၅၇-မောင်တင်စိုး ဆိုတဲ့အသံလည်းကြားရော ခုန်ပေါက်ပြေးလွှားပြီး 'အမေရေ သားအောင်တယ်' လို့ အမေ့ ကို ဝမ်းသာအားရပြောတော့ 'ကျောင်းသားပဲ စာမေးပွဲအောင်တာ ဆန်းသလား၊ မအောင်ရင်သာ ဆန်းတာ' လို့ ပြန်ပြောတယ်ဗျာ။ ရင်ထဲ နည်းနည်းအောင့် သွားတာပေါ့လေ။ သားသမီးကို မချစ်လို့တော့ မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



အင်မတန်ရှုပ်မှန်း ကျွန်တော် သိပါတယ်။ ဒါပေမယ့် အမူအရာနဲ့ မဖော်ပြတတ်တာပါ။ အေးတိအေးစက် နေတာများတယ်။ ကျွန်တော်တို့ ညီအစ်ကိုတွေ စာမကျက်ရင် ဝေးလေးဝါးလား လုပ်နေရင် 'ဟိုးမှာကြည့် စာမတတ်ရင် အဲဒီလို ဖြစ်မယ်' လို့ အိမ်ရှေ့လမ်းမကြီးမှာ နေပူကျဲကျဲထဲ ကတ္တရာပူတွေလောင်းပြီး လမ်းခင်းနေတဲ့ အလုပ်သမားတွေကို လက်ညှိုးထိုးပြီး လိုရင်းတိုရှင်း ဆုံးမတတ်တယ်။

မေး - ရိုက်နှက်ဆုံးမတာမျိုးရော ရှိလား။
ဖြေ - ကျွန်တော့်တစ်သက်မှာ မိဘ ရိုက်နှက်ဆုံးမခံရတာ မရှိခဲ့ပါဘူး။ ကျွန်တော်တို့သားသမီးတွေက မိဘကို ကြောက်ရ ရိုသေလေးစားရပါတယ်။ ကျွန်တော့်အဖေက တစ်မျိုးဗျ။ ဆုံးမပုံက နည်းနည်းဆန်းတယ်။ ကျွန်တော် မှတ်မိနေသေးတာ တစ်ခု ပြောပြချင်ပါတယ်။ ကျွန်တော့်အစ်ကို အကြီးဆုံးက ကျောင်းသားဘဝမှာ ရည်းစားထားတာ၊ ရည်းစားကို လက်ဆောင်ဝယ်ပေးတာ အဖေ သိသွားတော့ ခေါ်ဆုံးမပုံက အချိန်မတန်ဘဲ ရည်းစားထားတာ၊ ရည်းစားကို လက်ဆောင်ဝယ်ပေးတာဟာ ကိုယ့်ရွာကိုလာကတဲ့ အငြိမ့်မင်းသမီးကို ဆုချသလိုပဲကွ၊ ဆုချတဲ့သူကို အငြိမ့်မင်းသမီးက ရွှန်းရွှန်းဝေအောင် ချီးမွမ်းမယ်။ အစ်ကိုရဲ့ မောင်ရဲ့လို့ ချွဲမယ်။ နောက်တစ်ရွာလဲရောက်ရော ပထမဆုချသူကို မေ့သွားရော။ နောက်တစ်ရွာက ဆုချတဲ့သူကို ချီးမွမ်းမယ်။ ချွဲမယ်။ အချိန်မတန်သေးဘဲ ရည်းစားထားတာလည်း ဒီသဘောပဲ။ မင်းထက် သာတာနဲ့တွေ့ရင် ပါသွားမှာပဲ။ မင်းက အခုကျောင်းသား။ (၁၀) တန်းတောင် မရောက်သေးဘူး။ ဒီအရွယ်က ရည်းစားထားရမယ့်အရွယ် မဟုတ်သေးဘူး။ စာကျက်ရမယ့်အရွယ်။ ထူးချွန်အောင် ကြိုးစားရမယ့် အရွယ်ဖြစ်တယ်။ မင်း ထူးချွန်အောင်မြင်လာတဲ့တစ်နေ့ ကြိုက်ချင်သလောက် ကြိုက်လို့ရတယ်..တဲ့။

မေး - အဲဒီတော့ ဆရာကြီးက တက္ကသိုလ်ကျောင်းသားဘဝတုန်းက ဒီစကားလေးကို သတိရပြီး ရည်းစားမထားဘဲ နေခဲ့တာပေါ့။
ဖြေ - မထားခဲ့ပါဘူး။ ဒီစကားလည်း ပါပါတယ်။ အာရုံနဲ့ဝါသနာက အထဲ နစ်မြုပ်နေတာလည်း ပါပါတယ်။ သစ်လွင်ကြိုဆိုပွဲမှာ ဘာသာရပ်ဆိုင်ရာ ပါမောက္ခတွေက သူတို့နဲ့ဆိုင်ရာ ဘွဲ့ဝတ်စုံကြီးတွေဝတ်ပြီး ကြိုဆိုနှုတ်ခွန်းဆက်စကားနဲ့ ဘာသာရပ်အကြောင်း မိတ်ဆက်စကားပြောခဲ့စဉ်က ထည်ဝါခန့်ငြား -

cLub 18 creative HOUSE



ကြည်ညိုလေးစားစရာကောင်းတဲ့ သူတို့ရဲ့ ရုပ်ပုံလွှာတွေ စိတ်ထဲစွဲပြီး သူတို့ကို အားကျ သူတို့လို ဖြစ်ချင်စိတ်လည်း ပါပါတယ်။ ဂုဏ်ထူးတန်းတက်တော့ ဖတ်ရမှတ်ရတဲ့ စာတွေလည်း အရမ်းများတယ်။ ကျမ်းကိုးတွေ တအား ဖတ်ရတယ်။ ဒါကြောင့် စာကြည့်တိုက်ထဲ ဝင်ရတဲ့အချိန် သိပ်များတယ်။ ဒါတွေနဲ့ လုံးပမ်းနေတော့ ရည်းစားထားဖို့ စဉ်းစားချိန်လည်း မရတော့ဘူးပေါ့။ စာများများ ဖတ်လာလေလေ ပိုပြီး သိချင်လာလေလေ၊ ပညာရှင်ပိုပို ဖြစ်ချင်လာ လေလေပဲ။ ပညာရှင်ပိုင်းကို တကယ်ချစ်လာမိတော့တာပဲ။ ပညာရှင်ဖြစ်ဖို့ပဲ သန္နိဋ္ဌာန်ချ ကြိုးစားခဲ့တော့တာပါ။

မေး - ကြိုးစားခဲ့ပုံ နည်းနည်း ဆက်ပါဦးဆရာ။
ဖြေ - ကျွန်တော် ၁၉၆၆ ခုနှစ်မှာ ဝိဇ္ဇာ (ဂုဏ်ထူးတန်း) ဘွဲ့ရခဲ့တယ်။ ကျူတာမခေါ်သေးမီ ဘဏ္ဍာရေးနဲ့ အခွန်ဌာနမှာ (၁၀) လလောက် လုပ်တယ်။ ကျူတာခေါ်တော့ ကျူတာလျှောက်တယ်။ ၁၉၆၇ ခုနှစ်မှာ စီးပွားရေး တက္ကသိုလ်၊ ဘောဂဗေဒဌာနမှာ ကျူတာအလုပ်ရတယ်။

တက္ကသိုလ် ဆရာ၊ ဆရာမ လုပ်သူတိုင်းရဲ့ ရည်မှန်းချက်တွေထဲမှာ နိုင်ငံခြားပညာသင်သွားရေးဟာ အဓိက ရည်မှန်းချက်တစ်ခုအဖြစ် ပါဝင်ပါတယ်။ ကျွန်တော်လည်း ဒီအတိုင်းပဲပေါ့။ ၁၉၆၉ ခုနှစ်မှာ မေမြို့ စစ်တက္ကသိုလ် (ယခု ပြင်ဦးလွင်) သို့ ပြောင်းရွှေ့ ခန့်ထားခံရတယ်။ (အဲဒီက ရခဲ့တဲ့ အတွေ့အကြုံတွေ တန်ဖိုးကြီးမှန်း နောက်မှ သိခဲ့ရပါတယ်)။ ၁၉၇၃ ခုနှစ်မှာ ကျွန်တော် စစ်တက္ကသိုလ်က ရန်ကုန်စီးပွားရေးတက္ကသိုလ်ကို ပြန်ပြောင်းရွှေ့ခဲ့ရပါတယ်။ ကျွန်တော် ပြီးတော့ ဦးကြည်ထွန်း (မင်းသမီး ထွန်းအိန္ဒြာဗိုရဲ့ ယောက္ခမ၊ ယခု သံမှူးကြီးနဲ့ အငြိမ်းစားယူသွားတဲ့သူ) သွားခဲ့ရတယ်။

ဦးကြည်ထွန်းနဲ့ ဦးကျော်တင့်ဆွေ (ယခု ကုလသမဂ္ဂဆိုင်ရာ မြန်မာသံအမတ်ကြီး) နဲ့ အခြား ၃-၄ ဦးက နိုင်ငံခြား ရေးဝန်ကြီးဌာန ပြောင်းသွားတယ်။ အဲဒီတုန်းက ဒေါက်တာမောင်မြင့်က နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီးပွား ရေးဌာနမှာ အကြီးအကဲတစ်ယောက်ဖြစ်ပြီး စီးပွားရေးပညာတတ်တွေ လိုနေချိန်မို့ အဆင်ပြေပြေနဲ့ ပြောင်းရွှေ့နိုင်ခဲ့တာပါ။ ကျွန်တော်လည်း အခွင့်အရေး ရခဲ့ပေမယ့် တက္ကသိုလ်ပါမောက္ခ ပညာရှင်ပဲ ဖြစ်ချင်တာမို့ မပြောင်းရွှေ့ခဲ့ပါဘူး။ လမ်းစဉ်ပါတီ ဌာနချုပ်မှ သုတေသီပညာ ရှင်အဖြစ် လုပ်ဖို့လည်း (ထိုစဉ်က စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ခင်မောင်ညွန့်မှတစ်ဆင့်) မေး

cLub 18 creative HOUSE

www.burmeseclassic.com

www.burmeseclassic.com



ကမ်းလှမ်းပါသေးတယ်။ ကျွန်တော် လက်မခံခဲ့ပါဘူး။ ပြောင်းသွားသူတွေတော့ ရှိပါတယ်။

အဲဒီအချိန်မှာ ကျွန်တော်က စာဖတ်၊ စာရေး၊ သုတေသနလုပ်နဲ့ အတော်ဟန်ကျ နေပါပြီ။ ၁၉၆၄ ခုနှစ် ဒုတိယနှစ်ဂုဏ်ထူးတန်းကျောင်းသားဘဝကစပြီး 'လုပ်သားပြည်သူ့နေ့စဉ်' သတင်းစာ၊ The Working People Daily နဲ့ The Guardian သတင်းစာတွေမှာ ပေါ်ပင်ဆောင်းပါးတွေရော၊ စီးပွားရေးဆောင်းပါးတွေပါ အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာနဲ့ စရေးခဲ့တယ်။

နောက်ပိုင်း ဟံသာဝတီ၊ ဗိုလ်တထောင်၊ ကြေးမုံသတင်းစာတွေသာမက စာနယ်ဇင်းအတော်များများ ရေးခဲ့တယ်။ သုတေသန စာတမ်းတွေ၊ ဘာသာရပ်ဆိုင်ရာဆောင်းပါးတွေ ရေးဖြစ်တယ်။ ဆီမီနာတွေ ကွန်ဖရင့်တွေမှာ တင်ပြဖြစ်တယ်။ ဒါတွေကြောင့် တုံးမသွားဘူးပေါ့။ နာမည်လည်း ရလာခဲ့တယ်။

ဒီလိုနဲ့ ၁၉၇၆ ခုနှစ်မှာ ထင်ပါရဲ့၊ ဂျပန်နိုင်ငံက မွန်ဘူးရှိုးပညာသင်ဆုတစ်ဆု ရောက်လာတယ်။ Master Leading to Ph.D တဲ့။ တံခါးပိတ်ထားတာ (၁၀) နှစ်ကျော်လာပြီးမှ ပြန်ဖွင့်တာဖြစ်လို့ ပြိုင်တိုးကြတော့တာပေါ့။ ဌာနကစီနီယာအားလုံးနီးပါး လျှောက်ကြတယ်။ ဒီအထဲမှာ ကျွန်တော်က ဝါအနုဆုံး။ ပြိုင်ဖြေရတယ်။ အင်တာဗျူးဝင်ရတယ်။ CV တွေဖြည့်ပြီး ဂျပန်ကို ပို့တယ်။ ကံအကျိုးပေးချိန်တန်လို့ ကျွန်တော် အရွေးခံလိုက်ရပါတယ်။

ဂျပန်နိုင်ငံရဲ့ ထိပ်တန်းတက္ကသိုလ်ဖြစ်တဲ့ တိုကျိုတက္ကသိုလ် ဝင်ခွင့်ရတယ်။ ရန်ကုန်က M.A ဘွဲ့ရပြီးဖြစ်လို့ M.A မလုပ်တော့ဘဲ Ph.D ဝင်ခွင့်စာမေးပွဲဖြေခွင့်ပြုလို့ ဖြေလိုက်တာ အောင်တယ်။

တိုကျိုတက္ကသိုလ်မှာ Ph.D သင်တန်းတက်နေဆဲ ကျွန်တော့်မိခင်ဝန်ကြီးဌာနက ရန်ကုန်က M.A ရပြီးဖြစ်လို့ Ph.D ဆက်မလုပ်ဘဲ ဘွဲ့လွန်သုတေသန (Post-Graduate Research Fellow) ပဲ လုပ်ပြီးပြန်လာပါလို့ ခေါ်စာရောက်လာတယ်။ နောက် ၆ လလောက် နေခွင့်ရရင် Ph.D ရနိုင်ခြေရှိပါလျက်နဲ့ ပြန်ခဲ့ရပါတယ်။ ရန်ကုန်မှာ Thesis လုပ်ပြီး လှမ်းတင်ဖို့ ကြိုးစားခဲ့သေးတယ်။

ဒါကြောင့် မှအရ သုံးနှစ်ပြည့်အောင် စောင့်ရတယ်။ (၃) နှစ် (၃)လလောက်မှာ ဩစတြေးလျနိုင်ငံက Ph.D bid တစ်ခု offer လုပ်လာတယ်။ အရင်ကလိုပဲ အများကြီး ဝင်ဖြေကြတယ်။ ကံအားလျော်စွာ ကျွန်တော်ရခဲ့တယ်။ ဆစ်ဒနီတက္ကသိုလ် တက်ခဲ့ရတယ်။ စိုက်ပျိုးရေးဘောဂဗေဒနဲ့ Ph.D ဘွဲ့ ရခဲ့ပါတယ်။





မဟာဘွဲ့အထိ ဘောဂဗေဒနဲ့လုပ်ခဲ့ပြီး Ph.D မှာ ဘာဖြစ်လို့ စိုက်ပျိုးရေးဘောဂဗေဒဘက် ပြောင်းလိုက်တာလဲ။

ဖြေ - မဟာဘွဲ့အထိ ဘောဂဗေဒအကြောင်း လေ့လာပြီးပြီဆိုတော့ လုံလောက်ပြီလို့ ယူဆတယ်။ မြန်မာနိုင်ငံက စိုက်ပျိုးရေးနိုင်ငံဖြစ်ပေမယ့် စိုက်ပျိုးရေးဘောဂဗေဒပညာရှင်က အလွန်နည်းပါးနေပါတယ်။ စိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနကလို အရေးကြီးတဲ့ဝန်ကြီးဌာနမှာတောင် ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်ထွက် B.Ag ဘွဲ့ရတွေများပေမယ့် စိုက်ပျိုးရေးဘောဂ ဗေဒပညာရှင် ၄-၅ ဦးထက်ပိုမရှိဘူး။ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှာလည်း အရင်က စိုက်ပျိုးရေးဘောဂဗေဒအဓိက (AE major) နဲ့ ဘွဲ့ပေးခဲ့ပေမယ့် နောက်ပိုင်းမှာ သင်မယ့်ဆရာမရှိလို့ minor တစ်ခုဖြစ်သွားရတယ်။ ဒါကြောင့် စီးပွားရေးတက္ကသိုလ်အတွက်လည်း လိုတယ်။ နိုင်ငံတော်အတွက် စိုက်ပျိုးရေးဘောဂဗေဒ သုတေသနတွေလုပ်ဖို့လည်း လိုတယ်။ အဲဒီလို စိတ်ကူးပြီး စိုက်ပျိုးရေးဘောဂဗေဒနဲ့ Ph.D လုပ်ခဲ့တာပါ။

မေး - ဆရာ အဲဒါလေးကို ဗဟုသုတအဖြစ် နည်းနည်းပြောပြပါဦး။ ပြီးတော့ တက္ကသိုလ်ဆိုတဲ့ သဘောသဘာဝအကြောင်းပေါ့ခင်ဗျာ။

ဖြေ - စိုက်ပျိုးရေးဘောဂဗေဒဆိုတာ အဓိကအားဖြင့် ဘောဂဗေဒအယူအဆသဘောတရားတွေ ဥပဒေသတွေကို စိုက်ပျိုးထုတ်လုပ်မှု၊ စိုက်ပျိုးရေးကုန်စည်ကူးသန်းရောင်းဝယ်မှု၊ စိုက်ပျိုးရေးထုတ်ကုန်တွေ တင်ပို့ရောင်းချမှု၊ သယံဇာတခွဲဝေသုံးစွဲမှု၊ ဈေးနှုန်းသတ်မှတ်မှု စတဲ့လုပ်ဆောင်ချက်တွေမှာ အသုံးချခြင်း ဖြစ်တယ်။ ဒါကြောင့် ဘောဂဗေဒရော စိုက်ပျိုးရေးအကြောင်းကိုပါ သိဖို့ လိုပါမယ်။ တမျိုးမျိုးသိရုံနဲ့ မပြစ်ဘူး။ ဥပမာ စပါးစိုက်ပျိုးမယ်ဆိုပါတော့။ မျိုးစေ့၊ မြေ၊ ရေ၊ မြေဩဇာရှိရင် စိုက်လို့ရတာပေါ့။ ဒါပေမယ့် ဒါကနည်းပညာသဘောအရသာ မှန်မယ်။ စီးပွားဖြစ် စိုက်ပျိုးဖို့ ဘာလိုမလဲ။ ရှိတဲ့ မြေသယံဇာတတွေကို အထိရောက်ဆုံးဖြစ်အောင် ဘယ်လိုခွဲဝေသုံးစွဲမလဲ။ ကုန်ထွက်အများဆုံးရဖို့ စိုက်မှာလား၊ ဝင်ငွေအများဆုံးရဖို့ စိုက်မှာလား စတဲ့ပြဿနာတွေ ဖြေရှင်းဖို့က ဘောဂဗေဒသိမှ ဖြစ်မှာပါ။ ဘောဂဗေဒအကြောင်းရော စိုက်ပျိုးရေးအကြောင်းကိုပါ သိဖို့ လိုတယ်။ တစ်ချို့မြေတွေက စိုက်လို့ပျိုးလို့မရတာပဲ။ Mergenta Land တွေလေဗျာ။ ဒီတော့ မြေက အဓိကမဟုတ်တော့ဘူး။ Supports ကသာ အဓိက။ အထွက်တိုးဖို့ ပံ့ပိုးမှုကသာ အဓိကကျနေပြီ။ ဒါကို နိုင်အောင်လုပ်ရလိမ့်မယ်။ စီးပွားရေးစီမံခန့်ခွဲမှု Plan & Management



www.burmeseclassic.com

www.burmeseclassic.com



ကို ဌာနဆိုင်ရာတွေအနေနဲ့ တတ်ကိုတတ်ရမယ်ဗျာ။ တတ်ချင်လည်း တတ်မယ်ပေါ့ဗျာ။ ပြီးတော့ ဈေးကွက်နေနဲ့ အပိုင်းပိုင်း အစိတ်စိတ် ကွဲထွက်သွားလို့ မရဘူး။ ဒါကို Market Fragmentation လို့ ခေါ်တာပေါ့ဗျာ။ အဲဒီလို Market Fragmentation များရင် စီးပွားရေးသဘောအရ Price Resortion ဈေးနှုန်းအချိုးအစား စတက်မယ်။ ဒီအခါမှာ ငွေကြေးဖောင်းပွမှု Inflation ဖြစ်မယ်။ ဒါဆိုရင်သွားပြီ။ ဒါကြောင့် ပထမဆုံး ထိန်းရမှာက အဲဒီ Inflation ကို ထိန်းရမယ်။ အသုံးစရိတ်ကတော့ မသုံးလို့ မဖြစ်တာတော့ သုံးရမှာပဲ။ အဲဒီအသုံးစရိတ်တွေကို ပြန်ပြီး Reducing ပြန်လုပ်ရလိမ့်မယ်။ ဘယ်ဟာဖြင့် ဦးစားပေး သုံးသင့်သလဲ။ ဘယ်ဟာတော့ ထားလို့ရသေးသလဲ။ ဘယ်ဟာတော့ နောက်နှစ်မှ သုံးမယ်။ သုံးရင်လည်း ဘယ်လောက်သုံးမယ်... အဲဒီလိုပေါ့ဗျာ။ နောက်တော်တော်များများ Policy Maker တွေရဲ့ ခေါင်းထဲမှာ ရှိနေတာက Tengible ဖြစ်တယ်ပေါ့ဗျာ... ရောင်းကုန်ထုတ်နိုင်တဲ့ ဝန်ကြီးဌာန တွေသာလျှင် တိုင်းပြည်ကို အကျိုးပြုတယ် ထင်တာပေါ့။ ပညာရေးနဲ့ ကျန်းမာရေးကြတော့ Intengible ဖြစ်နေလို့ အကျိုးမရှိဘူးလို့ ထင်တာ။ အဲဒါကိုက Totally Effect က မှားနေတာ။ Human Resource တတ်ဖို့ဆိုရင် ပညာရေး ကောင်းမှ ကျန်းမာရေးကောင်းမှာ။ အဲဒီအတွက် Investment ရှိမှ၊ တိုးကို တိုးနိုင်မှ။ ပညာရေးအဆင့် ကျသွားလို့ရှိရင် သုတေသနအဆင့်ကျပြီ။ သုတေသနမှ ကောင်းကောင်း မလုပ်နိုင်ဘူး ဆိုရင် ခင်ဗျားတို့ ပြဿနာရဲ့ အဖြေ ဘယ်လို ရှာမတုန်း။ ပြဿနာအဖြေကို သုတေသနနဲ့ရှာမှ အဖြေမှန်ရမှာပေါ့။

တက္ကသိုလ်ကို Power House of Knowledge လို့ တင်စားခေါ်ကြတယ်။ ထူးချွန်တဲ့ တတ်သိပညာရှင်၊ ဖောက်ရှုစိုက်လေ့လာတဲ့ ပညာရှင်တွေ ရှိရမယ်။ အရည်အချင်းပြည့်မီတဲ့ သုတေသီတွေ ရှိရမယ်။ လက်တွေ့အသုံးချ သုတေသနတွေ လုပ်နိုင်ရမယ်။

ဒီတော့ (၁) က ပညာကို ဦးစားပေးရမယ်။ တန်ဖိုးထားရမယ်။

(၂) ကျန်းမာရေးကို ဦးစားပေးရမယ်။

အဲဒီပညာရေးနဲ့ ကျန်းမာရေးနှစ်ခု ပေါင်းပြီးတော့ ကောင်းလာတဲ့အခါမှာ လူတွေရဲ့ပုံသဏ္ဍာန်ကအစ မတူတော့ဘူးပေါ့ဗျာ။

မေး - ဆရာကြီးလည်း အိမ်ထောင်လည်းကျသွားပြီ။ သားသမီးတွေကို ဘယ်လို သွန်သင်ဆုံးမသလဲ၊ ဘယ်အချက်ကို အဓိကထားပြီး သွန်သင်ဆုံးမပါသလဲ။





ဖြေ - အဓိကက ပထမဦးဆုံးကတော့ ပညာပဲ။ ကျွန်တော်က ပညာကို အလေးထားတဲ့လူဆိုတော့ ပညာတော်အောင်၊ ပညာတတ်အောင်ကြိုးစားဖို့။ Everage လူတန်းစားထဲမှာတော့ မပါစေနဲ့လို့။ Everage ကတော့ သူသူငါငါ ဖြစ်နိုင်တာပဲ။ You must be above everage လို့။ ဘာလုပ်ရမယ်လို့တော့ မဟုတ်ဘူး။ စဉ်းစားပေါ့။

လုပ်တဲ့အလုပ်မှာတော့ ထူးချွန်ရမယ်၊ အဲဒီလို ထူးချွန်အောင်တော့ ပညာကောင်းကောင်း တတ်ရမယ်၊ အခြေခံကောင်းကောင်း ရှိရမယ်။

ကျွန်တော့် သမီးရော ကျွန်တော့်သားရော ကျွန်တော်ဖြစ်စေချင်တာတော့ ဖြစ်မလာဘူးပေါ့ဗျာ။ သို့သော် ကျွန်တော် အဲဒါတော့ ဝမ်းမနည်းဘူး။ ကျွန်တော့် သမီးဆိုရင် ကျွန်တော်တို့က တက္ကသိုလ်ဆရာမ ဖြစ်စေချင်တယ်။ သူက အဖေ့စကားကို မပယ်ချင်တော့ B.Sc(Hons) တက်တယ်။ Qualified ဖြစ်တယ်။ ကျွန်တော်က သမီး တက္ကသိုလ်ဆရာတွေခေါ်ပြီ၊ လျှောက်တော့ဆိုတော့ သူက အခုသမီး အလုပ်ရပြီတဲ့။ အသွားနဲ့အမေနဲ့တိုင်ပင်ပြီးတော့ လုပ်တယ်၊ သူကဟိုတယ်လုပ်ငန်း ဝါသနာပါတော့ ပထမဦးဆုံး ဆီဒိုးနားဟိုတယ်မှာ စဝင်တယ်။ သူ့ဖွားအေက အသက်ကြီးပြီး ၉၃ နှစ်၊ ဖွားအေကိုလည်း ပြုစုနေတယ်။ သူက နိုင်ငံခြားလည်း သွားချင်တယ်။ ပထမ Sedona ဝင်တယ်၊ နောက် Trader ကိုပြောင်းတယ်။ Trader မှာ ၂ နှစ်၊ Sedona မှာ ၂ နှစ်ပြီးတာ နဲ့။ Oman နိုင်ငံက Shangarila Chain မှာ အလုပ်လုပ်နေဖို့ Trader ဟိုတယ်ကို လာပြီး ရွေးချယ်ရာမှာ ရသွားတယ်။

မေး - ဆရာ မြန်မာထဲက အမျိုးသမီးမန်နေဂျာတစ်ယောက်က Middle East မှာ လစာ အများဆုံးရနေတယ်ဆိုတာ ဆရာ့သမီး ထင်တယ်။

ဖြေ - ကျွန်တော့်သမီး မဟုတ်ဘူး။ ကျွန်တော့် တပည့်တော့ ဖြစ်ဖူးတယ်။ အလုပ်မှာ သမီးရဲ့ဆရာမလို့ ဆိုရမှာပေါ့ဗျာ။ သူက စီးပွားတက္ကသိုလ်က B.Com (Hons)နဲ့အောင်ပြီးတော့ ကုန်သည်ကြီးများဟိုတယ်မှာ ငွေစာရင်း အရာရှိအဖြစ် အလုပ်စဝင်တယ်။ အဲဒီကမှ 7 Star လား 6 Star လားတော့ မသိဘူး၊ အဲဒီမှာ သူက လခ စပယ်ရှယ်ရတယ်။ အပျံစားအိမ်ပေးထားတယ်။ သူတို့က လခက များပါတယ်။ များရုံတင်မကဘူး တခြား Pro တွေနဲ့မတူတာက (သမီး ပြောတဲ့အတိုင်း သိရတာက... )သူတို့တွေရဲ့ နေစရာအိမ်ကို ဟိုတယ် Facilities အတိုင်းကို လုပ်ပေးထားတယ်။ နောက် သူတို့အတွက် ကျန်းမာရေး ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



လုံး၀ အစအဆုံး တာဝန်ယူတယ်။ Free Food အစားအသောက် မနက်၊ ညနေ ကျွေးတဲ့ထမင်း။ Tea time မှာ Tea အဲဒါလည်း Free ပဲ။ ဒီတော့ သူတို့ရတဲ့လခကို အသားတင် စုမိတယ်။ ပြီးတော့ Service money ဆိုတာ ရှိသေးတယ်။ လက်ကျန်တဲ့အခါ တစ်ခါတည်းထည့်တာ။ သူတို့မှာ Tips ဆိုတာ တစ်ဦးချင်းစီကို ပေးသေးတာကိုး။ အခု သူက အဲဒီမှာ Promotion Dept ကို ကိုင်နေတယ်။ သားက ဘွဲ့နှစ်ဘွဲ့ ရထားတယ်။ သားကို ကျွန်တော်ဖြစ်စေချင်တာကတော့ တစ်မျိုးပေါ့ဗျာ။ ဒါပေမယ့် သူ ဝါသနာပါတာကို လုပ်မယ်ဆိုတော့ လုပ်ပေါ့။ သူ ပထမဘွဲ့က Computer ဘွဲ့၊ ဒုတိယဘွဲ့က Law ဘွဲ့။ အသံသွင်း studio တိုက်ပိုင်းတွေမှာ အသံပိုင်းဆိုင်ရာတွေ လုပ်တယ်။ အခုတော့ ရုပ်ရှင်ဒါရိုက်တာ လိုင်းပြောင်းတယ်။ တစ်လောက ထိုင်းနိုင်ငံ၊ ပတ္တရားမှာ ဒါရိုက်တာ workshop သွားတက်တယ်။ ဒီပညာကို အမေရိကန်သွားပြီး အဆင့်မြင့်မြင့် ဆက်သင်ဖို့ ကြိုးစားနေတယ်။ လိုအပ်တဲ့ စာမေးပွဲတွေ အောင်ပြီးပြီ၊ တက္ကသိုလ်လည်းရပြီ။ ဩဂုတ်လောက် သွားရမယ် ထင်တယ်။

မေး - ဆရာ ဒီအတိုင်းဆို သားသမီးအပေါ်မှာ ဘာဖြစ်ရမယ်ဆိုတဲ့ Worry တော့ ရှိခဲ့တာပေါ့။

ဖြေ - အနည်းနဲ့အများတော့ ရှိတာပေါ့ဗျာ။ သမီးနဲ့သား လမ်းလွဲလိုက်မိမှာကိုတော့ စိုးရိမ်တာပေါ့။ ဆိုးတဲ့လိုင်းကို မရောက်အောင်တော့ အကျိုးသင့်အကြောင်းသင့် ရှင်းပြတာပေါ့။ ကျွန်တော့် အတွေ့အကြုံနဲ့လည်း ယှဉ်ပြီးပြောပြတယ်။ သူများအတွေ့အကြုံနဲ့လည်း ပြောပြတယ်။ လိုင်းများမှာ ကြောက်တယ်ပေါ့ဗျာ။ သားယောက်ျားလေးဆိုတော့ ဆေးသမားတွေနဲ့ ပေါင်းမိမှာတို့၊ အဲဒါမျိုးကို စိုးရိမ်တာ။ အဲဒီတော့ သူတို့ကို မဟုတ်တဲ့လမ်း မှားသွားမှာကိုပဲ စိုးရိမ်တာ။ ကျန်တာကိုယ့်အလုပ်၊ ကိုယ့်အတွေးပဲ။ ဘာလိုင်းကိုရွေးရမယ် ဆိုတာ မပိတ်ပင်ဘူး။ ကြိုက်တာလုပ်ခွင့် ရွေးခွင့် ပြုထားပါတယ်။ ဆရာဝန်ဖြစ်မှ လို့တော့ မဟုတ်ဘူး။ ဆရာဝန်ဖြစ်ပြီးတော့လည်း MBA တို့ MPA မှာ လာတက်တဲ့ ဆရာဝန် တော်တော်များ တွေ့ရပါတယ်။ ခင်ဗျားတို့ ဒီမှာ ဘာလို့လာတက်နေတာတုန်းမေးတော့ ဆရာရယ် လိုအပ်လို့ပါတဲ့။

ဆရာဝန်ဖြစ်ပြီး ကန်ထရိုက်တို့ အေးဂျင့်တို့ လုပ်နေတယ်။ အဲဒါဆိုရင် ဆရာဝန်ဖြစ်ပြီး ဆရာဝန် အလုပ်ကို မလုပ်တဲ့အတွက်ကြောင့် တကယ်ဝါသနာပါတဲ့ လူတစ်ယောက် အတွက် ခွဲတမ်းလျော့သွားရတာပေါ့ဗျာ။





မေး - လူငယ်တစ်ယောက်က ပညာတတ်တာလဲ တတ်တာပေါ့။ ဘဝမှာ ကောင်းသတင်းနဲ့ကျော်ကြားတဲ့ လူတစ်ယောက်ဖြစ်ဖို့ဆိုရင် သူ့ဘဝမှာ မိဘ၊ ပတ်ဝန်းကျင်၊ ကုသိုလ်ကံ ဒီ(၃)ခုမှာ ဘယ်ဟာအရေးအကြီးဆုံးလို့ ထင်ပါသလဲ။ ကောင်းမွန်တဲ့ပတ်ဝန်းကျင်တစ်ခုအတွက် ဆရာကြီးစိတ်ထဲမှာ ဘာတွေအဓိကလို့ ခံယူပါသလဲ။

ဖြေ - ကျွန်တော် ၁၉၆၇ လောက်ကထင်တယ်။ ဟိုတုန်းက မြန်မာအလင်း မခေါ်ဘဲ လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ ထွက်တယ်။ အဲဒီမှာ ပတ်ဝန်းကျင်ကို ပြုပြင်ပေးပါဆိုပြီး ဆောင်းပါးတစ်ပုဒ် ရေးခဲ့ဖူးတယ်။ အဲဒီကာလ တုန်းက ဆေးထိုးတာ တစ်ခေတ် ထဖူးတယ်လေ။ အရမ်းကို ပျက်စီးတာပဲ။

အဲဒါနဲ့ ပတ်ဝန်းကျင်ကိုပြင်ရင်ပြင်၊ မပြင်ရင်ပတ်ဝန်းကျင်က လူငယ်တွေကို ပြင်သွားလိမ့်မယ်လို့ဆိုပြီး စိုးရိမ်လို့ပေါ့လေ။ မိဘတို့ ကုသိုလ်ကံ တို့ဆိုတာက မြင်ရတာတွေ မဟုတ်ဘူးလေ။ ဒါပေမယ့် ဒါတွေဟာလည်း အရေးပါသင့်သလောက် ပါပါတယ်။

ဒါပေမယ့် ပတ်ဝန်းကျင်က ပိုအရေးကြီးတယ်လို့ ကျွန်တော် ထင်ပါတယ်။ အဓိက…ဒါက နို့စို့ရွယ် ကိုယ်ကျင်လည်နေရတာဆိုတော့ ကိုယ့်ကိုလာပြီး Influence လုပ်မှာလေ။

ဒီတော့ အရက်သမားတွေချည်းပဲ နေတဲ့ပတ်ဝန်းကျင်မှာ ခင်ဗျား တရားသွားယောလို့မရနိုင်ပါဘူး။ ဒီလိုပဲ တရားသမားတွေရဲ့ ပတ်ဝန်းကျင်မှာလည်း အရက်သွားမူးလို့ မဖြစ်ဘူးလေ။

အခု လောလောဆယ် **လူငယ်တွေ တော်တော်များများ ဘဝပျက်နေကြတာသည် ပတ်ဝန်းကျင်ကြောင့်ပဲ**။ ဒါလည်း ပတ်ဝန်းကျင်တစ်ခုပဲ။ အဲဒီတော့ ကျွန်တော့်အမြင် ကိုပြောရရင် ခုန မိဘရယ် ကုသိုလ်ကံရယ်ဆိုတာကတော့ သူ့ရဲ့ သီလ၊ သမာဓိ၊ ဘာဝနာ ဒါတွေနဲ့ ဆိုင်မယ် ထင်တာပဲ။

လူ့လောကအတွက် အကျိုးပြုနိုင်ဖို့ဆိုတာ ပတ်ဝန်းကျင်ကလည်း အရေးကြီးတာပေါ့။

ကလေးတွေကနေ ကောင်းတဲ့လူကြီး တွေ ဖြစ်လာဖို့ဆိုရင် ပတ်ဝန်းကျင်ကအရေးကြီးတာပေါ့။

မေး - ဒီတော့ ဆရာဆိုလိုတာက လူငယ်တွေအတွက် ကောင်းမွန်တဲ့ ပတ်ဝန်းကျင်ဆိုတာ အဓိကကတော့ ကောင်းမွန်တဲ့ပညာရေးစနစ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဖြေ - နိုင်ငံခြားမှာ...တက္ကသိုလ်ပညာရေးမှာ ကျွန်တော် သတိထားမိတာက Outstanding Teacher Awards ဆိုတာရှိတယ်။ ထူးချွန်တဲ့ ဆရာဆု ပေးတယ်။

ဘယ်လိုရွေးလဲ သိလား...ပထမဆုံး အတန်းထဲမှာရှိတဲ့ ကျောင်းသားတွေကို လျှို့ဝှက်မဲပေးစေတယ်။ ကိုယ့်ကိုယ်လိုတဲ့ ကျောင်းသားရှိသလို မလိုတဲ့ ကျောင်းသားလည်း ရှိမယ်လေ။

လျှို့ဝှက်မဲဆိုတော့ ကျောင်းသားကလည်း ရဲရဲ တင်းတင်း ပေးရဲတယ်။ လျှို့ဝှက်မဲတစ်ခုတည်းနဲ့ဆိုရင်တော့ စည်းရုံးရေးဆင်း လည်းရတယ်...ဆိုတော့ ကျောင်းသားတစ်ခုထဲနဲ့လည်းမပြီးဘူး။ ဆရာတွေထဲ ကလည်း မဲပေးရတယ်။ ကိုယ့်အတွက် ကိုယ့်တစ်မဲပဲရမယ်။ ကျန်တဲ့ လူတွေ အနေနဲ့ ကိုယ့်ကိုယ် မကြိုက်ရင် မရနိုင်ဘူး။တတိယ အုပ်ချုပ်ရေးပိုင်းက Accessment အဲဒီ ၃ ခု ပေါင်းပြီးတော့မှ တစ်နှစ်တစ်ခါ Outstanding Teacher Award ပေးတာ။

အဲဒီဆရာကစာသင်တဲ့အချိန် တခြား Acedemic နဲ့ ပတ်သက်ပြီး ဘာရှိသလဲပေါ့။ စာတမ်း ဘယ်နှစ်စောင်ရေးဖူးလဲ၊ စာအုပ် ဘယ်နှစ်အုပ်ရေးဖူးလဲ။ အဲဒီလေးမျိုးကိုကြည့်ပြီးတော့မှပေးတာ။

ဒီတော့ (၁)အချက် က Reward System မှာ တတယ်တော်၊
တကယ် ထူးချွန်တဲ့လူကိုတကယ်ချီးမြှင့်၊
တကယ် မတော်၊မထူးချွန်တဲ့လူကို နှိပ်ကွပ်ရမယ်။
မနှိပ်ကွပ်လည်းပဲ အခွင့်အရေး မပေးနဲ့ပေါ့လေ။

မေး - တစ်ခု ကျွန်တော် Sharing လုပ်ချင်ပါတယ်။ အစကတော့ ကျွန်တော်လည်းပဲ ပတ်ဝန်းကျင်ကအရေးကြီးတယ်လို့ ယူဆခဲ့တာပါ။ လူတစ်ယောက်အတွက် ပတ်ဝန်းကျင်ဆိုတာက သိပ်အရေးကြီးတယ်လေ။

ဒါပေမယ့် **ဗိုလ်ချုပ်အောင်ဆန်းရဲ့ စာအုပ်လေးတစ်အုပ်ကို ဖတ်ဖြစ်လိုက်တဲ့အချိန်မှာ ဗိုလ်ချုပ် အောင်ဆန်းက ဘာပြောသလဲ ဆိုတော့...လူတစ်ယောက်အတွက် တိုးတက်ရာ တိုးတက်ကြောင်း ဘဝတစ်ခုဟာရှိတယ်။သူ့ကိုယ်တော့ ဗိုလ်လရောင်ရဲ့မျိုးရိုး ဆိုပြီးတော့ သူ့ကိုပြောကြတာပေါ့လေ။ မျိုးရိုးဗီဇကြောင့်သာ ဒီလိုဖြစ်လာတာ ပါလို့** သူ့ကို(ဗိုလ်ချုပ်ကို)ဝေဖန်ကြတယ်လို့ထင်ပါတယ်။ ဒီလို မျိုးရိုးဗီဇကြောင့် ပါလို့ ပြောလာကြတဲ့အချိန်မှာ သူက မခံချင်စိတ်နဲ့ ဒီစာအုပ်ထဲမှာ ရေးထားခဲ့ပါတယ်။





လူတစ်ယောက်ရဲ့ တိုးတက်ရေးနဲ့ နိမ့်ကျရေးကတော့ ဒီမျိုးရိုးဗီဇနဲ့ သက်ဆိုင်တယ်လို့ သူ မယူဆဘူးပေါ့နော်။ သူကျင်လည်တဲ့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းနဲ့သူ့ရဲ့ အတွင်းအရွှတ္တစိတ်ထားက ပိုပြီး အဓိကကျတယ်လို့ ယူဆတယ်ပေါ့။

အဲဒါလေးဖတ်ပြီးတော့ ခုနက ဆရာပြောတာလေး ပြန်ဆက်စပ်ကြည့်လိုက်တော့ ပတ်ဝန်းကျင်ကောင်းပေမယ့် ပျက်စီးသွားတဲ့လူတွေရှိတယ်။ ဆရာ့ဆီကစကားကြားလိုက်ရတယ်။ ကိုယ်က ဒီဟာကို ဝါသနာပါသွားတယ်။ ပညာရှင်ဖြစ်ချင်တယ်၊ ပြီးတော့ ဖတ်ရတဲ့စာတွေကြောင့်... ဆရာ့ရဲ့ပင်ကိုစိတ်ထားကလဲ...

ဖြေ - ပါပါတယ်။ အတွင်းအရွှတ္တ စိတ်ထားလည်း အရေးကြီးတာပေါ့။ မျိုးရိုးဗီဇအရဆိုရင် ကျွန်တော်ဟာ တက္ကသိုလ်ပါမောက္ခ၊ တက္ကသိုလ်ပညာရှင် မဖြစ်နိုင်ဘူး။

ကျွန်တော့် ပတ်ဝန်းကျင်မှာ ဒီလိုလူတွေမရှိဘူး။ စီးပွားရေးသမား ရှိတယ်၊ ခြံသမား ရှိတယ်၊ စိုက်ပျိုးရေးရှိတယ်၊ ဒါတွေ မဖြစ်နိုင်ဘူး။

ပညာတတ် ဆိုလို့ ကျွန်တော့်အဖိုး ရှေ့နေတစ်ယောက်ပဲ ရှိတယ်။ ကျန်တာတော့ များသော အားဖြင့် စီးပွားရေး၊ ခြံသမားနဲ့ ဆင်းရဲသားတွေပဲ များပါတယ်။ ဒါပေမယ့် ကျွန်တော်က ငယ်ငယ်လေးကတည်းက ကျိုက်မရောဘဝကို မမက်မောခဲ့ဘူး။ လူတွေကြည့်ရတာ မက်မောစရာမရှိဘူး။ တော်တော့်ကို ရုန်းကန်နေကြရတာ။

ဒီတော့ ငါဒီက ရုန်းထွက်မယ်ဆိုတဲ့ စိတ်ဓာတ်ကတော့ ရှိနေတယ်။ ဘယ်လိုပုံစံ နဲ့ ထွက်ရမယ်ဆိုတာသာ မသိတာပါ။ ဒီတော့ နောက်ပိုင်းကျတော့ ဘာလိုင်း၊ ကောင်းတယ်၊ မှန်တယ်ကို တက္ကသိုလ်ရောက်ပြီးမှ သိတာကိုး။ ဘာလုပ်ရမလဲ ဆိုတာ ပထမတုန်းက ဝိုးတိုးဝါးတားပဲ။

ငယ်ငယ်တုန်းက ဖြစ်ချင်တာတွေကို စိတ်ကူးတယ်၊ ဘာမှမသိလို့တော့မဟုတ်ဘူး။ ငယ်ငယ်တုန်းက နိုင်ငံရေးသမား တွေ တရားသွားဟောတာ ကြည့်ပြီးတော့၊ ပရိသတ် လက်ခုတ်တီးတာကြည့်ပြီး သဘောကျတယ်။ ဒါလူငယ်တစ်ယောက်ရဲ့အတွေး၊ ဒါလောက်ပဲ။ အလားတူပဲ ရှေ့နေဖြစ်ချင်တာကလည်း ကျွန်တော့်အဖိုး တရားရုံးမှာ လျှောက်လဲတာ ကြည့်ပြီးတော့ အထင်ကြီးတယ်။ ဘာမှသိလို့တော့မဟုတ်ဘူး။

ရယ်စရာ တစ်ခုပြောမယ်၊ ရယ်စရာပေမယ့် တကယ်အဖြစ်ပါ။ ကျွန်တော် ဆယ်တန်း အောင်ပြီး တက္ကသိုလ်ဝင်ခွင့် လျှောက်လိုက်တဲ့အခါကျတော့ ဟိုတုန်းက



www.burmeseclassic.com

www.burmeseclassic.com



ပုံစံတွေ အင်္ဂလိပ်လို ဖြည့်ရတာ။ ကျွန်တော်တွဲတဲ့ ဘာသာရပ်က History , Logics, Eco ကျွန်တော်က Logics ကို Law လို့မှတ်ပြီး။ အဲဒီ Logics ကို ဘယ်လို စာလုံး ပေါင်းခဲ့လဲဆိုတော့ Lawgics လို့ ပေါင်းခဲ့တာဗျာ။ အတန်းတက်တော့မှ ဟာ ဘာတွေလဲဟ။ Law လည်း မဟုတ်ပါလားပေါ့။ အဲဒီတုန်းက ဘာမှန်းတော့ မသိဘူးပေါ့။

ဒီတော့
(၁)အချက် ပတ်ဝန်းကျင်၊
(၂) အချက် အဓိကအရေးအကြီးဆုံးဟာ ကာယကံရှင်ပဲ။
ကာယကံရှင်မှာ တစ်ခုခုရည်မှန်းချက် ရှိရမယ်။
ရည်မှန်းချက်ကို စိုက်လိုက်မတ်တပ်
ကြိုးစားအားထုတ်တဲ့ ဝီရိယရှိရမယ်။
အဲဒီ ဝီရိယရှိဖို့ ပတ်ဝန်းကျင်နဲ့စနစ်က ဘယ်လိုလဲ။
Motivation ရှိသလား။ Reward System မှန်သလား။
ဒါတွေက သူ့ကို လမ်းကြောင်းပေးနေတာ။
ကိုယ့်ဟာ ကိုယ် ဘယ်လောက်ပဲ Determination ရှိရှိပေါ့ဗျာ။
ရှိတဲ့ Determination ကို တကယ်လို့ ပတ်ဝန်းကျင်က
Motivation မရှိဘူးဆိုရင် တစ်ဝက်တပျက်နဲ့
လှေလှော်ရင်း တက်ကျိုးမှာပေါ့ဗျာ။

မေး - ကလေးတွေ တစ်နှစ်ကို ၅၀၀၀၀လောက် နိုင်ငံခြားကိုထွက်နေကြတယ်။
ဖြေ - မှန်ပါတယ်။ အဲဒီလို ထွက်နေကြတဲ့နှုန်းဟာ ကြောက်ခမန်းလိလိပဲ။

မေး - အဲဒါ တစ်ချိန်ကျရင် ကျွန်တော်တို့ရဲ့ Population Growth ကိုထိခိုက်နိုင်ပါသလား။
ဖြေ - Population Growth ထက်ကို Brain Drain ပေါ့ဗျာ။ ဥပမာ နောက်ပိုင်းမှာ ထွက်တဲ့ကလေးတွေဟာ သင်တန်းတစ်ခုမဟုတ် တစ်ခု တက်ပြီးတော့မှ Skill ,Certificate ရပြီးတော့မှထွက်ကြတာများလာတယ်။ ဒီ အရင်းအမြစ်တွေကို ကိုယ်ကသုံးခွင့်ရရမယ့်အစား သူများတွေကသုံးသွားတယ်ပေါ့ဗျာ။ တစ်မျိုးကောင်းသွားတာကတော့ အခု လောလောဆယ်မှာ သူတို့ကိုသုံးချင်ရင်တောင် သုံးရမယ့်နေရာ မရှိသေးဘူးလေ။





သုံးရမယ့်နေရာ မရှိသေးဘူးလေ။

အဲဒီတော့ Brain Drain သည် တိုင်းပြည် စီးပွားရေးကို တိုက်ရိုက်ထိခိုက်တယ်။ အလုပ်အခွင့်အလမ်း နည်းမိုက်မှာ Population Growth နည်းသွားတာက ပြဿနာမဟုတ်ဘူး။ နည်းသွားရင် ပိုလို့တောင် အကျိုး ခံစားရနိုင်ပါတယ်။ သူတို့ ပြန်ပို့ပေးတဲ့ ငွေနဲ့ဘာညာနဲ့ ဆိုရင်ပေါ့။ ဒါပေမယ့် ကျွန်တော်တို့တိုင်းပြည်ရဲ့ စရိတ်နဲ့ ပညာတွေသင်တယ်၊ အကျိုးခံစားရမယ့်အချိန်ကျမှ သူများက အသုံးချသွားတယ်။ ဥပမာ စင်ကာပူဆို တစ်ခုခုမှာ ကျွမ်းကျင်သူတွေ၊ ကျွမ်းကျင်သူတွေကို ကြိုဆိုတယ်။ တစ်ခုမှ မတတ်တဲ့ကောင်ကိုတော့ လူပိုလို သဘောထားတယ်။ တစ်ခုမှာတော့ ပညာရှင်ဖြစ်ရင်ဖြစ်။ Technician ဖြစ်ရင်ဖြစ် လက်ခံတယ်။ နောက်ဆုံးဗျာ Welding ဆော်တတ်လား၊ ဆော်တတ်ရင် ပညာရှင်တစ်ယောက်ပဲ။ စင်ကာပူနိုင်ငံအတွက် အကျိုးပြုနိုင်မယ့်ပညာနဲ့ ကျွမ်းကျင်မှုတစ်ခုခု တတ်ရင်တော့ welcome ပဲ။ စင်ကာပူမနဲ့ယူရင် အိမ်တောင်ပေးတာပဲ။ သူတို့လိုချင်တဲ့ ပညာရှင်မျိုးဆိုရင် ပေါ့လေ။

မေး - ဆရာလူငယ်တွေအတွက် ပြောပေးချင်တာရှိရင် . . .
ဖြေ - စိတ်ဓာတ်မကျနဲ့၊ ရည်မှန်းချက် သတ်သတ်မှတ်မှတ်ထားပြီး အဲဒီ ရည်မှန်းချက် အတိုင်းစိုက်လိုက်မတ်တပ် ကြိုးစားရင် ဖြစ်နိုင်ပါတယ်။ ကမ္ဘာကြီးဟာ လောလောဆယ် တအားကို ပြိုင်ဆိုင်နေတဲ့ခေတ်ထဲ ရောက်နေတဲ့အခါ ဖြစ်လို့ ကိုယ်က မပြိုင်ဆိုင်နိုင်ရင်တော့ ကျန်ခဲ့မှာပဲ။ ပြိုင်ဆိုင်နိုင်ဖို့ဆိုရင်တော့ တော်အောင်လုပ်။ Survival of the Fittest . . .ဆိုတဲ့ အင်္ဂလိပ်စကား ရှိတယ် မဟုတ်လား၊ မြန်မာလိုဆိုရင်တော့ ကျွန်တော်ထင်တယ် . . .တော်သူနေ၊ မတော်သူသေ. . အဲဒီလိုဖြစ်မယ်ထင်တယ်။ မတော်သူတွေအတွက် နေစရာ မရှိဘူး။ အဲဒီတော့ တော်အောင်သာ ကြိုးစားပါ။ လူငယ်တွေရဲ့ ခေတ်ရောက်လာမှာပါ။ ဒီနေ့ ကိုရီးယား၊ စင်ကာပူ၊ ထိုင်း၊ မလေးရှား စတဲ့ နိုင်ငံတွေမှာ လူငယ်တွေက ဦးဆောင်နေကြတာပါ။ မြန်မာနိုင်ငံမှာလည်း လူငယ်တွေဦးဆောင်ရမယ့် အချိန်ရောက်လာမှာပါ။ အဲဒီအခါမှသာ အဆင်သင့်ဖြစ်ဖို့ ပြင်ဆင်ထားပါ။ ကြိုးစားပါလို့ အကြံပြုချင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## တယောဦးတင်ရီ



### ကိုယ်ရေးရာဇဝင်အကျဉ်း

အမည်ရင်း ဦးတင်ရီ။ ၁၉၄၂ ဇန်နဝါရီ ၁၀ ရက်တွင် အဖဦးလှမြိုင်၊ အမိ ဒေါ်တင်ညွန့်တို့မှ မွေးဖွားသည်။ နာမြိုင်ဆရာမိဘမှ မွေးဖွားသော်လည်း ထူးထူးခြားခြား တေးဂီတကို ဝါသနာထုံသည်။ မွေးချင်း မောင်နှမ ၅ ဦးရှိသည်။ ၁၉၆၀ ခုနှစ်၊ အသက် ၁၈ နှစ်အရွယ်တွင် ပန်တျာကျောင်းရန်ကုန်သို့ စတင်တက်ရော ပညာသင်ခဲ့သည်။ တယောပညာသ ကြားခြင်းနှင့် တီးခတ်ခြင်းတို့ဖြင့်သာ ရ တည်အသက်မွေးသည်။ ယခုမှာ ဒေါ် ေ အေးထိန်ဖြစ်ပြီး တိုက် ၁၆၊ စ-လွှာ၊ လှ တန်း ၁ လမ်းထိပ်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တွင်နေထိုင်လျက်ရှိသည်။



အသက်အရွယ်အရ ဂီတကို
ဒီလိုသမ္မာနဲ့ ဖြတ်သန်းမှုအရ
ပြောရရင်စကားအချို့တော့
ကျွန်တော့်မှာရှိပါတယ်။
ပည်သည့် ပညာရပ်မဆို
အတွေးအခေါ်ရှိတဲ့
လူက သာတယ်။
ကိုယ်လိုက်စားတဲ့
ပညာအပေါ်မှာ
အထင်ကြီးလေးစားရတယ်။
နောက်ကိုယ့်ရဲ့ဗီဇက
ဘယ်မှာအားသာသလဲ။
ကိုယ့်ဗီဇရှိတဲ့ပညာကို
ကိုယ်လုပ်တာ
အထွန်းကားနိုင်ဆုံးပဲ။

www.burmeseclassic.com

www.burmeseclassic.com




# ဂီတဗီဇနဲ့ တယောဦးတင်ရီ

## မောင်ကိုကို (အမရပူရ)

ကျွန်တော်ငယ်ငယ်တုန်းက ကျွန်တော်လူမှန်းသူမှန်းမသိတဲ့ အရွယ်တုန်းက ကျွန်တော်က မနေဖြူမှာပါ။ မနေဖြူကနေ ရန်ကုန်ရောက်လာပုံအကြောင်း ပြောပြချင်တယ်။

ကျွန်တော့်အဖေက မနေဖြူမှာ နာရီပြင်တယ်။ အမေက ကျွန်တော့်ကို မွေးဖွားပြီးတော့ ဖွင်းဖားပါတ်ဝယ်ကျွေးတဲ့ နေ့တစ်နေ့ပေါ့။ အမေကျွေးတဲ့ ပြောင်းဖူး



န့်တော် အရသာရှိရှိ စားနေမိတယ်။ ဂျပန်တစ်ယောက် ဖေ့ဆီမှာ နာရီလာပြင်နေတယ်။ အဲဒီဂျပန်က ခေါင်း ်ထားတာ ပြောင်နေတာပဲ။ ကျွန်တော် ဂျပန်ရဲ့ ခေါင်းကို ကြည့်ရတာ အလွန် အူယားနေမိတယ်။ ကျွန်တော့် ပြောင်းဖူးပြုတ်က စားလို့ကောင်းလိုက် ။ ပြောင်းဖူးနေတွေ ကုန်သွားပြီ။ လက်ထဲမှာ ပြောင်း ုံး ကိုင်ထားရင်း ဂျပန်ရဲ့ ခေါင်းကို ကြည့်မိပြန် ်။ ခေါင်းတုံးက ပြောင်နေတာပဲ။ အဲဒီအချိန် န်ကို ကြောက်နေရတဲ့ အချိန်။ ပြောင်းဖူးပြုတ်ရဲ့





အရိုးက လက်ထဲမှာ စေးထန်းထန်း စိုတိုတို။ ပြောင်နေတဲ့ ဂျပန်ခေါင်းကို ပြောင်းဖူးပြုတ်ရိုးနဲ့ အရသာရှိရှိ ခိုက်ချလိုက်တယ်။ ဂျပန်က ရှူးရှူးရှဲရှဲတွေဖြစ်ပြီပေါ့။ အဖေနဲ့ဂျပန် လုံးထွေးသတ်ပုတ်ကြရပြီ။ နောက်ရက်တွေမှာလည်း ဂျပန်က ကျွန်တော့်တို့ မိသားစုအပေါ် အညှိုးအတေးထားပြီး ဟိုလိုရန်ရှာ၊ ဒီလိုရန်ရှာ လုပ်တော့တာပဲ။ အဲလိုနဲ့ ကျွန်တော်တို့မိသားစုလည်း မနေဖြူမှာ မနေရဲကြတော့ဘူး။ အမေကလည်း သိပ်ကြောက်နေပြီ။

ဒီလိုနဲ့ပဲ ကျွန်တော်တို့မိသားစု ရန်ကုန်မြို့ကို ပြောင်းရွှေ့ရောက်ရှိလာပါတယ်။ ကပ္ပလီကွက်သစ်မှာ ကြုံရာကျဘမ်းလုပ်ကိုင်စားသောက်ကြရပါတယ်။ အမေကတော့ ကျွန်တော့်ကို မကြည်လင်ဘူးပေါ့ဗျာ။ မနေဖြူမှာဆိုရင်တို့တွေ ဘာမှမပူရ၊ မပင်ရဘူး။ ကိုယ့်ဝင်းကိုယ့်ခြံထဲမှာ ကိုယ့်လုပ်ငန်းနဲ့ ကိုယ့်ဖောက်သည်နဲ့ နေရထိုင်ရ စားရသောက်ရ အဆင်ပြေတယ်ပေါ့ဗျာ။ ရန်ကုန်မှာကျတော့ အနေဆင်းရဲ၊ အစားဆင်းရဲအလုပ်ကလည်း ကြုံသလိုလုပ်စား။ အမေကလည်း အလုပ်အဆင် မပြေလေ "ဟဲ့ကောင်… နင့်ကြောင့် ငါတို့ ရန်ကုန်ရောက်ရတာ၊ အခုဒုက္ခ ရောက်ရတာလည်း နင့်ကြောင့်၊ နင့်ကြောင့်" လို့ အမြဲ မြည်တွန်တောက်တီး နေတော့တာပဲ။ အဲဒီတော့ ကျွန်တော်ကလည်း အမေ့ကိုသနားတယ်။ ငါ့ကြောင့် အမေတို့ဆင်းရဲရရှာတယ်။ ပင်ပန်းရရှာတယ်။ အမေ့ကိုကူမှဆိုပြီး အမေ့အလုပ် ဝင်ကူလုပ်တယ်။ ဘာလုပ်သလဲဆိုတော့ ကျွန်တော်မြေပဲဆားလှော် ရောင်းရတယ်။

ဂီတကတော့ ဗီဇပါတယ်လို့ပဲ ပြောချင်ပါတယ်။ လူတွေက ဗီဇပါတဲ့ဘက် ကိုပဲ တိမ်းညွတ်တတ်ပါတယ်။ ဘာပဲလုပ်လုပ် ဗီဇပါခဲ့မှလည်း ထူးချွန်ပြောင် မြောက်တတ်ပါတယ်။ ကျွန်တော်က ငယ်ငယ်ကလေးဘဝ အီအီးပါနေရင်းကို ပါးစပ်က ဂီတတစ်ခုခုရွတ်ဆိုညည်းနေတာပဲ။ တယ်…တယ်…တယ်… တယ်…တယ်…တယ်လို့ အသံအနိမ့်အမြင့် ဆော်နေတော့တာပါပဲ။ ရန်ကုန်မှာ မြေပဲဆားလှော်လည်း ရောင်းတာပဲ။ ပြောင်းဖူးပြုတ်လည်း လည်ရောင်းတာပဲ။ ညနေပိုင်းထုတ်တဲ့ ကြယ်နီသတင်းစာလည်း မြို့ထဲလိုက်ရောင်းတာပဲ။ ကျောင်း ပညာလည်း မတတ်ဘူးဗျ။ သေစာရှင်စာဖြင့် ဖတ်တတ်တာပေါ့ဗျာ။ သတင်းစာ ရောင်းရင်းလည်း သတင်းစာထဲမှာ သတင်းထူးပါလာရင် အဲဒီသတင်းထူးကို အော်ရင်း လမ်းလျှောက်ရင်း ရောင်းတယ်။

ဂီတာဗီဇ အသေအချာပါရှိနေပြီဖြစ်တဲ့ ကျွန်တော်ဟာ ရပ်ကွက်ထဲက မယ်ဒလင်ဆရာနောက်ကို တကောက်ကောက်လိုက်နေမိတယ်။ ကျွန်တော် မယ်ဒလင်တီးသင်တယ်၊ သူက မင်းကွာ ဒါလောက်တောင် တီးချင်မှုတ်ချင်ရင်



www.burmeseclassic.com

www.burmeseclassic.com



ပန်တျာကျောင်းတက်ပါလားလို့ ပြောတယ်။ ပန်တျာကျောင်းတက်ရင် စတိုင်ပင်လည်း ငါးဆယ်ရမှာလို့ သူကပြောသေးတယ်။ ကျွန်တော်စိတ်ဝင်စားသွားမိတယ်။ လမ်းတကာလှည့်ပြီး ဟိုဟာအော်ရောင်း ဒီဟာအော်ရောင်းလုပ်နေမယ့်အစား ပန်တျာကျောင်းတက်တာမှ ဟန်ကျဦးမယ်။ အရိပ်ထဲမှာ ကိုယ်လိုချင်တဲ့ ဂီတပညာလည်း သင်ယူခွင့်ရမယ်။ ပိုက်ဆံကလည်း တစ်လငါးဆယ်ရဦးမယ်ဆိုတော့ ဟန်ကျပြီ၊ အိမ်ကိုထောက်ပံ့လို့လည်း ရနိုင်တယ်ပေါ့။

ပန်တျာကျောင်းမှာ ကျွန်တော့်ဆရာတွေကတော့ တယောက ဦးရွှေတည်၊ ဂီတာ ဦးစိမ်းမောင်၊ နောက် ရကန်ဦးတင်၊ ဘာဘာ မြန်မာညွန့်ဦးချစ်မောင်၊ နောက် ဂီတသင်္ကေတသင်တာက ဦးစောသာထား၊ အဆိုက ဦးဘသက်စတဲ့ဆရာတွေဆီမှာ ပညာသင်ယူရပါတယ်။ တယောကို တက်မယ့်လူသိပ်မရှိဘူး။ အဲဒီတုန်းက တယောကို သိပ်မရွေး ချယ်ဘူး။ အခြားတူရိယာပစ္စည်းကို သင်ချင်ကြတယ်။ ကြိုးဆယ့်သုံးပုဒ်မှာ ခြောက်ပုဒ်လောက် ပြီးနေကြချိန်မှာ ကျွန်တော်တို့က တစ်ကြိုးတောင်ပြီးအောင် မတက်ရသေးဘူး။

တယောဆိုတာ တကယ်တော့ လူ့အသံနဲ့တူအောင် အတီးနိုင်ဆုံးပဲ။ လူနားလည်နိုင်အောင် တီးနိုင်တာကလည်း တယောပဲ။ လူ့ရဲ့ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ ပူဆွေးခြင်း စတဲ့လူ့ရဲ့ခံစားမှုအဖုံဖုံကို တယောက အကုန်အစုံ လုပ်ပြနိုင်တယ်။ လူ့ရင်ထဲက အသံနဲ့ထပ်တူကျအောင် တီးနိုင်တာက တယောပဲ။ တူရိယာ ပစ္စည်းကို ကိုင်တွယ်တီးခတ်ရာမှာ လူ့အသံနဲ့တူအောင် တီးခတ်နိုင်တဲ့သူဟာ အတော်ဆုံးပဲ။ ကမ္ဘာကအဲလိုလက်ခံခဲ့တာကို ကျွန်တော်ကလည်း ထောက်ခံတယ်။

ကျွန်တော်အားကျခဲ့တဲ့ တယောဆရာတွေ ပြည်တွင်းမှာရော ပြည်ပမှာရော ရှိခဲ့တာပဲပေါ့။ ဦးရဲအောင်၊ ဦးဒီဘိုးစတဲ့ တယောဆရာတွေကို အားကျခဲ့ဖူးတယ်။ ဦးဘတိုးလည်းပါတယ်။ အနောက်က တယောဆရာ ရဟူဒီမန်နူဟင်ကိုလည်း ကျွန်တော်သိပ်သဘောကျတယ်ဗျာ။

တစ်ခုရှိတာက တယောထိုးရာမှာ လွတ်လပ်ဖို့လိုတယ်။ စိတ်လွတ်လပ်ရတယ်။ ခံစားမှုလွတ်လပ်ရတယ်။ ဖန်တီးမှုလွတ်လပ်ရတယ်။ စိတ်မလွတ်လပ်လျှင်၊ ပင်ပန်းလျှင်၊ မလွတ်လပ်လျှင် ထွက်လာတဲ့ Tuneတွေက ထိုင်းမှိုင်းတယ်။

ပန်တျာကျောင်းမှာ တယောသင်တန်းတက်တာ တစ်နှစ်အကျော်မှာတော့ ကျွန်တော့်အာရုံထဲမှာ လင်းခနဲဖြစ်သွားတယ်။ ကျွန်တော့်အနာဂတ်ကို မြင်လိုက်သလိုပဲ။ တစ်နေ့မှာ ငါဟာထင်ရှားတဲ့ တယောဆရာတစ်ယောက်ဖြစ်ရမယ်။ အဲလိုအာရုံထဲမှာ လင်းခနဲဖြစ်သွားတယ်။ တကယ်တော့ ကျွန်တော်ဟာ အတန်း

cLub 18
Creative HOUSE



ထဲမှာ အတော်ဆုံးမဟုတ်ပါဘူး။ ဒါပေမယ့် ဆရာနိုင်းတာကို အသေအချာ လုပ်ခဲ့တယ်။ အဲဒီလိုဗျာ နိုင်းတာလုပ်တတ်တဲ့ ကျွန်တော့်ရဲ့ နာယူစိတ်ဟာ ကျွန်တော့်ရဲ့ပညာကို အကျိုးပြုခဲ့ပါတယ်။

ဆရာ့စကားကို လိုက်နာရိုသေခြင်း။ ဆရာနိုင်းတဲ့အတိုင်း တစ်သွေမတိမ်း လုပ်ခြင်း၊ ထပ်တလဲလဲ လေ့ကျင့်ခြင်းတို့ဟာ ကိုယ်သင်ယူလေ့လာတဲ့ ပညာရပ်ကို တောက်ပစေနိုင်ပါတယ်။

ပန်တျာကျောင်းမှာ တယောပညာသင်စဉ် အမေ့ရဲ့စကားကို သတိရမိပြန်တယ်။ ကိုယ်လုပ်တဲ့အလုပ်ကို စိုက်လိုက်မတ်တတ်လုပ်ပါ။ ကိုယ်လိုက်စားတဲ့ ပညာကို စိုက်လိုက်မတ်တတ်လိုက်စားပါ။ ငါ့သားအတွက် အဲဒီပညာနဲ့သက်ဆိုင်တဲ့ နေရာတစ်နေရာ ရှိနေမှာပါ။ အဲဒါ တကယ်မှန်ပါတယ်။

ကျွန်တော် ဒုတိယနှစ်မှာ ကမ္ဘာ့အေးပြိုင်ပွဲမှာ ဝင်ပြိုင်ပါတယ်။ တစ်ပြည်လုံးမှာ ဒုတိယရခဲ့ပါတယ်။ ကျွန်တော်တတိယနှစ်မှာ ကနေဒီကျွန်းစဖွင့်တဲ့ အထိမ်းအမှတ်ပြိုင်ပွဲ ကျင်းပပါတယ်။ ကျွန်တော်ဝင်ပြိုင်ပြန်တယ်။ အဲဒီမှာ ကျွန်တော် ပထမဆုရပါတယ်။ ကျွန်တော်မှတ်မိနေသေးတယ်။ တယောထိုးပြိုင်ပွဲ ပထမဆုရတော့ ဘောင်းဘီအဟောင်းလေးဝတ်ထားတဲ့ ကျွန်တော်ဟာ ကနေဒီကျွန်းမှာ ဆုတက်ယူရပါတယ်။ ကျွန်တော်ရတဲ့ဆုဟာ အက်ကိုးရေဒီယိုကြီးပါ။ ရေဒီယိုကြီးကို ပိုက်ပြီး ပွဲခင်းထဲလမ်းလျှောက်အပြန် ရေဒီယိုကြီးက လွှတ်ကျပါလေရောဗျို့။ ရေဒီယိုကြီးရဲ့ ကာဗာက ကွဲအက်သွားပါတယ်။ အဲဒီ လို ရေဒီယိုကြီး လွှတ်ကျပြီး ပွဲခင်းထဲမှာ ဝမ်းနည်းပက်လက်ဖြစ်သွားပုံကို သတင်းထောက်က ကင်မရာနဲ့ မှတ်တမ်းတင်ပြီး နောက်နေ့သတင်းစာမှာ ဖော်ပြခဲ့တယ်။ မောင်တင်ရီလေးဟာ အဲလို ငယ်ငယ်ကတည်းက ကျော်ကြားချင်တော့ ဆုရတဲ့ အက်ကိုးရေဒီယိုကြီး လွှတ်ကျပြီး အဲဒီပုံသတင်းစာမှာ ဖော်ပြခံခဲ့ရပါတယ်။ အဲဒီရေဒီယိုကြီးက ကျွန်တော့်အတွက် အမှတ်တရဆိုတော့ ကျောင်းက ကျွန်တော့်ရဲ့ဆရာကို ရေဒီယိုကြီးနဲ့ သွားကန်တော့တယ်။ ဆရာက မင်းဆုရတာ မင်းယူပေါ့ကွာတဲ့။ ကျွန်တော်ကတော့ ဆရာကို ကန်တော့ချင်လွန်းလို့ပါပေါ့။ ဆရာက လက်ခံလိုက်ပါတယ်။ ပိုက်ဆံ ၂၀၀ ဆုချလိုက်တယ်။ ပိုက်ဆံ နှစ်ရာဆိုတာ အဲဒီအချိန်က သိပ်တန်းဖိုးကြီးခဲ့တာပါ။

ပန်တျာကျောင်း တတိယနှစ်မှာ ကျွန်တော်သီချင်းအပုဒ်ပေါင်း သုံးဆယ့်ငါးပုဒ်ရပါပြီ။ ကျွန်တော့်အမေ့ရဲ့စကားကို ကြားယောင်ရင်း ကျွန်တော်ဟာ ပန်တျာကျောင်းမှာ တယောပညာသင်ယူခဲ့တာပါ။

cLub 18
Creative HOUSE
www.burmeseclassic.com

www.burmeseclassic.com



'ငါ့သားမင်းလုပ်တဲ့လုပ်ငန်းကို မင်း စိတ်လိုက်မတ်တတ်လုပ်စမ်းပါ'

အဖေ့အသံတွေက တယောသင်တဲ့အခန်း နံရံတွေဆီကနေ ပဲ့တင်ထပ်ပြီး ကျွန်တော့်နလုံးအိမ်ထဲ စီးဝင်နေပါတယ်။ ထပ်တလဲလဲ ဒီစကားတွေကို ကျွန်တော်ကြားနေခဲ့ရတယ်။

'ငါ့သားမင်း လုပ်တဲ့လုပ်ငန်းကို မင်းစိတ်လိုက်မတ်တတ် လုပ်စမ်းပါ'

'လုပ်စမ်းပါ'

'လုပ်စမ်းပါ'

အဖေ့ကိုကျွန်တော်က ကတိတွေပေးနေမိပါတယ်။

'ဟုတ်ကဲ့ အဖေ ကျွန်တော်လုပ်နေပါတယ်'

'ဟုတ်ကဲ့ အဖေ ကျွန်တော်လုပ်နေပါတယ်'

'လုပ်နေပါတယ်'

'လုပ်နေပါတယ်'

အဖေ့အသံက ထပ်လာနေပါတယ်။

'ငါ့သား မင်း စွမ်းစွမ်းတမံလုပ်ပြနိုင်ရမယ်'

စွမ်းစွမ်းတမံလုပ်ပြနိုင်ရမယ် ဟုတ်လားအဖေ

ကျွန်တော် စွမ်းစွမ်းတမံလုပ်ပြနိုင်ဖို့အတွက် အခုလိုငယ်စဉ်ဘဝကတည်းက ကြိုးစားသင်ယူခဲ့ရမှာပေါ့။

အဖေ့သား မောင်တင်ရီဟာ တယောမောင်တင်ရီ ဖြစ်ချင်ပါတယ်။ ကျွန်တော့် နာမည်အရှေ့မှာ ကျွန်တော်ချစ်တဲ့ တယောရှိချင်တယ်။ ကျောင်းမှာ ကျောင်းပညာအသိသာရှိတဲ့ ကျွန်တော်ဟာ အပြင်လောက ရောက်တဲ့အပြင်က တီးဝိုင်းတွေမှာ တယောထိုးရတော့မယ်။ အပြင်လောကရဲ့ အရပ်ဝိုင်းတွေမှာ ကျွန်တော်ပါဝင်ရမယ်။ ဒီလုပ်ငန်းနဲ့ ပိုက်ဆံရှာရတော့မယ်ဆိုတော့ လူမှုဆက်ဆံရေးတွေလည်း ပါဝင်လာပြီပေါ့ဗျာ။ အပြင်ဝိုင်း အရပ်ဝိုင်းမှာ လူငယ်တယောသမားလေး မောင်တင်ရီဘဝနဲ့ ရန်ကုန်မှာ ရန်ကုန်ဝန်းကျင်၊ နယ်တွေမှာ ရန်ကုန်နဲ့ နည်းနည်းလှမ်းတဲ့ ရွာတွေမှာ တယောလိုက်ထိုးပါတယ်။ ပိုက်ဆံကလည်း ဘာမှ မရပါဘူးဗျာ။ အပျော်သာသာပါ။

ရွာတစ်ရွာမှာတော့ တယောကိုင်ပြီးတော့ ဒုန်းစိုင်းပြေးခဲ့ရတယ်။ ဒီလိုဗျ။

အဲဒီရွာမှာ သူကြီးကလည်း ဂီတဝါသနာပါတယ်ဗျ။ သူအချစ်ဆုံးက တယောဗျ။

'မင်းတို့ တီးဝိုင်းက တယောလည်း ပါသကိုးကွာ' သူကြီးကပြောတယ်။





'ဟုတ်ကဲ့ခင်ဗျ' ကျွန်တော်ကဖြေပါတယ်။

'တယောထိုးမှာက ဘယ်သူလဲကွ'

'ကျွန်တော်ပါခင်ဗျ'

'လူငယ်လေးပါလား၊ မင်းက တယောထိုးမယ်၊ ကဲကဲ ငါ့အရင်ထိုးပြ'

ကျွန်တော်ကလည်း သူကြီးအလိုကျ တယောလေးကို ထိုးပြမယ်ပေါ့ဗျာ။

သူကြီးက 'ကောင်းကွာ ကောင်းကွာ'နဲ့

အကျေနပ်ကြီး ကျေနပ်နေတာပေါ့ဗျာ။

ဖြစ်ပုံကဒီလိုဗျ။

ကျွန်တော်က သူကြီးကို တယောထိုးပြနေခိုက်မှာပဲ ကျွန်တဲ့တူရိယာ တီးမယ့် မှုတ်မယ့် လူငယ်အချို့ကရေခပ်ဆင်းတဲ့ ကျေးလက်လုံမတွေကိုသွားပြီး ရောနှောကြ၊ စကားတွေပြောကြပေါ့ဗျာ။ ကျေးလက်လုံမလေးတွေနဲ့တော့ ပြဿနာမဖြစ်ပူးဗျ။ မိန်းကလေးများကလည်း လက်သင့်ခံစကားပြောပါတယ်။ အနုပညာသမားတွေမို့ သူတို့ဘက်ကလည်း ခင်မင်ချင်ကြတယ်။ အဲ ထမင်းစားခါနီးမှာတော့ ရွာထဲက လူငယ်ကာလသားတွေက ကျွန်တော်တို့ ထမင်းစားမယ့်အိမ်ကို ဝိုင်းတော့တာပဲဗျို့။ တုတ်၊ ဓား လက်နက်ကိုယ်စီနဲ့ဗျ။ ကျွန်တော်တို့လည်း သူတို့ ရွာထဲမှာ ပိတ်မိနေတော့ ကြောက်တာပေါ့ဗျာ။ အဲဒီမှာ သူကြီးက သူတို့ကို တားဆီး ထိန်းသိမ်းဖို့လုပ်ရင်း ကျွန်တော်တို့ကို မဟန့်ဘူး လစ်ကြတော့ လှမ်းမျက်ရိပ်ပြပါတယ်။ အဲဒါနဲ့ပဲ ကျွန်တော်တို့တစ်ဖွဲ့လုံးလည်း သုတ်ခြေတင်ပြေးခဲ့ရတယ်။ အောင်မြင်စွာနဲ့ မတီးမမှုတ် ဆုတ်ခွာခဲ့ရတယ်။ အဲဒါက အပြင်အရပ်ဝိုင်း ရောက်ရောက်ချင်းမှာ ကျွန်တော်ရရှိလိုက်တဲ့ အတွေ့အကြုံသစ်ပေါ့ဗျာ။

ကျွန်တော်တယောထိုးခငွေ အစိတ်(၂၅ကျပ်) စရတဲ့ခံစားမှုလေးကို ကျွန်တော် မမေ့နိုင်ဘူးဗျာ။ စန္ဒရားအောင်ကြီးရဲ့ တီးဝိုင်းမှာလိုက်ပြီး တယောထိုးတဲ့ညပေါ့။ စန္ဒရားအောင်ကြီးက ကျွန်တော့်ကိုအနုပညာကြေး ငွေအစိတ် ပေးပါတယ်။ ကျွန်တော်ပျော်လိုက်တာဗျ။ ငွေအစိတ်ဆိုတာ အများကြီးသုံးစွဲလို့ ရတယ်ဗျ။ ကျွန်တော်က တယောထိုးခ ပိုက်ဆံ ၂၅ ကျပ်ကိုကိုင်ပြီး အမေ့ကို ဝမ်းသာအားရသွားပေးတယ်။ အမေ့မျက်နှာက ချက်ခြင်းကြီး မည်းတက်သွားတယ်။

'ဟဲ့အကောင် နင်ဒီပိုက်ဆံ ဘယ်က ခိုးလာတာလဲ၊ ငါတို့အမျိုးထဲ သူခိုးမရှိဘူးဟဲ့။ သူများပစ္စည်း သူများပိုက်ဆံခိုးတာ ငါအမုန်းဆုံးပဲ'

အမေက ကျွန်တော့်ကို ပြောပြောဆိုဆိုရိုက်ပါတယ်။ ကျွန်တော်ရှင်းပြတယ်။ အမေက ဘယ်လိုမှလက်မခံဘူး။ ကျွန်တော့်ကို သူများပိုက်ဆံ ခိုးလာခဲ့တာတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ကျွန်တော့်ရဲ့ လုပ်အားခ၊ ဒါမှမဟုတ် အနုပညာကြေးကို အမေ့ကို ဦးဆုံးကန်တော့တာ။ ဒါကိုပဲ အမေက ကျွန်တော်ကို နိုးလာခဲ့တာတဲ့။ ကျွန်တော့်ရဲ့ ရင်ထဲဖုထစ်နေတယ်။

နောက်တော့ စန္ဒရားကိုအောင်ကြီး ရောက်လာပြီး ဒီငွေအစိတ်ကို တယောထိုးခ သူပေးလိုက်တဲ့အကြောင်း၊ နောက်ကိုလည်း ကျွန်တော့်ကိုသူ့တီးဝိုင်းမှာ သုံးမယ့်အကြောင်းပြောပြတယ်. အဲတော့မှ အမေက ယုံသွားတယ်။

'နင်တယောထိုးတာက တစ်နေ့တည်း တစ်ညတည်းနဲ့ ငွေအစိတ်ကြီးများတောင်ရသလား' လို့ အမေက ပြောပါတယ်။

'ဟုတ်တယ်အမေ၊ အမေတို့အဖေတို့ နောက်ဆိုဘာမှမပူနဲ့တော့၊ သားက တယောထိုးပြီး မိဘကိုလုပ်ကျွေးမယ်' လို့ ကျွန်တော်က ပြောပြမိတယ်။

ကိုယ်ဝါသနာပါတဲ့လုပ်ငန်းက အနုပညာ၊ အဲဒီအနုပညာက ပိုက်ဆံရတာ။ အဲဒီပိုက်ဆံနဲ့ ကိုယ့်ရဲ့ မွေးသမိခင်၊ မွေးသဖခင်၊ ကျေးဇူးရှင်ကို ကျေးဇူးဆပ်နိုင်တာ။ ကျွန်တော်ကြည်နူးလိုက်တာဗျာ။ ဒီဂီတနဲ့ကျွန်တော်တို့ စိတ်အေးအေးထမင်းစားရပြီ။

ကျွန်တော့်ဘဝမှာ ဂီတနဲ့ပတ်သက်ပြီး ဘာကြီးဖြစ်ချင်တယ်၊ ညာကြီးဖြစ်ချင်တယ်ဆိုတာတော့ မရှိပါဘူး။ ကျွန်တော်ဂီတနဲ့ပတ်သက်ပြီး အခုအခါ ဆင်းဆင်းရဲရဲ မနေရပါဘူး။ အဆင်ပြေတယ်။ နောက်ဂီတနဲ့ပတ်သက်ပြီး စိတ်ကအရမ်းချမ်းသာတယ်။ တယောထိုးနေရတာဟာ တရားရှုမှတ်နေရသလို စိတ်ချမ်းသာ ငြိမ်းချမ်းလှပါတယ်။ ဘိုးတံလေးက ရွေ့လျားနေတယ်။ ဘိုးတံလေး လမ်းခရီးမှာ ဘာမှားသလဲ၊ ရှုမှတ်တယ်။ မှားရင်ပြင်မယ်။ ကိုယ်ခန္ဓာကို မှားရင်ပြင်မယ်။ ကိုယ့်အနေအထိုင် မှားရင်ပြင်မယ်။ ကိုယ်ဖန်တီးနေတဲ့ အနုပညာမှားရင် အခုပြင် လိုက်မယ်။ အဲဒီစီးမျောမှု အဲဒီရှုမှတ်မှုနဲ့ တယောလေးကို ထိုးရင်း ကျွန်တော်ဖြင့် အမြဲတမ်းပဲ စိတ်ချမ်းသာနေရပါတယ်ဗျာ။ ရုပ်ပိုင်းဆိုင်ရာ အခွင့်အရေးတွေ ဒီတယောနဲ့ ရခဲ့သလားဆိုတော့ အဲလိုအခွင့်အရေးတွေ အခွင့်အလမ်းတွေ ကျွန်တော် ဒီတယောနဲ့ မရခဲ့ပါ။ ဒါပေမယ့် ဒီဂီတနဲ့ ကျွန်တော် စိတ်ချမ်းသာမှုရနေတာတော့ အမှန်ပါပဲဗျာ။

ကြီးမားတဲ့ ရုပ်ဝတ္ထုရလဒ်ကတော့ ကျွန်တော့်မှာဘာမှမရှိပါဘူး။ အဆိုတော် မာမာအေးသီချင်းတစ်ခါဆိုရင် တစ်သိန်းခွဲရတဲ့အချိန်မှာ ကျွန်တော်က သူတို့နဲ့အတူ အဲဒီသီချင်းအတွက် တယောထိုးခ ငွေသုံးထောင်ကျပ် ရပါတယ်။ အဲဒီတုန်းက ရွှေဈေးကလည်း တစ်ကျပ်သားမှ ၁၈၀ ကျပ်ဗျာ။ ကျွန်တော်ရတဲ့ သုံးထောင်ဟာ





တန်ပါတယ်လို့ မှတ်ယူရမှာပဲ။

အသက်အရွယ်အရ ဒီဂီတကို ဒီလိုသမ္မာနဲ့ ဖြတ်သန်းမှုအရ ပြောစရာစကားအချို့တော့ ကျွန်တော့်မှာ ရှိပါတယ်။

မည်သည့် ပညာရပ်မဆို အတွေးအခေါ် ရှိတဲ့လူက သာတယ်။

ကိုယ်လိုက်စားတဲ့ ပညာအပေါ်မှာ အထင်ကြီးလေးစားရတယ်။ ကိုယ်မှ ကိုယ့်ပညာအပေါ် အထင်မကြီးဘူးဆိုရင် သွားပြီပေါ့။

နောက်ကိုယ့်ရဲ့ဗီဇက ဘယ်မှအားသာသလဲ။ ကိုယ့်ဗီဇရှိတဲ့ပညာကို ကိုယ်လုပ်တာ အထွန်းကားနိုင်ဆုံးပဲ။ ကျွန်တော်ကတော့ တယောထိုးခြင်းနဲ့ နိုင်ငံတကာဂီတကော်တကို လိုက်စားခြင်းကလွဲရင် ဘာမှ ဝါသနာမပါဘူး။

နောက်လုပ်ပြီဆိုရင် အပျော်တမ်းလောက် မလုပ်ပါနဲ့။ အရပ်သုံးလောက် အဆင့်မှာတင်မလုပ်ပါနဲ့။ လုပ်စားလို့ရအောင် လုပ်ရမယ်။ တိုင်းပြည်နဲ့နိုင်ငံနဲ့ ချီပြီးလုပ်ရပါမယ်။ နောက်ကိုယ်တစ်ယောက်တည်း တိုးတက်လို့ မဖြစ်ဘူး။

ကိုယ့်လောကကို တိုးတက်အောင်လုပ်ရမယ်။ ကိုယ့်ပတ်ဝန်းကျင်ကို တိုးတက်အောင်လုပ်ရမယ်။ လူတွေကို တိုးတက်အောင်လုပ်ရမယ်။

ကိုယ်ဖန်တီးတဲ့ အနုပညာကို နားထောင်တဲ့လူ အဆင့်မြင့်လာအောင် လုပ်တတ်ရမယ်။ ကိုယ်အနုပညာကိုလည်း အဆင့်အတန်းမြင့်သည်ထက်မြင့်လာအောင် လုပ်ရမယ်။

ကိုယ်တစ်ယောက်တည်း အဆင့်မြင့်တိုးတက်နေလို့ မရပါဘူး။

ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်နိုင်ငံ၊ကိုယ့်လူသား တွေ၊ကိုယ့်ကမ္ဘာအားလုံး အတူတူ တိုးတက်အောင်လုပ်ရမယ်။ အဲဒါတွေလည်း ကိုယ့်မှာတာဝန်ရှိပါတယ်။

ကိုယ့်သားသမီးအပေါ်မှာ မိဘက အကဲခတ်တတ်ဖို့ လိုတယ်။ ကျွန်တော့်ဆီ တယောထိုးလာ သင်တဲ့လူငယ်တွေရှိတယ်။ အနုပညာစွမ်းရည်ပါလာမှ ဖြစ်မြောက်ပါတယ်။ သူဟာတခြားဘက်မှာ အားသန်ရင်အားသန်တဲ့ဘက် ကျွန်တော်က လမ်းကြောင်းပြောင်းရွှေ့ပေးတတ်ပါတယ်။ မိဘတွေကလည်း ကိုယ့်သားသမီးရဲ့ ပင်ကိုဝါသနာဗီဇကို လေ့လာအကဲခတ်ပါ။

ကိုယ်က ကိုယ့်ဘက်ဇွတ်မဆွဲချင်ပါနဲ့။ သူစိတ်ပါတဲ့ဘက်ကို သွားဖို့သာ မိဘက အကူအညီပေးလိုက်ပါဗျာ။

ကျွန်တော်ကတော့ သေသည်အထိ တယောထိုးမယ်ဗျာ။ ဝိပဿနာတရားပွားများ အားထုတ်ချိန်ရောက်ရင်လည်း တယောနဲ့တရား ရှုမှတ်မယ်ဗျာ။

ဘိုးတံတစ်ဆွဲတစ်ဆန့်မှာ ဘယ်နေရာမှားသလဲစိတ်နဲ့ သိရတယ်။



www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်မှူးချုပ်အေဘယ်(လ်) (ငြိမ်း)



## ကိုယ်ရေးရာဇဝင်အကျဉ်း

အမည်ရင်း ဒီအိုအေဘယ်(လ်)။ အဖအေတီအေဘယ်(လ်)၊အမိဒေါ်ချယ်တို့မှ ၁၉၃၅ခု၊ ဖေဖော်ဝါရီ ၂၈-ရက်နေ့တွင် အင်းစိန်-ရွာမ၌ ဖွားမြင်သည်။ ၁၉၄၅မှ ၁၉၅၁ အထိ ပြင်ဦးလွင် (မေမြို့) စိန့်မိုက်ကယ်ကျောင်း၊ ၁၉၅၂ တွင် ပြင်ဦးလွင် အထက(၁)တို့၌ ပညာသင်ကြားခဲ့ပြီး ၁၉၅၂ တွင် ၁၀တန်းအောင်မြင်သည်။ ၁၉၅၂ မှ ၅၄ အထိ မန္တလေး ဥပစာကောလိပ်တွင် တက်ရောက်ခဲ့ပြီး ၁၉၅၄-၅၅ တွင် အင်္ဂလန်နိုင်ငံဘုရင်မ စစ်တက္ကသိုလ်သို့ တက်ရောက်ခဲ့သည်။

၁၉၅၆-၅၇ တွင် တပ်စုမှူး (ဗထူး)၊ ၁၉၅၇-၅၈ တွင် ထောက်လှမ်းရေးအရာရှိ (ရန်ကုန်)၊ ၁၉၅၈ မှ ၁၉၈၈ အထိ တပ်မတော်တွင် ပေးအပ်ခံရသော ရာထူးနေရာအသီးသီး၌ တာဝန်ထမ်းခဲ့ပြီး ၁၉၈၅တွင် ကာကွယ်ရေး ဝန်ကြီးဌာနပစ္စည်းဝယ်ယူမှု ညွှန်ကြားရေးမှူးရုံးတွင် ညွှန်ကြားရေးမှူးတာဝန်ကို ထမ်းဆောင်ခဲ့သည်။နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့တွင် ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး၊ စီမံကိန်း နှင့်ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး စသဖြင့်ဝန်ကြီးဌာန အသီးသီးတွင်တာဝန်ထမ်းဆောင်ခဲ့ပြီးနောက်နိုင်ငံ့ဝန်ထမ်းဘဝမှ အငြိမ်းစားယူခဲ့သည်။ဇနီးအမည်မှာ ဒေါ်ခင်သိန်းမူ (အငြိမ်းစားဗိုလ်မှူး) ဖြစ်ပြီး ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိသည်။



ကံတရားဆိုသည်မှာ ကံ-ကံ ၏ အကျိုးမှာ
ဆိုးရိုးရှိသော်လည်း အလုံးစုံမဖြစ်နိုင်။
မိမိလူကောင်းလုပ်မှန်ဖြစ်ရန်
မိမိပေါ်တွင်သာ တည်သည်ဟု ယုံကြည်သည်။
မိမိရသော အခွင့်အလမ်းကို
အသုံးချတတ်ရန်လည်း လိုသည်။
မည်သည့်အခွင့်အလမ်းက မိမိအတွက်
ပိုကောင်းသည်ကို ဆုံးဖြတ်နိုင်ရမည်။
နေထိုင်သော ပတ်ဝန်းကျင်ကမူ ပံ့ပိုးမှု၊
အထောက်အကူပြုမှုသာ ပေးနိုင်မည်။
ဆုံးဖြတ်ချက်ကို မပေးနိုင်။
တကယ်တမ်း အကောင်အထည်
ဖော်ရန်မှာ မိမိ၏အတွင်းစိတ်သာ
ဖြစ်သည်။ ကိုယ်ဖြစ်သမျှ ကိစ္စသည်
ကိုယ်၏လုပ်ဆောင်ချက်များဖြစ်ပြီး
သူတစ်ပါးကိုလက်ညှိုးထိုးရန်မလို။

www.burmeseclassic.com

www.burmeseclassic.com



# ဆရာဝန်မဖြစ်ဘဲ
# အစိုးရအဖွဲ့ဝင် ဝန်ကြီးဖြစ်လာသူတစ်ဦး(သို့မဟုတ်) ဗိုလ်မှူးချုပ်ဒေးဗစ်အေဘယ်(ငြိမ်း)

**မောင်အောင်နိုင်**

## စည်းကမ်းကြီးသော မိဘများနှင့် ငယ်ဘဝပုံရိပ်

ဗိုလ်မှူးချုပ်အေဘယ်ဖြစ်လာမည့် မောင်ဒေးဗစ်အေဘယ်သည် ပြင်ဦးလွင်ဇာတိဖြစ်သည်။ ခရစ်ယာန်သာသနာပြု ဂျာမန်လူမျိုးအဘိုးနှင့် မြောင်းမြသူ ကရင်မျိုးနွယ်အဘွားတို့မှ မောင်ဒေးဗစ်အေဘယ်၏ဖခင်ကို မွေးဖွားခဲ့သည်။ မီးရထားအင်ဂျင်နီယာဖြစ်သော ဖခင်ဖြစ်သူ မစ္စတာ အေတီအေဘယ်သည် ပဲခူးမှ ရှမ်းဗမာ အမျိုးသမီး ဒေါ်ချယ်နှင့် အိမ်ထောင်ကျပြီးသား (၁၀)ဦး၊ သမီး (၂)ဦး မွေးဖွားခဲ့ရာ မောင်ဒေးဗစ်အေဘယ်သည် စတုတ္ထမြောက်သား ဖြစ်သည်။



ဖခင်သည် အလွန်စည်းကမ်းကြီးသူဖြစ်ပြီး ညနေ ကျောင်းဆင်းချိန်တွင် သတ်မှတ်ချိန်ထက် အိမ်ပြန်နောက်ကျလျှင် အိမ်ထဲသို့ဝင်ခွင့်မပေးဘဲ လှေကားထစ်တွင်သာ အိပ်စေခဲ့သည်။ မိခင်က ကြင်နာသနားတတ်သူဖြစ်သဖြင့် မီးဖိုချောင်မှ တံခါးဖွင့်ပေးပြီး ထမင်းပုံကျွေးရသည်။ ဖခင်သိသော် ကလေးများမင်းကြောင့်ပျက်စီးမည်ဟုမိခင်ကိုဆူသည်။ ဘာသာတရားကိုင်းရှိုင်းရေး၊ ပေါင်းသင်း ဆက်ဆံရေး၊ ဝတ်စားဆင်ယင်ရေး၊ပညာသင်ကြားရေးတို့တွင်တင်းကြပ်သော





စည်းကမ်းဖြင့် သွန်သင်ဆုံးမခဲ့သည်။ ဘာသာရေးကိုင်းရှိုင်းမှသာ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားများအပေါ်တွင် အပြည့်အဝ ရိုသေကိုင်းရှိုင်းမည်ဟု ဆုံးမသည်။ ဘာသာရေးနှင့်ပတ်သက်လျှင် လုံးဝအတိမ်းအစောင်းမခံသော မိဘများဖြစ်သည်။

ကိုယ်ကျင့်တရားပိုင်းတွင်လည်း လမ်းတွင်ကျနေသော အကြွေစေ့ကောက်ရခဲ့လျှင်ပင် မိဘကိုအသိပေးပြီး ပိုင်ရှင်ကိုလိုက်ရှာရသည်။ ပိုင်ရှင်မရှိလျှင်လည်း ကောက်ရသော သားသမီးက သုံးခွင့်မရှိ၊ ဘုရားပေးလှူစေ့လှူရန်ဟုဆိုကာ ဘုရားစင်ပေါ်တင်လိုက်သည်။

ဝတ်စားဆင်ယင်မှုနှင့် ပတ်သက်လျှင်လည်း ကျောင်းတက်သည်ဖြစ်စေ၊ ဘုရားကျောင်းသွားသည်ဖြစ်စေ Properly Dress ကိုသာ ဝတ်ဆင်စေသည်။ ယဉ်ကျေးမှုနှင့် ဆန့်ကျင်သော အဝတ်အစားကို ဝတ်ခွင့်မပြု။ ပေါင်းသင်းဆက်ဆံရေးတွင်လည်း ဖခင်က တင်းကြပ်သော ပညတ်ချက်များ ချထားသည်။ အသက်ရွယ်တူများထဲတွင် ဆေးလိပ်သောက်သူများနှင့် လုံးဝမပေါင်းရန်၊ လက်ဘက်ရည်ဆိုင်မထိုင်ရန်၊ စားသောက်ဆိုင်တွင် စားသောက် ခြင်း မပြုရန် စသည့် စည်းကမ်းများချမှတ်ထားသည်။

မိဘနှစ်ဦးစလုံးသည် ပညာရေးကို အထူးအားပေးပြီး သားသမီးအားလုံးကို ပညာတတ်စေလိုသောစိတ်ရှိ၍ ပညာတတ်များဖြစ်ရန် တွန်းအားပေးခဲ့သည်။ ပညာရေးနှင့်ပတ်သက်ပြီး သားသမီးများကို အကြပ်ကိုင်သည့်သဘောပင်ရှိသည်။ သို့ဖြင့် စည်းကမ်းလိုက်မှာ တတ်သော မောင်ဒေးဗစ်အေဘယ်သည် အထက်တန်းအောင်မြင်ပြီး မန္တလေးတွင် ဆေးတက္ကသိုလ်ကျောင်းသားဘဝ ရောက်ခဲ့သည်။

## ဆေးကျောင်းသားမှ စစ်သားဘဝသို့

မန္တလေးတက္ကသိုလ်ကျောင်းသားဘဝတွင် ဖခင်ကြီးက သားဖြစ်သူကို အဆောင် နေခွင့်မပြု။ အပေါင်းအသင်းနဲပြီး အရက်သောက်တတ်၊ ဖဲရိုက်တတ်စသည့် မကောင်းသည့်အကျင့်များ ရမည်စိုး၍ဖြစ်သည်။ ထို့ကြောင့် Church ဘုရားရှိခိုးကျောင်းတစ်ခုတွင် ဘုန်းတော်ကြီးထံအပ်နှံပြီး ကျောင်းတက်စေခဲ့သည်။ မိဘက တစ်လလျှင် ၃၅ကျပ်ပေးသည်။ ၂၅ကျပ်မှာ ထမင်းစရိတ်ဖြစ်ပြီး ၁၀ကျပ်မှာ ကျောင်းလခနှင့် မုန့်ဖိုးဖြစ်သည်။ ကျောင်းသွား ကျောင်းပြန်အတွက် မိဘများက စက်ဘီးတစ်စီး ဝယ်ပေးထားသည်။

ဆေးကျောင်းတက်စဉ် ၁၉၅၂ တွင် မောင်ဒေးဗစ်အေဘယ်ကို နိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com



ရေးလုပ်ရန် လာစည်းရုံးကြသည်။ မောင်ဒေးဗစ်အောဘယ်ကမူ မိဘများ ပင်ပန်းကြီးစွာအလုပ်လုပ်ပြီး သူ့ကို ကျောင်းထားခြင်းသည် ပညာသင်ရန်ဖြစ်သည်။ နိုင်ငံရေးလုပ်ရန် တက္ကသိုလ်တက်နိုင်းခြင်း မဟုတ်ဟု ပြတ်သားစွာ ငြင်းခဲ့သည်။ နိုင်ငံရေးကိုကျောခိုင်းပြီး ပညာရေးကိုသာ အောက်ချ သင်ယူခဲ့သည်။ သို့သော်မိဘ စကားကို တစ်သွေမတိမ်းနာခံသော မောင်ဒေးဗစ်အောဘယ်က ငြင်းခဲ့ပြီး ပညာဆက်သင်ခဲ့သည်။ မိဘနှစ်ပါးစလုံးက မောင်အောဘယ်ကို ဆရာဝန်ဖြစ်စေချင်ကြသလို မောင်အောဘယ် ကိုယ်တိုင်ကလည်း ဆရာဝန်အလုပ်ကို ဝါသနာပါသည်။

သို့သော် ပြည်တွင်း ပြည်ပသောင်းကျန်းစစ်မီးက မောင်ဒေးဗစ်အောဘယ်ဘဝကို အလှည့်အပြောင်း ဖြစ်စေခဲ့သည်။ ထိုကာလ ၁၉၅၂ ခုနှစ်ဝန်းကျင်တွင် လွတ်လပ်ရေး ရကာစ ဗမာနိုင်ငံ၌ ပြည်တွင်းသူပုန်မျိုးစုံက အစိုးရကို လက်နက်စွဲကိုင် တိုက်ပွဲဝင်နေကြသည်။ သူပုန်အဖွဲ့များမှာ နိုင်ငံရေး အသွေးအရောင်များ လွန်းသဖြင့် ရောင်စုံသူပုန်ဟုပင် အမည်တပ်ခဲ့ရသည်။ ထိုကာလက နိုင်ငံကို ကာကွယ်ရန် စစ်ဗိုလ် စစ်သားများ လိုအပ်သဖြင့် အင်းစိန်တိုက်ပွဲ အကြီးအကျယ်ဖြစ်နေချိန်တွင် စစ်သားစုဆောင်းရေးတပ်မှ ဗိုလ်မှူး V ကျော်ထွန်းက တက္ကသိုလ်များသို့ လိုက်လံတရားဟောပြီး တက္ကသိုလ်ကျောင်းသားများ စစ်ထဲဝင်ရန် ဆော်ဩသည်။

နိုင်ငံရေးလုပ်ရန်စည်းရုံး စဉ်က ငြင်းဆန်ခဲ့သော မောင်အောဘယ်သည် ယခုအရေးမှာ တိုင်းပြည်ရေးဖြစ်သည်ဟုယူဆပြီး ဆေးကျောင်းသားသူငယ်ချင်း (၇)ဦး စစ်ထဲဝင်ရန် စာရင်းပေးလိုက်သည်။ သို့သော် မိဘစကားကိုမပယ်ရှားခဲ့သော မောင်ဒေးဗစ်သည် ပြင်ဦးလွင်သို့သွားပြီး စစ်ထဲဝင်ရန်ကိစ္စကို မိဘထံ ခွင့်တောင်းခဲ့သေးသည်။ ထိုစဉ်က ဖခင်လုပ်သူမှာ တာဝန်ဖြင့်အဝေးရောက်နေသဖြင့် မိခင်ကြီးကိုအကျိုးအကြောင်း ရှင်းပြပြီး ခွင့်ပန်ခဲ့ရာ မိခင်ကမျက်ရည်ကျပြီး ခွင့်ပြုခဲ့သည်။ သို့ဖြင့် မောင်ဒေးဗစ် အောဘယ်နှင့်သူငယ်ချင်းတစ်စုသည် ဗိုလ်သင်တန်းဖြေဆိုရန်အတွက် ရန်ကုန်သို့ ဆင်းလာခဲ့သည်။

### မိဘစကားကို နောက်ကွယ်တွင်ပါနားထောင်

ရန်ကုန်တွင် ဗိုလ်သင်တန်းဖြေဆိုစဉ် သူငယ်ချင်းတစ်စုသည် ထမင်းစားချိန်တွင် ရန်ကုန်မြို့တွင်းသို့ ရောက်လာကြသည်။ သူငယ်ချင်းများက ဖရေဇာလမ်း (ယခုအနော်ရထာလမ်း)ပေါ်ရှိ သဲဝါချယ်တီးဆိုင်တွင် ထမင်းစားရန်ဆုံးဖြတ်ကြသည်။



သို့သော် မောင်ဒေးဗစ်အောဘယ်က သူငယ်ချင်းများကို မိမိမစားလိုကြောင်းပြောရာ သူငယ်ချင်းများက မေးသဖြင့် ဖခင်လုပ်သူက သူ့ကို စားသောက်ဆိုင်တွင်မစားရန်၊ လက်ဖက်ရည်ဆိုင်တွင် မထိုင်ရန် ပညတ်ထားကြောင်း ပြောပြသည်။ သူငယ်ချင်းတစ်ဦးက မင်း၏ ဖခင်မှာ ပြင်ဦးလွင်တွင်ဖြစ်သည်၊ မင်းက ယခုရန်ကုန်တွင်ဖြစ်သဖြင့် မင်းစားခြင်း မစားခြင်းကို မင်းမိဘကသိနိုင်မည်မဟုတ်ဟု ပြောသော်လည်း မောင်ဒေးဗစ်အောဘယ် က လူကြီးမိဘစကားကို ရှေ့တွင်ရော နောက်ကွယ်တွင်ပါ နားထောင်ရန် မိမိခံယူကြောင်း၊ အကယ်၍ မိမိစားသောက်ဆိုင်တွင်စားသည်ကို ဖခင်သိပါက စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရမည်ဖြစ်ကြောင်း၊ ပထမတစ်ချက်မှာ သူ ချမှတ်ထားသည့် စည်းကမ်းကို ဖောက်ဖျက်၍ဖြစ်ကြောင်း၊ ဒုတိယအချက်မှာ မိဘကွယ်ရာတွင် မိဘပြောစကားနားမထောင်၍ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိလုံးဝမစားကြောင်းပြောပြီး၊ ဆိုင်ရှေ့သစ်ပင်အောက်မှရပ်၍ သူငယ်ချင်းများထမင်းစားသည်ကို စောင့်ခဲ့ရာ သူငယ်ချင်းများပင် လက်ဖျားခါခဲ့သည်။

### ဗြိတိန်နှင့်ဆင်းဟာ်ဘုရင်မစစ်တက္ကသိုလ်

မောင်ဒေးဗစ်အောဘယ် အပါအဝင် ဗမာနိုင်ငံမှ အခြားလူငယ် (၆)ဦးသည် ဗြိတိန်ရှိဘုရင်မစစ်တက္ကသိုလ်သို့ တက်ရောက်ရန် စကောလားရှစ်ရခဲ့သည်။ ဆင်းဟာ်တွင်မတက်မီ အောက်စဖို့ဒ်တက္ကသိုလ်တွင် အင်္ဂလိပ်စာနှင့် အခြားဘာသာရပ်ဆိုင်ရာသင်တန်းများ အကြိုတက်ရသည်။ ဆင်းဟာ်ဘုရင်မ စစ်တက္ကသိုလ်တက်ရန် အဆင့်မီ မမီ Education Attitute Test စစ်ဆေးသည်။ ထိုအခြေခံသင်တန်းတွင် နှစ်ယောက်ကျရှုံးပြီး မောင်ဒေးဗစ်အောဘယ်နှင့် အခြား(၃)ဦးသာ ဆင်းဟာ်တွင် ဆက်လက် ပညာသင်ခွင့်ရခဲ့သည်။

ထိုသင်တန်းကာလအတွင်း ဗိုလ်လောင်း ဒေးဗစ်အောဘယ်အတွက် လည်ပတ်ရန်နှင့် အခြားပျော်ပါးစရာ အခွင့်အလမ်းများ ရှိခဲ့သော်လည်း ဖခင်ဆုံးမစကားကို တစ်သွေမတိမ်းလိုက်နာကာ ကော်ဖီဆိုင်တွင်ပင် ထိုင်ခဲ့ခြင်းမပြုခဲ့ပေ။ ၁၉၅၂ မှ ၁၉၅၅ ထိ ဆင်းဟာ်ဘုရင်မစစ်တက္ကသိုလ်တွင် သင်တန်းတက်ခဲ့ပြီး ဘုရင်မ၏ ပြန်တမ်းဝင်အရာရှိအဖြစ် ၁၉၅၅တွင် ခန့်အပ်ခံခဲ့ရသည်။ ဆင်းဟာ်ဘုရင်မစစ်တက္ကသိုလ်တွင် ကောလိပ် ၃ခု ရှိသည့်အနက် New Collegeတွင် နေထိုင်ခဲ့သည်။

Oxford တွင် ပညာသင်ကြားပုံနှင့် ပတ်သက်၍ ပြောပြရာတွင် ထို

www.burmeseclassic.com

www.burmeseclassic.com



ကောလိပ်မှ ဆရာများသည့် တပည့်များကို သင်ခန်းစာအသစ်တစ်ခု သင်တော့မည်ဆိုလျှင် Subject အကြောင်း ကျောရိုးကို ပြောပြပြီး ထိုဘာသာရပ်နှင့်ဆိုင်သော ကိုးကားရန် စာအုပ်စာရင်းသာပေးသည်။ ကိုယ်တိုင်တက္ကသိုလ်စာကြည့်တိုက်တွင် သွားပြီးရှာရသည်၊ ဖတ်ရသည်။ နောက်တစ်ရက်တွင် ဆရာကထိုင်နားထောင်ပြီး ကျောင်းသားများက အလှည့်ကျ ထဆွေးနွေးရသည်။ ဆရာက ဆွေးနွေးချက်များကို နားထောင်နေပြီးမှ ဘယ်ကျောင်းသားက စာမဖတ်၊ ဘယ်ကျောင်းသားက စာကို မကြည့်၊ ဘယ်ကျောင်းသား၏ အယူအဆက ဘာသာရပ်နှင့် ကွဲလွဲနေသည် စသည်ဖြင့်ပြောပြီး တော်သည့်သူကို ခြေထောက်နှင့် မြေကြီးမထိအောင် ချီးမွမ်းသလို စာမဖတ်သူ ကိုလည်း ရစရာမရှိအောင် နှိမ်ချပြောဆိုသည်။

ထိုသို့ အပြောမခံလိုသဖြင့် ဗိုလ်လောင်း နေဝင်းသည် အချိန်ရတိုင်း စာအုပ်နှင့်မျက်နှာမခွာ လေ့လာခဲ့သည်။

## နိုင်ငံခြားပညာသင်များ အတွေ့ယူရန်

နိုင်ငံခြားသို့ ပညာတော်သင်သွားသော လူငယ်များနှင့်ပတ်သက်၍ ဗိုလ်မှူးချုပ် အောင်ကြီး(အငြိမ်းစား)က သူ၏ အတွေ့အကြုံနှင့်ယှဉ်ပြီး ပြောပြသည်မှာ သူတို့ ကျောင်းဆင်းပွဲပြီးသော် ကျောင်းအုပ်ကြီးက မိမိကိုခေါ်ပြီး ယခုအခါ ဗမာနိုင်ငံတွင် အခြေအနေများ ဆိုးဝါးနေကြောင်း၊ ပြန်လျှင်လည်း စစ်မြေပြင်တွင် အနေနှင့်အမြန် သေမည်ဖြစ်သဖြင့် မပြန်ဘဲ ဗြိတိန်တွင်သာ စစ်မှုထမ်းသင့်ကြောင်း၊ ဘုရင်မ၏ ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်းခံရပြီးဖြစ်သဖြင့် အရာရှိအနေနှင့် ဗြိတိန်တွင် စစ်မှုထမ်းဆောင်ခြင်းက ဘဝအတွက် ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း ပြောဆိုဆွေးနွေးလာသည်။

သို့သော် ဒုဗိုလ်နေဝင်းအောင်ကြီးက သေလျှင်လည်း သေပါစေ၊ နိုင်ငံအတွက် အလုပ်အကျွေးပြုရန် သင်တန်းလာတက်ခြင်းဖြစ်သဖြင့် မိမိနိုင်ငံသို့ ပြန်ပါမည်ဟု ပြောပြီး ဗမာနိုင်ငံသို့ပြန်လာခဲ့သည်။ ဗြိတိန်ဘုရင်မ စစ်တက္ကသိုလ်တက်ရောက်စဉ် စာပေလောက၌ အထူးပြုယူခဲ့သောဘာသာမှာ ဘောဂဗေဒဘာသာရပ်ဖြစ်ပြီး နောက်ပိုင်းတွင် ထိုဘာသာရပ်ဖြင့် နိုင်ငံ့တာဝန်များစွာ ယူခဲ့ရသည်။

## ဗမာပြည်စစ်မျက်နှာအနှံ့ တာဝန်ထမ်းဆောင်ခြင်း

ဒုဗိုလ်နေဝင်းအောင်ကြီး ဗမာနိုင်ငံသို့ ရောက်ရှိသတင်းပို့သည်နှင့် သာယာဝတီ စစ်မျက်နှာသို့ စေလွှတ်ခံရပြီး ရောင်စုံသူပုန်များနှင့် တိုက်ခိုက်ရတော့သည်။ ထိုမှ





တဖန် ကွန်မြူနစ်များ၏အမာခံ 'မ'သုံးလုံးဒေသဖြစ်သော မြင်းခြံ၊ မိတ္ထီလာ၊ မလှိုင် ဒေသသို့ ကွန်မန်ဒိုတပ်ဖွဲ့ဖြင့် သွားရောက်တိုက်ပွဲဝင်ရပြန်သည်။ ထိုမှတဖန် ရခိုင် စစ်မျက်နှာတွင် မူဂျာဟစ်သူပုန်များကို နှိမ်နင်းရပြန်သည်။ ရာထူးလည်း အဆင့်ဆင့်တက်လာပြီး ၁၉၇၃ခုနှစ်တွင် လားရှိုးရှိအမှတ် (၄၁)ခြေလျင် တပ်ရင်းသို့ တပ်ရင်းမှူးအဖြစ် ပြောင်းရွှေ့ခန့်အပ်ခံရသည်။

ထိုကာလက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သော ရှမ်းမြောက်ဒေသသည် ကွန်မြူနစ်များ အားကောင်းနေချိန်ဖြစ်သည်။ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးနေဝင်းအောင်ကြီးက တပ်ရင်းအရာရှိများကို စစ်ဆင်ရေးတွင် ရန်သူကို ချေမှုန်းရန်၊ ရန်သူနှင့်ထိတွေ့မှုမရှိက မြေကိုချေမှုန်းခဲ့ရန် အမြဲမှာကြားသည်။

မြေကိုချေမှုန်းရန် ဆိုသည်မှာ လမ်းတစ်လျှောက်ရှိ မြေအနေအထားကို နောင်တစ်ချိန်အတွက် သေချာစွာ လေ့လာသုံးသပ်ခဲ့ရန်ဖြစ်သည်။ မည်သည့်နေရာတွင် ချောင်းရှိသည်။ မည်သည့်တောင် က လမ်းကို မည်သို့စိုးမိုးထားသည်။ မည်သည့် နေရာတွင် ချုံခိုတိုက်ခိုက်နိုင်သည်၊ စသဖြင့် စစ်ဆင်ရေးသွားခဲ့သော အရာရှိက အသေးစိတ်မှတ်သားပြီး တပ်ရင်းရောက်သော် အခြားအရာရှိများကို ပြန်လည် ရှင်းပြစေသည်။ ထို့ကြောင့် တိုက်ပွဲကြီးများ မြောက်များစွာဖြစ်ခဲ့သော ထိုကာလတွင် ဒုတိယဗိုလ်မှူးကြီးနေဝင်းအောင်ကြီး၏ တပ်ရင်းမှ အရာရှိတစ်ဦးမျှ သူတပ်ရင်းမှူး တာဝန်ထမ်းဆောင်သည့် ၁၉၇၃မှ ၁၉၇၆ အတွင်း ကျဆုံးသူ မရှိခဲ့ပေ။ ဤသည်မှာ သူ၏သမိုင်းဝင်မည့် လုပ်ရည် ကိုင်ရည်ပင်ဖြစ်သည်။

ထို့နောက် စစ်ထောက်ချုပ်ရုံးသို့ လက်ထောက်စစ်ထောက်ချုပ် အဖြစ် ၁၉၇၆ တွင်ပြောင်းရွှေ့ခဲ့ပြီး ၁၉၈၅ တွင် ကာကွယ်ရေးဝန်ကြီးဌာန ပစ္စည်းဝယ်ယူရေး ညွှန်ကြားရေးမှူးရုံးတွင် ညွှန်ကြားရေးမှူး တာဝန်ထမ်းဆောင်ရင်း ၁၉၈၈ တွင် အရေးခင်းဖြစ်ပွားသည်ကို ကြုံခဲ့ရသည်။

## အစိုးရအဖွဲ့ဝင် ဝန်ကြီးဘဝ

၁၉၈၈ခုနှစ် အရေးအခင်းအပြီးတွင် တပ်မတော်မှ နိုင်ငံတော်ကို ထိန်းသိမ်းပြီးနောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်တို့က ဒုတိယဗိုလ်မှူးကြီးနေဝင်းအောင်ကြီးကိုခေါ်ပြီး ကုန်သွယ်ရေး ဝန်ကြီးဌာနတွင် ဝန်ကြီးတာဝန်ပေးလိုကြောင်း လုပ်နိုင်မလုပ်နိုင်မေးရာ သူ၏ဘဝတွင် အထက်မှပေးသောအမိန့်နှင့်တာဝန်ကို မည်သည့်အခါမှ မငြင်းဆန်ဘူးကြောင်း၊ တာဝန်ပေးလျှင်လုပ်မည်။အရည်အချင်းမပြည့်မီက ထုတ်ပယ်နိုင်ကြောင်းပြောခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့မှ ဖွဲ့စည်းလိုက်သော ပထမဆုံးဝန်ကြီးအဖွဲ့ဝင် (၉)ဦးတွင် ပါဝင်ခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးတာဝန်ကို ပူးတွဲထမ်းဆောင်ခဲ့ရသည်။ ထို့နောက် ၁၉၉၇ခုနှစ်တွင် အမျိုးသားစီးပွားရေး စီမံကိန်းဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၀ပြည့်နှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရုံးဝန်ကြီးတာဝန်ကို ထမ်းဆောင်ခဲ့သည်။ တာဝန်ထမ်းဆောင်စဉ် နှလုံးကို ခွဲစိတ်ကုသမှုနှစ်ကြိမ်ခံယူပြီး ကျန်းမာရေးအရ (၂၀၀၃)ခုနှစ်တွင် ဝန်ကြီးတာဝန်မှ အနားယူခဲ့သည်။

ဝန်ကြီးဌာနပေါင်းစုံတွင် ၁၅နှစ်အကြာ ဝန်ကြီးတာဝန်များကို ထမ်းဆောင်ရင်း ဗိုလ်မှူးချုပ်ရာထူးထိ တိုးမြှင့်ခန့်ထားခံခဲ့ရသည်။ သို့သော် ထိုရာထူးအဆင့်များကို မျှော်ကိုးခဲ့ခြင်းမရှိ။ ဗိုလ်မှူးချုပ်အေဘယ်၏ စိတ်ဓာတ်နှင့် ခံယူချက်မှာ နိုင်ငံတော်နှင့်အထက်မှပေးအပ်သော အခွင့်နှင့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်မည်သာ ရှိခဲ့သည်။

## အလုပ်မလုပ်ရ မနေနိုင်

အစိုးရဝန်ကြီးအဖွဲ့ဝင်တာဝန်မှ အနားယူခဲ့သော်လည်း အလုပ်မလုပ်ရလျှင် မနေတတ်သူဖြစ်သည့်အတွက် ဦးလှထွန်းထူထောင်ခဲ့သော မေဖ္လားဝါးပ်မှန် ကင်ဆာဖောင်ဒေးရှင်းနာယကအဖြစ် ဦးလှထွန်း ကွယ်လွန်ချိန်မှစ၍ ယခုထိ တာဝန်ယူလျက်ရှိသည်။

ငယ်စဉ်က ဝါသနာပါခဲ့သော ဆရာဝန်တစ်ဦးအဖြစ် လူနာများကို ကုသမပေးနိုင်သော်လည်း စေတနာဖြင့် စောင့်ရှောက်ခွင့်ရသည်။ တာမိုးညဲချမ်းသာ ကုမ္ပဏီ လီမိတက်နှင့် Pacific High Tech Int'l.Ltd. တွင် စီးပွားရေးအတိုင်ပင်ခံအဖြစ် မည်သည့်လစာမှမယူဘဲ ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ပမှ ဂျပန်နှင့် အိန္ဒိယကုမ္ပဏီများတွင်လည်း စီးပွားရေးအတိုင်ပင်ခံအဖြစ် ထမ်းဆောင်လျက်ရှိသည်။

## လူငယ်များကို အားထားသူ

တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့စဉ်ကပင် ဗိုလ်မှူးချုပ်အေဘယ်သည် လူငယ်အရာရှိများကို အားထားခဲ့သည်။ သူ့တပ်သို့ရောက်ရှိလာသော အရာရှိငယ်များကို ခေါင်းဆောင်ကောင်းများအဖြစ် ပျိုးထောင်ပေးခဲ့သည်။ ဝန်ကြီးတာဝန်ထမ်းဆောင်





ခဲ့စဉ်တွင် ပညာရပ်ဆိုင်ရာ နိုင်ငံခြားသင်တန်းများကို လူငယ်များသာတက်ရောက်ရန် မှုချမှတ်ခဲ့ပြီး နိုင်ငံခြားတက္ကသိုလ်များမှ ဗမာလူငယ် ပါရဂူဘွဲ့ရများစွာကို မွေးထုတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

ဗိုလ်မှူးချုပ်အေဘယ်သည် တစ်ရက်နှစ်ရက် ခရီးစဉ်ဖြစ်သော အစည်းအဝေးများ၊ Conference များ၊ လေ့လာရေးခရီးများကိုသာ အထက်လူကြီးများကို သွားရောက်စေပြီး ပညာရပ်ဆိုင်ရာ နှစ်ရှည် သင်တန်းများသို့ လူငယ်များကို စေလွှတ်သောမူဝါဒနှင့်ပတ်သက်၍ ကမ္ဘာကြီးက နည်းပညာတွေ အရမ်းပြောင်းလဲနေတာ ဒါတွေကိုသိပြီး တိုင်းပြည်အတွက် ရေရှည် လုပ်နိုင်မှာက လူငယ်တွေလေ၊ ဒါကြောင့်လူငယ်တွေကို တတ်အောင်သင်နိုင်း ရတာဟု ပြောပြသည်။

ဗိုလ်မှူးချုပ်အေဘယ် တရုတ်ပြည်သူ့သမ္မတနိုင်ငံရောက်စဉ် ထိုစဉ်က ဝန်ကြီးချုပ်လီဖုန်းနှင့် တွေ့ဆုံခွင့်ရခဲ့သည်။ လူငယ်များအပေါ် လီဖုန်း၏သဘောကို သိလိုသဖြင့် ဗိုလ်ချုပ်အေဘယ်က ဝန်ကြီးချုပ်ခင်ဗျား အမေရိကန်မှာ တရုတ်လူငယ်တွေ တစ်နှစ်ကိုနှစ်သိန်းခွဲ သွားရောက်ပညာသင်နေကြပါတယ်။ တကယ်လို့ သူတို့တွေ တရုတ်နိုင်ငံကို ပြန်မလာရင် ဘာများဆောင်ရွက်ဖို့ အစီအစဉ်ရှိပါသလဲဟု မေးခဲ့ရာ လီဖုန်းက နှစ်သိန်းခွဲပြန်မလာရင် နောက်ထပ် ငါးသိန်းလွှတ်လိုက်မယ် သူတို့ ဘယ်မှာနေနေ တရုတ်က တရုတ်ပါပဲ၊ ပြန်လာရင် အမြင်ပိုကျယ်လာမယ်၊ ပညာပိုတတ်လာမယ်၊ တိုင်းပြည်ကို အကျိုးပိုပြုနိုင်မယ်ဟု လီဖုန်းက ဖြေခဲ့သည်။

လူငယ်များကို နိုင်ငံသားကောင်းတစ်ဦးဖြစ်အောင်၊ ပညာရည်ထူးချွန်အောင် ကျန်းမာသန်စွမ်းအောင် လေ့ကျင့်ပျိုးထောင်ရန်အရေးကြီးသည်ဟု ဗိုလ်မှူးချုပ်အေဘယ်က ခံယူသည်။ လူငယ်များနှင့်ပတ်သက်၍ ဝန်ကြီးဘဝကပင် ပေါ်လစီချမှတ်ပြီး လူငယ်များကို အလေးထားခဲ့သည်။

## လူကောင်းလူမွန်ဖြစ်ဖို့သာ စိတ်အဓိက

လူကောင်းလူမွန်ဖြစ်ရန် ကံ၊ ပတ်ဝန်းကျင်၊ ဗီဇတို့ အရေးကြီးသည်ဟု ဗိုလ်မှူးချုပ်အေဘယ်က လက်မခံပါ။ ဖခင်တစ်ဦး ဓားပြဖြစ်သော်လည်း ဖခင်၏ မျိုးရိုးဗီဇပါသောသားသည် ဓားပြဖြစ်မည်ဟု တထစ်ချမပြောနိုင်၊ သမ္မာကျမ်းစာတွင် ဒီအချိန်၊ ဒီနေရာ၊ ဒီလေ့အောက်မှာ မွေးတဲ့ကလေးက ကြီးပွားရမည်ဟု ပါရာ စိန့်ဂျွန်းက ငြင်းပယ်ခဲ့သည်။

ကျွန်၏သား ဖြစ်သော်လည်း ပညာတတ်ချမ်းသာသူ ဖြစ်နိုင်သလို သူဌေး



www.burmeseclassic.com

www.burmeseclassic.com



သားသည်လည်း ဆင်းရဲမွဲတေမိုက်မဲနိုင်သည်။ လူတစ်ဦးချင်း အပေါ်တွင်သာ တည်သည်ဟုပြောခဲ့သည်။

ကံတရားဆိုသည်မှာ ကံကံ၏အကျိုးဟု ဆိုရိုး ရှိခဲ့သော်လည်း အလုံးစုံမဖြစ်နိုင်။ မိမိလူကောင်းလူမွန်ဖြစ်ရန် မိမိအပေါ်တွင်သာ တည်သည်ဟု ယုံကြည်သည်။ မိမိရသောအခွင့်အလမ်းကို အသုံးချတတ်ရန်လည်း လိုသည်။ မည်သည့် အခွင့်အလမ်းက မိမိအတွက် ပိုကောင်းသည်ကို ဆုံးဖြတ်နိုင်ရမည်။ မိမိလက်လွှတ်လိုက်သော အခွင့်အလမ်းသည် မိမိထံ နောက်တစ်ကြိမ်ပြန်လာမည်မဟုတ်။ နေထိုင်သောပတ်ဝန်းကျင်ကမူ ပံ့ပိုးမှု၊ အထောက်အကူပြုမှုသာ ပေးနိုင်မည်။ ဆုံးဖြတ်ချက်ကိုမူ မပေးနိုင်။ တကယ်တမ်း အကောင်အထည်ဖော်ရန်မှာ မိမိ၏ အတွင်းစိတ်သာဖြစ်သည်။ ကိုယ်ဖြစ်သမျှကိစ္စသည် ကိုယ်၏လုပ်ဆောင်ချက်များဖြစ်ပြီး။ သူတစ်ပါးကို လက်ညှိုးထိုးရန်မလိုဟု ဗိုလ်မှူးချုပ်အောဘယ်က ခံယူသည်။

## လူငယ်များနှင့် ပညာရေး

တိုင်းပြည်မှာ Developing Country ဖြစ်သဖြင့် အမြင်ကျယ်ရန် မိမိနိုင်ငံထက်တိုးတက်သော နိုင်ငံများသို့ လူငယ်များ သွားရောက်ပညာသင်ကြားခြင်းကို သဘောကျပါသည်။ သို့သော်လည်း စိတ်ဓာတ်ကို ပြောင်းလည်းမသွားရန်၊ ခံယူချက်ပျောက်မသွားရန်တော့လိုမည်။ Exposure နှင့် တိုးတက်သော နည်းပညာများသင်ရန်သွားလျှင် ကောင်းပါသည်။

မိမိတို့၏ Education Standard ကိုလည်း ပြန်ကြည့်ရန်လိုသည်။ Quality ပညာရေးစနစ်ဖြစ်ရန် ခိုင်မာသော ပညာရေးစနစ်ကို တည်ဆောက်ရန်လိုသည်။ မိမိတို့ နိုင်ငံခြားသွားစဉ်က နိုင်ငံခြားသားများနှင့်ယှဉ်ပြိုင်နိုင်ခဲ့သည်။ မှတ်ဉာဏ်ဦးစားပေး ပညာရေးထက်၊ အသိဉာဏ်ဦးစားပေး ပညာရေး စနစ်ဖြစ်သင့်သည်။ နိုင်ငံတော်မှလည်း ဆရာ၊ ဆရာမများကို နိုင်ငံခြားသို့ ပညာတော်သင် စေလွှတ်နေသည်။

သို့သော် မြန်မာနိုင်ငံတွင် နိုင်ငံခြားမှ ပညာရေးစနစ် ကဲ့သို့ ဖြစ်မလာသေး။ ကလေးများသည် ယခုအခါ ကျူရှင်သာမက Study Guide ပါငှားပြီး အလွတ်ကျက်မှတ်သည်ကို မြင်ရသည်မှာ ဆိုးလှသည်။

မိမိဌာနတွင် အရာရှိငယ်တစ်ဦး Ph.D သင်တန်းတက်စဉ် ကျူရှင်ယူမည်ဆိုသဖြင့် မိမိက ကျူရှင်မတက်နိုင်းဘဲ Supervisor တစ်ယောက်

cLub 18
CREATIVE HOUSE



ရှာနိုင်းသည်။ ထို Supervisor ကို Work Time ချနိုင်းပြီး မိမိက ရုံးသို့နေ့စဉ်တစ်နာရီ စောလာကာ ထို Work Time အတိုင်းစာမေးသဖြင့် သင်တန်းသားမှာ စာမဖတ်ဘဲ မနေရဲတော့၊ မိမိက ထိုသင်တန်းသား၏ Scope ကို မတိမ်းစောင်းရန် ကြီးကြပ်ပေးသည်။

ဒေါက်တာဘွဲ့အတွက် Thesis ရေးရာတွင်လည်း လူသားများ အတွက် Contribute လုပ်နိုင်မည့် တစ်ခုခုကို သုရေးရမည်ဖြစ်ရာ ထိုလမ်းတည့်ရန် မိမိမှ ပံ့ပိုးပေးခဲ့သည်။

ထိုသင်တန်းသား၏ Thesis ကို စစ်ရာတွင် ဂျပန်မှ Professor နှစ်ဦးကို မိမိမှခေါ်ပြီးစစ်နိုင်းရာ အားလုံးချော့မွေ့နေရုံမက နိုင်ငံခြားသားပညာရှင်များပင် အံ့သြသွားကြသည်။ ထို့ကြောင့် မိမိတို့ပညာရေးစနစ်ကို By Heart အစား We Must Rethink Our Education System ဖြစ်သင့်သည်ဟု ဗိုလ်မှူးချုပ်အောဘယ် (အငြိမ်းစား)က ပြောပါသည်။

## လူငယ်များကို ပြုစုပျိုးထောင်ခြင်း

ယနေ့ကမ္ဘာတွင် လူငယ်များအပေါ် စိန်ခေါ်မှုများစွာရှိလာသည်။ Culture ယဉ်ကျေးမှုနှင့် ပတ်သက်သော စိန်ခေါ်မှုများ၊ Draug နှင့်ပတ်သက်သော စိန်ခေါ်မှုများ၊ Information Technology နည်းပညာနှင့်ပတ်သက်သော စိန်ခေါ်မှုများရှိလာသည်။

ဗိုလ်မှူးချုပ်အောဘယ်ကိုယ်တိုင်လည်း လူငယ်များ အပေါ်တန်ဖိုးထားသည်။ ကမ္ဘာအနှံ့ မိမိရောက်စဉ် နိုင်ငံအသီးသီးရှိ လူငယ်များကို သေသေချာချာ လေ့လာခဲ့သည်။ ပင်ကိုယ်ယဉ်ကျေးမှုအရ မတူညီမှုများရှိသော်လည်း နိုင်ငံတိုင်းသည် လူငယ်များကို လွန်စွာတန်ဖိုးထားသည်ကို တွေ့ခဲ့ရသည်။ မိမိအမြင်အရ ယနေ့လူငယ်များသည် အနာဂတ်နိုင်ငံကို ဖန်တီးမည့် သူများဖြစ်သဖြင့် သေချာစွာ လေ့ကျင့်ပျိုးထောင်ပေးရန်လိုသည်။

နိုင်ငံသားကောင်း တစ်ဦးဖြစ်ရန် ကျန်းမာသန်စွမ်းရန်၊ ပညာရည်ထူးချွန်ရန် လေ့ကျင့်သင်ကြားပေးရမည်။ မိမိနှင့် ရင်ဘောင်တန်းနေသော နိုင်ငံများ ရှေ့တိုးနေချိန်တွင် မိမိကရပ်နေက နောက်တွင် ကျန်ခဲ့မည်ဖြစ်သည်။ တယ်လီဖုန်းရှင်းနှင့်အိုင်တီစသည့် အီလက်ထရောနစ် မီဒီယာတို့သည် လူငယ်များအပေါ်သို့ လွန်စွာလွှမ်းမိုးနိုင်သည်။

ထို့ကြောင့် အချို့နိုင်ငံများသည် အိုင်တီကို Direct Access မပေးတော့ဘဲ

cLub 18
CREATIVE HOUSE
www.burmeseclassic.com

www.burmeseclassic.com



လူကျင့်ဝတ် ထိခိုက်နိုင်မည့်အရာများ၊ လူငယ်များ Mentality ကို မကောင်းသည့်ဘက် ပြောင်းလဲစေမည့် အရာများကို Monitor လုပ် ဖြတ်တောက်ပြီးမှ သုံးခွင့်ပေးသည်။ စင်္ကာပူ၊ ဘရူနိုင်း၊ မလေးရှား၊ ထိုင်းတို့တွင် ယခု Monitor လုပ်ပြီးမှပေးသည်။

မြန်မာနိုင်ငံအနေဖြင့် နေ့ဥစ္စာအနေအထားအရ မလုပ်နိုင်သေးသော်လည်း လူငယ်များကို အသိပေးထားရန်လိုသည်။ Blog များကိုဝင်ဖတ်က လူငယ်များအပေါ် Influence ဖြစ်စေသည့် ဟုတ်တာတွေရော၊ မဟုတ်တာတွေပါများစွာတွေ့ရမည်။ မည်သည်က မှားသည်၊ မည်သည်ကမှန်သည်ကို ခွဲခြားတတ်ရန်လိုသည်။ မြန်မာနိုင်ငံတိုးတက်ရေးအတွက် လူငယ်များသည် နိုင်ငံတော်သွားမည့်လမ်းကြောင်းထားသည့် ရည်ရွယ်ချက်များကို သိရှိရန် ငယ်စဉ်ကပင် Prepare လုပ်ထားရမည်။

လူငယ်များသည် တက်ကြွသည့် လုပ်ချင်ကိုင်ချင်စိတ်ရှိသည်။ သို့သော် ကမ္ဘာပေါ်တွင် လူငယ်များဦးဆောင်သော Revolution များ တစ်ခုမှမဖြစ်ခဲ့သလို လူငယ်များ ဦးဆောင်ပြီး မည်သည့်အစိုးရမှ မဖွဲ့နိုင်သေးပါ။

မြန်မာနိုင်ငံသည် လူငယ်များအပေါ် များစွာ Liberal ဖြစ်ပါသည်။ နိုင်ငံတိုင်းတွင် တိုင်းပြည်ကို ဦးဆောင်သွားသည်မှာ Mature Person များသာဖြစ်သဖြင့် လူငယ်များ အနေဖြင့် Mature Person ဖြစ်အောင် ကိုယ့်ကိုယ်ကို ပြုစုပျိုးထောင်ရမည်။ We do not live forever ဆိုသည့်စကားအတိုင်း လူကြီးများသည် အမြဲမရှိနိုင်ပါ။ တစ်ချိန်တွင် ပျောက်ကွယ်သွားသည်သာဖြစ်သဖြင့် ထိုနေရာကိုအစားထိုးနိုင်ရန် လူငယ်များသည် Mature ဖြစ်ရန်လိုသည်။

မိဘအနေနှင့် သားသမီးကို စစ်ဗိုလ်ဖြစ်ရမည်၊ ဆရာဝန်ဖြစ်ရမည်၊ အင်ဂျင်နီယာဖြစ်ရမည်၊ ဘာဖြစ်ရမည် ညာဖြစ်ရမည်ဟု ရွေးချယ်သတ်မှတ်ပေးရမည့်ခေတ် မဟုတ်တော့ပါ။ သားသမီးကို Own Choice ဖြင့်သွားစေပြီး သူ၏ ရည်ရွယ်ချက်သည် ကောင်းမွန်သောရည်ရွယ်ချက်ဖြစ်ရန် မိဘက ပံ့ပိုးလမ်းကြောင်းပေးရုံ လုပ်သင့်သည်။

ယခုခေတ်တွင် ကလေးဆိုးများအကြောင်း ကြားရသဖြင့် စိတ်မကောင်းပါ။ ဗုဒ္ဓဘာသာအပါအဝင် ဘာသာရေးတိုင်းတွင် မိဘဝတ်၊ သားသမီးဝတ် အပြည့်အစုံပါပြီးသားဖြစ်သည်။ ထိုတရားများကို ကလေးများကိုဖတ်ခိုင်းပြီး သူတို့စိတ်ကို Encourge လုပ်ပေးရမည်။ မေတ္တာဆိုတာဘာလဲ၊ သီလဆိုတာဘာလဲ၊ ကရုဏာဆိုတာဘာလဲ ဆိုတာတို့ကိုမေးပြီး သူ့ကိုစိတ်ထဲတွင် စွဲနေအောင်လုပ်ပေးသင့်သည်။

cLub 18
creative HOUSE

BURMESE CLASSIC .com



ဗိုလ်မှူးချုပ် အောင်ဆန်း အနေဖြင့် တပည့်များကို စကားသုံးခွန်းအမြဲဆုံးမလေ့ရှိသည်။ စိတ်ဓာတ်၊ စည်းကမ်း၊ စေတနာဟူသည့် သုံးခွန်းဖြစ်သည်။ စိတ်ဓာတ်ကောင်းမွန်ရမည်။ စည်းကမ်းရှိရမည်။ လုပ်သည့်အလုပ်တိုင်း စေတနာအပြည့်ဖြင့်လုပ်ရမည်။

## တိုင်းပြည်စီးပွားရေးနှင့် သွားရမည့်လမ်းကြောင်း

လယ်ယာစိုက်ပျိုးရေးကို အခြေခံပြီး စက်မှုဘက်ကိုပြောင်းရမည်။ ရာဝတီတိုင်းက ယခုသက်သေပြသွားပြီးဖြစ်သည်။ မှန်တိုင်းသင့်ပြီး ကျွဲ၊ နွားများ ဆုံးရှုံးသော မုန်တိုင်းသင့်ရွာများသို့ စက်ကိရိယာများပို့လိုက်သဖြင့် In time အချိန်မီ စိုက်ပျိုးနိုင် သွားသည်။ ရိတ်သိမ်းချိန်တွင်လည်း စက်ဖြင့်ရိတ်ပြီး Next crop သီးထပ် စိုက်ရမည်။ Process လုပ်ရာတွင်ရှေးဦးစွာ Research အမြဲလုပ်ရမည်။ စပါးကိုခွဲလျှင် ဆန်ထွက်မည်၊ ဘေးထွက်ပစ္စည်းအဖြစ် ဖွဲနုထွက်မည်၊ ဖွဲကိုထပ်ခွဲလျှင် ဖွဲနုဆီထွက်မည်။ Residue ကို One Step Processing သွားလျှင် မာကျရင်းလုပ်၍ရသည်။ စပါးခွံကို လောင်စာလုပ်နိုင်သည်။ လောင်ကျွမ်းပြီး ပြာကျသွားလျှင် Low grade cement လုပ်၍ရသည်။ လမ်းခင်းခြင်း၊ Low cost housing ဆောက်ခြင်း၊ ရေကန်များ ဆောက်ခြင်းတွင် သုံး၍ရသည်။ မြန်မာနိုင်ငံသည် သယံဇာတရှိသည်။ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းတွင် အခြေခံ base ကောင်းသည်။

Industry သို့ကူးရန် down stream research များစွာလုပ်ရန်လိုသည်။ တရုတ်လည်း Agriculture Industry သွားနေသည်။ ယခုအခါ နိုင်ငံခြားသို့ တင်ပို့ရောင်းချသော သဘာဝဓာတ်ငွေ့ Gas ထဲမှ c1,c2,c3,c4 ထုတ်ယူနိုင်လျှင် ပလတ်စတစ် Poly Product အားလုံး ထုတ်၍ရသည်။ ပလတ်စတစ်ထုတ်၍ ရပြီဆိုလျှင် ပလတ်စတစ် Industry ဖွံ့ဖြိုးကြီးထွားလာမည်။ Product တစ်ခုတည်းမှ လူသားများအတွက် အသုံးချနိုင်သမျှ အားလုံးထုတ်ယူ သုံးစွဲနိုင်ရန်လိုသည်။

## ဖွံ့ဖြိုးဆဲနိုင်ငံနှင့် အခြေခံအဆောက်အအုံများ

အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်းသည် Geopolitic နှင့် Political Economy တို့နှင့် အကျုံးဝင်သည်။ လမ်းတံတားများဖောက်လုပ်ခြင်း၊ ဆည်မြောင်းများ ဖောက်လုပ်ခြင်းသည် တိုင်းပြည်အတွက်လိုအပ်သည်။

သို့သော် ဆည်ဆောက်ပြီး မိုးခေါင်လျှင်၊ လမ်းတံတားများဖောက်ပြီး

cLub 18
creative HOUSE

www.burmeseclassic.com

www.burmeseclassic.com



ကားတင်သွင်းခွင့်မပြု လျှင်၊ စက်သုံးဆီမရှိလျှင် အကျိုးမရှိပေ။ ဤကိစ္စသည် Macro Econmecs Link ဖြစ်သည်။ အကျိုးနှင့်အကြောင်း Link ဖြစ်သည်။ ချိန်းကြိုးသဖွယ်ဖြစ်သည်။ Balance ဖြစ်ရန်လိုသည်။ မိမိတာဝန်ထမ်းဆောင်စဉ် အထက်အကြီးအကဲများက လှိုင်ကော်ကို ရထားဖောက်ရန် အစီအစဉ်ရှိကြောင်း သိရသည်။ လှိုင်ကော်တွင် သယံဇာတများစွာရှိသည်။ ထိုမှ ထွက်လာမည့် သယံဇာတများကို ကားနှင့်ထုတ်ရမည့်စရိတ်နှင့် ရထားလမ်းဖောက်လုပ်စရိတ်ကို တွက်ကြည့်ပြီး ရထားလမ်းဖောက်ရန် ထောက်ခံတင်ပြခဲ့သည်။

**ကုန်သွယ်ရေးပိုငွေ**

Trade Surplus (ကုန်သွယ်ရေးပိုငွေ) ဟုပြောလျှင် နိုင်ငံတော်က တင်နေသည့်အကြွေး National Debt ကိုလည်း ပြန်ကြည့်ရမည်။ Trade Surplus ပြပြီး Debt ကိုပြန်မဆက် နိုင်လျှင် သူများရယ်စရာဖြစ်မည်။ Debt Bardon ကြွေးမြီဝန်ထုပ်ကို Servicing လုပ်နိုင်ရမည်။ Trade surplus ပြနေသော်လည်း Trade ကို Liberalize မလုပ်နိုင်ခဲ့။

မိမိ ကုန်သွယ်ရေးဝန်ကြီးဖြစ်စဉ် Trade Council နှင့်သက်ဆိုင်ရာ အဖွဲ့အစည်းအားလုံး၊ နိုင်ငံခြားစီးပွားရေး ကိုယ်စားလှယ် အားလုံးခေါ်ပြီး On the Table ပြောဆိုဆုံးဖြတ်ကြသည်။ မိမိ လက်ထက်တွင် ဆေးဝါးနှင့်ဆေးပစ္စည်း၊ ကလေးနို့မှုန့်နှင့် ကလေးအစားအစာကို ဦးစားပေး တင်သွင်းခွင့်ပြုခဲ့သည်။ ရေမွှေး၊ အရက်၊ စီးကရက်ကို နောက်ဆုံးမှာထားခဲ့သည်။ Trade တွင် အခက်အခဲများ တွေ့ကြုံက မိမိထံ တိုက်ရိုက် ဆက်သွယ်ဆွေးနွေးရန် ရုံးတွင်အသိပေးစာ ကပ်ခဲ့သည်ဟု ဗိုလ်မှူးချုပ်အောင်ဘယ်(အငြိမ်းစား) က ပြောပါသည်။

**တိုင်းပြည်စီးပွားရေးတည်ဆောက်ခြင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု**

ဗိုလ်မှူးချုပ်အောင်ဘယ် (အငြိမ်းစား) က မြန်မာနိုင်ငံတွင် ဆိုရှယ်လစ်စနစ်မတိုင်မီက အရင်းရှင်စီးပွားရေးဈေးကွက် ရှိခဲ့သည်။ မိမိတို့တာဝန်ယူချိန်တွင် ထိုယခင်ရှိပြီးသားဈေးကွက်ကို Revise ပြန်လုပ်ပြီး နိုင်ငံတော်မှ ပိုးရန်ရှိသည်များကို ပံ့ပိုးပေးသည့်အတွက် တိုင်းပြည်စီးပွားရေး တက်ခဲ့သည်။

ဒေါ်လာ earn လုပ်နိုင်သူကို ကားသွင်းခွင့်၊ အီလက်ထရောနစ် Equipment စသည့် သွင်းချင်တာ သွင်းခွင့် Trade Incentive ပေးခဲ့သည်။ ဆန်ဈေး



BURMESE CLASSIC .com



တက်ချိန်တွင် အရံဆန်များကို တန်ချိန်သန်းနှင့်ချီ၍ ရန်ကုန်ဈေးကွက်တွင် ချပေးခဲ့သည်။ မိမိတို့၏အရင်းမှာ ဆန်တစ်ပြည် (၁၃)ကျပ်ဖြစ်သဖြင့် ဝန်ဆောင်စရိတ်ထည့်တွက်ပြီး ဆန်တစ်ပြည် (၁၄)ကျပ်ဖြင့် သမဝါယမသို့ ချပေးသည်။ သမဝါယမကို (၁၅)ကျပ်ထက် မပိုသော ဈေးဖြင့် ရောင်းစေသည်။ ဆီ၊ နို့ဆီရှားလာလျှင် တင်သွင်းချင်သူတိုင်း တင်သွင်းနိုင်ရန် Open General Licence ပေးပြီးတင်သွင်းစေသည်။ ဈေးကွက်ထဲတွင် ထိုပစ္စည်း များ Flood ဖြစ်လာလျှင် ဈေးမတက်တော့။

မိမိအနေဖြင့် ဈေးကွက်ကို နေ့စဉ်ကြည့်ပြီး Market Response ပေါ်တွင်ကြည့်ကာ Policy ချပေးသည်။ မြန်မာနိုင်ငံတွင် First Investment Law ကို မိမိကိုယ်တိုင်ရေးခဲ့သည်။ ထိုဥပဒေ မပြဋ္ဌာန်းမီ နိုင်ငံတကာမှ ပညာရှင်များ WTO မှ ဥပဒေပညာရှင်များထံ ပေးပို့အကဲဖြတ်စေရာ ၎င်းတို့က Very Flbcible Law ဖြစ်သည်။ One Of The Best Law ဖြစ်သည်။ နိုင်ငံတော်မှ သဘောထားကြီးမှုတခြင်းကို ပေါ်လွင်စေသည်ဟု မှတ်ချက်ပြုခဲ့သည်။

Foreign Investment Law ၏ Rule & Regulation ထဲတွင် Safe Gurad Measure များ ထည့်သွင်းနိုင်မည်ဖြစ်သည်။ ထို Save Guard ဖြင့်လာရောက် ရင်းနှီးမြှုပ်နှံသူများကို ထိန်းကြောင်းသင့်သည်။

အကယ်၍ ဥပဒေအပြင်မှ မိမိတို့ လုပ်ခဲ့သော် FDI များလာတော့မည်မဟုတ်။ Risk Factor သိပ်များလျှင် မည်သူမှ လာရောက် ရင်းနှီးမြှုပ်နှံမည်မဟုတ်။ Investment ကို ဖိတ်ခေါ်နေသော နိုင်ငံများစွာ ရှိသည့်အတွက် ထိုနိုင်ငံများသို့သာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ရောက်ရှိသွားမည်ဖြစ်သည်။ မိမိလက်ထဲတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၇) ဘီလီယံ ရခဲ့သည်။ စီးပွားရေးအရတွက်က နိုင်ငံခြားမှ ကားသွင်းခြင်းက ပြည်တွင်းတွင် ထုတ်သည်ထက် ဈေးသက်သာသည်။

ဤနေရာတွင် စင်္ကာပူဝန်ကြီးချုပ် လီကွမ်ယူ မိမိအားပြောဖူးသည်ကို ပြန်ပြောပြလိုသည်။ စင်္ကာပူ ထူထောင်စတွင် နိုင်ငံခြားမှ ကားဟောင်းများသွင်းပြီး ပြုပြင်ပြီးပြန်ရောင်းသည်။ ထိုသို့လုပ်ခဲ့သဖြင့် စင်္ကာပူ နိုင်ငံသားတိုင်းသည် ကားပြင်ဆင်ထုတ်လုပ်သည့်ပညာ ရခဲ့သည်။ ထို့ကြောင့် စင်္ကာပူတိုးတက်ပြီး Car Industry ထူထောင်ရာတွင် အထောက်အကူများစွာ ဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



**ငွေဖောင်းပွမှုနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း**

ပေါင်စတာလင်နယ်ပယ်မှထွက်ပြီး ဒေါ်လာနှင့် မြန်မာငွေကို အသေချိတ်ဆက်ခဲ့ပြီး အစိုးရအဆက်ဆက်မှ ငွေလဲနှုန်းကို မပြင်ခဲ့သဖြင့် တစ်ကြိမ်တည်းပြင်လိုက်လျှင် ဆင်းရဲသားများ အကျပ်အတည်းတွေ့မည်ဖြစ်သည်။ ငွေလဲနှုန်းကွာဟသဖြင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများ အဝင်နည်းနေသည်။ သို့သော် မည်သည့်နိုင်ငံမှ ပြင်ပအကူအပံ့မပါပဲ ထိုကိစ္စမျိုးကို ဆောင်ရွက်၍မရ။ ကြားထဲမှ Buffer တစ်ခုခံပေးရန်လိုသည်။

**လူငယ်များသို့ အမှာစကား**

မြန်မာသည် မည်သည့်နေရာရောက်သည်ဖြစ်စေ မြန်မာသာဖြစ်ပြီး မိမိနိုင်ငံကို ပစ်ပယ်၍မရ။ ရောက်လေရာနေရာတွင် နိုင်ငံအကျိုး၊ လူမျိုးတိုးတက်ရာ တိုးတက်ကြောင်းကို ကြံစည်လုပ်ကိုင်နေရမည်။

ကမ္ဘာအနှံ့တွင် အလွန်တော်သော မြန်မာများ ရှိသည်။ မည်သည့်အခြေအနေမဆို ကိုယ့်တိုင်းပြည်ဘက်မှ ရပ်တည်ရမည်။ ကိုယ့် တိုင်းပြည် ပြန်လာဖြစ်လျှင်လည်း တိုင်းပြည်အတွက် အကျိုးပြုရမည်။

လူငယ်များ အနေဖြင့် အမှန်ကို အမှန်အတိုင်း မြင်တတ်ရန်လိုသည်။ မိမိဖြစ်သမျှသည် မိမိလုပ် ဆောင်ချက်သာဖြစ်သည်။ What Happen to you, is the result of What you have done သာဖြစ်သည်။

ဗိုလ်မှူးချုပ် အောင်ဘာယ်(အငြိမ်းစား)တွင် သားသမီးအရင်းမရှိ။ ကိုးကန့်၊ ဝ နှင့် ရှမ်းကလေးသုံးဦးကို မွေးစားထားသည်။ ထိုကလေးများကို ငယ်စဉ်ကပင် ကြီးသည်အထိ မိဘအရင်း မဟုတ်ကြောင်း၊ သို့သော် သားသမီးအရင်းကဲ့သို့ မေတ္တာထား သွန်သင်ဆုံးမမည် ဖြစ်ကြောင်း ပြောခဲ့သည်။

ကလေးများအားလုံး လိမ္မာသည်။ ကိုးကန့်ကလေးသည် တောင်ကိုရီးယားတွင် အင်ဂျင်နီယာဖြစ်နေသည်။ ဝကလေးကတော့ ပြင်ဦးလွင်တွင် စက်ရုံထောင်ထားသည်။ ရှမ်းကလေးကလည်း နမ့်ဆန်တွင် လက်ဖက်ခြောက်စက်ရုံထောင်ထားသည်။

သားသမီးအရင်း မဟုတ်သော်လည်း သားသမီးအရင်းကဲ့သို့ သူတို့ဘဝကို ပြောင်းလဲအောင် သွန်သင်ဆုံးမခဲ့သည်။ သူတို့ကလည်း မိမိစေတနာကို နားလည်ပြီး မိမိကို အဖေဟု ခေါ်ကြသည်။

ဘဝတွင် အောင်မြင်ထူးချွန်သော လူကောင်းလူမွန်များဖြစ်ရန် မိမိစိတ်ကို



BURMESE CLASSIC .com



မိမိနိုင်နင်းအောင် ထိန်းသိမ်းရမည်။ ကျန်းမာအောင် လေ့ကျင့်ရမည်။ ပညာတတ်အောင် ကြိုးစားရမည်။ ရိုးသားဖြောင့်မတ်ပြီး တည်ကြည်ရမည်။ သူများကို စည်းရုံးလိုလျှင်၊ ခေါင်းဆောင်လုပ်လိုလျှင် မိမိ နေထိုင် သွားလာပြောဆို ကျင့်မူသည် ရိုးသားရမည်ဟု ဗိုလ်မှူးချုပ်အောင်ဘာယ်(အငြိမ်းစား)က နိဂုံးချုပ်ပြောပြခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လမ်းညွှန်ပေးတာ တစ်ခုတော့ရှိတယ်။
ရိုးသားခြင်းနဲ့ စာဖတ်ခြင်းဝါသနာကို ကျွန်တော်
လမ်းညွှန်ပေးတယ်။ ဒီနှစ်ခုတည်းဆရာ။
ဘာလို့လဲဆိုတော့ ကျွန်တော်နားလည်ထားတာ
အကောင်းဆုံးသော မြေဩဇာရှိတဲ့ မြေပြင်သည်သာ
အကောင်းဆုံးသော အသီးအပွင့်ကို ပွင့်လန်း
စေသည်တဲ့။ ကိုယ့်ကလေး မြေကို တစ်ချိန်လုံး
ထယ်ရေးထင်ပေးနေမယ်။ တစ်ချိန်လုံး
မြေဩဇာဖြည့်ပေးမယ်။ သူတို့ဘာသာ
အပင်ပေါက်လာလိမ့်မယ်။

[illegible]

လူငယ်တွေကို ဆုံးမရာမှာ သူတို့ရဲ့ ချို့ယွင်းချက်တွေ
အပြစ်တွေကိုပဲ ပြောနေရင် resistance ဆိုတဲ့
ခုခံမှု ပြန်ပြောတာတွေနဲ့ တွေ့ရမှာပါပဲ။

[illegible]

လူငယ်ဆိုတာ သူတစ်ပါးပြုသွန်သင်တာကို
မခံချင်ရင် ကိုယ့်ကိုယ်ကို နိုင်နိုင်မာမာ
ပြုစုနိုင်တော့လိမ့်မယ်။

[illegible]

လူဆိုတာ ကိုယ်ဘာဖြစ်ချင်လဲဆိုတာ သိဖို့
အရေးကြီးသလို ကိုယ်ဘာတော့မဖြစ်နိုင်ဘူးဆိုတာ
သိဖို့လည်းအရေးကြီးတယ်လို့ထင်ပါတယ်။

[illegible]

လူဟာအပြောင်းအလဲကို မကြိုက်ရင်
ကျဆုံးသွားနိုင်တယ်။

[illegible]

တကယ်တော့ ကျွန်တော်ဟာ အတန်းထဲမှာ
အတော်ဆုံးမဟုတ်ပါဘူး။ ဒါပေမဲ့ ဆရာနိုင်းတာကို
အသေအချာလုပ်ခဲ့တယ်။ အဲဒီလို ဆရာ
နိုင်းတာလုပ်တတ်တဲ့ကျွန်တော့်ရဲ့ နာယူစိတ်ဟာ
ကျွန်တော့်ရဲ့ပညာကို အကျိုးပြုခဲ့ပါတယ်။

[illegible]

ကိုယ်နဲ့မတူတာကိုလည်းတန်ဖိုးထားတတ်ရမယ်။
တစ်ယောက်ကိုတစ်ယောက် တန်ဖိုးထားနိုင်ရင်
ငြိမ်းချမ်းသွားမယ်။ ပုံစံတွေ ကွာခြားပေမယ့်
အားလုံးချစ်တတ်တာပဲ မုန်းတတ်တာပဲ
ငိုတတ်တာပဲ ရယ်တတ်တာပဲ ဒီလိုတူညီ
သဘာဝတွေကို မြင်နိုင်တွေ့နိုင်ရင်
အငြင်းပွားမှုတွေ ပဋိပက္ခတွေ ငြိမ်းမယ်။

[illegible]

www.burmeseclassic.com